
Vol. 9,No.105 December,2012
The YATI MAGAZINE
Asian Fame Media Group
MEDIA GROUP
The Rich Gems
Since 1996


The
Vol. 9, No.105 December 2012
MAGAZINE
Asian Free Media Group
MEDIA GROUP












# Contents

DECEMBER 2012


7 အယ်ဒီတာနှုတ်ခွန်းဆက်

8 ကဗျာ

သရက်မသက်သွေး၊ နေ့လယ်နေ၊ စေတ၊ ကြည်တော်အေး၊ မိုးဟိန်းထက်၊ အောင်ခွန်းဆက်၊ သူရ (ကလေး)၊ စံညိမ်ဦး

16 ကာတွန်း

ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်၊ ကိုညာဏ်

20 မမရတီအမေးအဖြေ

ရတီအထူးကဏ္ဍ

23 **If You Pass New Year**

စိုးရန်အောင်၊ သက်သင်၊ ဟိတ်းသစ်၊ မိစန္ဒီ၊ ဒီရတိုး၊ ဖြိုးသီရိဒေဝီ၊ တက်နေ၊ မိုးမြင့်သစ်၊ ဖင်မင်းထက်၊ ရဲမင်းသူ၊ ရွှေရည်သုန်သုန်

သီတာစိုး

29 **X mas Eve**

ချမ်းမီမီကို၊ စံရတီမိုးမြင့်

ဖြိုးစုပိုပို

34 **Hottest Latest**

တင်မိုးလွင်

သီတာစိုး

38 **Mod Mom**

စန္ဒီချို၊ Floreece Cho Latt၊ Anderson Cho Latt

ဖြိုးစုပိုပို

44 **Chilli Feeling**

မာရီနာ

မိုးသောက်ကြယ်

48 **Weddig Special**

နေယံ၊ သဲနော်ဇာ၊ ပြည့်စုံကို၊ နိုင်ပွင့်၊ ဆန်းသစ်လူ၊ အာကာဟိန်း၊ ရွှေပိုးအိမ်၊ အောင်မင်းခန့်၊ ဖေ

အယ်ဒီတာအဖွဲ့

52 **Audience of Celebritie's Choice**

စိုးပြည့်သဇင်၊ ခန့်သီရိဇော်

သီတာစိုး

58 **If You Speak 2013 Fashion**

မေတိုးခိုင်၊ ချစ်စုဟန်နီ၊ Mဆိုင်းလု၊ ရွှေရည်သုန်သုန်

သီတာစိုး

# Contents

DECEMBER 2012


88 **As Told By Herself**
ယုဇန
သီတာစိုး

92 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
နန်းသူဇာ
သီတာစိုး

97 **Designer's Idea**
မပုံ့ (My Favourite)
ငြိမ်းစုပိုပို

103 **Music Plus Yati**
ဝန
ယုယအိမ်

107 သင့်ဘဝအတွက် အကောင်းဆုံးအရာများကို မျှဝေမယ့်
ဂိုဇန်
မြင့်သူဇာထွန်း

123 သူတို့ပြောတဲ့ H
လက်ဘရည်ကျော်၊ မြမြသင်း၊ ပုဏ္ဏမီ
ငြိမ်းစုပိုပို

134 **Beyond The Women**
ဒေါ်အောင်ဆန်းစုကြည်
အောင်ထက်


## ရတီနိုင်ငံတကာ


114 အဲလန်နှင်းဆီ ကီရာနိုက်တလေရဲ့
Can a Song Save Your Life
ရဲသစ်

116 လူတွေပျော်စေချင်တဲ့စိတ်နဲ့ ဂန်နမ်စတိုင်ကို ဖန်တီးခဲ့သူ PSY
ဇင်မြင့်စံ

131 ဇရာကိုရင်ဆိုင်ရဲတဲ့ ဂွင်းနက်ပဲလ်ထရိုး
စိုးသီတာ

138 Fashion & Style High-Street Special
တင်လတ်သူ့ဗိုလ်


## ရတီအသောအငေ့


209 **မရေးမကောင်းရေးမကောင်း**
ညီညီညာညာညက်ညက်ညောညော

**သမ္မတ်အူဝီးကလီနှင့် ဆရာကြီးဂျက်**
ဂျက်ကွမ်းခြံကုန်း







Asian Fame Media Group



# Contents
DECEMBER 2012


**ရတီဆောင်းပါး**

143 ရုတ်တရက် နှလုံးထိခိုက်ခြင်းနှင့် လေဖြတ်လေငန်းရောဂါမဖြစ်အောင် ကာကွယ်ခြင်း
ဒေါက်တာအောင်ဆန်းဝင်း

199 သက်တမ်းမလွန်ခင်
Mystery Snow

201 လေလွင့်အစာ
ကျော်ဦး

207 သမီးလေးအတွက် ပဌာန်းစိတ်သက်
ဒေါက်တာတင်မြင့်ထွေး

217 ပါးရေရှုံ့ရေတွန့်ခြင်း
ဒေါက်တာမြင့်ဦး

219 ထူးခြားဆန်းပြားရောင်စုံသလင်းကျောက်သစ်များ
သိန်းမိုင် (M.Engg.Geol.)

213 မန္တလေးအတွေး မန္တလေးအရေး
စိတ်··· စိတ်ပါကွယ်
ကိုထွန်း (လမ်း-၇၀)

120 ရတီဗေဒင်
ဒေါက်တာမြတ်သစ် (မန္တလေး)

**ရတီဝေဝန်ရေး**

205 ဒါရိုက်တာကျော်ဇောလင်း၏ "ရင်ခွင်မြို့နှင့် အနီးတစ်ပိုက်တွင်"
မောင်အိမ်စံ

203 **ရတီစာအုပ်စင်**

146 **ဖူးနုသစ်လွင်ကဗျာဥယျာဉ်**


ဇေယျာသူ၊ မေသကြိန်(တပ်ကုန်း)၊ အလွမ်းသစ်(တောင်ကုတ်)၊ မေသူလွင် (ကွန်ပျူတာတက္ကသိုလ်)၊ ကျောက်စက်ရေ စည်သူ(အဉ်းယဉ်)၊ မင်းလွင်ဦး (ပြည်)၊ အခါ


MEDIA GROUP
Asian Fame Media Group

# Contents

DECEMBER 2012

## ရသဝတ္ထုတို


150 တစ်တောလုံးသုဉ်းလို့ တစ်ပင်လုံးလည်းကြွေခဲ့တယ်
နင်း

154 မိုးခါးရေ ချိုပါနဲ့လား
မင်းဝေဟင်

160 ချောက်ကမ်းပါးထဲက ယောကျ်ား
သက်ဦးမောင်

166 နဂါးနီပုံပြင်
ကြူးနှစ်

172 သံမဏိမျက်ရည်
မောင်ဆွေသက်

176 နတ်ရေကန်
ပုသိမ်မောင်ရွှေမှူး

180 ရင်ခုန်တမ်းချင်း
မောင်နှင်းပန်း

184 ပန်းဆိုင်းအကြွေ လေပြည်အဟင့်
ချစ်ကြည်အေး

190 စကားပြောဇော်
ဟက်ကာ


## ရည်ညွှန်းဖွဲ့သီ ချစ်ရသီ


194 အရှုံးဂီတလားအချစ်ရယ်
ပင်မြင့်ဝဲ (ရွှေဘို)


## ပန်းချီသရုပ်ဖော်

မြတ်မင်းဟာန်၊ ခေတ်ဘုန်းမိုး၊ လူကြီးမင်း၊ မိုးထက်မိုး၊ ငှအိမ်ထက်မြက်၊ ပန်းချာန်




af MEDIA GROUP
Asian Fame Media

MEDIA GROUP
Asian Fame Media Group

ငွေသော်တာ တိန်းလတ်

The YATI MAGAZINE
Vol. 9, No. 105, December, 2012
စာပေအနုပညာမဂ္ဂဇင်း

| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | မိုးမိုးစောဝင်း (moemoesawwin.1971@gmail.com) |
| အယ်ဒီတာ | ယုယအိမ်၊ မြိုးစုပိုပို |
| အယ်ဒီတာ(R & D) | မြင့်သူဇာထွန်း |
| ကဗျာအယ်ဒီတာ | လှမ်းရုံ |
| သတင်းထောက် | သီတာစိုး၊ မိုးသောက်ကြယ် |
| ဒီဇိုင်းတာဝန်ခံ | ပန်းရှာန် (စီမံဒါရိုက်တာ) |
| ဒီဇိုင်းအဖွဲ့ | ထွန်းထွန်းလင်း(ကြီးကြပ်ရေးမှူး)၊ ရွှေဇင်ဦး၊ လင်းထွဋ် |
| ကွန်ပျူတာအဖွဲ့ | ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင် |
| ကြော်ငြာအဖွဲ့ | တင်စန္ဒာဝင်း(ဒု မန်နေဂျာ)၊ သဲမြေဇင်ဇင်ချို(ဒု မန်နေဂျာ)၊ နန်းအိအိခိုင်(လ/ထ မန်နေဂျာ) |
| Marketing Executive | ခင်ငြိမ်းချမ်းဦး၊ ဌေးလင်းအောင်၊ ရွှန်းသန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ ခိုင်ခိုင်လွင် |
| ဘဏ္ဍာရေးအဖွဲ့ | မိုးယုမာ (မန်နေဂျာ)၊ ခင်ငြိမ်းစုဝေး (ဒုမန်နေဂျာ)၊ မိုးမိုးကျော် (လ/ထ မန်နေဂျာ)၊ နီလာဝင်း (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊ ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင် |
| ရုပ်ဓာတ်ပုံပညာရှင်များ | ဝဏ္ဏစွာနီ၊ အေးဇော်မိုး(ဓာတ်ပုံ)၊ ကိုနိုင် (ပေါ်ပြူလာ) |

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်နန်းကလျာဝင်း (၀၄၃၀၀) |
| ဥပဒေအကြံပေး | ဦးအိန်စံ (တရားလွှတ်တော်ရှေ့နေ) |
| ဖလင် | Eagle |
| အတွင်းကာလာဘဲ | ကမ္ဘာဦး |
| စာအုပ်ချုပ် | ဝင်းပပ |
| တန်ဖိုး | ၂၀၀၀ |
| အုပ်ရေ | ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ် | ငွေကံ့ကော် (မြ-၀၆၃၆၁) |
| အတွင်းပုံနှိပ် | အောင်သိန်းသန်း (မြ-၀၅၉၉၂) |
| အယ်ဒီတာအဖွဲ့ရုံးခန်း | အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၄၉၁၆၅၊ ၃၇၅၄၉၉၊ ၃၇၂၇၄၄၊ စာတိုက်သေတ္တာအမှတ် - ၁၄၀ |
| Website | yatimagazine.com |
| Email | yati@popularmyanmar.com |
| မန္တလေးရုံးခွဲ | အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄x၆၅လမ်းကြား၊ မန္တလေးမြို့ |
| Email | ဖုန်း ၀၁၀၅၀၀၀၃၈၀။ |
| ကြော်ငြာကိုယ်စားလှယ် | mandalayoffice@popularmyanmar.com ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး) (အမှတ်-၂၉၃၊ ၃၆ လမ်း၊ ၈၄x၈၅ လမ်းကြား၊ မန္တလေးမြို့၊ ၀၉-၂၀၀ ၅၅၇၂၊ ၀၉- ၉၀၀ ၄၆၇၂) |

## ဗြိတာဝန်အရေးသုံးပါး

## မြည်သူ့ပဒေသာထား

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

## စီးပွားရေးဦးတည်ချက်(၄)ရပ်

## လူမှုရေးဦးတည်ချက်(၄)ရပ်

Asian Fame Media Group

နိုင်းချင့်ချိန်ဆ၊ ရသထွန်းလင်း၊ ပရိသတ်ရင်တွင်း၊ နှစ်သက်ခိုဝင်၊ ရတီစွမ်းအင်

# အယ်ဒီတာ နှုတ်ခွန်းဆက်



အခုတစ်လော ရာသီအေးချမ်းပေမယ့် စိတ်တွေ မအေးချမ်းလှပါဘူး။ ဘာလို့လဲဆိုတော့ ဒီရက်ပိုင်းမှာမှ တိုက်တိုက်ဆိုင်ဆိုင်ကြည့်မိနေတဲ့ အခွေနှစ်ခွေက ကျွန်မစိတ်ကို နှိပ်စက်နေပါတယ်။ အင်ဂျလီနာဂျိုလီ ကိုယ်တိုင်ရေးသား ရိုက်ကူးထုတ်လုပ်တယ်ဆိုလို့ စိတ်ဝင်စားနေမိတာက အသံတွေ စကြားကတည်းက။ ကြည့်မိတာက အခုမှ။ In the land of blood and honey ။ နောက်တစ်ကားက ကြည့်မိသူတွေ ညွှန်းလွန်းလို့ ကြည့်ဖြစ်တာ The flowers of war ။ ကြည့်နေတုန်းရော ကြည့်ပြီးတော့ရော အာရုံတွေ ပျော့ညွှတ်ခွေကျလို့ရယ်။ လူမျိုးနွယ်စု အချင်းချင်းဖြစ်တဲ့စစ်ရော တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမုန်းတရားတွေနှင့် ကျူးကျော်သိမ်းပိုက်တိုက်ခိုက်ကြတဲ့ စစ်ရော ဘာများကောင်းကျိုးရှိလို့လဲ။ နောက်ဆုံး မြေဇာပင်က အပြစ်မဲ့ပြည်သူတွေ၊ အထိခိုက်ဆုံးက ကလေးငယ်နှင့် မိန်းမသားတွေ။ အမြင်နှင့်တင် ဒီလောက်ကြောက်စရာကောင်းတာ တကယ်များကြုံတွေ့ရမယ်ဆို ကျွန်မရူးသွားနိုင်ပါတယ်။ တကယ်တမ်း ကြုံတွေ့ခဲ့ရသူတွေဆိုရင်လည်း ဒီလိုကာလဆိုးတွေကို ဖြတ်ကျော်ခဲ့ရသူတွေမို့ စိတ်ခံစားမှုတွေက အကောင်းအတိုင်း ရှိနိုင်တော့မယ် မထင်ပါဘူး။ ဘာဖြစ်လို့များ ဒီလိုစစ်ပွဲတွေ ဖြစ်နေကြရတာတဲ့လဲ။ စစ်ပွဲတွေ ရပ်တန့်အောင် ဘယ်သူမှ မဖန်တီးနိုင်တော့ဘူးတဲ့လားဆိုတဲ့ အတွေးတွေ ဖြစ်နေမိပြီး အာရုံတွေ နောက်လို့ မဆုံးတော့ပါ။ အာရုံတစ်ခု စိတ်ထဲရောက်လာရင် အနည်းဆုံးတော့ နှစ်ရက်သုံးရက် ခံစားမပြီးနိုင်တဲ့ ကျွန်မအတွက် ဒီခံစားမှုက ဘယ်မှာသွားထိသလဲဆိုတော့ ညနေရုံးဆင်းချိန် ယောဂကျင့်တော့ အခက်အခဲတွေ့ရပါတော့တယ်။ ကျွန်မတို့ Asian Fame Media Group မှာ CEO ရဲ့ အစီအစဉ်နဲ့ ညနေရုံးဆင်းရင် ယောဂကျင့်ရပါတယ်။ စာပေလုပ်ငန်းနဲ့ ထိတွေ့လုပ်ကိုင်ရတဲ့ မီဒီယာသမားတွေဆိုတာလည်း များသောအားဖြင့် အညောင်းထိုင်ကြရတော့ ရောဂါဘယကလည်း ထူပြောတာမို့ ယောဂကျင့်စဉ်ဟာ အတော်လေးကိုက်ညီတယ်ပြောရမှာပါ။ ခက်တာက ကျင့်ပေးတဲ့ဆရာမလေးက ကျင့်စဉ်မစခင်မှာ 'စိတ်ညစ်စရာတွေ မေ့ထားမယ်၊ ပျော်ပျော်ရွှင်ရွှင်နေပါ၊ စိတ်ကို ငြိမ်းငြိမ်းချမ်းချမ်းထားပါ' ဆိုတော့ ပြဿနာက အဲ့ဒီမှာ စနေတော့တာပါ။ စိတ်အာရုံတွေ ညစ်ထေးနေတာကို ဆရာမလေးပြောမှ ကမန်းကတန်းမေ့ဟဲ့ မေ့ဟဲ့ဆိုပြီး သတိပေးရ၊ ပျော်ပျော်ရွှင်ရွှင်နေဖို့ သတိပေးနေပြီပဲ၊ စိတ်ကလေး ပျော်စမ်း ပျော်စမ်းဆိုပြီး ကမန်းကတန်း ပျော်ရ၊ စိတ်ကိုစုစည်းထားပါဆိုမှ ပျံ့လိုက်တဲ့စိတ်၊ ခြေထောက်တစ်ဖက်တင် လက်တစ်ဖက်မြှောက်ရတဲ့ လေ့ကျင့်ခန်းများဆို ကိုယ့်စိတ်တည်ငြိမ်အောင် မထိန်းနိုင်တာနဲ့ဘဲ တစိုင်းစိုင်း ပြုတ်ကျနေတော့တာပါပဲ။ နောက်တစ်ချက်က ယောဂကျင့်စဉ်ဟာ အင်မတန်ကို စိတ်ရှည်လက်ရှည် စိတ်လက်အေးချမ်းစွာနဲ့ သာယာညင်းပျောင်းရှိရတာပါ။ ဆရာမက 'မျက်စိလေးကို ဖြည်းဖြည်းလေးမှိတ်လိုက်ပါ' ဆိုရင် တကယ်ကို ဖြည်းဖြည်းလေးမှိတ်ရတာပါ၊ ပြန်ဖွင့်မယ်ဆိုလည်း ဖြည်းဖြည်းလေး ပြန်ဖွင့်ရတာပါ။ ကိုယ်တတော့ ဆရာမက မှိတ်ပါလို့ ပြောမဆုံးသေးဘူး။ ဒုန်းဆို မှိတ်ပြီးနေပါပြီ။ မျက်စိကို ဖြည်းဖြည်းလေးဖွင့်ပါဆိုတဲ့ လေသံအေးလေး စကားမဆုံးသေးဘူး။ ကိုယ်က ဖွင့်ပြီးနေနှင့်ပြီ။ ဖြူဖြူသွယ်သွယ် နွဲ့နွဲ့ ပျောင်းပျောင်းဆရာမလေးကတော့ သူပြောတဲ့လေသံလေးအတိုင်း တကယ့်ကို ပီဘိညင်သာလှုပ်ရှားပြနေတာ ပန်းပွင့်လေး တစ်ပွင့်လှုပ်ရှားနေသလိုပါပဲ။ စာရေးဆရာ မင်းသိခ်လေသံနဲ့ဆိုရင် 'ကျွန်ုပ် လွန်စွာအားကျမိပါတယ်' လို့ ပြောရုံကလွဲလို့ ကျွန်မ ဘာတတ်နိုင်တော့မှာလဲ။ ခုလောလောဆယ် အေးငြိမ်းမှု၊ ငြိမ်းချမ်းမှုဆိုတဲ့ ခံစားမှုတွေကို အရမ်းသဘောကျပြီး ကိုယ်လည်းခံစားချင် လူသားအားလုံးကိုလည်း ခံစားချင်နေမိပါတယ်။ ဘာပဲပြောပြော ရာသီဥတုက ကိုယ့်ဘက်မှာ ရှိနေပါတယ်။ နှင်းပွင့်နှင်းခဲတွေ မြင်ရလောက်အောင် မြန်မာပြည်ရဲ့ ဆောင်းက အအေးဒဏ်မပြင်းထန်ပေမယ့် ရာသီရိုးရာမပျက်အောင်တော့ အေးမြမြ မာတ်လေးက နေလို့ကောင်းရုံရှိနေဆဲပါ။ ရာသီနဲ့စိတ် အချိုးတညီရှိမယ်ဆိုရင် ကျွန်မတို့လူသားအားလုံးရဲ့ စိတ်တွေလည်း အေးချမ်းပျော်ရွှင်နေဖို့ အကောင်းဆုံးအချိန် သမယပါ။ ပူလောင်မှုတွေ၊ အနိုင်ယူလိုမှုတွေ၊ လူသားချင်းမစာနာမှုတွေ၊ ဘာသာချင်းတိုက်ခိုက်လိုမှုတွေ၊ မုန်းတီးအာဃာတတွေငြိမ်းသတ်ဖို့ အကောင်းဆုံး အချိန်ကာလသမယပေါ့။ လူသားတွေသာ ရာသီနဲ့ ညီနေနိုင်မယ်ဆိုရင် ဒီဇင်ဘာဟာ မင်္ဂလာပိုရှိနေမယ်ဆိုတဲ့အကြောင်း ရတီ နှုတ်ခွန်းဆက်ကနေ အတွေးမျှဝေလိုက်ရပါတယ်ရှင်။

မိုးမိုးစောဝင်း
တာဝန်ခံအယ်ဒီတာ




## ယခင်မှ ယခုမှ

ထွက်ပြီးသားဆင်စွယ်ကို
ပြန်ဝင်တယ်လို့ကြားဖူးကြပါသလား။

ထွေးပြီးသား တံတွေးကို
ပြန်မျိုတယ်လို့ကြားဖူးကြပါသလား။

ချစ်ပြီးကွဲသွားတဲ့အခါ
မချစ်ဘဲနဲ့ တွဲရတဲ့အခါ
အိမ်တွင်းမှာ သဘောကွဲလွဲတဲ့အခါ
အိမ်ပြင်မှာ သဘောကွဲလွဲတဲ့အခါ
မသိမသာဘဲ ဖြစ်ဖြစ်
သိသိသာသာပဲ ဖြစ်ဖြစ်
ဘာဘာညာညာအတွေးတွေ မပွားဘဲနဲ့
ထွက်ပြီးသား ဆင်စွယ်အကြောင်းတရား
မကြားဖူးသလိုပဲ ထားပေါ့။
တံတွေးများလည်း မတွေးမိသေးခင်
လျှင်လျှင်မြန်မြန်သာ မျိုချမှ
ဘဝမှာ နေသာထိုင်သာ
မလုတလု မမျှတမျှနဲ့
ခဏခဏလေးများစွာမှသည် ...။

သရက်မသက်ဆွေ

MEDIA GROUP
Asian Fame Media Group



# အယားပြေ

ဒီပါတော့...

မနက်ဖြန်မှာ ငါ
အိုင်ယာလန့်ဝီကြီးပေါက်ခဲ့ရင်

ဒိုးရှိုက်(စ်) ဝယ်မစီးဘူး
လင်ခရူဆာ ဝယ်မစီးဘူး
ဆိုက်ဂနစ် (စ်) ဝယ်မစီးဘူး

လူဝီဘုရင်ရဲ့
သမိုင်းဝင်ခေါင်းဖြတ်စက်ကြီးသာ
မှာဝယ်လိုက်ချင်ရဲ့

ဒီမှာ
ဆပ်ရမယ့် ကြွေးတွေရှိတယ်
ဖြတ်ရမယ့် ခေါင်းတွေရှိတယ်

ကဲ
ဘယ်သူ လက်ဝါးယားသလဲ
ဘယ်သူ လည်ပင်းယားသလဲ

**နွေလယ်နေ**

(နေမျိုးရဲ့ နတ်ပဘ္ဘန်းဖြိုဟ်မှ ကြွေးနန်းစာ ဝတ္ထုတို့အား ဆင့်ပွားခံစားခြင်း)

Asian Fame Media Group
MEDIA GROUP

# စစ်တမ်း





ပန်းချီကားတစ်ချပ်လို ညှို့ယူနေတဲ့ တောစပ်
အဲဒီတောစပ်မှာ ငါမြတ်တတ်ရပ်ရင်း
သစ်တစ်ပင်ထက် ငါမြင်ခဲ့တာက ရောင်စုံလှလှငှက်တစ်ကောင်
ဒါပေမဲ့ အဲဒီ ငှက်နောက်ကွယ်မှာ
ငါမမြင်ဖူးသေးတဲ့ ရောင်စုံငှက်တွေအနန္တ
ပင်လယ်ပြာလှိုင်းကြမ်းထက် ငါ့သင်္ဘောစက်ကုန်ဖွင့်ရင်း
ငါကြုံခဲ့ရတာ ရက်စက်ကြမ်းတမ်းတဲ့ ရေမငါးမန်းတစ်ကောင်
ဒါပေမဲ့ အဲဒီငါးမန်းရဲ့နောက်ကွယ်
ငါမကြုံဖူးသေးတဲ့ ရေမငါးမန်းတွေအနန္တ
အမျိုးစုနဲ့ အလှမ်းဝေးလွန်းတဲ့ ဝင်ရိုးစွန်းအရပ်
နှင်းခဲခင်းတဲ့လမ်းမမှာ
စွပ်ဖားစီးရင်း ငါတွေ့ခဲ့တာ အနောက်ကို လျှပ်စစ်တတ်နဲ့ရှော့(တ်) ရိုက်နေတဲ့
ငါတို့အမိမြေက နိုင်ငံရေး ပရောဖက်တစ်ယောက်
ဒါပေမဲ့ အဲဒီပရောဖက်ရဲ့နောက်ကွယ်
ငါမမြင်ဖူးသေးတဲ့ နိုင်ငံရေးပညာတတ်တွေ အနန္တ
မြို့တော်ရဲ့ဖြစ်ရပ်ပသာဒ၊ မိုးမျှော်အဆောက်အဦတစ်ခုရဲ့အထပ်တစ်ထပ်
ငါရောက်သွားရင်း မထင်မှတ်ဘဲ ငါတွေ့ခဲ့တာ
ဥပဒေဆိုတာတွေပေါ် အစန့်သားထိုင်နေတဲ့ ခရိုနီအရင်းရှင်ကြီးတစ်ယောက်
ဒါပေမဲ့ အဲဒီခရိုနီအရင်းရှင်ကြီးရဲ့နောက်ကွယ်
ငါမမြင်ဖူးသေးတဲ့ ခရိုနီအရင်းရှင်တွေ အနန္တ
စစ်ပွဲများရဲ့ သက်သေ၊ စစ်ပွဲသင့်အရပ်ဒေသ၊ အဲဒီမှာ ငါတွေ့ခဲ့တာ
ကိုယ့်မှာ ရှိသမျှ စွန့်ခွာပြေးလာရတဲ့ မိသားစုတစ်စု
ဒါပေမဲ့ အဲဒီမိသားစုနောက်ကွယ်
ငါမတွေ့ဖူးသေးတဲ့ စစ်ပြေးဒုက္ခသည်မိသားစုတွေ အနန္တ
အို ...ငြိမ်းချမ်းရေးကို လိုလားကြသူတို့
        စစ်ကို ရှောင်ကွင်းကြလိုသူတို့
ကျည်ဆန်တွေကို မောဟသချိုင်းအောက် မြှုပ်နှံပါ
သံချပ်ကာကားတွေကို ကလေးကစားကွင်းထဲ ပို့ပါ
လူ့အခွင့်အရေးနဲ့ သံစဉ်ကို နားဆင်ပါ
ဪ ...မိတ်ဆွေ သဘောတူပါရဲ့လား
ဘီစီ ခြောက်ရာစုက အေသင်မြို့တော်ကြီးမှာ မြစ်ဖျားခံခဲ့တဲ့
ဒီမိုကရေစီ မြစ်ကြီး ကိုယ့်နိုင်ငံထဲ ဆက်လက်စီးဆင်းသွားမယ်ဆိုရင်။ ။

မေတာ

af MEDIA GROUP
Asian Fame Media Group

# လှသန်းရဲ့ နောက်ဆုံးနေ့များ
(တတိယတွဲ)



တို့ဦးခေါင်းပေါ်မှာ ဝဲပျံနေတဲ့
သေနတ်သံကို မင်းကြားရဲ့လား
တို့အနမ်းတွေကို စောင့်ကြပ်နေတဲ့
သေနတ်သံကို မင်းကြားရဲ့လား
(တစကို ပိုပါး)
ရန်ကုန်မြို့လယ်ကောင်
ပြေးရင်းလွှားရင်း တောက်ခေါက်ရင်း
တစ်ယောက်က ထောင်ထဲမှာ
တစ်ယောက်က သေရွာ
ပြော
မိုးများလည်း ရွာလို့
မြေများလည်း စိုက်လို့

ရေဒီယိုတစ်လုံးရဲ့ တဂျစ်ဂျစ်မြည်သံ
စီဒီတစ်ချပ်ရဲ့ တကျွိကျွိထစ်သံ
ငါ့သွားကြိတ်သံ
လမ်းမတွေပေါ်
ဆွေးစိတ်တွေလျှံလို့

မြစ်ကို မြေမြှုပ်ပစ်ချင်သူများနဲ့
မြစ်ကို ရှင်သန်လိုသူများကြား
မြစ်ဟာ မျောလို့

သေစမ်း
သေကြစမ်း
ခွက်အလွတ်တွေ အများကြီးနဲ့ ကျန်ခဲ့တဲ့ကမ္ဘာ
စကြဝဠာထဲမှာ
ကဗျာတစ်ပုဒ်ဟာ သွေးစိုလို့
အော်ခဲ့
အား...လို့
သူ အော်ခဲ့။

ကြည်ဇော်အေး

Asian Fame Media Group
af MEDIA GROUP



# အမှန်တရားဆိုတာ ရွာပြင်မှာလည်း နေရဲတယ်

မြင်နေရတဲ့ အပြင်ပိုင်းမှာ အပြင်အဆင်တွေ စမ်းနားသလောက်
မမြင်ရတဲ့ အတွင်းပိုင်းမှာ ဘာတွေရှိနေမလဲ။
ဆေးဆိုးပန်းချီကားသားအစာတွေ စားရဖန်များတော့ ချောင်းဆိုးရင်ကျပ်ဖြစ်လာတယ်
လန်ဒန်မြူထူထပ်သော အရေသားမှာ နေ့ရာသီဝတ်စုံတွေ ဈေးကြီးတယ်
ဆေးလိပ်သောက်ခြင်းဟာ ကျန်းမာရေးကို ထိခိုက်နိုင်တယ်
အမှန်တရားရဲ့ "ရသ" က ငွေရှိမှ ပေါ်လွင်တတ်လေသလား
မေတ္တာတရားဟာ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတယ်
ပြဒါးပျက်နေတဲ့ မှန်ချပ်တွေကတော့ ပြုံးပြုလည်း ပြုံးရိပ်မပေါ်ဘူး
အချစ်ဆိုတာ ဝါးပြီးလို့ အရသာကုန်ရင် ထွေးပစ်ခံရမယ့် ပီကေတစ်ခုလား
နှလုံးသားကို ငွေနဲ့တိုင်းတာလို့ မရပေမယ့် အချစ်က ငွေနဲ့ကြေးနဲ့ရမှ အသံသာလို့ ...
ဒီနေ့ခေတ် ကောင်မလေးတွေကလည်း သိပ်လှတယ်
ရာသီက မိုးလည်းမိုး၊ နေလည်း မိုး
ခေတ်က မှုန်ရင်လည်းမှုန်၊ မိတ္တူလည်း မှုန်
ကံတရားကလည်း ပြည့်နေတဲ့အိုးတွေချည်း ထပ်ထပ်ဖြည့်လို့ ...
ရေများများသောက်ဖို့ လိုချင်လိုမယ်၊ ရေချိုးမများအောင်တော့ ဂရုစိုက်ရမယ်
မျက်စိအေးချင်သေးတယ်၊ ဆင်ဖိုနီတစ်ပုဒ်ဖြစ်ဖြစ် နားထောင်ချင်သေးတယ်
အမှန်တရားကို အရှင်လတ်လတ် မြင်ဖူးချင်သေးတယ်
အရှိကို အရှိအတိုင်း၊ မရှိကိုမရှိအတိုင်း ကဗျာရေးချင်သေးတယ်

ဘဝက ဖိထားခြင်းခံရမှ ရှည်ခွင့်ရတဲ့ ငါးချဉ်ကလေးတွေလို
အလေးထည့်တဲ့ဘက်ကို သာတတ်တဲ့ လောကကြီးမှာ
ရေလိုက်သင့် ... ငါးလိုက်သင့်၊ ချော်လဲရာ ရောမထိုင်တတ်ခဲ့လေတော့
နေရာက ကျဉ်းကျဉ်းလာတယ်။
မှန်တာပြောလို့ ရွာပြင်ထုတ်ခံရမယ်ဆိုလည်း
အမှန်တရားဆိုတာ ရွာပြင်မှာလည်း နေရဲတယ်။ ။

မိုးဟိန်းထက်

Asian Fame Media Group

# အရူးလိုပဲ … တစ်ယောက်တည်း ခွက်ထိုးခွက်လန် ရယ်လို့ … မောလို့

… လက်သည်းလေးနဲ့ ကုတ်ကုတ်ခြစ်တယ်
တိုးတိုးအအ … မုံစောင်းမှာ
အစအနတွေ … ပုံပုံကျလာ
သက်မဲ့က မနာဘူး  သက်ရှိက မျက်ရည်ကျတယ်
ဗိုက်ဝင်နေတဲ့  ကကောင်ကတမ်းအလွမ်း
သွေးစို့အောင်ကိုက်ထားတဲ့ နှုတ်ခမ်းများဆီ
အ … ထိ … အ … တွေ့ … က မရောက်ဘူး
ခွေလို့ … ခေါက်လို့
ကြမ်းပြင်ဟာ လျှော့တိလျှော့ရဲ ပျော့ဖပ်အေးစက်နေတာပဲ
ခြေဖဝါးကို ကုပ်ထားတယ် …
စနစ်တကျ နှစ်မြုပ်ရတာ ကြာလိုက်တာ
တိုးလို့တွဲလောင်း ပြတင်းတံခါးက တကျည်ကျည်တအီအီ
ကံတရားပေါ်တင်ထားတဲ့ လွှသွားဟာ …
ဘဝတွေတစ်ခြမ်းစီ မြင်မြင်ထင်ထင် ထိုးခွဲနေဆဲလား
နားစွင့်တယ် … နားစွင့်တယ်
တစ်ခု ဖလံကောင် တစ်ယောက် ဘွားခနဲ … ဟင့်အင်း
အဆီကျန်လက်စ လက်ဖဝါးလေး
ပြဲကျရှပ်ရှပ် ပေပွ ချွဲနစ်လို့ မပြီးနိုင်မစီးနိုင် …
လက်သည်းနဲ့ ကုတ်ကုတ်ခြစ်တယ်
စားပွဲစွန်းကနေ ဖန်ခွက်လို ခုန်ချတာ ထိုင်ကြည့် …
ဖန်သားပြင်ဟာ တုန်ခါနေတာပဲ …
မျက်နှာချင်းဆိုင် … ခဏခဏလဲ
တစ်စက်ချင်း တစ်ပေါက်ချင်း စိမ့်ထွက်နေတဲ့ သွေးစုန်နွှန်း … (ပြီးတော့မလား။)
ဘဝဟာ … ကျပ်ခိုးလို အညို့အမည်း … စွဲတယ် … ဆွဲနေတယ်
စနစ်တကျ နှစ်မြုပ်ရတာ ကြာလိုက်တာ …
ဟယ်လို ဟယ်လို ဟယ်လို ဟယ်လို
ပြာနှမ်းလေလွင့်နေတဲ့ တိမ်ကလေးနောက် …
တူခနဲ … ဘဝတွေ ရပ်သွားတယ်
အရုပ်ကြိုးပြတ် … ပျော်ကြရွှင်ကြ
နောက်ဘဝကျ တက်တူးထိုးမယ် …
09 ++++++ …
စားပွဲစွန်းကနေ ဖန်ခွက်လိုခုန်ချတာ … ထိုင်ကြည့်
ငါးလွှာက ပင့်ပင့်တိုက်တဲ့ လေလည်း ထင်သလောက် အသုံးမကျ
စနစ်တကျ မြှုပ်ကျရတာ ကြာလိုက်တာ …
ကတ္တရာလမ်းဟာ … ချိုးပွဲချ … စုပ်ယူတယ်
09 ++++++ … မကြားလည်း … လွှတ်မချနဲ့
… လက်ဖျံပေါ်က ဘလိတ်ဓားလေး …
အတူတူပဲ …
တစ်ယောက်တည်း ခွက်ထိုးခွက်လှန် ရယ်လို့ မောလို့ …။



အောင်စွန်းဆက်

Asia Fame Media Group



# မနက်ဖြန်မှာ အဲဒီမိုးတွေ တိတ်စေချင်တယ်

ဒီကနေ့ပြီးပြည့်စုံမှ
မနက်ဖြန်တွေဆိုတာ သာယာနိုင်မှာ မဟုတ်လား
နှစ်ထောင်ကျော်သယ့်နှစ်ဟာ
ခေတ်ကိုက်စနစ်ရဲ့ကာ သေချာရဲ့လား
နံရံမှာ ချိတ်ထားတဲ့ ရွက်ဆုတ်ပြက္ခဒိန်လို
မနေ့တွေ တသီကြီးမှာ
ငါတို့တွေ
အစီစဉ်တကျ အဆုတ်ဖြဲခံခဲ့ရရဲ့ မဟုတ်လား
အမှိုက်ပုံးထဲ
ရှောင်ထိုးခံခဲ့ရရဲ့ မဟုတ်လား
ဒေါသ အဒေါသ မဲ့ရအောင်
ငါတို့တွေက သစ္စာလေးငါး ဉာဏ်နှံ့မြင်ခဲ့သူတွေ ဟုတ်ခဲ့လား
အသင့်စားနိုင်ဖို့ အလှုံ့ထုပ်ခံထားရတဲ့
ခေါက်ဆွဲခြောက်ထုပ်လေးတွေကို
အမျိုးမျိုး တံဆိပ်ကပ်ခံခဲ့ရရဲ့ မဟုတ်လား
သစ္စာအမှန်တရားဆိုပြီး
အဲဒီ အမှန်တရားဆီမှာ ဒုက္ခတွေသာ
ဖြိုင်ဖြိုင်ရွာသွန်းတဲ့ မိုးတွေဖြစ်ခဲ့
တို့ဘဝတွေလည်း
ပြတ်သွားလို့ အပ်ချိတ်နဲ့ တွဲထားတဲ့ ဖိနပ်လိုပဲ
ယိုင်နဲ့နေဆဲ မဟုတ်လား
မနက်ဖြန်တွေမှာ
အဲဒီမိုးတွေ တိတ်စေချင်တယ်။ ။

သုရ (ကလေး)

Asian Fame Media Group



# ကြပ်မြင်

ကျိုင်ရေနံ မိုးသားဆွေးဆွေးအောက်
ပတ္တမြားနီနီ တစ်ခေတ်ဆီမှာ
ငါ့မေတ္တာဟာလည်း နီရဲမွှေးမြလို
ငါ့လူငယ်ဘဝရဲ့ နေ့စွဲနီနီ။

လူးထတ်ဘားပေါ်မှာ ရှိဝေခဲ့တယ်
တောင်နိုးတိမ်ဦးတွေမှာ သွေးမတိတ်ငြိခဲ့တယ်။

မြူနှင်းနီကြား အရှုံးတိုင်းဖြစ်ခဲ့တယ်
ကျောက်တစ်ပွင့်လို အကြည့်စံခဲ့ရတယ်။

ပြီး
ရွှေမြင်တင်ဘုရားခြေရင်းမှာ
တရားမနေ့ခဲ့လေတယ်။


ပတ္တမြားနီနီတွေလည်း တစ်ပါးလက်တွင်းကျ
ငါ့နှင်းဆီဟာလည်း တစ်ပါးရင်ထဲ “က”
၉၀ ခုနှစ်များတုန်းက။

**စံညိမ်းဦး**


MEDIA GROUP
Asian Fame Media Group




Asian Fame Media Group




Asian Fame Media Group




Asian Fame Media Group
MEDIA GROUP



Asian Fame Media Group
af MEDIA GROUP

မမရတီ. . . ဇွန်လမှာ မမရတီဆီ စာရေးခဲ့သေးတယ်။ ဘာလို့စာမပြန်တာလဲဟင်။ သမီးက ရတီကို လစဉ်ဖတ်ပြီး မမရတီဆီက စာပြန်တာကို မျှော်နေမိတာ။ အောက်တိုဘာမဂ္ဂဇင်းမှာ ဦးဦးမင်းရာဇာကို Hit of the season နဲ့ တွေ့မြင်ရလို့ ကျေနပ်မိပါတယ်။ ဒါကြောင့်လည်း ရတီတစ်ဖွဲ့သားလုံးကို ကျေးဇူးတင်မိပါတယ်။ ဦးမင်းရာဇာ၊ ဦးပြေတီဦး၊ ဦးနေယံတို့ကိုတွဲပြီး သူငယ်ချင်း မိသားစုဇာတ်လမ်းတွေကို ရိုက်ပေးပါဦးလို့ ဒါရိုက်တာ ကိုပေါက်၊ ကိုဇော်(အရုဏ်ဦး)၊ ဦးမျိုးမင်း ( ရင်တွင်းဖြစ်) တို့ကို ပြောပေးပါဦးရှင်။


*ရွှေယမင်းဦး*
*မင်းတုန်းမြို့*
*မကွေးတိုင်းဒေသ*

ရွှေယမင်းဦးက မင်းရာဇာရဲ့ပရိသတ် အစစ်အမှန်ထင်တယ်။ ရတီကို အမြဲအားပေးတယ်ဆိုတဲ့ ရွှေယမင်းဦး စိတ်ကျေနပ်သွားတယ်ဆိုလို့ ရတီက ဝမ်းသာပါတယ်ကွယ်။ ရွှေယမင်းဦး တောင်းဆိုတဲ့ မင်းသား သုံးယောက်ကို မိသားစု သူငယ်ချင်း ဇာတ်လမ်းရိုက်ဖို့ဆိုတာ သူတို့ကို ဆုံစည်းအောင် ချိတ်နိုင်ဦးမှ၊ ပြီးတော့ ဇာတ်လမ်းကလည်း အဆင်ပြေဦးမှ၊ ပွဲကိုင်မယ့် ဒါရိုက်တာကလည်း အာသီသရှိဦးမှ၊ ဒီထက် ဒီထက် အရေးအကြီးဆုံးက ထုတ်လုပ်သူပဲ ရွှေယမင်းဦးရဲ့ ပြောနေတာ ကြာပါတယ်ကွယ်။ မမရတီဖြစ်ဖြစ် ရွှေယမင်းဦး ဖြစ်ဖြစ် ကိုယ်တိုင် ပရိုဂျူဆာလုပ်ပြီး ရိုက်လိုက်ရင် ကောင်းမယ်ထင်တယ်။ ဘယ်လိုလဲ။

# မမရတီ

အချစ်ရေး၊ ကျန်းမာရေး၊
လူမှုရေး၊ အနုပညာရေး

Questions & Answers



**မမရတီ. . . လူတိုင်းလိုလို မျက်ကပ်မှန်တွေ တပ်နေကြတဲ့ခေတ်မှာ သမီးလည်း သိပ်တပ်ချင်တာပဲ။ ခက်တာက သမီးက အဝေးမှုန်၊ ပါဝါလည်း များတယ်။ အမေကလည်း အန္တရာယ်ဖြစ်မယ်ဆိုတာချည်းပဲ ပြောနေတယ်။ ပေးမတပ်ဘူး။ အခုလေ ဘယ်လောက်တောင် မျက်ကပ်မှန် တပ်ချင်လဲဆိုရင် အိပ်မက်ထဲထိတောင် မျက်ကပ်မှန် ပျားရည်ရောင်လေးနဲ့ သိပ်လှနေတယ်လို့ အိပ်မက်ယူတဲ့အထိပဲ။ မျက်ကပ်မှန်တပ်တာ မျက်စိအတွက် မကောင်းဘူးဆိုတာ တကယ်လား မမရတီ။**

*ခင်နှံ့သာအောင်(တာမွေ)*

သဘာဝအတိုင်းထက် နည်းနည်းဆန်းချင်ပြီ ဆိုရင်တော့ နည်းနည်းတော့ ကရိကထများတာပေါ့ ခင်နှံ့သာရယ်။ ဒါပေမဲ့ မျက်ကပ်မှန်ကို နည်းမှန် စနစ်မှန်သုံးတတ်မယ်ဆိုရင်တော့ အဆင်ပြေပါတယ်။ အရေးကြီးဆုံးက လက်ကိုသန့်ရှင်းဖို့ မျက်ကပ်မှန် ဆေးရည်နဲ့ ညတိုင်းစိမ်ဖို့ အရေးကြီးတယ်။ အိပ်မက်ထဲထိများ ပျားရည်ရောင်ကို ထည့်မက်ရတယ်လို့ကွယ်။ ဒါနဲ့ စကားမစပ် ပျားရည်ရောင်ဆိုတာ ဘယ်အရောင်ကို ပြောတာလဲ။ အခုခေတ် ပျားရည်က အရောင်ပြောင်းသွားပြီနော်။ ပြင်သစ်မှာဆို ပျားရည်က အပြာရောင်နဲ့ အစိမ်းရောင်တောင် ဖြစ်နေပြီဆိုပဲ။ အဲ့ဒီက ပျားမွေးမြူရေးခြံထဲက ပျားတွေက သူတို့ခြံထဲက ပန်းဝတ်ရည်တွေကို မစုပ်ဘဲ တခြားနေရာက စွန့်ပစ်ပစ္စည်းတွေကို သွားစုပ်လို့ ပျားရည်

အရောင်ပြောင်းကုန်တယ်လို့ သတင်းထွက်နေတယ်။ ခင်နှံ့သာလည်း မျက်ကပ်မှန်တပ်ဖြစ်ရင် ဆိုင်ကို ပြောတဲ့အခါ မြန်မာပျားရည်လား ပြင်သစ်ပျားရည်ရောင်လား ကွဲပြားအောင် ပြောဦးနော်။

**မမရတီ. . စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း။ ဝန်းသိုမြို့နယ် ကင်းမွန်ဖြူရွာက ခင်မာလွင်၊ စန်းစန်းဌေးတို့ ညီအစ်မက မမရတီကို့ ရတီမဂ္ဂဇင်းတစ်ဖွဲ့လုံး ကျန်းမာချမ်းသာပါစေကြောင်း နွေးစဉ်ဆုမွန်ကောင်း တောင်းပါတယ်။ အခုဒီစာက မမရတီဆီကို ပထမဆုံးပေးတဲ့စာပါ။ မပယ်လိုက်ပါနဲ့နော်။ ဒီစာလေးကို အနီးဆုံးလမှာ ဖော်ပြပေးပါလို့ တောင်းဆိုပါရစေ။ ကျွန်မတို့ညီအစ်မက ရတီကိုဖတ်ရင် ညီညာညက်ညောကဏ္ဍကို အရင်ဖတ်တာရှင့်။ မမရတီကို သိချင်တာလေး တစ်ခုလောက် မေးပါရစေဦးနော်။ ညီမတို့ အရမ်းအားပေးနေတဲ့ အကယ်ဒမီနေတိုးရဲ့ လိပ်စာလေး သိပါရစေ။ ညီမတို့က သူ့ရဲ့အမာခံ ပရိသတ်တွေဆိုတော့ သူ့ဆီကို စာရေးပြီး အားပေးချင်လို့ပါ။**


ညီမများ



စစ်ကိုင်းတိုင်းက ညီအစ်မများသို့ တုံ့ပြန် မေတ္တာဖလှယ်ရင်း နေတိုးရဲ့ လိပ်စာကို ပေးလိုက်ပါတယ်နော်။ နေတိုးရဲ့ လိပ်စာက အမှတ် ၄၃ တံတိုင်းမွှေး ၂ ပိတောက်လမ်းထောင့် မြခွာညို အိမ်ရာ၊ ဝါဝါဝင်း ၊ သာကေတ၊ ရန်ကုန်ဖြစ်ပါတယ်။

**မင်္ဂလာပါ မမရတီ. . အဆိုတော် ကိုအောင်လက ဒီနှစ်ကုန်ရင် နိုင်ငံခြားသွားမယ်လို့ သတင်းကြားတယ်နော်။ အဲ့ဒါတကယ်လားဟင်။ သူက လက်ထပ်ပြီး ဟိုမှာပဲ နေတော့မှာဆို။ သူ သွားပြီဆို ပြန်ရောလာဦးမှာလား။ ဘယ်တော့ပြန်လာမှာလဲ ဆိုတာလည်း သိချင်ပါတယ်။ ကိုအောင်လကို ပြောပေးပါ မမရတီရယ်။ သီပေါမှာလည်း သူ့ပရိသတ် ရှိပါတယ်လို့နော်။**


*နန်းနောင်နောင်မြတ်နိုးခင်*
*ရှမ်းမြောက် (သီပေါ)*




နန်းနောင်နောင်မြတ်နိုးခင်ရေ. . . အားပါးပါး မှာမည်ခေါ်ရတာ မောလိုက်တာကွယ်။ အဆိုတော် အောင်လက ခုချိန်ထိတော့ မြန်မာနိုင်ငံမှာပါပဲ။ သူ့မင်္ဂလာသတင်းကတော့ မကြာခင် ထူးခြားမယ်လို့ သိရပါတယ်၊ (နန်းနောင်နောင်စာကိုဖြေရင်းနဲ့ပဲ ရတီတိုင်းက အဆိုတော် အောင်လရဲ့ ပရိသတ်လေးကိုလည်း တစ်ခါတည်း ဖြေလိုက်ပါရစေ၊ သူက အောင်လ နိုင်ငံခြားမှာ လက်ဝှေ့ထိုးတာ နိုင်တယ်ဆိုတာဟုတ်သလား၊ သိချင်းပဲဆိုစေချင်ပါတယ်။ လက်ဝှေ့တော့ မထိုးစေချင်ပါဘူးလို့ ပြောလာပါတယ်၊ အဆိုတော် အောင်လရဲ့ ချစ်ပရိသတ်ဆီက စကားသံတွေကို မမရတီတို့ ကြည်နူးစွာ မျှဝေခံစားရင်း ရယ်မောမိပါတယ်။ ဘယ်လိုများ လက်ဝှေ့သမားအောင်လအန်ဆိုင်းနဲ့ အဆိုတော်အောင်လနဲ့ နားကြားများ မှားရသလဲကွယ်။ လက်ဝှေ့သမားလေး အောင်လအန်ဆိုင်းက ကချင်လူမျိုးပါ။ အသက် ၂၇ ပဲ ရှိပါသေးတယ်။ အမေရိကန်မှာကျင်းပတဲ့ အမေရိကန်ဘက်စုံသုံး ကိုယ်ခံပညာပြိုင်ပွဲ (Mixed Martial Artist - MMA) ဒီပွဲမှာ အနိုင်ရခဲ့တဲ့ ကချင်လက်ဝှေ့သမားလေးက သူနိုင်တဲ့ ဆုကြေးငွေတွေအားလုံးကို ကချင်စစ်ဘေး ဒုက္ခသည်တွေအတွက် လှူဒါန်းသွားသူပါ။ ဘာပဲဖြစ်ဖြစ် လူချင်းမတူပေမယ့် နှစ်ဦးလုံးကတော့ သူ့အောင်မြင်မှုနဲ့ သူချည်းပါပဲလေ။)

**မမရတီ. . . ရင်ဖွင့်ရမှာ မျက်နှာပူပေမယ့် လူချင်းတွေ့ရတာ မဟုတ်တော့ စိတ်အားတင်းပြီး ရင်ဖွင့်လိုက်ပြီမမရတီ။ ညီမလေးမှာ ချစ်အဖြေပေး**

MEDIA GROUP
Asian Fame Media Group





တော့မယ့် ဆဲဆဲ ချစ်သူတစ်ယောက် ရှိပါတယ်။ ညီမလေးကတော့ သူ့ကို သေသေချာချာ ချစ်နေမိပါပြီ။ ဒါပေမဲ့ ညီမလေးသူငယ်ချင်းတွေကရော မိဘအသိုင်းအဝိုင်းကပါ သူ့ကို ထိပ်ပြောင်လို့ဆိုပြီး ရယ်စရာ လူတစ်ယောက်လို သဘောထားနေကြတယ် မမ ရတီရယ်။ သူ့ကို အလိုအပျော်သဘောနဲ့ ပြောနေ ကြတာကို ညီမလေး အရမ်းခံစားရတယ်။ သူ့အစား မခံချင်သလို ငါ ရွေးချယ်တဲ့လူ မှားနေပြီလား လို့လည်း တွေးဖြစ်နေတယ်။ ကြာလာရင် ဒီဇာတ်ကို ညီမ ခံနိုင်ပါ့မလား။ ညီမလေးကို မမရတီသဘောထားလေး စာပြန်ပေး နိုင်မလားဟင်။ တကယ် ခံစားနေရတဲ့သူမို့ စာပြန်ဖြစ်အောင် ပြန်ပါမမရယ်။

*ညီမလေး*

နာမည်မှန်မထည့်ပါနဲ့ဆိုလို့ ညီမလေးလို့ပဲ နာမည်တပ်လိုက်ပြီနော်။ မမရတီသဘောထားဆိုလို့ မမရတီကတော့ ညီမ နေရာမှာသာဆို ခပ်တည်တည်ပဲ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်မှာနော်။ သူများ ရယ်တာမရယ်တာ လုံးဝစိတ်ဝင်စားမှာ မဟုတ်ဘူး။ ကိုယ့်စိတ်ခံစားမှုက ချစ်လား မချစ်လား ဆိုတာပဲ တွေးဖြစ်မှာ။ ထိပ်ပြောင်တာ ရာဇဝတ်မှုကျူးလွန်ထားတာ၊ နာမည်ပျက်စာရင်း ဝင်တာမှမဟုတ်ဘဲကွယ်။ ညီမလေးကိုစိတ်ရင်းခံနဲ့ အားပေးလိုက်ဦးမယ်။ မမရတီဆို သွားခေါ်တဲ့သူတွေကို ဘယ်လိုနှစ်သက်မှန်းမသိ နှစ်သက်တာ။ ကဲ ဘယ်လိုလုပ်မလဲ။ လူတစ်ယောက်မှာ သူ့စိတ်ခံစားမှု အလိုတော်အတိုင်း ချစ်စိတ်ဝင်တာ ဘယ်နှယ့်တားလို့ရမလဲ ညီမလေးရဲ့၊ ညီမလေး အားရှိအောင် ပြောကြကြေးဆို ဗြိတိန်နိုင်ငံရဲ့ အိမ်ရှေ့စံဝီလျံလည်း အသက်သာသုံးဆယ်ဆိုတယ်၊ လေးဆယ်ကျော်ထင်ရအောင် ထိပ်ပြောင်တာပဲ၊ ဟော အင်္ဂလန်ဘောလုံးလက်ရွေးစင် ဝိန်းရွန်းနီဆိုလည်း ပြောင်လိုက်သမှ အခု နောက်ကဆံပင်ကိုတောင် ခေတ်မီနည်းပညာအကူနဲ့ ရှေ့ဘက်ပြောင်းစိုက်နေရတယ်ဆိုပဲ၊ ကမ္ဘာကျော် ပြောင်ပြောင်ရောင်ရောင်တွေ အများကြီးပါ ညီမလေး။ ကိုယ်လုပ်စရာရှိတာသာ ဆက်လုပ်။ ဟုတ်တယ်နော်။

**မမရတီ. . . ကျွန်တော်တို့အိမ်နားကို ဟိုးအရင်တုန်းက သရုပ်ဆောင်ဟောင်းကြီးတစ်ယောက် ပြောင်းလာတယ်။ စိတ်မကောင်းစရာပါ။ သူက အရင်တုန်းက နာမည်ကြီးမင်းသမီးကြီးပါ။ အခု တော်တော်အဆင်မပြေ ဖြစ်နေတာပဲ။ ကျွန်တော်ကတော့ သူ့ကိုမြင်တိုင်း သူ သူ့ခေတ်ဒုန်းက သရုပ်ဆောင်ခဲ့တာတွေ သွားသွားမြင်နေမိတယ်။ အနုပညာသမားတွေ ဘဝကလည်း အတက်အဆင်းကြမ်းလိုက်တာနော်။ ဒါကြောင့် အခုနောက်ပိုင်း သရုပ်ဆောင်တွေက စီးပွားရေးတွေပါ တွဲတွဲလုပ်နေကြတာ ဖြစ်မယ်။ ကျွန်တော်က မင်းသားလုပ်မယ် စိတ်ကူးနေတာ မမရတီရဲ့။ ကျွန်တော်လည်း အခုကတည်းက စီးပွားရေး တစ်ခုခုတွေးထားမှ ထင်တယ်နော်။**

*ဖိုးသား(စမ်းချောင်း)*

စမ်းချောင်းက ကိုဖိုးသား. . တော်တော်အကြွားများပါလား။ ဘာပဲ ဖြစ်ဖြစ် အနာဂတ်ရည်မှန်းချက်ကြီးသူမို့ ရတီမှာ ဖျူးမယ့်စာရင်း ကြိုတင် သွင်းထားလိုက်ပါကြောင်း။ ဖိုးသားပြောသလိုပဲ အနုပညာသမားတွေလည်း ရှေ့ရေး နောက်ရေး တွေးကုန်ကြတာ ဖြစ်နိုင်တယ်။ ဖိုးသားအတွက် မမရတီ အကြံပေးမယ်လေ။ မင်းမင်းသားဖြစ်ရင် စီးပွားရေးလုပ်ငန်းကို ရေမွှေးထုတ်။ ကမ္ဘာကျော်ပေါ့အဆိုတော် ဂျက်စတင်ဘီဘာက Girl Friend ဆိုပြီး ရေမွှေးထုတ်တာ ဟုန်းဟုန်းကျော်သွားတာကလား။ တစ်မိနစ်ကို တစ်ပုလင်းနှုန်းတောင် ရောင်းရသတဲ့။ ဒီတော့ မင်းက Boy Friend ဆိုပြီး ဘီဘာကို တုပလိုက်ရင် ကမ္ဘာမကျော်ဘူး ပြောနိုင်မလား။ ကဲ အကြံပေးခအဖြစ် မင်းအောင်မြင်ရင် ရတီနဲ့ တစ်ဝက်ဆိုင်သွားပြီနော်။ သဘောတူတယ်မလား။

Asian Fame Media Group

*Arranged by Thida Soe*

# if you pass New Year











ပရိသတ်ကြီးရေ...
အနုပညာရှင်တွေကတော့ သူတို့
ကြိုက်နှစ်သက်တဲ့ပုံစံအမျိုးမျိုးနဲ့
New Year ကို ဖြတ်သန်းကြမယ့်
ပုံရိပ်လေးတွေပါ။
ပရိသတ်ကြီးရော...
New Year ကို ဘယ်လိုမျိုး
ဖြတ်သန်းဖို့ စဉ်းစားထားပါသလဲ ?



# if you pass New Year

Worship

*Model : Soe Yan Aung, Thet Thakhin*
*Make up: Nyo (Ponenami Thae Thae)*
*Photo : Ko Naing (Popular)*


MEDIA GROUP
Media Group



Asian Family Media Group



Asian Fame Media Group



# if you pass New Year

Stroll

*Model : Tit Nay, Moe Myint Thazin*
*Photo : Pyi Han (Color Max)*

Asian Fame Media Group




Asian Fanz Media

# X'mas Eve

**Model** : Chan Me Me Ko, San Yati Moe Myint
**Make up** : Soe Soe (Khin San Win), Nyi Nyi Maung (Sanchaung)
**Designer:** Latt Latt, Xmas Accessories : Rosana Floral & Gifts
**Photo** - Ah Funt/ Arranged by Phyoe Su Po Po



Fame Media Group

# X'mas Eve

**Model** : Chan Me Me Ko, San Yati Moe Myint
**Make up :** Soe Soe (Khin San Win), Nyi Nyi Maung (Sanchaung)
**Designer:** Latt Latt, Xmas Accessories : Rosana Floral & Gifts
**Photo** - Ah Funt



# X'mas Eve

**Model** : Chan Me Me Ko, San Yati Moe Myint
**Make up** : Soe Soe (Khin San Win), Nyi Nyi Maung (Sanchaung)
**Designer:** Latt Latt, Xmas Accessories : Rosana Floral & Gifts
**Photo** - Ah Funt



Fame Media Group

# X'mas Eve

**Model** : Chan Me Me Ko, San Yati Moe Myint
**Make up** : Soe Soe (Khin San Win), Nyi Nyi Maung (Sanchaung)
**Designer**: Latt Latt, Xmas Accessories : Rosana Floral & Gifts
**Photo** - Ah Funt/ Arranged by Phyoe Su Po Po




Asian Fame Media Group

# X'mas Eve

**Model** : Chan Me Me Ko, San Yati Moe Myint
**Make up** : Soe Soe (Khin San Win), Nyi Nyi Maung (Sanchaung)
**Designer:** Latt Latt, Xmas Accessories : Rosana Floral & Gifts
**Photo** - Ah Funt









# hottest latest

MODEL : TIN MOE LWIN
MAKE-UP : HOLIKA HOLIKA
DRESS : IORA
BAG :
PHOTO : KO NAING (POPULAR)
ARRANGED BY THIDA SOE

Fame Media Group



# hottest latest

**MODEL :** TIN MOE LWIN
**MAKE-UP :** HOLIKA HOLIKA
**DRESS :** IORA
**BAG :**
**PHOTO :** KO NAING (POPULAR)

Asian Fame Media Group
MEDIA GROUP



# hottest latest

**MODEL :** TIN MOE LWIN
**MAKE-UP :** HOLIKA HOLIKA
**DRESS :** IORA
**BAG :**
**PHOTO :** KO NAING (POPULAR)

Asian Family Media Group

# mod mom

model- Sandi Cho/ Floreece Cho Latt/ Anderson Cho Latt
photo- Ko Naing (Popular)
arranged by phyoe su po po



Asian Fame Media Group



*mod mom*

model- Sandi Cho/ Floreece Cho Latt/ Anderson Cho Latt
photo- Ko Naing (Popular)

Asian Fame Media Group



# mod mom

model- Sandi Cho/ Floreece Cho Latt/ Anderson Cho Latt
photo- Ko Naing (Popular)


mod mom
model- Sandi Cho/ Floreece Cho Latt/ Anderson Cho Latt
photo- Ko Naing (Popular)



# CHILLI FEELING

**Model :** Marina/ **Make-up :** Oakau Cho
**Dress :** Bangkok Fashion
**Photo :** Moe Swe (Studio Ms)
09431 60591/09421064944
arranged by moe thauk kyal

Asian Fame Media Group
af MEDIA GROUP



# CHILLI FEELING

**Model :** Marina/ **Make-up :** Oakau Cho
**Dress :** Bangkok Fashion
**Photo :** Moe Swe (Studio MS)
0943160591/09421064944

Family Media Group
MEDIA GROUP




Asian Fame Media
MEDIA GROUP


CHILLI
FEELING
Model : Marina/ Make-up : Oakeu Cho
Dress : Bangkok Fashion
Photo : Moe Swe (Studio MS)
09431 60581/09421064944



# Wedding Special

Model : Nay Yan, Thae Naw Zar

Dress : Taw Win Htun 2 (Wedding Dress & Photo Studio)

Make up : Yuzana (Lin Lin - Taw Win Thu), Photo : Win Htut (09 505 5566)

Arranged by Moe Thauk Kyal

Asian Fame Media Group

MEDIA GROUP





Wedding Special

Model : Nay Yan, Thae Naw Zar
Dress : Taw Win Htun 2 (Wedding Dress & Photo Studio)
Make up : Yuzana (Lin Lin - Taw Win Thu), Photo : Win Htut (09 505 5566)



# Wedding Special

Model : Nay Yan, Thae Naw Zar
Dress : Taw Win Htun 2
(Wedding Dress & Photo Studio)
Make up : Yuzana (Lin Lin - Taw Win Thu)
Photo : Win Htut (09 505 5566)





# *Wedding Special*

Model : Nay Yan,Thae Naw Zar
Dress : Taw Win Htun 2 (Wedding Dress & Photo Studio)
Make up : Yuzana (Lin Lin - Taw Win Thu)
(Lin Lin - Taw Win Thu), Photo : Win Htut (09 505 5566)



Asian ... Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

## Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးလိုက်ပါတယ်။

**အခွင့်အရေး**

၂၀၁၃ မတ်လထုတ် ရတီမဂ္ဂဇင်းအတွက် <u>**သရုပ်ဆောင် မြတ်သူကျော်**</u> နဲ့အတူ ရတီတမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။


**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ်ပေးတဲ့ အစီအစဉ်ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ…ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ <u>**၂၀၁၃ ဇန်နဝါရီလ ၁၀ ရက် (ကြာသပတေးနေ့)**</u> နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of celebrities' choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

**မှတ်ချက် - ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော်အားပေးလိုက်ကြပါဦးနော်။**



အမည် ------------------------------
မွေးသက္ကရာဇ် ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
ပညာအရည်အချင်း ------------------------------
အလုပ်အကိုင် ------------------------------
အနုပညာလုပ်ရှားမှု ------------------------------
အိမ်ထောင်ရှိ/မရှိ ------------------------------
အရပ်အမြင့် ------------------------------
နေရပ်လိပ်စာ ------------------------------
ဖုန်းနံပါတ် ------------------------------

Asian Fame Media Group



# Audience of CELEBRITIES' CHOICE

arranged by thida soe

Model
Soe Pyae Thazin
Khant Thiri Zaw
Make-up
Si Si (KSW)
Wai Yan (irene Aung Aung)
Dress For Audience
Bangkok Fashion
Photo
Ah Funt (09 - 5408222)

"ငိုညသီပါကိုဖြူ" ဇာတ်ကားနဲ့ အကယ်ဒမီ ဆွတ်ခူးခဲ့တာကို ပိုင်ဆိုင်နိုင်ခဲ့သူ သရုပ်ဆောင် ဖိုးပြည့်သဇင် ရွေးချယ်လိုက်တဲ့ **Audience** ကတော့ ရန်ကုန်မြို့ ကျောက်မြောင်းမှာ နေထိုင်သူလေး ခန့်သီရိဇော်ပဲ ဖြစ်ပါတယ်။ ဒီဇင်ဘာရဲ့ အေးချမ်းမှုနဲ့အတူ သက်ဝင်လှုပ်ရှားမှုပုံရိပ်တွေနဲ့ **Audience of Celebrities' Choice** ကဏ္ဍလေးကာ ပရိသတ်ရှေ့ကို ရောက်ရှိလို့လာပြန်ပြီနော်။ နောက်လလတွေမှာလည်း **Audience** အဖြစ် ရောက်ရှိလာမယ့်သူကို ပရိသတ်ကြီး စောင့်ကြည့်အားပေးပါဦးလို့ ပြောရင်းနဲ့ပဲ.....



# Audience of CELEBRITIES' CHOICE

Model
Soe Pyae Thazin
Khant Thiri Zaw
Make-up
Si Si (KSW)
Wai Yan (irene Aung Aung)
Dress For Audience
Bangkok Fashion
Photo
Ah Funt (09 - 5408222)

Asian Fame Media Group
MEDIA GROUP



# Audience of CELEBRITIES' CHOICE

**Model**
Soe Pyae Thazin
Khant Thiri Zaw
**Make-up**
Si Si (KSW)
~~Wai Yan~~ (irene Aung Aung)
**Dress For Audience**
Bangkok Fashion
**Photo**
Ah Funt (09 - 5408222)

## အနုပညာရှင်အမေးပရိသတ်အဖြေ

**ညီမလေးရဲ့ အသက်နဲ့ ပညာအရည်အချင်းကို ပြောပါဦး။ ပြီးတော့ ဒီ Form ကို ဘယ်လိုတင်ဖြစ်ခဲ့တာလဲ။**

ဟုတ် . . . အစ်မ။ ညီမနာမည်က ခန့်သီရိဇော်ပါ။ ပညာရေးကတော့ ၁၀ တန်းအောင်ပြီးသွားပါပြီ။ ဒီကဏ္ဍကို ကိုဟိန်းဝေယံကတည်းက သတိထားမိနေတာပါ။ အကြောင်းအမျိုးမျိုးကြောင့် Form မတင်ဖြစ်ခဲ့ဘူး။ အခု အစ်မအလှည့်ကျမှ Form တင်ဖြစ်ခဲ့တာပါ။ ကိုယ်ကြိုက်တဲ့၊ အားပေးတဲ့ မင်းသမီးအလှည့်မှာ Form တင်ပြီး အရွေးခံလိုက်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။

**ညီမလေးက အစ်မကို ဘယ်အချိန်မှာစပြီး သတိထားမိခဲ့တာလဲ။**


ထွန်းရွှေဝါအကြောငြေလိမ်းဆေးကြော်ငြာမှာ စပြီးသတိထားမိခဲ့တာပါ အစ်မ။ အဲဒီမှာ အစ်မသရုပ်ဆောင်ထားတဲ့ ပုံစံလေးက တစ်မျိုးလေးချစ်ဖို့ ကောင်းနေတယ်။ 'အလန်းလွန် အလွန်လန်း' ရုပ်ရှင်ဇာတ်ကားမှာ အစ်မ သရုပ်ဆောင်ထားတာကို အရမ်းကြိုက်ပါတယ်။ ပြီးတော့ ညီမက အစ်မရဲ့ မျက်လုံး၊ နှုတ်ခမ်းနဲ့ မျက်ခုံးကို ကြိုက်တယ်။ အစ်မရဲ့ အဲဒီအစိတ်အပိုင်းလေးတွေက လှတယ်။

**အစ်မရဲ့အနုပညာနဲ့ပတ်သက်ပြီး ညီမလေးအမြင်နဲ့ ဝေဖန်အကြံပေးပါဦး။**

အစ်မရဲ့ အနုပညာနဲ့ပတ်သက်ပြီး အားလုံးကြိုက်ပါတယ်။ အစ်မ သရုပ်ဆောင်တာရော၊ သီချင်းဆိုတာကိုပါ ညီမ ကြိုက်ပါတယ်။ အစ်မက ဒရမ်မာရော၊ ဟာသရော ဘယ်လိုဇာတ်ရုပ်မျိုးပဲလာလာ သရုပ်ဆောင်တာ အရမ်းကောင်းပါတယ်။ အစ်မ သီချင်းဆိုတာကလည်း နားထောင်လို့အဆင်ပြေပါတယ်။ ညီမကတော့ အစ်မရဲ့ပရိသတ်မို့လို့လားမသိဘူး။ အားလုံးကို ကြိုက်နေတာ (ရယ်လျက်)။ 'မိုးည အိပ်မက်မြူ' ဇာတ်ကားမှာ တယောကို ရိုက်ချိုးပြီး ချောက်ချောက်ချားချားပုံစံနဲ့ မျက်လုံးကစားတာကို အရမ်းသဘောကျပြီး ကြိုက်တယ် အစ်မ။

**ညီမလေးကရော အနုပညာကို ဝါသနာပါလား။ အနုပညာနဲ့ပတ်သက်ပြီး လှုပ်ရှားမှုတွေရှိနေပြီလား။**

ညီမက အနုပညာကို ဝါသနာပါပါတယ်။ အနုပညာနဲ့ပတ်သက်ပြီး Photo Model ဖြစ်ချင်ပါတယ်။ အဲဒီလောက်ဖြစ်ဖို့တောင် ညီမ ကြိုးစားရဦးမှာပါ။ Photo Model ကနေပြီး သရုပ်ဆောင်



Asian Fame Media Group



ဘက်ကို ရောက်အောင်တော့ ညီမ သွားချင်ပါတယ်။ ညီမက အသံမကောင်းတဲ့အတွက် သီချင်းဆိုဖို့ အဆင်မပြေဘူးလို့ ထင်ပါတယ်။ ညီမ အရင်တုန်းက The Story သီချင်းမှာ MTV ပုံစံလေး ရိုက်ဖူးပါတယ်။ အခုတော့ မင်္ဂလာဇာတ်လမ်းတွေ ရိုက်ဖို့ ရှိနေပါတယ် အစ်မ။

**အစ်မရဲ့ Fashion နဲ့ပတ်သက်ပြီး ညီမလေးရဲ့အမြင်ကို ပြောပြပါဦး။**

အစ်မရဲ့ Fashion က သူများတွေနဲ့တော့ မတူဘူးပေါ့နော်။ အခုနောက်ပိုင်းမှာ အစ်မရဲ့ Fashion ပုံစံတွေ ပြောင်းလဲလာတာ တွေ့ရပါတယ်။ ဒါပေမဲ့ အရင်တုန်းက Fashion ပုံစံရော အခု Fashion ပုံစံရော အဆင်ပြေပါတယ်။ အစ်မဝတ်တဲ့ ပုံစံလေးတွေက သူများနဲ့ သိပ်မတူတဲ့အတွက် ပရိသတ်အနေနဲ့ အစ်မကို သတိထားမိခဲ့တာပါ။ အစ်မဝတ်တဲ့ပုံစံက မရိုးမဆန်းလေးတွေဆိုတော့ ကြည့်ရတာ အဆင်ပြေပါတယ် အစ်မ။

**Audience ခန့်သီရိဇော်ရဲ့ အတွေ့အကြုံ**

ညီမက အနုပညာကို ဝါသနာပါတော့ အနုပညာရှင်နဲ့ တွဲရိုက်ခွင့်ရမယ့် ဒီကဏ္ဍလေးကို အရမ်းစိတ်ဝင်စားခဲ့တာပါ။ အခုလို တွဲရိုက်ခွင့်ရတအတွက်လည်း အရမ်းပျော်ရွှင်ရပါတယ် အစ်မ။ အရွေးခံရတယ်ဆိုတော့ အရမ်းပျော်သွားခဲ့တယ်။ ရိုက်ရက်နီးလာလေ စိတ်လှုပ်ရှားလေပါပဲ။ အခုလို အပြန်အလှန် မေးခွန်းတွေမေးပြီး ပြောရတဲ့အတွက် အတိုင်းမသိပျော်ရွှင်ပါတယ်။ Form တင်ဖို့ စဉ်းစားနေတဲ့ သူငယ်ချင်းတွေကို ပြောချင်တာက တင်ဖြစ်အောင် တင်ပါလို့ပြောချင်ပါတယ်။ အခွင့်အရေးတစ်ခုရဖို့အတွက် ကိုယ်တိုင်ကြိုးစားအားထုတ်မှ ရမှာလေနော်။ ညီမကတော့ အခွင့်အရေးတစ်ခုကို လက်မလွှတ်ဘဲကြိုးစားခဲ့လို့ အခုလိုပျော်ရွှင်မှုမျိုးကို ပိုင်ဆိုင်ခဲ့ရတာပါ။ အနုပညာဝါသနာပါတဲ့ သူငယ်ချင်းတွေကိုလည်း အဲဒီလိုမျိုးပိုင်ဆိုင်စေချင်ပါတယ်။

# ပရိသတ်အမေး အနုပညာရှင်အဖြေ

**အစ်မအနုပညာ လောကထဲကို ဘယ်အချိန်လောက်က ဝင်လာခဲ့တာလဲ။ အစ်မလေးစားအားကျခဲ့ရတဲ့ အနုပညာရှင်တွေကို သိချင်ပါတယ်။**

အစ်မ သီချင်းစဆိုတာက ၈ တန်း ၉ တန်းလောက်ကတည်းက ဆိုနေပြီ။ မဒါတို့ မင်္ဂလာဆောင်တုန်းက ဆိုတာပေါ့နော်။ အဲဒါပြီးတော့ အစ်မ ဆက်မလုပ်ဖြစ်တော့ဘူး။ ၂၀၀၇ မှ အနုပညာလောကထဲကို ပြန်ဝင်လာခဲ့တယ်။ အစ်မကို ပရိသတ်တွေက ကားရိုက်မှာစပြီး သတိထားမိခဲ့တယ်လို့ ထင်ပါတယ်။ လေးစားအားကျရတဲ့ အနုပညာရှင်တွေက ပြောရမယ်ဆိုရင် အများကြီးပါပဲ ညီမရယ်။ သရုပ်ဆောင်တွေအကုန်လုံးက သူ့ဟာနဲ့သူ တော်ကြတာပဲလေ။ တော်လို့လည်း နေရာတစ်နေရာ ရလာကြတာပေါ့နော်။ အစ်မတို့လည်း ပညာတွေ အများကြီး လိုအပ်ပါသေးတယ်။ အမြဲတမ်းလည်း လေ့လာဖြစ်ပါတယ်။

**အစ်မလတ်တလော လုပ်နေတဲ့ အနုပညာလှုပ်ရှားမှုတွေကိုလည်း ပြောပြပေးပါဦး။ ပြီးတော့ အနုပညာအပြင် တခြားဝါသနာကိုလည်း သိချင်ပါတယ်။**

ဒါရိုက်တာမိုးမြင့်၊ ကိုမင်းမော်ကွန်းတို့နဲ့ ဗီဒီယိုရိုက်နေပါတယ်။ သီချင်းလည်း သွားဆိုဖို့ ရှိသေးတယ် ညီမ။ အစ်မရဲ့ 'ချစ်သူရွေးမယ်' အခွေထွက်နိုင်ဖို့အတွက် အစ်မဘက်က အတတ်နိုင်ဆုံးမြန်အောင် လုပ်နေပါတယ်။ ဒါပေမဲ့လည်း ဒီဘက်က ကားရိုက်နဲ့ဆိုတော့ အစ်မအနေနဲ့ အခက်အခဲ နည်းနည်းဖြစ်နေတယ်။ အတတ်နိုင်ဆုံးတော့ မြန်အောင်လုပ်နေပါတယ်။ အစ်မရဲ့ အခွေကို VCD အဖြစ်နဲ့ တစ်ခါတည်း ထုတ်မှာပါ။

Asian Fame Media Group


သရုပ်ဆောင်တွေကိုတော့ အနုပညာအစ်ကိုတွေကို အကူအညီတောင်းထားပါတယ်၊ တခြားဝါသနာဆိုရင် ဘာပြောရမှန်းတောင် မသိဘူး။ အစ်မက ၁၅ နှစ် ၁၆ နှစ်ကတည်းက အနုပညာကို လုပ်လာခဲ့တာလေ၊ အနုပညာနဲ့ စီးပွားရေးကို တွဲလုပ်ဖို့တော့ ရှိတယ်။ ဘဝအနာဂတ်အတွက် စဉ်းစားထားတာပေါ့ ညီမရယ်။ အလုပ်တွေမလုပ်ခင် အစ်မသွားချင်တဲ့ နေရာတစ်ခုရှိတယ်။ ဗုဒ္ဓဂယာကို အစ်မ အရမ်းသွားချင်တယ်။ (ကြော်ငြာဝင်တာလေဆိုပြီး ရယ်နေပါတယ်။)

**အစ်မရိုက်ခဲ့တဲ့ ဇာတ်ကားတွေထဲမှာ ဘယ်ဇာတ်ကားကို အားအရဆုံးလဲဆိုတာ သိချင်ပါတယ်။ အစ်မ အကယ်ဒမီရခဲ့တဲ့ 'မိုးညအိပ်မက်မြူ' ဇာတ်ကားကိုရော အားရကျေနပ်ခဲ့ရဲ့လား။**

အစ်မက ဇာတ်လမ်းကိုရွေးချယ်ပြီးမှ ရိုက်တာဆိုတော့ အစ်မကြိုက်တဲ့ကားလေးတွေပဲ ရိုက်ဖြစ်တာပါ။ အစ်မကတော့ ဇာတ်အိမ်ကောင်းကောင်းနဲ့ Tempo မြင့်ပြီး ပေါက်ကွဲရတဲ့အခန်းကို ကြိုက်တယ်။ 'မိုးညအိမ်မက်မြူ' ဇာတ်ကားမှာ အစ်မ အတတ်နိုင်ဆုံးကြိုးစားခဲ့ပါတယ်။ အစ်မအနေနဲ့ ကားကြီး၊ ဗီဒီယို မရွေးပါဘူး။ အကောင်းဆုံးဖြစ်အောင် လုပ်တာပါပဲ။ ကိုယ်က အနုပညာကြေးယူထားရင် အစ်မတို့အနုပညာရှင်တွေအနေနဲ့ တာဝန်ကျေအောင် လုပ်ရမှာပေါ့နော်။ ရုပ်ရှင်ကားကြီးဆိုပြီး အကယ်ဒမီမှန်းပြီး လုပ်ခဲ့တာမရှိပါဘူး။ အဲဒီကားရိုက်တုန်းကဆို အစ်မရဲ့အနုပညာသက်တမ်းက အရမ်းနုသေးတယ်၊ ပြီးတော့ အစ်မအတွက် ပထမဆုံးရုပ်ရှင်ကားကြီးလေ၊ ရိုက်ထားတဲ့ဇာတ်ကား အရေအတွက်ကလည်း ၁၂ ကားလောက်ပဲ ရှိသေးတယ်။ အခုအချိန်ထက်စာရင် အဲဒီအချိန်တုန်းက အနုပညာသက်တမ်းလည်း နုသေးတော့ တော်တော်လေးကြိုးစားခဲ့ရပါတယ်။ အဲဒီအတွက် ပြန်ပြီး အသိအမှတ်ပြုတဲ့ ဆုလေးရခဲ့တော့ အရမ်းဝမ်းသာခဲ့တာပေါ့နော်။

**အဲဒီ 'မိုးညအိပ်မက်မြူ' ဇာတ်ကားရိုက်တုန်းက အစ်မအတွက် အမှတ်တရလေးတွေ ရှိလား။**

'မိုးညအိပ်မက်မြူ' ဇာတ်ကားက ရှေးခေတ်ပုံစံမျိုး ရိုက်တာလေ။ အစ်မဆို အဲဒီခေတ်က ပုံစံတွေ သိပ်မမြင်ဖူးဘူး၊ သူတို့ဓာတ်ပုံပြပြီး ဒီပုံစံချုပ်ဆိုလို့သာ ချုပ်လိုက်ရတာ ဘာကိုမှရေရေရာရာ မမြင်ဖူးဘူး၊ ဘယ်ခေတ်မှန်းလည်း မသိဘူး။ ဆံပင်ဆိုလည်း မိတ်ကပ်ဆရာနဲ့ တိုင်ပင်ပြီး လုပ်ရတာ။ ဒါရိုက်တာခိုင်းတဲ့အတိုင်းပဲ လုပ်ခဲ့ရတာပေါ့နော်။ စကားအပြောအဆိုကအစ အားလုံး ဒါရိုက်တာခိုင်းတဲ့ အတိုင်းပါပဲ။ ကားကြီးဖြစ်နေတဲ့ အတွက် အမှားပြင်ဆင်ခွင့်မရှိဘူးလေ။ အဲဒီကား



မှာ မကြည်ဖြူက သေချာလေးသင်ပေးပါတယ်၊ ရှေ့မှာရိုက်ခဲ့တဲ့ကားတုန်းက အဲဒီလောက် ပေါက်ကွဲတာမျိုးမပါဘူး၊ အခုဒီမှာကျတော့ ဇာတ်ညွှန်းကို နည်းနည်းလေး ပြန်ပြင်ထားတယ်။ အစ်မအနေနဲ့ကတော့ ပေါက်ကွဲပြီးသရုပ်ဆောင်ခဲ့ရတဲ့ အခန်းလေးကို အကြိုက်ဆုံးပါပဲ၊

**ငိုတဲ့ အခန်းတွေမှာ သရုပ်ဆောင်ရင် အစ်မက အရမ်းပီပြင်တာပဲနော်။ တကယ်မျက်ရည်အစစ်နဲ့ ငိုတာလားဟင်။**

အစ်မက မျက်ရည်အစစ်နဲ့ပဲ ငိုတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အတုထည့်လိုက်ရင် နောက်က ထပ်မလိုက်လာတော့ဘူး။ သူများတွေတော့ မသိဘူး၊ အစ်မကတော့ မျက်ရည်ထည့်လိုက်ပြီဆိုရင် ထည့်တဲ့နှစ်စက်ပဲ ကျတယ်။ ထပ်မကျတော့ဘူး (ရယ်လျက်)။ ငိုတဲ့နောက်မှာ လိုက်လာတဲ့ အသံတွေတုန်ရီတာ၊ နှုတ်ခမ်းတွေ တုန်တာတွေက တကယ်မငိုဘဲနဲ့ဆိုရင် အစ်မအတွက် မဖြစ်နိုင်ဘူး။ အစ်မရဲ့ကားတိုင်းမှာ ငိုတဲ့အခန်းတွေဆိုရင် မျက်ရည်အစစ်နဲ့ပဲ ငိုဖြစ်တယ်။ သူများတွေကတော့ ကြာလာရင် ထိမယ်ဆိုပြီး ပြောပါတယ်။ အစ်မအနေနဲ့ကတော့ မျက်ရည်အစစ်နဲ့ ငိုရတာကို ပိုပြီးအားရကျေနပ်နေတော့ ဘယ်လိုလုပ်ရမှာတုံးနော် (ရယ်လျက်)။

**Audience of Celebrities Choice ကဏ္ဍအတွက် Celebrity စိုးပြည့်သဇင်ရဲ့ အတွေ့အကြုံ**

ဒီကဏ္ဍလေးက ကောင်းပါတယ်။ ပရိသတ်နဲ့ တွဲရိုက်ရတယ်ဆိုတော့ အသစ်အဆန်းလေးလည်း ဖြစ်သွားတာပေါ့နော်။ စိုးပြည့်ရဲ့ပရိသတ်နဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းလည်းဝမ်းသာဖို့ ကောင်းပါတယ်။ ပြီးတော့ စိုးပြည့်သိချင်တာလည်း မေးတယ်၊ ဒီက ညီမလေးသိချင်တာလည်း မေးတယ်ဆိုတော့ အမေးတွေ၊ အဖြေတွေက ဆန်းသစ်နေမှာပဲလေ။ သူနဲ့ဓာတ်ပုံတွဲရိုက်ရတာ အဆင်ပြေပါတယ်။ တချို့ဆိုရင် ဓာတ်ပုံရိုက်ရင် မနေတတ်ဘူး၊ တောင့်နေတာတွေ ရှိတယ်လေ။ ဖြစ်နိုင်မယ်ဆိုရင် ဓာတ်ပုံပို့တဲ့ ပရိသတ်တွေ အကုန်လုံးကို ရွေးချင်ပါတယ်။ တစ်ယောက်တည်း ရွေးရတဲ့အတွက် ပရိသတ်ကြီး စိုးပြည့်ကို နားလည်ပေးပါလို့ ပြောချင်ပါတယ်။

**သီတာစိုး**

Action Fame Media Group



## *if you speak*
## 2013 Fashion

**MODEL :** MAY TOE KHAING
**MAKE-UP :** DECEMBER HNIN
**DESIGNER :** EI KYAW ZIN (VIVID)
**PHOTO :** KO NAING (POPULAR)
ARRANGED BY THIDA SOE

Asian Fame Media Group
MEDIA GROUP



ဒီဇိုင်နာ အိကျော်ဇင်

၂၀၁၃ မှာ အဖြူနဲ့အမည်း ကာလာအစပ်လေးတွေ ပြန်ပြီးခေတ်စားလာမယ်လို့ ထင်ပါတယ်။ အခု အစ်မချုပ်ပေးထားတဲ့ ပုံစံလေးက ၁၉၈၀၊ ၁၉၉၀ လောက်က ပုံစံဘက်ကို ပြန်သွားထားတာပါ။ လူငယ်တွေ ညဘက်ပွဲတက်မယ်ဆိုရင် ဝတ်တဲ့ပုံစံလေးပေါ့နော်။ အခုလာမယ့် ၂၀၁၃ မှာတော့ ၁၉၆၀ လောက်က ပုံစံတွေမဟုတ်ဘဲ ၁၉၈၀ လောက်က ပုံစံတွေ တစ်ပတ်ပြန်လည်လာနိုင်ပါတယ်။

*if you speak*

# 2013 Fashion

**MODEL :** MAY TOE KHAING
**MAKE-UP :** DECEMBER HNIN
**DESIGNER :** EI KYAW ZIN (VIVID)
**PHOTO :** KO NAING (POPULAR)

Asian Fame Media Group
MEDIA GROUP



*if you speak*

# 2013 Fashion

**MODEL :** CHIT SU HONEY
**MAKE-UP :** WAI YAN MA (IRENE AUNG AUNG)
**DESIGNER :** MAY MYAT WARSO
**PHOTO :** KO NAING (POPULAR)

## ဒီဇိုင်နာ မေမြတ်ဝါဆို

၂၀၁၃ မှာ အရောင်တောက်တောက်လေး တွေ ခေတ်စားလာနိုင်တဲ့အတွက် အစိမ်းပြာရောင်ကို ရွေးပြီး ချုပ်ထားတာ ပေါ့နော်။ ပိတ်စကို ခန္ဓာကိုယ်မှာ ပတ်ထားတဲ့ ဖက်ရှင်ပုံစံ လေးတွေက ၂၀၁၂ မှာလည်း ခေတ်စားခဲ့တော့ ၂၀၁၃ မှာလည်း ခေတ်စားနေဦးမယ်လို့ ထင်ပါ တယ်။ အခုချုပ်ထားတဲ့ ပုံစံလေးကို ပွဲပေါ်မှ တည်ပြီး ပိတ်စနဲ့ ဒီဇိုင်းကို နည်းနည်းပြောင်း လိုက်ရင် ပွဲတိုင်းအတွက် အဆင်ပြေစေတဲ့ ပုံစံ လေးပါ။ ၂၀၁၂ မှာ အင်္ကျီအထဲ ထည့်ဝတ်တဲ့ ပုံစံ တွေက လူငယ်တွေ ဝတ်တာ များခဲ့တော့ ၂၀၁၃ မှာလည်း ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ခေတ်စားလာ နိုင်တယ်။

Asian Media Group



*if you speak*
# 2013 Fashion

**MODEL :** CHIT SU HONEY
**MAKE-UP :** WAI YAN MA (IRENE AUNG AUNG)
**DESIGNER :** MAY MYAT WARSO
**PHOTO :** KO NAING (POPULAR)

Asian Fame Media
MEDIA GROUP



# if you speak 2013 fashion

**MODEL :** M SAI LU/ **MAKE-UP :** WINE (DECEMBER HNIN) **DESIGNER :** THWIN SU HTWE/ **PHOTO :** KO NAING (POPULAR)

## ဒီဇိုင်နာ သွင်စုထွေး

အခုဝတ်စုံလေးက ၁၉၈၀၊ ၁၉၈၅ ခုနှစ်လောက်တုန်းက မက်ဒေါ်နားဝတ်တဲ့ Corset ပုံစံလေးပေါ့နော်။ ၂၀၁၂ ခုနှစ်နှစ်လယ်မှာ စပြီး ခေတ်စားလာတဲ့ ဒီဖက်ရှင်ပုံစံလေးက ၂၀၁၃ မှာလည်း ခေတ်စားနေပြီးတော့ အနီရောင်၊ ရွှေရောင်လိုမျိုး အရောင်တောက်တောက်တွေကို ပြန်ပြီး သုံးလာကြမယ်လို့ အစ်မမြင်ပါတယ်။ အခုဝတ်စုံလေးက လူငယ်တွေ ပါတီတို့၊ ရှိုးပွဲတို့ သွားရင် ဝတ်လို့ရတဲ့ ပုံစံလေးပေါ့နော်။ ပုံစံနဲ့ လိုက်ဖက်အောင်လို့တော့ ကြောင်မသုံးဘဲနဲ့ အပွင့်လေးတွေနဲ့ ချုပ်ပေးထားတာပါ။



# if you speak 2013 fashion

**MODEL :** M SAI LU/ **MAKE-UP :** WINE (DECEMBER HNIN) **DESIGNER :** THWIN SU HTWE/ **PHOTO :** KO NAING (POPULAR)



*if you speak*

# 2013 Fashion

**MODEL :** SHWE YI THONE THONE
**MAKE-UP :** WINE (DECEMBER HNIN)
**DESIGNER :** JOKER
**PHOTO :** KO NAING (POPULAR)

Asian Fame Media Group
MEDIA GROUP



## ဒီဇိုင်နာ Joker

သုန်သုန်ဝတ်ထားတဲ့ ဝတ်စုံလေးက Fashion ပြိုင်ပွဲတွေမှာ ဝတ်ရင် အဆင်ပြေစေမယ့် ပုံစံလေးကို ဖက်ရှင်နည်းနည်းကျအောင် ချုပ်ပေးထားတာပါ။ ၂၀၁၂ မှာ ပန်းဖိတ်ကပ်အရောင်လေးတွေ အရမ်းခေတ်စားခဲ့တော့ ၂၀၁၃ မှာ အရောင်နုနုလေးတွေ ခေတ်စားမယ်လို့ ထင်ပါတယ်။ ဂျိုကာက ခရမ်းရောင်ကြိုက်တော့ ပန်းခရမ်းရောင်လေးကို ဒီခေတ်ဖက်ရှင်ပုံစံလေး ချုပ်ပေးထားတာပါ။

*if you speak*

**2013 Fashion**

**MODEL :** SHWE YI THONE THONE
**MAKE-UP :** WINE (DECEMBER HNIN)
**DESIGNER :** JOKER
**PHOTO :** KO NAING (POPULAR)



# Wedding Special

Model : Aung Min Khant & May
Wedding Dress : Taw Win Thu
**Make-up & Jewelry :** May Oo Maung (Taw Win Thu)
**Floral :** Malaysia (Than Myint)
Photo : Bellay Studio
arranged by moe thauk kyal

Asian Fame Media Group


Wedding
Special
Model : Aung Min Khant & May
Wedding Dress : Taw Win Tha
Make-up & Jewelry : May Oo Maung (Taw Win Thu)
Floral : Malaysia (Than Myint)
Royal Couch : Ko Ko Gyi & Brothers (09-5189200)
Photo : Bellay Studio


Wedding
Special
Model : Aung Min Khant & May
Wedding Dress : Taw Win Thu
Make-up & Jewelry : May Oo Maung (Taw Win Thu)
Consecration : Ko Ko Gyi & Brothers (09-5189200)
Floral : Malaysia (Than Myint)
Photo : Bellay Studio


Wedding
Special
Model : Aung Min Khant & May
Wedding Dress : Bellay Wedding Dress
Make-up & Jewelry : May Oo Maung (Taw Win Thu)
Hair Style (Boy) : Htet (Pop Soul)
Photo : Bellay Studio


BELLAY
Photo Studio , Wedding Dress & Video
အနောက်တိုင်းသတို့သား၊ သတို့သမီးဝတ်စုံ
Pre-Wedding | Crystal Album
ဘွဲ့ပုံ၊ မိသားစုအလှပုံ ရိုက်ကူးခြင်း
မင်္ဂလာမှတ်တမ်းတင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်း
အမှတ်– (၁၈၄၊ ၁၈၈) ၂၈လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ – ၂၄၆၅၀၂၊ ၃၈၂၀၆၂



Asian Fame Media Group


Wedding
Special
Model : Pyae Sone Ko &
Make-up & Wedding Dress :
Photo : Ko Naing (Popular)



Asian Fame Media Group
MEDIA GROUP


Wedding
Special
Model : Pyae Sone Ko & Khine Pwint
Make-up & Wedding Dress : Ko Bake
Photo : Ko Naing (Popular)
MEDIA GROUP
Asian Fame Media Group

# မင်္ဂလာဆောင်မည့် သတို့သား၊ သတို့သမီးများအတွက်

# *Wedding Fashion*

ယုယအိမ်

မင်္ဂလာဆောင်မည့် သတို့သား၊ သတို့သမီးများအတွက် မြန်မာ မင်္ဂလာဝတ်စုံနှင့် ညနေခင်း ဧည့်ခံပွဲဝတ်စုံတို့ဖြင့် လိုက်ဖက်စေမည့် မိတ်ကပ်၊ ဆံထုံး၊ လက်သည်းမှအစ ပြင်ဆင်ဖြယ်သမှုကို မော်ဒယ်လ် အာကာဟိန်းနှင့် ရွှေပိုးအိမ်တို့ဖြင့် Sweet Angel မှ မနေခြည်က လှပဆန်းသစ်အောင် ပြုလုပ်ပြင်ဆင်ပေးထားပုံကို ရတီအလှ စာမျက်နှာထက်မှ စီစဉ်တင်ဆက်လိုက်ပါတယ်။











Asian Fame Media Group



Model - အာကာဟိန်း၊ ရွှေပိုးအိမ်
Make Up & Hair Design - နေခြည် (Sweet Angel)
Photo - B@nyar

Asian Fame Media Group


Model
Make Up & Hair Design - (Sweet Angel)
Photo

## တို့အချစ်နဲ့ဆိုရင် တေးစီးရီး ဒီဗီဒီ စာနယ်ဇင်းမိတ်ဆက်



ယခုနှစ် သီတင်းကျွတ် လပြည့်နေ့တွင် ထုတ်ဝေဖြန့်ချိသည့် 'တို့အချစ်နဲ့ဆိုရင်' တေးစီးရီး ဒီဗီဒီစာနယ်ဇင်းမိတ်ဆက်ပွဲကို အောက်တိုဘာလ ၁၉ ရက်နေ့ မွန်းလွဲ ၁ နာရီက စီးတီးစတားဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် စီစဉ်ထုတ်လုပ်သူ အဆိုတော်ဂျူလိုင်၊ အဆိုတော်ဟဲလေးတို့က အမှတ်တရစကားများပြောကြားခဲ့ကြပြီး အဆိုတော်ယောက်ျားလေး များကိုယ်စား စစ်သွေး၊ မိန်းကလေးများကိုယ်စား ပိုးဟေသီကိုက အမှတ်တရ စကားပြောကြားခဲ့ကြသည်။ 'တို့အချစ်နဲ့ဆိုရင်' အခွေတွင် တေးသီချင်း ၁၇ ပုဒ်ပါဝင်ကာ တေးရေးဇော်ထက်ဟန်၊ Japan မိုးမင်းဘိမ်း၊ နေရောင်၊ စောလင်းမိုရ်၊ လေးနက်၊ ညီလတ်၊ ငြိမ်းပြည့်စုံ၊ မိုးကြီး၊ သောတ၊ သဲနောင်၊ ပိုးဟေသီကိုနှင့် ကေအေတီတို့၏ တေးသီချင်းများ ပါဝင်သည်။ သီဆိုထား ကြသော အဆိုတော်များမှာ ဟဲလေး၊ နောင်နောင်၊ လေးနက်၊ စစ်သွေး၊ REO၊ အောင်ဘုန်းမော်၊ သန်းနိုင်၊ ဘုန်းပြည့်၊ သားလေး၊ ချမ်းချမ်း၊ နေနေ၊ ဂျူလိုင်၊ ရွှေရည်ငြိမ်းမောင်၊ ရွှေဆု၊ ပိုးဟေသီကို၊ Khakha၊ ဂျူဂျူဟန်၊ သဲဖွေးဖွေး၊ သော်သော်ဟံသာ၊ ချစ်ယွန်းမေတို့ ဖြစ်သည်ဟု သိရသည်။



## Soe Gyi ၏ Hip Hop စစ်သည် တေးစီးရီး မိတ်ဆက်

စိုးကြီး၏ Hip Hop စစ်သည် တေးစီးရီး အယ်လ် ဘမ် အကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို အောက်တိုဘာလ ၁၈ ရက် မွန်းလွဲ ၂ နာရီ က Central ဟိုတယ်တွင် ကျင်းပ ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် ဟစ်ဟော့ပ်စတား စိုင်းစိုင်းခမ်းလှိုင်က မှတ်တမ်းစကား ပြောကြားခဲ့ပြီး တေးရေးရွှေကျော်ကျော်ကလည်း ဟစ်ဟော့ပ် လောကတွင်း ဝင် ရောက်လာသည့် အဆိုတော် စိုးကြီးကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ဟစ်ဟော့ပ် ဂီတ အမျိုးအစား ဖြစ်သည့် အဆိုပါခွေ 'Hip Hop စစ်သည်' ကို Frenzo Music Production မှ စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

## Can Make Tokyo ၏ ထုတ်ကုန်ပစ္စည်းသစ်မိတ်ဆက်




Can Make ၏ ထုတ်ကုန်ပစ္စည်းသစ်ဖြစ်သော Harajuku မိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၀ ရက် ညနေ ၅ နာရီက Junction Square တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ မိတ်ဆက်ပွဲတွင် Can Make အလှကုန်ပစ္စည်းများဖြင့် ဒီဇင်ဘာနှင်းက ခြယ်သပေးပြီး သရုပ်ဆောင်၊ မော်ဒယ်၊ အနုပညာရှင်များက ဒီဇိုင်နာမပုံ့နှင့် ဆန်းဘောက်ရာတို့၏ လက်ရာဝတ်စုံများဖြင့် တွဲဖက်ဝတ်ဆင်ကာ တင်ဆက်ပြသခဲ့ကြသည်။ အခမ်းအနားတွင် မိတ်ဆက် ပြသသည့် Harajuku နှင့် ပတ်သက်ပြီး Can Make မှ ကိုသော်တာ ရှင်းလင်းတင်ပြခဲ့သည်။

## Snow Wonder Land ဖွင့်လှစ်ခြင်း

ပျော်ရွှင်စရာ ရေခဲနှင်းကမ္ဘာ Snow Wonder Land ဖွင့်လှစ်ခြင်း အကြိုစာနယ်ဇင်းမိတ်ဆက် အခမ်းအနားကို အောက်တိုဘာလ ၁၆ ရက် နံနက် ၁၀ နာရီက Western Park Royal မှာ ပြုလုပ်ခဲ့သည်။ ယင်းနောက် Snow Wonder Land ဖွင့်ပွဲကို အောက်တိုဘာလ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ Snow Wonder Land ကို Asia Myanmar Consortium Development Co.,Ltd နှင့်အတူ တရုတ်ရေခဲပန်းပုပညာရှင်များ၊ မြန်မာနိုင်ငံယဉ်ကျေးမှုတက္ကသိုလ်မှ ပညာရှင်များ ပူးပေါင်းကာ ဖန်တီးပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ဆီးနှင်းနှင့် ရေခဲပန်းပု တွဲဖက်တင်ဆက်မှုမှာ ပထမဆုံးဖြစ်ပြီး ကမ္ဘာ့အဆင့်အတန်းမီ ခံစားထိတွေ့နိုင်ရန်အတွက် စီမံဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်။



Asian Media Group


Smart Shopping
Model - Anita . Fashion - XXL
Dress:
19500 ks/-
Asian Fame Media Group
MEDIA


XXL
Fashion Shop
Made in Thailand
အင်္ကျီများကို စိတ်တိုင်းကျဝယ်ယူနိုင်ပါသည်။
အင်္ကျီဆိုဒ်ကြီး၊ အသက်အရွယ်မရွေး
ဒီဇိုင်းလည်းဆန်း၊ ဈေးလည်းသက်သာ
XXL မှာရရှိနိုင်ပါသည်။
XXL, fashion that love your curves
Royal Thazin Condominium G.A, No. 22, Bo Yar Nyunt Street, Dagon Township, Yangon.
Mandalay Shop : G-20 Diamond Plaza 78 Street, Between - 33x34 Str; Ph- 09 910 39339
Tel : hp - 09 402 695 638 / facebook.com / XXLfans


Smart Shopping
Model - Anita - Fashion - XXL
Blue Jacket :
13500 ks/-
Asian Fame Media Group
MEDIA GROUP


Smart Shopping
Model - Anita • fashion - XXL
Dress:
60000 ks/-
MEDIA GROUP
Asian Fame Media Group



Asian Fame Media Group
MEDIA GROUP

မော်ဒယ်လ်
ဆန်းသစ်လ
မိတ်ကပ်
ပွင့်-ကိုကိုအောင်
ဝတ်စုံ
ပွင့်-ကိုကိုအောင်
ဓါတ်ပုံ
မိုးကိုဦး
စီစဉ်သူ
ယုယအိမ်

# Wedding Special


မင်္ဂလာကိစ္စမှန်သမျှ စိတ်တိုင်းကျအထူးဆောင်ရွက်ပေးနေတဲ့
မိတ်ကပ်
ပွင့်
ကိုကိုအောင်
ရတနာ – "စံပြ"(မန္တလေး)
ဝတ်စုံ – ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)
ပန်း – ထင်အောင်ဦး
ဓါတ်ပုံ – မိုးကိုဦး
အမှတ်(၅၉) ၄၄ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၇၀၄၀၀၅၊ ၀၉ ၅၀၀၀၀၀၉
Asian fame Media Group


Wedding
Special
မော်ဒယ်လ် ♥
ဆန်းသစ်လ
မိတ်ကပ် ♥
မွှေး-ကိုကိုအောင်
ဝတ်စုံ ♥
မိုးကိုဦး
ဓါတ်ပုံ ♥
မိုးကိုဦး
စီစဉ်သူ ♥
ယုယအိမ်



Asian Fame Media Group
af MEDIA GROUP




# Yuzana's PROFILE

arranged by thida soe

Asian Family Media Group



## Confidence

လူတစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရေးမှာ အရမ်းအရေးကြီးတဲ့ အဓိက အချက်တစ်ချက်လို့ အစ်မမြင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း သူများ ယုံကြည်အောင် အမြဲနေတယ်။ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှု မရှိဘူးဆိုရင် လူမှု ဆက်ဆံရေးမှာ လုံးဝ အဆင်မပြေနိုင်ဘူးပေါ့နော်။ စီးပွားရေးပဲ ဖြစ်ဖြစ်၊ လူမှုရေးပဲဖြစ်ဖြစ် ယုံကြည်မှုရှိဖို့ အရေးကြီးပါတယ်၊ လူတစ်ဖက်သားကို ကတိပေးထားပြီး ကိုယ်က ကတိမတည်တယ်ဆိုရင် ဒီလူကို နောက်ဘယ်လို ဆက်ဆံမလဲ။ အဲဒီတော့ ယုံကြည်မှုဆိုတဲ့နောက်မှာ ကတိတည်မှုတွေ၊ စည်ကြည်မှုတွေ၊ ရိုးသားမှုတွေ အများကြီး ရှိပါတယ်၊ အစ်မကျင့်သုံးနေတဲ့ ပုံစံအရတော့ လူတစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရေးမှာ ယုံကြည်မှုက အရမ်းအရေးကြီးပါတယ်။ တစ်ခါ ဆက်ဆံလိုက်မိတဲ့အချိန်မှာ ယုံကြည်မှု မရှိတဲ့ လူတစ်ယောက်ဆိုရင် နောက်တစ်ခါကျရင် ဒီလူကို သတိထားမိသွားပြီလေ။ ပြော် . . . ဒီလူက ဒီလိုမျိုး ဖြစ်တတ်တယ်ဆိုပြီး အထင်ခံလိုက်ရတာကိုက မကောင်းတဲ့ အားထွက် ဆိုးကျိုးတွေပေါ့နော်။ အစ်မအနေနဲ့ကတော့ အားလုံး မပြည့်စုံရင်တောင် သူများကိုယ့်ကို ယုံကြည်တဲ့လူတစ်ယောက် ဖြစ်အောင် အတတ်နိုင်ဆုံး ထိန်းသိမ်းပြီး နေပါတယ်။

## Parents

အစ်မက အမှန်အတိုင်း ပြောရရင် မိသားစုကို အရမ်းခင်တွယ်တတ်ပါတယ်။ အစ်မက နိုင်ငံခြားမှာနေတယ်ဆိုပေမယ့် ရန်ကုန်ကို တစ်ပတ်မှာ နှစ်ခါလောက် ဖုန်းမဆက်ရရင် မနေနိုင်ဘူး။ မနက်မိုးလင်းလို့ အဖေ့အသံပဲ ကြားရ ကြားရ၊ အမေ့အသံပဲကြားရကြားရ၊ ညီမလေး နှစ်ယောက်ရဲ့ အသံပဲ ကြားရ ကြားရ၊ ဖုန်းပြောရရင်ကို ကျေနပ်နေတာ။ အခု ရန်ကုန်ကို ပြန်လာပြီး အဖေ၊ အမေရဲ့ အရိပ်အောက်မှာနေရတော့ ကလေးလို ပြန်ဖြစ်နေတယ် (ရယ်လျက်)။ မိသားစုဆိုတဲ့ အရသာကို ပေးသွားရင် ပိုပြီး တန်ဖိုးထားတတ်လာတယ်ပေါ့နော်၊ အဲဒီတော့ မိသားစုနဲ့ တူတူနေနေရတဲ့အချိန်မှာ မိသားစုကို တန်ဖိုးထားတတ်ပါစေ။ မိဘကျေးဇူးကိုလည်း ဆပ်နိုင်ကြပါစေလို့ ပြောချင်ပါတယ်။

## Time

နိုင်ငံခြားမှာနေတုန်းက အစ်မကကျောင်းတက်တယ်၊ အစ်မအမျိုးသားက အလုပ်လုပ်တယ်။ ရန်ကုန်မှာ နေတုန်းက အချိန်တွေက ကုန်မှန်းမသိ ကုန်သွားတာပေ့ါ။ ဟိုမှာကျတော့ တစ်ရက်တစ်ရက်ကို အစ်မအတွက် အကြာကြီးလိုပဲ။ အလုပ်လုပ်နေတဲ့ လူတစ်ယောက်အတွက် အချိန်ကို အကျိုး ရှိရှိ အသုံးချနိုင်မယ်ဆိုရင် တန်ဖိုးရှိတဲ့ ရလဒ်တွေ ထွက်လာမှာပါ။ အစ်မ အချိန်တွေကိုတော့ အလဟဿဖြစ်အောင် မထားပါဘူး။ အချိန်ဟာ လူတစ်ယောက်အတွက် အရမ်းတန်ဖိုးရှိပါတယ်။ အဲဒါကြောင့် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်ကြပါစေလို့ လူတိုင်းကို ပြောချင်ပါတယ်။

## Love

၁၅၀၀ နဲ့ ၅၂၈ က မတူညီတဲ့ အချစ်နှစ်ခုပေါ့နော်။ ၁၅၀၀ ဆိုတာကတော့ ချစ်သူအချစ်နဲ့ သူစိမ်း နှစ်ယောက် ချစ်ကြတဲ့ အချစ်မျိုးပေါ့။ ၅၂၈ ကျတော့ မိသားစုကြားမှာ ချစ်ကြတဲ့ ဖြူဖြူစင်စင် အချစ်ပေါ့။ ၅၂၈ က ပိုပြီးတော့ အေးချမ်းပါတယ်။ ဘာအရောင်မှလည်း မရှိဘူးလေ။ ၁၅၀၀ မှာကျတော့ အရောင်စုံတွေပါတယ်။ အဲဒီ ၁၅၀၀ တွေထဲကမှ အစ်မနဲ့ အသင့်တော်ဆုံးနဲ့ သဘောထားအတိုက်ဆိုင်ဆုံး လူတစ်ယောက်ကို ရွေးခဲ့တယ်ပေါ့နော်။ ဘာပဲဖြစ်ဖြစ် အစ်မကတော့ ၅၂၈ မေတ္တာကို ပိုပြီးတော့ တန်ဖိုးထားပါတယ်။



## Hatred

လူတစ်ယောက်ကို အစ်မ မမုန်းတတ်ဘူး။ ကြောက်ပဲ ကြောက်တတ်တာ။ အစ်မမုန်းတဲ့ လူ မရှိဘူး။ ကြောက်တဲ့လူပဲ ရှိတယ်။ ဟန်ဆောင်တတ်တဲ့လူတွေကို အစ်မအရမ်းကြောက်တယ်။ အစ်မလည်း လူအမျိုးမျိုး ဆက်ဆံဖူးပါတယ်။ စိတ်တစ်ဖြောင့်တည်းရှိတဲ့ လူမျိုးက ရှားပါတယ်။ အစ်မက တစ်ဖြောင့်တည်း သမားဆိုတော့ အစ်မ စိတ်က ဘယ်တော့မှ အပြောင်းအလဲ မရှိဘူး။ အပြောင်းအလဲများတဲ့ လူတွေကို အစ်မအရမ်း ကြောက်တယ်။

## Life

အစ်မ ဖြတ်သန်းခဲ့တဲ့ဘဝမှာတော့ အဖေနောက်ကို တကောက်ကောက် လိုက်ခဲ့ဖူးတယ်။ ကျောင်းသား အားကစားပွဲတော်၊ အမျိုးသား အားကစားပွဲတော်၊ လှေသဘင်ပွဲတော်တွေ ဆိုရင် အဖေနဲ့အတူ အစ်မ လိုက်ခဲ့တာကို အခုထိ အမှတ်ရနေတုန်းပဲ။ အစ်မဘဝမှာ မိသားစုနဲ့ အနုပညာက ခွဲခြားလို့မရတဲ့ အရာတွေ ပေါ့နော်။ အဲဒါကြောင့် အစ်မဘဝကို အစ်မကျေနပ်ပါတယ်။ အနာဂတ်ဘဝမှာတော့ အနုပညာ နဲ့ စီးပွားရေး တွဲလုပ်ဖို့ ရှိတယ်။ အစကတော့ စီးပွားရေးလုပ်ဖို့ အသိတွေ မရှိခဲ့ဘူး။ ကလေး စိတ်လည်း ဖြစ်ချင်ဖြစ်မှာပေါ့နော်။ အခုအချိန်မှာတော့ အနုပညာနဲ့ စီးပွားရေးကို တွဲလုပ်မှ ဖြစ်မယ်လို့ တွေးတတ်လာတယ်။

Asian Fame Media Group

## Friendship

မိသားစုပြီးရင် နောက်ထပ် ခင်တွယ်တတ်တာက သူငယ်ချင်းပါ။ အစ်မမှာ အချစ်ဆုံးသူငယ်ချင်း တစ်ယောက်ရှိတယ်။ သူကတော့ အခု နယူးယောက်မှာ နေနေတယ်၊ နာမည်ကတော့ အေးသီတာပါ။ သူ့ကို ဘာကြောင့် ချစ်သလဲ ဆိုတော့ သူက စိတ်အရမ်း ဖြူစင်တယ်၊ သူများအပေါ်မှာ ကောက်ကျစ်တာတွေ မရှိဘူး။ အဲဒီတော့ အစ်မနဲ့ သူက အရမ်းအဆင်ပြေတယ်။ အစ်မအပေါ်မှာလည်း သူက ညီအစ်မအရင်းလို ချစ်တယ်။ ရန်ဖြစ်တယ်ဆိုတာ အစ်မတို့ နှစ်ယောက်မှာ မရှိဘူး။ အစ်မဘဝမှာ တစ်ခုခုဖြစ်ပြီ ဆိုရင် မိသားစုကို ပြောလို့ မရတာတွေကို အဲဒီ သူငယ်ချင်းကို ပြောဖြစ်တယ်။ သူ့ဆီက အကောင်းဆုံး အကြံဉာဏ်တွေရတယ်။ အစ်မကို ထိရင်လည်း သူက မခံဘူး၊ သူ့ကိုထိရင်လည်း အစ်မက မခံဘူး။ သူငယ်ချင်းကောင်း တစ်ယောက်ကို အစ်မက အရမ်း တန်ဖိုးထားပါတယ်။

## Book

အမှန်အတိုင်း ပြောရရင် စာဖတ်အားနည်းတဲ့သူထဲမှာ အစ်မ ပါပါတယ်။ ရန်ကုန်ကနေ နိုင်ငံခြား မထွက်ခင် အထိက အဖေ ဖတ်တဲ့ စာအုပ်တွေ၊ ကိုဖြိုးကြီး ဖတ်တဲ့ စာအုပ်တွေ ယူဖတ်တယ်။ အစ်မ ဝယ်ပြီး ဖတ်တဲ့ စာအုပ် က မရှိဘူး (ရယ်လျက်) ။ ငယ်ငယ်တုန်းကတော့ ကာတွန်းတွေ၊ ဝတ္ထုတွေ ဖတ်တာပေါ့နော်။ အစ်မ စိတ်ဝင်စားတဲ့ အနုပညာ သတင်းတွေ၊ ဂီတနဲ့ပတ်သက်တဲ့ အကြောင်းတွေတော့ ဖတ်ဖြစ်ပါတယ်။

## Collections

အစ်မ အများဆုံး စုဆောင်းဖြစ်တာကတော့ ဖိနပ်ပါ။ ဖိနပ် မြင်ရင် မဝယ်ဘဲ မနေနိုင်ဘူး၊ အစ်မမှာ ဖိနပ်တွေ စုဆောင်းထားတာ ရှိပါတယ်၊ ဒါပေမဲ့ ဝယ်ပြီး မစီးဖြစ်တာလည်း ရှိတယ်။ အစ်မဝယ်တဲ့ ဖိနပ် တွေက မြင့်တော့ စင်ပေါ်မှာဆိုတဲ့အခါတွေမှာ သိပ်ပြီး လှုပ်လို့မရဘူး။ ဓာတ်ပုံရိုက်နဲ့ VCD ရိုက်လောက်ပဲ စီးလို့ရတယ်။ အခု နောက်ပိုင်းမှာတော့ ပြန်စဉ်းစားတယ်၊ ဖိနပ် အမြင့်ကြီးတွေ ဝယ်ရင် စင်ပေါ်မှာဆိုလို့ မကောင်းဘူးဆိုတော့ အပါးလေးတွေ ပြန်ဝယ်ပြီး စီးဖို့တော့ စဉ်းစားထားတယ်။

## Mottos

လက်ကိုင်ဆောင်ပုဒ် မဟုတ်ဘဲနဲ့ အစ်မ ခံယူထားတာလေး တစ်ခုတော့ ရှိတယ်။ 'စိတ်ထားမြတ်ရင် ဘဝက ကျေနပ်စရာကောင်းတယ်' ဆိုတဲ့ စကားစုလေးပါ။ စိတ်ထားမြတ်တာနဲ့ ဘဝက ကျေနပ်စရာ ကောင်းတယ်ဆိုတဲ့ စကားလေးကို အစ်မ အရမ်း သဘောကျတယ်။ ကိုယ့်ဘဝကိုယ် ကျေနပ်နိုင်ဖို့က မလွယ်ဘူးလေ။

## Other Hobbies

ဖက်ရှင်ကို အစ်မ ဝါသနာပါတဲ့အတွက် လေ့လာဖြစ်ပါတယ်။ အစ်မ အခုဖွင့်မယ့်ဆိုင်အတွက် ဖက်ရှင်ဒီဇိုင်းတွေကို ပြည်တွင်းရော၊ ပြည်ပပါကြိုက်တဲ့ပုံစံတွေ စဉ်းစားတယ်၊ ရွေးတယ်၊ ဒီဇိုင်းလေးတွေ ထုတ်တယ်ပေါ့နော်။

## On Art

ဂီတက လူတစ်ယောက်ရဲ့ စိတ်ကို ပျော်ရွှင်အောင်လည်း ဖန်ဆင်းပေးနိုင်တယ်၊ ဝမ်းနည်းအောင်လည်း ဖန်ဆင်းပေးနိုင်တယ်၊ ဂီတကို မနှစ်သက်တဲ့ လူက မရှိသလောက်ပါဘဲ။ ဂီတကို အစ်မ ရူးသွပ်တယ်၊ မြတ်နိုးတယ်။ ဂီတလမ်းကြောင်းပေါ်မှာ လျှောက်နေရတာကို အစ်မက ကျေနပ်ပါတယ်။ ဂီတကို ဖွင့်ဆိုချင်တာကတော့ လူတစ်ယောက်ရဲ့ စိတ်ကို အမျိုးမျိုး ဖန်ဆင်းပေးနိုင်တဲ့ မှော်တစ်ခု လိုပါပဲ။

## Food of Taste

မြန်မာအစားအစာကို အစ်မ အနှစ်သက်ဆုံးပါပဲ။ အကြိုက်ဆုံးကတော့ ကြေးအိုးပါ။ YKKO က ကြေးအိုးကို ပိုကြိုက်ပါတယ်။ မုန့်ဟင်းခါးလည်း ကြိုက်တယ်။ အခု နောက်ပိုင်း မှာတော့ မုန့်ဟင်းခါး စားတာ လျှော့ထားတယ်။ စားပြီးရင် အိပ်ချင်လာလို့လေ (ရယ်လျက်)။ မုန့်ဟင်းခါးကို အလုပ်မရှိတဲ့နေ့ပဲ စားဖြစ်တယ်။ သီချင်းဆိုဖို့နဲ့ အလုပ်ရှိရင် မစားတော့ဘူး။



# ထိန်းသိမ်းဆန်းသစ်
# မြန်မာ့အလှစစ်

Model Nan Thu Zar
Make-Up Hello(Ma Cho, Ma Khine)
Photo Wunna Khwar Nee
Dress Yone Yone


MEDIA GROUP
Asian Fame Media Group

# ထိန်းသိမ်းဆန်းသစ်
# မြန်မာ့အလှစစ်

Model **Nan Thu Zar**
Make-Up **Hello(Ma Cho, Ma Khine)**
Photo **Wunna Khwar Nee**
Dress **Yone Yone**



Asian Fame Media Group
MEDIA GROUP



# ထိန်းသိမ်းဆန်းသစ်
# မြန်မာ့အလှစစ်

Model Nan Thu Zar
Make-Up Hello(Ma Cho, Ma Khine)
Photo Wunna Khwar Nee
Dress Yone Yone

Asian Fame Media Group
MEDIA GROUP



# ထိန်းသိမ်းဆန်းသစ်
# မြန်မာ့အလှစစ်

Model Nan Thu Zar
Make-Up Hello(Ma Cho, Ma Khine)
Photo Wunna Khwar Nee
Dress Yone Yone

Asian Fame Media Group



ဖက်ရှင်ဒီဇိုင်နာတစ်ယောက်အဖြစ် ဘယ်အချိန်လောက်မှာ စပြီးလုပ်ဖြစ်ခဲ့တာပါလဲ။

အစ်မ ဆိုင်စဖွင့်တာတော့ ၁၉၉၉ မှာပေါ့။ ဒါပေမဲ့ ဆိုင်မဖွင့်ခင် ချုပ်ဖြစ်နေတာတော့ ၁၉၉၄ လောက်ကတည်းကပေါ့။ ငယ်ငယ်တုန်းကတော့ ကြီးလာရင် ဒီဇိုင်နာလုပ်မယ်တို့ဘာတို့တော့ မရှိပါဘူး။ ဒါပေမဲ့ ကလေးသဘာဝအရတော့ အရုပ်ကလေးတွေကို အဝတ်တွေ ချုပ်ပေးတာမျိုးတော့ ကစားတယ်။ ပြီးတော့ အစ်မက ငယ်ငယ်ကတည်းက Creation လုပ်ရတာကို ဝါသနာပါတယ်။ ထိုင်ခုံအစွပ်တို့ စားပွဲခင်းတို့ဆိုရင် တစ်ချောင်းထိုးနဲ့ထိုးပြီး ဖန်တီးတာ။ အစတွေနဲ့လည်း လျှောက်ချုပ်တယ်။ ငါးတန်း ခြောက်တန်းလောက်ကတည်းက အားရင်အဲဒါမျိုးတွေ လုပ်နေပြီပေါ့။ ၁၉၉၄ မှာ အစ်မကဆယ်တန်းအောင်တော့ အစ်မ အမေက အစတွေကို အိမ်မှာဝယ်ထားတာမျိုးရှိတော့ ဆယ်တန်းအောင်ပြီး ဘာမှ လုပ်စရာမရှိသေးတဲ့အချိန်မှာ အမေ့အစတွေကို လျှောက်ချုပ်တာ။ အစ်မရဲ့အဘိုးတွေအဘွားတွေက အကျီတွေ ဘာတွေချုပ်တတ်တယ်။

# designer's idea

## DESIGNER MA PONT (MY FAVOURITE)

arranged by phyoe su po po

Asian Fame Media Group
AF MEDIA GROUP



သူတို့ချုပ်တာကိုလည်း ကြည့်တယ်။ အဒေါ်တွေရဲ့ အဝတ်တွေဆိုလည်း အစ်မဖျက်ပြီး လိုက်ချုပ်တယ်။ အဲဒါနဲ့ အမေက ဒီလောက်ဝါသနာပါနေလည်း သင်တန်းတက်ဆိုပြီး အစ်မကို နိုးရိုးဝန်ထမ်းတွေအတွက် ဖွင့်တဲ့သင်တန်းတစ်ခု ပို့ပေးတယ်။ အိမ်တွင်းမှုကလို သင်တန်းမျိုးပေါ့။ အိမ်တွင်းမှုကတော့ မဟုတ်ဘူးပေါ့။ အဲဒီမှာအစ်မနှစ်လသင်တန်းသွားတက်ဖြစ်တယ်။ ကလေးဝတ်နဲ့ မိန်းမဝတ်ကို တက်တာ။ အဲဒီအခြေခံနဲ့ ကိုယ်ကဝါသနာလည်းပါတော့ အကျီတွေကို လျှောက်ထွင်ပြီးဝတ်ဖြစ်တယ်။ ကျောင်းတက်တော့ ကိုယ့်အဝတ်တွေကို ကိုယ့်ဘာသာချုပ်ဝတ်တယ်။ အစ်မ Second Year ရောက်တော့ အစ်မတို့ ကျောင်းကပိတ် သွားတယ်။ အဲဒီတော့ အစ်မဒီအတိုင်းတော့ မနေချင်ဘူး၊ စီးပွားရေးတစ်ခု လုပ်မယ်ဆိုပြီး စဉ်းစားဖြစ်တယ်။ အစ်မကျောင်းတက်တုန်းမှာ အစ်မချုပ်ဝတ်တဲ့ ပုံစံလေးတွေကိုလည်း ကိုယ့်သူငယ်ချင်းတွေ မိတ်ဆွေတွေက ကြိုက်ကြတယ်။ ဒါနဲ့ အစ်မက အကျီလေးတွေချုပ်ပြီး ဆိုင်နဲ့ ရောင်းမယ် စဉ်းစားတယ်။ အစ်မအမေကလည်း လုပ်ဆိုပြီး အားပေးတယ်။ ဆိုင်ခန်းလိုက်စုံစမ်းတော့ Asia Plaza မှာဆိုင်ဖွင့်ဖြစ်တယ်။ အဲဒီမှာ ဦးပီတာရဲ့ Studio ရှိတယ်။ မတင်မိုးလွင်ရဲ့ T & M ရှိတယ်။ အပေါ်မှာလည်း မိတ်ကပ်ဆရာတွေအတွက် မိတ်ကပ်တန်းကြီးကြီးရှိတယ်။ အစ်မ အတွက်ကံကောင်းသွားတယ် ပြောရမယ်။ အနုပညာရှင်တွေအများကြီးစုတဲ့နေရာမှာ အစ်မက ဆိုင်ဖွင့်ဖြစ်သွားတာလေ။ အဲဒီမှာ အစ်မ Customer တွေရသွားတယ်။ ပထမတုန်းကတော့ အစ်မက ဆိုင်မှာချုပ်ပြီး သားတွေပဲ တင်ရောင်းတာ။ အော်ဒါလည်းချုပ်တယ်၊ နောက်ပိုင်းကျတော့ ချုပ်ထည်တွေက မနိုင်တော့ဘူး။ အဲဒါနဲ့ အော်ဒါတွေပဲချုပ်တော့တယ်။ အဲဒီအချိန်တုန်းက Model Show တွေကလည်း တအားခေတ်စားနေတာလေ၊ ကိုယ်ထွင်ရတဲ့ Model ကိုဆုရစေချင်တဲ့ စိတ်နဲ့ ဒီဇိုင်းတွေကို သေသေချာချာ စဉ်းစားပြီး လုပ်ပေးဖြစ်တယ်။ Model တွေဆိုရင် မီရှယ်လ်တို့ ခင်ဇုဝါဝါလှိုင်တို့ သက်မွန်တို့ ပုလဲဝင်းတို့အားလုံးကို အစ်မက စီစဉ်ပေး ဖြစ်ခဲ့တယ်၊ အဲဒီလိုနဲ့ပဲ အစ်မက ဂျပန်တို့ အမေရိကားတို့က စာအုပ်တွေမှာပြီး ထပ်လေ့လာ ရတာပေါ့။ ကိုယ့်ဘာသာလေ့လာရတော့ အစ်မကပိုပင်ပန်းတယ်။ Drapping ပိုင်းကျတော့ အစ်မ ၂၀၀၂ မှာ မလေးရှားက Linkok Wing University မှာ Short Course သွားထပ်တက် ဖြစ်တယ်၊ ဂျပန်ဆရာ Takano နဲ့ Sketch ဆွဲတာကိုသင်ပြီး ဆရာမ Taka နဲ့ ချုပ်ရိုးချုပ်သားနဲ့ ပတ်သက်ပြီး စနစ်တကျသင်ခဲ့တယ်။

**မြန်မာပြည်က ဖက်ရှင်လောကကိုရော**

**အစ်မရဲ့ အမြင်လေး ပြောပြပေးပါဦး။**

အစ်မအမြင်နဲ့ ပြောရရင်တော့ အစ်မတို့ စလုပ်တုန်းကနဲ့တော့ မတူတော့ပါဘူး။ အစ်မတို့ တုန်းကဆိုရင် ဖက်ရှင်တစ်ခုကို လူတွေ လက်ခံဖို့တော်တော်လေးကြိုးစားရတယ်။ နောက်ပြီး ဒီဇိုင်နာတစ်ယောက်ရဲ့ တန်ဖိုးကိုလည်း လူတွေက သိပ်ပြီးနားမလည်ခဲ့ကြဘူး။ အခုချိန်မှာတော့ ဒီဇိုင်နာရဲ့တန်ဖိုးကိုလည်း လူတွေကနားလည်တယ်။ ဖက်ရှင်တစ်ခုကို လှလှပပ နဲ့ ဝတ်ဖို့ဆိုရင် ဒီဇိုင်နာတွေနဲ့မှဆိုတဲ့ အမြင်မျိုးကိုလည်း လက်ခံလာကြတယ်။ အခုခေတ်မှာတော့ ဖက်ရှင်နဲ့ ပတ်သက်ရင် လူတွေက အများကြီးအမြင်ကျယ်လာကြပါပြီ။

**ဒီဇိုင်နာ တစ်ယောက် အဖြစ် ရပ်တည်နိုင်ဖို့အတွက် အစ်မဘယ်လိုတွေ ကြိုးစားခဲ့ရပါသလဲ။**

အစ်မကတော့ စလုပ်တုန်းက ဒီလိုဖြစ်ရမယ်ဆိုပြီးလည်း မထားခဲ့ပါဘူး။ ဝါသနာတစ်ခုကိုပဲ လုပ်ခဲ့တာပါ။ ဒါပေမဲ့ ဝါသနာပါတော့ ဒီထဲမှာပဲ အာရုံထားပြီးလုပ်တော့ ကိုယ့်ရဲ့ စေတနာတွေ ကိုယ်ဖန်တီးလိုက်တာတွေကို လူတွေက လက်ခံလာကြပြီး ဒီလိုနေရာလေးတစ်ခုရလာခဲ့တာပါ။ အစ်မက ဘယ်လိုကိစ္စပဲ လုပ်လုပ်စေတနာနဲ့ လုပ်တတ်တယ်။ ကိုယ့်ရဲ့ Customer တစ်ယောက်လှဖို့အတွက် အစ်မ က အရမ်းလေးလေးနက်နက်နဲ့ စိတ်စေတနာနဲ့ လုပ်ပေးတာပါ။ အဲဒီတော့ အစ်မရဲ့ ကြိုးစားမှုဆိုရင်တော့ အစ်မလုပ်ရင် တစိုက်မတ်မတ်နဲ့ ဇွဲရှိရှိလုပ်တယ်။ စေတနာနဲ့လုပ်တယ်။ ဒါပါပဲ။

**ဒီဇိုင်နာဘဝအစမှာ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေရှိခဲ့ရင် ပြောပြပေးပါလား။**

အစ်မဆိုင်စဖွင့်မယ်ဆိုတော့ ဆိုင်ခန်းခတွေက ဈေးမြင့်တယ်။ ဆိုင်ခန်းခက အရှုံးခံရမလားပေါ့နော်။ ဒါပေမဲ့ အစ်မအမေက အစ်မကို အားပေးတယ်။ ရှုံးပါစေရတယ်ပေါ့။ ဒါပေမဲ့ အစ်မကဆိုင်စဖွင့်ကတည်းက အလုပ်ကောင်းတယ်ပေါ့။ ဆိုင်ခန်းခ မရှုံးခဲ့ပါဘူး၊ ဒါလည်း အစ်မအမေကျေးဇူးကြောင့်ပါ။ ဆိုင်စဖွင့်တုန်းက ဝန်ထမ်းနှစ်ယောက်နဲ့ပဲ ဖွင့်ခဲ့တာ။ အခက်အခဲတွေကတော့ အများကြီးရှိတာပေါ့၊ ကိုယ်ဟာ ပညာအရ အကုန်တတ်ပြီးမှ ဆိုင်စဖွင့်ခဲ့တာ မဟုတ်ဘူးလေ။ ဝါသနာအရနဲ့ လုပ်ခဲ့တာဆိုတော့ အစ်မက လူငယ်တွေနဲ့ အဆင်ပြေပေမယ့် ဒီလူငယ်တွေဝတ်တာကို ကြိုက်ပြီးသူတို့ရဲ့ အမေတွေ ဘာတွေကလာအပ်ရင် အစ်မလူကြီးတွေနဲ့ အဆင်မပြေဘူးဖြစ်နေတာပေါ့။ ပြီးတော့ အစ်မ က ချုပ်ကတည်းက Model တွေအပ်တာများတော့ ဝတဲ့သူတွေဆိုရင် အစ်မရဲ့ Cutting ပိုင်းမှာလိုသွားတတ်တယ်။ ဒါပေမဲ့ အတွေ့အကြုံပဲပေါ့။ အတွေ့အကြုံမရှိတုန်းကတော့ ခက်ခဲတာ








ပေါ့။ အတွေ့အကြုံရှိသွားတော့လည်း နောက်ပိုင်း အဆင်ပြေသွားပါတယ်။ အခုဆိုရင်တော့ လူတစ်ယောက်ရဲ့ Structure ကိုကြည့်တာနဲ့ သူ့ရဲ့ အားသာချက် အားနည်းချက်တွေကို လိုက်ပြီး ဖန်တီးပေးနိုင်သွားပြီ။

**ဖက်ရှင်ဆိုတာမှာ Beauty နဲ့ Creativity ပါရမယ်လို့ ပြောကြတယ်။ အဲဒါတွေအပြင် တခြားဘာတွေပါရဦးမလဲ။**

ဟုတ်ပါတယ်။ ဒီဇိုင်းထွင်ပြီဆိုရင် ဖန်တီးမှုလည်း ရှိရမယ်။ အဲဒီ ဖန်တီးမှုကလည်း လှပရမယ်ပေါ့။ အဓိကကတော့ ကိုယ့်ရဲ့စေတနာ မှန်ဖို့ပါပဲ။ ကိုယ်ချုပ်ပေးရမယ့် သူကို လှစေရ မယ်ဆိုတဲ့ စေတနာလေးနဲ့သာလုပ် အဲဒါဆိုရင် လှတာပဲ။ အစ်မရဲ့ လက်တွေ့ပါပဲ။

**အခုခေတ်မှ ဖက်ရှင်ဒီဇိုင်နာတွေ များလာတာတွေ့ရတယ်။ အဲဒါအစ်မဘယ်လို သုံးသပ်မိပါသလဲ။**

အရင်တုန်း ဒီဇိုင်နာက အရေအတွက် အားဖြင့်နည်းတော့ လုပ်ရတဲ့ အစ်မတို့မှာပိုပြီး တာဝန်ရှိတာပေါ့နော်။ အခုကတော့ ဒီဇိုင်နာတွေများလာတော့ ကောင်းတာပေါ့။ ဒါပေမဲ့ များလာတယ်ဆိုတာတောင် လက်ချိုးရေလို့ရတဲ့ အနေအထားပဲ ရှိနေသေးတာပါ။ နိုင်ငံတကာမှာဆိုရင် အများကြီးပဲလေ၊ အစ်မကတော့ ဒီဇိုင်နာတွေ ဒီ့ထက်များလာစေချင်တယ်။ ဒီဇိုင်နာများလာတော့ ဒီဇိုင်းတွေ အများကြီးလည်း ထွက်လာနိုင်တယ်။ နိုင်ငံတကာအဆင့်မီတဲ့ ဒီဇိုင်နာတွေလည်းပေါ်ထွက်လာနိုင်တယ်။

**သူများနဲ့ မတူတဲ့အမြင်တွေ၊ ဖန်တီးမှုတွေ ရှိဖို့ဆိုရင် ဘယ်လိုလေ့ကျင့်မှုမျိုးတွေရှိသင့်ပါသလဲ။**

ဒါကတော့ လေ့ကျင့်လို့တော့ မရပါဘူး။ ဒီအလုပ်က ခံစားမှုနဲ့ လုပ်ရတာမျိုးလေ။ ကိုယ့်စိတ်ခံစားချက်နဲ့ စဉ်းစားရတာလေ။ ကိုယ်က ဘာကို Inspiration လုပ်မှာလဲ။ ကိုယ်ဟာ ဘယ်ပွဲအတွက် ဖန်တီးပေးမှာလဲ။ ကိုယ့်ရဲ့ ကိုယ်ပိုင် Idea ပေါ်ပဲ မူတည်တာပါ။



**အကောင်းဆုံး ဒီဇိုင်းဖြစ်ဖို့ဆိုရင် ဘယ်လို အချက်အလက်တွေပါရမလဲ။**

အကောင်းဆုံး ဒီဇိုင်းဖြစ်ဖို့ဘာပါရမလဲ ဆိုတော့ ဖက်ရှင်တစ်ခုမှာက သတ်မှတ်ချက်တော့ မရှိပါဘူး။ ကိုယ်ကဝတ်စုံတစ်ခုကို ထွင်ထားရင် ဒီဝတ်စုံကို ကြိုက်တဲ့သူလည်း ရှိတယ်။ မကြိုက်တဲ့လူလည်းရှိတယ်။ ဒီဇိုင်းကောင်းတယ် မကောင်းဘူးဆိုတာက ကြည့်တဲ့သူနဲ့ပဲဆိုင်တယ်။ ဒါကြောင့် လူကြိုက်များတယ်ဆိုရင် ဒီ ဒီဇိုင်းက ကောင်းတယ်လို့ ပြောလို့ရပြီပေါ့။

**ပြီးတော့ ဒီဇိုင်းမှာ Form ရယ်၊ Colour ရယ်၊ Texture ရယ် ပါတယ်ဆိုပြီး ပြောကြတယ်။ အဲဒါလေးလည်း ရှင်းပြပေးပါဦး အစ်မရယ်။**

ဒီဇိုင်းတစ်ခုက အဲဒါတွေလည်း လိုတာပေါ့။ ပြီးတော့ကိုယ့် ဒီဇိုင်းကိုဝတ်မယ့်သူရဲ့ Structure တို့ Image တို့နဲ့လည်း မူတည်သေးတယ်။ တစ်ခါတလေဒီဝတ်စုံက သူနဲ့လှနေပေမယ့် နောက်တစ်ယောက်နဲ့ကျတော့ လှချင်မှလှလိမ့်မယ်။ တစ်ခါတလေ ကိုယ်ကအလှဆုံး အကောင်းဆုံး ဒီဇိုင်းဆိုပြီး ဖန်တီးထားပေမယ့် ဝတ်ဆင်တဲ့သူရဲ့ ခန္ဓာကိုယ်မှာ ရောက်သွားရင် မလှတာမျိုးလည်းရှိတယ်။ ဝတ်ဆင်တဲ့သူပေါ်မူတည်ပြီး ဒီဇိုင်းတစ်ခုက ပြောင်းလဲနိုင်သေးတယ်။ ဒီဇိုင်းတစ်ခုကို ထွင်တဲ့အခါ ဝတ်ဆင်မယ့်သူ့ရဲ့ Personality နဲ့လည်းဆိုင်တယ်။

**ခေတ်အဆက်ဆက်မှာ ဝတ်စားဆင်ယင် မှု ဖက်ရှင်ဒီဇိုင်းရေစီးကြောင်းကို လူငယ်တွေကပဲ ဦးဆောင်ခဲ့ကြတာဆိုတော့ ဒီနေ့ခေတ်လူငယ်တွေရဲ့ ဖက်ရှင်တွေအပေါ်မှာရော အစ်မဘယ်လို သုံးသပ်မိပါသလဲ။**

ဒီနေ့ခေတ်လူငယ်တွေကတော့ နိုင်ငံတကာ အမြင်ရှိကြတယ်။ Internet တို့ ဖက်ရှင် TV တို့ မဂ္ဂဇင်းတို့ကလည်း အလွယ်တကူလက်လှမ်းမီတော့ လေ့လာလို့ရတယ်လေ။ အရင်တုန်းက လူငယ်တွေနဲ့ ဒီခေတ် လူငယ်တွေမတူတာလည်း Fashion Sense ထက် ဗဟုသုတပိုင်းပေါ့။ ဖက်ရှင်နဲ့ ပတ်သက်တဲ့ ဗဟုသုတက ဒီခေတ် လူငယ်တွေက ပိုရှိတယ်။ တစ်နိုင်ငံလုံးအတိုင်း အတာနဲ့ပြောရရင် ၂၅ ရာခိုင်နှုန်းလောက်က ဖက်ရှင်နဲ့ ပတ်သက်ပြီး သိကြပါတယ်။

**ဖက်ရှင် ဒီဇိုင်နာတစ်ယောက်က အတတ်ပညာအပြင် ခံစားမှုပါ ကိုယ့်အလုပ်ထဲမှာ ထည့်ဖို့လိုပါသလား။**

ဒါပေါ့။ ဒီအလုပ်က ခံစားမှုနဲ့ လုပ်ရတာ

Asian Fame Media Group
MEDIA GROUP




လေ။ အတတ်ပညာပိုင်းလည်းလိုတာပဲ။ ဒါပေမဲ့ ခံစားမှုကပိုပြီး အရေးကြီးတယ်။ ဒီဇိုင်နာအလုပ်က အတွေးလေးနဲ့ တွေးပြီး မှန်းပြီးခံစားရင်းနဲ့ ဒီဇိုင်းတွေဆွဲရတွင်ရတာလေ၊ အတတ် ပညာပိုင်းက လက်တွေ့လုပ်မှ ပါလာရတာလေ။ ဒီဇိုင်းရဲ့ အစက အတွေးနဲ့ စရတော့ ခံစားမှုလိုတယ်။

**ဒီဇိုင်းက စားဝတ်နေရေး (၃) ခုစလုံးမှာ ပါနေတာဆိုတော့ ဖက်ရှင်ဒီဇိုင်နာတစ်ယောက်ရဲ့ အရေးပါမှု အသုံးဝင်မှုတွေကိုလည်း ပြောပြပေး ပါဦး။**

လူမှာအဝတ်တောင်းမှာအကွပ် ဆိုတဲ့ စကားလည်းရှိတယ်လေ။ အဲဒီတော့ ဖက်ရှင် ဒီဇိုင်နာ တစ်ယောက်ရဲ့ အရေးပါမှုကလည်း အဓိကကျပါတယ်။ အခု ဒီဘက်ခေတ်မှာက ပိုပြီး တောင်လိုသေးတယ်။ ပြီးတော့ ပွဲတစ်ခု သွားမယ်ဆိုရင် ဒီဇိုင်နာနဲ့ တိုင်ပင်ပြီး ဝတ်တာက ပိုပြီး အဆင်ပြေတယ်။ ကိုယ်သွားမယ့် အနေအထား ပေါ်မူတည်ပြီး သေသေချာချာဝတ်သင့်တယ်၊ ဒီဇိုင်နာကလည်း အရေးပါသေးတယ်။ ဒါကြောင့် အစ်မခုနကပြောတာပေါ့၊ အစ်မတို့ဆီမှာ ဒီဇိုင်နာ တွေအများကြီးလိုသေးတယ်လို့၊ ဒီဇိုင်နာနဲ့ အမြဲတမ်းထိတွေ့နေတဲ့ သူကပိုပြီး ဖက်ရှင်ကျ တာပေါ့။ အခုခေတ်ကပိုပြီး လိုအပ်တယ်လေ၊ လူတစ်ယောက်ကို ပထမဦးဆုံးစတွေ့တဲ့အခါ ကြွားဘာမှမသိခင်အဲဒီလူရဲ့ ဝတ်စား ဆင်ယင် မှုကို ကြည့်ပြီးအဲဒီလူရဲ့ အနေအထားကို သိနိုင် တာလေ။ ဒါကြောင့် ဒီဇိုင်နာက လိုအပ်တယ်။

**ဒီဇိုင်နာတစ်ယောက်ရဲ့ တာဝန်ကို တိတိ ကျကျပြောပါဆိုရင် ဘယ်လိုအပိုင်းတွေပါနေပါ သလဲ။**


ဒီဇိုင်နာတစ်ယောက်ရဲ့ တာဝန်ဆိုပြီး စည်းကမ်းသတ်မှတ်ချက်တော့ မရှိပါဘူး။ ဒါပေမဲ့ ဒီဇိုင်နာတစ်ယောက်က ကိုယ့်ရဲ့ Customer သွားမယ့်ပွဲကို လိုက်ပြီးအဝတ်အစားအပြင် Top to Toe ပေါ့ ခေါင်းအစခြေအဆုံးစီမံပေးရမယ်။ အဝတ်အစားတစ်ခုပဲ ဖန်တီးပေးလိုက်လို့ မရ ဘူး။ အဲဒီအဝတ်အစားနဲ့ လိုက်တဲ့ မိတ်ကပ်ဆံပင် ရော ဖိနပ်၊ အိတ်၊ တခြား Accessories ရော ပေါ့။ အဲဒါတွေပါ အကြံဉာဏ်ပေးနိုင်ရမယ်။

**မြန်မာ့ ဒီဇိုင်းတစ်ခုကမ္ဘာမှာ ထိုးဖောက် သွားဖို့အတွက်ဆိုရင် ဘာတွေလိုအပ်ပါသလဲ။**

မြန်မာ့ ဒီဇိုင်းတစ်ခု ထိုးဖောက်သွားဖို့ ဆိုရင် အရင်ဆုံးကတော့ ပိတ်စအရည်အသွေး ပေါ့၊ အစ်မတို့ဆီမှာဆိုရင် ဘယ်နိုင်ငံမှာမှ မရှိတဲ့ ချိတ်တွေရှိတယ်၊ ဒီချိတ်ကို ကမ္ဘာကြိုက်အောင် ဖန်တီးမှုကောင်းကောင်းလုပ်ပေးနိုင်ရမယ်။ ပြီး တော့ ဒီချိတ်တွေက အစ်မတို့ မြန်မာပြည်မှာပဲ ရနိုင်တယ်ဆိုတာကိုလည်း Promote လုပ်ပေး နိုင်ရမယ်၊ ပိတ်စအရည်အသွေးကိုလည်း ပို ကောင်းအောင် လုပ်ပေးနိုင်ရမယ်။ ဝတ်စုံ ဒီဇိုင်း တွေက ဘယ်သူကပဲ ဖန်တီးဖန်တီး လုပ်နိုင်ကြ တယ်။ ပိတ်စအရည်အသွေးကိုနဲ့ပဲ ကမ္ဘာကို ထိုးဖောက်ရမှာပါ။

**အတွေ့အကြုံတွေကနေ ပညာတွေရသွား တယ်လို့ ပြောကြ တယ်။ အစ်မအနေနဲ့ ပညာရခဲ့ စေတဲ့ အမှတ်တရ အတွေ့အကြုံလေးရှိခဲ့ရင် လည်း ပြောပြပေးပါ။**

အတွေ့အကြုံတွေကတော့ များမှများပဲ။ အဓိကကတော့ ဒီဟာနဲ့ ပတ်သက်ပြီး ဘယ် နိုင်ငံ ဘယ်ကျောင်းမှာပဲ တက်တက် ပညာပဲ ရခဲ့တာ လေ။ အတွေ့အကြုံကတော့ လုပ်ငန်းခွင် ဝင်တဲ့ အခါ လိုက်လိုတဲ့ဟာပဲ။ ဘယ်လောက်ပဲ ပညာ တွေ တတ်ခဲ့ပေမယ့် အတွေ့အကြုံကမရဘူး။ သင်တဲ့အချိန်က အရုပ်တွေနဲ့ပဲ သင်ရတာလေ။ တကယ်လုပ်ငန်းခွင်ဝင်တော့ လူခန္ဓာကိုယ်နဲ့ အရုပ်က ကွဲပြားမှုတွေ အများကြီး ရှိသွားတယ်။ အသားအရေမျိုးစုံ၊ Structure မျိုးစုံတွေ့ရတယ်။ စိတ်ခံစားမှုမျိုးစုံလည်း တွေ့ရတယ်။ ဒါတွေပေါ် မှာ မူတည်ပြီး အစ်မတို့က ဒီဇိုင်းထွင်ရတာပေါ့။ အစ်မဆိုရင် ကိုယ့်ထက်ဝါရင့်ပြီး အတွေ့အကြုံ ရှိတဲ့ သူတွေဆိုရင် တအားလေးစားတယ်။ နှစ် ပေါင်းများစွာရဲ့ အတွေ့အကြုံဆိုတာက နည်းတာ မဟုတ်ဘူးလေ။ ဘွဲ့တွေအများကြီး ရလာလို့ ဆိုပြီး Proud ဖြစ်နေလို့ မရဘူး။ ဘွဲ့တွေ အများ ကြီးရတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ တကယ်လုပ်ငန်းခွင်ဝင်ရင်တော့ အတွေ့အကြုံ ကလိုတယ်။ အစ်မဆိုရင် ပညာရစေတဲ့ အမှတ် တရမျိုးဆိုရင် များလွန်းလို့ မှတ်တောင်မမှတ်မိ နိုင်တော့ဘူး။ ဥပမာပြောရရင် ကိုယ်က ဝီဝတ်စုံ ကိုလှစေချင်လွန်းလို့ Accessories တွေ အများ





ကြိုးထည့်လိုက်မိတယ်။ တကယ် Stage ပေါ်မှာ Model ကလျှောက်တော့ Accessoriesတွေ ကြောင့်လေးပြီး လမ်းလျှောက်တာအဆင်မပြေ ဖြစ်သွားတာမျိုး။ အရမ်း fitting လုပ်ထားမိလို့ သူတို့လမ်းလျှောက်တော့ ထုတ်သွားတာမျိုး။ အဲဒါတွေ သိရတာပေါ့။

**နိုင်ငံတကာကို ဝင်ရောက်ဖို့ဆိုရင် ဒီဇိုင်နာ တစ်ယောက်က ဘယ်လိုအခက်အခဲတွေကို ရင်ဆိုင်ရမလဲ။**

နိုင်ငံတကာကိုဝင်ဖို့အတွက် အခက်အခဲ တွေကတော့ "က"ကနေ "အ" အထိပဲ။ ရိုးရိုး ASEAN ပွဲမျိုးသွားရင်တောင် အခက်အခဲတွေက အများကြီးပဲ တွေ့ရတာလေ၊ နိုင်ငံတကာပွဲဆိုရင် ပိုပြီး အခက်အခဲတွေ တွေ့ရမှာပဲ။ ဒီဇိုင်းပိုင်းက ရင်ပေါင်တန်းနေတုန်းတော့ သွားပြီးပြဖို့တို့ ဘာတို့မှာ အခက်အခဲတွေရှိမှာပဲ။ ဒီအခက်အခဲ တွေကို ကြိုပြီးတွေးထားမိဖို့ပဲ လိုတာပါ။

**Customer တွေထဲမှာလည်း လူမျိုးစုံရှိနိုင် တော့ မတူနိုင်တဲ့ အမြင်တွေကို အစ်မဘယ်လို ညှိနှိုင်းလေ့ရှိပါသလဲ။**

Customer တွေမှာတော့ အမြင်မတူတာတွေ အများကြီးပါပဲ။ ဒါပေမဲ့ အစ်မကတော့ အစ်မ အမြင်ထက် Customer တွေအမြင်ကို ပိုပြီး ဦးစားပေးတယ်။ သူတို့ဖြစ်ချင်တာကို အရင်မေး တယ်။ ဖြစ်နိုင်တယ်ဆိုရင် သူတို့အမြင် အတိုင်း လုပ်ပေးလိုက်တယ်။ မဖြစ်နိုင်ဘူးဆိုရင်လည်း အစ်မက သူတို့လက်ခံလာအောင် ညှိနှိုင်းဆွေး နွေးရတာပေါ့။ နိုင်ငံခြားသားတွေ ဆိုရင်တော့ သူတို့က တအားအသေးစိတ်တယ်၊ သူတို့ ပြော တဲ့အတိုင်း လုပ်ပေးမှ ကြိုက်ကြတယ်။ အစ်မတို့ လူမျိုးတွေကတော့ Flexible ဖြစ်တယ်ပြောရမယ်။ ဆွေးနွေးရင် လက်ခံကြပါတယ်။ အရမ်း လက် ပေါက်ကတ်ပြီး ဆွေးနွေးရခက်တဲ့ Customer မျိုးတော့မရှိသေးပါဘူး။

**ဒီဇိုင်နာဆီမှာ အပ်တာက ဈေးကြီးတယ်ဆို တဲ့ စကားအပေါ်မှာရော အစ်မဘယ်လိုဆွေးနွေး ချင်ပါသလဲ။**

အစ်မတို့ဆိုတာက Customer တစ်ယောက် လာရင် အချိန်ပေးပြီး ဆွေးနွေးရတယ်။ ဒီဇိုင်း ဆွဲရတယ်။ ချုပ်တော့လည်း အချိန်ပေးရတယ်။ အချိန်ရော အကြံဉာဏ်ရောပေါ့။ နောက်ဆုံး ချုပ်ပြီးသွားတဲ့အချိန် Fitting ချတဲ့အချိန်ထိ အစ်မတို့က လိုက်လုပ်ပေးရတာလေ၊ နိုင်ငံခြား မှာဆိုရင် ဒီဇက်စုံတစ်ခုပေါ်မှာ သူပေးရတဲ့ အချိန်ပေါ်ကြည့်ပြီး ယူတာပါ။ အစ်မတို့နိုင်ငံက ဒီဇိုင်နာတွေ ယူတာကနည်း တောင် နည်းနေသေး ပါတယ်။ ပြီးတော့ ဈေးနည်းယူတယ်ဆိုတဲ့ သူရဲ့ အထည်နဲ့ ဈေးများပါတယ်ဆိုတဲ့သူတို့ အထည်ကို ယှဉ်ပြီးချကြည့်ပါ။ ဘာလို့ ဈေးများ တာလဲဆိုတာ နားလည်လာပါလိမ့်မယ်။

**အစ်မရဲ့ပညာအမွေကိုရော အစ်မသမီးလေး ကိုပေးခဲ့မှာလား။**

အစ်မသမီးလေးနှစ်ယောက်လုံးက အစ်မ လုပ်နေတာကို တွေ့နေလို့လားတော့ မသိဘူး၊ နှစ်ယောက်လုံးကစိတ်ဝင်စားကြတယ်။ အခုတော့ ငယ်သေးတယ်။ သမီးကြီး ၉ နှစ်သမီးငယ်က ၃ နှစ်ပဲရှိသေးတယ်၊ သူတို့ကြီးလာတဲ့အထိ ဒါကို ဝါသနာပါနေသေးတယ်ဆိုရင်တော့ အစ်မက ကျောင်းတစ်ကျောင်းမှာ ကောင်းကောင်းလေး သင်ယူစေမှာပေါ့။ အစ်မအနေနဲ့လည်း ကိုယ့်ရဲ့ အတွေ့အကြုံတွေ ပညာတွေကို ဒီအတိုင်းပျောက် သွားမှာ မလိုချင်ဘူး။ အသက်အရွယ်တစ်ခုရ လာတဲ့ အချိန်မှာတော့ အစ်မဆီမှာ ပညာယူ ချင်တဲ့သူကို ပြန်ပြီး သင်ပေးချင်ပါတယ်။ အခု လောလောဆယ်တော့ သင်တန်းတော့ မဖွင့်ဖြစ်ပါ ဘူး။ အစ်မမိသားစုနဲ့ အစ်မရဲ့ အလုပ်နဲ့ ဆို တော့ အချိန်ကလောက်တောင် မလောက်ဘူး ဖြစ်နေလို့ပါ။

**လုပ်ငန်းတစ်ခုကို ဦးဆောင်ပြီးလည်း လုပ် နေတယ်။ အိမ်ထောင်ရှင်မလည်း ဖြစ်နေတော့ လုပ်ငန်းပိုင်းမှာလည်းအောင်မြင်အောင် အိမ် ထောင်မှုမှာလည်း မလစ်ဟင်းအောင် အစ်မ ဘယ်လိုစီမံလုပ်ကိုင်ပါသလဲ။**

အစ်မက ဒီအလုပ်ကို အိမ်ထောင်မကျခင် အပျိုတည်းကလုပ်တော့ အစ်မအမျိုးသားက ခွင့်ပြုပြီး ကူတောင် ကူညီပေးပါသေးတယ်၊ အစ်မက ကိုယ့်အမျိုးသားနဲ့ ကိုယ့်သားသမီးပေါ် မှာတော့ အချိန်ပြည့်တော့ အချိန်မပေးနိုင်ပါ ဘူး။ ဒါပေမဲ့ သူတို့က အစ်မကို နားလည်ပေး တယ်။ အစ်မနိုင်ငံခြားမှာ Short Course သွား တက်တဲ့အချိန်တို့ နိုင်ငံခြား Show သွားတဲ့ အချိန်တို့မှာ ဆိုရင်လည်း အစ်မက ကလေး လသားလေးကို ထားခဲ့တာပါ။ ဒါပေမဲ့ အစ်မရဲ့ မိသားစုကို ထိခိုက်အောင်တော့ မလုပ်ဘူးပေါ့ လေ။ အစ်မက အလုပ်လုပ်နေရင် ဘာမှသတိ မရတော့ဘဲ အလုပ်ထဲမှာပဲ စိတ်ကရှိနေတတ် တာတော့ ဖြစ်တယ်။ အဲဒီတော့ အခုနောက်ပိုင်းမှာ အစ်မ က တနင်္ဂနွေတစ်ရက်ကို အလုပ်နားရက် သတ် မှတ်လိုက်ပြီး တနင်္ဂနွေတစ်ရက်ကိုတော့ ကိုယ့် မိသားစုကို အချိန်ပေးလိုက်တယ်၊ နောက်ပြီး တစ်ပတ်တစ်ရက် စနေနေ့ညကို မိသားစုအတွက်သတ်မှတ်လိုက်ပြီး စနေနေ့ည ဆိုရင် မိသားစုလိုက် ညစာသွား စားတာမျိုး၊ ကာရာအိုကေသွားဆိုတာမျိုး၊ လည်တာပတ်တာ မျိုး လုပ်ဖြစ်တယ်။

**ဒီဇိုင်နာဘဝကို ခံယူချင်လို့ ကြိုးစားနေကြ တဲ့ မျိုးဆက်သစ် ဒီဇိုင်နာတွေကို အစ်မဘယ်လို Message မျိုးပေးချင်ပါသလဲ။**

အဓိကကတော့ ကြိုးစားမှုပါပဲ။ ပြီးတော့ စိတ်စေတနာမှန်ဖို့ပါ။ အစ်မကတော့ အရမ်း




ကြိုးစားခဲ့တာပါ။ ကိုယ့်ဆီမှာ လာချုပ်တဲ့ သူတွေ ပေါ်မှာလည်း စေတနာထားပြီး လုပ်ပေးတယ်၊ အဲဒါတွေကြောင့်ပဲ အစ်မက ဒီနေရာ ဒီအနေ အထားမျိုးကို ရောက်လာခဲ့တာပါ။ ဘယ်လို အလုပ်ကိုမဆို အစ်မက တစိုက်မတ်မတ် လုပ် တတ်တဲ့ အကျင့်လည်းရှိတယ်။ ခေါင်းမာတာ ပေါ့နော်။ ပြီးတော့ စေတနာနဲ့ အကောင်းဆုံး ဖြစ်အောင်လုပ်ပေးတယ်၊ တတ်နိုင်တဲ့ သူမတတ် နိုင်တဲ့သူဆိုပြီး ခွဲမနေဘဲ ကြိုးစားမှု အတူတူနဲ့ စေတနာထားပြီး လုပ်ပေးတယ်။ ဒါကြောင့် စေတနာမှန်မှန်နဲ့ လုပ်ပေးဖို့ ပြောချင်ပါတယ်။

**ဒီဇိုင်းဆိုတာ ထွင်မှဆိုပြီး ထွင်ရင်းနဲ့ သရုပ် ပျက်တဲ့အထိ ဖြစ်နေတဲ့ တချို့လူငယ်တွေ ကိုရော ဖက်ရှင်ဒီဇိုင်းနဲ့ပတ်သက်ပြီး ဘယ်လိုအကြံပေး ချင်ပါသလဲ။**

ဒီဇိုင်းက ထွင်တာတော့ ကောင်းပါတယ်။ ဒါပေမဲ့ သရုပ်ပျက်သွားတာတော့ မဖြစ်သင့်တဲ့ ကိစ္စပါ။ အဲဒီတော့ ထိန်းရမှာပေါ့။ လူငယ်တွေ ဆိုတော့လည်း အများထက်သာအောင် ထွင်ရင်း နဲ့ သရုပ်ပျက်သွားတာပေါ့။ ဖက်ရှင်ဆိုတာထွင် လို့ ရပါတယ်။ စိတ်ကြိုက်ထွင်နိုင်ပါတယ်။ ဒါပေမဲ့ စည်းလေးဘောင်လေးတော့ ထားသင့် ပါတယ်။ ဘောင်လွတ်သွားရင် သရုပ်ပျက်သွား တဲ့ အဆင့်ဖြစ်သွားတာပေါ့။ ဖက်ရှင်က ဆန်း မှ ဒီဇိုင်းဖြစ်တာမဟုတ်ပါဘူး။ စတိုင်တစ်ခုရှိရင်ပဲ ဖက်ရှင်ကျနေပါပြီလို့ပြောချင်ပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group



# Music + Yati

## ဂီတ ဆိုတဲ့ သခင့်ဆီမှာ တစ်သက်စာ... ကျွန်ခံဖို့ အသင့်ဖြစ်နေတဲ့ ဝန

ဘဝတစ်ခုမှာ ဂီတတစ်ခုတော့ ရှိသင့်တာ အမှန်ပါ။ ထွက်ပေါက် တစ်ခုလို လွတ်မြောက်ရာတစ်ခုလိုပန်တီးသူအတွက်ရော နားဆင်ခံစားသူအတွက်ပါတန်ဖိုးရှိနေတာပါ။ ဂီတဟာ လူမျိုးမရွေး ဘာသာမရွေး၊ နေရာ ဒေသမရွေး၊ တောင်ပေါ် မြေပြန့် မရွေး လူသားတွေအတွက် ဆေးဖက်ဝင်နေခဲ့တာပါ.....

ယုယအိမ်

Asian Fame Media Group



Photo - B@myar

တစ်ခါတစ်ခါမှာ ဂီတပညာရှင်တွေဟာ အနုပညာကို ဖန်တီးသူတွေ ဖြစ်ခဲ့သလို တစ်ခါတစ်ခါမှာ ဝေဒနာကို ကုစားပေးတဲ့ သမားတော်တွေလည်း ဖြစ်ခဲ့ပါတယ်။ ဒီလို ဘဝဖြစ်စဉ်တွေ ကြားထဲက ကွဲလွဲသော ဘဝလေး တစ်ခုကို လည်း တွေ့ခဲ့ရပြန်ပါပြီ။ အဲ့ဒီ ဘဝပိုင်ရှင်တစ်ဦးကတော့ ကချင် ပြည်နယ်၊ မြစ်ကြီးနားမြို့က တေးရေးနှင့် အဆိုရှင် 'ဝန' ပါ။ သူ့ရဲ့နှလုံးသွေးထဲမှာ Rock ဂီတတွေ စီးမျောနေတာ ကိုတော့ သူ့စကားကြားရုံနဲ့ သိသာလွန်းနေပါတယ်။ ဂီတနဲ့ ထုဆစ်ခဲ့တဲ့ 'ဝန' ဘဝရဲ့ ရုပ်ပုံလွှာလေးကို လှစ်ဟ ကြည့်လိုက်ရအောင်ပါ။

### 'ဝန'ဆိုတဲ့ နာမည်စာလုံးပေါင်းနဲ့ ပတ်သက်ပြီး

'ဝန' ဆိုတာက ကျွန်တော့်ရဲ့ ငယ်နာမည်ပါ။ ပါဠိလိုဆို တောလို့ အဓိပ္ပာယ်ရတဲ့ 'ဝနာ' ပါ၊ အဘွားကမှည့်ခဲ့တဲ့ နာမည်လေးပါ။ လောဘ၊ ဒေါသ၊ မောဟကင်းတဲ့ အေးချမ်းပြီး နေပြောက်တောင် မထိုးတဲ့ နေရာပေါ့။ အနှောင့်အယှက်ကင်းတဲ့ ဆိတ်ငြိမ်တဲ့ သဘောကိုလည်း ဆောင်ပါတယ်။ နောက် တဖြည်းဖြည်းနဲ့ခေါ်ရင်း 'ဝန' ဖြစ်သွားတာပါ။ ကျွန်တော့်ဇာတိ က ကချင်ပြည်နယ်၊ မြစ်ကြီးနားကပါ။

### သန္ဓေတည်ခဲ့တဲ့ အနုပညာအကြောင်းကို မေးကြည့်တော့

ကျွန်တော် သိတတ်တဲ့အရွယ်ပေါ့။ ၈ တန်း ကျောင်းသား အရွယ်မှာ ဂီတာစတီးတယ်။ ကျွန်တော့်အစ်ကိုက မြင်ဆရာ ပေါ့။ နောက် ကျွန်တော့်အစ်ကိုကပဲ ဂီတာတီးသင်ပေးခဲ့တာ ပါပဲ။ ၁၃ နှစ်သားမှာ ဂီတာစတီးပြီး ၁၆ နှစ်၊ ၁၇ နှစ်ကျမှ သီချင်းရေးခဲ့တာ။

### အနုပညာကို ထဲထဲဝင်ဝင်လုပ်ဖြစ်လာခဲ့ပုံကို

ကျွန်တော့် ရင်ထဲမှာ အနုပညာနဲ့ ပတ်သက်လာရင် တန်ဖိုးရှိပြီး အရာရောက်တဲ့ လူတစ်ယောက်ဖြစ်ချင်ခဲ့တော့ မြစ်ကြီးနား ထက်စာရင် ကျွန်တော့်အတွက် ရန်ကုန်ကပိုပြီး တိုးတက်မှု ရှိမယ်လို့ ဆုံးဖြတ်ပြီး ဂီတာတစ်လက်၊ အထုပ် တစ်လုံးနဲ့ ရည်မှန်းချက်အတိုင်း ဖြစ်အောင်လုပ်မယ်ဆိုပြီး တက်လာခဲ့တာ။ ကျွန်တော် ဖန်တီးထားတဲ့ 'သီချင်းလေးနဲ့' ဆိုတဲ့ သီချင်းပေါ့နော်။ အဲ့ဒီ အခွေကို အခွေကြမ်းလာတီးတာ၊ 'ကမ္ဘာကျော် အလှဘုရင်မကြီး ငိုချင်းချလိမ့်မယ်' အဲ့ဒီသီချင်း ကို ဘယ်သူက အွန်လိုင်းတင်လိုက်တယ် မသိဘူး အရမ်းပြန့် သွားတယ်။ အဲဒီတုန်းက ကျွန်တော့် အသက်က ၁၈ နှစ် လောက်ပဲ ရှိသေးတယ်၊ ရန်ကုန် တက်လာတယ်။ အကြမ်း တီးပြီး ပြန်သွားတယ်။ ပထမဆုံး လုပ်ခဲ့တာပေါ့။ နောက် ၂၀၀၉ ဒီဇင်ဘာ ၂၅ ရက်နေ့မှာ Zing- 1 Hour (တစ်နာရီ) ဆိုတဲ့အခွေကို နီပွန်နဲ့ နှစ်ယောက် ထွက်ခဲ့တယ်။ အဲဒါ ဂီတနဲ့ပတ်သက်ပြီး ကျွန်တော့် ဘဝမှာ ထဲထဲဝင်ဝင် ထင်ထင် ပေါ်ပေါ် စလုပ်ခဲ့တာပါ။ ၂၀၁၂ ဩဂုတ်လမှာ ကျွန်တော်ရယ် အောင်းအောင်ရယ် နှစ်ယောက်တွဲ 'Zing 2012' ဆိုပြီး ဒုတိယအတွဲခွေ ထွက်ခဲ့တယ်။

### ဝနရဲ့ 'အသင့်ဖြစ်ထားတယ်' တစ်ကိုယ်တော်ခွေ စီစဉ် ဖြစ်ခဲ့ပုံလေးက

ဒီအခွေလုပ်ဖြစ်သွားပုံကတော့ ကျွန်တော့်သီချင်းတွေကို ကိုသားသားက ကြားလိုက်တာ၊ သူ ကြိုက်တယ်၊ သီချင်းလုပ် ရအောင်ဆိုပြီး တိုင်ပင် ဆွေးနွေးရာကနေ အခွေထုတ်ဖြစ်သွား

Asian Fame Media Group



တယ်။ ဒီအခွေက ကျွန်တော် ကိုယ်တိုင်ရေးထားတဲ့ ကိုယ်ပိုင်သံစဉ်စစ်စစ်ပါ။

**'ဝန' ရွေးချယ်ခဲ့တဲ့ ဂီတအမျိုးအစားက**

အားလုံးကို ခြုံငုံပြီးပြောရရင်တော့ ရော့ခ် (Rock) ပါပဲ။ အော်တာ ရော့ခ်၊ စလိုးရော့ခ်၊ မော်ဒန်ရော့ခ်၊ ရော့ခ်အမျိုးအစားတွေကိုပဲ ရွေးချယ်ခဲ့တာ။


**စတီတ်ရှိုးအတွေ့အကြုံကိုတော့**

ကျွန်တော် အသက် ၁၆ နှစ်လောက်က မြစ်ကြီးနားသင်္ကြန်မှာ ပထမဆုံးပေါ့။ စင်ပေါ်ရောက်တော့ 'ဝန' လို့ ကျွန်တော့်နာမည်ကို ခေါ်လိုက်တဲ့အချိန်မှာ ခေါင်းတွေကြီးပြီး ကြက်သီးတွေထသွားတယ်။ ဆိုနေတုန်း စင်ပေါ်မှာ ကျွန်တော့်ကို ပိုက်ဆံဆုလာချတာ ဆိုနေတဲ့ စာသားတွေ မေ့သွားတယ်။ ဒါကတော့ ဘယ်တော့မှ မေ့မရတဲ့ အမှတ်တရပါပဲ။ နောက်ပိုင်း ရှိုးတွေတော့ ဆက်တိုက် ဆိုဖြစ်ပါတယ်။ ရန်ကုန်မှာလည်း လုပ်ချင်တယ်၊ လုပ်နိုင်အောင်လည်း ကြိုးစားသွားမှာပါ။

**'ဝန' ရယ်၊ Zing ရယ်၊ ပရိသတ်ရယ် အပေးအယူနဲ့ ပတ်သက်ပြီး ပြောပြခဲ့တာက**

မြစ်ကြီးနားမြို့က ကျဉ်းတော့ Zing band ကို ပရိသတ်က သိကြပါတယ်။ ကျွန်တော်တို့ကိုလည်း အားပေးကြပါတယ်။ ချစ်ကြပါတယ်၊ ကျွန်တော်တို့ရင်ထဲမှာလည်း ဘာကိုမှ ခွဲခြားမထားပါဘူး။ ကိုယ့်ကို ထမင်းကျွေးနေတဲ့ လက်ခုပ်သံတွေ အတွက် တာဝန်ကျေရမယ်ဆိုတဲ့ စိတ်နဲ့ အစွမ်းကုန်ကြိုးစားနေပါတယ်။ ပရိသတ်နဲ့အပေးအယူ ဘယ်လောက်တည့်သလဲဆိုတာ 1 - Hour ထဲက 'အရှုံးနဲ့လူ' သီချင်းဆိုရင် မြစ်ကြီးနားမှာ ရှိုးလုပ်တိုင်း ဆိုတယ်။ ကျွန်တော် ဆိုရတယ် မရှိဘူး၊ ပရိသတ်ကပဲ အကုန်ဆိုသွားကြတယ်။

**ဂီတအပေါ် မြတ်နိုးစွာထားတဲ့ ရည်မှန်းချက်အတွက်တော့**



ကျွန်တော် ကလေးဘဝတုန်းက ဖြစ်ချင်ခဲ့တာကတော့ အဆိုတော်ပေါ့။ နောက်ပိုင်း နားလည်သိတတ်လာတဲ့အချိန်မှာ ကျွန်တော့်ဂီတအတွက် ကျွန်တော်တို့ အများကြီး ပေးဆပ်ရဦးမယ်၊ ကျွန်တော်တို့ကို အားပေးတဲ့ လက်ခုပ်သံတွေနဲ့ ထိုက်တန်အောင် ကြိုးစားရဦးမှာ။ လူမျိုးတစ်မျိုး ဂီတတစ်ခုရဲ့ အဆင့်အတန်းကိုလည်း မြင့်မားစေချင်တယ်။ ဂီတရဲ့ အမွေခံသားတစ်ယောက်လို့ ရင်ထဲမှာ ခံယူထားတယ်။

**ဖြစ်နေတာနဲ့ ဖြစ်ချင်တာ ထပ်တူကျ၊ မကျဆိုတာ**

ဒီနေ့၊ ဒီအချိန်ထိ ထပ်တူထပ်မျှကျခဲ့ပါတယ်၊ နောက်ဆုံး ထွက်သက်အထိ ဂီတနဲ့ဘဝ တစ်ထပ်တည်းလည်း ကျချင်တယ်လို့၊ ပြီးတော့ ဒီအဆိုတော်ဘဝကို လွယ်လွယ်ကူကူရခဲ့တာ မဟုတ်ဘူး၊ အိမ်နဲ့လည်း အတိုက်အခံတွေ အများကြီးဖြစ်ခဲ့ရတယ်။ မိဘတွေကလည်း ဘာမှအဓိပ္ပာယ်မရှိတဲ့ အလုပ်လို့ ယူဆကြတယ်။ အကောင်အထည်ဖော်ပြလို့ ဂုဏ်သိက္ခာရှိတဲ့အလုပ် မဟုတ်ဘူးလို့လည်း ထင်ကြတယ်။ ဖြစ်သင့်တာကိုလုပ်ဖို့ တိုက်တွန်းတယ်။ ကျွန်တော်ကလည်း ဖြစ်သင့်တာထက် ဖြစ်ချင်တာကို လုပ်ခွင့်ရတဲ့ဘဝမှာ ကျွန်တော် လုပ်နေတာတော့ ဖြစ်ရမယ်အမေလို့ ပြောခဲ့တယ်၊ ဖြစ်အောင်လည်း လုပ်ပြခဲ့တယ်။

**အားကျအတုယူခဲ့ရတဲ့ ပညာရှင်တွေက**

ကျွန်တော့်ဘဝထဲမှာ ဟီးရိုးဖြစ်ခဲ့တာက ကိုလေးဖြူ၊ ဒိုးလုံး၊ ကိုထူးအိမ်သင်။ သူတို့တွေက ကျွန်တော့်ရှေ့က ဟီးရိုးတွေပါ။

**VCD နဲ့ပတ်သက်တဲ့ ပုံဖော်မှုကိုတော့**

VCD ပုံဖော်မှုနဲ့ ပတ်သက်လို့ကတော့ ၂၀၁၃ သင်္ကြန်အပြီးလောက်မှာ ထွက်မယ်။ ကျွန်တော့်ရဲ့ မန်နေဂျာဖြစ်သလို ညီအစ်ကိုလို့လည်းပြောလို့ရတဲ့ ကိုသားသားနဲ့တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် ရိုက်ကူးသွားမှာပါ။

**'အသင့်ဖြစ်ထားတယ်' အခွေကို ဖြန့်ချိခြင်းနဲ့ ပတ်သက်လို့**

ဖြန့်ချိမှုနဲ့ပတ်သက်လို့ ကိုသားသားက ဒီအခွေရဲ့ ဦးဆောင်သူ မန်နေဂျာအဖြစ် ၃ နှစ်တိတိစာချုပ်ထားတော့ အနုပညာကိစ္စအဝဝကို သူပဲအကုန် တာဝန်ယူဆောင်ရွက်ပေးမှာပါ။ ကျွန်တော့်သီချင်းနဲ့ပတ်သက်လို့ အမှတ်တမဲ့ပဲ ကြားကြား၊ နားပဲထောင်ထောင် ရင်ဘတ်ချင်းတူလို့ ခံစားပေးတယ်ဆိုရင်ကျေးဇူးတင်ပါတယ်လို့။

ယုယအိမ်

Asian Fame Media Group



အသင့်ဖြစ်ထားတယ်
Audio CD
Lyric
WaNa
Band
Zing Band
Studio
Studio D,Guardians
Copyright by
Thar Thar




# သင့်ဘဝအတွက် အကောင်းဆုံးအရာများကို မျှဝေမယ့် ဂိုဇန်

မြင့်သူဇာထွန်း







ပေကျင်းမြို့တော် လူထုခန်းမအတွင်း တစ်ခုသော ဇူလိုင်လ ၇ ရက်နေ့နက်မှာ ဂိုဇန်ရဲ့ ကျန်းမာရေးပရိုဂရမ် တစ်ရပ်ဖြစ်တဲ့ "AIDS ကျဆင်းရေးနှင့် ခုခံစွမ်းအားမြှင့်တင်ရေး" အစီအစဉ်တွေကို ပြုလုပ်ဖို့အတွက် စုဝေးခဲ့ကြဖူးပါတယ်။ ဂိုဇန်ဟာ ခုခံအားကျဆင်းမှုကို တားဆီးဖို့အတွက် မျှော်လင့်ချက်တစ်စုံတစ်ရာ ထားခဲ့တာဟာ ဘာကြောင့်ပါလဲ.. မာယာအများဆုံးနဲ့အရက်စက်ဆုံး HIV ပိုးကြောင့်ကမ္ဘာ့လူသားထုဟာ ခုခံအားကျဆင်းမှုကူးစက်ရောဂါရဲ့ နှိပ်စက်မှုကို ယခုထက်တိုင်အလဲထိုးခံနေကြရပါတယ်။ ဒါကြောင့်လည်း ရာစုသစ်ရဲ့ လူသတ်သမားလို့ ခေါ်ကြတဲ့ AIDS ရောဂါကို အနိုင်တိုက်ဖျက်ဖို့အတွက် သဘာဝနတ်ဆေးထင်းရှူးဝတ်မှုန်ကို ပိုင်ဆိုင်ထားတဲ့ ဂိုဇန်က ကြိုးစားခဲ့ပါတယ်။ နှစ်ပေါင်းခြောက်ထောင် ကြာမြင့်တည်ရှိခဲ့တဲ့ သဘာဝဆေးဖက်ဝင်ထင်းရှူးဝတ်မှုန်အစွမ်းသတ္တိတွေကို တွေ့ရှိခဲ့ဖူးတာကြောင့် ဂိုဇန်ဟာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို တားဆီးဖို့အတွက် မျှော်လင့်ထားခဲ့တာ ဖြစ်ပါတယ်။

## အဖိုးထိုက်နတ်သုဓာ ထင်းရှူးဝတ်မှုန်

သဘာဝ ထင်းရှူးဝတ်မှုန်ဟာ သမိုင်းတစ်ချိန်ကတော့ တရုတ်နိုင်ငံ နန်းတွင်းက မဟာနွယ်သွေးတွေ သုံးစွဲခဲ့ကြတဲ့ နတ်သုဓာ တစ်မျိုးအဖြစ် ထင်ရှားခဲ့ပါတယ်။ ဇရာကို တားဆီးကာကွယ်ဖို့အတွက် သုံးစွဲခဲ့ကြတာဖြစ်သလို နုပျိုကျန်းမာမှုအတွက်လည်း လက်စွဲပြုခဲ့ကြပါတယ်။ အတိတ်က အညာကြမြည်သူတွေအတွက် မမျှော်မှန်းနိုင်သော အိပ်မက်နတ်သုဓာဖြစ်ခဲ့တဲ့ ထင်းရှူးဝတ်မှုန်ကို မျက်မှောက်ခေတ်မှာတော့ သိပ္ပံနည်းကျ စမ်းသပ်ပြီး သုတေသနပြုလုပ်ကာ အာဟာရပြည့်ဓာတ်စာအဖြစ် ဖော်စပ်ထုတ်လုပ်ကာ တရုတ်ပြည်သူလူထုရဲ့ လက်ကို ဖြန့်ဝေလိုက်ပါပြီ။ အဆိုပါထုတ်ကုန်များကို ဖြန့်ချိရာဌာနကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ အသိမှတ်ပြု China New Era Health Industry Group ပဲဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ အဖိုးထိုက်ရတနာ ဂိုဇန်ဟာ လူ့ခန္ဓာရဲ့ ကျန်းမာရေးကို ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးပြီး ရောဂါခုခံအားကိုလည်း တိုးမြှင့်ပေးပါတယ်။ လူ့ခန္ဓာရဲ့ ခုခံစွမ်းအားစနစ်ကို မြှင့်တင်ပေးတာမို့ ခုခံအားကျဆင်းမှုကူးစက်ရောဂါကို တွန်းလှန်နိုင်ဖို့ မျှော်လင့်ချက်ထားခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဂိုဇန်က AIDS ရောဂါကို ခုခံတွန်းလှန်ဖို့ မျှော်လင့်ချက်မွေးမြူခဲ့တာပဲဖြစ်ပါတယ်။ အဆိုပါအားထုတ်မှုကို သက်သေအဖြစ်တွေ့မြင်ရတာကတော့ ထင်းရှူးဝတ်မှုန်သောက်သုံးခြင်းဖြင့် ဗိုင်းရပ်စ်ပိုးရှင်တွေရဲ့ CD4 စစ်ဆေးမှုမှာ ရလဒ်တိုးမြင့်လာမှုပမာဏပါပဲ။ ဒီထင်းရှူးဝတ်မှုန်ဟာ ကိုယ်ခန္ဓာတွင်းက ဆဲလ်တွေကို ထောက်ပံ့ပေးတာမို့ နုပျိုကျန်းမာခြင်းကိုပေးစွမ်းပါတယ်။ ယခင်ကတော့







ထင်းရှူးဝတ်မှုန်ဟာ သာမန်လူထုကြားမှာ သုံးစွဲခွင့်မရရှိနိုင်လောက်အောင် ရှားပါးအဖိုးထိုက်ခဲ့ပါတယ်။

အမြင့်ပေပေါင်း ၁၁၀၀ ကျော်မှ ၁၅၀၀ အတွင်း သဘာဝအတိုင်းပေါက်ရောက်တဲ့ မားဝေနဲ့ယို ထင်းရှူးပင်တို့က ရရှိတဲ့ဝတ်မှုန်ဟာ တရုတ်နိုင်ငံရဲ့ အာကာသယာဉ်မှူးတွေအတွက်တော့ အခြားကမ္ဘာ့နိုင်ငံက ဆေးဝါးတွေနဲ့ယှဉ်ရင် ပြိုင်ဘက်ကင်း ဆေးဝါးတစ်မျိုးပါပဲ။ ကမ္ဘာမြေဆွဲငင်အား လွတ်ကင်းရာမှ ဆင်းသက်လာကြရသူများမှာ ကယ်လ်ဆီယံဓာတ်ချို့ယွင်းမှု၊ ကြွက်သားများကျုံ့မှုစတာတွေကို အခြားကမ္ဘာ့နိုင်ငံများက ဆေးဝါးတွေဟာ မကျော်လွှားနိုင်ခဲ့ကြပေမယ့် ဂိုဇန်ရဲ့ထင်းရှူးဝတ်မှုန်ကတော့ ဒါကို အောင်မြင်စွာပဲ ဖြတ်သန်းလိုက်ပါတယ်။ ထင်းရှူးဝတ်မှုန်ကို အာကာသနည်းပညာနဲ့ ထုတ်လုပ်သန့်စင်ထားတာဖြစ်လို့ မလိုအပ်တဲ့အခြားကြေးညှော်နဲ့ တော်တီးရိုးယားတွေကင်းစင်ပါတယ်၊ ထို့ထက်ပိုမိုလို့ယုံကြည် စိတ်ချရစေတာကတော့ သဘာဝအတိုင်းရရှိတဲ့ ထင်းရှူးဝတ်မှုန်စစ်စစ်သာလျှင်ဖြစ်ပြီး ဓာတုပစ္စည်း ဖန်တီးမှုတစ်စုံတစ်ရာမပါလို့ပါပဲ။

ထင်းရှူးဝတ်မှုန်ဟာ ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ဓာတ်သဘာဝတွေ ပါဝင်မှု ၂၀၀ ကျော်ရှိပါတယ်။ ထင်းရှူးဝတ်မှုန်ကို အာဟာရဓာတ်ကြွယ်ဝတဲ့ သဘာဝဗိုဒေါင်ငယ်လေးလို့ တင်စားခေါ်ဝေါ်ကြပါတယ်။ သူ့မှာ ပရိုတင်းဓာတ်တွေအပြင် အမိုင်နို့အက်စစ်၊ ဗီတာမင်၊ အင်ဇိုင်းများ၊ Flavoniods, Nucleic Acids မပြည့်ဝဆီနဲ့ အမှုန်ဓာတ်တွေ ပါဝင်နေပါတယ်။ လူ့ခန္ဓာကိုယ်ရဲ့ အာဟာရလိုအပ်ချက်မှုမြေ၊ အက်စစ်-အယ်လ်ကာလီဓာတ်မျှခြေတို့ကို ထိန်းသိမ်းပေးပါတယ်။ အမှန်တော့ ထင်းရှူးဝတ်မှုန်ထုတ်လုပ်ဖို့ အဆင့်မြင့်အာကာသနည်းပညာကို နှစ်ပေါင်းငါးဆယ်ခန့်ကြာ ရှာဖွေခဲ့ကြရပါတယ်။

## သဘာဝဗိုဒေါင်ငယ်လေး ဂိုဇန်ရဲ့ ထုတ်ကုန်များ

ဒီလို ကိုယ်ခန္ဓာရဲ့ လည်ပတ်မှုခုခံစွမ်းအားကို မြှင့်တင်ပေးနိုင်တဲ့ ထင်းရှူးဝတ်မှုန်ကို အသုံးပြုပြီး ထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်း တွေကတော့ The King of Pollen ၊ Pine Powden Liver Aid၊ Pine Pollen Milk၊ White Coffee တို့ပဲဖြစ်ပါတယ်။ ထင်းရှူးဝတ်မှုန်ဟာ ခန္ဓာကိုယ် အနှံ့က ဆဲလ်တွေကို ပြန်လည်ပြုပြင် ဖြည့်ဆည်းပေးနိုင်တဲ့ အတွက် Pine Powder လိမ်းဆေးဟာ မီးလောင်ဒဏ်ရာလို အရေပြား ထိခိုက်မှုတွေနဲ့ အမာရွတ်တွေကိုလည်း သက်သာ ပျောက်ကင်းစေပါတယ်။ Liver Aid ကတော့ ခန္ဓာရဲ့အသက်ဖြစ်တဲ့ အသည်းကို ကျန်းမာအောင် စောင့်ရှောက်တာမို့ အရက်သောက်ခြင်းကြောင့် ပျက်စီးသွားတဲ့ အသည်းကို ပြန်လည်ကုစားပေးသလို မှားယွင်းတဲ့ အစားအသောက်စနစ်နဲ့ မှားယွင်းတဲ့ လူနေမှုစနစ်တွေကြောင့် အသည်း ထိခိုက်လာမှုကို ကာကွယ်ပေးပါတယ်။ ဒီ ထုတ်ကုန်တွေအနက် GuoZhen ရဲ့ အစွမ်းထက် ဖြည့်စွက်ဓာတ်စာ တစ်မျိုးဖြစ်တဲ့ Bamboo Leaf Essence ကလည်း လူ့ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှုအတွက် အစွမ်းထက်ကောင်းမွန်တဲ့ ဆေးတစ်မျိုးဖြစ်လို့ နှလုံးသွေးကြောတွေကို ပြန်လည် ကောင်းမွန်လာအောင် ပြုပြင်ပေးပါတယ်။

လက်ဖက်စိမ်း၊ ကြာရွက်၊ ဝါးရွက်၊ မှဲ့ခွမြဲဟန်ရှိတဲ့ တရုတ်တိုင်းရင်းဆေးရွက်နဲ့ လက်ဖက်ခြောက်စိမ်းအမှုန့်ဟာလည်း ဂိုဇန်ရဲ့ အထူးဖော်စပ်မှုတစ်ရပ် ပါပဲ၊ ဒီလက်ဖက်ခြောက်ဟာ နှစ်ဆယ့်တစ်ရာစုမှာ ပျံ့နှံ့လာတဲ့ အဝလွန်ရောဂါကို ကာကွယ်ပေးပြီး ခန္ဓာကိုယ်အလေးချိန်ကို လျှော့ကျစေပါတယ်။ သူ့ရဲ့ပေါင်းစပ်မှုက လူ့ကိုယ်




ခန္ဓာတွင်းအဆိပ်တွေကို ထုတ်ပယ်ဖယ်ရှားပေးနိုင်ပါတယ်။ ဒါကြောင့် ကိုယ်တွင်းကြေးညှော်များနဲ့ သွေးတွင်းအဆီဓာတ်များခြင်းကို သက်သာပျောက်ကင်းစေလို့ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများကို ကာကွယ်ပါတယ်။ ဒီလက်ဖက်ရည်ကြမ်းကို ရိုးရိုးရေအေးမှုဖြင့်သာ ဖျော်စပ်ပြီး အရောင်ပါတင်ချာ အရက်ပြန် (Betadine) များနဲ့ရောမွှေထားတဲ့ဆန်များကို ပြန်လည်ဖြူဖွေးလာအောင် ဆေးကြောစမ်းသပ်ကြည့်နိုင်ပါတယ်။ အဆိပ်တောက်ဖြစ်စေတဲ့ ကြေးညှော်များကို ကင်းစင်စေတဲ့အာနိသင်ဖြစ်ကြောင်း အဆိုပါ စမ်းသပ်ပြသမှုမျိုးတွေကို ဂိုဇန် ကျန်းမာရေး ဟောပြောပွဲများမှာ ပြသလေ့ရှိပါတယ်။



အခြားသော ထုတ်ကုန်တွေများစွာအနက် ယနေ့လူထုအတွက် လိုအပ်ချက်တွေ အနေနဲ့ အရိုးပါးမှု၊ ပွမှုနဲ့ အစာအိမ် အူလမ်းကြောင်းကို ကာကွယ်နိုင်ဖို့ ထုတ်လုပ်လိုက်တဲ့ ထင်းရှူးနွားနို့နဲ့ သည်းခြေကျောက်တည်ခြင်း မှကာကွယ်ပေးနိုင်သလို အလေးချိန်ထိန်းညှိပေးတဲ့ ဝတ်မှုန့်ကော်ဖီတို့ဟာလည်း မဖြစ်မနေစားသုံးသင့်တဲ့ ဓာတ်စာပါပဲ။ ထင်းရှူးကော်ဖီကို ပင်လယ်ရေမျက်နှာပြင် အထက် မီတာ ၆၀၀ နဲ့ ၂၀၀၀ အထက် ကုန်းမြင့်မှာပေါက်ရောက်တဲ့ ကော်ဖီကနေထုတ်လုပ်ပြီး ဓာတုဆေးဝါးတွေနဲ့ အသီးအပုပ် ကာကွယ်မှုပြုထားတာမျိုး၊ အရောင်ပြောင်းလဲမှုပြုလုပ်ထားတာမျိုး လုံးဝမပါတာမို့ သဘာဝအစွမ်းအာနိသင်တွေကိုရရှိမှာပါ။ ထင်းရှူးဝတ်မှုန့်နဲ့အတူ သဘာဝသစ်ဥသစ်ဖုတွေကနေ ဖော်စပ်ထုတ်လုပ်လိုက်တဲ့ ဂိုဇန်အားဖြည့် ဓာတ်စာတွေကို ကမ္ဘာ့ကျန်းမာရေး ထုတ်ကုန်ငါးထောင်ကျော်နဲ့ တရုတ်နိုင်ငံတွင်း ထုတ်ကုန် လေးထောင်ကျော်ရှိကြတဲ့အနက် တစ်ခုတည်းသော အထူးထုတ်ကုန်အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ကျော်မှာ အောင်မြင်နေပြီဖြစ်တဲ့ ဂိုဇန်အားဖြည့်ဓာတ်စာများကို ချီးမြှင့်ခဲ့ကြတဲ့ ဆုတံဆိပ်ပေါင်းဟာလည်း မနည်းတော့ပါဘူး။

## အကောင်းဆုံး အသုံးအဆောင်များကို မျှဝေပေးခြင်း

လူသားတို့ဘဝမှာ ကျန်းမာဖို့ စားသောက်ရမယ့် အားဖြည့်ဆေးဝါး ဓာတ်စာတွေအပြင် နေထိုင်မှုဓလေ့ကလည်း မိမိရဲ့ ကျန်းမာရေးနဲ့ အလှအပကို စောင့်ရှောက်နိုင်ပါတယ်။ ဒီအတွက် ဂိုဇန်က ကျန်းမာရေး အထောက်အကူပြု လူသုံးကုန် ပစ္စည်းတွေကို ထုတ်လုပ်ထားပါတယ်။ ဒါတွေကတော့ ဝါးရွက်ကနေ ထုတ်လုပ်ထားတဲ့ အဆိပ်တောက် အညစ်ကြေးတွေ ဖယ်ရှားမယ့် မျက်နှာသုတ် ပဝါတဘက်ပဲ ဖြစ်ပါတယ်။ ဝါးမျှင်ကနေထုတ်လုပ်တဲ့ အဆိုပါ တဘက်ပဝါဟာ UV ကို သာမန်တဘက် မျက်နှာသုတ်ပဝါတွေထက် အဆပေါင်း ၄၁၇ ဆ ပိုမိုလို့ ကာကွယ်ပေးနိုင်ပြီး ကိုယ်ခန္ဓာရဲ့အပူချိန်ကို လျှော့ကျစေပါတယ်။ ဒါတွင်မက ဝါးမျှင် ၇၀ရာခိုင်နှုန်း၊ ဝါဂွမ်း ၃၀ ရာခိုင်နှုန်းနဲ့ ထုတ်လုပ်ထားတဲ့အတွက် နူးညံ့မှုနဲ့အတူ သက်သောင့်သက်သာဖြစ်မှုကိုပါ ခံစားရမှာ ဖြစ်ပါတယ်။ ဆီစုပ်ယူမှုတွေ၊ အညစ်အကြေးနဲ့ အနံ့ဆိုးစုပ်ယူဖယ်ရှားမှုတွေမှာ အခြားတဘက်များထက် ပိုသာကောင်းမွန်ပေမယ့် သူ့ဆီမှာတော့ မည်သည့်ကြေးညော်၊ ဆီ၊ အစွန်းအထင်းတွေကိုတွေ့ရမှာမဟုတ်ပါဘူး။ ဒါဟာ ဝါးမျှင်တဘက်ရဲ့ ထူးခြားချက်ပါပဲ။ ဝါးမှာရှိတဲ့ zhukun ဟာ ရောဂါပိုးမွှားတွေကို ဖယ်ရှားပစ်နိုင်တဲ့သတ္တိရှိပါတယ်။ နူးညံ့တဲ့ဝါးမျှင်လေးတွေနဲ့ ဖန်တီးထုတ်လုပ်ထားတဲ့အတွက် သူ့ကိုလျှော်ဖွပ်တဲ့အခါ အလွန်ညှစ်ခြင်း၊ ရေနွေးပွက်ပွက်ဆူတွေနဲ့ စိမ်လျှော်ခြင်းတွေလည်း မပြုလုပ်ရပါဘူး။

## ကိုယ့်အသက်ကို မေ့လျော့သွားစေနိုင်မယ့် အလှကုန်များ

ကျန်းမာရေး ချို့ယွင်းလာမှုတွေနဲ့အတူ အလှတွေကို သိမ်းဆည်း နုတ်ယူသွားစေမယ့် အရာကတော့ ဇရာကာလတွေပါပဲ။ ဒါကိုလည်း စိုးရိမ်စရာတစ်ခု မဖြစ်ရစေဖို့ China New Era Health Industry Group က ထုတ်လုပ်ထားတဲ့ အလှကုန်ပစ္စည်းတွေကို သုံးစွဲနိုင်ပါတယ်။ ဒါကတော့ မေဟွားလို့ခေါ်တဲ့ plum ပင်မှ ထုတ်လုပ်ထားတာဖြစ်ပြီး ဓာတုပစ္စည်းများမဟုတ်လို့ ဘေးထွက်ဆိုးကျိုး လုံးဝမဖြစ်စေနိုင်ပါဘူး။ အသားအရေ အမျိုးအစားအားလုံးအတွက် သုံးစွဲရန် သင့်တော်ပါတယ်။ ဒီအလှကုန်တွေမှာ Total revilating complex၊ Revitalizing anti-oxidant၊ Perfcetly radiance foaming၊ Aqua total moisture emulation၊ Revitalizing eye

河南省项城市第二人民医院艾滋病患者检测数据表
AIDS Inspection Data at Xiangcheng No. 2 Hospital, Henan

| 患者 | CD4计数 07年3月29日 | CD4计数 07年9月28日 | Cd4计数提高 |
|---|---|---|---|
| 黄X | 372 | 797 | 425 |
| 范XX | 137 | 548 | 411 |
| 曹XX | 208 | 596 | 388 |
| 黄XX | 427 | 742 | 315 |
| 高XX | 524 | 730 | 206 |
| 于XX | 390 | 513 | 123 |
| 袁XX | 59 | 164 | 105 |
| 杨XX | 160 | 257 | 97 |
| 夏XX | 325 (5.16) | 413 | 88 |
| 刘X | 889 | 951 | 62 |

CD4 指标计数服用国珍松花粉前后比较
Comparison of CD4 Index before and after the Use of Pine Pollen

| 患者 | 服用前 | 服用后 (5个月后) |
|---|---|---|
| 袁XX | 59个/ul | 164个/ul |
| 黄X | 372 | 797 |
| 黄XX | 427 | 742 |
| 高XX | 524 | 730 |
| 于XX | 390 | 513 |
| 曹XX | 208 | 596 |
| 刘X | 889 | 951 |
| 范XX | 137 | 548 |
| 杨XX | 160 | 257 [illegible] |
| 夏XX | 325 | 413 [illegible] |

gelတို့ပါဝင်ပြီး မျက်ရစ်အိတ်တွေတွဲခြင်း၊ ပါးရေနားရေတွန့်ခြင်း၊ စတာတွေကို ကာကွယ်ပေးဖို့ ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ မျက်နှာပြင်တစ်ခုလုံးက ဆဲလ်သေတွေကို ဖယ်ရှားပေးပြီး ဆဲလ်အသစ်တွေကို ပြန်လည်မွေးဖွားစေပါတယ်။ ဒီအလှကုန်ပစ္စည်းတွေမှာ ရေဓာတ်ကို ထိန်းညှိပေးတဲ့ အာနိသင်ပါဝင်ပါတယ်။ အလှကုန်ပစ္စည်း အသွင်နဲ့ အသုံးပြုနိုင်သလို skin care အနေနဲ့လည်း ညအိပ်ရာဝင်တဲ့ အချိန်တွေမှာ သုံးစွဲပေးနိုင်ပါတယ်။




ဓာတ်ကြီးလေးပါးနဲ့ဖွဲ့စည်းထားတဲ့ လူ့ခန္ဓာအတွက် သဘာဝဓာတ်အာနိသင်တွေကသာ အထက်မြက်ဆုံးသောထောက်ပံ့မှုကို ပေးနိုင်တယ်လို့ ယုံကြည်ထားတဲ့ တရုတ်ပြည်သူအများကတော့ အဆိုပါ ဂိုဇန်ထုတ်ကုန်များကို လက်စွဲတော်နတ်ဆေးတစ်ပါးအဖြစ် လက်ခံသုံးစွဲနေကြပါပြီ။

ဂိုဇန်ထုတ်ကုန်များဖြစ်တဲ့ သဘာဝတိုင်းရင်းအားဖြည့်ဓာတ်စာများနဲ့ အသုံးအဆောင်များ၊ အလှကုန်ပစ္စည်းများကို ဝယ်ယူလိုပါက Hong Kong New Era Health Industry Group(Myanmar) Co., Ltd မြေနီကုန်းပလာဇာ၊ အမှတ်အခန်း(A)၊ မြေညီထပ်၊ မြေနီကုန်းဈေး၊ စမ်းချောင်းမြို့နယ်။ ဖုန်းနံပါတ် ၀၉ ၇၃၂၂၃၆၈၈၊ ၀၉ ၄၃၀၈၆၂၇၀၊ ၀၉ ၄၂၁၁၃၇၆၆၆၊ ၀၉ ၄၂၁၁၃၂၆၆၆၊ ၀၁ ၅၀၃၈၂၉ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါရစေ။



# Yati New Face

Model-Kyaw Myo Aung Htet
Make-up-Yuzana (Linn Linn-Tawwinthu)
Photo-Ko Naing (Popular)
Arranged By Thida Soe

Asian Fame Media Group

**မောင်လေးရဲ့ အနုပညာလှုပ်ရှားမှုတွေက . . .**

ကျွန်တော် ကြော်ငြာ ၆ ခုလောက် ရိုက်ထားပါတယ်။ နောက်ထပ် VCD ရိုက်ဖို့ ကမ်းလှမ်းထားတာတွေ ရှိပါတယ်။ ကြော်ငြာ ၆ ခုကတော့ ဓာတ်ပုံရိုက်ထားတာပေါ့နော်။ ပထမဆုံး ဓာတ်ပုံရိုက်ဖြစ်တာကတော့ ရှင်းဟုန်မင်္ဂလာဝတ်စုံ ကြော်ငြာလေးပါ။

**မောင်လေးမှာ အနုပညာမျိုးရိုးရှိလား။**

ဟုတ် . . . ရှိပါတယ် အစ်မ။ ကျွန်တော့် ဦးလေး ဦးစိန်လင်း က Excellent Model Agency မှာ သင်တန်းတက်ပြီး အနုပညာအလုပ်တွေ လုပ်ခဲ့တယ်ပေါ့နော်။

**ဒီလောကထဲကို ရောက်အောင် ဘယ်သူက ပံ့ပိုးပေးခဲ့တာလဲ။ လက်ဦးဆရာ ကကော ဘယ်သူလဲ။**

ဒီလောကထဲကိုရောက်အောင် ပံ့ပိုးပေးခဲ့သူကတော့ ကျွန်တော့် ဦးလေး ဦးစိန်လင်း ပါ။ လက်ဦးဆရာကတော့ ကိုဗွန်ဆီမှာ သင်တန်းတက်ထားတဲ့ ကိုနေဘနီပါ။ အခုလက်ရှိလည်း အနုပညာအလုပ်တွေ လုပ်နေတဲ့သူပါ။

**အနုပညာနဲ့ပတ်သက်ပြီး မောင်လေး ဝါသနာပါတာတွေက . . .**

သီချင်း ဆိုတာကို ဝါသနာပါပေမယ့် ကျွန်တော် အဓိက လုပ်ဖြစ်မှာကတော့ မော်ဒယ်နဲ့ သရုပ်ဆောင်ပါ။

**သရုပ်ဆောင်နဲ့ ပတ်သက်ပြီးတော့ ဘာတွေလေ့လာဖြစ်လဲ။**

အခု လောလောဆယ်တော့ နည်းနည်းပဲ လေ့လာဖြစ်ပါသေးတယ်။ အဓိကကတော့ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေကြည့်ပြီး လေ့လာတာပေါ့နော်။ ကျွန်တော်က ကိုအောင်ရဲလင်းကို ကြိုက်တဲ့အတွက် ကိုအောင်ရဲလင်းရဲ့ သရုပ်ဆောင်တဲ့ပုံစံ၊ Fashion ပုံစံတွေကို လေ့လာပါတယ် အစ်မ။

**Fashion ဆိုရင် မောင်လေးက ဘယ်လိုပုံစံ ဝတ်ရတာ ကြိုက်လဲ။**

လူငယ်ဆန်ဆန် လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးလေးတွေကို ဝတ်ရတာ သဘောကျပါတယ်။




Asian Fame Media Group
MEDIA GROUP

**မောင်လေးက အနုပညာအလုပ်တွေကို လားရှိုးမှာပဲ နေပြီးတော့ လုပ်သွားမှာလား။**

ကျွန်တော်က လားရှိုးမှာ ဘူမိဗေဒ မေဂျာ နဲ့ ဒုတိယနှစ် တက်ရဦးမှာဆိုတော့ အနုပညာအလုပ်ကို ဆက်တိုက်မလုပ်ဖြစ်သေးဘူးပေါ့။ ကျောင်းပိတ်ရင်တော့ ရန်ကုန်မှာလာနေပြီးလုပ်ဖို့ အစီအစဉ်ရှိပါတယ်။

**အနုပညာအပေါ် မောင်လေးရဲ့ အမြင်နဲ့ ခံယူချက်က . . .**

အနုပညာလောကမှာ အောင်မြင်တဲ့အနုပညာရှင်တစ်ယောက်ဖြစ်အောင် အစွမ်းကုန်ကြိုးစားသွားမှာက ကျွန်တော့်ရဲ့ ခံယူချက်ပါ။ အနုပညာပေါ် အမြင်ကတော့ ခက်ခဲနက်နဲတဲ့ ပညာတစ်ခုလို့ မြင်ပါတယ်။

**ပရိသတ်တွေကို ပြောချင်တဲ့စကားက . .**

ပရိသတ်ကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ကျွန်တော် ဒီအနုပညာအလုပ်တွေ လုပ်တဲ့အခါမှာ ကျွန်တော့်ရဲ့ အနုပညာကို ကြည့်ပြီးတော့ ဝေဖန်ပေးပါ၊ အကြံပေးပါ၊ အားပေးပါလို့ ပြောချင်ပါတယ်။

**မောင်လေးရဲ့ နေရပ်လိပ်စာက . . .**

အမှတ် ၁၅ / ၂၁၊ မွေ့ရိပ်သာလမ်းသွယ်၊ အကွက် ၈ ၊ လားရှိုးမြို့ ပါ။ ကျွန်တော့်ရဲ့ mail လိပ်စာကတော့ phoehtet 365 @ gmail.com ပါ။

သီတာစိုး



Asian Fame Media Group

# YATI HOROSCOPE

## ဒေါက်တာမြတ်သစ် (မန္တလေး)



Sagittarius

### **ဓနုရာသီ** (နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် လက်တွေ့နှင့်စိတ်ကူး မတူညီကြောင်း သိမြင်လာပေလိမ့်မည်၊ တစ်ဖက်အမျိုးအပေါ်တွင် အပြစ်မြင်ခြင်းကို ပြုပြင်ရတတ်သည်၊ သိက္ခာကျစရာကိစ္စများကို တတ်နိုင်သမျှ ရှောင်သင့်ပေသည်၊ ပညာရေးအခြေအနေကောင်း ပြန်ရပေလိမ့်မည်၊ မိမိကြောင့် မိသားစုဆွေမျိုးတို့ စိတ်ဝမ်းကွဲစရာများ ကြုံတွေ့ရတတ်ပေသည်၊ သားသမီး တို့ကြီးစားမှုကို ကျေနပ်ရတတ်ပေသည်၊ စိတ်ကူးယဉ်၍ ချစ်သူမရွေးနှင့်၊ ဒုက္ခရောက်လိမ့်မည်၊ အသစ်ထူထောင်သောလုပ်ငန်း မြန်မြန်မအောင်မြင်သော်လည်း တဖြည်းဖြည်းအဆင်ပြေပါလိမ့်မည်၊

**ယတြာ။ ။နာရီ လှူပေးပါ။**




Capricorn

### **မကာရရာသီ** (ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် မီးနှင့်ပတ်သက်လာလျှင် စနစ်တကျ သုံးစွဲတတ်အောင် လုပ်ဆောင်သင့်ပေသည်၊ အိမ်တွင်းရေးအေးချမ်းအောင် မေတ္တာစိတ်ထား၍ ဆက်ဆံသင့်ပေသည်၊ ပညာရေးထူးချွန်အဆင့်တွင် သတ်မှတ်ခြင်းကို ခံရတတ်ပေသည်၊ ပြည်ပနှင့် တွဲစပ်စီးပွားအကျိုးများစေ နိုင်ပေသည်၊ မကြာခဏ သဘောအားရှုပ်မတိုက်ဆိုင်သော ရည်မှန်းသူနှင့် လမ်းခွဲရတတ်ပေသည်၊ စည်းကမ်းရှိအောင်နေမှ အများ၏ လေးစားယုံကြည် ချစ်ခင်မှုကို ရရှိပေမည်၊

**ယတြာ။ ။လိမ္မော်သီး လှူပါ။**



Aquarius

### **ကုမ်ရာသီ** (ဇန်နဝါရီ ၂၁ မှ ဖေဖော်ဝါရီ ၁၈ ကြား မွေးဖွားသူများ)

သင့်အတွက် လူအများလေးစားခြင်းမှ အထင်အမြင် လွဲမှားမှုတို့ ရင်ဆိုင်ရနိုင်သည်၊ အခွင့်အရေးထူးဟု ထင်ရသော်လည်း အန္တရာယ်ထဲရောက်မှန်းမသိ ရောက်ရှိနေတတ်ပေသည်၊ ယှဉ်ပြိုင်ရမည့် ကိစ္စတို့ ခက်ခဲသော်လည်း အဆင်ပြေမည်၊ စိတ်မြန်မြန် လုပ်သင့်သော ကိစ္စ မစဉ်းစားသင့်ပါ၊ လုပ်ငန်းသစ်အခွင့်အရေးအတွက် လူသစ်များကို အမြန် ကြိုတင်စုဆောင်းသင့်သည်၊ လက်လွှန်သော ငွေတချို့ရှိစေမည်၊ သားငယ် အတွက် အကုန်အကျများစေမည်၊ ပညာရေးအခြေအနေကောင်း ရရှိစေမည်၊ အရစ်ရေး အမှားဖြစ်တတ်၊ စိတ်ညစ်ရတတ်ပေသည်၊ ပြည်ပစက်ပစ္စည်း ဝယ်ယူမှုတို့ အဆင်ပြေပါလိမ့်မည်၊

**ယတြာ။ ။လက်ဖက် လှူပေးပါ။**



Pisces

### **မိန်ရာသီ** (ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

သင့်ကို ပတ်ဝန်းကျင်မှ ချီးကျူးခြင်း အခွင့်အရေးပေးခြင်း ကြုံလာနိုင်ပေသည်၊ အလုပ်ရွှေ့ပြောင်း မထင်မှတ်ဘဲ ကြုံလာနိုင်ပေသည်၊ ပညာရေးအခွင့်အရေးကောင်းတို့ ရရှိစေနိုင်သည်၊ အကြံဉာဏ်အသစ်များ ရရှိစေတတ်သည်၊ ကိုယ့်စကားနားမထောင်သော သားသမီးအတွက် ဝမ်းနည်းရတတ်သည်၊ ကိုယ့်အိမ်ထောင်ဘက် ကိုယ်ဝန်ရှိစေလိမ့်မည်၊ လုပ်ငန်းတွင်း မနာလိုသူမှ ဒုက္ခပေးတတ်သည်၊ တစ်ပါးသူ ပြဿနာကြား လက်ဝင်လျှို၍ ချစ်သူနှင့် စိတ်ဝမ်းကွဲ စကားများရတတ်သည်၊ ကိုယ် တာဝန်ခံသောကိစ္စ အဆင်ပြေလိမ့်မည်၊

**ယတြာ။ ။သီထမင်းကြော် လှူပါ။**



Asian Fame Media Group



Aries

## မိဿရာသီ (မတ် ၂၁ မှ ဧပြီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် ကြိုးပမ်းမှုတို့ အောင်မြင်စပြုလာမည်။ အလုပ်နှင့်ပတ်သက်သော မျှော်လင့်ချက်များ အကောင်အထည်ပေါ်လာ မည်။ ယုံကြည်စိတ်နှင့် လုပ်ဆောင်သင့်သည်။ စီးပွားရေးချဲ့ထွင်ရန် အခြေအနေ ပေးလာမည်။ ရုံးလုပ်ငန်းပိုင်း သက်ဆိုင်သူတို့ နေရာရွှေ့ပြောင်းခံရ တတ်ပေသည်။ အထက်လူကြီး သင့်အပေါ် သံသယစိတ်ရှိနေတတ်ပေသည်။ ပညာရေး ပေါ့ဆတတ်၍ သတိထားသင့်ပေသည်။ ခရီးစဉ် ပျက်ပြားတတ် တစ်ခုခုဖြစ်တတ်သည်။ အချစ်ရေး - တစ်ဖက်သူမသိအောင်ခိုး၍ မဟုတ် တာ လုပ်မိတတ်သည်။ ဖခင်အတွက် အရေးပေါ်ဆေးရုံတင်ပေးရတတ် သည်။

**ယတြာ။ ။ဆေးလိပ် ကုသိုလ်ပြုပါ။**




Taurus

## ပြိဿရာသီ (ဧပြီ၂၁ မှ မေ ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် ပြောမှား၊ ဆိုမှား၊ ရင်ဆိုင်ရတတ်သည်။ အနေအထိုင်မတတ်၍ လုပ်ငန်းဝင်ငွေပိုင်းကျဆင်းမှု အထူးသိသာစေတတ် ပေသည်။ အိမ်တွင်းရေးအပူကြောင့်ကြရတတ်သည်။ မိသားစု၊ ဆွေမျိုးချင်းပြိုင်ဆိုင်မှု ပြင်းထန်နေလိမ့်မည်။ ပညာရေး - စာကျက်မှုအဆင်ပြေမည်။ ခရီးဝေးစုပေါင်း သွားလာခြင်းအကျိုးရှိစေနိုင်ပေသည်။ အချစ်ရေး ရှုပ်ထွေး မှုထဲ ရောက်ရှိနေစေတတ်ပေသည်။ ပြည်ပခရီး အကျိုးရှိနိုင်ပေသည်။

**ယတြာ။ ။ထမင်းပေါင်းကုသိုလ်ပြုပါ။**



Gemini

## မေထုန်ရာသီ (မေ ၂၂ မှ ဇွန် ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် အပြောအဆိုအနေအထိုင် အထူးသတိ ထားသင့်သော အချိန်ကာလတစ်ခုပင် ဖြစ်ပေသည်။ အစွပ်စွဲခံရတတ်သလို အဆိုးဆုံးအနေအထားရောက်မလာသော်လည်း ကောင်းလာရန်အတွက် ကြိုးစားရပေလိမ့်မည်။ အမှုအခင်းကိစ္စထဲတွင် စိတ်မောဖွယ် ရောက်ရှိနေစေ တတ်ပေသည်။ စိတ်ဆင်းရဲမှုကို မပေါ်လွင်အောင် နေရတတ်ပေသည်။ ပညာရေးအခြေအနေ ကောင်းမွန်ပေသည်။ အချစ်ရေး - ကတိတစ်ခု တည်မြဲအောင် ကြိုးစားစောင့်ထိန်းသင့်ပေသည်။ အိမ်ထောင်ရှင်တို့ ဘေး ဒုက္ခတွေ့တတ်ပေသည်။

**ယတြာ။ ။ရေအာကြော် လှူပါ။**



Cancer

## ကရကဋ်ရာသီ (ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် သတိထားမှ တော်ရုံကျပေလိမ့်မည်။ ကိုယ်တိုင်မဟုတ်တာ လုပ်ဆောင်ထားခြင်းတို့ကြောင့် ခါးသီးစွာ ပြန်လည် ပေးဆပ်ရတတ်သည်။ အနှောင့်အယှက်၊ အဖျက်အဆီးများ ကြုံတွေ့ရတတ် သည်။ ကိုယ့်အပေါ် သစ္စာဖောက်ခြင်း ခံရတတ်သည်။ အဆောင်နေ အခန်းပြန်အပ်ရတတ်သည်။ ခရီးသွားရင်း မိတ်ဆွေသစ်တိုးပွားစေတတ်ပေသည်။ စက်ပစ္စည်းအသစ်ဝင်စေလိမ့်မည်။ ရေလမ်းခရီး သတိပြုပါ။

**ယတြာ။ ။ကောက်ညှင်းပေါင်း လှူပါ။**

Asian Fame Media Group



Leo

## သိဟ်ရာသီ (ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အများနှင့်တိုင်ပင်ညှိနှိုင်းပြီးမှသာ အစီအစဉ်ရေးဆွဲသင့်ပေသည်။ အရေးကြီးအလုပ်တစ်ခု လက်ခံပြီး ကံကောင်း လာစေတတ်သည်။ ကိုယ်ရေးကိုယ်တာ အခွင့်အလမ်းကို အလွဲမသုံးသင့်ပါ။ စက်ပစ္စည်းအမှားများကို ဆက်တိုက်ကျူးလွန်တတ်ပေသည်၊ စီးပွားရေးကိစ္စများ ပုံမှန်သာ လုပ်ဆောင်သင့်ပေသည်။ ပညာရေး - အဆင်ပြေအောင် ကြိုးစားရတတ်သည်။ အချစ်ရေး - ထင်သလိုဖြစ်မလာ၍ စိတ်လေမိရတတ်သည်။

**ယတြာ။ ။ဆစ်ပြာကုသိုလ်ပြုပါ။**



Virgo

## ကန်ရာသီ (ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် တစ်ပါးသူကိစ္စများနှင့်သာ အချိန်ကုန်စေတတ်ပေသည်၊ ငွေမရသော ကိစ္စကြားတွင် စိတ်ပျက်မိလိမ့်မည်။ ပြဿနာ များရင်ဆိုင်လာသူကို ကူညီမိလိမ့်မည်။ အဝေးသို့ ခရီးသွားရတတ်ပေသည်။ မြဲထွက်ပစ္စည်းနှင့် ပတ်သက်၍ စီးပွားကံကောင်းလာစေလိမ့် မည်။ စားသောက်ဆိုင်အလုပ် အဆင်ပြေလိမ့်မည်။ ခရီးသွားလုပ်ငန်း အကျိုးရှိစေတတ်သည်။ အချစ်ရေး စန်းပွင့်စေလိမ့်မည်။ မြေအဝင်မတော်၍ သတိပြုသင့်ပေသည်။

**ယတြာ။ ။သက်နိုးလှူပါ။**



Libra

## တူရာသီ (စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင် အကျိုးဖြစ်ထွန်းပေလိမ့်မည်။ ရင်ဆိုင်ကြုံတွေ့ရစေသော ပြဿနာအရပ်ရပ်ကို တစ်ခုချင်း ဖြေရှင်းရတတ်သည်။ ငွေဝင်ကောင်းသောလမ်းကြောင်းကို ရရှိစေမည်။ သူတစ်ပါးပြော စကားဆုံးမှ စကားပြောသင့်ပေသည်။ မိမိလုပ်ငန်းအကျိုးရှိစေရန်အတွက် အပေးအယူပြုလုပ်ပြီးမှ ပို၍အောင်မြင်နိုင် ပေသည်။ ချစ်ရသူတွေအတွက် ငယ်ရွယ်နုပျိုသူနှင့် စဉ်းစားတွဲသင့်၊ ရွေးသင့်ပေသည်။ အနုပညာနှင့် ပတ်သက်သော အခြေအနေတို့ အဆင်ပြေမှုရှိစေတတ်ပေသည်။ စန်းအထူးပွင့်နေလိမ့်မည်၊

**ယတြာ။ ။တံမြက်စည်းလှူပါ။**



Scoprio

## ဗြိစ္ဆာရာသီ (အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် စာရေးဆက်သွယ်မှုသာလျှင် လုပ်ငန်း အခြေအနေတို့ တိုးတက်လာစေနိုင်ပေသည်။ ပညာရေးအခြေအနေကောင်း ကို ရရှိခံစားရပေမည်။ ခရီးရှည်သွားသောအစီအစဉ်ပိုင်း တစ်ပိုင်းတစ်စ ကြုံစေတတ်ပေသည်၊ တီထွင်ဖန်တီးလိုစိတ်ကြောင့် ဘဝတစ်ဆစ်ချိုးပြောင်း လဲသွားစေလိမ့်မည်၊ အချစ်ရေး လွန်လွန်ကြူးကြူးမပြုသင့်ပေ။ အိမ်ပြုပြင် သောကိစ္စ ပြဿနာရင်ဆိုင်ရတတ်သည်။ ဖုန်းနံပါတ်တစ်ခုကြောင့် ပြဿနာ ကြီးထွားပြီး အိမ်ထောင်ရေးဒုက္ခ သေးတွေ့ရတတ်ပေသည်။

**ယတြာ။ ။ပြက္ခဒိန်ကုသိုလ် ပြုပေးပါ။**

ဒေါက်တာမြတ်သစ် (မန္တလေး)၊ ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group

# သူတို့ပြောတဲ့ . . .

# H

arranged by phyoe su po po

ဒီလမှာတော့ H စာလုံးလေးတွေကို ရွေးချယ်လိုက်ပါတယ်။
H စာလုံးလေးတွေ အများကြီးထဲကမှ
**Humanitarianism, Health, Hero**
စကားလုံး ၃ လုံးကို စာရေးဆရာ လက်ာရည်ကျော်၊
ဆရာမ ပုဏ္ဏမိ နဲ့ မဖြူဖြူသင်း တို့က ဆွေးနွေးပေးခဲ့ကြပါတယ်။



ဆရာ လက်ာရည်ကျော်

"တခြား ဆေးဒေါက်တာရှင်တွေ
ပြောခဲ့တာတွေက ပြောင်းသွားပေမယ့်
မြတ်စွာဘုရား ဟောခဲ့တာတွေက
တစ်ခုမှ မှားသေးဘူး။
ဒါကြောင့်... မြတ်စွာဘုရားကို
Hero Worship လုပ်ရမယ်။"



ဒေါ်ဖြူဖြူသင်း

"ဒီတော့... ကျွန်မကို ပြည်သူလူထုကို
ပြောချင်တယ်၊ အခွင့်အရေးဆိုတာ
ပေးမှ ယူရမယ့်ဟာတွေ မဟုတ်ဘူး။
အခွင့်အရေးဆိုတာ တောင်းယူရတာပါ။
အခုလက်ရှိအခြေအနေက ပြည်သူသာလျှင်
အဓိကဆိုတဲ့ ခေတ်ပြောင်းနေပြီဆိုတော့
ပြည်သူတွေ ကျန်းမာရေးအပြင်
အခြားလိုအပ်ချက်တွေ တင်ပြကြမယ်၊
တောင်းယူကြပါလို့ ပြောချင်တယ်။"



ဆရာမ ပုဏ္ဏမိ

"Hero သတ်မှတ်ချက်ကလည်း
လူငယ်တစ်ယောက်ရဲ့ဘေးက
မိဘတွေ၊ ပတ်ဝန်းကျင်တွေနဲ့လည်း
ဆိုင်တတ်တယ်။ ဒါကြောင့်...
လူငယ်ရဲ့ဘေးက ပတ်ဝန်းကျင်
အသိုင်းအဝိုင်းက အရေးကြီးတယ်။"

Asian Fame Media Group
MEDIA GROUP



# ဆရာလင်္ကာရည်ကျော်

## Humanitarianism

Humanitarianism ရဲ့ အဓိပ္ပာယ်က လူသားချင်းစာနာထောက်ထားတယ် ပြောရမလား လူသားချင်းစာနာထောက်ထားခြင်းနဲ့ ကူညီတာကိုပဲ ပြောရမလားပေါ့။ Humanitarian Works တွေကို လုပ်နေတယ်ဆိုတဲ့ အဖွဲ့အစည်းတွေက အများကြီးရှိတယ်။ ဒီစကားလုံးနဲ့ ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် အဲဒီလိုအဖွဲ့အစည်းက လူတွေကပိုပြီး ဆွေးနွေးနိုင်လိမ့်မယ်။ ဆရာ့မှာတော့ အဲဒါနဲ့ ပတ်သက်ပြီး သိပ်တော့ နားမလည်ဘူး။ ဆရာတို့ရဲ့ ကျန်းမာရေး ဝန်ကြီး ဆရာကြီးဦးဖေသက်ခင်က ပြောတာတော့ လူသားအကျိုးပြုလုပ်ငန်းထဲမှာ ဆရာတို့အလုပ်လည်း ပါတယ်တဲ့။ ဒီတော့ ဆရာတို့လည်း တစ်နည်းအားဖြင့် ပြောရရင်တော့ Humanitarian Workers တွေပါပဲ။ ဆရာတို့ အလုပ်တွေက လူသားအချင်းချင်းညာတာ ထောက်ထားပြီး ကူညီချင်တတ်တဲ့ စိတ်ကြောင့်လုပ်နေကြတာပါ။ လစာကြောင့် လုပ်နေကြတာ မဟုတ်ပါဘူး။ မိမိအလုပ်ပေါ်ကနေ အခွင့်အာဏာကို အသုံးချပြီး အမြတ်မထုတ်တတ်ဘူးဆိုတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ရဲ့ လစာကမိမိနဲ့ မိမိ မိသားစုရဲ့ စားဝတ်နေရေးကို ထောက်ပံ့နိုင်ဖို့ မလွယ်ပါဘူး။ ဒါပေမဲ့ ကိုယ့်အလုပ်ကို ဆရာပျော်ပါတယ်။ ကိုယ်လုပ်လိုက်တဲ့ အလုပ်တစ်ခုက တခြားသူကို ပျော်သွားစေရင် ဒီအလုပ်ကလုပ်ရကျိုးနပ်ပါတယ်။ အဲဒီပီတိက ထမင်းထက် ချိုပါတယ်။ သူများကို ကူညီပေးတယ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက်အတိုင်းအဆ ပမာဏမတူကြဘူး။ Professional ဆိုတာက တစ်ခုခုကိုပိုပြီး ထဲထဲဝင်ဝင်သိကြတော့ သူတို့လုပ်တာတွေရဲ့ Impact တွေကလည်း ကြီးမားတယ်။ ရာဇဝင်မှာတော်တဲ့ ခေါင်းဆောင်တွေအများကြီးရှိခဲ့ဖူးတယ် တော်တဲ့ခေါင်းဆောင်တွေရှိခဲ့ဖူးသလို ကောင်းတဲ့ခေါင်းဆောင်တွေလည်း ရှိခဲ့ဖူးတယ်။ ဟစ်တလာတော့ ဂျူး ၆ သန်းအသတ်ခံ လိုက်ရတယ်၊ ဗိုလ်ချုပ်အောင်ဆန်းတော့တော့ ဆရာတို့ မြန်မာပြည်လွတ်လပ်ရေးရတယ်။ အဲဒီတော့ Professional တစ်ယောက်ဖြစ်လာခဲ့ရင် အဲဒီလူက Humanitarian Works တွေ လုပ်ပေးချင်တဲ့ နှလုံးသားရှိရမှာပေါ့။ လုပ်မယ်ဆိုပြီး ခေါင်းစဉ်ကြီးအကြီးကြီးတပ်ပြီး လုပ်ငန်းကြီးကြီးလုပ်စရာမလိုပါဘူး။ ကိုယ်ကနည်းနည်း တတ်နိုင်ရင် သူများနည်းနည်းအကျိုးရှိပါစေ၊ ကိုယ်ကများများတတ်နိုင်ရင် သူများကို များများအကျိုးရှိပါစေပေါ့။ လူဆိုတာက အခုမှစပြီး လုပ်ငန်းခွင်ထဲကို ဝင်လာချိန် အခုမှစပြီး လေ့လာ သင်ယူရချိန်မှာတော့ ကိုယ့်ရဲ့ Capacity က နည်းနေမှာပဲ။ အဲဒီတော့ သူများကို ကူညီပေးဖို့ အင်အား လည်းနည်းနေဦးမှာပါပဲ။ တဖြည်းဖြည်းနဲ့ အသက်ကြီးရင်ကြီးလာသလို လုပ်ငန်းခွင်ထဲမှာ ကိုယ့်လေ့လာဆည်းပူးတာ အားကောင်းရင် ကောင်းသလို စွမ်းဆောင်ရည်မြင့်မြင့်လာတတ် တယ်။ အဲဒီအချိန်မှာ သူများအတွက် လုပ်ပေးဖို့ မေ့သွားတတ်ကြတယ်။ စလုပ်တုန်းကတော့ ငါးပြားဖိုးတတ်နိုင်ရင် သူများကို ငါးပြားဖိုး အကျိုးပြုမယ်။ တစ်ရာဖိုးဘတ်နိုင်ရင် တစ်ရာဖိုး အကျိုးပြုမယ်ဆိုပြီး စခဲ့ကြတာပဲ၊ ဒါပေမဲ့ တကယ်ကို Capacity မြင့်လာရင်တော့ တစ်ဖက်က ရရှိလာတဲ့ ခံစားမှုတွေရဲ့ သွေးဆောင် ဖြားယောင်းမှုနောက်ကို လိုက်သွားပြီး မေ့လျော့သွား တတ်ကြတယ်။ အဲဒါကို ဆရာက မေ့စေချင်ဘူး။ ကိုယ့်ရဲ့ ဦးတည်ချက်ကို မယိမ်းယိုင်သွားဖို့ဘဲ ဆရာက ပြောချင်တာပါ။

## Health

Health ဆိုတာက ကျန်းမာရေးပေါ့။ နေ့တိုင်းပြောနေတဲ့ ကိစ္စပဲ။ ဆရာလည်း Health နဲ့ ပတ်သက်ပြီး စာအုပ် (၂၀) ကျော်လောက် ထုတ်ခဲ့ဖူးတယ်။ အခုချိန်မှာ Health နဲ့ ပတ်သက်ပြီး ပြောရရင်တော့ခက်တယ်၊ Health ဆိုတာကို WHO အဖွဲ့က သတ်မှတ်ထားတာက နေကောင်းနေရုံနဲ့ ကျန်းမာရေးကောင်းတယ်လို့ မခေါ်ပါဘူးတဲ့။ ကျန်းမာတယ်ဆိုတာ စိတ်ရောကိုယ်ပါကျန်းမာမှု ခေါ်တာပါ။ ကိုယ်ကျန်းမာတာက ပြောရလွယ်တယ်၊ စိတ်ကျန်းမာတယ်ဆိုတာကတော့ ဆရာက ကလေးအထူးကု ဆရာဝန်ဆိုတော့ ကလေး ကုတာနဲ့ ယှဉ်ပြီးပြောရရင် ရောဂါမရှိရဘူး။ ပုံမှန်ဖွံ့ဖြိုးရမယ်။ ပုံမှန်စွမ်းဆောင်နိုင်ရမယ်။ စိတ်ကျန်းမာတယ်ဆိုတာကတော့ စိတ်ရောဂါ မရှိတာကို ပြောတာဆိုရင်တော့ လူတိုင်းနီးပါး ကျန်းမာနေပြီပေါ့။ ဒါပေမဲ့ စိတ်မကျန်းမာတာက စိတ်ရောဂါရှိတာကို ပြောတာမဟုတ်ဘူး။ စိတ်က စွမ်းဆောင်နိုင်ရည် ပြည့်ပြည့်ဝဝရှိရင် စိတ်ကျန်းမာတယ်ပေါ့။ IQ 100 ရှိတဲ့သူက 80 ရှိတဲ့သူထက် စိတ်ကျန်းမာတယ်ပေါ့။ ဒါဆို ဟစ်တလာလည်း IQ 100 တော့ ရှိမှာပဲ၊ သူ့ကို စိတ်ကျန်းမာရဲ့လားပေါ့။ ဒါကြောင့် IQ တစ်ခုတည်းနဲ့တော့ စိတ်ကျန်းမာတာကို မပြောနိုင်တော့ဘူး။ နောက်ပိုင်း ပြောလာတာတော့ EQ ပါလာတယ်။ EIQ ပေါ့။ IQ က

Asian Fame Media Group

Intelligence Quotient ပေါ့။ EIQ က Emotional Intelligence Quotient ပါ။ EIQ ကို ဘာသာမျိုးစုံပြန်ကြတယ်။ ဆရာကတော့ EIQ ကို ဆင်ခြင်တုံတရားလို့ ဘာသာပြန်တယ်။ ဒီစကားက မြန်မာစကားမှာ အစတည်းက ရှိပါတယ်။ လက်ဖက်ရည်ဆိုင်ထဲမှာ လူငယ်တစ်ယောက်ထိုင်နေတယ်။ ဆိုင်ရှေ့ကို နောက်ထပ်လူငယ် တစ်ယောက် ဖြတ်သွားတယ်။ သူက ဆိုင်ထဲကို လှမ်းကြည့်တယ်။ ဒါကို ဆိုင်ထဲက လူငယ်က ဘာကြည့်တာလဲကွလို့ ရန်စကားပြောတော့ တစ်ယောက်က ဝင်ရိုက်တယ်။ ရိုက်ခံထိတဲ့သူက ဆေးရုံရောက်သွားတယ်။ ရိုက်တဲ့သူက ထောင်ကို ရောက်သွားတယ်။ ဒါဘာကိုပြတာလဲဆိုရင် EIQ မရှိတာဘဲ။ ဒီကိစ္စက ကြောက်စရာကောင်းတယ်။ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ လူတွေအများကြီး နစ်နာဆုံးရှုံးနေကြတာ EIQ ချို့တဲ့ပြီး တို့ လူမျိုးတွေ စိတ်ကျန်းမာမှုမရှိကြလို့ဆိုတာပဲ။ ကလေးလေးဘဝတည်းက ကလေးတွေရဲ့ Emotion ကို ကျန်းမာလာအောင် ပြုစုပျိုးထောင် ပေးဖို့လိုအပ်ခဲ့တာပဲ။ ကလေးတွေရဲ့ EQ ကို အာရုံစူးစိုက်တဲ့ မိဘဆိုတာ မရှိသလောက်ဘဲ။ တတ်နိုင်တဲ့ မိဘကတတ်နိုင်သလို ပိုဂရုစိုက်တယ်။ တတ်နိုင်ရက်နဲ့ ကလေးကို ဂရုမစိုက်တဲ့ မိဘလည်းရှိတယ်။ မတတ်နိုင်တဲ့ကြားက ကိုယ့်ကလေးကို ဂရုစိုက်ကြတဲ့ မိဘတွေရှိသလို၊ မတတ်နိုင်တဲ့အကြောင်းပြချက်နဲ့ ဂရုမစိုက်ကြတာတွေလည်း ရှိတာပဲ။ ဒါပေမဲ့ ဘာဂရုစိုက်နေတာလဲ။ ဘာကို ဂရုစိုက်ရမှာလဲ။ တစ်နှစ်သားကလေးတစ်ယောက်ရဲ့ Emotion ကိုပြုစုပျိုးထောင်ပေးဖို့ ဘာလုပ်ရတယ်ဆိုတာ သိကြရဲ့လား။ နှစ်နှစ်သားမှာ ဘာလုပ်ပေးရလဲ၊ သုံးနှစ်သားမှာ ဘာလုပ်ပေးရမလဲ။ ကျောင်းနေတဲ့ အရွယ်မှာ ဘယ်လိုလဲ။ ဆယ်ကျော်သက်အရွယ်မှာ ဘာတွေဖြစ်တတ်လဲ၊ အဲဒီလို မေးခွန်းမျိုးတွေ မေးရင်မိဘတော်တော် များများက မဖြေနိုင်ကြဘူး။ သူများတိုင်းပြည်မှာ ဆရာအလုပ်သွားလုပ်တုန်းက စာအုပ်အရောင်းကောင်တာတွေဆီရောက်သွားရင် သူတို့ စာအုပ်စင်မှာ Parenting ဆိုတဲ့ မိဘလုပ်နည်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ စာအုပ်တွေမှ အများကြီးပဲ။ မြန်မာပြည်မှာ ဒီလိုစာအုပ်တွေ မရှိဘူး။ ဆရာတစ်နှစ်ကနေ သုံးနှစ်အရွယ်ကလေးတွေရဲ့ အပြုအမူတွေနဲ့ ပတ်သက်ပြီး 'စိန်တဲ့ကြီးများ အကြောင်း'ဆိုတဲ့ စာအုပ်နဲ့ ဆယ်ကျော်သက်အရွယ်တွေနဲ့ ပတ်သက်ပြီး 'တကယ်နော်ခက်သည့် အရွယ်တွေ အကြောင်း'ဆိုတဲ့ စာအုပ်ရေးဖူးတယ်။ ဆယ်ကျော် သက်တွေရဲ့ Emotion ကို ဘယ်လို ပြုပြင်ပေးရမလဲ ဆိုတာတွေပေါ့။ ဆရာစိတ်ဝင်စားတဲ့ ကျန်းမာရေးက အဲဒါတွေပါပဲ။ တို့လူမျိုးတွေက လူပဲ ကျန်းမာနေလို့ မရဘူး။ စိတ်လည်းကျန်းမာရမယ်လေ။ ကလေးတစ်ယောက်က ၃ နှစ်မှာ မူကြို သွားရတယ်။ ဒီကလေးက ၂ နှစ်မှာ ဝါကျ အပြည့်စပြောတတ်တာ။ ဒါတောင်သုံးလုံးတွဲပဲ ပြောတတ်တာ။ ၄ နှစ်အရွယ်ကျမှ ဝါကျ အပြည့်နဲ့ ရှုပ်ထွေးတဲ့ စကားလုံးကို စပြောတတ်တာ။ ပုံမှန်အားလုံးပြောတတ်တာက ၅ နှစ်မှ ပြောနိုင်တာ။ ဒါပေမဲ့ ဒီမှာက ၃ နှစ်ဆိုရင် မူကြိုသွားနေရပြီ။ A, B, C, D သင်နေရရှာပြီ။ စာရေးစာဖတ်၊ ကဗျာဆိုတာမျိုးတတ်ရမယ်ဆိုတဲ့ မိဘရဲ့ အတွေးပေါ့။ အဲဒါကိုပဲ ဂရုစိုက်နေတယ်။ ကလေးဒါတွေတတ်ရင် မိဘတာဝန်ကျေပြီထင်နေတယ်။ အမှန်က ၃ နှစ်သားကလေးလေ့လာရမှာတွေ အရမ်းများတယ်။ သူ့ရဲ့ Emotion ကိုဂရုစိုက်ရမှာ။ သူငယ်တန်းက ကျောင်းစာအပြင် ကျူရှင်ပါတက်နေရပြီ။ ဆရာချပြီးပေါင်းကြည့်ဖူးတယ်။ ကလေးတစ်ယောက်ရဲ့ စာသင်ချိန်က ၁၀ နာရီက ၁၂ နာရီကြားထဲမှာရှိတယ်။ တစ်နေ့တာ ၂၄ နာရီမှာ ၉ နာရီအိပ်ရတယ်။ ၂၄ နာရီမှာ ၉ နာရီနုတ်လိုက်ရင် ၁၅ နာရီပဲကျန်တယ်။ အဲဒီမှာ ၁၂ နာရီက စာသင်နေရတယ်။ ဘယ်အချိန်မှာ ကလေးက ဆော့ရမှာလဲ။ ဗီဒီယိုဂိမ်းဆော့တာကို ပြောတာမဟုတ်ဘူး။ ပြေးလွှားဆော့ရမှာ။ ပြီးတော့ မိဘအသိုင်းအဝိုင်းနဲ့ ဆက်ဆံမှုကို ဘယ်အချိန်မှာလုပ်မလဲ။ အဲဒီလို EQ မပြည့်စုံတဲ့ ကလေးတွေကို မွေးထုတ်လာကြတာ ဆယ်စုနှစ်တစ်စုကျော်နေပြီ။ EQ မကျန်းမာတဲ့ မိဘတွေက EQ မကျန်းမာစေတဲ့ ကလေးတွေကို မွေးထုတ်ပေးနေကြတာလေ။ ကလေးက စာညံ့သွားလို့ ဉာဏ်ကောင်းတဲ့ အားဆေးလေးပေးပါလို့ ဆရာ့ကိုပြောဖူးတယ်။ ဘယ်လို စာညံ့သွားတာလဲမေးတော့။ အဆင့် ၁ ကနေ အဆင့် ၁၀ ရသွားလို့တဲ့၊ ခက်တယ်၊ အလုံပိတ် ပြီး Passive Learning လို့ခေါ်တဲ့ ပတ်ဝန်းကျင်ထဲမှာ ကြီးပြင်းခဲ့ရတဲ့ မိဘတွေက သူတို့လိုမျိုး စိတ်မကျန်းမာတဲ့ကလေးတွေကို မွေးထုတ်နေကြတာလေ။ ဆရာတို့လူမျိုးတွေရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဆရာက အရေးတကြီးဆွေးနွေးချင်တာတော့ ကလေးလေးတွေရဲ့ Emotional Intelligence Quotient ကို သေချာကို ပြုစုပျိုးထောင်ပေးဖို့ ပြောချင်ပါတယ်။ ကလေးကို အချိန်ပေးစေချင်ပါတယ်။ တစ်နှစ်မှာ ဆေးကျောင်းဝင်နိုင်အောင် တော်တဲ့ကလေး တစ်သောင်းရှိလည်း ဆရာတို့က ဆေးကျောင်းကို တစ်သောင်းလုံးပေးမတက်နိုင်ဘူး။ ဆရာတို့နိုင်ငံမှာ ဆရာဝန်တွေပဲ၊ အင်ဂျင်နီယာတွေပဲ၊ မွေးထုတ်ချင်နေလို့မရဘူး။ တိုင်းပြည်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်အပြင် အနုပညာရှင်တွေရော၊ ကာယလုပ်သားတွေရော လိုအပ်တယ်။ တိုင်းပြည်ကလူတိုင်းက EQ မြင့်နေဖို့ပဲ အရေးကြီးတယ်။ တိုင်းပြည်မှာ သယံဇာတကြွယ်ဝတာ မကြွယ်ဝတာ၊ တိုင်းပြည်မှာ အရင်းအနှီးတွေ ဘယ်လောက်စုဆောင်းထားနိုင်တာ၊ နိုင်ငံခြားတိုင်းပြည်အကူအညီကို ရတာမရတာက အရေးမကြီးဘူး။ တိုင်းပြည်မှာ ရှိတဲ့ သူတိုင်း EQ မြင့်နေဖို့ပဲ အရေးကြီးတာပါ။ ကမ္ဘာစစ်ကို တစ်ကြိမ်ရှုံးခဲ့ဖူးတဲ့ ဂျပန်က ကမ္ဘာ့ကုန်သွယ်မှုက နံပါတ် ၄ နေရာမှာရှိတယ်။ နှစ်ကြိမ်ကမ္ဘာစစ်ကို ရှုံးခဲ့ဖူးတဲ့ ဂျာမနီက ကမ္ဘာ့ ကုန်သွယ်မှုမှာ နံပါတ် ၁ နေရာမှာ ရှိတယ်။ သူတို့က သူတို့လူမျိုးတွေရဲ့ EQ ကို သေချာကိုပြုစုပျိုးထောင်ပေးတာလေ။ ဆရာတို့က ကျူရှင်သံသရာမှာ လည်နေရင် စိတ်ကျန်းမာတဲ့ လူတွေ ဖြစ်လာမှာမဟုတ်ဘူး။ ကလေးတွေက မိမိကိုယ်ကိုယ် လေ့လာတတ်ဖို့ မိမိပတ်ဝန်းကျင်ကို လေ့လာတတ်ဖို့ မိမိရဲ့စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ခံစားချက်တွေကို ပြန်သုံးသပ်နိုင်ဖို့ လိုလောက်တဲ့ ပဲ့ပြင်ထိန်းသိမ်းမှုတွေပဲ ပေးမှရမှာပါ။

## Hero

Hero သူရဲကောင်းဆိုတာနဲ့ ပတ်သက်ပြီး ပြောရရင်တော့ လူတွေက ဘာကြောင့်သမိုင်းကို ရေးကြတာလဲ။ ဘာလို့ သမိုင်းကို ရေးတာလဲ။

> စလုပ်တုန်းကတော့ ငါးပြားဖိုးတတ်နိုင်ရင် သူများကို ငါးပြားဖိုး အကျိုးပြုတယ်။ တစ်ရာဖိုး တတ်နိုင်ရင် တစ်ရာဖိုး အကျိုးပြုမယ် ဆိုပြီး စခဲ့ကြတာပဲ။

ဘာကြောင့် ရာဇဝင်လို့ မရေးတာလဲ။ ဒါကို အကြီးအကျယ် ငြင်းခုံဆွေးနွေးခဲ့တာတွေ ရှိခဲ့ဖူးတယ်။ ရာဇဝင်ဆိုရင် ရာဇာတွေရဲ့ ဇာတ်လမ်းတွေပဲ ဖြစ်မှာပေါ့။ သမိုင်းလို့ပြောမှ ပြည်သူလူထုပါမှာပေါ့။ သမိုင်းကို ဘယ်သူရေးလဲဆိုတော့ ရှင်းရှင်းပါပဲ၊ ပြည်သူလူထုရေးတာပါ။ သမိုင်းကို ရှင်ဘုရင်တွေ ရေးတာမဟုတ်ပါဘူး။ ဒါဆို သူရဲကောင်းတွေကရော။ ဆရာမဂျူးရဲ့စာထဲမှာ ရေးထားတာလေး ဆရာ့ရင်ထဲမှာ စွဲနေတာလေးရှိတယ်။ အဲ့ဒါက "ကျွန်မတို့ ရာဇဝင်မှာ သူရဲကောင်းတွေ များလွန်းမနေဘူးလား" ဆိုတာပေါ့။ သူရဲကောင်းနဲ့ သူရဲကောင်းအနောက်က လိုက်တဲ့သူ ဘယ်သူအရေးပါလဲ။ သေချာတာတော့ ပြည်သူတွေက သူရဲကောင်းအစစ်ပါပဲ။ ဒါ့ကြောင့် အညတရ စစ်သည်ရုပ်တုဆိုတာက



Asian Fame Media Group

ရေတပ်ဌာနချုပ်ထဲမှာရှိတယ်။ Anonymous Hero ပေါ့။ သမိုင်းဆိုတာက အညာတရ ပြည်သူတွေပဲ ရေးတာပါ။ သူ့ရဲ့ကောင်းတွေက သမိုင်းမရေးပါဘူး။ ဒါပေမဲ့ Role Model ကတော့ အရေးပါတယ်။ ဘယ်သူ့ကို အတုယူမှာလဲပေါ့။ ကိုယ့်ရှေ့မှာ Role Model ကောင်းရှိဖို့လိုတယ်။ ဒါဆို သူ့ရဲ့ကောင်းတွေက အရေးပါလာပြန် ရော။ မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ဘယ်သူလုပ်လဲဆိုရင် မြန်မာပြည်သူလူထုတစ်ရပ်လုံးက လုပ်လိုက်တာပေါ့၊ ဗိုလ်ချုပ်အောင်ဆန်းက တိုက်နိုင်းလို့ တိုက်တာမှမဟုတ်တာ။ တစ်မျိုးသားလုံး တိုက်ကြတာလေ။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းလည်း လိုတာပေါ့၊ ကိုယ့် ရှေ့ကနေ တိုက်ပြဖို့က စံပြသူ့ရဲ့ကောင်းက လိုတယ်။ သူ ဘယ်လောက်ပေးဆပ်နိုင်လဲ။ သူ့ရဲ့ အနစ်နာခံနိုင်မှု၊ သူ့ရဲ့ ခေါင်းဆောင်နိုင်မှုအပေါ်မှာ မူတည်ပြီး လူအများကြီးကိုလွှမ်းမိုးနိုင်စွမ်းရှိတယ်။ ဒါကြောင့် သူ့ရဲကောင်းက ရှိဖို့လိုတယ်။ ဆရာ့ကိုဆိုရင် Herorism သူ့ရဲကောင်းဝါဒ လွှမ်းမိုးတဲ့ စာရေး

“

**ဆရာကမြတ်စွာဘုရားကို Hero ထဲက နံပါတ်တစ် ဖြစ်စေချင်တယ်။ ဆရာတို့ မြတ်စွာဘုရားကခြောက်ပစ်ကင်းသဲလဲစင် ဘယ်လိုပဲကြည့်ကြည့်အပြစ်မြင်စရာမရှိတဲ့ ပြောတဲ့စကားတွေ တစ်လုံးမှ မမှားဖူးတဲ့ တွေးခေါ်ပညာရှင်က ကမ္ဘာပေါ်မှာမရှိဘူး။ တခြား တွေးခေါ်ပညာရှင်တွေ ပြောခဲ့တာတွေကပြောင်းသွားပေမယ့်မြတ်စွာဘုရား ဟောခဲ့တာတွေကတစ်ခုမှမမှားသေးဘူး။**

ဆရာဆိုပြီးလူတွေက ဝေဖန် ကြတယ်။ ဆရာလက်ခံပါတယ်။ သူ့ရဲကောင်းဝါဒ လွှမ်းမိုးတဲ့ ဇာတ်လမ်းတွေကိုဆရာကြိုက်တယ်၊ သူ့ရဲကောင်းတွေကို ဆရာ Worship လုပ်တယ်။ သူတို့ကြိုးစားသလို ကြိုးစားနိုင်မလားပေါ့ Motivative လုပ်တာပါပဲ။ အပြင်မှာတော့ ဒီလိုမျိုးတွေ မရှိပါဘူးလို့ ပြောလို့မရပါဘူး။ တကယ်ရှိတဲ့ အကြောင်းတွေ ပြောပြလိုက်ရင် စတ္တုထဲက လူတွေက ဘာမှ မဟုတ်သလိုတောင် ဖြစ်သွားလိမ့်မယ်၊ အနီးကပ်ဆုံး ဥပမာပေးရရင် 'ကြိုးကြာ တောင်ပံခတ်သံ' ထဲက ချင်းတောင် လတ်ငြိမ်း အကြောင်းဆိုရင် ဆရာက နာဂဦးသိန်းလှိုင် အကြောင်းကို ကိုယ်ပွားယူပြီးရေးထားတာ။ နာဂဦးသိန်းလှိုင် အကြောင်း အကုန်လုံးသာ ယူပြီးရေးခဲ့ရင် ဆရာ ဒီထက်တောင် ပိုပြီး ဝေဖန်ခံရမှာ။ အိုင်ဗင်ဟိုနဲ့ Gone With the Wind ထဲက စကားလက်အိုဟာရာ နှစ်ဦးကို ယှဉ်ပြီးပြောရင် ဘာမှတော့မဆိုင်ဘူးပေါ့၊ နှစ်ခုလုံးကတော့ ကမ္ဘာကျော် ဂန္ထဝင်ဝတ္ထုကြီးတွေပဲ။ အိုင်ဗင်ဟိုက ကိုယ်ကျင့်တရားကောင်းပြီး အများအတွက် အနစ်နာခံ သက်စွန့်ဆံဖျားကြိုးစားတတ်တဲ့ သူ့ရဲကောင်းအကြောင်းရေးထားတာ၊ စကားလက်အိုဟာရာကတော့ ချစ်သူအတွက် စွန့်စားတဲ့ မိန်းကလေးတစ်ယောက်အကြောင်းလေ။ သူကောင်းလားဆိုတော့လည်း မကောင်းတာတွေရှိနေတယ်။ ဒါကို လူသားဆန်တယ်ပေါ့၊ အကောင်း အဆိုး ဒွန်တွဲနေတဲ့ အဲဒီလိုလူတွေ အကြောင်း ရေးပါလားလို့ ဆရာ့ကိုပြောကြတယ်။ ဒုတိယ ကမ္ဘာစစ်အကြောင်းကို လူတွေရုပ်ရှင်ရိုက်ပြကြတာတွေ များနေပြီ။ ဘယ်သူကများ ဟစ်တလာ အကြောင်းကို ရိုက်ပြဖူးလဲ။ ဒါက Genius နော်။ စီးပွားရေးတပ်ဆိုက်နေတဲ့ နိုင်ငံကိုပြန်အသက် သွင်းပြီး တစ်ကမ္ဘာလုံးကို သိမ်းလိုက်တာနော်။ တစ်ဖက်မှာ အင်မတန် ထူးဆန်းတဲ့ ဂျာမန်လူမျိုး တစ်ယောက်အကြောင်းရှိ တယ်၊ အဲဒီလူက စီးပွားရေးလုပ်ငန်းရှင် နာဇီပါတီဝင်၊ သူက ဟစ်တလာရဲ့ လက်အောက်က နာဇီပါတီ ဗိုလ်ချုပ်တွေနဲ့ပေါင်းပြီး စီးပွားရေး လုပ်ကွက်တွေ ရအောင်ယူတာ။ သူကတော်တော် ချမ်းသာတယ်။ ဟစ်တလာက ဂျူးတွေဖမ်းပြီး သတ်တဲ့ အချိန်မှာ သူ့ရဲ့ အလုပ်သမားတွေ ပါသွားတယ်၊ သူ့ရဲ့ အလုပ်သမားတွေကို တစ် ယောက်ချင်းစီကို လိုက်ကယ်တင်တာ။ စစ်ကြီး လည်း ပြီးတဲ့အချိန်မှာ သူ့အလုပ်သမားတွေပဲ အသက်ရှင်ကျန်ရစ်ခဲ့တယ်။ သူ့ကိုနာဇီပါတီ ဝင်ဖြစ်လို့ မဟာမိတ်တပ်တွေက လိုက်ဖမ်းတော့ သူထွက်ပြေးရတယ်၊ သူကယ်ခဲ့တဲ့ ဂျူးတွေက သူ့အကြောင်းကို ပြောကြတယ်။ သူ့ကို သူ့ရဲကောင်းအဖြစ် သတ်မှတ်ကြတယ်။ သူက ရှင်းဒလားပေါ့။ သူကယ်ခဲ့တဲ့ ဂျူးတွေကနေ ပေါက်ဖွားလာခဲ့တဲ့ ဂျူးတွေကို ရှင်းဒလား ဂျူး လို့ခေါ်တယ်။ ရုပ်ရှင်ရိုက်ပါဆိုရင် ဟစ်တလာအကြောင်း ဘယ်ရိုက်မလဲ။ ရှင်းဒလားအကြောင်းပဲ ရိုက်မှာပေါ့။ ရိုက်လည်းရိုက်ပြီးပြီ၊ Hero ကို Worship လုပ်တတ်ဖို့ကလည်း စနစ်ကျဖို့လိုတယ်။ ဘယ်လို လူက ကိုယ့် Hero ဖြစ်သင့်လဲဆိုတာ သိရမယ်။ မကွေးမှာ ဆရာ ဆေးကျောင်းသားတွေကို ဆုံးမဖူးတယ်။ နားကပ်တစ်ဖက်တပ်ကြတယ်။ မိန်းကလေးလည်း နားကပ် တပ်ကြတာပဲ။ ဒါပေမဲ့ ဆရာက မဆူဘူးလေ၊ ယောကျာ်းလေးနားကပ်တပ်တော့ ဆရာကဆူတယ်။ မြန်မာယောကျာ်းတွေ ၁၀၀ မှာ ၉၀ က နားကပ်တပ်ရင် ဆရာမဆူ ပါဘူး။ ဒါမှမဟုတ် မြန်မာယောကျာ်းတွေ ၉၀ ကနားကပ်တပ်နေ



တယ်ဆိုရင်လည်းဆရာကထပ်မေးမယ်။ ဆရာဝန် ၁၀၀ မှာ ဘယ်နှယောက်နားကပ်တပ်လဲပေါ့၊ စတီးရီယို အဆိုတော်လေးက နား ကပ်တပ်တာက အဆင်ပြေတယ်လေ။ ဘာလို့လဲဆိုတော့ သူက ထင်ပေါ်ဖို့လိုတယ်လေ။ အများက အာရုံစိုက်အောင် လုပ်ရမှာက သူ့ရဲ့ အလုပ်လေ။ ကိုယ်က ဆရာဝန်လေ ထင်ပေါ်ဖို့ မလိုဘူး။ ဆေးကျောင်းသားက နားကပ်တပ်တယ်ဆိုတာ တကယ်တော့ သူက စတီးရီယို အဆိုတော်လေးကို Hero လုပ်လိုက်တာလေ။ အဆိုတော်ကို မကောင်းမြင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆေးကျောင်းသား တစ်ယောက်ကိုတော့ ဆရာက နာဂဦးသိန်းလှိုင်ကို Hero Worship လုပ်စေချင်တယ်။ ဒေါက်တာ ဦးအောင်ကြည်ကို သိသလား မေးတော့ မသိဘူးတဲ့။ ဦးအောင်ကြည်က ဆရာ့ရဲ့ Hero တစ်ဦးပဲ၊ အေးအေးငြိမ်း အိအိငြိမ်းကို အဖွဲ့ ၂ ဖွဲ့ ခွဲပြီး ခွဲခဲ့ကြတာ။ ပါမောက္ခ ဦးမောင်မောင်ဦးဆောင်တဲ့ အဖွဲ့ရယ် ဆရာ ဦးအောင်ကြည် ဦးဆောင်တဲ့အဖွဲ့ရယ်ပေါ့။ အဲဒီ နောက်ပိုင်း မန္တလေးမှာ တင်ပါးဆုံရိုးဆက်နေတဲ့ မိုးပပအောင်နဲ့ မိုးမမအောင် အမြွှာညီအစ်မကို ဆရာ ဦးအောင်ကြည်က ခေါင်းဆောင်ပြီး ခွဲခဲ့တယ်။ ရန်ကုန်ပြန်ရောက်တော့ ရန်ကုန်က ကလေးဆေးရုံကြီးမှာ ည ၁၀ နာရီအထိ အရေးပေါ် လူနာတွေကို ခွဲနေရင်း သန်းခေါင်ကျော်မှာ Heart Attack ဖြစ်ပြီး ညတွင်းချင်းဆုံးပါးသွားခဲ့ရတာ။ အဲဒါကို စောစောက နားကပ်ပန်တဲ့ ကျောင်းသားက မကြားဖူးဘူးတဲ့။ Hero မှားနေတာ။ သူတကယ် Hero လုပ်ရမယ့်သူကို သူက ကြားတောင်မကြားဖူးဘူးတဲ့။ သူ အားကျ နေတဲ့ အဆိုတော်ကို သူလို ဆေးကျောင်းသားဆေး ကျောင်းသူ မကဘူးလေ။ လူတန်းစားအလွှာပေါင်းစုံက အားကျနေတာ။ သူ့လို အောင်မြင်တဲ့ အဆိုတော်ဖြစ်ဖို့တော့ မသေချာဘူးလေ။

Asian Fame Media Group

ရမ်းသန်းပြီးတော့ပဲ အတုခိုးနေကြတာလေ။ သေချာတာကတော့ ဒီဆေးကျောင်းသားက သေချာပေါက် ဆရာဝန်ဖြစ်မှာလေ။ ရှေ့ကနေ အများအတွက် အနစ်နာခံလုပ်ပြသွားတဲ့ ဆရာဝန်ကြီးတွေကို အားမကျဘဲ အဆိုတော်ကို အားကျတာက လွဲနေပြီလေ။ ဆိုးတာက အဲဒီအချိန်မှာ မကွေးက ပြည်တော်သာ လမ်းတစ်လျှောက်က သုံးဘီးမော်တော် ဆိုင်ကယ်မောင်းတဲ့ ကလေးတွေကလည်း နားကပ်တစ်ဖက် တပ်တာပဲ။ သူတို့ကလည်း အဲဒီအဆိုတော်ကို အားကျတာကိုး။ အဲဒီတော့ ဆေးကျောင်းသားက အဆိုတော်လေးနဲ့တူတာနည်းပြီး သုံးဘီး ဆိုင်ကယ်မောင်းတဲ့ ကလေးတွေနဲ့ ပိုတူနေတာ ပေါ့။ နောက်ပြီး Hero ဆီက အတုခိုးတဲ့အခါမှာ လည်း သူ့ဆီကကောင်းတာကို ယူရမယ်။ ယူနိုင်တာကိုပဲယူရမယ်။ ယူသင့်တာကိုယူပြီး မယူသင့် တာကို ယူရင်လည်း မဖြစ်ဘူးလေ။ ငါ့ရဲ့ Hero ဆရာကြီးကတော့ မိန်းမတွေ အများကြီးရှိတာပဲ။ ငါလည်း မိန်းမတွေ အများကြီးယူမယ် ဆိုတာတော့မဟုတ်ဘူးလေ။ ဒါကတော့ အားမကျရဘူး။ ဆရာကြီး ဆေးပညာတော်တာကိုပဲ ယူရမှာပေါ့။ ဆရာ့ရဲ့ တပည့်တွေ အများစုက ဗုဒ္ဓဘာသာတွေပါ။ ဆရာကမေးတယ်။ ဓာရုဏပရိတ်ရွတ်ရင်ဘေးကင်းတယ်၊ ဘာကြောင့်လဲပေါ့။ ဓာရုဏပရိတ်ရွတ်ရင် ဘုရားရှင်ကို ကြည်ညိုတဲ့ စိတ်က အရင်ဖြစ်လာမှာလေ။ ဆရာက မြတ်စွာဘုရားကို Hero ထဲက နံပါတ်တစ်ဖြစ်စေချင်တယ်။ ဆရာတို့ မြတ်စွာဘုရားက



ခြောက်ပစ်ကင်း သဲလဲစင်။ ဘယ်လိုပဲ ကြည့်ကြည့် အပြစ်မြင်စရာမရှိတဲ့ ပြောတဲ့စကားတွေ တစ်လုံးမှ မမှားဖူးတဲ့ တွေးခေါ်ပညာရှင်က ကမ္ဘာပေါ်မှာ မရှိဘူး။ တခြား တွေးခေါ်ပညာရှင်တွေ ပြောခဲ့တာတွေက ပြောင်းသွားပေမယ့် မြတ်စွာဘုရား ဟောခဲ့တာတွေက တစ်ခုမှမမှားသေးဘူး။ ဒါကြောင့် မြတ်စွာဘုရားကို Hero Worship လုပ်ရမယ်၊ ကြည်ညိုရမယ်။ အတုခိုးရမယ်။ ဘုရားဖြစ်အောင် ကျင့်ခိုင်းတာ မဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောခဲ့တာတွေကို လိုက်နာပေါ့။ ဒါဆို မမှားနိုင်တော့ဘူး။ ယူသင့်တာကို ယူရင်အကျိုးရှိတာပေါ့။ တပည့်တွေကို အရက်သောက်ရင် ဆရာကဆူတယ်၊ အရက် သောက်တာက မကောင်းဘူးလေ၊ အရက်ဆိုတာ နည်းနည်းချင်း သောက်ရင် ဦးနှောက်က ကျုံ့ကျုံ့ သွားပြီး အစောကြီးသူငယ်ပြန်တယ်။ အများ ကြီးသောက်တဲ့ သူတွေရဲ့ အသည်းက ခြောက်ခြောက်သွားပြီး အစောကြီးသေတယ်။ ကောင်းမှ မကောင်းတာလေ။ ဘုရားက ဟောခဲ့တာလည်း အရက်ကို ချင့်ချင့်ချိန်ချိန် သောက်နိုင်းတာ မဟုတ်ဘူးလေ။ တစ်စက်မှ မသောက်နဲ့ ဟောတာလေ။ ခြောက်ပစ်ကင်းသဲလဲစင်တဲ့ သူက လောကမှာ မရှိပါဘူးဆိုပြီး စိတ်လျှော့လျှော့ ပစ်လိုက်လို့ မဖြစ်သေးဘူးလေ။ ဒေါက်တာ ဦးအောင်ကြည်လောက်တော့ ကြိုးစားပြီး ရပ်တည်သင့်ပါတယ်။ ဆရာကတော့ Herorism တွေကဆက်ရှေးမှာပဲ။ ဒါက ရှိဖို့လိုအပ်တယ်လေ၊ ဆရာပြောချင်တာက လူငယ်တွေက Hero Worship လုပ်တဲ့သူ မမှားစေချင်ဘူး။ ဆရာဆိုရင် ဆရာဝန်ဖြစ်တော့ ဆရာ့ရဲ့ မိဘ အသိုင်းအဝိုင်းမှာ ဆရာဝန်မရှိဘူး။ ဟိုရောက်တော့ လူအလွှာစုံနဲ့တွေ့ရတယ်။ စာလည်း မလိုက်နိုင်ဘူး၊ ဒေသကောလိပ်မှာလည်း ကိုယ်က စာရေးဆရာရှူး ရှူးနေတဲ့သူဆိုတော့ ပုံနှိပ်ထုတ်ဝေရေး အတတ်ပညာတွေ ဘာတွေယူ လိုက်သေးတာ။ ဆေးကျောင်းမှာ စာမတော်ပေမယ့် တစ်နှစ်တစ်တန်းတော့ အောင်ပါတယ်။ ဆရာတို့နှစ်မှာ လူတော် ဆရာဝန်တွေ တအားများတယ်။ ဆရာက သာမန်ပဲ။ ဆရာအလုပ်သင် ဆရာဝန်လုပ် တော့ ဆရာ့ရဲ့အစ်ကို ဆရာနဲ့ တွေ့တော့ သူ့ကို ဆရာ အားကျတယ်။ သူနဲ့ဆရာ ကလေးအထူးကု စာမေးပွဲပြေဖြစ်ခဲ့တယ်၊ ဆရာ့ကိုလည်း အစစ အရာရာ သင်ပေးခဲ့တယ်။ ဆရာရဲ့ အဖေဆရာဆိုတဲ့ ဆရာနဲ့ ထပ်တွေ့တယ်။ M.Sc ဆက်တက်တဲ့အချိန်ပေါ့။ ပါမောက္ခ ဦးအေးမောင်ဆိုတဲ့သူပါ အဖေဆရာကလည်း စကားပြောတာ အဝတ်အစားဝတ်တာက အစသင်ခဲ့တာ။ သူတို့က ဘဝတစ်လျှောက်လုံးမှာ တော်ခဲ့ကြတာလေ၊ သူတို့က ဆရာကို ကြိုးစားရင် ဘာမဆို ဖြစ်တယ်ဆိုတဲ့ အတွေးကို သင်ပေးခဲ့တာလေ၊ အဲဒီတော့ သူတို့ ရခဲ့တဲ့ဘွဲ့တွေအားလုံး ဆရာရခဲ့တယ်။ သူတို့ရခဲ့တဲ့ ရာထူးတွေ အရာ အားလုံးရခဲ့တယ်။ Hero Worship မှန်ခဲ့တာပါ။ ဒါကြောင့် လူငယ်တွေက ကိုယ့်ရဲ့ Hero မှန်ပြီး ယူသင့်တာကို ယူနိုင် သလောက်ယူဖို့ ပြောချင်ပါတယ်။

Asian Fame Media Group



# ဒေါ်ဖြူဖြူသင်း

## Humanitarianism

အဓိကကတော့ လူသားဖြစ်မှုပေါ့။ လူသားဖြစ်မှုနောက်ကွယ်မှာ ဘာအကြောင်းခြင်းရာမှ မရှိပါဘူး။ လူသားဖြစ်မှုကို ဆန့်ကျင်တာနဲ့ Genocide ဆိုတဲ့ လူသားမျိုးတုံးသတ်ဖြတ်မှုဆိုတာတွေပါလာမယ်။ မျိုးနွယ်စုချင်း သတ်ဖြတ်တာအထိဖြစ်ကုန်တတ်တယ်ဆိုတာ အာဖရိကတွတ်ဆီ၊ ဟူတူတွေသတ်ကြတာက သက်သေပဲ။ နောက် ဘာသာတရားခွဲခြားမှုပေါ့။ ရှိရမှာပေါ့ သူ့ဘာသာသူကိုးကွယ်၊ ကိုယ့်ဘာသာကိုယ်ကိုးကွယ် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရမှာပေါ့။ အဲ့ဒီလိုမနေနိုင်တော့ ယူဂိုစလားဗီးယားမှာ လူသတ်ပွဲကြီးတွေ ဘယ်လိုဖြစ်ခဲ့လဲ သမိုင်းသက်သေပဲ။ ဒီတော့ ကျွန်မအမြင်ပြောရရင် လူသားဖြစ်မှုဆိုတာ လက်သင့်ခံရမယ့် ကိစ္စရပ်ဖြစ်တယ်။ ဒီမှာတော့ အခွင့်အရေးတွေရှိရမယ်။ အခြေခံကတော့ လူသားတွေဖြစ်နေလို့ အခြေခံလူ့အခွင့်အရေးလောက်တော့ ခံစားသင့်တယ်၊ ခံစားခွင့်ပေးသင့်တယ်လည်း ထင်တယ်၊ ၂၀၀၄ လောက်တုန်းက ဖီဖာဥက္ကဋ္ဌ ဆပ်ဘတ္တလာကို လူသားချင်း အဓိကဝါဒဆိုတဲ့ ဂုဏ်ပြုမှုတစ်ခုပြုလုပ်ဖူးတာ မှတ်မိတယ်။ အခုတော့ အဲဒါရုပ်သိမ်းသွားပြန်တယ်။ အဲ့ဒီလို ကိစ္စမျိုးများကို များများဖော်ထုတ်ရမယ်၊ များများလည်း ဂုဏ်ပြုသင့်တယ်။ လူကို လူလိုမြင်မယ်ဆိုရင် ဘာမှစစ်ပွဲတွေခွဲခြားမှုတွေ ဖြစ်နေမှာ မဟုတ်ပါဘူး။ အနောက်က ဒီမိုကရေစီနိုင်ငံတွေမှာတောင် ဒီခွဲခြားမှု မပပျောက်သေးဘူး ဆိုတော့ ကျွန်မတို့လို ဒီမိုကရေစီစတင်ခါစ နိုင်ငံတွေမှာ လူမျိုးရေးခွဲခြားမှုတွေ၊ ဘာသာရေးခွဲခြားမှုတွေ၊ အမျိုးသား အမျိုးသမီးခွဲခြားမှုတွေက ရှိနေဦးမှာပဲ။ ဒါတွေကို ဘယ်လိုဖြစ်ရပ်တွေက သက်သေပြနေလဲဆိုတော့ ကချင်စစ်ပွဲ၊ ကရင်စစ်ပွဲ၊ အစရှိတာတွေ သက်သေပြနေတယ်လေ။ ဘာသာရေးအရတော့ ခွဲခြားမှုတွေ အထိုက်အသင့် ပြေလျော့မှုတွေရှိလာ ပါပြီ။ ကျားမ ခွဲခြားထားမှုကတော့ ရှိနေဆဲပဲ၊ နောင်လည်း ရှိနေဦးမှာပဲ။ ဒါတွေကို တိုက်ထုတ်လို့ ရတောင်းတဲ့ဟာတွေ မဟုတ်တော့ ပညာပေးရမယ်၊ ပညာပေးရေးပိုင်းကို များများအာရုံ စိုက်မှုထားရမယ်။ နောက်ခွဲခြားမှု တစ်ခု ရှိသေးတယ်။ ကျွန်မကအခု HIV/AIDS တိုက်ဖျက်ရေး လုပ်နေတော့ ဒီလူနာကို ခွဲခြားတာတွေ တွေ့နေရတယ်။ ဒါကဘာကိုပြလဲဆိုတော့ ကျွန်မတို့တိုင်းပြည်နဲ့ လူမျိုးတွေ ရင့်ကျက်မှုအားနည်းနေသေးတယ်။ အဓိက ပွင့်လင်းမြင်သာမှုနဲ့ ပညာရေးအပိုင်းမှာ နိမ့်ပါးခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေဖြစ်တယ်။ ဒါကို အမြန်ဆုံး ကုစားပေးရမယ်။ ကျွန်မတို့လူမျိုးက နဂိုသဘောကောင်း အေးဆေးတဲ့လူမျိုးဆိုတော့ မသိလို့ဖြစ်နေတာ များတယ်၊ သိရင်ပြင်တယ်၊ ဒါကြောင့် လူသားတရားစိတ်ထားနိုင်အောင် အစိုးရကလည်း ပညာပေးမယ်၊ ကျွန်မတို့လွှတ်တော်မှာလည်း လုပ်ဆောင်မယ်ဆိုရင် ကျွန်မတို့ အမြန်ဆုံးပြုပြင် ပြောင်းလဲနိုင်လိမ့်မယ်လို့ ပြောချင်ပါတယ်။

> “
>
> ကျွန်မတို့လူမျိုးက နဂိုသဘောကောင်း အေးဆေးတဲ့လူမျိုးဆိုတော့ မသိလို့ ဖြစ်နေတာ များတယ်၊ သိရင်ပြင်တယ်။ ဒါကြောင့် လူသားတရားစိတ်ထားနိုင်အောင် အစိုးရကလည်း ပညာပေးမယ်၊ ကျွန်မတို့လွှတ်တော်မှာလည်းလုပ်ဆောင်မယ်ဆိုရင် ကျွန်မတို့ အမြန်ဆုံး ပြုပြင် ပြောင်းလဲနိုင်လိမ့်မယ်လို့ ပြောချင်ပါတယ်။

## Health

အာရောဂျံ ပရမံလာဘံဆိုတာ ရှေ့စကားပေါ့။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်ပေါ့။ နောင်တစ်ခုက ကျန်းမာနေအောင်လည်း လုပ်ချင်စိတ်ရှိရမယ်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာပါစေဆိုတာ ရှိတယ် မဟုတ်လား။ အဲ့ဒီလိုပဲ ကိုယ်စိတ်နှစ်ပါးလုပ်ချင် စိတ်ရှိရမယ်။ အထူးသဖြင့်တော့ ကျွန်မတို့လို အလုပ်လုပ်ရမယ့် တိုင်းပြည်မျိုးမှာ လုပ်အားတွေ အများကြီးလိုတယ်။ ကာယ လုပ်သား၊ ဉာဏလုပ်သားဆိုတာ ဆိုရှယ်လစ်အာဏာရှင်ခေတ်မှာ အသုံးများခဲ့တဲ့ စကားတစ်ခွန်းရှိတယ်လေ။ စကားလုံးက ကောင်းပါရဲ့။ လူတွေက လိုက်မလုပ်တော့ လုပ်ခွင့်မရကြတော့ ခေတ်ပျက်တာပဲ။ နောက် စစ်အစိုးရလက်ထက်မှာလည်း စစ်အသုံးစရိတ်ကိုယ်ကျိုးရှာသမားတွေ၊ အာဏာရှင်ကပ်ပါးစီးပွားရေး သမားတွေကြောင့် ကျန်းမာရေးဘတ်ဂျက်ဟာ မရှိသလောက်တောင် ဖြစ်ရတယ်။ အခု ကျွန်မ အမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးတိုးတက်ဘတ်ဂျက် ကော်မတီမှာပါတယ်။ အဲ့ဒီတော့ ဝန်ကြီးဌာန

တွေ ဘာတွေလုပ်နေလဲ၊ ဘာတွေသုံးဖို့ ဘယ်လောက်ရနေလဲ ဆိုတာကို ထိုက်သင့်သလောက် သိနေပြီ။ အခုထက်ထိလည်းပဲ ကျန်းမာရေး၊ ပညာရေးအသုံး စရိတ်တွေ နည်းနေတုန်းပဲ။ နည်းတယ်ဆိုတာ မသုံးသလောက်ကို ဖြစ်နေတာ။ HIV နဲ့ ပတ်သက်လို့ ခုထက်ထိ တစ်ပြည်လုံး ဆေးရုံနှစ်ရုံပဲ ရှိသေးတယ်ဆိုရင် အခြားအရေးပေါ် အခြေအနေတွေ ဆို ဘယ်လောက်ဆိုးဝါးနေမလဲဆိုတာ တွေးကြည့်ရုံနဲ့ သိသာပါတယ်။ ဒီတော့ကျွန်မ တို့ပြည်သူလူထု ကို ပြောချင်တယ်၊ အခွင့်အရေးဆိုတာပေးမှ ယူရ မယ့်ဟာမဟုတ်ဘူး။ အခွင့်အရေးဆိုတာ တောင်းယူရတာပါ။ အခုလက်ရှိအခြေအနေက ပြည်သူသာလျှင် အဓိကဆိုတဲ့ ခေတ်ဖြစ်နေပြီဆိုတော့ ပြည်သူတွေ ကျန်းမာရေးအပြင် အခြားလိုလားချက်တွေ တင်ပြကြပါ၊ တောင်းယူကြပါလို့ ပြောချင်တယ်။

## Hero

သူရဲကောင်းဆိုရင် အလိုလို role model ဖြစ်သွားတတ်တယ်။ ကျွန်မတို့ တိုင်းပြည်မှာက သူရဲကောင်း အလွန်များလွန်းတယ်။ အဲ့ဒါ



မကောင်းဘူး။ တကယ်ပြောရရင် နှစ်နှစ်ဆယ်မှာ ကိုလူထုခေါင်းဆောင်တိုင်းရင်းသား ခေါင်းဆောင် ကျောင်းသားခေါင်းဆောင် ရဟန်းသံဃာခေါင်းဆောင်လူမှုရေးခေါင်းဆောင် အစရှိတဲ့ ခေါင်းဆောင်သူရဲကောင်းတွေ အများကြီးပေါ်ထွက်လာခဲ့ရတယ်။ အဓိကထင်ရှားတဲ့ ခေါင်းဆောင်အားကုရမယ့် ခေါင်းဆောင်ဆိုရင်တော့ နှစ်ယောက်ပေါ့။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်အောင်ဆန်းစုကြည်နှစ်ယောက်ကတော့ အလွန်ထင်ရှားတဲ့ ခေါင်းဆောင်နှစ်ယောက် ဘယ်သူမှ အငြင်းပွားလို့မရတဲ့ ခေါင်းဆောင်နှစ်ယောက်အဖြစ် မြန်မာကရော ကမ္ဘာကပါ လေးစားအသိအမှတ်ပြုရတဲ့ အခြေအနေထိကို ကျော်ကြားကြတယ်လေ။ သူတို့နှစ်ယောက်ဟာ ကျွန်မရဲ့ သူရဲကောင်းကျွန်မရဲ့ စံပြပုဂ္ဂိုလ်နှစ်ယောက်ပါ။ ငယ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းကိုကြည်ညိုပြီးသား၊ အစပိုင်းကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးအဖြစ်နဲ့ လေးစားတယ်။ ဒါပေမဲ့ ခုတော့ တစ်ကမ္ဘာလုံးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဉာဏ်ပညာအမြော်အမြင်သူ စွန့်လွှတ်မှုတွေ သူ့ထက်မြက်မှုတွေကို အသိမှတ်ပြုလာနေရပြီ။ တစ်ချိန်လုံးငြင်းဆန်ခဲ့တဲ့ စစ်အာဏာရှင်တွေတောင် အန်တီ့ကို တန်ဖိုးထားရကောင်းမှန်းသိလာပြီ။

ဒေါ်အောင်ဆန်းစုကြည်ဟာ ကျွန်မ တစ်ယောက်တည်း ကျွန်မတို့ တိုင်းပြည်နဲ့လူမျိုးရဲ့ သူရဲကောင်းသာမက တစ်ကမ္ဘာလုံးရှိနေတဲ့ပြည်သူတွေ နိုင်ငံခေါင်းဆောင်တွေရဲ့ သူရဲကောင်းပါ။ ကျွန်မကတော့ သက်ရှိသူရဲကောင်း ဒေါ်အောင်ဆန်းစုကြည်ကို လေးစားတယ် အားကျတယ်၊ သူ့လမ်းစဉ်ကို လိုက်လျှောက်နေတယ်လို့ပဲ ပြောချင်ပါတယ်။



# ပုဏ္ဏာမိ

## Humanitarianism

Humanitarianism ဆိုတာကတော့ လူသားချင်း စာနာထောက်ထားမှုပေါ့။ သူ့မှာ တခြားအဓိပ္ပာယ်လေးတွေ ထပ်ရှိသေးတယ်။ လူတစ်ယောက်မှာ Ethics of Kindness ဆိုတာက ရှိကိုရှိထားသင့်တယ်။ လူရယ်လို့ ဖြစ်လာရင် ပင်ကိုကြင်နာတတ်တဲ့ စိတ်လေးတွေက ပါလာတတ်ပါတယ်။ ပြီးတော့ ဘယ်လို အကျိုးအမြတ်ကိုမှ မမျှော်လင့်တဲ့ စေတနာ သဒ္ဓါတရားလေး ရယ်ပါရမယ်။ ဒီအလှူတစ်ခုကို လှူလိုက်တယ်ပေါ့။ လှူပြီးရင် ဒီအလှူကနေ ငါဘယ်လိုအကျိုးအမြတ် ပြန်ရနိုင်မလဲ။ ဘယ်လိုအကျိုးရအောင် ပြန်လုပ်ရမလဲ ဆိုရင် ဒီအလှူက အကျိုးကို မျှော်တာဖြစ်သွားပြီ။ ဒါဆိုစေတနာ သဒ္ဓါတရားက မမှန်တော့ဘူးပေါ့။ နောက်ပြီး sympathy လို့ခေါ်တဲ့ ထောက်ထားမှုနဲ့ ကရုဏာတရားပေါ့။ တစ်ယောက်နဲ့ တစ်ယောက် ကရုဏာတရားနဲ့ ထောက်ထားညှာ တာမှုကလည်း ရှိရမယ်၊ အဲဒီတော့ humanita- rianism ဆိုရင် အချက်သုံးချက်ပါရမယ်။ Ethics of kindness ဆိုတဲ့ ကြင်နာတတ်တယ် စိတ် ထားရယ်၊ အကျိုးအမြတ်ကို မမျှော်ဘဲ စေတနာနဲ့ လုပ်ပေးရတဲ့အပြုအမူရယ် နောက်ပြီး Sympathy လို့ခေါ်တဲ့ ညှာတာထောက်ထားမှုရယ်ပေါ့။ ဒီသုံးခုကို ပေါင်းစပ်ထားရမယ်။ လူသားချင်းစာနာ ထောက် ထားတယ်ဆိုတာ နေရင်းထိုင်ရင်းနဲ့တော့ ဖြစ်ချင်မှဖြစ်မှာပေါ့။ အဲဒီလိုဖြစ်ဖို့က အခြေအနေတစ်ခု လိုတယ်။ ဘယ်လိုအခြေအနေလဲဆိုတော့ လူသားတွေကြုံတွေ့လာနိုင်တဲ့ humanitarian crisis လို့ခေါ်တဲ့ သဘာဝဘေးအန္တရာယ်တို့ စစ်ဘေးတို့

Asian Fame Media Group


ပေါ့နော်။ အဲဒီလိုမျိုးအချိန်မှာ လူတစ်ယောက်ရဲ့ဘဝကို လုံခြုံမှုပေးနိုင်ရမယ်။ နောက်ပြီး သူတို့ခံစားနေရတဲ့ဟာတွေကို ပြုပြင်ပြောင်းလဲပေးနိုင်ရမယ်။ လူမှာဘယ်လောက်ပဲ ဆင်းရဲနိမ့်ကျသူပဲဖြစ်ဖြစ်၊ ဘယ်လိုမျိုးနွယ်စုပဲဖြစ်ဖြစ် human dignity ဆိုတာရှိတယ်။ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးရမယ်။ လူတစ်ယောက်ကို လူလိုသတ်မှတ်ဖို့အတွက်ဆိုရင် ရုတ်တရက် အခြေအနေမှာ မတွေ့နိုင်ပေမယ့် အခြေအနေတစ်ခုမှာဆိုရင်တော့ လိုကိုလိုအပ်တယ်။

## Health

Health ဆိုတာက လူတစ်ယောက်မှာ Physical Health, Mental Health, Social Health ဆိုပြီးရှိတယ်။ လူရေး၊ စိတ်ရေး၊ လူမှုဘဝရေးကောင်းမွန်နေမှ ကျန်းမာတယ်လို့ ခေါ်တာပေါ့။ လူက ရောဂါကင်းရမယ်။ အိုမင်းမစွမ်းမှုက ကင်းဝေးနေရမယ်။ Social well-being ကောင်းနေမယ်။ ဒါဆို ဒီလူက ကျန်းမာတဲ့ လူပဲပေါ့။ လူ တစ်ယောက်ကျန်းမာဖို့ကတော့ အဓိကကတော့ သူ့ရဲ့ Life Style နဲ့ ဆိုင်တယ်။ Life Style ဆို တာကိုယ်ကျင့်သုံးတဲ့ ဘဝနေမှုပုံစံပဲလေ။

> “
>
> လူတွေကကျန်းမာနေစဉ်မှာတော့မကျန်းမာတဲ့အခါရမယ့်ဆိုးကျိုးတွေကိုမသိကြဘူး။ အဲဒီတော့ကျန်းမာခြင်းရဲ့ကောင်းကျိုးကိုလည်းမသိကြဘူး။ မေ့ထားကြတယ်ပေါ့။ ကိုယ့်ရဲ့ဘဝတစ်ခုလုံးအတွက်ကကျန်းမာခြင်းကနံပါတ်တစ်အရေးကြီးဆုံးပဲ။ လူငယ်တွေကကျန်းမာခြင်းရဲ့တန်ဖိုးကိုသိထားရမယ်။ လူတော်လူကောင်း ဖြစ်ဖို့ဆိုရင် ပထမအဆင့်ကကျန်းမာဖို့ပါပဲ။

ကျန်းမာ ဖို့က Health Education လည်းရှိရမယ်။ ကျန်းမာအောင် ဘယ်လိုနေရမလဲဆိုတဲ့ အသိကအရေးကြီးတာကိုး။ ဒါမှ မှန်ကန်တဲ့ Life Style ဖြစ်မှာပေါ့။ နောက်ပြီး Social Health ပေါ့။ Social Health အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ပြောရမယ်ဆိုရင်တော့ Social well-being နဲ့ ဆက်စပ်နေတယ်။ လူတစ်ယောက်က သူ့မှာ ဆင်းရဲမယ် ပညာနိမ့်ကျမယ်ဆိုရင် ဒါက



well-being မရှိဘူးပေါ့။ ဒါဆိုရင် Social Health မှာ အနည်း အများထိခိုက်နိုင်တယ်။ လူတွေက ကျန်းမာနေစဉ်မှာတော့ မကျန်းမာတဲ့အခါရမယ့်ဆိုးကျိုးတွေကို မသိကြဘူး။ အဲဒီတော့ ကျန်းမာခြင်းရဲ့ ကောင်းကျိုးကိုလည်း မသိကြဘူး၊ မေ့ထားကြတယ်ပေါ့။ ကိုယ့်ရဲ့ ဘဝတစ်ခုလုံးအတွက်က ကျန်းမာခြင်းက နံပါတ်တစ်အရေးကြီးဆုံးပဲ။ လူငယ်တွေက ကျန်းမာခြင်းရဲ့ တန်ဖိုးကို သိထားရမယ်။ လူတော်လူကောင်း ဖြစ်ဖို့ဆိုရင် ပထမအဆင့်က ကျန်းမာဖို့ပါပဲ။

## Hero

Hero ဆိုတာကတော့ လူတစ်ယောက်မှာ သိသာခြားနားတဲ့ အရည်အချင်းတွေရှိနေတာပေါ့။ သူများနဲ့မတူတဲ့ ရဲရင့်သတ္တိရှိတာတို့ သူများတွေ မလုပ်နိုင်တာကိုလုပ်နိုင်တာတို့ကတော့ Hero ပဲပေါ့။ လူတွေစံထားရမယ့် မြင့်မြတ်တဲ့ အရည်အသွေးပိုင်ဆိုင်ထားတဲ့ သူတွေပေါ့။ အဲဒါတွေပေါ် မူတည်ပြီး လူတွေက သူ့ကို Admire Person အဖြစ် သတ်မှတ်ကြတာပေါ့။ Hero အဖြစ် သတ်မှတ်ပုံကျတော့ လူတစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး၊ သူ့ရဲ့ ပတ်ဝန်းကျင်၊ သူ ကျင်လည်နေတဲ့ လူမှုအသိုင်းအဝိုင်းနဲ့ အများကြီးဆိုင်ပါတယ်။ အဲဒီတော့ တစ်ယောက်ရဲ့ Hero နဲ့ နောက်တစ်ယောက်ရဲ့ Hero က မတူနိုင်ဘူး။ ဘယ်လို field မျိုးမှာပဲ ဖြစ်ဖြစ် သူများနဲ့ မတူတဲ့ Superior quality ရှိတဲ့လူက Hero ပေါ့။ လူဆိုတာမျိုးက တစ်ခုခုကို ကိုးကွယ်နေရရင် ယုံကြည်နေရရင် စိတ်လုံခြုံတတ်တဲ့ သဘောရှိတယ်။ တစ်ယောက်ယောက်ကို လေးစား အားကျနေရရင် သူ့အတွက် လုံခြုံနေတာပေါ့။ အဲဒါကြောင့်လို့လည်း ဘာသာတရား ဆိုတာ ရှိတာလေ။ လူဆိုတာက လူလူချင်းလေးစားပြီဆိုရင် ဒီအတိုင်းပြီးမသွားဘူး။ လေးစားပြီးရင် အားကျမယ်၊ အားကျပြီးရင် အတုယူတော့မယ်၊ ဒါကြောင့် ကိုယ် သတ်မှတ်ထားတဲ့ ကိုယ့်ရဲ့ Hero က မှန်နေဖို့ အရေးကြီးတယ်၊ လမ်းတကာ လှည့်ပြီး ရန်ဖြစ်နေတဲ့သူကို ကိုယ့်ရဲ့ Hero လို့ သတ်မှတ်မိရင်တော့ မှားသွားမှာပေါ့။ Hero သတ်မှတ်ချက်ကလည်း လူငယ်တစ်ယောက်ရဲ့ ဘေးက မိဘတွေ၊ ပတ်ဝန်းကျင်တွေနဲ့လည်း ဆိုင်တတ်တယ်။ ဒါကြောင့် လူငယ်ရဲ့ဘေးက ပတ်ဝန်းကျင်အသိုင်းအဝိုင်းက အရေးကြီးတယ်။

အစ်မကတော့ field ပေါ် လိုက်ပြီး ကွဲတယ်။ အစ်မက ဗုဒ္ဓဘာသာ တစ်ယောက်ဆိုတော့ အစ်မရဲ့ အနိုင်းမဲ့ Hero က ဗုဒ္ဓမြတ်စွာ ဘုရားပါ။ နောက်ပြီး အစ်မက အိမ်ထောင်ရှင်မလည်းဖြစ် မိခင်တစ်ယောက်လည်းဖြစ်တော့ အဲဒီအပိုင်းမှာဆိုရင် အစ်မရဲ့အမေက အစ်မရဲ့ Hero ပဲ။ အစ်မ အမေရဲ့ဘဝကို လေးစားအားကျတယ်။ သူ့ရဲ့ အိမ်ထောင်ထိန်းသိမ်းပုံ၊ သားသမီးတွေ စောင့်ရှောက်ပုံကို အတုယူရတယ်။ Hero ဆိုတာက ကိုယ်သတ်မှတ်ချက်ထားတဲ့အခါ မှန်နေဖို့လိုပါတယ်။ သူ့ဘဝတိုးတက်ဖို့အတွက် သူ့ဘဝလျှောက်လှမ်းဖို့အတွက် အရေးပါနေတာကိုး။ **ဖြိုးစုပိုပို**

Asian Fame Media Group



# BEYOND THE WOMEN

# ဒေါ်အောင်ဆန်းစုကြည်

ဒေါင်ထက် (NYK)

**တည်နေရာ**အရပ်ရပ်တွင် လူများစွာ ဖြတ်သန်းခဲ့နေကြသည်။ သို့သော် အသွင်သဏ္ဌာန် ကွဲပြားမှုကိုယ်စီ ရှိကြမည်ထင်၏။ ဘဝသည် လိုချင်သော သရုပ်ဖော်ပုံတူရေးဆွဲ ရနိုင်ဖို့ရာ ခက်ခဲမည်ဖြစ်ရကား လှုပ်ရှားရုန်းကန် နေကြရသော လူ့လောက၏ ပုံသေမဟုတ်သော ကားချပ်များကို အသွင်ကူးပြောင်းရေး ကာလများတွင် အသက်ဆက်ရှင်သန်နေနိုင်ရေးအတွက် မည်သည့်ခေတ် မည်သည့်ကာလ၊ မည်သည့် အချိန်မဆို ရှင်သန်အားထုတ်နေကြရသည် မဟုတ်ပါလား။ လန်းဆန်းသည်(သို့မဟုတ်) ပင်ပန်းသည်။ ချမ်းသာသည် (သို့မဟုတ်) ဆင်းရဲ သည် အစစသော လူတစ်ဦးတစ်ယောက်၏ လှုပ်ရှားရုန်းကန်နေရသော ဘဝအချိုးအကွေ့များစွာ. . ။ နောက်ပြန်လှည့်ကြည့်ပါက ကျန်နေခဲ့ သော သဏ္ဌာရာဇ်များကို လက်ချိုးရေတွက်ရုံဖြင့် မပြီးသာ. . . ။ ကမ္ဘာ ၊မြို့ ၊ ရွာကျေးလက်သက်ရှိ လူတို့၏ အချို့အချို့သော အားထုတ်ရုန်းကန်နေမှုတို့သည် သမိုင်း တစ်စ ၊အနာဂတ်တစ်ခု၊ မှတ်သားလောက်စရာအချို့အဖြစ် ကျန်နေရစ်မည်မှာ အချိန်ကာလတစ်ခုအထိ သေချာမည်ထင်၏။ မလျှောက်ရသေးသောလမ်းကို ရွေးချယ်လျှောက်လှမ်းနိုင်စွမ်း ကိုယ်စီရှိကြသော်လည်း လျှောက်ခဲ့ပြီးသော ဘဝလမ်းဟောင်းများအတွက် မွမ်းမံပြင်ဆင်ဖို့ရာ မဖြစ်နိုင်သည်မှာ ထို့ထက်ပင်သေချာ၏။

ပင်ကိုစွမ်းရည် ပင်ကိုစိတ်ဓာတ်ဖြင့် အားထုတ်ကြိုးပမ်းရေးအတွက် လှုပ်ရှားရှန်းကန်နေခြင်းတို့တွင် စိတ်ဓာတ်၊ ဉာဏ်၊ ခွန်အားတစ်ခုခု သောရသတို့ကို ရရှိစေဖို့ရာရည်ရွယ်၍ ယခုလထုတ် ရတီမဂ္ဂဇင်း၏ Beyond The Women ကဏ္ဍအတွက် မြန်မာ့ဒီမိုကရေစီ လူထုခေါင်းဆောင် ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် (တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ဥက္ကဋ္ဌ) နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးရပ်နားချိန် (အောက်တိုဘာလ ၂၃ ရက်နေ့)တွင် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်။







**မေး။ ။ပထမဦးဆုံးအနေနဲ့ မျိုးချစ်စိတ်ဆိုတာ ဘယ်အချိန်က စပြီးခံစားမိတာလဲဆိုတာ သိပါရစေ ခင်ဗျာ။**

ဖြေ။ ။ အဲဒီမျိုးချစ်စိတ် ၊မျိုးချစ်စိတ်ဆိုတဲ့ အကြောင်းကို သိပ်မပြောချင်ဘူး၊ဘာဖြစ်လို့လဲ ဆိုတော့တချို့က မျိုးချစ်စိတ်၊ မျိုးချစ်စိတ်ဆိုပြီး ကိုယ်လုပ်ချင်တာလုပ်တာမျိုးကို မျိုးချစ်စိတ်နဲ့ အကြောင်းပြပြီး မျိုးချစ်စိတ်နဲ့ လုပ်တယ်လို့ ပြောတယ်၊လူတိုင်းလူတိုင်းက ကိုယ့်ရဲ့ ပတ်ဝန်းကျင်က ကိုယ့်အမျိုးအဆွေ ကိုယ့်မောင်နှမသားချင်းတွေကို ချစ်သလို ကိုယ့်ရဲ့ လူမျိုးချစ်တဲ့ စိတ်ကတော့ အမြဲတစေအားဖြင့်တော့ ရှိနေမယ်လို့ ထင်ပါတယ်။

**မေး။ ။ အမေ့ရဲ့ မပြောင်းလဲခဲ့တဲ့ မြန်မာဝတ်စုံနဲ့ပတ်သတ်ပြီး တစ်ခုလောက်မေးပါရစေ၊ အမေက မြန်မာပြည်က အမျိုးသမီးထုကို လမ်းပြပေးခဲ့တဲ့ ပုံစံမျိုးလား။**

ဖြေ။ ။မဟုတ်ပါဘူး၊အမေ့ဘာသာ အမေကြိုက်လို့ ဝတ်တာပါ၊

**မေး။ ။အမေ့အနေနဲ့ ပြည်ပခရီးစဉ်တွေမှာဝတ်ခဲ့တာကို ကမ္ဘာမှာ မြန်မာဝတ်စုံနဲ့ ပတ်သတ်ပြီး သတိထားလာကြတယ်လို့ ပြောလာကြတယ်၊ အဲဒါနဲ့ပတ်သတ်ပြီး ဖန်တီးပေးထားတဲ့သူ၊ ဒီဇိုင်နာပေါ့ ၊ခုလည်း လွှတ်တော်မှာ ဝတ်ဆင်နေတဲ့ အဝတ်အစားတွေနဲ့ ပတ်သက်ပြီးတော့ပါ။ ပြောလို့ ရရင်ပြောပေးပါဗျာ။**

ဖြေ။ ။ ခုဝတ်ထားတာက ကရင်လုံချည်ပေါ့၊ (ရယ်လျက်)၊ အင်း. . . . ဒီဇိုင်နာရယ်လို့ မရှိပါဘူး၊ ဒီလိုပဲ . . ၊ တချို့တွေကျတော့ သူများတွေချုပ်ပြီးပေးလည်း အမေဝတ်တာပဲ၊ သူများပေးတာ

ဝတ်တာများတာပေါ့နော်၊ နောက်ထပ် ကိုယ့်ဟာကိုယ်လည်း ဒီလိုပဲ ချုပ်ဝတ်တာပဲ၊ ဒီဇိုင်နာရယ်လို့တော့ မဟုတ်ပါဘူး။

**မေး။ ။ ဘဝမှာ အတွေ့အကြုံ အပြောင်းအလဲတွေ ကြားမှာ ဘယ်လိုစိတ်ဓာတ်မျိုးနဲ့ ကျော်ဖြတ်ခဲ့တာလဲ၊ အဓိက စိတ်ဓာတ်လေးတစ်ခု သိပါရစေ။**

ဖြေ။ ။ ဘဲ့ဒါပြောရခက်တယ်၊ စိတ်ဓာတ်ဆိုတာ တစ်မျိုးတည်းမှ မဟုတ်တာဘဲ၊ ကိုယ်တွေ့ကြုံရတဲ့



ဖြစ်ရပ်တွေပေါ်မှာ မူတည်ပြီးတော့ စိတ်ဓာတ်က ပြောင်းလဲတာပေါ့၊ ပျော့ပျောင်းသင့်တဲ့ နေရာမှာ ပျော့ပျောင်းတယ်။ တင်းမာသင့်တဲ့နေရာမှာ တင်းမာတယ်၊ အဲဒီတော့ အမေအမြဲပဲပြောတယ် တင်းမာတာမဟုတ်ဘူး၊ ခိုင်မာတာပေါ့၊ ပျော့ပျောင်းတာနဲ့ ပျော့ညံ့တာမတူဘူး၊ ခိုင်မာတာနဲ့ တင်းမာတာနဲ့ မတူဘူးလိုအပ်ရင် လိုအပ်သလိုပေါ့၊အမြဲပဲ ဒါ ပျော့ပျောင်းနေလို့လည်း မရဘူး၊ ပြောရမယ်ဆိုရင် တိုက်ဖို့လိုရင်လည်း တိုက်ရမှာပဲ ခံဖို့လိုရင် လည်းခံရမှာပဲ၊ရှောင်ဖို့လိုရင်လည်း ရှောင်ရမှာပဲ၊ လျှော့ဖို့လိုရင်လည်း လျှော့ရမှာပဲ(ရယ်လျက်)။ ဒါက ကိုယ့်ရဲ့ မူအရလုပ်သင့်တာတွေကို လုပ်နိုင်ဖို့ စိတ်ဓာတ်ကို ပြောင်းသွားရမှာပါ။

**မေး။ ။မိသားစုနဲ့ ခွဲခွာခဲ့ရတဲ့ အချိန်မှာ ကြံ့ကြံ့ခိုင်နေထိုင်နိုင်ခဲ့တဲ့သတ္တိကိုလည်း တစ်ချက်လောက်သိပါရစေ။**

ဖြေ။ ။ အဲဒါကတော့ တာဝန်သိစိတ်လို့ပဲ ပြောရမှာပဲ၊ အမေတို့ငယ်ငယ်တည်းက မေမေ (ဒေါ်ခင်ကြည်) က အင်မတန်မှ တာဝန်သိတယ်၊ မေမေ့ရဲ့ တာဝန်သိစိတ်က အင်မတန်မှလည်း ကြီးတယ်၊ ကလေးတွေကိုလည်း တာဝန်သိစိတ်ရှိဖို့ သင်ထားတယ်။ အဲတော့ ကိုယ့်ရဲ့ပုဂ္ဂိုလ်ရေးအရ ခံစားချက်တွေထက် ကိုယ့်တာဝန်လို့လက်ခံတဲ့ ကိစ္စကို ရှေ့တန်းတင်ရမယ်ဆိုတဲ့ဟာကိုတော့ ဒါငယ်ငယ်က ပြုစုပျိုးထောင်ထားခဲ့တာပါ။

**မေး။ ။ မှန်ကန်ခြင်းနဲ့ ရဲရင့်ခြင်းအဓိပ္ပာယ်ကို ကျတော့ ဘယ်လို အဓိပ္ပာယ်ဖွင့် ချင်ပါသလဲ ခင်ဗျ။**

ဖြေ။ ။မှန်ကန်ခြင်းဆိုတာကတော့နော်၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်ဟာက မှန်ကန်သလဲဆိုတာ တစ်ခါတလေ အငြင်းပွားကြတာပေါ့၊ ဒါပေမဲ့လည်း ကိုယ့်ရဲ့ ဖေဖေပြောခဲ့တဲ့ အသုံးအနှုန်းဆိုရင်တော့ ကိုယ့်လိပ်ပြာခိုစိုးရှေ့မှာ ကိုယ်မားမားမတ်မတ် ရပ်တည်နိုင်မှု။ မှန်ကန်လားမမှန်ကန်လားဆိုတာ အဲ့ဒါနဲ့ ဆုံးဖြတ်ရမှာပေါ့၊ ရဲရင့်တယ်ဆိုတာက ကိုယ်မှန်ကန်တဲ့ကိစ္စအတွက် ထိမယ်ထင်ရင်လည်း၊ နာမယ်ထင်ရင်လည်း ထိမှာနာမှာကို ရင်ဆိုင်မယ်ဆိုတဲ့ သတ္တိကို ထုတ်တာဟာ . . ဒါ ရဲရင့်တာပေါ့၊

**မေး။ ။ အခု ပြုပြင်ပြောင်းလဲရေးကာလမှာ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေးအရေးတွေပေါ့။ အဲဒါမှာ ဘယ်အရာက မြန်မာနိုင်ငံအတွက် ပထမဆုံးအဓိက လိုအပ်မယ်လို့ ထင်မိပါသလဲ ။**

ဖြေ။ ။ ပညာရေး၊ စီးပွားရေး၊ လူမှုရေးမှာ ပညာရေးကတော့ အဓိကအရေးကြီးတယ်။ ပညာရေးကို အခြေခံမှ မှန်ကန်တဲ့စီးပွားရေးမူတွေလည်း ချနိုင်မယ်၊ မှန်ကန်တဲ့စီးပွားရေးလမ်းကိုလည်း လျှောက်နိုင်မယ်။ နောက် . . လူမှုရေးကလည်း ပညာရေးက အများကြီးအကျုံးဝင်တာပေါ့နော်၊ ပညာရေးက မှန်ကန်လို့ရှိရင် မှန်ကန်တဲ့ လူမှုရေးဆက်ဆံမှုတွေကလည်း မှန်ကန် လာမှာပေါ့၊ အမေတို့ ငယ်ငယ်တုန်းကဆိုလို့ရှိရင် စိတ်ဓာတ်ကောင်းမွန်ဖို့ . . ။ ဒါမျိုးတွေက အများကြီးသင်တာတွေ ရှိတယ်၊ သားတို့ခေတ်မှာ ဒါ တွေက ကျောင်းတွေမှာ သိပ်မသင်ဘူးပေါ့၊အဲတော့ ပညာရေးက စိတ်ဓာတ်မှန်ကန်ဖို့နဲ့ ဆက်စပ်တယ်ဆိုတော့ လူမှုရေးနဲ့လည်းဆက်စပ်သွားတာပေါ့။

**မေး။ ။ လက်ရှိတက္ကသိုလ် ပညာရေးကိုရော ဘယ်လိုပြင်ဆင်ဖို့ ရည်ရွယ်ထားပါသလဲ ခင်ဗျာ။**

ဖြေ။ ။ ဒါကတော့ အမေတစ်ယောက်တည်း ပြင်ဆင်မှာလည်း မဟုတ်ဘူး၊ ဒါအားလုံးကျွမ်းကျင်တဲ့ သူတွေ ၊တကယ်စိတ်ပါဝင်စားတဲ့ သူတွေနဲ့ဆွေးနွေးပြီးလုပ်ရမယ့်ကိစ္စပါ၊ အဓိကကတော့ တက္ကသိုလ်ပညာရေးဆိုတာက ကျယ်ပြန့်ရမယ်၊ နက်နဲရမယ်၊ တက္ကသိုလ် ပညာရေးဆိုတာ ဒီလူငယ်တွေကို ဘဝစိန်ခေါ်ချက်တွေကို ရင်ဆိုင်နိုင်အောင်လို့ သင်ပေးတာပဲ ဖြစ်ရမယ်၊ ဒီလိုဘွဲ့တံဆိပ်လေး ရရုံနဲ့မရဘူး၊ ဒါကြောင့်မို့ အမေတို့အနေနဲ့ ဒီတက္ကသိုလ်ဘဝ ရှင်သန်ရေးပေါ့နော်၊ campus Life ပေါ့၊ အဲဒါ သိပ်အရေးကြီးတယ်၊ ဘာလို့လဲဆိုတော့ အဲဒီလိုနေရာမှာ ဒီလိုဘဝစိန်ခေါ်မှုတွေ ဘယ်လို ရင်ဆိုင်ရမယ်ဆိုတာ တတ်လာမယ်၊နောက်ပြီးတော့ Social Skill လူမှုရေး ကျွမ်းကျင်မှုတွေလည်း ရလာတာပေါ့၊ Lecture တွေကိုလည်း အခန်းထဲမှ မဟုတ်ဘူး၊ ကျောင်းခန်းထဲမှ ရတာမဟုတ်ဘူး၊ ကျောင်းပြင်ကလည်းရတာ၊ အဲဒီအတွက် ဦးတည်ပြီးတော့ တက္ကသိုလ် ပညာရေးကို ပြန်ပြီးထူထောင်ရမှာပါ၊

**မေး။ ။လက်ရှိမြန်မာနိုင်ငံရဲ့ မျိုးဆက်သစ်လူငယ်တွေကြားထဲမှာ အားရကျေနပ်မှု ရှိပါသလား။ မြင်ရတာရော၊ကြားရတာရောတွေ့ရတာရောပေါ့။**

ဖြေ။ ။ အားရကျေနပ်မှုရှိပါတယ်၊ အမေတို့ ဒီကြားဖြတ်ရွေးကောက်ပွဲအတွက် စည်းရုံးတဲ့အခါ လူငယ်တွေ တက်ကြွစွာ ပါဝင်လာကြတယ်၊ လူငယ်တွေမှာအန္တရာယ်တော့ ရှိတာပေါ့နော်၊ လူငယ်ဆိုတော့ စိတ်က နုသေးတာပေါ့၊ စိတ်တနုတဲ့ အခါကျတော့ တစ်ခါတစ်ခါ ဆွဲဆောင်ရာကို ပါသွားတတ်ကြတယ်။ အဲဒါကတော့ လူငယ်တွေ မပြောပါနဲ့ လူကြီးတွေတောင် စိတ်တခိုင်မာတာ မဟုတ်ဘူး။ အဲဒီတော့ လူငယ်တွေမှာ အပြစ်ကြီးတယ်လို့တော့ အမေမမြင်ဘူး၊ဒါပေမဲ့ ဒါကို ထိန်းကွပ်ဖို့တော့ အရေးကြီးတာပေါ့၊

**မေး။ ။အရှေ့တောင်အာရှ နိုင်ငံတွေမှာ မြန်မာနိုင်ငံက ယောကျ်ား မိန်းမ ခွဲခြားဆက်ဆံမှု နည်းတယ်လို့ပြောကြတယ်၊ အဲဒါမှာ အမေ့ အနေနဲ့ ဘယ်လို သုံးသပ်ထားတာ ရှိပါသလဲ၊အဲဒါလေး ပြောပေးပါ။**

ဖြေ။ ။ နည်းတယ်ဆိုပေမယ့်လည်း ရှိတော့ရှိသေးတာပဲ ၊ယောကျ်ား မိန်းမခွဲခြားမှုဟာ ရှိသေးတာပဲ၊အမြဲပဲပြောတယ်၊ ဟို. . . သားကိုသခင်၊ လင်ကိုဘုရား. . ဆိုတာဒါ ဘယ်လို အဆိုလဲ (ပြုံးလျက်) လုံးဝ လက်မခံနိုင်ဘူး။ ဒါလက်ခံနိုင်တဲ့ဟာ မဟုတ်၊အဲဒါဆိုရင် ခွဲခြားမှုရှိတယ်ဆိုတာတွေပဲ၊နောက်ပြီးတော့ ကျန်းမာရေး အရလေ့လာလိုက်တဲ့အခါဆိုရင် . ။ ချို့တဲ့တဲ့ မိသားစုတွေထဲမှာ အာဟာရဓာတ်မပြည့်ဆုံးက အဲဒီအမျိုးသမီးတွေဖြစ်တယ်ဆိုတာ တွေ့ရတယ်၊ သူ့ရဲ့သားသမီးတွေ၊ သူ့ရဲ့ခင်ပွန်းသည်အတွက် အမြဲပဲ ဦးစားပေးတယ်၊ သူကအကျန်လေးတွေကို စားတယ်၊အသားနှစ်တုံး သုံးတုံးရှိတယ်ဆိုလို့ရှိရင်လည်း သူက မစားဘူး။ ကျန်တဲ့ မိသားစုတွေ ကျွေးတယ်။ စသဖြင့် နောက်ပြီးတော့ မိသားစုတော်တော်များများမှာလည်း သားယောကျ်ားလေးတွေကို မျက်နှာသာပေးတာ ခုထက်ထိ ရှိနေပါတယ်။ နောက်ဆေးတက္ကသိုလ်ကိစ္စ အမေ ခဏခဏ ပြောတာလေ ။အမှတ် . . ၊ မိန်းကလေးတွေဆို အမှတ်ပိုများဖို့လိုတယ်ဆိုတာ၊ ဒါလည်း မိန်းမယောကျ်ားခွဲခြားဆက်ဆံမှုပဲ။

**မေး။ ။ နိုင်ငံအတွက်တာဝန်ကျေတဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ဟာ သူ့ရဲ့မိသားစုအပေါ်မှာ တာဝန်ကျေဖို့ရာနှုန်းအားဖြင့် ဘယ်**

Asian Fame Media Group

**လောက်ရှိမယ်လို့ အမေ ယူဆပါသလဲ။**

ဖြေ။ ။ဒါကတော့ ကိုယ်က ဆုံးဖြတ်ရမှာပေါ့။ တိုင်းပြည်တာဝန်ကို ယူမှာလား၊ကိုယ့် မိသားစု တာဝန်ကိုယူမှာလား၊ကောင်းတဲ့ နိုင်ငံတွေမှာက ဒီဟာကိုရွေးစရာမလိုဘူး။ ကိုယ်ကလည်း ကိုယ့်နိုင်ငံရဲ့ တာဝန်ကိုယူရင်းနဲ့ မိသားစုတာဝန်ကို ယူသွားလို့ရတယ်၊ ဒါပေမဲ့ အင်မတန်မှ ခက်ခဲတဲ့ အခြေအနေမှာဆိုရင် ဒီနှစ်ခုထဲက တစ်ခုကို ရွေးရတာပဲ၊ရွေးတဲ့အခါ ပြတ်ပြတ်သားသား ရွေးပေါ့။ ကိုယ်က အိမ်ထောင်ဦးစီးအနေနဲ့ပဲနေမှာလား၊ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ နေမှာလား၊ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ နေမယ်ဆိုရင် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ ရပ်တည်မယ်ဆိုလို့ရှိရင်တော့ နိုင်ငံကိုပဲ ရွေးရမှာပဲ။

**မေး။ ။ မြန်မာအမျိုးသမီးတွေက မည့်ကြပေမယ့် ထိပ်တန်းနေရာတွေရောက်တဲ့ နေရာမှာ နည်းနည်း မရှိသလောက် နည်းတယ်လို့ ယူဆရတဲ့ အတွက် ဘယ်လိုပြုပြင်ထိန်းသိမ်းမှုတွေနဲ့ ကြိုးစားအားထုတ်မှုတွေ လိုအပ်မယ်လို့ ထင်ပါသလဲ ခင်ဗျ။**

ဖြေ။ ။ အဲဒါကလေ လူမှုရေးတွေနဲ့ ဆိုင်တာပေါ့နော်၊ လူမှုရေးစံနှုန်းထားတွေနဲ့ ဆိုင်တာပေါ့၊ နောက်ပြီး ဥပဒေတွေနဲ့ဆိုင်တယ်လို့ အမေထင်တယ်။ ဘာလို့လဲဆိုတော့ အခု တချို့နိုင်ငံတွေတော်တော်များများမှာ အမျိုးသမီးတွေ လွှတ်တော်အတွင်း ပါဝင်ရေးအတွက် လုပ်ထားတာ ကာလအတိုင်းအတာတစ်ခုအထိ လိုတယ်။ တစ်ခါတလေ အမျိုးသမီးတစ်ယောက်အနေနဲ့ တိုးတယ်ဆိုလို့ရှိရင် တိုးတယ်လို့ မြင်တယ်၊ အမျိုးသားတစ်ယောက် အနေနဲ့ကျလို့ရှိရင်တော့ လုပ်ရဲကိုင်ရဲတယ်လို့ မြင်ကြတယ်၊ တာဝန်ယူရဲတယ်။ အမျိုးသမီးကျတော့ တွန်းတယ်၊ တိုးတယ်၊ နေရာယူတယ်။ ဒါပေမဲ့ နေရာယူတဲ့နေရာမှာ အမျိုးသားတွေကတော့ ဇော်ပဲ။ (ရယ်လျက်)

**မေး။ ။ အမေ့အနေနဲ့ တစ်ယောက်တည်း နေခဲ့ရစဉ်အတွင်းမှာ သားတွေအပေါ် လွမ်းဆွတ်မှု အတိုင်းအတာ ဘယ်လောက်ရှိခဲ့ပါသလဲ။**

ဖြေ။ ။အမေက ကိုယ့်ကိုယ်ကိုယ် မလွမ်းအောင် နေတတ်တယ်၊ဒါ ငယ်ငယ်တည်းကပါ။ လွမ်းတယ်ဆိုတဲ့ အလုပ်မလုပ်ဘူးလို့ ဆုံးဖြတ်ထားတယ်။

**မေး။ ။ စိတ်ခွန်အားနဲ့ ဉာဏ်စွမ်းအားမှာ ဘယ်အရာက အမေ့အတွက် အလိုအပ်ဆုံးလို့ ယူဆပါသလဲ ခင်ဗျ။**

ဖြေ။ ။ စိတ်ခွန်အားကတော့ အခြေခံဖြစ်ရမှာပဲ ပညာက အလွဲသုံးစားလုပ်လို့ရတယ်။ မမှန်ကန်တဲ့ စိတ်ရှိတဲ့ ပညာရှိဆိုရင် အင်မတန် အန္တရာယ်များတယ်။ အဲဒီတော့ စိတ်ဓာတ်က အဓိကလို့ ထင်ပါတယ်။

**မေး။ ။ THE LADY ဇာတ်ကားဟာ အမေ့ရဲ့ ဘဝပုံရိပ်ကို ဖော်ပြပေးနိုင်မယ်လို့ ထင်ပါသလား။ အစစ်အမှန် အငွေ့အသက်လေးပါသလား ခင်ဗျ။**

ဖြေ။ ။ မသိဘူး၊ လုံးဝလည်းမကြည့်ဘူး၊ ကြည့်ဖို့လည်း ရည်ရွယ်ချက်မရှိဘူး၊

**မေး။ ။ ဗိုလ်ချုပ်ရဲ့ ဇာတ်ကားကို ရိုက်တဲ့အခါ အမေ ဘယ်လို အခန်းကဏ္ဍကနေပြီး ပါဝင်မယ်လို့ ယူဆထားပါသလဲ၊ ဇာတ်ကား ဖန်တီးမှုပီပြင်ပါ့**



**မလားဆိုတဲ့ စိုးရိမ်စိတ်ရော ရှိပါသလားခင်ဗျ။**

ဖြေ။ ။အဲဒါကတော့ ပီပြင်ပါ့မလားဆိုတဲ့ အတွေးလေးက အတိုင်းအတာတစ်ခုထိ ရှိတာပေါ့၊ ဒါပေမဲ့လည်းတော်တဲ့ အနုပညာရှင်တွေကို အားကိုးနေတယ်ဆိုတော့ ဒါကိုဖြစ်မြောက်မယ်လို့ထင်တယ်။ တခြားနိုင်ငံထကာကလည်း ကူညီချင်တဲ့ စိတ်တွေရှိတဲ့ အခါကျတော့ဒါ အောင်မြင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမဲ့ အမေ့အနေနဲ့ အနုပညာရှင်တွေ အလုပ်ကိုဝင်ပြီးတော့ နှောင့်ယှက်တာမျိုး မလုပ်ပါဘူး၊ ဝင်ပြီးတော့ ချုပ်ချယ်တာမျိုးမလုပ်ပါဘူး၊ ဒါပေမဲ့လည်း တချို့နေရာတွေမှာ အမေ့ကိုလည်း အကြံဉာဏ်တောင်းတာတွေတော့ ရှိမှာပေါ့။ အဲဒီ အခါကျလို့ ရှိရင်တော့လည်း အမေမြင်တာတွေ ပြောပြမှာပေါ့။

**မေး။ ။ ဒီအသက်အရွယ်မှာ အမြဲတမ်း လန်းဆန်းပြီး သွက်သွက်လက်လက် နေထိုင်နိုင်အောင် ဘယ်လိုများကျင့်ကြံနေထိုင်ပါသလဲ ခင်ဗျ။**

ဖြေ။ ။ စည်းကမ်းနဲ့နေတယ် (ရယ်လျက်)။ နောက်ဆုံး ဒါပါပဲ။ စည်းကမ်းရှိရှိနေလို့ရှိရင် ကျန်းမာရေးကောင်းပါတယ်။

**မေး။ ။ အခု အမေရေးတဲ့စာတွေကို စာဖတ်ပရိသတ်က သဘောကျတာတွေများတယ်ဆိုတော့ စာအုပ်တွေဘာတွေရော ထွက်ဖို့ရှိပါသလား ခင်ဗျ။**

ဖြေ။ ။စာအုပ်. . ၊ခုသတ်သတ်လုံးချင်းစာအုပ်ထုတ်ဖို့တော့ အချိန်လည်းမရှိဘူး၊ အဲဒီတော့ အစီအစဉ်လည်း မရှိသေးပါဘူး၊

**မေး။ ။ အမြဲပဲကျင့်သုံးနေထိုင်တဲ့ ဘဝနေနည်းလေးတစ်ခု၊ အဲဒီနည်းလေးတစ်ခုကို စာဖတ်ပရိသတ်အတွက် မျှဝေပေးနိုင်မလားခင်ဗျ။**

ဖြေ။ ။ ဘဝနေနည်း. . . ၊ ဘဝနေနည်းဆိုတော့ ပြောရတော့ခက်တယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်။ အမေကတော့ အဖြစ်ကိုအဖြစ်အတိုင်း ရင်ဆိုင်မယ်လို့ပဲ စိတ်ထဲမှာ ထားတယ်၊ အဖြစ်ကို အဖြစ်အတိုင်း မရင်ဆိုင်ဘဲနဲ့ ရှောင်လို့ရှိရင် ဘဝမှာ တိုးတက်မှုမရှိနိုင်ဘူး။ ရှင်သန်ဖို့လည်း မရှိနိုင်ဘူး၊အဲဒီတော့ ဘာမဆိုရင်ဆိုင်ရဲရမယ်၊ အဲလို ရင်ဆိုင်တဲ့အခါကျလို့ရှိရင် ကိုယ့်ဆုံးဖြတ်ချက် ကိုယ်ချ၊ ဒီဆုံးဖြတ်ချက်အတွက် ကိုယ်တိုင် တာဝန်ယူရမယ်၊ ဟိုလူ့ကိုလွှဲချ ဒီလူ့ကိုလွှဲချ ဒီလို မလုပ်ရဘူး။ တာဝန်ယူတဲ့ တာဝန်ယူစိတ်ရှိရမယ်။

**မေး။ ။ နိုင်ငံတော်သမ္မတကြီးက ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောသွားတာပါ၊ သူ့အနေနဲ့ သမ္မတဒုတိယသက်တမ်းကို ပြည်သူ့ဆန္ဒရှိရင်သူက အရွေးချယ်ခံမယ်လို့ ပြောထားတာကြောင့် အမေ့ရဲ့အမြင် သဘောထားလေး တစ်ချက်လောက်တော့ သိပါရစေ၊**

ဖြေ။ ။ အဲဒါ နောက်သက်တမ်းမှာ အရွေးချယ်ခံချင်တဲ့ ဘယ်သူမဆို အားလုံးကနေပြီးတော့ မျှမျှတတ အခြေခံပေါ်ကနေပြီးတော့ အရွေးချယ်ခံနိုင်အောင်လို့ ကြိုးစားပေးသင့်တယ်။အခုပြင်ရမှာပဲ၊ အခု ဒီဖွဲ့စည်းပုံအခြေခံဥပဒေက တရားမှမတရားတာ၊တရားမမျှတတဲ့ ဥပဒေအရတော့ ခေါင်းဆောင်လုပ်ချင်တဲ့ စိတ်မရှိသင့်ဘူးလို့ ဒီလိုပဲ မြင်ပါတယ်။

အောင်ထက် **(NYK)**

## ယဉ်ကျေးမှုသူလျှိုနှင့် မြို့ပြရန်ကုန်



တိုးတက်နေတဲ့ ရန်ကုန်အတွက် ယဉ်ကျေးမှုဟာ နောက်ဆုတ်ပေးရတယ်
ဒါဟာ မညီမျှခြင်းပုစ္ဆာတစ်ပုဒ်ပဲ သူ့အရပ်နဲ့သူ့ဇာတ်ဆိုတော့လည်း ရှိပါစေလေ
ရပ်ခုံအကြီးနဲ့ ချိတ်ထားတဲ့ဟာ ကုန်တိုက်တွေနဲ့နောက်ကွယ် ပုန်းအောင်းနေသလို
လောဘ ဒေါသ မောဟတွေကြားမှာ ဒီမြို့ဟာ မှုန်းကုပ်နေသလိုပဲ
အဆောင်းဆိုတာနဲ့ သမိုင်းကြောင်းလို့ မသတ်မှတ်စမ်းပါနဲ့
ဒါဟာ ခေတ်ကို နောက်ပြန်လှည့်နိုင်တာ မဟုတ်ဘူး နည်းနည်းလေးပဲ လှည့်ကြည့်နိုင်တာပါ
ကြောက်လန့်တကြားအော်ငိုနေတဲ့ ကလေးငယ်လို ဒီမြို့ကို တွေ့ခဲ့ရမယ်
ရန်ကုန်တက္ကသိုလ်၊ အင်းလျားကန်ပေါင်၊ အမျိုးသားပြတိုက် ...
စေလမြင့် ဒီမြို့မှာ ဂုဏ်ယူစရာတွေ အများကြီးပါ
ဒါကိုမှ ခင်ဗျားတို့မရောက်ဖူးတဲ့ ကိုရီးယားဆိုတာကြီးနဲ့
မနှိုင်းချင်စမ်းပါနဲ့ ကြားရတာ နားငြီးလွန်းတယ်
တိုင်းတစ်ပါးယဉ်ကျေးမှုဟာ တဖြည်းဖြည်းနဲ့ ဝါးမျိုလာနေပြီ
ဆံပင်ရှည်ရှည် သနပ်ခါးရည်ကျဲနဲ့မှ မြန်မာဆန်တဲ့ မိန်းကလေးပါ
မိတ်ကပ်တွေ ဆံပင်အရောင်တွေနဲ့ ခင်ဗျားကဘာကောင်လဲ
မြန်မာပြည်က ရန်ကုန်မြို့မှာ မြန်မာ့ယဉ်ကျေးမှုတွေ ထွန်းလင်းတောက်ပပါစေ ... ။

**ကျော်ဇက်ရေ**

## စိတ်အရောင်နဲ့ အဝိဇ္ဇာကဗျာ



စိတ်မလျော်ဘူး
ပီးပျက်တယ်
အရောင်ကို ကဗျာဟာ...
တယောလောင်ချိန်မှာထည့်ပြီး
ယူထွက်မယ့် ဘတ်စကားလို
ဆီးသည်တွေ မှာယာခတ်
ချုပ်မိပိန့်ရှုပ် အတွေးဟာလည်း
ရှုပ်ကုန်တော့တယ်။
ဆီးဆောက်ဖို့
အမှုကို အမှုနဲ့ဆက်လ
ပလုတ်တစ်ဆုပ်စာ ကဗျာတွေကြဲချလိုက်တယ်။
အမြင်မှာ သင်္ချိုင်းရာနဲ့ လေထား ဖယောင်းတိုင်
ညှို့နက်ငုက်နဲ့ ဦးခေါင်းတစ်လုံး
အဝိဇ္ဇာဖုံးသွားခဲ့
ခေါ်မရတဲ့ ဖုန်းကို ထပ်မံကွယ်
ပြန်နိုင်ဆက်သွယ်ခေါ်လို့
မရတော့သလို
အတွေးနဲ့အရေးဟာ
ထံတားထိုးပေးလို့ မရခဲ့
တကယ်တော့
ကဗျာဟာ... သူ့ဟာသူ
စိတ်ဆိုးထွက်သွားပြီ။
အမြစ်အပျက်က
စိတ်အရောင်နဲ့
မှင်အဲတော့(လ်)မင်(န်)တစ်ချောင်း
မပေါ်အောင်ချင်တော့တဲ့
သဘောတရားပါပဲ။

**မင်းလွင်ဦး (မြည့်)**

Asian Free Media Group

## အလင်းပျက်သူ

မပြိုခင်က ပျက်နေတဲ့
ချိုသွဲ့တဲ့ သဒီရတွေ
မပွင့်ခင်ကတည်းက ပွင့်နေတဲ့
အလွမ်း တံခါးရဲ့ရှေ့မှာ
တောင်ပံ ရှာပုံ ...
ကိုယ့်လိပ်ပြာ ကိုယ်လုံနိုင်ဖို့
အိပ်မက်တို့ မက်နေရင်း
စိတ်ဓာတ်တွေ ပွန်းပဲ့
ဆုံးဖြတ်ချက်တချို့ရဲ့ ရှေ့က
နှိုးတုံ့ချတုံ့ ကိစ္စတွေမှာ
သိက္ခာတရားတွေ ပျော့ပျော့ပါ ...
ဘဝကို ကဗျာလို့ ထင်ပြီး
ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခဲ့သမျှ
သဲထဲကို ရေလွှန်ချသလို ...
ညနေအိုကို ယုံစားရင်း
နံနက်ခင်းကို စတေး
အဲ့ဒီအတွေးတွေနဲ့
နေ့စဉ်ရက်ဆက် ...
ကိုယ့်ယုံကြည်ချက်တွေကို
ကိုယ်ပြန်ဖွင့်ဖတ်တော့မှ
ငါ့နောက်ကျောမှာ
ဒဏ်ရာအထပ်ထပ် ... ။

စည်သူ (တန့်ယဉ်)





## ကဗျာသည် နာမ်တရား

ကဗျာဟာ
ကဗျာဆရာအတွက်လား ... ။

ကဗျာဆရာက
ကဗျာအတွက်လား ...။

မှတ်ဆိတ်မွေး နှုတ်ခမ်းမွေး
ဆံပင်မွေး စုတ်ပွရှည်နဲ့
ဒုက္ခတွေကို ထမ်းပိုးရင်း
ညစ်ပတ်ပေ အင်္ကျီကြေထဲ
အနေရဲရှုံးခဲ့တဲ့လူတွေ ... ။
သူ့ရင်ဘတ်ထဲမှာ
ကဗျာတွေကိုမွေး
ကဗျာတေးတွေဆို
လောကကို အငိုတိတ်အောင်
ချော့သိပ်ခဲ့တယ် ... ။

ကျွန်တော်ထင်တယ် ...
ကဗျာဆရာဟာ ကဗျာအတွက်ပါပဲ ...
သူဟာ သူ့ကဗျာတွေထက် မကြီးမြတ်ခဲ့ဘူး။

အဓိ

## တစ်သက်တာ ရေပွက်



ဟိုအတိတ်ချိုချိုတွေတုန်းက
တို့နှစ်ယောက်ရင်မှာ
ပေဒါရောင်တွေ အပြန်အလှန်လင်းခဲ့
မင်းရဲ့ အတွေးတိုင်းကို
တံဆိပ်ကပ်နိုင်ဖို့ ကြိုးစားရင်း
တစ်တာစာ မျှော်ပိတ်မိနေခဲ့တယ်။
ရက္ကန့်ဘဲတွေ တိုက်စားကုန်ပေမယ့်
ဖိုနင်တတ်သဲက အချစ်စိတ်ကတော့
သေရှုပ်မယ်တဲ့လေ။
ကျေနပ်ပြီးတော့
မင်းရဲ့ စာရွက်ဖြူလေးပေါ်မှာ
(ဘာမဟုတ်တဲ့) ငါ့ရဲ့အကြောင်းတွေ
ချမရေးလိုက်ပါနဲ့
သင်မလေး ခဏတာ ကြိုးစားတာဟာ
ဆိတ်ကလေးရဲ့ တစ်ဘဝလုံး
ခံစားနေရမှာမို့ပါ။

**မေသကြိုင် (တင်ကုန်း)**

---

## ရှာလည်နေတဲ့ ... အလွမ်း



သိမ်ဘောခွင်ရဲ့ ရင်သန့်
ပန်းတစ်ပွင့်ရဲ့ ရာဇဝင်က
ကောက်ကျစ်ခြင်းကို အပြည့်ယူတဲ့
ဝံပုလွေ တစ်ကောင်ရဲ့
ခြေထောက်အောက်မှာ ပြုံးသက်ခြင်းကို
သဘောကျနေပုံပါပဲ ...
ကောင်းကင်ပြာရဲ့အောက် ရှိနေတဲ့ မျက်ဝန်းတွေမှာ
နက်ဆိုးအက်ကွဲခဲ့လို့
ပန်းသီးလည်း စားမိခဲ့ပြီ ... ကတိတွေအထပ်ထပ်ပေး
နေ့စဉ်ပြောနေကျစကားများက ... ခံစားတတ်သူ ရင်ကွဲ
နွေရာသီ တွန်ကျူးတဲ့ ဥဩလို ...
သူအော်ချင်သလို အော် ... အသည်းကွဲတော့ မျက်ရည်ကျတယ်
ခံနိုင်ရည်စွမ်းအားကို အရက်နဲ့ဆက်
အရူးတွေလိုဖြစ်နေကြတာ ... ကမ္ဘာကြီးကတော့ လည်နေမှာပဲ ...
သစ်ရွက်တွေ ကြွေတော့ လွမ်းစရာတဲ့
မိုးများရွာတော့ ... ဆွေးစရာတဲ့
နှင်းများကျတော့ ... သတိရစရာတဲ့
ဥတုသုံးလီ ပြောင်းခဲ့ပြီ
ပျော်ရွှင်စရာတွေလည်း အဆုံးသတ်ခဲ့ပြီ
မျက်ရည်တွေလည်း ချောင်းဖြစ်ခဲ့ပြီ
အလွမ်းတွေက ...
အခုထိ ... ရှာလည်နေတုန်း ...။

**အလွမ်းသစ် (တောင်ကုတ်)**

Asian Fame Media Group

## ကဗျာ . . . အစပြုခြင်း

သံသရာရယ် မပြိုမ်းချမ်းသရွေ့ ငါတို့တစ်တွေ
ရှေ့သို့ ရှေ့သို့ အသစ်အဟောင်းကိုယ်စီ . . .

အဖန်တစ်ရာတေတေ ဒီလမ်းတွေမှာ ငါတို့ကိုယ်စီ
ရုပ်သေလို ကြိုးဆွဲ ကိုယ့်ခြေရာ ကိုယ်ပြန်မနင်းနိုင်မှတော့

သီးတင်းကျွပ်လွှန်မှ ဖျော့ကျသွားတာပါ ရင်မှာမငြိမ်းချမ်းလို့
အကျွရာတွေထက် ငါတို့စကားလုံးတွေ ပင်သွင်းလိုက်တာပါပဲ

အတွေနဲ့ မိတ်မပွဲ့ရကောင်းလားလို့ အပြစ်မတင်လိုက်ပါနဲ့
အောင်မြင်မှုဆိုတဲ့ စကားလုံးလုံး ငါတို့တွေ ခဏခဏ ရှုံးတယ် . . .။

လွတ်လပ်ပါရဲ့လား လှောင်အိမ်စံဂုဏ်ယပ်တော့ အတောင်အလက်တွေ ရှုံးတယ်
ပုံရှုပ်ရာပုံ . . . ကြံရင်နဲ့ သေစေတော့ . . . သင်ရော လွတ်လပ်ပါရဲ့လား . . .

ဒါ့ပြီးသံ တရွှင်ချွင်နဲ့တော့ ငါတို့ကို မပြုသော်ငြင်းနဲ့ ကိုယ့်နှလုံးသားကိုယ်အပ်
ကိုယ့်အသံကိုယ်နားထောင်ပြီး ငါတို့တွေနဲ့ ကလောင်သွားစိုပါစေ

ဆေးပုညာ



* * *



ငါး

ဆယ့်နှစ်လရာသီမှာ အမြဲလိုလိုရေနစ်နေတတ်တဲ့
မိသားစုချောင်ရှိလေးထဲမှာ ငယ်ငွေနဲ့ထွက်ငွေမမျှလွန်းတဲ့
စာရင်းဇယားတွေနဲ့ တချုပ်ချုပ်လူ့ရင်း သောကအမောတွေနဲ့
ခွက်ထဲနေတဲ့ ငါးတစ်ကောင်ဟာ ကျွန်တော်ပေါ့ . . . ။
ဘယ်မှာ ငွေရှာနိုင်မယ့် အတတ်ပညာတွေ ကြိုးစားသင်ရင်း
ယုံကြည်ခြင်းတွေ ရှင်သန်ရာ လူ့ဘဝ ထဲနှုမှာ
မွေးမွေးလှုပ်အောင် ပွင့်ခဲ့တယ် . . .
ကျွန်တော်သင်ထားသမျှ တတ်ထားသမျှ ပညာတွေကို ရင်းနှီးရင်း
ငွေအသပြာကို ပင်ပန်းကြီးစွာ ကြိုးစားရှာရင်း . . .
နမူကာချေတွေ သယ်လိုက်တိုင်းမှာ အလွှန်တွေ
ဘယ်လောက်ပွင့်ပွင့် ကျွန်တော့်ရင်ဘက်တွေ
ကြိုက်သလောက် နာကျင်သွားစပ်ပါစေ
မိသားစုအတွက် ပေးဆပ်နိုင်သမျှ စတေးပေးဆပ်ရင်း
၅၂ မျက္ခာပန်းတွေကို ရင်နင့်အောင် မွေးရုံ့မေမယ်။

ဆေးသုလွှင် (ကွန်မြူတာတက္ကသိုလ်)

* * *

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို '**ဖူးနသစ်လွင်ကဗျာဥယျာဉ်**'ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asian Fame Media Group

"မိုးငယ်ငယ်"

သူနာပြုဆရာမရဲ့ ခေါ်သံအဆုံးမှာ ခန်းဆီးလိုက်ကာအဖြူရောင်လေးကိုတွန်းဖယ်ပြီး ဆရာဝန်ကြီးအခန်းထဲကို ဝင်လိုက်တော့ သဘောကောင်းလှတဲ့ ဆရာဝန်ကြီးက သူမကို အပြုံးနဲ့ ဆီးကြိုနေခဲ့ပါသည်။

"သမီး အရမ်းကံကောင်းပါတယ်။ ဒီတစ်ခေါက်လည်း Negative ပါပဲ။ နောက်ကို ဒီဆေးရုံကို သမီးထပ်လာစရာ မလိုတော့ဘူးနော်"

ဆရာဝန်ကြီးရဲ့ ရှင်းပြချက်အရ အင်မတန်မှကို ရှားပါးလှတဲ့ အခြေအနေတစ်ရပ်အနေနဲ့ သူမဟာ ရောဂါပိုးကူးစက်ခြင်း မခံခဲ့ရပါ။ မိုးငယ်လိုပဲ ကံကောင်းခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက် နှစ်ယောက်လောက် ရှိခဲ့ဖူးတယ်ဆိုတာ မိုးငယ်အတွက် ဝမ်းသာလက်ခံနိုင်စရာအဖြေလည်း ဖြစ်ပါသည်။

"ကျေးဇူးပါဆရာ။ ဆရာနဲ့ ဒီဆေးရုံက ဆရာ ဆရာမတွေအားလုံးကို အရမ်းကိုကျေးဇူးတင်ပါတယ်ရှင်"

ကြည်ညိုလေးစားစရာ ဆရာ့ကို ကျေးဇူးတင်စကားဆိုပြီး အခန်းငယ်ထဲက ထွက်လာတော့ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းနေခဲ့ပါသည်။

ဆရာ့ရုံးခန်းကနေ ထွက်လာပြီး ထုံးစံအတိုင်း လူနာတွေထားတဲ့ အဆောင်တွေရှိရာကို သွက်သွက်လေး လှမ်းခဲ့မိပါသည်၊ မိုးငယ်ရဲ့ ဆေးအဖြေအတွက် ရင်ခုန်စွာ စောင့်စားနေကြသူ လူနာတွေကိုလည်း မိုးငယ် ပျော်ရွှင်စေချင်ပါသည်။

ကိုကိုရှိစဉ်တုန်းက အချိန်အတော်ကြာကြာနေခဲ့ရတဲ့ အမျိုးသားလူနာဆောင်ဘက်ကို အရင်သွားပြီး သိကျွမ်းခဲ့ဖူးတဲ့ လူနာတွေကို ရှာဖွေနှုတ်ဆက်ရင်း အားပေးစကားဆိုတော့ လူနာတွေရဲ့ မျက်နှာပေါ်မှာ ကျေနပ်ပျော်ရွှင်သွားကြတဲ့ အပြုံးတွေကို တွေ့ရပါသည်။ မိုးငယ်ရဲ့ နောက်ဆုံး ဆေးစစ်ချက်အဖြေအတွက် မိုးငယ်ပျော်သလို သူတို့လည်း ပျော်ကြသည်လေ။

အမျိုးသားဆောင်ပြီးတော့ အမျိုးသမီးဆောင်ဘက် ခြေဦးလှည့်မိပြန်ပါသည်။ အမျိုးသမီးဆောင်မှာတော့ အမျိုးသားဆောင်လို လူနာစောင့်တွေ ဆွေမျိုးမိတ်ဆွေတွေနဲ့ စည်စည်ကားကားမရှိလှပါ။

ထုံးစံအတိုင်း နာတာရှည်လူနာဖြစ်တဲ့ အမျိုးသမီးတွေကို ဆေးရုံပေါ်မှာ စွန့်ပစ်ထားခဲ့ကြတဲ့ အိမ်သားတွေရဲ့ ဇာတ်လမ်းတွေကို မကြားချင်လည်း ကြားရတတ်သလို မမြင်ချင်လည်း မြင်ရဦးမည်လေ။

'အေးအတူပူအမျှ' 'ဆိုးတူကောင်းဘက်' ဆိုတဲ့ မြန်မာ့အိမ်ထောင်ရေးစကားပုံကိုတော့ ဒီဆေးရုံရဲ့ အမျိုးသားလူနာဌာနမှာသာ လိုက်နာကျင့်သုံးကြဟန် တူပါသည်။

အမျိုးသမီးဆောင်မှာတော့ သူမအတွက် အသိမိတ်ဆွေရယ်လို့ သိပ်မရှိလှပါ။ ဒါပေမဲ့ မိုးငယ်ငယ်ရဲ့ ဇာတ်လမ်းကို ကြားဖူးနားဝရှိသူတွေကို မိုးငယ်က အားပေးချင်သေးသည်။ မိုးငယ် ဆေးရုံကိုရောက်လာတဲ့ အချိန်တိုင်း မိုးငယ်ကို အားကျတဲ့ အကြည့်တွေနဲ့ ငေးမောနေခဲ့ဖူးတဲ့ အမျိုးသမီးလူနာတွေကို မသိစိတ်က သံယောဇဉ်ဖြစ်နေသလို မိုးငယ်ရဲ့ ဆေးအဖြေအတွက် သူတို့ကို ဝမ်းသာကြစေချင်ပါသည်။

ဒီနေ့ရခဲ့တဲ့ အဖြေအတွက် အမျိုးသားလူနာဆောင်မှာရှိတဲ့ လူနာတွေ အမျိုးသမီးဆောင်မှာရှိတဲ့ လူနာတွေနဲ့ ဒီဆေးရုံမှာ ရှိရှိသမျှ သောဝန်ထမ်းတွေထက် ဝမ်းသာပျော်ရွှင်နိုင်မယ့် လူသားတစ်ဦးကို မျက်ရည်ဝဲရုံလေး သတိရမိတော့ 'ကိုကို' လို့ အသံမထွက်ဘဲ တိုးတိုးလေး ရွတ်လိုက်မိပါသည်။

မိုးငယ်ငယ်အတွက် ရောက်လေရာ ဘုံဘဝကနေ ကိုကို ဝမ်းသာနေမှာ သေချာပါသည်။

ဆေးရုံဝင်းထဲက ထွက်လာတော့ ဆေးရုံထဲကို ခပ်ပြင်းပြင်းမောင်းဝင်လာတဲ့ ကားတစ်စီးက မိုးငယ်ရဲ့ ဘေးကဖြတ်သွားတာမို့ အလန့်တကြား လမ်းဘေးကို ပြေးဆင်းလိုက်မိပါသည်။

ကားပြတင်းပေါက်ကနေ ကားတစ်စောင်း အနေအထားနဲ့ တွေ့လိုက်ရတဲ့ ကားမောင်းသူလေးကတော့ မိုးငယ်ရဲ့ဘဝထဲက ဘယ်တော့မှ ထွက်သွားမှာမဟုတ်တဲ့ နေမျိုးရယ်လေ။

ရန်ကုန် မော်လမြိုင်ကားပေါ်ကိုရောက်တော့ ကားထွက်ဖို့ အချိန်မီတယ်ဆိုရုံလေး။ ရန်ကုန်ကိုလာတုန်းက ကျောပိုးအိတ်ငယ်လေးတစ်လုံးနဲ့ ပေါ့ပေါ့ပါးပါးလာခဲ့ပေမယ့် ဒီတစ်ခေါက် မြို့ကိုပြန်တော့ ပစ္စည်းတွေက စုစည်းလို့ မကုန် သိမ်းဆည်းလို့ မကုန်နိုင်ခဲ့။

ကိုကိုနဲ့ နှစ်ယောက်တည်း နေခဲ့ဖူးတဲ့ အိမ်လေးမှာ သိမ်းဆည်းထားတဲ့ အိမ်ထောင်ပရိဘောဂတွေကို ရောင်းသင့်တာရောင်း ရှင်းသင့်တာရှင်း သိမ်းသင့်တာသိမ်းခဲ့ရသည်။ နောက်တစ်ခေါက် ရန်ကုန်ကို လာဖို့လမ်း မရှိတော့ဘူးဆိုတော့ မိုးငယ်တို့နေခဲ့တဲ့အိမ်လေးကို အိမ်ရှင်ကို ပြန်အပ်ဖို့ တစ်ခါတည်း စီစဉ်ခဲ့ရသည်။

ဒီအိမ်လေးကို စရောက်တော့ အိမ်ရှင်မ အသစ်စက်စက်လေးက အိမ်ထောင်ပရိဘောဂဝေးလို့ ကိုယ့်အဝတ်အိတ်ကလေးကို တောင် လက်ဖျားနဲ့ မတို့ထိခဲ့ရပါ။ ကိုကို့ရဲ့ စီမံမှုအောက်မှာ အသက်နှစ်ဆယ် အရွယ် အိမ်ထောင်ရှင်မလေးက မင်းသမီးလေးတစ်ပါးလို နုနုရွရွ လှလှပပလေး နေခဲ့ရသည်။

အခုဒီအိမ်လေးကို စွန့်ခွာတော့ ကိုကို့ရဲ့ မင်းသမီးလေးက အသက်နှစ်ဆယ့်သုံးနှစ်ဆိုပေမယ့် လောကဓံရဲ့ အထုအထောင်းခံခဲ့ရသူမို့ ရင့်ကျက်မှုအပြည့်နဲ့ မိန်းမကြီးတစ်ယောက်လို သွက်သွက်လက်လက် စီမံရပြန်ပါသည်။ ကိုကို့ကို လွမ်းစိတ်နဲ့ ကျလာတဲ့မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်ရင်း ကိုယ့်ဝန်ကိုယ်ထမ်းရမယ် မိုးငယ်ရေလို့ အားပေးရတာက အခါခါ။

အခြားပရိဘောဂတွေကို ရောင်းထုတ်ပစ်ခဲ့ပေမယ့် မိုးငယ် စိတ်တိုင်းကျ ကိုကိုဝယ်ပေးခဲ့တဲ့ ကျွန်းဗီရိုကြီးကိုတော့ မိုးငယ်နဲ့ တစ်ပါတည်း သယ်ခဲ့ပါသည်။

ထိုင်ခုံမှာ မိုးငယ်နေရာယူပြီး မကြာခင်မှာဘဲ ကားစထွက်တာမို့ လမ်းဘေးမှာ တရိပ်ရိပ်ကျန်ခဲ့တဲ့

Asian Fame Media Group
MEDIA GROUP



# နှင်း
# တစ်ဘောလုံး သည်းလို တစ်ပင်လုံးလည်း ကြွေခဲ့တယ်

Asian Fame Media Group

အပင်အိုတွေကိုငေးရင်း မရေရာတဲ့ ခရီးတစ်ခုအတွက် သက်မမောတစ်ခု ကို ခပ်ပြင်းပြင်းချလိုက်မိပါသည်။

တကယ်ဆို မိုးငယ်ဆီမှာ ပြေးစရာ ခိုစရာ အမေ့ရင်ခွင်ကလွဲလို့ တခြားမရှိ။ ဒီလို အခြေအနေမျိုးနဲ့ အမေရှိတဲ့ မြို့ငယ်လေးကိုလည်း မပြန်ချင်။ ဒါပေမဲ့ ရွေးချယ်စရာမရှိတဲ့အဆုံး မိုးငယ် လက်ပြနှုတ်ဆက်ခဲ့တဲ့ မွေးရပ်မြို့လေးကိုပဲ ဒဏ်ရာတွေ တစ်မွေ့တစ်ပိုက်နဲ့ ခြေဦးလှည့်ခဲ့ရ ပြန်ပါသည်။

မိုးငယ်မြို့လေးကို နှုတ်ဆက်ခွဲခွာခဲ့စဉ်က မင်းသမီးတစ်ပါးရဲ့ အဆောင်အယောင်တွေနဲ့ သူငယ်ချင်းတွေနဲ့ ဆွေမျိုးမိဘတွေကို နှုတ်ဆက်ခဲ့ခြင်းပဲ ဖြစ်ပါသည်။ ကိုကို့ အရိပ်မှာခိုဖို့ မိဘတွေရဲ့ သဘောတူညီမှုနဲ့ ခမ်းနားလွန်းတဲ့ မင်္ဂလာပွဲတွေ တစ်ပွဲပြီး တစ်ပွဲနွှဲခဲ့တာ အိပ်မက်လိုလို ပုံပြင်လိုလို။

မိဘစကားကိုနားထောင်ပြီး မြို့ကြီးသားကိုကိုကို လက်ထပ်ခဲ့တဲ့ မိုးငယ်ကို သူငယ်ချင်းတွေက အပြစ်တင်မဆုံးခဲ့၊ ချစ်ဦးသူဖြစ်သလို တစ်ဦးတည်းသော ချစ်သူဖြစ်တဲ့ နေမျိုးကို ရက်ရက်စက်စက်ထားခဲ့သူရယ်လို့ မိုးငယ်ကို မြို့လေးမှာ အမျက်ရှသူတွေလည်း ဒုနဲ့ဒေး။

နေမျိုးနဲ့ မိုးငယ်ဆိုတာ နေနဲ့လလို လိုက်ဖက်ညီလွန်းတဲ့ စုံတွဲလေးဖြစ်ခဲ့တာမို့ မိုးငယ်တို့ရဲ့ အချစ်ဇာတ်လမ်းလေးကို မသိသူမရှိကြ။ မိုးငယ်တို့နှစ်ယောက် စက်ဘီးကိုယ်စီစီးပြီး လျှောက်လည်ခဲ့ဖူးတဲ့ လမ်းတိုင်းမှာလည်း မိုးငယ်နဲ့နေမျိုးကို ငေးမောအားကျခဲ့သူတွေ တစ်ပုံတစ်ပင်။

နှစ်ယောက်လုံးက ဖြူဖြူသွယ်သွယ် မျက်လုံးမျက်ဖန်ကောင်းကြသလို သွားတက်လေးတွေ ကိုယ်စီရှိကြတာမို့ မိုးငယ်တို့ချစ်သူ နှစ်ယောက်က နယ်မြို့လေးမှာ ငွေကြယ်ပွင့်လေးတွေလို ကျော်ကြားတာမဆန်းလှ။ မိုးငယ်တို့ကို မြို့ကြီးပြကြီးကလာတဲ့ မင်းသားမင်းသမီးတွေထက် လေးစားအားကျနေကြတဲ့ ဆယ်ကျော်သက်တွေဆို မိုးငယ်တို့လာတတ်တဲ့ လမ်းတွေကနေ တကူးတက စောင့်မျှော်ငေးမောခဲ့ကြဖူးပါသည်။

အစ်ကိုသုံးယောက်နဲ့ ကြီးပြင်းလာတဲ့ အငယ်ဆုံးသမီးမိုးငယ်ငယ် တစ်ယောက် ဆယ်တန်းကို နှစ်ခါလောက်ကြိုးစားပြီး ဖြေပေမယ့် မအောင်ခဲ့။ နောက်ဆုံးတော့ မိုးငယ် မိဘားစုက နေမျိုးကို အပြစ်ဖို့ပြီး မိုးငယ်ကို မြို့မှာ ကျောင်းထားဖို့ပြင်သလို ရှေးရိုးစွဲ မိခင်ကြီးကလည်း အိမ်ထောင်ရက်သားချပေးဖို့ စိုင်းပြင်းလာပါသည်၊ မိုးငယ်တို့ မြို့လေးမှာက သမီးကညာ အခါမလင့်စေတဲ့ အစဉ်အလာကို လက်ကိုင်ထားကြလေတော့ အသက် ၂၀ ရှိတဲ့ မိုးငယ်ငယ်တစ်ယောက်လည်း စက်ကွင်း မလွတ်ခဲ့ပါ။

ကံဇာတာ အလှည့်အပြောင်းကလည်း မြန်မှမြန်။ ရည်ရည်မွန်မွန် မြို့ကြီးသားပီပီ စီးပွားရေးနားလည်




သူကိုကိုတစ်ယောက် မိုးငယ်တို့ မိသားစုဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသလို မိုးငယ်ကို မိသားဖသားပီပီ လာတောင်းခဲ့ပါသည်။ မိုးငယ်ရဲ့ပညာရေးကိုလည်း ဆက်ပြီး တာဝန်ယူပါ့မယ်ဆိုတဲ့ ခံဝန်ချက်ကိုရတော့ မိုးငယ်မိသားစု အတွက် ကိုကိုက မိုးကျရွှေကိုယ် ဖြစ်မှန်းမသိ ဖြစ်လို့။

မိုးငယ်တို့မြို့လေးမှာ ကိုကို့ကို မသိသူမရှိသလောက် ကိုကိုက လူချစ်လူခင်ပေါလှသူ။ ဆွေမျိုးရယ်လို့ တီတီကျကျမရှိပေမယ့် မိုးငယ်တို့ မြို့လေးကို တံခါးမရှိ ဓားမရှိဝင်ထွက်နေတတ်တဲ့ကိုကို့အတွက် ဒီမြို့လေးက သူ့အတွက် မစိမ်းလှပါ။

"ညည်းကောင်က မင်းသားလို ရုပ်ရည်ပဲရှိတာ သုံးစားမရပေါင်။ ဒီလိုလင်နဲ့ရလို့ကတော့ ဒူးနဲ့မျက်ရည်မသုတ်ရရင် ငါ့ကိုပြောချင်သလိုပြော၊ မိဘချမ်းသာပေမယ့် ဒီကောင်က လက်ကြောတင်းပုံ မရပါဘူးအေ . . "

ဒါကတော့ နေမျိုးအတွက် မေမေချလေ့ရှိတဲ့ မှတ်ချက်။

ဒါပေမဲ့ အသားညိုညိုနဲ့ ယောက်ျားတွေထဲမှာ ရုပ်ဆိုးတယ်လို့ ပြောလို့ရတဲ့ ကိုကို့ကိုတော့ မေမေက သာသာထိုးထိုး ချိန်ခွင်လျှာ ဖောက်ထိုးပေးခဲ့ရှာပါသည်။

'ယောက်ျားဆိုတာ ရုပ်ရည်တစ်ခုတည်းကို ကြည့်ရတာမဟုတ်ဘူးအေ့၊ တစ်သက်လုံး ကိုယ့်ကိုသားမှတ်မှတ် မယားမှတ်မှတ်ပေါင်းမယ့်သူဆို ဒသာဂီရိဖြစ်နေတောင် မငြင်းနဲ့ မိုးငယ်ငယ်ရေ၊ မိုးရွာတုန်းရေခံစမ်းပါအေ" ဆိုတဲ့ မေမေ့စကားက တာသွားလှပါသည်၊

ချစ်သူနဲ့မိသားစုကြား လွန်ဆွဲတဲ့ပွဲမှာတော့ ခေါင်းကြိမ်းကြိမ်းတဲ့ အစ်ကိုတွေနဲ့ ရှေးရိုးစွဲမိခင်ကြီးကို မိုးငယ် မလွန်ဆန်နိုင်ခဲ့ပါ။

"ငါတို့ကောင်က နူနေ ဝဲနေတာမဟုတ်ဘူး။ စော်ပြတ်နေတာမဟုတ်ဘူး၊ ငါတို့ချမ်းသာသမျှ ဒီကောင်တစ်ယောက်တည်းအတွက်ပဲ၊ ဒီလိုကောင်မကာ ငါ့မောင်ကိုများ ငြင်းစရာလား. . နေနှင့်ဦး၊ သူ့ထက်သာတဲ့ မြို့သူကိုရှာပြီး ပေးစားပြမယ်"

နေမျိုးအစ်မတွေ မချိတင်ကဲ ပြောသမျှဆိုသမျှကိုလည်း မိုးငယ် ခွန်းတုံ့မပြန်နိုင်ခဲ့။

ကိုကို့နဲ့ စေ့စပ်မယ့်နေ့ မတိုင်ခင် မြို့ပြင်ဘက်ကို စက်ဘီးစီးထွက်ရင်း မိုးငယ်တို့နှစ်ယောက်လုံး ကြေကွဲဆို့နင့်စွာ ပြောစရာစကားလုံးတွေ ပျောက်ဆုံးနေခဲ့ပါသည်။

"မိုးငယ် လိုအပ်တဲ့အချိန်တိုင်းမှာ ကိုနေ ရှိနေမှာပါ" ဆိုတဲ့ စကားတစ်ခွန်းနဲ့ အဆုံးစွန်အထိ နားလည်ပေးခဲ့ရှာသူနေမျိုးကို တစ်မြို့လုံးက သနားမဆုံးခဲ့ပါ။

◆

မြို့ငယ်လေးထဲကို ကားဝင်လာချိန်မှာတော့ ကားလမ်းတစ်လျှောက် ဟွန်းသံတွေတစီတီနဲ့ ဆူညံသက်ဝင်လာခဲ့ပါသည်။ မြို့မဈေးကြီးကို ကျော်တော့ မြို့လေးရဲ့တစ်ခုတည်းသော ဆေးခန်းတစ်ခုရှေ့မှာ လူနာတွေ တန်းစီနေတာကို တွေ့ရပါသည်။ ဒီမြို့လေးက မြို့ကြီးပြကြီးလို အဆောင်အယောင်တွေမရှိ အဆင်တန်ဆာတွေမရှိ။ ပကတိဖြူစင်ရိုးသားလွန်းတဲ့ မြို့လေးတစ်မြို့။ ထိမ်ချန်ဖုံးကွယ်ထားခြင်းတွေ မရှိတဲ့မြို့။ ပြီးတော့ လောကဓံကိုအလူးအလဲခံနေရရှာတဲ့ မြို့လေးတစ်မြို့လေ။

ကိုကိုဆုံးပြီး ပထမဆုံးအကြိမ် မြို့ကို ပြန်ရောက်ချိန်မှာတည်းက ဒီမြို့လေးမှာ လိမ်ညာမှု၊ ဖုံးကွယ်မှု မရှိခြင်းအတွက် စိတ်မသက်မသာ ဖြစ်ခဲ့ရပါသည်။

ရှမ်းပြည်လို့ ခေါ်တဲ့ တစ်ဖက်နိုင်ငံကို တံခါးမရှိ ဓားမရှိ သွားနေကြတဲ့ မြို့ငယ်လေးက လူငယ်တွေဟာ မိသားစုအပေါ် တာဝန်ကျေချင်လွန်းသူလေးတွေလို့ မိုးငယ်ကိုယ်တိုင် ကောက်ချက်ချခဲ့ဖူးပါသည်။

မိုးငယ်ရဲ့ ငယ်သူငယ်ချင်းလေး ညိုညိုက မြို့လေးရဲ့တစ်ခုတည်းသော ဆေးခန်းမှာ ဆရာဝန်လေးကို ကူညီနေသူ သူနာပြုမလေးမို့ ဒီမြို့လေးရဲ့ သာရေးနာရေးသတင်း တွေကို မကြားချင် မသိချင်လို့ မရ။ ဒီသတင်းတွေကို ညိုညိုက မသယ်လာရင် လည်း တစ်ဦးတည်း သောဆရာဝန်လေးက မနက်ခင်း သတင်းတစ်ရပ်လို လက်ဖက်ရည် ဆိုင်မှာ တာဝန်ကျေစွာ သတင်းကြေငြာနေတတ်သူ။

အထူးသဖြင့် အေအိုင်ဒီအက်စ်နဲ့ အိတ်ချ်အိုင်ဗွီလူနာတွေရဲ့ နောက်ဆုံးပိတ် စက်ရပ်သတင်းတွေ အိတ်ချ်အိုင်ဗွီ လူနာစစ်တမ်းတွေကို ဆရာဝန်ကိုယ်တိုင်က တာဝန်ကျေစွာ ဖြန့်ဖြူးနေလေတော့ ဒီဆေးခန်းလေးကို လူနာအချို့က ကြောက်ကြသည် ရှောင်ကြသည်။ အခြားမြို့က ဆေးခန်းတွေကို တိတ်တဆိတ် သွားပြကြသည်။

မြို့ခံ ဆရာဝန်လေးရဲ့အဆိုအရ ဒီမြို့လေးမှာ အိတ်ချ်အိုင်ဗွီ ဖြစ်နေသူတွေက လက်ညှိုးထိုးလို့





မလွဲတော့ပါတဲ့။ အိမ်ပေါက်စေ့များဖြစ်နေလေရော့သလားလို့ သံသယဖြစ်လောက်အောင် သူ့သတင်းက ခိုင်လုံနေလေရော့သလားလို့ ဘုရားတမိပါသည်။ ကံကောင်းထောက်မစွာပဲ ကိုကို့သတင်းကိုတော့ ဒီမြို့လေးမှာ ဘယ်သူမှ မသိခဲ့ရှာပါ။ ရှားရှားပါးပါး သိခွင့်ရလိုက်သူကတော့ မိုးငယ်ရဲ့ အရိပ်တစ်ခုဖြစ်တဲ့ နေမင်း။

မြို့ခံဆရာဝန်လေးရယ် ဘာလို့များ ဒီလောက်တောင် ပွင့်လင်းမိုးသားချင်ရတာလဲ ။ ရောဂါဝေဒနာသည်တွေအတွက် တစ်ခါတလေတော့ လိမ်ညာဟန်ဆောင်ပေးသင့်ပါတယ်လေ။

အိမ်ပေါက်စေ့ မြို့လုံးကျွတ်လို့ မပြောပါနဲ့လား။ မိုးငယ်တို့အိမ်လေးကိုလည်း ဒီစာရင်းထဲကို မထည့်ပါနဲ့လားလို့ တောင်းပန်ခဲ့ချင်ပေမယ့် ကံကြမ္မာက မိုးငယ်ဘက်မှာမရှိခဲ့။ သုံးနှစ်ကြာခွဲခွာခဲ့ရတဲ့ အိမ်လေးကို ပြန်ရောက်ရောက်ချင်း ကြားခဲ့ရတဲ့ မိသားစုသတင်းက မိုးငယ်ရဲ့သောကတွေကို ပိုလို့သာ တိုးစေခဲ့ပါသည်။

အစ်ကိုအကြီးဆုံး ကိုကိုကြီးက ကလေးနှစ်ယောက်နဲ့ ရော်ဘာခြံတွေကို ဦးစီးနေရှာသူ။ မိုးငယ်နဲ့ မတွေ့ဖြစ်တဲ့ နှစ်နှစ်ကျော် သုံးနှစ်အတွင်း သိသိသာသာ ပိန်ချုံးလာခဲ့ပြီး ကိုကိုကြီးဆီမှာ အိတ်ချ် အိုင်ဗွီပေါ့စစ်တစ်လို့ သေချာသွားချိန်မှာတော့ ကိုကိုကြီးရဲ့အမျိုးသမီး မမနွယ်က သားနှစ်ယောက်နဲ့အတူ မိသားစုကို ပစ်ခွာပြီး ရှမ်းပြည်ဘက်ကို ထွက်သွားခဲ့ပါသည်။

ကိုကိုကြီးကလည်း သားနှစ်ယောက်ကို မေမေ့ဆီမှာ စိတ်ချလက်ချအပ်လို့ ရော်ဘာခြံထဲမှာပဲ သူ့ဘဝကို ကုန်ဆုံးစေခဲ့ပါသည်။ ဒါပေမဲ့ နှစ်ပတ်တစ်ခါ သုံးပတ်တစ်ခါဆိုသလို မြို့ငယ်လေးမှာ ဆောက်ရမယ့်ဆေးတွေ လာယူတတ်သလို မေမေနဲ့ သားနှစ်ယောက်ကိုလည်း လာတွေ့တတ်ပါသည်။ မေမေ့ရော်ဘာခြံတွေက ကိုကိုကြီးအတွက် ဆေးဖိုးဝါးခနဲ့ မိုးငယ်တို့မိသားစုလေးကိုတော့ လောက်ငအောင်ကျွေးမွေးနိုင်ဆဲမို့ ကျေးဇူးတင်ရပြန်ပါသည်။

မမနွယ်တစ်ယောက် ကိုကိုကြီးနဲ့ သားနှစ်ယောက်ကို မငဲ့ခဲ့ခြင်းအတွက် အပြစ်မတင်လိုပေမယ့် မကြာခင်အချိန်လေးမှာပဲ နောက်အိမ်ထောင်ပြုလိုက်တယ် ဆိုတဲ့ သတင်းကို ကြားချိန်မှာတော့ သူမရဲ့ မိုက်မဲမှုအတွက် မတုန်လှုပ်ဘဲ မနေနိုင်တော့ပါ။ တကယ်ဆို ကိုကိုကြီးဆီမှာ ရောဂါရှိနေတာ သေချာနေခဲ့တာမို့ မမနွယ်ကိုယ်တိုင်လည်း ဆေးစစ်သင့်ပါသည်။ ဒါပေမဲ့ ဆရာဝန်ရဲ့ တိုက်တွန်းချက်ကို လျစ်လျူရှုပြီး လုံးဝမေ့လျော့ပစ်ခဲ့တာကိုတော့ မိုးငယ် ဘဝင်မကျနိုင်ပါ။ မမနွယ်တစ်ယောက် သူမရဲ့ နောက်အိမ်ထောင်အပေါ် ဘာလို့များ မရိုးသားခဲ့ပါလိမ့်။

မိုးငယ်ရဲ့အထက်က အငယ်ဆုံးအစ်ကိုကလည်း အိမ်မှာ မေမေနဲ့ တငြိမ်ငြိမ် စကားတွေ များနေတတ်ပါသည်။ ကိုငယ် အိမ်ထောင်ပြုဖို့ ရွေးချယ်ထားသူကို မေမေက သဘောမတူခဲ့။ "ကောင်မလေးက ရုပ်ရှုပ်ဖွေး တက်လမ်းတွေ ကြားရတာ မကောင်းလှဘူး ရောဂါ ဖြစ်နေပြီဆိုလား ဘာလားအေ၊ ညည်းအစ်ကိုကလည်း ပြောမနိုင် ဆိုမနိုင်ထဲက အေရဲ့" မေမေ့ဆီက ကြားရတဲ့ သတင်းကိုလည်း မဟုတ်ဘူး မငြင်းရဲ မငြင်းဝံ့။

ကိုငယ်နဲ့ တွဲနေတဲ့ မမထက်က ဟိုအက်ကမ်း ရှမ်းပြည်ဘက်မှာ အလုပ်သွားလုပ်ခဲ့တာကို မိုးငယ် သိသလို ဒီမြို့လေးမှာ မသိသူမရှိ။ မိုးငယ် အတတ်မပြောရဲတာက မမထက်မှာ ရောဂါရှိမရှိဆိုတဲ့ အချက်ပဲဖြစ်ပါသည်။ မထက်ထက်ကို ဆေးစစ်ခိုင်းဖို့ကိုလည်း ကိုငယ့်ကို မပြောရဲခဲ့။ မိုးငယ် ဘာလို့ ဒါတွေ သိနေခဲ့တာလဲလို့ မေးလာခဲ့ရင် မိုးငယ်မှာ အပြေမရှိခဲ့။ မိုးငယ်ရခဲ့တဲ့ ဘဝအသိတွေ သင်ခန်းစာတွေကို မိုးငယ်ရဲ့မိသားစု မသိစေချင်ပါ။ ဆရာဝန်လေးပြောသလိုပဲ မြို့လုံးကျွတ် ရွာလုံးကျွတ် ကျိန်စာသင့်နေကြလေရော့သလား။

◆




ဒီနေ့ ကိုကိုဆုံးတာ တစ်နှစ်တိတိပြည့်တဲ့ နေ့။

မနက်စောစောစီးစီး အရုဏ်ဆွမ်းချက်ပြီး သူငယ်ချင်းမလေး ညိုညိုနဲ့အတူ မိုးငယ်တို့အိမ်နားက အကြီးဘုန်းကြီး သီတင်းသုံးနေတဲ့ ဘုန်းကြီးကျောင်းကို ထွက်လာတော့ လမ်းမီးတိုင်တွေတောင် မမှိတ်သေး။ ဒီဘုန်းကြီးကျောင်းကို ရွေးချယ်ခဲ့တာလည်း ကိုကို့အတွက် အမှတ်တရဖြစ်စေချင်တဲ့ ဆန္ဒလေးတစ်ခုကြောင့်ပင်။

ကိုကိုနဲ့လက်ထပ်ပြီး မင်္ဂလာဦးဆွမ်းကပ်စဉ်ကလည်း ဒီကျောင်းလေးမှာပဲ မိဘဆွေမျိုးတွေနဲ့ စည်စည်ကားကားကျင်းပခဲ့ပါသည်။

မိုးငယ် သမီးလေးမွေးပြီး အဖတ်မတင်တော့လည်း သမီးလေးအတွက်ရည်စူးပြီး ဒီကျောင်းလေးမှာပဲ အလှူပြုခဲ့ကြပါသည်။

နောက်ဆုံး ကိုကို နာမကျန်းဖြစ်တဲ့ အချိန်မှာလည်း ကိုကို့ဆန္ဒအရ ဒီကျောင်းလေးမှာပဲ ရဟန်းခံခဲ့ပါသည်။

ဘုန်းကြီးကျောင်းက ပြန်တော့ ညိုညိုက ဆေးခန်းကို တန်းမသွားဘဲ မိုးငယ်နဲ့အတူတူ အိမ်ပြန်လိုက်ခဲ့ပါသည်။

ကိုကို ကုသိုလ်ရအောင် ကိုကို့အဝတ်အစားတွေကို ရော်ဘာခြံထဲက အလုပ်သမားတွေကိုလှူဖို့ ဆုံးဖြတ်ထားတာမို့ ညိုညိုနဲ့အတူတူ အဝတ်ဗီရိုကြီးရှေ့မှာထိုင်ပြီး လှူမယ့်အဝတ်တွေကို ရွေးချယ်ကြပါသည်။

ကိုကိုဆုံးပြီးတည်းက ကိုကို့အဝတ်တွေကို ဒီအတိုင်းသိမ်းထားခဲ့တာမို့ အဝတ်တွေက ပရုတ်လုံးနံ့လေးတွေ သင်းနေခဲ့ပါသည်။ အဝတ်ဗီရိုကြီးကို ရန်ကုန်က သယ်ခဲ့ပြီးတော့လည်း ဗီရိုရဲ့ညာဘက်ခြမ်းကို ကိုကိုရှိစဉ်ကအတိုင်း ကိုကို့အသုံးအဆောင်တွေအတွက် နေရာပေးထားခဲ့ပါသည်။

ဗီရိုညာဘက်ခြမ်း အကန့်တွေထဲမှာ သိမ်းထားတဲ့ ထသွားထလာဝတ်တဲ့ တီရှပ်စပို့ရှပ်နဲ့ ရှပ်အကျီတွေအားလုံးကို ရွေးထုတ်လိုက်တော့ ဗီရိုအောက်ဘက်ခြမ်း တစ်ထပ်လုံး ရှင်းလင်းသွားခဲ့ပါသည်။

သူမက အဝတ်တွေစီနေဆဲမှာ ညိုညိုက ဗီရိုကြမ်းပြင်ကို လက်ဝါးနဲ့ တဖျတ်ဖျတ်ပုတ်ပြီး ဖုန်ခါနေခဲ့ပါသည်။ ဖုန်ခါနေရင်းက ရုတ်တရက် အောက်ခြေမှာ အံကလေးတစ်ခုရှိနေသေးတာကို သတိထားလိုက်မိတာမို့ ညိုညိုက လက်မြန်ခြေမြန်နဲ့ အံဝှက်လေးကို ဆွဲထုတ်လိုက်ပါသည်။

ညိုညို့လက်ထဲမှာ ပါလာတဲ့ အဝါရောင် အေဖိုးဆိုက်စာအိတ်အရှည်ကြီးက ထူထူထဲထဲရှိလှသည်။ စာအိတ်ရဲ့ ဘေးဘက်မှာ ပွင့်နေတာမို့ စာအိတ်ထဲက စာရွက်တွေကို အတိုင်းသား မြင်နေရပါသည်။

တစ်စက္ကန့်လေးတောင် မဆိုင်းဘဲ ညိုညိုက စာရွက်တွေကို ဆွဲထုတ်လိုက်ချိန်မှာတော့ မိုးငယ်လည်း လက်ထဲက ကိုကို့အဝတ်တွေကို ဘေးနားမှာခဏချပြီး ညိုညိုဖတ်နေတဲ့ စာရွက်တွေကို စပ်စုနေလိုက်ပါသည်။

စာရွက်တွေ အားလုံးဟာ ဆေးခန်းနဲ့ ဓာတ်ခွဲခန်းတွေမှာ စစ်ထားတဲ့ ဆေးမှတ်တမ်းတွေဆိုတာ သိလိုက်တာမို့ သူနာပြုပေါက်စ ညိုညိုတစ်ယောက် မိုးငယ်ကို ခွင့်မတောင်းဘဲ တစ်ရွက်ပြီးတစ်ရွက် ဖတ်နေခဲ့ပါသည်။


ဆေးပညာ အသုံးအနှုန်းတွေ အားလုံးကို နားမလည်ပေမယ့် မိုးငယ်နဲ့ ရင်းနှီးခဲ့ဖူးတဲ့ HIV Positive negative ဆိုတာတွေကိုတော့ မိုးငယ်ဖတ်နိုင်ပါသည်။ ပြီးတော့ စာရွက်တွေရဲ့ထိပ်ဆုံးမှာ

Asian Fame Media Group

# မိုးခါးရေ … ချိုပါနဲ့လား

မင်းဝေဟင်

ဝတ္ထုတိုရသ



Asian Fame Media Group

(၁)

"အမျိုးသမီးဘော်ဒါဆောင်က နေ တည်းခိုခန်းလုပ်ဖို့က အားလုံး အဆင်ပြေပြီပဲ ထားပါဦး မောင်ရာ။ အဝေးပြေးကားဂိတ်လည်း မနီး၊ ဘူတာလည်း မရှိ၊ သင်္ဘောဆိပ်ဆို တာ ဝေးစွဆိုသလိုဖြစ်နေတဲ့ သက် တို့မြောက်ဒဂုံမှာ ဘယ်လိုဧည့်သည် က လာတည်းမှာမို့လဲ။ သက်ကတော့ ရှိနေတဲ့ ဘော်ဒါဆောင်လေးကိုပဲ တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် ကျားကန်ကြည့်ချင်သေးတယ်"

ဇနီးဖြစ်သူ သက်၏စကားက သူ့နားထဲကို မဝင်။ တစ်ဝက်တစ်ပျက် ထွက်တချို့၊ ဝင်တချို့သာ။ သူက တော့ ဇနီးသည်စကားကို မသိဟန် ဆောင်သည်လည်း မဟုတ်၊ မကြား ဟန်ဆောင်သည်လည်း မဟုတ်လေ ဘဲ လုပ်စရာရှိတာများကိုသာ ဆက် ၍ လုပ်နေလေသည်။

အမှန်တကယ်တွင်လည်း ဇနီး သည်ပြောသကဲ့သို့ ယခုလက်ရှိဖြစ် တည်နေသော ဘော်ဒါဆောင်အား ဆက်ပြီးဖွင့်ရကောင်းနိုးနိုး၊ သူငယ် ချင်းဖြစ်သူ ညိုကြီး၏ စကားအတိုင်း တည်းခိုခန်းလုပ်ပစ်ရ ကောင်းနိုးနိုး သူကိုယ်တိုင် ဝိဝါဒတွေ များခဲ့သေး သည်ပဲ။ ဘော်ဒါဆောင်တစ်ခုမှ တည်းခိုခန်းတစ်ခု ဖြစ်ဖို့ဆိုသည်မှာ လည်း လွယ်ကူလှသော အလုပ်တစ် ခုတော့ မဟုတ်ခဲ့ပါချေ။ အဆင့်ဆင့် လုပ်ဆောင်စရာများက အပုံအပင်၊ ဘော်ဒါဆောင် အဆောက်အဦကို ပြန်လည်မွမ်းမံစရာရှိသည့် ကိစ္စတွေ ပြီးခဲ့လျှင်တောင် တည်းခိုခန်းဖွင့်ရန် ခွင့်ပြုချက်လိုက်လုပ်ဖို့ ကိစ္စတွေက



Asian Fame Media Group

ရှိနေသေးသည်။ သို့သော် သူ့လိုပင် လွန်ခဲ့သည့် တစ်နှစ်ကမှ ဘော်ဒါဆောင်မှ တည်းခိုခန်းအဖြစ်သို့ ပြောင်းထားလေသော သူငယ်ချင်း ညိုကြီးတစ်ယောက် လုံးကလည်း ရှိနေလေသည်။ သည်အတွက် သိပ်ပြီးပူစရာတော့ မလိုနိုင်ပါ။

"ဟော့ကောင် ကိုထွန်းရဲ့။ မင်းလည်း စဉ်းစားကြည့်ဦး။ ငါတို့ ဒီနေရာမှာ ဘော်ဒါဆောင်ဖွင့်ပြီး ငုတ်တုတ်မေ့နေခဲ့ရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ ငါတို့ကျောင်းပြီးကတည်းကဆိုတော့ ဆယ်နှစ်တောင် ရှိနေပြီ။ ငါတို့တွေလည်း အိမ်ထောင်တွေ ကျကုန်ပြီ။ ဘော်ဒါဆောင်နဲ့တော့ ရပ်နေလို့မဖြစ်တော့ဘူး ဟော့ကောင်ရေ။ နောင်ရေးတွေက ရှိသေးတယ်၊ ဒါတောင် မင်းကမိန်းကလေးဘော်ဒါဆောင်မို့လို့ တော်သေးတာ။ ငါက မင်းသိတဲ့အတိုင်း ယောကျ်ားလေးဘော်ဒါဆောင်ဆိုတော့ မလန်းချင်ဘူး။ အခုခေတ် ဟိုနယ် ဒီနယ်ကနေ ဒီဒဂုံတက္ကသိုလ်ကို လာတက်တဲ့ ကျောင်းသားတွေဆိုတာကလည်း မင်းသိတဲ့အတိုင်း တိုက်ခန်းစုပြီး ငှားနေတာတို့၊ ဟိုဘုန်းကြီးကျောင်း၊ ဒီဘုန်းကြီးကျောင်းမှာ ကပ်နေကြတာတို့ဆိုတော့ ငါ့ဘော်ဒါဆောင်က ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဖြစ်နေပြီ"

လွန်ခဲ့သည့် တစ်နှစ်ကျော်က သူငယ်ချင်းဖြစ်သူ ညိုကြီးပြောသော စကားက သူ့အာရုံမှာ လာကပ်လာသည်၊ ညိုကြီးတော့ ပြောသည့်အတိုင်းပင် သူ့စကားသူ အကောင်အထည်ဖော်ဝစ်လိုက်သည်မှာ မျက်စိများပင် မှားလောက်သွားလေသည်။ လွန်ခဲ့သည့် နှစ်လလောက်က သူလည်း အမှတ်မထင် ညိုကြီး၏ တည်းခိုခန်းသို့ နွေခင်းဘက်အရောက်မှာ သူ့ရဲ့အံ့ဩမှုများ စတင်ခဲ့ခြင်းလည်း ဖြစ်လေသည်။

"အောက်ထပ် အပေါ်ထပ် ဆယ်ခန်းစီရှိတဲ့ ငါ့ရဲ့တည်းခိုခန်းက အခုအပေါ်ထပ် နှစ်ခန်းပဲ အလွတ်ရှိတော့တယ် ကိုထွန်းရေ၊ နေ့လယ်ပိုင်းဆိုရင်များ ကျွာ။ အားရတယ်ကို မရှိပါဘူး၊ မင်းသိတဲ့အတိုင်း ငါ့မိန်းမက တောင်ဥက္ကလာမှာနေပြီး ဒီတည်းခိုခန်းအကြောင်း ဘာသိတာမှ မဟုတ်တာကျွာ။ ငါပဲ ဒီတည်းခိုခန်းကို ဦးစီးပြီးလုပ်နေရတာ၊ ပင်ပန်းပေမယ့် သာသာယာယာပဲ ဟော့ကောင်ရေ။ လူလည်း [illegible] ကိုယ်ပိုင်အချိန်ယူပြီး နားရတော့တယ်လို့ ပြောရတော့မှာ"

သည်တုန်း[illegible] ညိုကြီးပြောသော စကား[illegible]က်မှာ နားမလည်မှုတွေ [illegible]တစ်ဝက်နှင့်မို့ သူကိုယ်တိုင် ညိုကြီးကို မေးခွန်းထုတ်ဖြစ်ခဲ့သေးသည်။

"ဟ မင်းက ညပိုင်းမှနားရတယ်ဆိုတော့ ညဘက်ကျတော့ မင်းက ဒီတည်းခိုခန်းကို လူလွှဲထားခဲ့လို့ ရတယ်လား"

"မင်းကလည်းကွာ၊ ဒီမြောက်ဒဂုံမပြောနဲ့။ ရန်ကုန်မြို့ပတ်ဝန်းကျင်မှာရှိတဲ့ တည်းခိုခန်းပေါက်စနလေးတွေ တော်တော်များများက ညဘက် ဘယ်မှာ အလုပ်ဖြစ်လို့လဲ။ နေ့လယ်ပိုင်းတောင် သူ့ Section နဲ့သူကွ။ အချိန်ပိုင်း နှစ်နာရီ သုံးနာရီ ငှားရတာတွေက များတာ။ သန်လျင်ဘက်မှာ တည်းခိုခန်းဖွင့်ထားတဲ့ ငါ့သူငယ်ချင်းဆိုရင်လည်း ငါ့လိုပဲ ဟော့ကောင်ရေ။ ညဘက်ကျမှပဲ နားရတယ်ပြောတယ်"

"ဒါဆို စုံတွဲတွေ ခဏတာ တည်းခိုဖို့အတွက် အဓိကထားရသလို ဖြစ်နေတာပေါ့"

"အေးပေါ့ ကိုထွန်းရ စုံတွဲတွေဆိုတာတောင်ကွာ မြို့ထဲဘက်က လာတဲ့စုံတွဲတွေဆိုတာက မျက်စိလည် လမ်းမှားပြီး တစ်ခါတစ်ရံရောက်လာတတ်တာလို့ ဆိုရမှာ။ ငါတို့ဆီကို အဓိကလာတဲ့ ကတ်စတန်မာလေးတွေက ငါတို့ရဲ့ ကျောင်းတော်ကြီးက ကလေးတွေ ဟော့ကောင်ရေ ရှင်းပြီလား။ ဟား ဟား ဟား"

သည်တုန်းက သူငယ်ချင်းဖြစ်သူ ညိုကြီး၏ စကားအောက်၌ ပြောစရာမရှိသလို သူ့ဆွံ့အသွားခဲ့ဖူးသေးသည်၊ ညိုကြီးကဲ့သို့ ဘော်ဒါဆောင်ကနေ တည်းခိုခန်းတစ်ခုလုပ်ဖို့ရာ

**"ခေတ်ကိုလည်း အပြစ်ဖို့ပြီး ပုံမချချင်ပါဘူး။ စီးပွားရေးလုပ်တဲ့ နေရာမှာ အများတကာ မိုးခါးရေ သောက်နေကြတာ (ကာလ) ကြာပြီပဲလေ။ မမသာက်တို့က အခုမှ မိုးခါးရေ သောက်ဖို့ ကြံ့ရုံရှိသေးတာ။ ဒါက လည်း ဖြစ်သင့်ပါတယ်"**



Asian Fame Media Group

အတွက်တော့ အဲဒီအချိန်မှာ သူ မဝံ့ရဲနိုင်ခဲ့သေးပါ။

သို့သော် . . . ။ ညီကြီး၏ တည်းခိုခန်းအား တစ်ခေါက်မှ နှစ်ခေါက်အရောက်၊ ညီကြီး၏ သာသာယာယာ ဖြစ်လာသော စီးပွားရေးအနေအထားအား တစ်စပြီးတစ်စ အမြင်၊ ငါတို့ရော ဒီလို လုပ်ပစ်လို့ မရဘူးလားဟူသော အတွေးသည် သူ၏ ပိန်ချည့်ချည့် ဘော်ဒါဆောင်လေးမှ ဝင်တချို့ ထွက်တချို့ ကျောင်းသူလေးတွေနှင့် ဇနီးသည် သက်တို့၏ အခြေအနေကို မြင်တွေ့ရလေတိုင်း သူ စိတ်ကူးခဲ့ဖူးသည်သာ ဖြစ်သည်။

တစ်ခါတစ်ရံတော့ သူကိုယ်တိုင် ပိုင်ဆိုင်ဖို့ ကြိုးစားနေပါလျက်နှင့် သူ မပိုင်ဆိုင်နိုင်သေးသော အရာမှာ သူ၏ အနာဂတ်ဖြစ်လေသည်။ ဘော်ဒါဆောင်အတူတူ ဖွင့်ခဲ့လေသူ သူငယ်ချင်းညီကြီးအား မြင်ရဖန်များသောအခါ၌ ရပ်တန့်ရောင့်ရဲနေ၍ မရသော လူ့ဘဝ အချိုးအကွေ့ကို သူ ထင်ထင်ရှားရှား တွေ့ခဲ့ရလေသည်၊ ထိုထိုအချိုးအကွေ့၏နောက်၌ တစ်စုံတစ်ခုသော အတိုင်းအတာများအား သူ့ဘက်မှ ပေးဆပ်ပစ်ရမည်ဟုတော့ သူ မဖြစ်မနေတွေးနိုင်ခဲ့ပါသည်။

သို့သော် . . . ဇနီးဖြစ်သူသက်၏ အမေးစကားတစ်ခုဖြစ်သော ကားဂိတ်လည်း မနီး၊ ဘူတာလည်း မရှိ သင်္ဘောဆိပ်ဆိုသည်မှာ ဝေလာဝေးသော သူတို့၏မြောက်ဒဂုံ၌ တည်းခိုခန်းဖွင့်လျှင် မည်သူ လာတည်းမည်နည်းဟူသော မေးခွန်း၏ အဖြေကိုမူ ဇနီးဖြစ်သူ အရှင်းဆုံးမြင်သာစေရန် သူ့အနေနှင့် ဟိုး . . . ခပ်လှမ်းလှမ်းက ဒဂုံတက္ကသိုလ်ကြီးကို လက်ညှိုးထိုးပြရန်အတွက်တော့ အခုအချိန်မှာ သူ မဝံ့ရဲနိုင်ခဲ့သေးပါချေ။

(၂)

ညီကြီးတို့ ဇနီးမောင်နှံနှင့် သူတို့ဇနီးမောင်နှံက အမှန်တော့ သူငယ်ချင်းတွေသာ ဖြစ်လေသည်။ ဒဂုံတက္ကသိုလ်မှာ ကျောင်းတက်ကြတော့ အတူတူ။ ကျောင်းတွေပြီးကြတော့ မိဘများ၏ ပံ့ပိုးပေးမှုဖြင့် မြောက်ဒဂုံမှာရှိသော ကျောင်းနှင့် မနီးမဝေး မြေကွက်တွေမှာ အဆောက်အဦဆောက်ရင်း ဘော်ဒါဆောင်များ ဖွင့်ကြသည့်အခါတွင်လည်း အတူတူပင်ဖြစ်သည်။

ဘော်ဒါဆောင်တစ်ခုနှင့်တစ်ခုက အလှမ်းကွာဝေးလှသည် မဟုတ်သကဲ့သို့ သူနှင့်ညီကြီးတို့ အိမ်ထောင်ကိုယ်စီပြုလိုက်ကြတော့လည်း တစ်နှစ်တည်းမှာပင် ဖြစ်သည်။ ပထမပိုင်းနှစ်များတွင် အမျိုးသမီးဘော်ဒါဆောင်ဖွင့်သော သူတို့လင်မယားလည်း အဆင်ပြေနေသေးသကဲ့သို့၊ အမျိုးသားဘော်ဒါဆောင်ဖွင့်သော ညီကြီးတို့လင်မယားလည်း အဆင်ပြေနေသေးသည်။

"ကိုထွန်းရေ . . ငါတော့ ဘော်ဒါဆောင်ဖွင့်ရတာ တော်တော်ကို စိတ်ကုန်လာပြီ။ မင်းက မိန်းကလေးတွေကို မင်းမိန်းမနဲ့အတူ အုပ်ချုပ်ရတာ ပြဿနာမရှိဘူး။ ငါကျတော့ ငါ့ကောင်တွေကို မင်းတို့လို ည ၇ နာရီနောက်ပိုင်း အဆောင်တံခါးမဖွင့်ဘူး ဆိုရင်လည်း အဆောင်မှာ နေမယ့်သူရှိမှာတောင် မဟုတ်ဘူး။ တချို့ဆိုရင် ညဘက် မူးတောင်လာလိုက်သေး . . ကောင်းရော"

ပထမပိုင်းမှာ ညီကြီးဆီမှ စိတ်ညစ်မှုစကားသံလေးတွေ တစ်စွန်းတစ်စ ကြားရလေပြီး မကြာမီပင် ညီကြီးက ဘော်ဒါဆောင်ကို တည်းခိုခန်းလုပ်မည်ဟု ပြောလာခဲ့ခြင်းဖြစ်လေသည်။

"ဟေ့ကောင် . . . ကိုထွန်းရေ မိုးခါးရေဆိုတာလည်း သောက်သင့် သောက်ရမှာပဲ၊ မတတ်နိုင်တော့ဘူး။ မင်းပြောသလို ဒဂုံတက္ကသိုလ်ကြီးကို အမြဲပြပြီးမှ တည်းခိုခန်းဖွင့်ရမယ်ဆိုတာကတော့ ကြားလို့လည်း မကောင်းသလို ဖြစ်လည်းမဖြစ်သင့်ဘူးပေါ့။ ဒါပေမဲ့ နယ်ကျောင်းသားတွေ ပါးသွားတဲ့ အခုလိုအချိန်မျိုးမှာ ဘော်ဒါဆောင်ဖွင့်ပြီး ငုတ်တုတ်မေ့နေမယ့်အစား ငါတော့ အချိုးအကွေ့တစ်ခုကို ချိုးချလိုက်ချင်ပြီ"

ပြောလည်းပြော၊ လုပ်လည်းလုပ်လိုက်လေသော ညီကြီး၏ တည်းခိုခန်းက မလှမ်းမကမ်းဟိုမှာဘက်ဆီမှာ ဟီးထလို့။ 'ငါ့ခြံလေး ကြည့်ပြန်တော့ . . . မချိုပွေ့ပြောခဲ့' ဆိုသကဲ့သို့ပင် ကျောင်းသူအယောက် ငါးဆယ်ခန့်နေ၍ ရမည့် သူတို့၏ ဘော်ဒါဆောင်လေးသည် ဆယ်ယောက်၊ တစ်ဆယ့်နှစ်ယောက်ထက်မပိုသော ကျောင်းသူအရေအတွက်ဖြင့် အားကန်၊ မာန်တင်း ချီတက်ခဲ့ရသည်မှာ အမှန်တကယ်တော့ မလွယ်လှပါချေ။

"မမရေ . . သမီးတို့အခန်းရဲ့ ဟိုဘက်ခန်းက ဘယ်သူမှမရှိဘဲ ပိတ်ထားတာကြာတော့ ကြွက်တွေ ဘာတွေရှိတယ်နဲ့ တူပါတယ် မမရယ်၊ ညဘက်ဆိုရင် ဝုန်းဒိုင်းကြဲနေ



လို့ ဟိုဘက်အခန်းက ကျောင်းသူနှစ်ယောက်က သရဲခြောက်ပါတယ်ဆိုပြီး ညက ထပြီးအော်နေလို့လေ"

ကျောင်းသူတစ်ယောက်မှ ဇနီးသည်ထံ တင်ပြလာသော အခန်းလွတ်တစ်ခန်း၏ အခက်အခဲပေါ် ဇနီးသည်က ဘယ်လိုဖြေရှင်းမည် မသိသော်လည်း သူကတော့ ထိုစဉ်ကတည်းက အဆိုပါ အခန်းလေး၏ နေရာ၌ ညီကြီး၏ တည်းခိုခန်းမှ အခန်းများ၏ အပြင်အဆင်ကို မြင်ယောင်နေပြီးသား ဖြစ်လေသည်။

"ကိုထွန်းရ . . အခုခေတ် တက္ကသိုလ်ကျောင်းသားတွေဆိုတာကလည်း အဝေးကြီးကို မကြည့်နဲ့ဦး လွန်ခဲ့တဲ့ ဆယ်နှစ်က ငါတို့ တက္ကသိုလ်ကျောင်းသားဘဝနဲ့တောင် တူတော့လို့လား။ ငါတို့ ကျောင်းသားဘဝက သူငယ်ချင်းတွေ ညနေပိုင်းအိမ်ကိုလာရင် လမ်းထိပ် လက်ဖက်ရည်ဆိုင်ထွက်တိုင်တာလောက်ရှိတာ။ အခုကျတော့ လက်ဖက်ရည်ဆိုင်တွေ အစားလည်း ဘီယာဆိုင်တွေက အစားထိုးလာကြပြီလေ၊ အဲဒီတော့ ဘော်ဒါဆောင်အစား တည်းခိုခန်းတွေ အစားထိုးကုန်တာ ဆန်းတာမှမဟုတ်တော့တာ ဟား . . ဟား"

သည်တုန်းက စကားတွေ တသီတတန်းကြီး ပြောအပြီးမှာ ညီကြီးတစ်ယောက် ဘာကြောင့် ထရယ်သည်ဆိုခြင်းကို သူကောင်းစွာသဘောမပေါက်နိုင်ခဲ့သော်ငြား၊ ညီကြီးတစ်ယောက်တော့ မိုးခါးရေ သောက်လေပြီဟု သူ တွေးထင်ခဲ့ဖြစ်သေးသည်။

အမှန်အတိုင်း ဝန်ခံရပါလျှင် ထိုအချိန်ထိ သူကိုယ်တိုင် မိုးခါးရေ မသောက်ချင်ခဲ့သေးပါ၊ အဆောင်သူ ၁၀ ယောက်ကျော်နှင့် အသားကျနေသော ဘော်ဒါဆောင်ကို တည်းခိုခန်းအဖြစ် ဖွင့်ပစ်ဖို့ရာအတွက် ဆုံးဖြတ်ချက်ကိုမူ တစ်ထိုင်

တည်း ချပစ်ဖို့ရန်အတွက်တော့ ညိုကြီး၏ စကားများက မစွမ်းဆောင်နိုင်ခဲ့ပါ။ သို့သော် ညိုကြီး၏ နောက်ဆက်တွဲစကားတစ်ခွန်း၏ အောက်တွင် သူ၏ ယိုင်နဲ့နဲ့အတွေးများနှင့် မှုန်ဝါးဝါးဆုံးဖြတ်ချက်ကတွန်းအားတစ်ခုအဖြစ် သူ၏စိတ်အာရုံကို တွန်းထိုးတိုက်စားသွားခဲ့လေသည်။

"မင်းမိန်းမကလည်း အရင်လိုမဟုတ်တော့ဘူးလေ ကိုထွဋ်ရဲ့။ မင်းကင့်ထက်အရင်တောင် ကလေးအဖေဖြစ်တော့မယ့် ဥစ္စာ၊ တကယ်ဆို ဒီကိစ္စကို မင်းက ငါ့ထက်အရင် အကောင်အထည် ဖော်သင့်ခဲ့တာ"

တည်းခိုခန်းအဖြစ် အတည်ပြုဖို့ရာ သေသေချာချာ ပြင်ဆင်တော့မှပင် အခက်အခဲများက သူ့အတွက် အစီအရီပင်။ များလိုက်သည့် တည်းခိုခန်းတွေဆိုတာကလည်း သူတို့ရဲ့ မြို့ကလေးနှင့် လိုက်ပင်မလိုက်။ တချို့ဆိုလျှင် တည်းခိုခန်းအဆင့်ပင်မကလေဘဲ မိုတယ်အဆင့်အထိပင် ဖြစ်နေလိုက်သေးသည်။ သို့သော် သူ၏ သူငယ်ချင်းညိုကြီးပြောသကဲ့သို့ပင် ရှိရှိလေသမျှ တည်းခိုခန်းများ၊ မိုတယ်များအားလုံးသည် သူ့ဟာနှင့်သူပုံစံ အမျိုးမျိုးဖြင့် အဆင်ပြေနေကြလေသည်။ ညဘက်ရောက်လျှင်တော့ တည်းခိုခန်းများအားလုံးလိုလိုမှာ သရဲခြောက်နိုင်အောင်ပင် တိတ်ဆိတ်ငြိမ်သက်လျက်။ နှစ်ခြိုက်စွာ အိပ်မောကျလျက်။ ငုတ်တုတ်မေ့နေလျက်။

"ဟိုအရင်လကဆိုရင် အဝေးသင်ကျောင်းသားတွေ ကျောင်းတက်ရက်မို့ တည်းခိုခန်းအားလုံးအလုပ်ဖြစ်လိုက်ကြတာ ဝက်ဝက်ကွဲပဲ။ နွေနှစ်လ၊ အဝေးသင်တွေရော Day တွေရော ပိတ်လို့ကတော့ ငွမ်းတယ် ကိုထွဋ်ရေ"

"အင်း မင်းပြောဖူးတယ်လေ၊ ရန်ကုန်ဘက်က အတွဲတွေလည်း လာတတ်တယ်ဆိုတာ"

"လာတော့ လာတယ်လေ။ အဲဒါက ရံဖန်ရံခါပါကွာ။ တချို့ကျတော့လည်း ရန်ကုန်ဘက်က အမျိုးသမီးလေးတွေ ဈေးကွက်ချဲ့ထွင်တဲ့သဘောနဲ့ ပရိုမိုးရှင်းဆင်းတာပေါ့၊ ဒီမှာက ကျောင်းသားတွေများတာကိုး၊ သဘောပေါက်တယ် ဟုတ်"

"အေးကွာ . . အဲဒါကြီးကျတော့ ကျောင်းသားလေးတွေဘက်က မတရားပါဘူးကွာ"

ဟု ထိုစဉ်အချိန်က ညိုကြီးကို သူပြန်ပြောခဲ့သေးသည်။ မဝံ့မရဲမှုများ၊ ပြတ်သားစွာချပစ်နိုင်သော ဆုံးဖြတ်ချက်များ သူ့၌ အလွယ်တကူ ရှိမနေစေတာမှု၊ ထိုအလုပ်ကို လုစ်လျူရှုပစ်ဖို့ရန်တော့ သူ့စိတ်ဓာတ်က မရိုးသားနိုင်ခဲ့ပါ။ ယခုအချိန်တွင်တော့ ဘော်ဒါလေးသည်လည်း တည်းခိုခန်းတစ်ခုအသွင် ခမ်းနားဆန်းပြားစွာ ရုပ်လုံးကြွနေလေပြီ။ ဖွင့်ရမည့်အချိန်၊ ဖွင့်ရမည့်ရက်တစ်ခုအတွက် ခွင့်ပြုချက်တစ်ခုကို စောင့်နေရခြင်းသာ ဖြစ်လေသည်။

"ဒီက အဆောင်သူလေးတွေလည်း ဘယ်ဆီကို ရောက်သွားကြပြီလဲ မသိဘူးနော်မောင်။ သူတို့ ဖုန်းနံပါတ်တွေရှိနေပေမယ့် သူတို့ကလည်း သက်ဆီကို ဆက်မလာ၊ သက်ကလည်း သူတို့ဆီကို မဆက်ရဲနဲ့လေ။ သူတို့ ဒီမှာနေသွားကြတာလည်း အတိုင်းအတာတစ်ခုထိ ကြာခဲ့တော့ တစ်ခါတလေတော့ သတိရသား"

ဇနီးဖြစ်သူသက်၏ စကားတွေထဲမှ "သက်ကလည်း သူတို့ဆီကို မဆက်ရဲ" ဆိုသည့် စကားက သူ့အာရုံတွင် ရိုက်ခတ်နေသည်။ အဆောင်မှာနေလာကြသော အဆောင်သူများကလည်း တချို့ဆိုလျှင် နှစ်ရှည်လများ နေထိုင်လာကြသူတွေမို့ သူ၏ဇနီးသည် သက်နှင့်က ညီအစ်မများနှင့်မခြား ရှိနေကြလေသည်။

"ခေတ်ကြီးသည်း အပြစ်ဖို့ပြီးပုံမချချင်ပါဘူး။ စီးပွားရေးလုပ်တဲ့နေရာမှာ အများတကာ မိုးခါးရေသောက်နေကြတာ ကြာပြီပဲလေ။ မမသက်တို့က အခုမှ မိုးခါးရေသောက်ဖို့ ကြံရုံရှိသေးတာ။ ဒါကလည်း ဖြစ်သင့်ပါတယ်"

ဘော်ဒါဆောင်မှ ခွဲခွာခါနီးပြောလာသော အဆောင်သူတစ်ယောက်၏ စကားအောက်၌ သူ၏ဇနီးသည် သက်မှာ ထိုစဉ်အချိန်က ဆွံ့အ တိတ်ဆိတ်သွားခဲ့ဖူးသည်လေ။ ဖုန်းမဆက်ရဲဆိုသော စကားလုံးသည် ဇနီးသည်သက်၏ လိပ်ပြာအတွက် ကာကွယ်ပေးဖို့ မဝံ့ရဲစွာဖြင့် ထွက်လာဖြစ်ခဲ့သော စကားလုံးတွေမှန်း သူကောင်းစွာသဘောပေါက်ခဲ့လေသည်။ သူကိုယ်တိုင်ကရော၊ အမေးလှလှ၊ အတွေးလှလှများ၏ နောက်ကွယ်က ခါးသီးသောအရသာတစ်ခုကို ကောင်းစွာသဘောပေါက်နေခဲ့ပြီးတော့ သူကတော့ . . ထိုစဉ်အချိန်မှာ ဟိုး . . ရှေ့က ရောင်နီတစ်ခုကိုသာ လှမ်းမျှော်ကြည့်ဖြစ်ခဲ့လေသည်။

(၄)

"အေး . . ညိုကြီး၊ ငါတို့ အခုဆေးခန်းတစ်ခုကို ရောက်နေတယ်ကွ။ သက်အတွက် အာထရာဆောင်းလာရိုက်တာကွ။ အခုရိုက်ပြီးကလေးက ယောကျာ်းလေးလား၊ မိန်းကလေးလားဆိုတဲ့ အဖြေကို စောင့်နေတာကွ။ အေး . . ငါတို့ တည်းခိုခန်း ကိစ္စကတော့ အားလုံးပြီးပြီလေ။ ဗေဒင်လေးဘာလေး ကြည့်ပြီး ဖွင့်မယ့်ရက်ကို စောင့်နေတာလေကွာ . . ဟား . . ဟား"

". . . . . . . . . ."

"ဘယ်လို ဟောကောင် ညိုကြီး၊ ငါ နားမရှင်းဘူး"

". . . . . . . . . ."

"ဩော် . . အဲဒါဆိုရင် မင်း ဘယ်လိုဖြေရှင်းလိုက်ရလဲ ညိုကြီး၊ ပြဿနာတွေ တက်ကုန်ပြီလား"

". . . . . . . . . . ."

"ဩော် . . အေးကွာ။ ငါ အိမ်ပြန်ရောက်မှ မင်းဆီကို ဖုန်းပြန်ဆက်လိုက်မယ် ညိုကြီး"

ညိုကြီးနှင့် ဖုန်းပြောအပြီး ဖြစ်သွားခဲ့သော သူ၏ တဒင်္ဂအခြေအနေအောက်တွင် ဘေးက ဇနီးဖြစ်သူ သက်ကတော့ နားမလည်နိုင်ရှာဘဲ ရှိလေသည်။ "ဘာဖြစ်တာလဲ မောင် . . ညိုကြီးက ဘာပြောလာလို့လဲ" ဟူသော သက်၏အမေးကို ပြန်ဖြေဖို့ရန် ရုတ်တရက် အခြေအနေ၌ သူ့တွင် အဖြေတစ်ခု အဆင်သင့်ရှိမနေခဲ့ပါ။

"ညိုကြီးတို့ တည်းခိုခန်းကို အရွယ်မရောက်သေးတဲ့ ကျောင်းသား၊ ကျောင်းသူစုံတွဲလေး ရောက်လာလို့တဲ့။ အဲဒါ ကျောင်းသူရဲ့ မိဘတွေက သိသွားလို့ တည်းခိုခန်းမှာ ပြဿနာလာရှာလို့တဲ့။ အဲဒါ အခု ညိုကြီးတို့ ပြဿနာတက်နေတယ်တဲ့"

"ကိုစည်သူထွဋ်နဲ့ မသက်ထားမေတို့ ရှိပါသလား"

သူ၏ ရှင်းပြမှုကို တွေဝေစွာ နားထောင်နေသော သက်နှင့် တစ်စုံတစ်ခုအတွက် ပြင်းထန်စွာ တွေးနေမိသော သူ၏အနားသို့ အပြာရောင်ဝတ်ဆရာမလေးက ဖိုင်တချို့ကိုင်ပြီး ရောက်လာလေသည်။

"စောစောက ရိုက်ထားတဲ့ အာထရာဆောင်းအဖြေ ရပါပြီရှင်၊ သမီးကလေးပါရှင်"

"ဗျာ"

သူ၏နှုတ်ကသာ 'ဗျာ'ဟုထွက်သွားသော်လည်း ဇနီးသည် သက်ရဲ့ နှုတ်ဖျားကတော့ ဘာစကားမှ ထွက်ကျမလာခဲ့။ သားလေးဖြစ်စေ၊ သမီးလေးဖြစ်စေ ရတနာပါပဲဟုပင် သက်က မကြာမီလေးက ပြောနေခဲ့သေးတာလေ။ "မောင် သွားစို့" ဟု ပြောလာသော သက်၏စကားအတိုင်း သူလည်း သက်နှင့်အတူ လိုက်ပါလာရသော်ငြား၊ အဖြေမရှိသည့် မေးခွန်းပေါင်း ကုဋေကုဋာနှင့် သူ့စိတ်တွေ လေးလံမွန်းကျပ်နေလေသည်။ မိုးခါးရေဆိုမှတော့ အမှန်တကယ်မှာ ချိုမြိန်မှုရော ရှိနိုင်ပါဦးမည်တဲ့လား။ ညိုကြီးတို့သောက်ခဲ့သော မိုးခါးရေ၊ မကြာမီပင် သူတို့ကိုယ်တိုင် သောက်ကြရဦးမည့် မိုးခါးရေ . . .။

မိုးခါးရေ . . မိုးခါးရေ၊ . . မိုးခါးရေ . . .။

"သက် . . မောင်တို့ဘော်ဒါဆောင်မှာ နေသွားခဲ့တဲ့ ကောင်မလေးတွေကို ဖုန်းဆက်လို့ရမလား"

"ရတယ်လေ မောင်ရဲ့ ဘာဖြစ်လို့လဲ"

"မောင်တို့ အိမ်ပြန်ရောက်ရင် တစ်ယောက်ချင်းစီကို ဖုန်းပြန်ဆက်ကြရအောင်ကွာ၊ ပြီးတော့ မောင်တို့ဆီမှာ ပြန်နေရအောင်လည်း သူတို့ကို သက်ကပဲ ပြန်ပြောလိုက်တော့ ကွာနော်"

**မင်းဝေယာင်**



Asian Fame Media Group

## မြောက်ကျွန်းသူ ပိုးထည်ဆိုင်သစ်ဖွင့်လှစ်



မြောက်ကျွန်းသူ ပိုးထည်ဆိုင်သစ် ဖွင့်လှစ်ခြင်း အခမ်းအနားကို အောက်တိုဘာလ ၂၃ ရက် နံနက် ၉ နာရီက ဆိုင်တည်ရှိရာ အမှတ် ၁၆/ဗီ၊ အောင်မင်းခေါင်လမ်း၊ သံလွင်လမ်းသွယ်၊ ကမာရွတ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ မြောက်ကျွန်းသူ ပိုးထည်ဆိုင်မှ ဖြန့်ချိရောင်းချသော ပိုးထည်များမှာ အရည်အသွေးမြင့် ပိုးထည်များဖြစ်ပြီး မြန်မာပိုးထည်များကို ပြည်တွင်း စစ်ကိုင်း၊ အမရပူရတို့မှ မှာယူခြင်းဖြစ်ပြီး နိုင်ငံခြားဖြစ်ပိုးထည်များကိုမူ ထိုင်းနိုင်ငံမှ မှာယူခြင်းဖြစ်သည်။ လာရောက်ဝယ်ယူသူများ အဆင်သင့် ချုပ်နိုင်ရန် အရည်အချင်းပြည့်မီသော ကိုယ်ပိုင်ဒီဇိုင်နာများလည်း ထားရှိပေးထားပြီး ချုပ်လုပ်ပြီး အဆင်သင့်ဝတ်ဆင်ချင်သူများအတွက်လည်း HUZZA ဗမာဝတ်စုံ Ready Made များလည်း ရရှိနိုင်မည်ဖြစ်သည်။ အထူးပရိုမိုးရှင်းအနေဖြင့် ဝယ်ယူသည့်ပမာဏပေါ်မူတည်ပြီး ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ပိုးထည်များကို ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

## ကမ္ဘာ့အရိုးပါးရောဂါနေ့အထိမ်းအမှတ် လူထုကျန်းမာရေး အသိပညာပေး ဟောပြောပွဲ



အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့အရိုးပါး ရောဂါနေ့ အထိမ်းအမှတ် လူထုကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို Mega Lifesciences မှ ကြီးမှူးပြီး အောက်တိုဘာလ ၂၀ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲက သူနာပြုတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် ဆေးတက္ကသိုလ် (၂) ပါမောက္ခချုပ် ဒေါက်တာ ဘင်ဆွေလတ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက်တွင် မြောက်ဥက္ကလာ ဆေးရုံကြီး၊ အရိုးရောဂါပညာဌာနမှ ဌာနမှူးပါမောက္ခ ဒေါက်တာမြင့်သောင်းက 'အရိုးပါးရောဂါ အကြောင်း သိကောင်းစရာ' နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အကြောအဆစ်ရောဂါ အထူးကု ပညာဌာန ဌာနမှူး ပါမောက္ခဒေါက်တာခင်မျိုးလှက 'အရိုးပါးရောဂါကာကွယ်ရေးနှင့် ကုသရေးတွင် လေ့ကျင့်ခန်းနှင့် ကိုယ်လက်လှုပ်ရှားမှုအခန်းကဏ္ဍအရေးပါပုံ' အကြောင်းများနှင့် ဒေါက်တာလှကြည် (ဒု-ညွှန်ကြားရေးမှူး- အာဟာရ (ငြိမ်း)) က 'အရိုးပါးရောဂါအစားအသောက်ဖြင့် ကာကွယ်ပါ' ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် Calcivita Forte မှ အရိုးပါးရောဂါ ရှိမရှိကို အခမဲ့စစ်ဆေးပေးကြပြီး ဟောပြော ပို့ချပေးသော ဆရာဝန်ကြီးများက အခမဲ့ဆေးကုသပေးခဲ့ကြသည်။

## Wisdom House တိုက်ထုတ် 'ဆရာဝန်မှတ်တမ်း' နှင့် 'အချွန်အတက်နဲ့ နောက်တာ လွယ်မှတ်လို့' စာအုပ်များမိတ်ဆက်

Wisdom House တိုက်ထုတ် စာအုပ်များဖြစ်သော 'ဆရာဝန်မှတ်တမ်း'နှင့် 'အချွန်အတက်နဲ့ နောက်တာ လွယ်မှတ်လို့' တို့ မိတ်ဆက်သည့် အခမ်းအနားကို အောက်တိုဘာလ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပန်းဆိုး တန်း (အထက်) လမ်းရှိ အင်းဝ စာအုပ်တိုက်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် ဆရာမ စုသဲပွင့်က အခမ်းအနားမှူး ပြုလုပ်ခဲ့ပြီး ဆရာကြည်မင်း၊ ဆရာကြည်လင်အေး၊ ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ) တို့က စာအုပ်များနှင့် မိတ်ဆက်ပြီး မှဒီတာစကားများ ပြောကြားခဲ့ကြသည်။ ထို့နောက်တွင် ဆရာဝန်မှတ်တမ်း စာအုပ်ရေးသားသူ ဆရာမ မင်းနီရဲလ်နှင့် 'အချွန်အတက်နဲ့ နောက်တာ လွယ်မှတ်လို့' စာအုပ်ရေးသားသူ ဆရာရီနေနိုင်တို့က စာအုပ်များနှင့် မိတ်ဆက်ပြီး ရှင်းလင်းပြောကြားခဲ့ကြကာ ဆရာကြည်ရွှန်းကလည်း ကျေးဇူးတင်စကား ဆိုခဲ့သည်။ ဆရာဝန်မှတ်တမ်းစာအုပ်သည် မဟေသီ မဂ္ဂဇင်းတွင် ရေးသားသော ဆရာဝန်ဘဝ အတွေ့အကြုံ ဆောင်းပါးများကို စုစည်း ထုတ်ဝေထားခြင်းဖြစ်သည်။ ဆရာရီနေနိုင်၏ 'အချွန်အတက်နဲ့ နောက်တာ လွယ်မှတ်လို့' စာအုပ်မှာမူ The Ladies ဂျာနယ်၊ Action Time ဂျာနယ်၊ ပေါ်ပြူလာဂျာနယ်၊ ဟာဒယမဂ္ဂဇင်း၊ မြန်မာ့သစ် မဂ္ဂဇင်းများတွင် ရေးသားထားသော သရော်စာ ဆောင်းပါးများ ဖြစ်သည်။ အဆိုပါစာအုပ်များ ကို ခေတ်အတွက် လိုအပ်ချက်များ ဖြစ်ကြောင်း အခမ်းအနားတွင် မှဒီတာ စကားပြောကြားခဲ့ကာ ဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ)က ဆိုခဲ့သည်။




## စာရေးဆရာမ မသီတာ (စမ်းချောင်း) ၏ 'စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်' စာအုပ်ဖြန့်ချိခြင်း



စာရေးဆရာမ မသီတာ (စမ်းချောင်း) ၏ 'စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်' စာအုပ်ဖြန့်ချိခြင်း အခမ်းအနားကို နိုဝင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းက ဗိုလ်အောင်ကျော်လမ်းရှိ Home Media Centre တွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအခမ်း အနားတွင် ဆရာ ဦးဝင်းတင်၊ ဆရာ မင်းလူနှင့် ဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ) တို့က အမှတ်တရ စကားများ ပြောကြားခဲ့ကြသည်။ အဆိုပါ စာအုပ်ကို ငါတို့စာပေမှ ထုတ်ဝေဖြန့်ချိခြင်းဖြစ်ပြီး ယင်းစာအုပ်နှင့်စပ်လျဉ်း၍ မသီတာ (စမ်းချောင်း) က "(မြန်မာပြည် အကျဉ်းထောင်) ထောင်မှူးကြီး များဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး၊ ဗိုလ်ချုပ်ကြီးများကို လည်းကောင်း၊ (အင်းစိန် အကျဉ်းထောင်) ဝန်ထမ်းများနှင့် အကျဉ်းသားများကိုလည်းကောင်း ကျေးဇူးတင်ကြောင်း ပြောလိုသည်" ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

Asian Fame Media Group
MEDIA GROUP



# ချောက်ကမ်းပါးထဲက ယောက်ျား

သက်ဦးဘောင်

ဝတ္ထုတိုရသ

Asian Fame Media Group



**မင်းတုန်းမင်း** ၏ ညီတော် ကနောင် မင်းသားက ကိုရင်ကြီးဦးပုညအား ဘုရားဟော (၅၅၀) ဒွါဒသ ဇာတ်နိပါတ် ကျမ်းအလာ 'ပဒုမ ပေါင်တို' ဇာတ်ကို ရေးသားပေးစမ်းပါ ဟု တောင်းပန်လိုက်ရာ ကိုရင်ကြီး ဦးပုညက ရေးသားပေးပါမည်ဟု ဝန်ခံ ကတိပြုကာ ကျောင်းသို့ ပြန်ခဲ့လေ၏။

ဤကဲ့သို့ ပဒုမပေါင်တိုဇာတ်ကို ကိုရင်ကြီး ဦးပုညအား ရေးသားခိုင်းရခြင်း၏ အကြောင်းအရင်းမှာ နန်းတွင်း မိဖုရားတို့၏ ကိုယ်လုပ်တော်များအနက် အချို့သော နန်းတွင်းသားများနှင့် ပူးပေါင်း၍ မတော်မတရားကြံစည်တတ်ခြင်း၊ မိန်းမတို့ မည်သည်မှာ အကျင့်ဖောက်ပြား တတ်ခြင်းကြောင်းကို



သိစေလိုသော သဘောဖြင့် ဤ[illegible]ပေါင်တိုဇာတ်ကို ကိုရင်ကြီး ဦးပုည အား မင်းတုန်း မင်းသား၏ ညီတော် ကနောင်မင်းသားက ရေးသားစေ တော်မူပြီးလျှင် ဇာတ်သဘင်ဝန် တို့ က နန်းတွင်းမှာ ကပြကြရလေ သည်။

(စာပေသုတေသီတစ်ဦး၏ စာဆို တော်ကြီး စလေဦးပုညစာအုပ်မှ)

---

၁၅ မိနစ်လောက်စကားလက်ဆုံကျလိုက်သည်နှင့် ဧပရယ်မိုးသည် ပုရိသတော်တော်များများကို ဦးနှောက်မှဲ့ သွားနိုင်လောက်အောင် ဆွဲဆောင်မှုအားကောင်းသူ အမျိုးသမီးတစ်ဦး အဖြစ် သက်ခံလိုက်ရသည်။ အဓိကပြောဖြစ်သည့် အကြောင်းအရာကတော့ သူမ၏ ဘဝဇာတ်ကြောင်းကိုအမူအရာလေသံစကားလုံးမျက်ရည်တို့ဖြင့်ပေါ်လွင်အောင် သရုပ်ဆောင်ပြခြင်းပင်.....

---

♦

မိုးအောင်နှင့် ကျွန်တော်သည် မန္တလေးတက္ကသိုလ်မှ ဘွဲ့အတူတူရခဲ့ကြပြီး စီးပွားရေးလောကတွင် ယောင်ခြောက်ဆယ်ဖြစ်နေရာမှ ကျောက်ဝိုင်းသို့ ချဉ်းကပ်မိကြ၏။ အာဂန္တုကျောက်ပွဲစားဘဝမှာပင် ခွင်ကြီး (၃) ခုမျှမိပြီး အလိုက်သင့် မျှောနေမိခဲ့ကြ၏၊ ဂဏန်း (၅) လုံးမျှ အဆင်ပြေနိုင်သော ခွင်တစ်ခုကို လောလောဆယ်တွေ့ထားကြသည်။ ထိုခွင်ကို အသေးစိတ်တိုင်ပင်ရန် မိုးအောင်ကို စားသောက်ဆိုင်တစ်ဆိုင်သို့ ချိန်းဆိုလိုက်၏။

ဤတွင် ဧပရယ်မိုးနှင့် ဆုံတွေ့ရန် အကြောင်းဖန်လာခဲ့တော့သည်၊ သူက မိုးအောင်နှင့် အတူပါလာခဲ့ခြင်း ဖြစ်၏။ သူတို့နှစ်ဦး၏ ဆက်ဆံပုံကို အပေါ်ယံကြည့်ရုံနှင့်ပင် အတိုင်းအတာတစ်ခုအထိ ပတ်သက်မှုရှိကြောင်း သိသာစေသည်။

ဧပရယ်မိုး၏ ရုပ်ရည်က ပုရိသတိုင်းက လှပါသည်ဟု ထောက်ခံပေးရမည့်ရုပ်ရည်မျိုး။ တည်ငြိမ်အေးချမ်းစွာ ဣန္ဒြေရသည့်အလှမျိုးတော့ မဟုတ်။ ခေတ်မီလတ်ဆတ်၍ ရဲတင်းပူလောင်သော အလှမျိုး။ လျှပ်ပေါ်ပေါ်သွမ်း၍ ကလက်တက်တက် အမူအရာမျိုးမရှိသလို မာနကြီးတစ်ခွဲသားနှင့် ဗိုင်းကောင်းကျောက်ဖိအမူအရာမျိုးလည်း မရှိပါ။ စကားပြောဆိုဆက်ဆံပုံကျတော့လည်း ဆန့်ကျင်ဘက်လိင်ကို ဂရုစိုက်၍ နိုးတိုးရှန့်တန့်ဖြစ်နေမည့် လက္ခဏာမျိုး စိုးစဉ်းမျှပင် မမြင်ရချေ။ မိုးအောင်၏ မိတ်ဆက်ပေးမှုအရ သူသည်လည်း ကျောက်လောကသားတစ်ဦးဖြစ်ကြောင်း သိရ၏။ မိမိနှင့် မိုးအောင်ပြောဆိုဆွေးနွေးနေကြသော လုပ်ငန်းအကြောင်းများကို ရဲတင်းသွက်လက် ကျွမ်းကျင်စွာဝင်ရောက်ပြောဆိုသည်၊ နာရီဝက်မျှ ထိုင်ပြီးသောအခါ "ချိန်းထားတာ တစ်ခုရှိလို့" ဟူသော အကြောင်းပြချက်ဖြင့် ထပြန်သွား၏။

ဧပရယ်မိုးအကြောင်းကို မိုးအောင်အားမေးကြည့်သောအခါ

"ကျောက်လောကမှာ သွားလာလှုပ်ရှားနေပြီး ဧပရယ်မိုးအကြောင်းကိုမှ မသိသေးဘူးဆိုရင်တော့ မင်းသိပ်ညံ့လွန်းသွားပြီ ရဲကျော်။ ဧပရယ်က ကျောက်လောကမှာ ဂရိတ်ပေါ်ပြူလာတစ်ယောက်ကွ"

"သူဟာသူ ဂရိတ်ချင် ဂရိတ်၊ မဂရိတ်ချင် နေကွာ၊ ငါ မသိတာတော့ မသိတာဘဲလေကွာ"

"မင်းနဲ့ မတိုက်ဆိုင်လို့ပါ၊ ကျောက်ဝိုင်းသားတော်တော်များများက သူ့အကြောင်းသိကြသလို ပတ်သက်ဖူးသူတွေလည်း တော်တော်များကြတယ်ကွ"

"မင်းနဲ့ ဘယ်လိုပတ်သက်တာလဲ"

မိုးအောင်က ဟက်ဟက်ပက်ပက်ရယ်၍

"ဒါကြောင့် မင်းကို ညံ့တယ်လို့ ပြောတာပေါ့ကွာ။ လူတိုင်းလောက်နီးနီးသိနေတဲ့ ဧပရယ့်အကြောင်းကို မင်းကျမှပဲ မေးခွန်းထုတ်လို့ကို မဆုံးနိုင်တော့တာကိုးကွ"

"သူက လူတိုင်းသိလောက်အောင် ဘာတွေများ ထူးခြားနေလို့လဲ"

"ငါ မပြောချင်ပါဘူးကွာ၊ နောက်ကျတော့ မင်းမသိချင်ရင်လည်း သူ့အလိုလို သိလာရမှာပါ"

"သိပ်လည်း ဂိုက်ခံမနေနဲ့ မိုးအောင်၊ စကားကြုံလို့ မေးကြည့်မိတာ၊ မိန်းမတစ်ယောက်အကြောင်းကို မသိရလို့လည်း ငါ့အတွက် ဘာမှ ထူးခြားမသွားဘူး"

♦

မိုးအောင်ပြောတာ မှန်သည်။ တစ်နေ့ထက်တစ်နေ့ ဧပရယ်မိုး၏ အကြောင်းများကို တိုးတိုး၍ သိလာခဲ့ရ၏။ မိမိကိုယ်တိုင်ကပင် မသိမသာစိတ်ဝင်စားမိ၍ ခရီးသွားဟန်လွှဲမေးမြန်းမှုကြောင့်လည်း ပို၍ အသိမြန်ခြင်း ဖြစ်ပေလိမ့်မည်၊

ပုရိသတော်တော်များများထံမှ တညီတညွတ်တည်း ထွက်လာသော ဧပရယ်မိုး၏အကြောင်းမှာ ဆန့်ကျင်ဘက်လိင်ကို အာဟာရ၊ အဝတ်အစားကဲ့သို့ သဘောထားသူ၊

ထို့ကြောင့် ကျောက်လောကသား ကတ္တိယ ဝါသနာရှင်တော်တော်များများနှင့် ပတ်သက်ဆက်နွှယ်ဖူးသူ၊ ငွေရေးကြေးရေးမပါသော နှလုံးသား ဇာတ်လမ်းတိုလေးများကို ကရုဏာဝါသနာပါသူ စသည်ဖြင့် နာမည်မလှသူ တစ်ဦးပင်။ သူနှင့် ပတ်သက်ဖူးသူ ယောကျ်ားလေးများကလည်း သူ့ကို ကာရာအိုကေဆိုင်မှ မိုက်ကရိုဖုန်းကဲ့သို့ သဘောထားကြသည်တဲ့။ နှလုံးသားမှ စူးစူးနစ်နစ်ခံစား၍ တန်ဖိုးထားခဲ့သူ မရှိမဟုတ် ရှိခဲ့ပါသည်။ သို့သော် ဧပရယ်မိုးက လွတ်လပ်သူတစ်ယောက်မဟုတ်သောကြောင့် ကြည်နူးဆွတ်ပျံ့ဖွယ် အိပ်မက်တစ်ခုကို အရသာခံရုံလောက်ထက် ပို၍ မရခဲ့ကြပါ။

ကြားရသော သတင်းများကို ခြုံငုံသုံးသပ်၍ ဧပရယ်မိုးသည် မည်ကဲ့သို့သော မိန်းကလေးအမျိုးအစား ဖြစ်မည်နည်းဟု ခွဲခြမ်းစိတ်ဖြာကြည့်လိုက်သောအခါ ငွေရေးကြေးရေးမပါသော ဝါသနာရှင် အမွှပါလီပင်။

မကြာမီကာလအတွင်း ဧပရယ်မိုးနှင့် ဆုံတွေ့ရန်အကြောင်းကဖန်လာခဲ့တော့၏၊ ကျွန်တော်နှင့်ရော သူနှင့်ပါ ပတ်သက်ဆက်နွှယ်မှုရှိသည့် ပွဲတစ်ပွဲအောင်မြင်သွားခဲ့၏။ အောင်မြင်မှု၏ အထိမ်းအမှတ်အဖြစ် စားသောက်ဆိုင်တစ်ဆိုင်တွင် ကျင်းပရန် မိမိကို ချိန်းသည်။ မိုးအောင်ပါ ပါမည်ဆို၍ လက်ခံလိုက်သည်၊ ချိန်းဆိုထားသော စားသောက်ဆိုင်သို့ ကျွန်တော်ရောက်သွားချိန်တွင်တော့ သီးသန့်ခန်းထဲတွင် တွေ့ရသည်က ဧပရယ်မိုးတစ်ဦးတည်း။ (မိုးအောင်ကို တစ်နာရီခန့် ခွာချိန်းထားကြောင်း နောက်မှ သိရ၏။)

၁၅ မိနစ်လောက်စကားလက်ဆုံကျလိုက်သည်နှင့် ဧပရယ်မိုးသည် ပရိသတ်တော်တော်များများကို ဦးနှောက် မဲ့သွားနိုင်လောက်အောင် ဆွဲဆောင်မှုအားကောင်းသူ အမျိုးသမီးတစ်ဦးအဖြစ် လက်ခံလိုက်ရသည်၊ အဓိကပြောပြစ်သည့် အကြောင်းအရာကတော့ သူ၏ ဘဝဇာတ်ကြောင်းကို အမှုအရာ၊ လေသံ၊ စကားလုံး၊ မျက်ရည်တို့ဖြင့် ပေါ်လွင်အောင် သရုပ်ဆောင်ပြခြင်းပင်။

သူ၏ ကိုယ်တိုင်ပြောဇာတ်လမ်းအရဆိုလျှင် အချစ်ဆိုတာ ဘာမှန်းမသိခင်ကတည်းက ဖခင်ကြီး၏ စီမံမှုကြောင့် အိမ်ထောင်ရှင်မဘဝသို့ ရောက်ခဲ့ရ၏။ အချစ်မပါသည့် အိမ်ထောင်ရေး၏ သွေ့ခြောက်မှုကို ကာကွယ်ရန် အိမ်၏ဆည်းလည်းလေးများကို တောင့်တမိခဲ့သော်လည်း သူ့ဘက်က ချို့ယွင်းမှုကြောင့် သားသမီးမထွန်းကားခဲ့ပြန်။ လိုအပ်ချက်များ တင်းကြမ်းပြည့်နှက်နေသော ဘဝကို ပျော်သလိုဖြတ်သန်းရင်ဆိုင်မိသောအခါ ပတ်ဝန်းကျင် လက်ညှိုး၏ သားကောင်အဖြစ်သို့ ရောက်ခဲ့ရလေသည်။ အချစ်မပါသော အိမ်ထောင်ရေး၏ ခါးသီးမှုကို ငြီးငွေ့ပြီး နူးညံ့သိမ်မွေ့သော နှလုံးသားထဲမှ ပေါက်ဖွားလာသော မေတ္တာစစ်၏ ချိုမြိန်မှုကို တစ်ခါလောက် မြည်းစမ်းဖူးလျှင် ဤဘဝ လူဖြစ်ရကျိုးနပ်ပါပြီဟုသော နေရာမှာ မျက်ရည်သုတ်၍ နိဂုံးချုပ်၏။

သူ၏ စကားဆုံးသည်နှင့် ကြားသိခဲ့ရသောတစ်ဆင့်စကားများအရ ဝါသနာရှင်အမွှပါလီဟု ကင်ပွန်းတပ်ခဲ့မိသည်မှာ မှားများမှားနေပြီလားဟု ဇဝေဇဝါဖြစ်သွားခဲ့ရသည်ကိုတော့ ဝန်ခံပါသည်။ သူ၏ စကားသွားစကားအလာကို သုံးသပ်ကြည့်လိုက်သောအခါ ဤပွဲအောင်မြင်ခဲ့ခြင်းသည် မိမိအကျိုးအမြတ်ရရန်အတွက် ဧပရယ်မိုးဘက်မှ တမင်အနစ်နာခံပေးခဲ့ခြင်းဖြစ်ကြောင်း သိလာ၏။ မွေးရာပါ တွေးခေါ်သိမြင်စိတ်အရ သူ၏ဘဝသက်ဆိုင်သူ မှတ်တမ်းစာရင်းဇယားတွင် နံပါတ်စဉ်တစ်ခုတပ်လိုကြောင်းကိုလည်း သိသာစေပါသည်။ ဧပရယ်မိုးအား ကြားသိမြင်တွေ့မှုအားလုံးတို့ကို ခြုံငုံ၍ နိဂုံးချုပ်မှတ်ချက်ချရလျှင် အများက သတ်မှတ်ထားချက်များ မလွန်ဟူ၍ပင်။

သို့သော် ၁၊ သ၊ န၊ သောနှင့် ပရဒါရကံကိုစိမ့်နေအောင် ကြောက်ရွံ့တတ်ခဲ့သော မိမိအဖို့ မကောင်းမှုတွင် မွေ့လျော်တတ်သော ပုထုဇဉ်စိတ်ကို ကောင်းစွာဇက်ခွံ့နိုင်ခဲ့ပါသည်။ အပြောရောင်လွှမ်းသော ဇာတ်လမ်းတစ်ခုရိုက်ကူးရန်အတွက် ရေလာမြောင်းပေးချိန်းဆိုမှုများကိုလည်း အကြောင်းအမျိုးမျိုးပြ၍ တွေ့ဝေမှုကင်းစွာ ငြင်းဆိုနိုင်ခဲ့သည်။ သူထင်မှတ်မထားသော မိမိ၏တုံ့ပြန်မှုများကို အခံရခက်နေကြောင်းကိုလည်း အပေါ်ယံအကဲခတ်ရုံဖြင့် သိသာနိုင်စေသည်။ ဧပရယ်မိုးဆိုသော မိန်းကလေးတစ်ယောက်အား ကိုယ်တိုင်အတွေ့အကြုံနှင့် ဝေဖန်သုံးသပ်ကြည့်လိုက်သောအခါ ဆန့်ကျင်ဘက်လိင်အပေါ်တွင် တိမ်းညွှတ်ငြိတွယ်လွယ်ပြီး အိမ်ထောင်ရေးသစ္စာမဲ့မှုကို လက်သည်းနီ ဖျက်သလောက် အရေးမထားတတ်သော ဟတ္ထနီ အနွယ်ဝင်တစ်ယောက်ဟူ၍ပင်။

---

> လိုအပ် ချက်များ တင်းကြမ်းပြည့်နှက်နေ သော ဘဝကို ပျော်သလိုဖြတ်သန်း ရင်ဆိုင်မိသောအခါ ပတ်ဝန်းကျင် လက်ညှိုး၏ သားကောင်အဖြစ်သို့ ရောက်ခဲ့ရလေသည်။ အချစ်မပါ သော အိမ်ထောင်ရေး၏ ခါးသီးမှုကို ငြီးငွေ့ပြီး နူးညံ့သိမ်မွေ့သော နှလုံး သားထဲမှ ပေါက်ဖွားလာသော မေတ္တာစစ်၏ ချိုမြိန်မှုကို တစ်ခါ လောက် မြည်းစမ်းဖူးလျှင် ဤဘဝ လူဖြစ်ရကျိုးနပ်ပါပြီဟုသော နေရာမှာ မျက်ရည်သုတ်၍ နိဂုံးချုပ်၏.....

---

ကျွန်တော်နှင့် ဧပရယ်မိုးတို့ ဘယ်သူ ဘာဆိုတာ အပေါ်ယံသဘောလောက် ဝေဖန်အကဲခတ်မိသွားချိန်တွင် မိုးအောင်ရောက်လာခဲ့သည်။ သုံးဦးသား ကွဲမြေမပျက် နာရီဝက်ခန့် စကားဝိုင်းဖွဲ့ပြီးချိန်တွင် ဧပရယ်မိုးနှုတ်ဆက်၍ ပြန်သွားခဲ့သဖြင့် မိုးအောင်နှင့် ကျွန်တော် စကားဝိုင်းဆက်မိကြ၏။

“ဘယ်လိုလဲ ရဲကျော်၊ မင်းသိပ်သိချင်နေတဲ့ ဧပရယ်မိုးရဲ့ အကြောင်းကို တစ်ထိုင်တည်းနဲ့ပြည့်ပြည့်စုံစုံသိလိုက်ရပြီ မဟုတ်လား”

အဓိပ္ပာယ်ပါသောအပြုံးနှင့် ပူးတွဲ၍မေးလာသော မိုးအောင်၏ မေးခွန်းကိုဖြေရန် စကားလုံးမဲ့နေသောကြောင့် ခေါင်းညိတ်၍ အဖြေပေးလိုက်ရ၏။

" စိတ်ကူးလေ့ရဲ့နဲ့ ရဲကျော်၊ မခါး ဘူးနော်၊ ရင်ဘတ်ထဲသာ မထည့်မိ စေနဲ့၊ ဘာအန္တရာယ်မှလည်း မရှိ ဘူး"

" တော်စမ်းပါ မိုးအောင်ရာ၊ ဒီဘဝ အန္တရာယ်မရှိလည်း နောက် ဘဝမှာ ခံရမယ့် အန္တရာယ်က ကြောက်စရာပါကွာ။ မှန်ရာကို ဝန်ခံရရင် လွတ်လွတ်လပ်လပ်ဆို လို့ကတော့ ငါလည်းရှောင်နိုင်မယ် မထင်ဘူးကွ။ ငါလည်း ပုထုဇဉ် ယောကျာ်းတစ်ယောက်ကိုး"

"အပိုတွေ ရဲကျော်ရာ၊ မင်းကို စာရိတ္တထူးချွန်ဆု ဘယ်သူကမှ မပေးဘူးကွ၊ နောက်ပြီးတော့ ကိုယ် ကဦးဆောင်ပြီး ဖန်တီးဖျက်ဆီးတာ



လည်း မဟုတ်ဘူး သူ့ဘာသာသူ တိုးဝင်လာလို့ အလိုက်သင့်မျှော လိုက်ရတဲ့ ကိစ္စကြီးကို"

" ငါဟာ အကုသိုလ်ကင်းစင် ပါတယ်ဆိုတဲ့ သူတော်စင်တစ် ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေ မဲ့ လင်ရှိမိန်းမတစ်ယောက်နဲ့ သာယာမှုရမဲ့ကိစ္စမှာ သံသရာကို ထည့်မတွက်ရင်တောင် တစ်ဖက်က ကာမပိုင် လင်ယောကျာ်းကို ယောကျာ်းချင်း ကိုယ်ချင်းစာတဲ့စိတ် ထားရလိမ့်မယ် မိုးအောင်၊ အဲဒီလို မျိုး မိန်းမရဲ့လင်ယောကျာ်းနေရာ မှာ ငါသာဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ ဒီကိစ္စတစ်ခုတော့ မကျူးမပေါက် အောင် ထိန်းသိမ်းနိုင်ရမယ်လို့ တစ်သက်တာအတွက် သန္နိဋ္ဌာန် ချထားတယ်ကွ'

မိုးအောင်က မိမိ၏နိုင်မာပြတ် သားသော အပြောကို လက်မခံနိုင် ဟန်ဖြင့် မဲ့ပြုံးပြုံးရင်း စိမ်ခေါ်စကား ဆို၏။

"မင်းရဲ့ သန္နိဋ္ဌာန် ဘယ်အချိန် လောက်အထိ ခံမလဲ စောင့်ကြည့် ရသေးတာပေါ့"

✦

ကျောက်ပိုင်ရှင်တစ်ဦးက မိမိ ထံတွင် ပွဲတိုက်ရန် ကျောက်တစ်ပွင့် အပ်၏။ သို့သော် ကြမ်းခင်းဈေးကို သတ်မှတ်၍ မပေးနိုင်၊ ဈေးမရှိလျှင် ပွဲတိုက်၍ မဖြစ်နိုင်သောကြောင့် နှစ်ဦးသဘောတူမည့် နည်းလမ်းကို ဆွေးနွေး တိုင်ပင်ကြရသည်။ ကျောက်ပိုင်ရှင်၏ ဆန္ဒအရ သူအား ကိုးယုံကြည်ရသော ရာဖြတ်ဆရာ ကြီး တစ်ဦးထံသွားရန် အတည်ပြု လိုက်ကြ၏။

ထို ဆရာကြီးနေထိုင်သော ရပ်ကွက်မှ ရွှေပုန်းညက်အိမ်ရာသို့ ရောက်ခဲ့သည်။ တွေ့ချင်သောဆရာ ကြီးဆိုသူကို ဧည့်ခန်းတွင်းမှာပင် အရန်သင့် တွေ့ရ၏။ ကျောက်ပိုင်ရှင် ၏မိတ်ဆက်ပေးမှုအရ ဆရာကြီး၏ အမည်မှာ 'ဦးကျော်မိုး' ဟု သိရ လေသည်။ ထိုအမည်ကို ကြားလိုက် ရသည်နှင့် မိမိ၏ ဦးနှောက်မှတ် ဉာဏ်ထဲတွင် ဖျတ်ခနဲတစ်ချက်လင်း သွားသော်လည်း အတိအကျတော့ ခင်းစား၍ မရခဲ့။ နာမည်ကို ကြားဖူး သလိုလိုရှိသော်လည်း လူကိုတော့ လုံးဝမမြင်ဖူးကြောင်း ဦးနှောက်က သေချာတိကျစွာ အတည်ပြုပေး သည်။

ဦးကျော်မိုးသည် ရုပ်ရည်သပ် ရပ်ခန့်ညားခြင်း၊ တည်ငြိမ်လေးနက် သော အမူအရာရှိခြင်း၊ အပြောအဆို ယဉ်ကျေး သိမ်မွေ့ခြင်းတို့ကြောင့် ခဏအတွင်းမှာပင် အဆင့်အတန်း ရော၊ အရည်အချင်းပါ ပြည့်စုံသော အမျိုးသားတစ်ဦးဖြစ်ကြောင်း ခန့်မှန်း၍ ရလိုက်၏။ အသက်က ၄၅ ဝန်းကျင်ခန့်ပင်။

မိမိတို့၏ လုပ်ငန်းကိစ္စပြီးပြတ် ၍ အာလာပသလ္လာပ စကားဝိုင်း သက် အတန်ငယ်ရချိန်တွင်တော့ ဦးကျော်မိုးသည် မိမိလုပ်ငန်း၏ အတတ်ပညာဘက်တွင် တစ်ဖက် ကမ်းခပ်ကျွမ်းကျင်ရုံမျှမက လေးစား ခင်မင်ထိုက်သော လူတော်တစ် ယောက်ဖြစ်သည့်အကြောင်း သိလာ ရတော့သည်။

ထိုအချိန်တွင် အပေါ်ထပ် လှေကားမှ ဆင်းလာသော ဧပရယ် မိုးကို မြင်လိုက်ရချိန်တွင်တော့ ဇဝေဇဝါဖြစ်နေသော မိမိ၏ မှတ်ဉာဏ်အားလုံး ကွင်းဆက်ချိတ် မိသွားတော့သည်၊ ဧပရယ်မိုး၏ ခင်ပွန်းအကြောင်းကို မိုးအောင် ပြောပြစဉ်က မိမိ၏မှတ်ဉာဏ်ထဲသို့ 'ဦးကျော်မိုး' ဟု သည့် နာမည် ဝင်ရောက်နေခဲ့ခြင်း ဖြစ်သည်၊ တစ်ချိန်က ဧပရယ်မိုး၏ ခင်ပွန်း သည် ဘယ်လိုယောကျာ်းမျိုးဖြစ်မည် နည်းဟု စိတ်ဝင်တစားပုံဖော်ကြည့် ခဲ့ဖူး၏။ ထိုပဟေဠိကို တိုက်တိုက် ဆိုင်ဆိုင်ပင် အဖြေရှာခွင့်ရပေတော့ မည်။

မိမိကို မြင်တွေ့လိုက်သော ဧပရယ်မိုး၏ မျက်နှာပေါ်တွင် အရိပ်ကလေးတစ်ခု ဖြတ်သွားသည် ဟု ထင်ရရုံမှအပ ထူးထူးခြားခြား ကျနွေပျက်ယွင်းမှုမရှိပါ။ ထို့အတူ သူ၏ အာရုံထဲတွင် မိမိကို အတိုင်း အတာတစ်ခုအထိ ထည့်ခဲ့မိကြောင်း မပြောနှင့် ဆုံတွေ့ဖူးကြောင်း သိစေ မည့် အမူအရာပင် မတွေ့ရပါ။ ကျွန်တော်သည် ဧပရယ်မိုး အကြောင်းကို သိမထားခဲ့သူဆိုပါက ယခု မြင်တွေ့နေရသော အပြုအမူ သွင်ပြင်လက္ခဏာတို့ကို ကြည့်၍ ဗိုင်းတောင်းကျောက်ဖိ အိမ်ထောင် ရှင်မလှလှလေးတစ်ဦးဟု ကောက် ချက်ချမိမည်မှာ သေချာလှပေ သည်။

ဦးကျော်မိုးက ဇနီးသည်ကို မြင်လိုက်သည်နှင့် "ဧပရယ်ရေ၊ ဒီကို ခဏ' ဟု ခေါ်ကာ မိမိတို့နှင့် မိတ်ဆက်ပေးသည်။ ဧပရယ်မိုးက တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသူများကဲ့ သို့ မိမိတို့ကို နှုတ်ခမ်းတွန့်ရုံပြုံးပြ၍ အသိအမှတ်ပြု၏။ ဦးကျော်မိုး၏ အမူအရာက ဇနီးသည်ကို မိမိတို့နှင့် မိတ်ဆက်ပေးသည်နှင့် မတူ။ ရှားပါး လှသော အဖိုးတန်ပစ္စည်းတစ်ခုကို ထုတ်ကြွားနေသည်နှင့် ပိုတူ၏။

ဧပရယ်မိုးက မိမိတို့အတွက် စားသောက်ဖွယ်တစ်ခုခု စီမံရန် ထွက်သွားချိန်တွင် ဦးကျော်မိုး၏



Asian Fame Media Group

ဇနီးသည်အမွန်းကတော့ အမျှင်မပြတ်၊ စကားဝိုင်းက စီးပွားရေးလုပ်ငန်းကြောင်းမှ အိမ်ထောင်ရေးဆွေးနွေးပွဲအဖြစ်သို့ ချက်ချင်းပြောင်းလဲသွားရတော့သည်။ ကော်ဖီ ၃ ခွက်နှင့် မြန်ရောက်လာသော ဧပရယ်မိုးပါ စကားဝိုင်းတွင်းသို့ ပါဝင်လာတော့၏။

"ဧပရယ်က တာဝန်တွေ၊ ဝတ္တရားတွေ ဘာမှသိလို့ မဟုတ်ပါဘူး၊ ကိုယ့်ဘက်က ကျေးဇူးရှင်ခင်ပွန်းသည်အတွက် ဘာတွေပေးဆပ်နိုင်မလဲလို့ အချိန်ပြည့်စဉ်းစားနေမိတာ။ သားသမီးလိုချင်တဲ့ အစ်ကိုကြီးရဲ့ ဆန္ဒကိုဖြည့်ဆည်းမပေးနိုင်တဲ့ ဘဝကိုလည်း ယူကျုံးမရဖြစ်မိတယ်။ ဒီလိုအပ်ချက်ကတော့ ဒီဘဝမှာ မဖြစ်နိုင်တော့ဘူးလေ၊ ဒါကြောင့် ဘုရားရှိခိုးတိုင်းဆုတောင်းမိတယ်သိလား၊ ဟောဒီကတနလ်ာသား ခင်ပွန်းသည်ကြီးကို သံသရာတစ်လျှောက်လုံး မကွဲမကွာပါရမီပြည့်ခွင့်ရတဲ့ ဇနီးကောင်းဘဝကို ရရပါလို၏လို့"

ဦးကျော်မိုး၏မျက်နှာပေါ်တွင် ရင်ထဲမှ ပီတိအရှိန်၏ ရိုက်ခတ်မှုကြောင့် ဝင်းမှည့်လွန်သောအပြုံးတို့ဖြင့် လိုင်နေသည်။ မိမိကတော့ အရာရာကို နားမလည်နိုင်ခြင်းတို့ဖြင့် ရောထွေးနပန်းလုံးရင်း အတွေးပေါင်းစုံတို့ ချာချာလည်နေတော့သည်။ အခြေအနေနှစ်ခုတွင် မိန်းမတစ်ယောက်၏ ဗီဇစရိုက်သည် ဤမျှပြောင်းလဲကွာခြားမှု ရှိနိုင်ပါသလား။ ဆန့်ကျင်ဘက် ကွာခြားလှသော ပုံသဏ္ဌာန်နှစ်မျိုးသည် မိမိနှင့်ဆုံတွေ့ဖူးသော ဧပရယ်မိုးတစ်ဦးတည်းတွင် ရှိနေသောကြောင့် ဤတွင်ယမာယာသဘာဝကို လိုက်မမီသော ဂမ္ဘီရဘာသာရပ်တစ်ခုအဖြစ်သဘောထားရပေတော့မည်။ မိုးအောင်တို့ ပြန်ပြောပြသောအခါ

"မိန်းမတွေနဲ့ ပတ်သက်ပြီးထိတွေ့ဆက်နွှယ်မှုနည်းတဲ့ မင်းအတွက်တော့ ဧပရယ်မိုးရဲ့ပုံစံဟာ ကမ္ဘာ့အံ့ဖွယ်ရာကြီးတစ်ခု ဖြစ်နေမှာပေါ့ကွာ၊ အတွေ့အကြုံများသူတွေအတွက်တော့ ဒါဟာ သဘာဝရိုးရိုးလေးတစ်ခုပါပဲ။ စိတ်ဆန္ဒတစ်ခုတည်း ရဲ့ အလိုကိုလိုက်ပြီး လူမှုရေးစည်းမျဉ်းတွေကို ကျော်လွှားတတ်တဲ့ မိန်းမတွေလျှောက်နေကျ လမ်းရိုးတစ်ခုပေါ့ကွာ။ စာရိတ္တအင်အားချည့်နဲ့တဲ့ ဗီဇနဲ့ လုပ်ရပ်တွေကို ဖုံးကွယ်ဖို့အတွက် မာယာဆိုတာ မရှိမဖြစ် အတတ်ပညာပဲကွ။ ယောကျ်ားပေါင်းစုံရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားစေတဲ့ အနေအထိုင်လော်လည်မှုသတင်းတွေက ဦးကျော်မိုးရဲ့ စဉ်းစားတွေးခေါ်နိုင်မှု ဦးနှောက်မှာ အရာမရောက်နိုင်အောင် အရည်ဖျော်ပစ်နိုင်တာ အဲဒီမာယာပေါ့ကွ။ ပတ်ဝန်းကျင်မှာ ဘယ်လိုသတင်းတွေဖြစ်ပြီး ဘယ်လိုအမျိုးအစားလို့ပဲ သတ်မှတ်သတ်မှတ် ဦးကျော်မိုးအတွက်ကတော့ ဧပရယ်မိုးဟာ အစားထိုးလို့မရနိုင်တဲ့ ဇနီးကောင်းတစ်ယောက်ပဲ ရဲကျော်ရေ"



♦

လောကအတွေ့အကြုံသစ်တစ်ခုရခဲ့ပါပြီ။ ကိုယ်မသိသေးသော နောက်ထပ် အတွေ့အကြုံသစ်များလည်း မရေမတွက်နိုင်အောင် ရှိပါလိမ့်ဦးမည်။ သူတစ်ပါး၏ အဖြစ်အပျက်တို့ကိုကြည့်၍ တအံ့တသြဖြစ်နေရသော်လည်း မိမိကိုယ်တိုင်ကျတော့ မည်သို့ကြုံတွေ့ရဦးမည်မသိ။

> မှန်ရာကို ဝန်ခံရလျှင် အနေ အထိုင် အပြောအဆို၊ ပညာတို့ကိုကြည့်၍ အထင်ကြီးလေးစားနေရာမှ ဇနီးသည်ကို တခုတ်တရ အမွှမ်းတင်နေချိန်တွင် သနားစရာကောင်း သော ဒုက္ခသည်တစ်ဦးအသွင်သို့ ပြောင်းလဲသွားတော့သည်။

မှန်ရာကို ဝန်ခံရလျှင် အနေအထိုင် အပြောအဆို၊ ပညာတို့ကိုကြည့်၍ အထင်ကြီးလေးစားနေရာမှ ဇနီးသည်ကို တခုတ်တရအမွှမ်းတင်နေချိန်တွင် သနားစရာကောင်းသော ဒုက္ခသည်တစ်ဦးအသွင်သို့ ပြောင်းလဲသွားတော့သည်။ ဦးကျော်မိုးနေရာတွင် ဖာရာဗရုပ္ပနှင့် အင်္ကျီကို ဝတ်၍ ဝမ်းသာပျော်ရွှင်နေသော စိတ္တဇဝေဒနာသည်တစ်ဦးကို အစားထိုးမြင်ယောင်လာခဲ့၏။ တစ်ဆက်တည်းပင် မိမိကိုယ်တိုင် ထိုဘဝမျိုး ကြုံတွေ့ခဲ့လျှင်ဟုသော အတွေးကအသည်းထဲစိမ့်အောင်ပင် ကြောက်နှံ့မိပါတော့သည်။

မိမိအမြင်ကတော့ လူမှန်လျှင်အရှုံးနှင့်ကင်းသူဟူ၍ မရှိနိုင်သော်ငြား မဟာပဒုမနှင့် ဦးကျော်မိုးတို့ ကဲ့သို့ချောက်ကမ်းပါးထဲမှ ယောကျ်ားဘဝ အရှုံးမျိုးလောက် အခံရခက်နစ်နာစွာသော အရှုံးလောကတွင် မရှိနိုင်ဟူ၍သာ တရားသေစွဲမှတ် ယုံကြည်မိပါတော့သည်။ **သက်ဦးမောင်**

Asian Fame Media Group
MEDIA GROUP

# ကြုံနှစ်

# နဂါးမှုံပုံပြင်

ဝတ္ထုတိုရသ



Asian Fame Media Group



**ကိုစောရွှေ**သည် လူပုံပန်း သဏ္ဌာန် ရုပ်ရည်ရူပကာတို့က ထူးခြားခြင်းမရှိလှသော်လည်း သူ၏ စိတ်နေစိတ်ထား၊ စိတ်ကူးစိတ်သန်းနှင့် ခံစားမှု အစွဲအလမ်းတို့ကတော့ အများနည်းတူမဟုတ်မှုဘဲ အနည်းအကျဉ်း ကွဲပြားခြားနားပုံရသည်၊ အသက် ၅၀ အရွယ်မှာ နဖူးပြောင်ပြောင် ဆံပင်ကျိုးကျဲကျဲ၊ အသားဖြူဖြူ လူဖလံကလေးဘဝကို ရောက်နေသည်။ မျက်နှာဝိုင်းဝိုင်းမှာ မျက်ခုံးထူထူက ထင်ရှားပေါ်လွင်သည်။ နှာတံပေါ် နှုတ်ခမ်းပါးသည်။ ရွှေရောင်သံကိုင်း မျက်မှန်ကလေး တပ်ဆင်ထားသောအခါ ကိုစောရွှေမှာ ပန်းထိမ်ဆရာလိုလို၊ ဘဏ်စာရေးလိုလို ရုံးဝန်ထမ်းအရာရှိငယ်လိုလို ဥပဓိရုပ်က အတန်အသင့် တင့်တယ်နေသည်။ သူ့အသက် ၂၀ လောက်တုန်းကတော့ 'မိန်းမနောက်ပိုး' အချို့၏ မျက်စိကျခြင်းခံခဲ့ရမှာတော့ သေချာသည်။

ယခုအခါမှာတော့ ကိုစောရွှေ၏ ရုပ်သွင်ဟန်မူရာက 'စပင်နီယယ်' မျိုး ခွေးပုကလေးတစ်ကောင်နှင့် တူနေသည်။ အကောင်သေးသော်လည်း စွာတာတာနိုင်သည့် ဟန်မျိုးရှိသည်။ အရပ် ၅ ပေသာသာနှင့် အလုံးအဖန် သေးကျစ်သော်လည်း အရပ် ၆ ပေလောက် လူထွားကြီးတွေကပင် တလေးတစားကြည့်ရသည့် မျက်နှာမှင်မောင်းမျိုးဖြင့် ကိုစောရွှေက လည်တိုင်ပိန်ပိန်ကလေးကို ဆန့်တန်းထားတတ်သည်။ လူတစ်ယောက်ကို မျက်မှန်ကြည်ကြည်နောက်ကနေ ရဲရဲကြည့်တတ်သည်။

မလိုအပ်ဘဲ မဖွင့်တတ်သည့် တင်းတင်းစေ့ထားလေ့ရှိသော ကိုစောရွှေ၏ ပါးစပ်ပေါက်ကျဉ်းကျဉ်းမှ နှုတ်ခမ်းပါးပါးကလေးတွေကိုကြည့်ကာ 'အပေါင်းရအသင်းရခက်မည့်လူ' ဟု တွေးထင်ဖွယ်ရှိသည်။ မှန်ပါသည်။ ကိုစောရွှေသည် လူပေါင်းဆုံရမည့်အလုပ်ကို လုပ်ကိုင်နေသော်လည်း လူပေါင်းဆုံလှသူမဟုတ်ပါချေ။ သူနှင့် အလွယ်တကူ 'ရော' ၍မရပါ။ စကားရောဖောရောနှင့် အတင်းဝင် 'လုံး' ၍

Asian Frame Media Group

မရ ပါ။ မျက်နှာချိုသွေးပြီး မသိမသာဝင် 'လုံး' ၍မရနိုင်ပါ။ အဆိုပါ 'ရော ခြင်း၊ လုံးခြင်း၊ လူးခြင်း' စသောအရပ် သုံးဝေါဟာရများကို တွဲတိုးပြောရပါမူ ကိုစောရွှေနှင့် ဖက်လဲတကင်း ပေါင်းသင်းဆက်ဆံရန် အလွန်မလွယ်ကူရုံမျှမက ထိုသို့ ရောလိုက်၊ လုံးလိုက်၊ လူးလိုက်မိလျှင် အန္တရာယ် ပင်ရှိနိုင်သည်ဟု တွေးစရာဖြစ်နေပါသည်။ ယင်းအချက်သည်ပင်လျှင် ကိုစောရွှေ၏ အများနှင့်မတူ ကွဲပြားမှုတစ်ရပ် ဖြစ်သည်။ ခြားနားရှားပါးသော စရိုက်သဘာဝ ဖြစ်သည်။

သူသည် တစ်ချိန်က နုံးဝန်ထမ်း ကော်လာဖြူလူတန်းစားဝင် တစ်ဦးဖြစ်ခဲ့ပါသည်။ ယခုတော့ ပုဂ္ဂလိက စီးပွားရေးသမားဖြစ်နေသည်။ ရှင်းရှင်းတည့်တည့်ပြောသော် သူသည် ယခုခေတ်အခါတွင် အသေးစား စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင် အသက်မွေးနေသည်။ ထို့ထက်လွယ်အောင်ပြောရလျှင်တော့ သူ အရက်ရောင်းစားနေသည်။ အမှန်တရားကို ပြောရမည်ဆိုပါလျှင် ကိုစောရွှေသည် အရက်ကိုရေထိုး၍ စီးပွားရှာနေသည်။ အမှန်ပင်ဖြစ်ပါသည်။ စက်ရုံမှလာသော အရက်အဆီကို သင့်တော်သောဒီဂရီရ အောင် ရေရောစပ်၍ ရောင်းချခြင်းပင် ဖြစ်ပါသည်။

ကိုစောရွှေ၏ ယမကာဆိုင်သည် မြို့ကလားနားရပ်ကွက်ကြီး တစ်ခုထဲမှာ ရှိသည်။ ဆိုင်က သားသားနားနား ခံ့ခံ့ညားညားတော့ မဟုတ်။ လမ်းမကို မျက်နှာမူထားသော အင်္ဂလိပ်စာလုံး 'အယ်လ်' (L) ပုံသဏ္ဍာန်သွပ်မိုး၊ ထရံကာပုံပန်းမကျသော အဆောက်အဦကြီးဖြစ်၏။ 'အယ်လ်' ၏ ခေါင်းပိုင်းမှာ အရောင်းခန်းမဖြစ်၍ ခြေထောက်ပိုင်းမှာ ကိုစောရွှေတို့မိသားစုနေထိုင်သည်။ မိသားစုဆို၍ များများစားစားတော့ မဟုတ်ပါချေ။ သူ၊ သူ၏ ဇနီး၊ သူ၏သမီးလူမမည် ကလေးတို့ဖြင့် ဖွဲ့စည်းထားသည့် ကြိုက်မိသားစု ကလေးသာ ဖြစ်သည်။

သူ့ဆိုင်၏မျက်နှာစာအမိုးအောက်မှာ သွပ်ပြားဆိုင်းဘုတ်ကြီး တစ်ခု တပ်ဆင်ထားသည်။ အဝါနုရောင်အောက်ခံမှာ အနီရင့်ရင့်နှင့် အနက်ရောင်စာလုံးများကို ထင်ရှားပီပြင် ရိုးစင်းခေတ်ကုန်နေသော ဒီဇိုင်းဖြင့် ရေးခြယ်ထားသည်။ 'လူမွဲတွေလည်း မဆွေခေတ်မီ သူဌေးဖြစ်တော့မည်။ နဂါးနီစားသောက်ဆိုင်' ဟူသော ဆိုင်းဘုတ်စာသားတွေက အနည်းငယ် ထူးဆန်းမနေပေဘူးလား။ အပေါ်စာကြောင်းက သီချင်းစာသားဆန်ဆန်အောင်နေပြီး၊ အောက်ဘက်ရှိ ဆိုင်နာမည်က အကြီးကြီးဖြစ်သည်။ ကိုစောရွှေ၏ စိတ်ကူးစိတ်သန်းထူးဆန်းပုံကို ရိပ်စားမိလောက်ကြပါပြီ။

"လူမွဲတွေတော့ သူဌေးဖြစ်မှာ မဟုတ်ဘူး။ မွဲရတဲ့အထဲ မိုက်လုံးကြီးပြီး အရက်သမားဘဝရောက်တော့ ခွေးဖြစ်ကုန်ပြီ။ ငါတို့မြန်မာတွေရဲ့ သမိုင်းဝင်သီချင်းတော့ ဖျက်ပါပြီကွာ" ဟု အချို့က ဆိုင်းဘုတ်ကို နှာခေါင်းရှုံ့ကြည့်ပြီး ဝေဖန်ကြသည်။

"ဦးစောရွှေကလည်း နာမည်ပေးတာ ရှားလို့များ မြန်မာဆန်ဆန်အလှအပကလေး ပေးရောပေါ့။ ခုတော့ နဂါးနီတဲ့။ အဲဒါတရုတ်လူမျိုးတွေ မှည့်တတ်တဲ့ နာမည်မျိုးဗျ။ ပြီးတော့နဂါးနီဆိုတာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကြီးရဲ့ အစပိုင်းမှာ ထင်ရှားတဲ့ စာအုပ်စာပေ. ."

ကိုစောရွှေနှင့် အတန်အသင့်ရင်းနှီးသော လူငယ်ကလေးမှာ သူ၏တင်ပြချက်ကို အဆုံးသတ်ခွင့်မရ။ ကိုစောရွှေက လက်တားရ၍ထားသည်။

"ဟိုး. . . ဟိုး. . . ပြောမနေနဲ့ ငါ့လူ။ လျှာချောင်မနေနဲ့။ ငါ့ဘာသာငါကြိုက်လို့ ငါ့ဆိုင်ကို နာမည်ပေးတာကွ။ နဂါးနီဆိုတာ တရုတ်တွေရဲ့မူပိုင်နာမည်လည်း မဟုတ်ဘူး။ ဒီတရုတ်တွေက နဂါးနီသာမကဘူး နဂါးနက်၊ နဂါးဖြူ၊ နဂါးစိမ်း၊ နဂါးပြာ. . ဟို. . နဂါးပါတဲ့နာမည်တွေ အကုန်လျှောက်မှည့်တာ။ နဂါးဆိုတာ တရုတ်ပြည်ရဲ့ သင်္ကေတကိုး။ မင်းပြောတဲ့ နဂါးနီ စာအုပ်အသင်းဆိုတာ ကြာပါပြီကွာ။ အခုမရှိတော့ပါဘူး။ နဂါးနီနဲ့ ပတ်သက်ရင် ငါသိတာကတော့ (နဂါးနီလေနိုင်ဆေး) ဆိုတာပဲ။ ငှက်ပျောဖူးပုလင်းကြီးတွေနဲ့လာတဲ့ မြန်မာဝိန္နော သောက်ဆေး အမည်ပေါ့။ ငါတို့လူပျိုတုန်းက အဲဒီဆေးက သိပ်ခေတ်စားတာ။ ခုတော့ ရှိသေးလားမသိဘူး။ နောက်ပြီး နာမည်ကျော်ဆေးပေါ့လိပ်။ မန္တလေးက နဂါးနီခေါင်းပိုင်တဲ့ ဆေးပေါ့လိပ်ကုမ္ပဏီကြီးပေါ့။ အဲဒီဆေးပေါ့လိပ်မှာ တံဆိပ်စက္ကူပတ်က အနီရောင်ပဲ။ ဒါလည်း နဂါးနီလို့ ပြောနိုင်တာပေါ့။ ငါ့နဂါးနီကတော့ တေဇောပုရှိန်ပြင်းပြတဲ့ အဓိပ္ပာယ်ပဲ။ ငါ့အရက်သောက်လိုက်ရင် နဂါးနီတစ်ကောင်လို ရှူးရှူးရှဲရှဲ ဖြစ်သွားစေရမယ်" ဟု ကိုစောရွှေက ဟန်နှင့်မာန်နှင့်ငြီကာရှဲ့ပြလိုက်လေသည်။

ကိုစောရွှေ၏ အတွေးအယူကဤသို့တစ်မူထူးသည်။ ဤမျှရိုးစင်းသော နာမည်ကိုပင် (ကြုံကြိုက်ပါက) သူက ဝိတ္ထာရချဲ့တတ်သည်။ အရက်မှန်လျှင် ဥဇ္ဇောဓာတ်ဖြင့် ပူပြင်းသည်သာဖြစ်သည်။ သူပြောပုံက သူရောင်းချသော အရက်သည်သာ အပူဓာတ်ဖြင့် ဖိန်းတိန်းရှိန်းတိန်း အာနိသင်ရှိသယောင်ယောင် စကားလုံးထွားနေသည်။ သို့သော် ကိုစောရွှေ အရက်သေစာမသောက်စားတတ်ပါ။ ငယ်ငယ်ကတော့ တစ်ကြိမ်နှစ်ကြိမ်မြည်းဖူး၏။ မကြိုက်မစွဲသောကြောင့် အရက်ကို ဥပေက္ခာပြုထားခဲ့ပါသည်။ ယခုအခါ ဘုရားနှင့်တရားနှင့်နေသဖြင့် သူသည် အရက်ကို ပို၍ပို၍ ဝေရာမကိလိုက်ပါသည်။

"မင်းက မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် သမားပဲပေကွ။ ပါးစပ်ဘုရား၊ လက်ကားယားဆိုတာ မင့်လိုလူစားပဲ" ဟု သူ၏ဘကြီးတော်တစ်ဦးက ဝေဖန်ပြစ်တင်သည်။

"ကျွန်တော် အစိုးရဝန်ထမ်း မဟုတ်တော့ဘူးလေ။ စားဝတ်နေရေးအတွက် ဝင်ငွေရအောင် ရှာရတာပေါ့။ ဒီခေတ်က စီးပွားရေးခေတ်မဟုတ်လား။ ကျွန်တော် အရက်ရောင်းတာ စီးပွားရေးလုပ်တာပါပဲ။ ရိုးရိုးပြောရရင်တော့ မိသားစုအတွက် အသက်မွေးဝမ်းကျောင်းရတာပေါ့ဗျာ. ."

"မင့်စီးပွားရေးက သမ္မာအာဇီဝနည်းမှ မဟုတ်တာ။ အဝီစိမှာ ကျွမ်းစိုက်နေမယ့် မိစ္ဆာအာဇီဝဆိုတာ မင်းမသိဘူးလား။ မင့်အိမ်က ဘုရားစင်ကို ဖျက်လိုက်တော့ မင်းဟာ ဘုရားကို ညာနေတဲ့ကောင်။ ဘုရားကို ပြစ်မှားစော်ကားနေတဲ့ တိတ္ထိကောင်။ မသေခင်ကတည်းက မင်းကိုယ်က ငရဲပြာစော်မီးခိုးစော် နံနေပြီ. ."

ထိုအချိန်မှစ၍ ကိုစောရွှေမှာ စကားပြောလျှင် ပြောင်ကျကျတစ်တစ်ခွခွပြောတတ်သော ဘကြီးတော်နှင့် ဆွေခန်းမျိုးခန်းပြတ်သွားသည်။

"ကောင်းတယ်။ ကောင်းတယ်။ ဒီအဘိုးကြီးနဲ့ ပြတ်သွားတာ သိပ်



ကောင်းတယ်။ ထမင်းတစ်နပ်ဖိုး သက်သာသွားလည်း ဒီခေတ်မှာ မနည်းဘူး။ သူ့ကို ကျွေးမွေးပြုစုရတဲ့ အပြင် ခရီးစရိတ်ပိုက်ဆံ ကန်တော့ ရသေးတယ်။ သီတင်းကျွတ်ပြီဆိုရင် အင်္ကျီ၊ ပုဆိုး၊ ကိတ်မုန့် အားဆေး ကန်တော့ရတာတင် သောင်းချီပြီး ကုန်သေးတာ။ အခုတော့ ကုန် ပေါက်လျော့သွားပြီ။ သူသေရင် တောင် ကုဋေပို့စရာမလိုတော့ဘူး . . အိုကေပဲ . . "

ဤသို့ အကောင်းမြင်အတွေး Positive thinking တွေးတတ်သည် ကလည်း ကိုစောရွှေ၏သဘော သဘာဝဖြစ်သည်။ အခြားသော သဘောသဘာဝတစ်ရပ်ကတော့ ကိုစောရွှေသည် ဆန်းသစ်သော အာရုံကို ရှာဖွေခံစားတတ်ခြင်းဟု ဆိုရမည်။ သူဝန်ထမ်းဘဝတုန်းက အိမ်ကြီးရခိုင်နှင့် သားကြီးမယားကြီး နှင့် တင့်တောင့်တင့်တယ်နေခဲ့ရ၏။ သူ၏ သဘောသဘာဝအတိုင်း သူ့ အောက် နှစ်အစိတ်လောက်ငယ် သော သန်းသန်းထွေးနှင့် ငြိတွယ် ချိတ်တွဲလိုက်၏။ တိတ်တိတ်ပုန်း လျှို့ဝှက်စွာ လက်ထပ်ပေါင်းသင်းနေ ကြရင်းမှ သူ့အလုပ် 'ပြုတ်' သွားချိန် မှာမယားကြီးက ဖြုန်းမြည်တွန်လာ သဖြင့် တရားဝင်ကွာရှင်းကာ ဆိုင် ရာပိုင်ရာပစ္စည်းတွေကို တရားနည်း လမ်းကျစွာ ခွဲဝေယူကြသည်။

သူက 'နဂါးနီ' လည်း ထူထောင်၊ အိမ်ထောင်သစ်လည်း ထူထောင်လိုက်နိုင်၏။ ထိုကာလမှာ သန်းသန်းထွေးကမွေးသော သမီးဦး ကလေးမှာ အခါလည်အရွယ်ပင် ရှိနေခဲ့ပြီ။

လူပြိန်းတို့၏ လောကအမြင် အရမူ ကိုစောရွှေသည် ကာမဘုံ သားဆိုလည်းနွားများလို အမှားကြီး မှားသည်၊ ကိုယ့်လိုခေတ်ပညာတတ် လူရည်သန့်တစ်ယောက်သည် သန်း သန်းထွေးလို အခြေအမြစ်မရှိသည့် ရေချောကမ်းတင် ဗေဒါပင်ကို ဘဝ ရင်းပြီး မဆယ်တင်သင့်။ ဒွေးတူ မွေးတူအမျိုးကောင်းသမီး တစ် ယောက်ကိုသာ လက်တွဲသင့်သည်။ ကိုစောရွှေ၏ လောကအမြင်က တော့ သူတို့နှင့် ခြားနားသည်။ သန်းသန်းထွေးသည် ပညာမတတ်၊ ဥစ္စာမရှိ၊ မိဘမဲ့ အဆွေအမျိုးမဲ့၍ ရုပ်ရည်လည်း ပြောပလောက်အောင် ခွဲမက်ဖွယ်မရှိသည်ကတော့ မှန် သည်။ သို့ပြား . . . သန်းသန်းထွေး သည် သူ့ကို အားကိုးလိုသည်။ အမှီ သဟဲပြုချင်သည်။ ပြီးတော့ အဖေ အရွယ်၊ ဦးကြီးအရွယ်ဖြစ်၍ မိမိ အပေါ် ညှာတာထောက်ထား အကြင်နာပွားလိမ့်မည်ဟု မျှော်လင့် နိုင်သည်။ အရေးကြီးဆုံးကတော့ သန်းသန်းထွေးသည် ခေါင်းရှုပ် ဗျပ်ထိုး ရေးသည်ဘဝမှ လာသော် လည်း မြို့ဝန်ကတော်တစ်ဦးလို သမာဓိရှိသည်။ ဣန္ဒြေကြီးသည်။ 'ဆိုခဲစေ မြဲစေ' ဟူသော အကျင့် စရိုက်ဖြင့် တည်ကြည်ဖြောင့်မတ် ကောင်းမြတ် မှန်ရည်သော မိန်း ကလေးဖြစ်သည်။ အရေးအကြီး တကာ့ အရေးအကြီးဆုံးမှာကား သန်းသန်းထွေးသည် ရွှေရည်ဖြိုးဖြိုး ရွှေအိုးဖွံ့ဖွံ့ဖြင့် သားကောင်းမိခင် လက္ခဏာအပြည့်ရှိ၏။ မယားကြီးမှ သားသမီး ၄ ယောက်မွေးထားခဲ့ သလို၊ ဒုတိယမယားကလည်း သား သမီးတွေ တစ်လှေကြီးမွေးနိုင်သေး သည်။

'အို . . ယောက်ျားဘသား၊ မြင်းမိုရ်ကိုနွဲ့၊ ပျက်ကြေမယ့် ယောက်ျား' ဟု ကိုစောရွှေ အတွင်း ကျိတ် ကြုံးဝါးဟစ်ကြွေးနေမှန်း ဘယ်သူမျှမသိ။

"နဂါးနီဆိုင်ကာ အရက်တော့ အကောင်းသားကွ။ သန့်သန့်ရှင်းရှင်း လည်း ရှိပါရဲ့၊ ဆက်ဆံရေးလည်း မဆိုးပါဘူး။ ဒါပေမဲ့ ဆိုင်ရှင် ဦးစော ရွှေကတော့ တရုတ်တန်းက ရွှေ ငွေ ရတနာရောင်းတဲ့ တရုတ်သူဌေးလို မျက်နှာထား ခွတင်းတင်းကြီးကွ။ အရက်ရောင်းပြီး ဒင်း(သင်း)က ဘာကိုများ ဘဝင်မြင့်နေရသလဲ မဆိုနိုင်ဘူး။ မယားငယ်ငယ်တောင့် တောင့်ကလေးရထားလို့ အသား လွတ် ဒေွးကြီးနေတယ်မှတ်ပါရဲ့။ ကောင်မကို ငမ်းချင်တဲ့ကောင်တွေ ကတော့ ဆိုင်ထဲကကို မထတော့ဘူး။ ငမ်းရင်းသောက်၊ သောက်ရင်းငမ်း ပြီးတော့လေဖြန်း၊ ဖြန်းပြီးတော့ ဖြတ်၊ ဖြတ်ပြီးတော့ရော . . ။ ဒါပါပဲ ကွာ။ ဦးစောရွှေက မယားနဲ့မျှားပြီး စီးပွားရှာနေတာ။ လူကြည့်တော့ဖြင့် မခုတ်တတ်တဲ့ကြောင်လို အမှန်က လူပါး လူနပ်ကြီး"

ကွယ်ရာမှာ ထိုသို့သောစကား တင်းဆိုမှုများ ရှိကြသည်။ ရှိနေကြ မည်ကိုလည်း ကိုစောရွှေက ကောင်း ကောင်းသိသည်။ သူက ဝန်တို မစ္ဆရိယတွေကို ဂရုမစိုက်ပါ။ ဒွေး ဖောက်လို့တောင် မရွှေပါဘူးလေ၊

ကိုစောရွှေက တည်ကြည်အေး စက်စွာ နေထိုင်ဆက်ဆံသည့်တိုင် သူ့ကို တရင်းတနှီးဟန်ပန်ဖြင့် အောက်ကျို့ဆက်ဆံတတ်သူ နှစ်ဦး ရှိကြသည်။ 'နဂါးနီ' ဆိုင်အနီးမှာ ရှိသော အနေးယာဉ်ဂိတ်စခန်းမှ ဆိုက်ကားလုလင်နှစ်ယောက် ဖြစ် ကြ၏။ မိုးကျော်နှင့် ဝင်းမြင့်တို့ဖြစ် ကြသည်။ ဝင်းမြင့်က လူပျိုဖြစ်၍ မိုးကျော်က အိမ်ထောင်ရှိသည်၊ ကလေးတစ်ယောက်ရှိသည်။ နှစ် ယောက်စလုံးအသက် အစိတ်တစ် ဝိုက် အရွယ်ကောင်းသန့်သန့်မာမာ နှင့် အပြောအဆိုညက်သော လူရည် လည်ကြသည်။ မိုးကျော်ဆိုလျှင် ဆိုက်ကားနင်းစားနေရသော်လည်း စာရေးစာချီလို ဝတ်စားဆင်ယင် သည်။ ဝင်းမြင့်ကလည်း ဆိုက်ကား သမားနှင့်မပေါက်။ ဒီဗီဒီဖတ်ရဲ့ ခင်းသားအလား ထင်ရသည်။ အဝတ်အစားသပ်ရပ် သန့်ရှင်းစွာ ဝတ်သည်။ ဆိုက်ကားဂိတ်မှာတော့ မိုးကျော်နှင့်ဝင်းမြင့်တို့က 'စတား' Star တွေဖြစ်ကြသည်။ နှစ်ဦးသား တစ်ပူးတွဲတွဲနှင့် ညီအစ်ကိုလို နေကြ သည်။ ငွေရွှင်လျှင် သူတို့နှစ်ယောက် နဂါးနီထဲဝင်လာကြပြီ၊ (ဖေ) အရက် ကို အနည်းအကျဉ်း မှီဝဲကြသည်၊ နှစ်ယောက်စလုံး ကိုစောရွှေကို 'ဘရာသာ' ဟု ခေါ်ဝေါ် သုံးနှုန်းလေ့ ရှိကြ၏။ ကိုစောရွှေက မြန်မာဆန် ဆန် 'အစ်ကိုကြီး' ဟု ခေါ်ခြင်းထက် ဘိုဆန်ဆန် 'ဘရာသာ' brother ဟုခေါ်ခြင်းကို ကျိတ်၍ နှလုံးဘဝင် ခိုက်နေသည်။ လူယဉ်ကျေးကလေး တွေ။ ဆိုက်ကားနင်းစားရပေမယ့် လူရည်မွန် လူတော်လူကောင်း ကလေးတွေ။

တစ်နေ့ . . . နံနက် ၁၀ နာရီ လောက် ဆိုင်ထဲမှာ စားသုံးသူရှင်း လင်းနေခိုက် ဆိုက်ကားသမားအဘိုး ကြီး ဦးမိုးဆိုင်ထဲသို့ ဝင်လာ၏။ ဆိုင်ထဲမှာ ကိုစောရွှေနှင့် စားပွဲထိုး ကလေး ချိုတူးတို့နှစ်ယောက်သာ ရှိကြသည်။ ချိုတူးက အလုပ်မရှိ အလုပ်ရှာပြီး ဆိုင်ကြမ်းခင်း မြေပြင် ကို တံမြက်စည်းလှည်းနေသည်၊ ချိုတူးက (၁၂/၁၃) အရွယ်၊ မိဘမဲ့ ဒုက္ခသည်ကလေး ဖြစ်သည်၊ ရပ်ကွက်ထဲမှာ အဒေါ်မိသားစုနှင့် နေသည်။ ကိုစောရွှေက ချိုတူး၏ အဒေါ်ကို လခငွေကျပ် တစ်သောင်း ပေးပြီး ချိုတူးကို ထမင်းကျွေးအဝတ်

**"ငါ့နဂါးနီကတော့ တောဖောပူရှိန်ပြင်းပြတဲ့ အဓိပ္ပာယ်ပဲ။ ငါ့အရက် သောက်လိုက်ရင်နဂါးနီ တစ်ကောင်လို ရှူးရှူးရှဲရှဲ ဖြစ်သွားစေရမယ်" ဟု ကိုစောရွှေက ဟန်နှင့် မာန်နှင့်ငြီကာချဲ့ ပြလိုက်လေသည်။**

အစား ဆင်ပေးသည်။

"အဘ . . . ဘယ်လောက်ဖိုး ယူမှာလဲ" ဟူသော ချိုတူး၏အမေး ကို ဦးမိုးက ဂရုမစိုက်၊ ကောင်တာရှိ ကိုစောရွှေထံ တန်းသွား၏။ ဦးမိုးက လည်း နဂါးနီဆိုင်မှာ ပုံမှန်ဖောက် သည်ကြီး ဖြစ်သည်။

ကိုစောရွှေက ဦးမိုးကို မြင်က တည်းက ဖန်ခွက်ရှည်ကြီးထဲသို့ အပေါ်စား အရက်ဖြူကျပ် ၁၀၀ ဖိုး လောက် ဖြည့်ပြီးသားဖြစ်နေသည်။

"ဘိုစောဆီမှာ ကျပ်တစ်ရာကို ဘယ်လောက်ဖိုး အားပေးနေတယ် လို့ထင်သလဲ" ဟု ဦးမိုးက ငွေတစ်ရာ ကျပ်တန်ကို ကောင်တာပေါ် သို့တင် လိုက်ရင်း မေးသည်။ နေလောင်ညို မွဲ၍ နားထင်ရိုး၊ ပါးစောင်ရိုးတွေ ငေါထွက်နေသည့် ဦးမိုး၏ မျက်နှာ ကို စိုက်ကြည့်ရင်း ကိုစောရွှေက သူ့အကျင့်အတိုင်း မပြုံးမရယ်နှင့် ခေါင်းခါပြသည်။ သူ့ဆိုင်မှာ ဦးမိုး နေ့စဉ်အားပေးမှန်း ကိုစောရွှေသိ

Asian Fame Media Group



သည်။ တစ်ကြိမ်သောက်လျှင် ငွေတစ်ရာဖိုးသာ သောက်လေ့ရှိကြောင်းလည်း ကိုစောရွှေ မှတ်သားထားသည်။ သို့သော် ဦးမိုး တစ်နေ့လျှင် ဘယ်နှကြိမ်သောက်မှန်းတော့ မသိ။ အရေးတယူ မှတ်သားထားရမည့်အလုပ်လည်း မဟုတ်။

"ကျုပ် တစ်နေ့ကို ရှစ်ရာဖိုးကနေ ထောင့်နှစ်ရာဖိုးအထိ မှန်မှန်ကြီး သောက်လာခဲ့တာ မောင်ရင်တို့ နဂါးနီဆိုင်ဖွင့်ကတည်းက အခု ဒီကနေ့အထိပဲ။ ပျမ်းမျှ တစ်ရက်ကို ကျုပ်က ငွေတစ်ထောင်ဖိုး အားပေးနေတာလို့ ပြောလို့ရတယ် ဘိုစော . . ."

ဦးမိုးက အဘိုးကြီးသာ ဆိုရသော်လည်း အသက် ၆၀ ကျော်ရုံသာရှိသေးသည်။ အသက် ၂၀ ကျော်ကတည်းက ဆိုက်ကားနင်းစားလာသည်။ ဆိုက်ကား နင်းကတည်းက အရက်သောက်လာခဲ့၏။ ယခုထိ ဦးမိုး ဆိုက်ကားမှန်မှန်နင်းတုန်း။ အရက်မှန်မှန်သောက်တုန်း။ အာဂလူကြီး။

"အဲဒီတော့ ဘာဖြစ်သလဲ ဦးမိုး။ နဂါးနီရဲ့ ဖောက်သည်ကောင်းဆု ချီးမြှင့်ရမှာလား" ဟု ကိုစောရွှေက အေးတိအေးစက်မေးသည်။

ဦးမိုးသည် အရက်ဖြူများကို ရေသောက်သလို တစ်ရှိန်ထိုးမော့ချလိုက်၏။ ပြီးလျှင်ဖန်ခွက်ကို စားပွဲပေါ်ပြန်တင်ကာ သူ့ပါးစပ်ထဲ တစ်ဝိုက်ကို အင်္ကျီလက်ခုံဖြင့် ပွတ်သုတ်ရင်း ကိုစောရွှေကို ကြည့်သည်။

"ဒါပေးစရာမလိုပါဘူး။ ဖြစ်သင့်တာကို ကျုပ်ပြောပြမှာပါ။ သူတစ်ပါးအပေါ် မနာလိုတာလည်း မဟုတ်ဘူး။ (ငိုဘ ချစ်) စိတ်နဲ့ပြောတာမျိုးလည်း မဟုတ်ဘူး။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ သဘောကလေး"

"လိုရင်းပြောဗျာ . . ."

ဦးမိုးက ယခုနှန်နက်ပိုင်းမှာ နှစ်ကြိမ် နှစ်ခွက် သောက်ပြီးပြီဖြစ်ရာ ယခု တစ်ကြိမ်နှင့်ဆို သုံးခွက်ရှိသွားပြီ။ သွေးပူလာပြီဖို့ အာသွက်လျှာသွက်နှင့် လေကြောရှည်ချင်လာပြီဟု ကိုစောရွှေ တွေးမိသည်။

"လိုရင်းကတော့ ဘိုစောတို့ဆိုင်အတွက် ပစ္စည်းဝယ်ဖို့နဲ့ ဈေးသွားဖို့ ဈေးပြန်ဖို့ ကျုပ်ဆိုက်ကားကို တစ်ခါမှ မငှားသေးတဲ့ကိစ္စဗျ။ ကျုပ်က မိုးကျော်တို့ ဝင်းမြင့်တို့ မမွေးခင်ကတည်းက ဆိုက်ကားနင်းလာတဲ့ ဝါရင့်ဆိုက်ကား ဆရာကြီးပါဘိုစော။ လူငယ်တွေနဲ့ ပြိုင်နင်းနိုင်ပါတယ်။ ဟောဒီတစ်မြို့လုံး ဘယ်နေရာသွားရမလဲ။ မျက်စိမှိတ်ပြီး နင်းသွားနိုင်တယ်။ ဒီမြို့မှာကျုပ်က သမ္မာအရင့်ဆုံး ဆိုက်ကား. . ."

"ကျုပ်က အပြန်ကျတော့ ဝန်စည်စလယ်တွေနဲ့ စိတ်များတယ်ဗျ။ နှစ်မိုင်နီးပါး ကုန်းဆင်းကုန်းတက်တွေနဲ့ နင်းရတာ ဆင်းတွန်းရတဲ့နေရာတွေ ရှိတယ်။ ဦးမိုးနဲ့ မကိုက်ဘူး၊ သန်သန်မာမာ တောင့်တောင့်တင်းတင်း လူငယ်တွေနဲ့ပဲ အဆင်ပြေမှာ. . ." ဟု ကိုစောရွှေက ဦးမိုး စကားမဆက်နိုင်အောင် အတင်းဖြတ်ပြောလိုက်သည်။

ယမကာအရှိန် တက်လာပုံရသော ဦးမိုးက ကြောင်စီစီမျက်လုံးကလေးတွေ ပေကလတ်၊ ပေကလတ်ဖြင့် ကိုစောရွှေကို လှောင်သလိုလို၊ ပြောင်သလိုလို တစိမ့်စိမ့်ကြည့်နေ၏။ ဦးမိုးက တစ်ကြိမ်တစ်ခါမျှ ယခုကဲ့သို့ မကြည့်ဖူးသဖြင့် ကိုစောရွှေ အနေရအထိုင်ရ ခက်လာသည်။ ဒီလူကြီး ဘယ်တုန်းကမှ ဒီအချိန်မှာ မမူးတတ်ပါဘူးလေ။

"အင်း . . ဟုတ်ပါ့ ကိုစောရာ ဟုတ်ပါ့။ မိုးကျော်တို့ ဝင်းမြင့်တို့က သန်သန်မာမာ တောင့်တောင့်တင်းတင်းတွေကိုး။ လူငယ်ခြေတက် အားကောင်းမောင်းသန်တွေ မဟုတ်လား။ ကျုပ်ကတော့ စုတ်ပြတ်နေတဲ့ အဘိုးကြီး ချွနာရှိုက်ကုန်းဆိုတော့ မောင်ရင့်မိန်းမက ကျုပ်ဆိုက်ကားကို ဘယ်စီးချင်ပါ့မလဲ။ ဒါသဘာဝကျပါတယ်လေ. . ."

"ခင်ဗျားစကားက ဘာစကားလဲဗျ။ အနေ့ာင့်မလွတ် အသွားမလွတ်နဲ့။ ဦးမိုး ဘာကိုဆိုလိုတာလဲ။ ရှင်းရှင်းပြောဗျာ . ."

ကိုစောရွှေမျက်နှာကြီး နီလာသည်ကိုကြည့်ပြီး ဦးမိုးက ပြုံးနေရာမှ နှုတ်ခမ်းမဲ့လိုက်၏။ သူ့မျက်နှာ ဝိနိဝိနိက တည်ကြည်အေးစက်သွား၏။

"ဘာမှမဆိုလိုဘူး ဘိုစော။ သဘောသဘာဝကို ပြောပြတာ။ ဘယ်လိုမှ မထင်နဲ့. . . နော်။ ဟက်ဟက်. . ." ဟု အေးစက်ခြောက်ကပ်စွာ ရယ်ပြောပြော၍ ဦးမိုး လှည့်ထွက်သွားသည်။ ဦးမိုး၏ ပိန်မြောင်းမြောင်းကျောပြင်ကို လှမ်းငေးရင်း ကိုစောရွှေ မျက်မှောင်ကုတ်သည်။ နှုတ်ခမ်းတွေ တင်းတင်းစေ့မိသွားသည်။ အဘိုးကြီးမပြောစဖူး ထူးထူးဆန်းဆန်းပြောတယ်။ မူးပြီးပြောတာလည်း မဖြစ်နိုင်ဘူး။ သူ့စိတ်ထဲမှာ တစ်ခုခုရှိနေပုံပဲ။ တစ်ခါတစ်ရံ တွေးမိသော အတွေးရှုပ်ပုံတွေက ဖျတ်ခနဲပေါ်လာကြသည်။

ဆိုက်ကားသမားတွေထဲမှာ ထူးထူးခြားခြား ရုပ်ရည်သန့်ပြန့်ကြသော မိုးကျော်နှင့် ဝင်းမြင့်တို့၏ ပုံရိပ်လွှာတွေကို သူ မြင်ယောင်ကြည့်၏။ ပြီးလျှင် သူ့အတွေးမြင်ကွင်းထဲမှာ သူ့ဇနီးသန်းသန်းထွေးကို ပုံဖော်နေရာချလိုက်ပြီး သန်းသန်းထွေး၏ နံဘေး တစ်ဖက်တစ်ချက်စီမှာ မိုးကျော်နှင့်ဝင်းမြင့်တို့ကို ရပ်လိုက်ကြစေသည်။ မိမိနှင့်နှိုင်းစာလျှင် မိုးကျော်နှင့်ဝင်းမြင့်တို့က သန်းသန်းထွေးနှင့် ရွေ့သွားနောက်လိုက်ညီ . . ။ နှစ်ကိုယ်ယှဉ်တွဲရန် သင့်လျော်လှကြောင်း အတွေးထဲမှာ ထင်လင်းရှင်းမြင်မိသောအခါ ကိုစောရွှေ တစ်ကိုယ်လုံးကျဉ်တက် အေးစိမ့်သွားတော့သည်။

ဒီကနေ့. . သန်းသန်းထွေး ဘယ်သူ့ဆိုက်ကားနဲ့ သွားသလဲ. . ။ မိုးကျော်. . မိုးကျော်ဆိုက်ကားနဲ့။ မိုးကျော်က အိမ်ထောင်ရှိတယ် ဆိုပေမယ့် သန်းသန်းထွေးနဲ့ ပိုပြီး လေပေးဖြောင့်တဲ့ကောင်။ ဝင်းမြင့်နဲ့ကတော့ မိုးကျော်လောက် တရင်းတနီးမရှိလှဘူး။ မိုးကျော်က လူအိုဆိုပေမယ့် လူပျိုဝင်းမြင့်ထက် ပိုပြီး လူရည်လည်တယ်။ ပိုပြီးရုပ်ဖြောင့်တယ်။ ချွေးစကားအရှိမဟုတ်လား။ နှာခေါင်းမပါရင် မိန်းမတွေဟာ. . . တဲ့။

"ဟေ့. . . ချိုတုး ငါ အပြင်ခဏသွားမယ်။ ခဏကလေးပဲ၊ ဒီနားက ဆိုက်ကားဂိတ်တင်ပဲ၊ မင်းဘယ်မှမသွားနဲ့။ အိမ်သာတောင် မသွားနဲ့ကွာ. . " ဟု လှမ်းပြောရင်း ကိုစောရွှေ ဆိုင်ပြင်သို့ နေကြီးသုတ်ပျာ လှမ်းထွက်လာခဲ့သည်။ အလုပ်ရှင်၏ ထူးခြားသော အမူအရာနှင့် ကွဲအက်အက် အသံကြီးကြောင့် ချိုတုးပင် စိတ်လှုပ်ရှားသွားသည်။ ဦးဘိုစောဘာဖြစ်ပါလိမ့်. . ။ ဘာပြဿနာပေါ်လို့ပါလိမ့်။ ချိုတုး အပြေရှာမရဘဲ ကြောင်စီစီနှင့် လှည်းပြီးသားနေရာကိုပဲ တံမြက်

Asian Fame Media Group

စည်း ထပ်လှည်းနေမိသည်။

နဂါးနီဆိုင်မှ မီတာ ၅၀ ခန့်ဝေးသည့် ဆိုက်ကားဂိတ်ဆီသို့ ကိုစောရွှေ ဣန္ဒြေဆည်၍ ခြေလှမ်းမှန်မှန် လှမ်းလာခဲ့သည်။ သူဆိုင်ဖွင့်လာခဲ့သည်က တစ်နှစ်နီးပါးရှိပြီ။ သန်းသန်းထွေးက မိုးကျော်နှင့် ဝင်းမြင့်တို့ ဆိုက်ကားတွေကို တစ်လှည့်စီ နေ့စဉ်နီးပါး စီးနင်းခဲ့သည်ကလည်း တစ်နှစ်နီးပါး ကြာခဲ့ပြီ။ ၎င်း (သင်း)တို့ သုံးယောက်ကြားမှ ရင်းနှီးမှုကလည်း တိုးပွားသည်ထက် တိုးပွားလာနေခဲ့ပြီ၊ ဖိုမလောကကြီးမှာ သူစိမ်းတစ်ရံဆံ အထိအတွေ့ အဆက်အစပ်တွေက စိတ်ချရသည် မဟုတ်။ အိုးချင်းထား အိုးချင်းထိသတဲ့။ ကြိုးချင်းထား၊ ကြိုးချင်းငြိသတဲ့။ ငါတောင် မယားကြီးရှိလျက်နဲ့ ရုံးမှာ ဈေးလာလာရောင်းတဲ့ သန်းသန်းထွေးကို အမိအရ ချိတ်နိုင်ခဲ့တယ် မဟုတ်လားလို့။ သန်းသန်းထွေးကသာ တစ်ချက်ညွှတ်ပြလိုက်ရင် မိုးကျော်ဖြစ်ဖြစ်၊ ဝင်းမြင့်ဖြစ်ဖြစ် ငြင်းနိုင်မတဲ့လား။ ဒီကောင်တွေက ဘာသားနဲ့ထုထားကြလို့လဲ။ မိုးကျော်ဆိုရင် အိမ်ထောင်ရှိပေမယ့် ပိုပြီးတောင် အန္တရာယ်ရှိသေးတယ်။ အိမ်ထောင်သည်အချင်းချင်းဆိုတော့ မြွေမြွေချင်းခြေမြင်နေပြီလေ၊

"ဆရာစော. . . ဘယ်သူ့ကိုရှာတာလဲ" ဟူသော အသံကြောင့် ကုပ်ချောင်းချောင်းဖြစ်နေသော ကိုစောရွှေ လည်တိုင်ကို ဆတ်ခနဲ ဆန့်ထုတ်သည်။ ဂိတ်ထိုးထားသော ဆိုက်ကားတစ်စင်းပေါ်မှာ ထိုင်နေသည်။ ဆိုက်ကားသမားတစ်ယောက် လှမ်းမေးခြင်း ဖြစ်သည်။ ဆိုက်ကားဆရာများ၏ အနားယူစခန်းလေးဖြစ်သော တဲကလေးထဲက ခုံတန်းလျားမှာ ဇိမ်ယစ်နေသော ဦးမိုးကလည်း ကိုစောရွှေကို ခေါင်းထောင်ကြည့်သည်။

"ဘယ်တုန်း ဘိုစော. . ။ သဘောသဘာဝတွေ သဘောတရားတွေ လေ့လာမလို့လား. ." ဟု ဦးမိုးက အာလေးလျှာလေး လှမ်းအော်သည်။

"ဝင်းမြင့်ဆိုက်ကား အပြင်ထွက်သွားလား" ဟု ကိုစောရွှေက ရည်ရွယ်ရင်းမရှိဘဲ မေးမိမေးရာ မေးရင်း အဘိုးကြီးဦးမိုးကို ခပ်တင်းတင်း မိုက်ကြည့် ကြည့်လိုက်သည်။ ဦးမိုးက ကိုစောရွှေ အတွင်းမီးတောက်နေမှန်းမသိဘဲ. . .

"ဝင်းမြင့် ဒီကနေ့မလာဘူး။ ရွာပြန်သွားတယ်လို့ ပြောတယ်။ သူ့အမေဆိုလား၊ အဖေဆိုလား နေမကောင်းလို့ဘဲ . ." ဟု အော်ပြောသည်။

"ခင်ဗျား . . မမေးပါဘူး၊ သူ့မေးတာပါ. ."

ကိုစောရွှေက သဟောက်သာ ပြောလျက်က သူ့အားနှုတ်ဆက်သူ ဆိုက်ကားသမားဘက် လှည့်လိုက်၏၊ ထိုဆိုက်ကားသမားကလည်း ဦးမိုးပြောသည့်အတိုင်း ဝင်းမြင့်သတင်းကို ပေးသည်။ ကိုစောရွှေက ဘာမျှရေးကြီးခွင်ကျယ် ကိစ္စမရှိသည့်ဟန်မျိုးဖြင့် ခေါင်းတစ်ချက် ဆတ်ပြကာ ပြန်ထွက်လာခဲ့၏။ ဦးမိုးက ကိုစောရွှေကို ရီဝေဝေ ငေးမောရင်းမှ. . .

'သဘောသဘာဝကို မောင်မိုးတို့ ပြောကာမြမယ်. . ' ဟု မူးသံကြီးဖြင့် သီချင်းဆိုသလို ရွတ်သည်။ ဦးမိုး၏ အသံကို ကြားရတော့ ကိုစောရွှေ ခေါင်းထဲမှာ အပူလုံးတွေ ပိုမိုသောင်းကျန်းလာသည်။ ဒီအဘိုးကြီးရဲ့ (သဘောသဘာဝ) ဆိုတဲ့စကားမှာ လျှို့ဝှက်တဲ့ အဓိပ္ပာယ်တစ်ခု ရှိနေတာတော့ သေချာပြီ။ မိုးကျော်နဲ့ ငါမိန်းမ သန်းသန်းထွေးတို့ကြားမှာ မရိုးမသားကိစ္စတစ်ခုခု ဖြစ်နေသလား မသိ။ နဂိုကတည်းက ငါကဖြစ်လို့ မိုးကျော်ကို ယုံခဲ့ပါလိမ့်။ သန်းသန်းထွေးကိုကော ဘာလို့ စိတ်ချလက်ချ လွှတ်ထားမိပါလိမ့်။ ငါညံ့တာ. . ငါညံ့တာ. . ။

ကိုစောရွှေ ဆိုင်ထဲပြန်ဝင်လာတော့ ချိုတူးက သူ့ကို အလန့်တကြား မျက်လုံးဖြင့် ကြည့်သည်။ ကိုစောရွှေ မျက်နှာကြီးက မှုန်မှိုင်းရှုံ့တွလို့ကိုး။

ကိုစောရွှေ ဒိန်းတလိန်းနတ်ပူးပြီး အိမ်ပြန်ရောက်ချိန်တွင် အိပ်ရာမှ နိုးခါစသမီးငယ် ထုံးစံအတိုင်း မျက်ရည်စက်စက်ဖြင့် ဂျီကျနေသည်။ ခါတိုင်းဆိုလျှင်တော့. . . ကလေးကို ချော့မော့နှစ်သိမ့်တတ်စမြဲ။ သည်ကနေ့တော့ အပြစ်မဲ့သည့် ရင်သွေးကို ပေစောင်းပေစောင်းနှင့် ဘုကြည့်ကြည့်ကာ. .

"မငိုနဲ့သမီး မေမေလာတော့မယ်" ဟုသာ ခပ်တိုတိုပြောပြီး နာရီတကြည့်ကြည့်လုပ်သည်၊ အင်း. . ခါတိုင်းပြန်နေကျ အချိန်ထက် နောက်ကျနေပြီ. . ။ ဟုတ်ပြီ. . မရိုးသားကြတော့တာ အမှန်ပဲ။

ဤသို့နှင့်ပင် နောက်တစ်မိနစ်ခန့်အကြာမှာ နဂါးနီရှေ့သို့ ဆိုက်ကားတစ်စင်း အထုပ်တွေအပိုးတွေ၊ ပုံးတွေဖာတ်တွေနှင့် ဆိုက်လာကာ သန်းသန်းထွေးသည် မျက်နှာမသာမယာနှင့် ဆိုက်ကားပေါ်မှ ဆင်းလိုက်၏။ ဆိုက်ကားက မိုးကျော်ဆိုက်ကားမဟုတ်။ ဆိုက်ကားသမားက မျက်နှာသစ် ပိန်ညှောင်ညှောင်ညှိုးသိုးသိုး လူလတ်ပိုင်း။

"မိုးကျော်ဆိုက်ကား . . . ဘာဖြစ်လို့လဲကွ. . " ဟု ကိုစောရွှေက နဂါးနီဆိုင်ပေါက်ဝမှ ခါးထောက်ရပ်ရင်း လေသံပြတ်ပြတ်နှင့် လှမ်းမေးသည်၊ သန်းသန်းထွေးက မျက်နှာဖြူဖပ်ဖြူရော်နှင့် ခင်ပွန်းသည်ကို ကြည့်၏။

"ကံတရားရဲ့ သဘောသဘာဝလို့ ဆိုရမှာပဲ အစ်ကိုကြီးရေ . . ။ ကျွန်မကို ဈေးမှာထားခဲ့ပြီး မိုးကျော်က ဆိုက်ကားနည်းနည်းသွားပြင်ဦးမယ်ဆိုပြီး ထွက်သွားတာ၊ ဘာမှ မကြာလိုက်ဘူး။ ဈေးအကွေ့မှာ ဟိုင်းလတ်နဲ့ငြိပြီး ဆိုက်ကားမှောက်သွားတာ။ ခုတော့ မိုးကျော်ဆေးရုံပေါ်မှာတဲ့. . "

"ဟင် . . ဟုတ်လား . . ဘုရား . . ဘုရား" ဟု ကိုစောရွှေ မြည်တမ်းလိုက်သော်လည်း သူ့ရင်တွင်းတစ်နေရာမှာ ပီတိလှိုင်းတွေ လှုပ်ခတ်သွားကြသည်။

"ဘုရားတမနေနဲ့ အစ်ကိုကြီး မိုးကျော် သူ့အပြစ်နဲ့သူ ခံရတာ၊ ဒါမျိုးကို ဘုရားက ကယ်မှာလည်း မဟုတ်ဘူး" ဟု သန်းသန်းထွေးက အသံကျယ်ကျယ်စူးစူးဖြင့် မကျေမချမ်းရေရွတ်နေစဉ် ကိုစောရွှေ ယောင်ချာချာ မွန်းကျပ်ကျပ် ခံစားနေရသည်။ အမျိုးအမည် ရှာမရသော အပြစ်ခံစားမှုဖြင့် သူမလုံမလဲ မြူမြူးပျာပျာဖြစ်သွားသည်။

"မိုးကျော်မှာ ဘာအပြစ်ရှိလို့လဲကွ. . "

သန်းသန်းထွေးက မျက်ခုံးတွေ တွန့်ရှုံ့လျက်က ကိုစောရွှေကို အားမလိုအားမရဟန်ဖြင့် ကြည့်သည်။

"ဒီတိရစ္ဆာန်က မယားကြီးငုတ်တုတ်ရှိလျက်နဲ့ အငယ်အနှောင်းထားသတဲ့လေ၊ ဒီလိုကောင်မျိုး . . အပြစ်တောင်နည်းသေး"

သန်းသန်းထွေးကတော့ ရင်ထဲက တွန်းကန်လာသည့်အတိုင်း ပြောခြင်းဖြစ်သည်။ သို့သော် သန်းသန်းထွေး၏ စကားလုံးတွေက ကိုစောရွှေ၏ နှလုံးအိမ်ကို မြင်းထန်စီးရှုသော မြှားတံတွေလို လာမှန်ကြ၏။

"ကိုယ့်လက်စွဲတော် ဆိုက်ကားဆရာကလေးအပေါ် ခုလိုအချိန်မှာ အဆိုးမမြင်ပါနဲ့ သန်းသန်းထွေးရာ . . ." ဟု ကိုစောရွှေက လေးလေးပင်ပင် ပြောထွက်လိုက်နိုင်သော်လည်း သူ့အတွင်းစိတ်တစ်နေရာ၌မူ . . .

"ငါ စောစောက မိုးကျော်တစ်ခုခုဖြစ်ပါစေလို့များ ဆုတောင်းမိသလား မသိဘူး. ." ဟူသော နောင်တအတွေးပွပွက ဆုပ္ပက်နေတော့၏။

မှန်ပါသည်။ ကိုစောရွှေသည် စိတ်နေစိတ်ထား စိတ်ကူးစိတ်သန်းနှင့် ခံစားမှု၊ အစွဲအလမ်းအနည်းငယ်တော့ ထူးခြားသူဖြစ်ကြောင်း သူကိုယ်သူပင်မသိရှာပါချေ။ **ကြူးနှစ်**

> **ဦးမိုး၏အသံကိုကြားရတော့**
> **ကိုစောရွှေ**
> **ရင်ခေါင်းထဲမှာအပူလုံးတွေ**
> **ပိုမိုသောင်းကျန်းလာသည်။**
> **ဒီအဘိုးကြီးရဲ့**
> **(သဘောသဘာဝ)**
> **ဆိုတဲ့စကားမှာလျှို့ဝှက်တဲ့**
> **အဓိပ္ပာယ်တစ်ခု**
> **ရှိနေတာတော့သေချာပြီ။**



Asian Fame Media Group



**ထွေးခင်**တစ်ယောက် သတင်းဂျာနယ်လောက သို့ ဝင်ရောက်လာခဲ့သည်မှာ ၁၀ နှစ်ပင် ကျော်ခဲ့ပြီ။ အသက် နှစ်ဆယ့်တစ်နှစ်တွင် တက္ကသိုလ်မှ ဘွဲ့ရပြီး ကံအားလျော်စွာပင် အိမ်နီးချင်းနိုင်ငံသို့ သွားရောက်၍ သတင်းဂျာနယ်သင်တန်း တက်ခွင့်ရခဲ့သည်။ ဒီပလိုမာ ရခဲ့သည်။

အသက်နှစ်ဆယ့်နှစ်နှစ်အရွယ်တွင် သတင်းထောက်ပေါက်စလေးဘဝမှ စခဲ့ရသော ထွေးခင်။ ယခုတော့ ဝါရင့်အကြီးတန်း သတင်းထောက်ဘဝ ရောက်ခဲ့ရပြီ။

ရသမဂ္ဂဇင်း တစ်စောင်နှင့် သတင်းဂျာနယ် တစ်စောင်ကို တွဲ၍ ထုတ်ဝေနေသော ဆရာကိုငြိမ်းချမ်းထံမှ ပညာတွေ များစွာရခဲ့သည်။ သတင်းတစ်စရလျှင် ရေဆုံးရေဖျားလိုက်မှ ကြိုက်သော ဆရာက မညှာမတာ ခိုင်းတတ်သည်။ ရရှိသော သတင်းကို ရေးသားရာမှာလည်း တင်ပြပုံ တင်ပြနည်း ရိုးစင်းလျှင် မကြိုက်။ စိတ်ကြိုက်မရမချင်း ပြန်ရေးခိုင်းတတ်သည်။ အထူးသဖြင့် ဂျာနယ်တွေ ခြေချင်းလိမ်နေသော ခေတ်မှာ သတင်းတစ်စကို ခေါင်းစဉ်တပ်သည်မှအစ ကြေးများတတ်သည်။ သတင်းချင်းတူလျှင် ခေါင်းစဉ်ကွဲမှ၊ သတင်းက သိပ်မထူးလည်း ခေါင်းစဉ်ကို ထူးခြားအောင် ရေးမှ ဆရာက ကြိုက်တတ်သည်။

တစ်နှစ်မှ နှစ်နှစ်၊ နှစ်နှစ်မှ သုံးနှစ် လုပ်သက်တွေရလာသလောက်ပညာတွေလည်းရလာခဲ့သည်။

သတင်းသမားဆိုတာ သတင်းရှိရာ နေရာဒေသမရွေး သွားရသည်။ ရလိုသော သတင်းရရှိဖို့

# ဓာတ်ဆွဲသက်

## သံမှဏိကျော်ရည်

ဝဏ္ဏတိုရသ

Asian Fame Media Group
MEDIA GROUP

လူငယ် လူရွယ် လူလတ် လူကြီး အားလုံးကို ချဉ်းကပ်တတ်ရမည်။ ပြောတတ် ဆိုတတ်ရမည်။ ပီယဝါစာ ချိုသာရမည်၊ ထိုးထွင်းဉာဏ် ရှိရမည်ဟု သွန်သင်ထားသည်၊

ထွေးခင် ဟူသော သတင်းထောက်မလေးက မွေးရာပါအရည်အချင်းတွေ စုံလှသည်၊ လှမြင်ရင် ချစ်ခင်ဖွယ်ဟူသော ခေတ်ဟောင်းတေးထဲကလို နှစ်လိုဖွယ်သော အဆင်းရှိသည်၊ ကျန်းမာသန်စွမ်းသည်။ ငါးပေ လေးလက်မဟူသော အရပ်နှင့်လိုက်ဖက်သော ကိုယ်လုံးရှိသည့် အပြင် မျက်ခုံးမျက်လုံးကောင်းသော သူ့ရုပ်ရည်က သတင်းသမားတွေထဲမှာ ထင်ရှားပေါ်လွင်မှုကို ရစေသည်၊ စကားပြောလိုက်တိုင်း ညီညာသော သွားလေးများ လှပစွာပေါ်လာအောင် ပြုံးလျက် ရယ်လျက် ချိုသာစွာ ပြောတတ်သည်။

တက္ကသိုလ်မှ မြန်မာစာအဓိကနှင့် ဘွဲ့ရထားသလို ပြည်ပမှလည်း သတင်းစာပညာ ဒီပလိုမာရထားသူပီသစွာ သတင်းသမားလေး ထွေးခင်က တက်ကြွ၏။ ဝီရိယရှိ၏။ ကြိုးစား၏။

အရိပ်ပြလျှင် အကောင်မြင်တတ်သည်ဟူသော ပင်ကိုအရည်အချင်းရှိနေသည်မို့ ထွေးခင်ကို သူ့ဆရာ ကိုငြိမ်းချမ်းက ပုံစံကျအောင် လေ့ကျင့်ပေးထားပြန်သေးသည်။

ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဖြစ်ကြောင်း မေ့ထားဟန်တူသော ထွေးခင်က ဂျင်းဘောင်းဘီနှင့် စပို့ရှပ် အမြဲဝတ်သည်။

လှိုင်းတွန့်လေးနှင့် ဆံပင်ကိုကုပ်ဝဲကို ဖားလျားချထားခြင်းကသာ သူ့ကို မိန်းကလေးဖြစ်ကြောင်း သိစေသည်။ မျက်နှာကို မခြယ်မသ၊ အလှမပြင်ပါဘဲ နဂိုယဉ်လေးမို့ ကင်မရာကြိုး တကားကားနှင့် သတင်းသမားတွေကြားမှာ ထင်ရှားလှသည်။

သတင်းသည် တစ်၊ သတင်းသည် နှစ်ဟူ၍ ဦးစားပေးထားသလို အချစ်သည် သုံးဟူ၍ သတ်မှတ်ထားခြင်းမရှိ။ သတင်းအတွက် သွားသည်၊ သတင်းအတွက် နားသည်၊ သတင်းအတွက် စားသည်၊ သတင်းနောက်ကို လိုက်သည်၊ သတင်းပုံရိုက်ရမည့်ပုဂ္ဂိုလ်ကိုသာ ကြည့်သည်၊ သတင်းကိုတွေး၍ သတင်းမေးရမည့် ပုဂ္ဂိုလ်ကိုသာ မြင်သည်။

သူ့ကို ကြည့်နေသော ပတ်ဝန်းကျင်ကို သူ မမြင်၊ သူ့ကို စိတ်ဝင်စားမည့် သူ့အား ဂရုမထားပါဘဲ လျက် အသက်နှစ်ဆယ့်သုံးနှစ် ပြည့်သောနေ့မှာ အမှတ်တရ ချစ်ရေးဆိုလာသော ကျောင်းနေဖက်တစ်ဦးကို တအံ့တဩ ပြန်ကြည့်နေမိသည်။

စိတ်ဝင်စားဖွယ်ကောင်းသော သတင်းတစ်ခုပေးမည် ဟူသော အပြောကြောင့် သူငယ်ချင်းနှင့် အတူလာမိသော ထွေးခင်တစ်ယောက် ချစ်စကားပြောခံရသော အချိန်ကျမှ ကိုယ့်ဘဝကိုယ် သတိရမိပါတော့သည်။

အသက်နှစ်ဆယ့်သုံးနှစ် ပျိုမျစ်သော ရုပ်ဆင်းနှင့် ကျန်းမာခြင်း၊ ထက်မြက်ခြင်းတို့ ပြည့်စုံသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း သတိရမိလေသောအခါ တစ်ခဏတော့ စဉ်းစားရသေးသည်။

ငြင်းပယ်စရာ အရည်အချင်း မရှိသော အကြောင်းသိသူငယ်ချင်း ဖြစ်ပါလျက် ထွေးခင်တစ်ယောက် ခေါင်းမညိတ်နိုင်ပါ။ အရည်အချင်း



ပြည့်ဝစွာနှင့် အောင်မြင်မှုရလိုသော သတင်းသမားလေး အချိန်ယူစကာ လမို့ အချစ်ရေးကို ဦးစားမပေးလိုသေးပါဟုသာ ဖြေကြားလိုက်ရသည်။

ရင်းနှီးသော သူငယ်ချင်းများနှင့် အမေကပါ တိုက်တွန်းသည်။ လက်မခံ၊ အပြစ်တင်ကြသည်။ သူမမှု၊ သူ့ ရည်မှန်းချက်က အောင်မြင်သော သတင်းသမားဖြစ်ရေး တစ်ခုတည်းသာမို့ ရည်မှန်းချက်ကို အပျောက်မခံနိုင်ပါ။ တူရူသို့ ရှေ့ရှုသည်။ တူရူသို့ ဦးတည်သည်။ တူရူသို့သာ လျှောက်လှမ်းလာခဲ့သည်။

တစ်နှစ်ကျော်ကျော်စောင့်ရင်း အဖြေတောင်းနေရှာသော သူငယ်ချင်းကလည်း နောက်ဆုတ်သွားတော့သည်။ ထွေးခင်ကတော့ နောက်မဆုတ်၊ အောင်မြင်သည့် သတင်းသမားဖြစ်ရေးကိုသာ ဆက်၍ ဆက်၍ ကြိုးစားနေတော့သည်။

**မိခင်ကြီးရောဂါက ဘယ်လောက်စိုးရိမ်ရမှန်းမသိ၊ ဘယ်လောက်ကြာကြာကုရမလဲ မသိ၊ မိခင်ကြီးအတွက် စိတ်ပူနေရသော သောကနှင့် နေပြည်တော်သို့သွား၍ သတင်းရယူရေး အစီအစဉ်တွေကလွန်ဆွဲလို့ နေကြသည်။**

စာသင်ခန်းထဲမှာ သင်ခဲ့ရသော မြန်မာစာနှင့် သတင်းစာပညာ ဒီပလိုမာသည် လက်တွေ့သတင်းသမားအတွက် အခြေခံကောင်းတော့ ရသည်။ ပြည့်ဝသော အရည်အချင်းမဟုတ်သေးကြောင်းလည်း အလုပ်လုပ်ရင်း ပို၍ပို၍ သိလာရသည်။

မိမိတို့ဂျာနယ်အတွက် လိုအပ်သော ဦးစားပေးသတင်းကို ဆရာကိုငြိမ်းချမ်းက စဉ်းစားသည်။ နေ့စဉ် ပုံမှန်သတင်းများသာမက ကာလ၊ ဒေသ၊ ပယောဂကိုကြို့တင် မျှော်မှန်းတတ်သော ပါရမီက ကိုငြိမ်းချမ်းမှာ ရှိသည်၊ အဓိကသတင်းကို လမ်းစဖော်ပေးသည်။ ချဉ်းကပ်ရမည့်လမ်းကို ညွှန်သည်။ တန်ဖိုးရှိသော သတင်းတစ်ပုဒ်ရအောင် လိုက်ခိုင်းသည်။

မြို့ပေါ်လည်းသွားရ၊ နယ်လည်း ဆင်းရသည်။ နေ့ချင်းပြန်လည်းသွားရသလို ညအိပ်ညနေလည်း သွားရသည်။ ချောမွေ့သည်လည်းရှိသည်၊ ခက်ခဲသည်လည်းရှိသည်။ လိုက်ရင်း လိုက်ရင်း သတင်းလမ်းစပျောက်ကာ တစ်ဝက်တစ်ပျက် သတင်းယူလာလျှင်တော့ မျက်ရည် တောက်တောက်ကျအောင် ဆရာက ဆူတတ်သည်။ ရက်ရက်စက်စက် ဆူသည်။ ပက်ပက်စက်စက်ပြောသည်။ ညအိပ်ရရဲ့လား၊ ထမင်းစားပြီးပြီလားမမေး။ ချက်ချင်းပြန်သွား၊ ဘယ်သူ့ဆီသွား၊ ဘယ်လိုမေးဟူသော ဟိဂျက်တွေ ညွှန်ကြားချက်နှင့် ချက်ချင်းပြန်လွှတ်တတ်သည်။

အိမ်မှာ ကျန်ခဲ့သော အမေ့ကို ပြန်ပြောချိန် မရ၊ အိမ်မှာ တယ်လီဖုန်းမရှိ၍ လမ်းဖော်ကိုင်ဖက် ညီမတွေကို ပြောခိုင်းပြီး ချက်ချင်းပြန်ထွက်ရသည်လည်း ရှိသည်။

စိတ်ကြိုက်သတင်းရလာပြီဆိုလျှင်တော့ ဆရာကိုငြိမ်းချမ်းက နှာမည်နှင့်လိုက်အောင် အေးချမ်းစွာ ကြည့်နေတတ်သည်။ ရှေ့သွားဖြူဖြူလေးများပေါ်အောင် ပြုံးပြသည်။ ရေးသားလာသော သတင်းကို ဆုံးအောင်ဖတ်ပြီး "အေး ကောင်းတယ်" ဟူသော စကားလေးသုံးလုံးကိုသာ နှမြောတွန့်တိုစွာသုံးလျက် ချီးမွမ်းတတ်ပါသည်။

တစ်လမှာ နှစ်ခါလောက် အဆူခံရ၊ တစ်ခါလောက် ချီးကျူးခံရသောဘဝမှာ လူးရင်းလိမ့်ရင်း ရုန်းကန်ရင်း ကြိုးစားခဲ့ရသည်။ တစ်လကုန်လို့ လခလေးထုတ်ရင်း အပိုရသော ဆုကြေးလေးပါ အမေ့လက်ထဲအပ်ရင်း ထိုင်ကန်တော့လိုက်သည်နှင့် "ပင်ပန်းလွန်းလှပါတယ် သမီးရယ်" ဟုပြောရင်း အမေက ဆုတွေပေးတတ်သည်။

သည်အခါမှာ အမေ့မျက်နှာကို မော်၍ မကြည့်ရဲပါ။ အမေ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေဝဲနေမှာ သေချာစွာ သိနေ၍ ဖြစ်ပါသည်၊

မိန်းကလေးတစ်ယောက်မှာ ရှိသင့်သော လက္ခဏာတွေ အပြည့်အဝရှိသူမို့လည်း စိတ်ဝင်စားသူတွေ ရှိကြပါသည်၊ အသက်နှစ်ဆယ့်ခုနစ်နှစ်မပြည့်မီမှာ စိတ်ဝင်စားသူပေါ်လာပြန်သည်။ အစိုးရဌာနကြီးတစ်ခုမှ အလယ်အလတ်အဆင့်ရှိ အရာရှိတစ်ဦး၏ မိဘများက လာရောက်ကမ်းလှမ်းကြသည်။ ဘဝအတွက် အာမခံချက်ရှိသော အရာရှိကတော်ဖြစ်မည်။ ပြေးရလွှားရ အနားမရသော သတင်းသမားဘဝနှင့် ဘာမှမဆိုင်သော လမ်းကြောင်းပေါ် ပြောင်း၍ လျှောက်ရမည်မို့ အမေက တဖွဖွနားချသည်။

အမေ မျက်စိမှိတ်မီမှာ တစ်ဦးတည်းသောသမီးအတွက် စိတ်ချလက်ချစဉ့်လိုကြောင်း ပြောနေသော အမေ့ကို ထွေးခင်တစ်ယောက် မျက်လုံးချင်းမဆိုင်ရဲခဲ့။

ချက်ဆိုလျှင် နားခွက်ကမီးတောက်သော သတင်းထောက်မလေးက အမေပြောသမျှ သဘောပေါက်ပါသည်၊ ကျိုးကြောင်းဆင်ခြင်စဉ်းစားလိုက်တိုင်း ခေါင်းညိတ်သင့်ကြောင်း သူသိသည်။

သို့သော်လည်း အစိုးရဌာနတစ်ခုမှ အရာရှိတစ်ဦး၏ ဇနီးဖြစ်သွားပါက သတင်းသမားဘဝ စွန့်လွှတ်ရတော့မည်၊ သာမန်ရသ၊ သုတစာပေတွေ ရေးသော စာရေးဆရာမဆိုလျှင် အကြောင်းမဟုတ်၊ ဣန္ဒြေရရ စာတွေရေးနိုင်သည်၊ အရာရှိစာရေးဆရာတွေ၊ အရာရှိကတော်စာရေးဆရာမတွေ ဒုနှင့်ဒေးရှိပါဘိ၊ ထွေးခင်မြတ်နိုးသော သတင်းသမားက တင်မရာကြီး တကားကားနှင့် ပြေးရလွှားရလှုပ်ရှားရသော ဘဝမို့ အမေနားချသည်ကို ခေါင်းခါခဲ့ရသော်လည်း ရင်ထဲကတော့ အမေ့အတွက် နာကျင်စွာ ခံစားခဲ့ရပါသည်။

သည်အခါမှာ သူ့ဆရာဦးငြိမ်းချမ်းကပင် ဝင်ပါလာရသည်။ "ထွေးခင် နင် သေသေချာချာ စဉ်းစားနော်၊ မိန်းကလေး တစ်ယောက်ဟာ အရွယ်ရှိတုန်း အိမ်ထောင်ပြုရမှာ၊ နင် တစ်သက်လုံး ဒီလိုပဲ နေသွားမှာလား" ဟု မေးလေသော အခါ ထွေးခင်ရဲ့ မဆိုင်းမတွအဖြေက ရှင်းပါသည်၊

"ဟုတ်ကဲ့" ဟူသော တစ်ခွန်းတည်း။

သည်မျှ အစွဲအလမ်းကြီးခဲ့သော ထွေးခင်သည် သတင်းသမားအဖြစ် ခိုင်မာစွာ ရပ်တည်လာနိုင်ခဲ့ပြီ၊ ယနေ့ဘာသတင်းကို ရှေးရမည်လဲ။ နောက်တစ်နေ့ ဘာသတင်းကို လိုက်ရမည်လဲ၊ နောက်တစ်ပတ်အတွက် ဦးစားပေးသတင်းက ဘာရှိသလဲဟု တွေးရင်းတွေးရင်း လှုပ်ရှားရင်းအချိန်ကုန် မြန်ခဲ့ရပါသည်။

အချိန်တို့ ကုန်မှန်းမသိ ကုန်လွန်လာပြီးနောက် မိန်းကလေးတစ်ယောက်အနေနှင့် အမြင့်မားဆုံးသော အခွင့်အလမ်းတစ်ခု ထွေးခင်အသက်သုံးဆယ်ကျော်မှ လမ်းပွင့်လာပြန်သည်။

နိုင်ငံခြား ကုမ္ပဏီတစ်ခုမှ ရန်ကုန်တွင် ရုံးခွဲလာဖွင့်သည်၊ စာနယ်ဇင်းအဖွဲ့ကို ရှင်းလင်းပွဲလုပ်သည်။ မိတ်ဆက်ရှင်းလင်းပွဲတွင် ထွေးခင်က စိတ်ပါဝင်စားစွာ မေးခွန်းတွေ မေးသည်။ ရင်းနှီးမြုပ်နှံမည့် သူတို့အဖြေက မရှင်းလျှင် ထွေးခင်က ထပ်ဆင့်မေးခွန်းထုတ်သည်။

ပြီးမှ ထွေးခင်တို့ဂျာနယ်မှ ပြည့်စုံသော စီးပွားရေးဆောင်းပါးရှည်ကြီးရေး၍ နှစ်ပတ်ဆက်တိုက်ဖော်ပြပေးခဲ့သည်။ ရန်ကုန်ရှိကုမ္ပဏီရုံးခွဲမှ ကျေးဇူးတင်ကြောင်းစာနှင့် အတူ သစ်သီးပန်းခြင်းကြီးတစ်ခု လက်ဆောင်ပို့ပေးခဲ့သည်။

နောက်နှစ်လကြာသောအခါ ဟိုတစ်ချိန်က စာနယ်ဇင်းရှင်းလင်းပွဲ၌ ထွေးခင်မေးသမျှ စိတ်ရှည်လက်ရှည်ရှင်းပြခဲ့သော နိုင်ငံခြားသား ဒါရိုက်တာလေးက အွန်လိုင်းမှ မိတ်ဆက်လာသည်။ သူ့ကိုယ်ရေးအချက်အလက်များ ပို့ပေးသည်၊

သည့်နောက် ထက်မြက်သည့် မြန်မာပီသသောထွေးခင်ကို ရန်ကုန်မှာ တွေ့စကပင် စိတ်ဝင်စားခဲ့ကြောင်း၊ သူ့ကို လက်ထပ်ခွင့်ပြုစေလို

Asian Fame Media Group



ပါကြောင်း အဆိုပြုလာသည်။ တစ်ဆက်တည်းပင် ထွေးခင်ကို ဘဝကြင်ဖော်အဖြစ် လက်ထပ်ပြီးပါက လက်ရှိအလုပ်မှထွက်ပြီး သူနှင့်အတူ သူတို့ကုမ္ပဏီမှာ အတူယှဉ်တွဲအလုပ်လုပ်ကြရန်ပါ ထပ်ဆင့်အဆိုပြုလာသည်။

တံခါးဖွင့်ဝါဒနှင့် ကမ္ဘာ့ရွာကြီးကို လှမ်းမျှော်ကြည့်နေသော မြန်မာနိုင်ငံမှ အခြားမြန်မာမလေးတွေတော့ မသိ။ ထွေးခင်ကတော့ လက်မခံနိုင်ပါ။

ဂျာနယ်လစ်ဘဝကိုလည်း မစွန့်နိုင်ပါ။

မြန်မာနိုင်ငံမှလွဲ၍ ဘယ်မှလည်း မသွားလိုပါ။

နိုင်ငံခြားသားကိုလည်း လက်မထပ်နိုင်ပါ။

ခိုင်မာသော သူ့ဆုံးဖြတ်ချက်ကို သိမ်မွေ့ယဉ်ကျေးစွာပဲ ပြန်ကြားလိုက်လေသောအခါ ထွေးခင်၏ ပတ်ဝန်းကျင်က အပြစ်တင်မဆုံးရှိကြလေပြီ။

စကားနည်းသော သူ့ရဲ့ဆရာ အဖေ ကိုငြိမ်းချမ်းကတော့ တိုတိုပဲ ပြောသည်။

"နင် တစ်သက်လုံး အပျိုကြီးပဲလုပ်တော့ ထွေးခင်" တဲ့။

တပည့်လိမ္မာလေးကလည်း "ဟုတ်ကဲ့" တစ်ခွန်းပြောပြီးသည့်နောက်မှာ ဆရာက တာဝန်တွေ ဖိပေးလာသည်။ သတင်းတစ်ခုပြီး တစ်ခု လိုက်ခိုင်းသည်။ နိုင်ငံရေးသတင်းအတွက် စစ်ကြိုခေတ်က သတင်းကွင်းဆက်တွေပါ လေ့လာနိုင်းသည်။ ယနေ့သတင်းကို အတိတ်က သမိုင်းနှင့်နှိုင်းယှဉ်လေ့လာရေးသားတင်ပြခိုင်းသည်။

ထို့ပြင် အခြားသတင်းထောက်များ ရယူခဲ့သော သတင်းတွေကို စုစည်းစိစစ်ခိုင်းသည်။ တာဝန်ခံဒယ်ဒီတာ ပြည့်ပသင်တန်းတက်ချိန်မှာ ရှိသမျှ သတင်းတာဝန်အားလုံး ထွေးခင်ကို တာဝန်ယူခိုင်းခဲ့သည်။

ယခုလည်း ဇူလိုင်လဆန်းသည်နှင့်၊ နေပြည်တော်သို့ သွားရမည်၊ လွှတ်တော်သတင်းများ ယူရမည်။ သည်လွှတ်တော်တွင် ဥပဒေကြမ်းများ တင်ပြကြမည်။ မည်သည့်ဥပဒေကို မည်သူကတင်သည်၊ မည်သို့ အတည်ပြုကြသည်ဟူသော သတင်းမျိုးရယူပြီး တိုက်သို့ပို့လျှင် ဆရာကိုငြိမ်းချမ်းက နာမည်နှင့် မလိုက်အောင် ပွဲကြမ်းပေးလိမ့်မည်။ ပါတီစုံဒီမိုကရေစီခေတ်ဖြစ်၍ ဥပဒေတစ်ခုချင်းအပေါ် မည်သည့်ပါတီ မည်သည့်ကိုယ်စားလှယ်က မည်သို့သဘောထားသည်ကို မေးရမည်၊ လွှတ်တော်ကိုယ်စားလှယ်တို့၏ သဘောထားမှတ်ချက်နှင့် ပြည့်စုံစွာ တင်ပြမှသာ ဆရာဦးငြိမ်းချမ်းက လက်ခံပေလိမ့်မည်။

ထွေးခင်ကလည်း ဝါရင့်သမ္မာရင့် သတင်းထောက်ပီပီ ပါတီပေါင်းစုံမှ ကိုယ်စားလှယ်တွေ တစ်ဦးစနှစ်ဦးစ ခင်အောင်မင်အောင်ချဉ်းကပ်ထားပြီး ဖြစ်သည်။ လွှတ်တော်ခေတ္တနားချိန်၊ စားချိန်၊ သွားချိန်ရအောင် တွေ့မည်၊ မေးမည်၊ စိတ်ကူးနှင့် အကွက်ချထားရပါတော့သည်။

ဥပဒေတွေ၊ အဆိုတင်သွင်းချက်တွေထက်ပို၍ အရေးကြီးသော သတင်းကလည်း ရှိသေးသည်။ တာဝန်အစားထိုးခန့်ထားမှုတွေ အပြောင်းအလဲတွေက ရှိဦးမည်၊ မည်သူတွေ မည်သို့ပြောင်းလဲသည် ဟူသောအချင်းအရာလေးတွေနှင့် ဖော်ပြကိုလက်ခံမည် မဟုတ်၊ ထိုလူသစ် နေရာသစ်အပေါ် မည်သို့သဘောထားကြသည်ကိုလည်း မရအရ ချဉ်းကပ်သတင်းယူရဦးမည်။

သတင်းအတွက်တွေး၊ သတင်းအတွက် မေး၊ သတင်းအတွက် ပြေးဖို့ပြင်ဆင်နေဆဲမှာ ထွေးခင်ဆိုသော သတင်းသမားလေးသည် လူ့ဘဝထဲမှာ တစ်ယောက်တည်းမဟုတ်သည့်အတွက် မရှောင်လွှဲသာသော အခြေအနေနှင့် ရင်ဆိုင်ရချေပြီ။

အမေတစ်ခု သမီးတစ်ခုကမ္ဘာလေးမှာ မိခင်ကြီးက ရုတ်တရက် မမာမကျန်းဖြစ်ရပြီ။

နေရင်းထိုင်ရင်း သိသိသာသာ မောလာသည်။ အသက်ရှူမဝဖြစ်လာသည်မို့ နီးရာဆေးခန်းပြရသည်။ ဆေးခန်းမှ ဆရာဝန်က သေချာစွာ စမ်းသပ်ပြီး ရန်ကုန်ဆေးရုံကြီးသို့ ချက်ချင်းသွားဖို့ အကြံပြုသည်။ အငှားယာဉ်နှင့် မသွားရ၊ ဆေးရုံမှ လူနာတင်ယာဉ်နှင့် ပို့ရမည်၊ လှေကားအတက်အဆင်း မလုပ်ရဟု တင်းကျပ်စွာ မှာသည်။ ဆေးရုံကြီးအရေးပေါ်ဌာနမှတစ်ဆင့် နှလုံးရောဂါအထူးကုဌာနသို့ ရောက်ရပေတော့သည်။ သူကိုယ်တိုင်လည်း မိခင်ကြီးနားမှ ခွာလို့မရသေး။

အခြေအနေကို ဂျာနယ်တိုက်သို့ တယ်လီဖုန်းဆက်ကာ သတင်းပို့ပြီးသည်နှင့် နယ်မှာရှိသော အဒေါ်ထံ ဆက်ရပြန်သည်။ မိခင်ကြီးရောဂါက ရက်ပိုင်းနှင့် ကုသပျောက်ကင်းဖို့ မလွယ်ကြောင်း သမားတော်ကြီး ပြောကြားချက်အရ လူနာအနားမှာ တစ်ယောက်တော့ အမြဲရှိရမည်၊ ထွေးခင်အနေနဲ့ အရေးအကြီးဆုံးသတင်းယူရမည့် အချိန်ဖြစ်၍ အဒေါ်ဖြစ်သူကို လှမ်းမှာရခြင်းဖြစ်သည်။

ဆရာဝန်ကြီးများက စက်မျိုးစုံနှင့် စမ်းသပ်စစ်ဆေးနေဆဲမှာ ထွေးခင်တစ်ယောက် မိခင်ကြီးနားမှ ခွာ၍မရ၊ စက်တွေဖြတ်လိုက် တပ်လိုက်နှင့် ဆရာဝန်၊ ဆရာမတွေ အလုပ်ရှုပ်နေသလို ထွေးခင်စိတ်ထဲမှာလည်း ရှုပ်ယှက်ခတ်နေသည်။

မိခင်ကြီးရောဂါက ဘယ်လောက် စိုးရိမ်ရမှန်းမသိ၊ ဘယ်လောက်ကြာကြာကုရမလဲ မသိ၊ မိခင်ကြီးအတွက် စိတ်ပူနေရသောသောကနှင့် နေပြည်တော်သို့ သွား၍ သတင်းရယူရေးအစီအစဉ်တွေက လှုန်ဆွဲလို့ နေကြသည်၊

သည်အခါမှာ ဂျာနယ်တိုက်မှ မမအေးနှင့် ညီမလေးပို့ပို့တို့ ရောက်လာကြသည်။ နှလုံးရောဂါစမ်းသပ်ရာ မှန်လုံခန်းထဲမှ ခဏထွက်၍ တွေ့ရသည်နှင့် မမအေးက စ၍ အားပေးသည်။

"ဆရာကိုယ်တိုင်လာဖို့ပဲ ဒီနေ့ မတက်ရင် မဖြစ်တဲ့ပွဲရှိတာ ထွေးခင်သိသားပဲ၊ ဒါကြောင့် ဒို့နှစ်ယောက်ကို လွှတ်လိုက်တာ"

"ဒီမှာ ဆရာက ငွေတစ်သိန်းပေးလိုက်တယ်၊ အလုပ်တွေအတွက် ဘာမှ နောက်ဆံမတင်းနဲ့၊ အမေ့ကိုသာ ဂရုစိုက်ပြီးကုဖို့ မှာလိုက်တယ်၊ နေပြည်တော်သွားဖို့ကိစ္စပဲ ထွေးခင်ကိုယ်စား ပို့ပို့ကို တာဝန်ပေးလိုက်ပြီ၊ ဆရာလည်း ညနေမှ လာလိမ့်မယ်" ဟု ပြောရင်း တစ်ထောင်တန်ငွေစက္ကူတစ်ထုပ် ပေးလာသည်ကို ရှက်တရက် မယူမိသေးဘဲ ငေးကြည့်နေမိသေးသည်၊

"ဖြစ်ပါ့မလား ဟင်" ဟု မေးရင်း ငွေစက္ကူထုပ်ကလေးကို လှမ်းယူလိုက်ဆဲမှာ ငွေစက္ကူထုပ်လေးပေါ် မျက်ရည်လေးတစ်ပေါက် ကျသွားလေတော့သည်။ မျက်ရည်ဟူသည်မှာလည်း တစ်ပေါက်ကျလျှင် ဆက်၍ဆက်၍ ကျလာတတ်သည်။ ပါးပြင်တစ်ခုလုံး ရွှဲရွှဲစိုလာသော မျက်ရည်တွေနှင့် ထွေးခင်ကိုကြည့်ရင်း သူငယ်ချင်းများက အံ့သြနေကြရပြီ။ အသည်းမာသူသတင်းသမားလေး မျက်ရည်တွေ့ဖူးရပြီ။

ထွေးခင်ကိုယ်တိုင်ကလည်း ဘာကြောင့် မျက်ရည်တွေကျနေရသည်ကို သေချာမသိ၊ မိခင်ကြီးအတွက် သောကကြောင့်လား၊ အရေးကြီး သတင်းတာဝန်ကို လက်လွှတ်ကာ လွှဲပေးလိုက်ရသော ဒေါသကြောင့် လားမသိ၊

မျက်ရည်တွေကတော့ စီး၍စီး၍ ကျနေသည်။

ဘာကြောင့် မျက်ရည်တွေ ကျနေရသည်ကို ထွေးခင်ကိုယ်တိုင် မသိ။

ထွေးခင်သိသည်က ထွေးခင်မငိုပါ။

ထွေးခင် ဘယ်တော့မှမငိုပါ။

**မောင်ဆွေသက်**

# နတ်ရောက်

ညီမိုးဝေကျော်မှူး
ဝတ္ထုတိုရသ

MEDIA GROUP
Asian Fame Media Group

ကင်းဝန်မင်းကြီး ဦးကောင်း မဟုတ်ပါ။

အတွေးလွန်မင်းကြီး ဦးကောင်း ဖြစ်ပါသည်။

♥ ♥ ♥

ဦးကောင်း၏ အမည်နာမ အပြည့်အစုံမှာ ဦးယဉ်ကောင်းဖြစ်သည်။ သို့သော် ရပ်ကွက်ရွာထဲမှာတော့ အားလုံးက ဦးကောင်းဟုပင် အများ ဆွတ်ခေါ်ကြသည်။ အငြိမ်းစားဘဝ ဆိုကတည်းက ဦးကောင်း၏အသက်ကို ဖော်ပြဖို့ မလိုတော့ပါ။ ဆရာ မောင်ခင်မင် (ဓနုဖြူ) ပြောသလို ခုနစ်ဆိပ်စီးပေါ့။ တစ်ကိုင်းတည်းနားတဲ့ ကြင်ဖော်ကလည်း သူ အငြိမ်းစား ယူပြီး သုံးလေးလအကြာမှာ လက်တွဲဖြုတ်သွားတော့ သူမှာ ဟတ်ကော့ကြီးဖြစ်ကျန်ခဲ့သည်။ တော်သေးတာပေါ့။ အငယ်ဆုံး သားလင်မယားက အိမ်ပေါ်မှာ ရှိနေတာမို့ အချိန်မှန်စား၊ အချိန်မှန်အိပ်၊ အချိန်မှန် မြို့ထဲထွက်။ သူ့ ကျန်းမာရေးပဲသူ ဂရုစိုက်ဖို့ လိုသည်။ အသက် ၇၀ နားနီးပုဂ္ဂိုလ် ကြီးဆိုတော့လည်း နည်းနည်းပါးပါး ဒူးနာခါးနာလောက်တော့ ရှိသည်။ တစ်ခါတလေ သွေးလေးနည်းနည်း တိုးတတ်တာကလွဲပြီး ကျန်းမာရေး ကောင်းသည်။ လူကလည်း အရွယ်တင်သလိုလိုရှိသည်။ ဝတ်လိုက်စားလိုက်လျှင် ရုပ်ရှင်သရုပ်ဆောင်ကြီး ဦးစောနိုင် (ရှမ်းပြည်) နှင့် နင်လား ငါလား။ သူ့ဇနီးကွယ်လွန်သည့် နှစ်အတွင်းမှာတော့ ဦးကောင်း အရွယ်နည်းနည်းကျသည်။ "သည်တုန်းက ငါ့မှာ အဖော်ဆိုလို့ ဒီအရက်ပဲရှိတယ်" ဟု ပြောပြောပြီး ညနေတိုင်း မူးသည်။ တစ်ခါတလေ မနက်ပိုင်း ကတည်းက မူးနေတာလည်းရှိ၏။ နောက်တော့ လူကမခံနိုင်ဖြစ်ပြီး ပုံပုံသားလဲတော့သည်။ သည်တော့မှ အရှိန်ရပ်ပြီး အကြောဆေးလွှတ်၊ ထမင်းဖိစား၊ တခြားအာဟာရဖြစ်မည့် သရေစာ သမိုးစာလေးတွေစား။ သည်လိုနှင့် နာလန်ထတော့ စိတ်ပြေလက်ပျောက်ဆိုပြီး ဘုရားဖူးထွက်သွားလိုက်တာ အတော်နဲ့သွား၏။ လူလည်း အတော်သန့်သွားသည်။ ဦးကောင်းက အသက်ကြီးပေမယ့် သူများအဘိုးကြီးတွေလို ဖရိုဖရဲ မဖြစ်။ ယောင်တောင်ပေါင်တောင်လည်း မရှိ။ တစ်ကိုယ်ရေ သန့်သန့်ရှင်းရှင်း ပြင်ပြင်ဆင်ဆင်လည်း နေတတ်သည်။ လက်သည်း ခြေသည်းလှီးရတာနဲ့၊ မျက်ခုံးမွေးအဖြူ တွေ့လျှင် နုတ်ရတာနဲ့၊ ရေချိုးလည်း ကြေးညှော်စင်အောင် တိုက်လိုက်ချွတ်လိုက်သည်မှာ ကြာလျှင် အအေးပတ်မှာစိုးလို့ ချွေးမလုပ်သူက ပြောယူရသည်အထိ ဖြစ်သည်။ သည်တော့ ခေတ်စကားနှင့် ပြောလျှင် လန်းနေသည်။ လူလန်းသလို စိတ်ကလည်း လန်ထွက်နေတော့



Asian Fame Media Group



အသက် ၇၀ ကိုကျော်အောင် မထင်ရှအောင် နုနေ၏၊ လူတိုပေမယ့် စိတ်မအိုသော ဖိုးအေဖြစ်သူ ဦးကောင်းကိုကြည့်ကြည့်ပြီး မြေးမလေးက "ဘိုးဘိုးကတော့လေ ဘာစိတ်ကူးတွေ ပေါက်နေသလဲတော့ မသိဘူး၊ တစ်နေ့တစ်နေ့ ထွက်လိုက်တဲ့ မြို့ထဲ" ဟု ပြောသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဦးကောင်း မြို့ထဲမထွက်သည့်နေ့ဟူ၍ မရှိ။ မနက်တိုင်း ပုံမှန်ထွက်၏။ မြို့ထဲက သူ့အပေါင်းအသင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်သည်။ ပြန်လျှင် ပြုံးချိုစာပေက မဂ္ဂဇင်းတစ်အုပ်အုပ် ဝင်ငှားခဲ့သေး၏။

တစ်ခုတော့ရှိသည်။ ဦးကောင်းက စာဖတ်သမား၊ စာတော်တော်ဖတ်သည်။ တစ်လောက ဆရာ (ဦး) မြလှိုင်၏ ဘဝနေဝင်ချိန်စာအုပ်ဝယ်လာ၏။ ၇၀၀၀ ကျပ်တဲ့။ သည်လို စာပေနှင့်မွေ့လျော်တတ်တာလည်း တစ်မျိုးကောင်းသည်။ စိတ်ငြိမ်သည်။ ခေတ်ကာလအဖြစ်အပျက်တွေကို သိသည်။ သုတ၊ ရသအထွေထွေ ဗဟုသုတရသည်။

ဦးကောင်း၏ အသက်ရှည်ရာ အနာမဲ့ကြောင်းက အဲဒါဖြစ်နေတော့ သားနှင့်ချွေးမက အလိုက်သင့် ကလေး နေပေးလို့ တော်သေးသည်။ နို့မို့ဆိုရင် . . . . ။

ခုတလော ဦးကောင်း တစ်ယောက် ကုလားထိုင်ပေါ် ထိုင်ထိုင်ပြီး တွေတွေဝေဝေ လုပ်နေသည်။ တကယ်တော့ ဦးကောင်းသည် ကုလားထိုင် ကြိုက်သူ မဟုတ်ပေ။ ခေါက် ကုလားထိုင်၊ ဆော့ ကုလား ထိုင်၊ ဆုံလည် ကုလားထိုင်၊ ကြိမ်ကုလားထိုင်၊ ဆိုဖာကုလားထိုင် စသည်ဖြင့် ဘယ်ကုလားထိုင်ကိုမှ သူ မကြိုက်။ သူက ကိုရီးယားဟုမ်း စတိုင်လို ကြမ်းပြင်မှာ လွတ်လွတ် လပ်လပ် ထိုင်ရတာကို ကြိုက်သည်။ သို့သော် ခုတလောလေးတွင်မှ ဦးကောင်းနှင့် ကုလားထိုင် ဝိရောဓိအသွင်ကနေ သဟဇာတအသွင်သို့ ကူးပြောင်းသွားသည်။ သူ့ ကုလားထိုင်က နယ်နယ်ရရမဟုတ်။ ပန်းမှ ညီမလုပ်သူက တကူးတက ပို့လိုက်သော ကုလားထိုင် ဖြစ်သည်။ သူ ထိုင်ပုံက အိမ်ရှေ့ကို ကျောပေးပြီး အိမ်တွင်းခန်းဆီးဘက် မျက်နှာမူထားသည်။ သည်တော့ ခန်းဆီးနှင့် သူ မျက်နှာချင်းဆိုင်။ ခန်းဆီးနံရံမှာ မိုးပေါကို ရှိသည်။ မိုးယုစံ ရှိသည်၊ မွှေးမွှေး ရှိသည်။ ရွှေစင် ရှိသည်၊ စန္ဒီမြင့်လွင် ရှိသည်၊ ခရစ္စတီးနား ရှိသည်။ အားလုံးက အလန်းရိုက်ချက်တွေ၊ သည်ပုံတွေက သူ ကပ်ထားတာတွေချည်း ဖြစ်သည်။ ဦးကောင်း၏ အခြေအနေက အဲသည်လို ရကြည်ရာ မျက်နှာရာ ဖြစ်နေတော့ လမ်းထဲ နေသူပြောမနာ ဆိုမနာသမားတွေရဲ့ အစအပြုခံရသည်။ ဟိုအပျိုကြီး ယူမလား၊ ဒီတစ်ခုလပ် ကြိုက်လား၊ သား တစ်ယောက်အမေ ဒေါ်မေသည်းညွှာဆိုရင် ဘယ့်နှယ်လဲ စသည်ဖြင့် အမျိုးမျိုးဆွဲကြည့်သည်။

"အသက်ကြီးလာတော့ ဆေးပေးမီးယူလေး ဘာလေးလိုတာပေါ့ဟယ်၊ နင်တို့အဖေကို နင်တို့ ဘယ်လောက်ပြုစု ပြုစု သားမယားပြုစုတာနဲ့တော့ ဘယ်တူမလဲ ဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်ပါတယ် အကြီးရယ်၊ ဒါပေမဲ့ အဖေ့ကို ဘယ်သူက ယူမှာလဲ"

လမ်းထဲက ပြောမနာဆိုမနာတစ်ယောက်နှင့် သူ့ချွေးမစကားပြောသည့်အထဲမှာ သူ့အရေးတော်ပုံပါတော့ အသာလေးနားစွင့်ရင်း ခန်းဆီးဘက် မျက်လုံးတွေကို ပို့ထားသည်။ သူတို့ပြောစကား နောက်ဆုံးအပိုဒ်ကို သူ သဘောကျသည်၊ သားတစ်ယောက်အမေ ဒေါ်မေသည်းညွှာဆိုရင်တဲ့။ သူ ပြုံးသည်။ အပြုံးရိပ်မှာ ဒေါ်မေသည်းညွှာ ပေါ်လာသည်။ ဒေါ်မေသည်းညွှာက သူ့ထက် ၁၀ နှစ်လောက်ငယ်တော့ ၆၀ ပေါ့။ ဦးကောင်းက ခုနစ်ထိပ်စည်း၊ ဒေါ်မေသည်းညွှာက ခြောက်ထိပ်စီး။

ဒေါ်မေသည်းညွှာက ခေတ်ဟောင်းရုပ်ရှင်မင်းသမီးကြီး ဒေါ်နွဲ့နွဲ့စန်းနှင့် ခပ်ဆင်ဆင်တူသည်။ သူ့ယောကျ်ားရှာဖွေစုဆောင်းထားခဲ့သော ပစ္စည်းတွေနှင့် အတိုးရင်းပွား ပေးစားနေသည်။ သားကလည်း အင်ဂျင်နီယာဆိုတော့ ဝင်ငွေကောင်းသည်။ အသောက်အစားအပျော်အပါးမရှိဘဲ ရသမျှ အမေ့လက်ထဲ အကုန်အပ်တော့ သားအမိနှစ်ယောက်တည်း စားမကုန်သောက်မကုန် ဖြစ်နေ၏။ အဆီအအိမ့်အကောင်းစားတွေချည်း စားနေတာဆိုတော့ နုပျိုသည်။ လူနုသလို စိတ်ကလည်း နုသည်။ သူကလည်း သူ့စိတ်ကူးနှင့်သူပင်။

"နင်က တော်ကြာ မိန်းမယူမှာ၊ ငါနဲ့ အတူနေပေမယ့် နင့်မိန်းမ မလိမ္မာရင် ဘယ်လိုလုပ်မလဲ၊ အဆင်မပြေကြလို့ တစ်အိမ်စီနေတော့ ငါတစ်ယောက်တည်း၊ မမာမကျန်းရှိလို့မှ ဆေးပေးမီးယူကူဖော်လောင်ဖက်မရှိ၊ ဒုက္ခ"

အမှန်တော့ ဒေါ်မေသည်းညွှာ စိတ်ထဲ ဦးကောင်းကို မှန်းပြောနေတာဖြစ်သည်။ အသက်ကြီးသူတွေ ဆိုတော့ လူငယ်တွေလို မရှက်ဘဲ

Asian Fame Media Group

ခပ်တည်တည်ရှက်ပြခြင်းက သိကျွာရှိသလိုလို၊ ခုလည်း ဒေါ်မေသည်းညွာ၏ အတည်ပေါက်ရှက်ခြင်းက သိက္ခာရှိနေသည်။

♥ ♥ ♥

ဦးကောင်းသဘောကတော့ ဘုန်းကြီးငါးပါးပင့်ပြီး မင်္ဂလာဆွမ်းကျွေးလေးကပ်လိုက်လျှင် ပြီးပြီဟု။ သို့သော် အင်မတန်အလှော်အခတ်ကောင်းသော သူ့ချွေးမနှင့်ဒေါ်မေသည်းညွာဖက်က ဆွေနီပ်မကင်းမျိုးရိပ်မကင်းအဖွဲ့သမားတွေကြောင့် ဦးကောင်း၏ အစီအစဉ်ပျက်သွားသည်။ သူတို့က ခန်းမတစ်ခုခုမှာ ပွဲလယ်တင့်တင့်လုပ်ချင်ကြသည်။ ခေတ်ပေါ်အခမ်းအနားမျိုး၊ ဒီအစီအစဉ်ကိုတွေးပြီး ဦးကောင်း နည်းနည်းတော့ ရှက်မိသည်။ ဒီလိုမျိုးတော့ မလုပ်ပါနဲ့ဟုလည်း မတားချင်။ နောက်ပြီး ဒီအခြေအနေအထိ ဖြစ်လာတာကလည်း သူတို့ကျေးဇူးမကင်းသောကြောင့် နောက်ဆုံး ဘာပဲလုပ်လုပ်ဆိုပြီး ငြိမ်နေလိုက်သည်။ ဖိတ်စာရိုက်တာကအစ ခန်းမငှားတာအထိ၊ မင်္ဂလာပွဲကိစ္စအားလုံးကို တစ်ခွန်းမှ ဝင်မပြောတော့ပေ။

ဒေါ်မေသည်းညွာကတော့ ပြောရှာပါရဲ့။

"ကိုကောင်းလုပ်ချင်တာလည်း ပြောလေ" ဟု။

ဘယ်အချိန်က စလွှတ်နေသလဲတော့မသိ၊ ဒေါ်မေသည်းညွာက မင်္ဂလာပွဲကိစ္စအမြန်ပြီးဖို့ကလွဲ၍ ကျန်တာ သူသိပ်မသိ။

"ညည်းတို့ကောင်းသလိုပဲ စီစဉ်ပါ"

သည်တစ်ခွန်းပဲ၊ ငွေရေးကြေးရေးကိစ္စလည်း လိုရင်သူစိုက်မည်ဟု ပြောသေး၏၊ သို့သော် . . .။ သည်သို့သော်က ဒေါ်မေသည်းညွာနှင့်တော့ မဆိုင်၊ ဦးကောင်းတစ်ယောက်တည်း၏ အလိုအရဖြစ်နေသည်။ အားလုံးက သည်ကိစ္စကို အလေးအနက်တွေးပုံ မရကြ။ တွေးဖို့မပြောနှင့် သတိတောင်မထားမိကြ။

အခြားမဟုတ်ပါ။ မင်္ဂလာဖိတ်စာကိစ္စဖြစ်သည်။ ခေတ်တွေ လူတွေ မည်သို့ပင်ပြောင်းလဲစေကာမူ မပြောင်းလဲသည်က မင်္ဂလာဖိတ်စာဖြစ်သည်။ ထုံးစံအတိုင်းပါပဲ၊ လက်ထပ်မင်္ဂလာဖိတ်ကြားလွှာ ခေါင်းစဉ်ကစပြီး နောက်ဆုံးတစ်ဖက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်ပါရန်အထိ၊ ချောချောမွေ့မွေ့နှင့်အဆင်ပြေပါသည်၊ မပြေသည်က သတို့သားသတို့သမီးတို့၏ နာမည်အရေးအသား၊ မင်္ဂလာပွဲလုပ်မည်ဆိုကတည်းက ဒီကိစ္စပေါ်လာလိမ့်မည်ဟု မတွေးမိတာကို ဦးကောင်း နောင်တရနေသည်။ ခုသူတွေးမိတာကလည်း မှန်နေ၏၊ မြန်မာ့ရိုးရာအစဉ်အလာအရ အရွယ်သုံးပါးအခေါ်အဝေါ်ကို သုံးမျိုးသတ်မှတ်ထားသည် မဟုတ်လားလေ။ ခုတော့ . . . . .။

သည်လိုနှင့် မင်္ဂလာနေ့ရက်ရောက်လာသည်။

ခန်းမကြီးကလည်း ထည်ထည်ဝါဝါ၊ သတို့သားသတို့သမီးကလည်း ခန့်ခန့်ညားညား ထွားထွားစိုစို၊ ဦးစောနိုင် (ရှမ်းပြည်) နှင့် ဒေါ်နွဲ့နွဲ့စန်းတို့ကိုပင် မြင်ယောင်မိသေးတော့၊ ဦးကောင်းက အငြိမ်းစားအရာရှိကြီးဖြစ်သလို ဒေါ်မေသည်းညွာကလည်း လင်ယောကျ်ားကြီးရှာဖွေစုဆောင်းထားခဲ့သော ပစ္စည်းများနှင့် နေနိုင်စားနိုင်သူလည်းဖြစ် တစ်ဖက်က သားအင်ဂျင်နီယာအရှိန်ကြောင့် ကိုယ်ရောင်ကိုယ်ဝါတောက်ပနေသူလည်း ဖြစ်တော့ အပေါင်းအသင်းမိတ်ဆွေများသည်။ ခန်းမတစ်ခုလုံး မိတ်ကပ်ရနံ့ ရေမွှေးနံ့တွေ လှိုင်နေသည်။ မတူသောအနံ့တွေ ပေါင်းစုမိသောအခါ တူသောအနံ့တစ်ခုရနိုင်သည်ဟု ဦးကောင်းတွေးမိသေး၏။ ဆောင်းဘောက်သံနှင့်အတူ ဦးကောင်း ရင်ခုန်နေသည်။ ခုမှ ဘဝသစ်စတော့သလိုလို ဘာလိုလိုတွေးမိပြီး ကိုယ်တွေလက်တွေ ရှိန်းဖိန်းလာသည်။ ဟိုဝိုင်းဒီဝိုင်းကူးဧည့်ခံရသည်က အမော၊ တစ်နာရီမိုင် ၁၀၀ နှုန်းတင်ထားသော အပြုံးကလည်း နည်းနည်းမှလျှော့လို့ မရ၊ ကြာတော့ ပါးညောင်းလာသည်။ ထို့ကြောင့် လူကို ဣန္ဒြေနည်းနည်းဆည်လိုက်သည်၊ အတည်ပေါက်ရှက်ခြင်း၏ သိက္ခာကို စုစည်းလိုက်သည်။ သူ့ခေါင်းထဲ စိတ်ပျက်စရာတစ်ခုခုထည့်ပြီး မျက်နှာချိန်နယ်ပြောင်းပစ်သည်။ သူ့အခြေအနေကို ကြည့်နေသော ဒေါ်မေသည်းညွာက "ကိုကောင်းကလည်း မျက်နှာအတည်ကြီးနဲ့ ဘာဖြစ်နေတာလဲ" ဟု လက်တို့ပြောတာကိုပင် သူကြားမကြားမသိ။ ခန်းမအဝင်ဝဘက်လျှောက်သွားသည်။ လောလောဆယ် ဘယ်သူနှင့်မှ စကားမပြောချင်သဖြင့် ဟိုရပ်ဒီရပ်လုပ်နေသည်။ ဒေါ်မေသည်းညွာကတော့ ပြုံးပြုံးရွှင်ရွှင် လန်းလန်းဆန်းဆန်း။ ဦးကောင်း သက်ပြင်းမောတစ်ချက်မှုတ်ထုတ်လိုက်သည်။ ချွေးစိုနေသော မျက်နှာကို ဘယ်နေရာသွားထားရင် ကောင်းမလဲ တွေးနေသည်။ ကြော် . . . လူတွေ လူတွေ အတုတွေ ပါလား၊ မိတ်ကပ်တဖွေးဖွေး ရေမွှေးတသင်းသင်းနဲ့ ဟန်ဆောင် နေကြတာပါလား။ မိတ်ကပ်ပေါ်က အပြုံးတွေ လတ်ဆတ်သလောက် မိတ်ကပ်အောက်က နှလုံးသားတွေ လှနေရင် သိပ်ကောင်းမှာပဲ။

သံဝေဂပျို့တစ်ပုဒ် ဆုံးအောင်တွေးရင်း မင်္ဂလာစင်မြင့်ကြီးကို ငေးကြည့်နေသည်၊ ကြည့်ရင်းကြည့်ရင်း စင်မြင့်နောက်ခံစာတန်းက လှိုင်းများလို လွန့်လူးနေသည် ထင်ရ၏။ မြင်ကွင်းက ပီပီပြင်ပြင် မရှိ မှုန်ဝါးဝါး၊ ထိုနေရာ၌ ရှက်ခြင်းသည် အထွတ်အထိပ်သို့ ရောက်သွားသည်။ တွေးစရာတွေ တစ်ပုံတစ်ပင်ကြီးနှင့် စင်မြင့်ကို ကျောခိုင်း လိုက်သည်။ သို့သော် ဦးကောင်း ရင်ထဲမှာတော့ အဖြေမဲ့ပုစ္ဆာတစ်ပုဒ် က လူကို တုန်ခါသွားစေသည်။ ထို့နောက် အတည်ပေါက်ရှက်ခြင်း နှင့်အတူ စင်မြင့်ပေါ်က စာတန်းကို စိတ်ထဲက တိုးတိုးဖွဖွ ဖတ်မိလိုက်သေး၏။

"မောင်ယဉ်ကောင်း (ခ)
မောင်ကောင်း
(အငြိမ်းစားသုတေသနအရာရှိ)
နှင့် မမေသည်းညွာတို့၏
မင်္ဂလာဧည့်ခံပွဲ"

**ပုသိမ်မောင်ရွှေမှူ**

သို့သော်...
ဦးကောင်းရင်ထဲမှာတော့
အဖြေမဲ့ပုစ္ဆာတစ်ပုဒ်က
လူကိုတုန်ခါသွားစေသည်။
ထို့နောက်...
အတည်ပေါက်ရှက်ခြင်းနှင့်အတူ
စင်မြင့်ပေါ်ကစာတန်းကို
စိတ်ထဲကတိုးတိုးဖွဖွ
ဖတ်မိလိုက်သေး၏။



Asian Fame Media Group

# ရင်ခုန်တာဝင်းချင်း

မောင်နှင်းပန်း

ဝဏ္ဏတိုရသ



Asian Fame Media Group

သူမ စိတ်ကို လျှော့ချလိုက်သည်။

နံရံကို ကျောဖြင့်မှီရင်း မျက်လုံးအစုံကို ဖွတ်အတင်း မှိတ်ထားလိုက်ရသည်။ ရင်တစ်ခုလုံး နုံးချည့်နွမ်းလျလာ၏။ သုံးစံအတိုင်း သူက တော့ပြန်ရောက်မလာသေး။ ဒူးအစုံကို လက်နှစ်ဖက်နှင့် သိုင်းယှက်ကာ နာရီကို မော့ကြည့်တော့ စက္ကန့်တံတွေက မပျင်းမရိ ရွေ့လျားနေသည်။ နာရီမြားက ဆယ့်နှစ်ဂဏန်းကို ညွှန်းဆိုနေသော်လည်း မိနစ်တံက တော့ ဆယ့်တစ်နာရီ၏အရိပ်ကို ခိုတွယ်နေသည်။ မကြာခင် မြည်လာတော့မည်ဖြစ်သည့် နာရီတီးသံက သူမ၏ ရင်ကို ထိုးနက်ရိုက်ပုတ်ကာ ဟားတိုက်သရော်လိမ့်ဦးမည်။

တဖြည်းဖြည်းနှင့် ညှိုးခြောက်သွေ့ဝါလာသော အတွေးစက်ဝန်းကို တစ်ပတ်လှည့်ပြီး ကျရာအဖြေကို မျှော်တွေးတော့ 'ဒီနေ့ ဘောလုံးပွဲရှိလို့များလား'ဟု ဆင်ခြင်မိသည်။ ဒါလည်းမဖြစ်နိုင်။ ဒီနေ့က တနင်္လာနေ့မို့ တစ်ကမ္ဘာလုံးတွင် ဘောလုံးပွဲမှမရှိကြောင်း သူမ ကောင်းကောင်း သိသည်။ ဒါဆိုလျှင် သူမ၏ ခင်ပွန်းသည် သူ့သူငယ်ချင်း တစ်ဦးဦးနှင့်အတူ သုံးစံအတိုင်း အချိန်တွေကို အယ်လ်ကိုဟောနှင့် ရောစပ်သောက်သုံးရင်း သူမကို မေ့နေခြင်းသာဖြစ်ပါလိမ့်မည်။ တစ်လောကလုံးရှိ လူသားအားလုံး၏ အိပ်မက်တွေ နိဂုံးချုပ်ချိန်ရောက်မှ သူက ထိုဆိုင်မှ အားတုံ့အားနာနှင့်ထမည်။ ပြီးလျှင် အိမ်ကို တိုးတိုးတိတ်တိတ်နှင့်ပြန်လာပြီး သူမဘေးတွင် အသာဝင်လှဲကာ စိတ်လွတ်လက်လွတ် အိပ်ပစ်လိုက်လိမ့်မည်။

ထိုအခါ အိမ်မှုကိစ္စတွေကို တစ်နေကုန်တစ်နေခန်း အောက်ခြေသိမ်းလုပ်ခဲ့ပြီး မောပန်းနွမ်းနယ်မှုတွေကို တစ်နေရာမှာ ချည်နှောင်၍ ခင်ပွန်းဖြစ်သူကို စောင့်နေရသည့် သူမ၏ဒုက္ခကို သူနားလည်မည် မဟုတ်။ မိန်းမတစ်ယောက်၏ အိမ်ထောင်ရေးနှင့် ပတ်သက်သော တောင့်တချက်၊ မျှော်လင့်ချက်စသည့် ရင်ခုန်လှုပ်ရှားမှုတို့ကို သူသိလိမ့်မည်မဟုတ်ပါ။ သူမရင်ထဲက အစုလိုက် အထည်လိုက်ရှိနေသော မွန်းကျပ်တစ်ဆို့မှုတွေကို သက်ပြင်းမောတွေအဖြစ် အသွင်ပြောင်းကာ လေထုတွင်းသို့ တွန်းလွှတ်ပြီး မသိမသာ ချေဖျက်ပစ်နေရသည်။

သူမကိုယ်တိုင်ကလည်း အခုတစ်လောတွင်မှ အာဖြစ်နေသည် မသိ။ သူကိုသာ အနားမှာ ရှိနေစေချင်သည်။ လင်ကိုယ်မယားအတူတကွ ကြည်နူးရွှင်ပျစွာ နေထိုင်ရသည့်အချိန်က အတော့်ကို ရှားပါးတာကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဟိုအရင် သမီးရည်းစားဘဝတုန်းကလို ချစ်စကားကြိုက်စကားတွေကို တဖွဖွပြောနေစေချင်သည်။ သူ၏အငွေ့အဖက်၊ အယုအယတွေကြားတွင် သာယာစွာ စီးမျောရင်း တိမ်တိုက်တွေကို ဟီးလေးခိုစီးချင်နေသည်။ ထို့ပြင် ဆယ်ကျော်သက်တစ်ယောက်လို လွတ်လပ်ပေါ့ပါးစွာ ရယ်မောပျော်ရွှင်ရင်း သူမျက်နှာကို တစိမ့်စိမ့်မော့ကြည့်နေချင်သေးသည်။ ချစ်ခြင်းဖွဲ့တေးတွေကို သူတစ်ပြန်ကိုယ်တစ်လှည့် ဆိုညည်းရင်း ကြည်နူးပြုံးတွေကိုလည်း အကျော့မပေးစတမ်း ကျေကျေနပ်နပ် ဖလှယ်ချင်သေးသည်။ သို့သော် ဒါတွေအားလုံးမှာ သူမ၏ စိတ်ခံစားချက်ပေါ်တွင် မခိုင့်တခိုင် တည်ဆောက်ထားသော ချစ်ဗိမာန်ယိုင်နဲ့နဲ့လေးသာ ဖြစ်နေပါသည်။

အခုတော့ သူက သုန်မှုန်သော မျက်နှာပေါ်တွင် အေးစက်မာကျောနေသော မျက်လုံးသေတွေကို တပ်ဆင်ရင်း ခပ်ခွာခွာနေတတ်လာသည်။ အရင်တုန်းကလို တစ်ဦးနှင့်တစ်ဦး နီးကပ်ယုယစွာ နေချင်ပုံမရ

Asian Fame Media Group
MEDIA GROUP



တော့။ ညင်သာသော လက်ဖျားတွေနှင့် ပွေ့ဖက်ယုယကာ ချစ်စကားတွေကို သီဖွဲ့ပြောပြချင်စိတ်တွေလည်း ရှိပုံမရတော့။ 'အိမ်ထောင်ကျခြင်းသည်၊ ချစ်ခြင်း၏သင်္ချိုင်းဖြစ်သည်' ဟူသော ကြားဖူးနားဝအဆိုက တိတိကျကျမှန်နေပြီလားဟု သူမ မဝေခွဲနိုင်။

တစ်ခါတလေ သူမက ရွှန်းလဲ့တောက်ပနေသော မျက်ဝန်းတွေနှင့် မြတ်နိုးစွာကြည့်ပြီး သူ၏လက်မောင်းကိုဖြစ်ဖြစ်၊ လည်ကုပ်ကိုဖြစ်ဖြစ် ခိုတွယ်မိလျှင် မြောက်မြားလွန်းလှစွာသော သူ၏လုပ်ငန်းများထဲမှ တစ်ခုခုကို အကြောင်းပြကာ 'ကိုကို လွတ်လွတ်လပ်လပ် စဉ်းစားချင်သေးတယ်ကွာ. .' ဆို၍လည်း ပညာရှိနည်းနှင့်လည်း နှင်တတ်သေးသည်။ ထို့ကြောင့် သူမရင်ထဲက အစိုင်အခဲတွေကို လူမသိသူမသိ သိမ်းထုပ်ယူငင်ကာ သူ၏ကိုယ်ပွားဖြစ်သော သားငယ်လေးနှင့် သာ မွန်းကျပ်ညစ်နွမ်းလာသော စိတ်တွေကို လျှော်ဖွပ်ဆေးကြောပစ်နေရသည်။

သားလေးကလည်း သူ့သားပီပီ တိမ်တွေကိုချစ်တတ်သည်။ ကောင်းကင်တွင် ဝဲပျံလာသော ငှက်အုပ်တွေကို သဘောကျချင် ကျနေတတ်သည်။ တစ်ခါတစ်ခါ တိမ်တွေငှက်တွေကို မော့ကြည့်ရင်း သစ်ရွက်လှုပ်တာလေးကို ငေးချင်ငေးနေတတ်သည်။ တစ်ခါတစ်ခါတွင်တော့ လမင်းကြီးကို မော့ကြည့်ကာ လက်ညှိုးထိုးရင်း ဘာဝါကျ၊ ဘယ်ဘာသာစကားမှန်း မသိသော ဗူးဗူးဝါးဝါးစကားတွေဖြင့် စီကာပတ်ကုံး ပြောချင်ပြောနေတတ်သည်။ သားလေး၏ သည်အမူအရာတွေ၊ အကျင့်တွေအားလုံးမှာ တစ်ချိန်က အပျော်တစ်ခုခု ဒါမှမဟုတ် ပုံရိပ်တချို့ကို ပြန်၍ပြောပြလျှင် သူမ၏ ရင်ခုန်မှုတွေက ခပ်ကြမ်းကြမ်း ဆောင်ဘင်ခတ်ပေပြန်သည်။ ထိုအခါမျိုးတွင် 'ကိုကိုက . . ငါ့ကို ချစ်သေးတာပဲ. .' ဟူ၍ သူမကိုယ်သူမ ပြန်လည်အားတင်းကာ နှစ်သိမ့်လေ့ရှိပြန်ပါသည်။

သေချာသည်က ကိုကိုနှင့် ပတ်သက်သည့် သည်လိုကြည်နူးခွင့် လက်မှတ်တွေမှာ လပေါင်းများစွာ ဖြတ်သန်းပြီးခါမှ တစ်ခါတလေ ပြန်လည် ကောက်ရတတ်ခြင်းသာဖြစ်ပါလိမ့်မည်။ ထို့ကြောင့် သူမအတွက် ရေရှည်မက်ခွင့်မရသော အိပ်မက်အပိုင်းအစများသာ ဖြစ်နေပါသည်။ သေချာသည်က ရင်ထဲတွင် အလိုမကျမှုတွေကြောင့် ဆင့်ပွားဖြစ်တည်လာတတ်သော ထွေစရာဝေ့စရာတွေကိုတော့ သူမ မေ့ထားလိုက်မည်သာ ဖြစ်ပါသည်။

လမ်းထိပ်ဆီမှ လူသံသဲ့သဲ့ကြားသဖြင့် သူမ လည်တိုင်ကိုချီပြီး နားကို စွင့်လိုက်သည်။ သူ့အသံမဟုတ်။ သံစုံမြည်နာရီဆီမှ တီတီတာတာ အသံကို ကြားရပြီ။ ထို့နောက် ဆယ့်နှစ်ချက်ကို တစ်စက္ကန့်စီ မြည်သည်။ ဆယ့်နှစ်ချက်ပြည့်တော့ နာရီတီးသံက ပြန်လည်ငြိမ်သက်သွားပြန်သည်။ အိမ်နံရံ၏ အမြင့်ပိုင်းတစ်နေရာမှ အိမ်မြှောင်စုတ်ထိုးသံတွေက ထွက်လာပြန်သည်။ စုတ်ထိုးတာလား စုတ်သပ် တာလား သူမ မခွဲတတ်၊ စုတ်သပ်တာဆိုလျှင် သူမကို သနား၍ ရည်ညွှန်းတာလားဟု မဆီမဆိုင် တွေးမိသည်။

သူမ ထိုင်ရာမှထပြီး အိမ်ရှေ့သို့ထွက်ကာ လမ်းဆီသို့ မျှော်ကြည့်လိုက်ပြီး လှုပ်ရှားမှုမရှိဘဲ ပြန်ဝင်လာခဲ့မိသည်။ သူ့အရိပ်အယောင်ကိုတောင် မမြင်ရသေး။ ထို့နောက် ဘာရယ်မဟုတ်ဘဲ သူ၏ အဝတ်ဗီရိုကို ဆွဲဖွင့်လိုက်သည်။ အထဲက အဝတ်တွေကို တစ်ထည်ချင်း ဆွဲထုတ်လိုက်ပြီး အောက်ဆုံးရှိ အခင်းအောက်ကိုပါ လှန်လှောရှာမိပြန်သည်။ ဘာသဲလွန်စမှမရှိ။ သူ့အမူအရာပြောင်းလဲခြင်း၏ အရိပ်အယောင်ဟူ၍ တစ်စွန်းတစ်စမှ မတွေ့ရ။ ထို့ကြောင့် သူမ ဗီရိုဘက်သို့ မင်္ဂလာဆောင်သည့်နေ့ကအဝတ်အစားတွေကိုပါ အမှတ်တရတွေ့ရသည်။ ထိုအဝတ်တွေ၏အောက်တွင် သူနှင့်ချစ်ခါစက စာတွေကိုပါ အထပ်လိုက်တွေ့ရသည်။ ထိုစာတွေထဲတွင်ရောနှောနေသော စာအုပ်ကလေးတစ်အုပ်ကိုပါ ဆွဲထုတ်လိုက်မိပြီး အံဆွဲကို ပြန်ပိတ်လိုက်သည်။

စာအုပ်ကလေး၏ အဝါရောင် မျက်နှာဖုံးပေါ်တွင် ကလေးငယ်လေးနှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် ကြည်ကြည်နူးနူး အနမ်းချင်း ဖလှယ်နေကြသည်။ ထိုမျက်နှာဖုံးလေးကို ကြည့်ရင်း သူမခန္ဓာကိုယ်ထဲတွင် လှည့်ပတ်စီးမျောနေသော သွေးတွေက မြင်ပကို တွန်းထိုးကန်ကျောက်ထွက်လာသလို ရင်ထဲမှာ ဆူဝေလာသည်။ စာအုပ်ကိုကိုင်ထားသော သူမ၏ လက်တွေက တဆတ်ဆတ် တုန်ယင်နေကြသည်။ သူမ၏မျက်ဝန်းတွေကို လမ်းမဘက်ရွေ့ရင်း စာအုပ်ဆီပြန်ရောက်တော့ သူမ၏လက်တွေက ပထမစာမျက်နှာကို လှန်ပြီးလျက်သား ဖြစ်နေပြီ။

ဘယ်တုန်းကမှ မရိုးနိုင်ခဲ့သော လက်ရေးသွယ်သွယ်ကို သူမ ရှိုက်မက်စွာ ကြည့်နေမိသည်။ ပထမစာကြောင်းမှာက 'ချစ်ရတဲ့ မှုံ့အတွက်'တဲ့၊ တစ်ချိန်က သူကိုယ်တိုင်ရေးပေးခဲ့သော အမှတ်တရစာအုပ်ကလေး။ နောက်ပိုင်းစာမျက်နှာတွေတွင် သူမ၏အလှဖွဲ့၊ သူမအပေါ် မည်မျှချစ်ကြောင်း၊ လွမ်းကြောင်း၊ တမ်းတကြောင်းတွေနှင့် မြန်မြန်ဆန်ဆန်အတူနေရဖို့ အကြောင်းတွေ ပါသည်။ ထိုစာအုပ်ကလေးထဲတွင် သူ၏အိပ်မက်အစိတ်အပိုင်းတွေနှင့် ကြင်နာခြင်းကိုယ်ထည်တွေပါသည်ဟု သူပြောခဲ့ကြောင်းကို သူမအမှတ်ရနေမိသည်။

စာအုပ်ကလေးကို ရှေ့ဆက်၍မဖတ်ဖြစ်သေး။ နောက်ပိုင်းတွင် ဘာတွေပါသည်ကို မှတ်ဉာဏ်က သိနေသော်လည်း နှလုံးသားက ငံ့လင့်နေပြန်သည်။ သို့သော် စာအုပ်ကို သူမ ပြန်ပိတ်လိုက်သည်။ ထို့နောက် ရင်ခွင်ထဲတွင် ထည့်ကာ နာရီကိုမော့ကြည့်လိုက်မိပြန်သည်။ အချိန်တွေသည် တံစဉ်းနှင့်အတိုက်ခံနေရသော ရွှေတုံးပမာ အလွှားလိုက် ကွာကျနေသည်။

ထို့နောက် သူ့ပုံရိပ်တွေက သူမ၏ အတွေးမျက်ဝန်း၏ မြင်လွှာပေါ်တွင် သက်ဝင်လှုပ်ရှားလာပြန်သည်။ သို့သော် သူမ လက်မခံချင်သေး။ တစ်ချိန်တုန်းက စကားတွေ၊ အပြုံးတွေနှင့် သူ၏ကြင်နာမှုတွေကို ဘယ်နေရာမှာ ချထားခဲ့ပြီလဲဆိုတာကိုတော့ သူမ သိချင်ပါသေးသည်။ ဒါမှသာ ထိုရက်စွဲတွေကို တယုတယကောက်ယူပြီး သူ့ကို ပြန်လည်ပေးအပ်သောအခါကျမှ သူမအတွက် မျှော်လင့်ချက်ရေးရေး ကျန်နိုင်ကောင်းမည်ဟု မျှော်လင့်နေရသောကြောင့် ဖြစ်ပါသည်။

အိမ်ရှေ့ဆီမှ ခြံတံခါးလှုပ်ခတ်သံ တချွင်ချွင်ကို ကြားရသည်။

သူပြန်လာပြီမှာ သေချာပြီ။ သူမရင်ထဲ လှုပ်ခနဲတုန်ခါသွားသည်။ ညားခါစတုန်းကတော့ 'မှုံ့ရေ. . ကိုကိုလာပြီ. .' ဟု အိမ်ရှေ့ကတည်းက အော်ဝင်လာတတ်သော်လည်း ယခုတော့ အိမ်ကြီးတံခါးကို အသာအယာဖွင့်ကာ အိမ်ထဲသို့ အသံတိတ်ဝင်ဖို့ ပြင်နေပြီ။ သူမ အိပ်ရာထဲသို့ မသိမသာဝင်နေလိုက်ရလျှင် ကောင်းမလား။ ဒါမှမဟုတ် အိပ်ချင်ယောင်ဆောင်ရင်း သူ့လှုပ်ရှားမှုတွေကို အကဲခတ်နေရလျှင် ကောင်းမလား။ အမျိုးမျိုး စဉ်းစားနေမိသော်လည်း ထိုင်ရာကမထမိ။ အိမ်ထဲရောက်လာသောသူ့ကို မော့ကြည့်တော့ သူမထံသို့ ရီဝေဝေ အကြည့်တချို့ ဖိတ်စဉ်ကျလာသည်။

"မိန်းမ. . . မအိပ်သေးဘူးလား. ."

မေးရက်လိုက်တာ။ အချိန်နှင့်အခါနှင့် အိမ်ကိုပြန်ရောက်မလာတတ်သော ခင်ပွန်းသည်တစ်ယောက်အတွက် အဘယ်ဇနီးသည်က စိတ်ချလက်ချ အိပ်နိုင်ပါမည်လဲ။ အရက်ဆိုင်မှာ သောက်စားပြင်းခဲ့ရင်း ရန်များဖြစ်ကြမလား။ ကာရာအိုကေတွေ၊ ကေတီဗီတွေမှာ မိန်းကလေးတွေနှင့် တရှန်းရှန်းဖြစ်နေမလား။ ဒါမှမဟုတ် အချိန်မရွေး အခါမရွေး သွားလာနေသဖြင့် ပတ်တရောင်ရဲတွေကများ ဖမ်းသွားမလားဆိုတဲ့ စိုးရိမ်စိတ်တွေနှင့် အချိုးကျဖျော်စပ်ထားသည့် သောကမင်ရေတွေကို အဖျက်နိုင်ဆုံးအရာသည် မိမိယောကျ်ား အိမ်ပြန်ရောက်လာခြင်းဆိုတာလောက်မှ သူ မသိပါလားဟု သူမ ရင်နာရသည်။

အနံ့ထူထူနှင့် အနားရောက်လာသောသူ့ကို မော့ကြည့်ရင်း လက်ထဲက စာအုပ်ကလေးကို စားပွဲပေါ် ပစ်တင်လိုက်ပြီး သူ့ရှေ့တွင်မတ်

Asian Fame Media Group

> သူမအတွက် မျှော်လင့်ချက်တချို့ကို ဒီစာအုပ်ကလေးထဲတွင် ပြန်ရှာရမည်။ တွေ့ပါ့မလားဟု စိုးရိမ်မိသော်လည်း တွေ့ရလိမ့်မည်ဟုတော့ သူမ ယုံကြည်ပါသည်။ အိပ်ရာထဲမှ တရှူးရှူးဟောက်နေသော သူသည် စာအုပ်ထဲက “ကိုကို” နှင့် လုံးဝတူလိမ့်မည် မဟုတ်ကြောင်းကိုလည်း သူမ ယုံကြည်လက်ခံထားပြီး ဖြစ်ပါသည်။

တတ်ရပ်ကာ အင်္ကျီကြယ်သီးတွေကို တစ်လုံးချင်း ဖြုတ်ပေးနေမိသည်။ သူက သူမ၏လက်မောင်းနှစ်ဖက်ကို ခပ်ဖွဖွကိုင်ရင်း သူမ၏မျက်နှာပြင်ကို ငုံ့ကြည့်လာသည်။ သူ့မျက်လုံးစူးစူးတွေနှင့် ရင်ဆိုင်မိတော့ စတွေ့တုန်းက ခံစားမှုအရိုင်းကလေးလို ရင်က ဖျတ်ခနဲ လှုပ်ခုန်သည်။ ရုတ်တရက် သူမလက်ဖျားတွေ အေးစက်လာပြီး ကြည်နူးမှုက ခန္ဓာကိုယ်တစ်ခုလုံးကို ခပ်တင်းတင်း ရစ်ပတ်သွားသည်။ သူမ ခေါင်းကိုငုံ့လိုက်တော့ သူက သူမ၏မေးဖျားလေးကို အသာမပြီး စိုက်ကြည့်နေပြန်သည်။ ထိုအကြည့်အတွက် သူမ ပြုံးပြလိုက်သည်လား၊ မဲ့ပြလိုက်သည်လား မဝေခွဲနိုင်။ တဆတ်ဆတ်တုန်ခါလာသည့် နှုတ်ခမ်းနှစ်လွှာကိုတော့ သူက သေသေချာချာ ကြည့်နေသည်။

သူ့အင်္ကျီကို ချွတ်ပေးပြီးတော့ အဝတ်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။ ထို့နောက် ဗီရိုထဲမှ အင်္ကျီအဟောင်းတစ်ထည်ကို ထုတ်ယူပြီး သူ့ကို ဝတ်ပေးမည်ပြင်တော့ သူက ‘ ပေး. . . ပေး. . မူ. . ကိုယ့်ကို ပေး. . ’ ဆိုပြီး သူ့ဘာသာ ယူဝတ်သည်။ သူမက သတိတရဖြင့် စားပွဲပေါ်က စာအုပ်ကလေးကို ကောက်ယူပြီး ပြန်ထည့်ဖို့ ဗီရိုကိုဆွဲဖွင့်လိုက်တော့ သူက စိတ်ဝင်တစားနှင့် “အဲဒါ ဘာလဲ. . ကိုယ့်ကိုပြစမ်း. . ” ဆိုကာ ဆွဲယူသွားသည်။

သူမရင်တစ်ခုလုံး နုံးချည့်နွမ်း လျသွားသည်။

‘အဲဒါဘာလဲ. . . ’တဲ့။ သူမကို လှမ်းလှမ်းလို့ဆိုပြီး သူကိုယ်တိုင် စာမျက်နှာ ရစ်ဆယ်လုံးပြည့်အောင် ရေးပေးထားသည့် စာအုပ်ကလေးကိုတောင် သတိမရတော့ဘူးတဲ့လား။ သူ မေ့ချင်ယောင် ဆောင်နေတာများလား။ ဒါမှမဟုတ် တကယ်ပဲမေ့သွားတာလား။ မေ့ချင်ယောင်ဆောင်နေတာတော့ မဖြစ်နိုင်ပါ။ အခုတစ်လော သူအရမ်းမေ့တတ်နေတာကို သူမ ကောင်းကောင်းသိနေပါသည်။ သို့သော် ဒီလို နှစ်ဦးစလုံး၏ အကြင်နာမှတ်တိုင်ကလေးကိုတော့ မမေ့ကောင်းဟု သူမ ထင်ပါသည်။

သူသည် လက်ထဲရှိ စာအုပ်ကလေး၏ မျက်နှာဖုံးကို သေသေချာချာကြည့်နေသည်။ ထို့ပြင် အထူးအဆန်းတစ်ခုကို တွေ့နေရသလို ဇဝေဇဝါကြီး ဖြစ်နေသည်။ ပြီးတော့ မျက်စိမှုန်နေသူတစ်ဦးလို စာအုပ်ကို မျက်နှာနားကပ်၍ သေသေချာချာကြည့်ပြီးမှ . . .

“ဟာ. . . ဒါ. . ဒါ. . ငါ့ လက်ရေးပဲ. . ”

သူမ အလန့်တကြား မော့ကြည့်လိုက်မိသည်။ သေချာပြီ။ ဒီစာအုပ်ကလေးအကြောင်းကို သူသေသေချာချာမေ့သွားပြီ။ မိန်းကလေးတစ်ယောက်အပေါ် ဒါမှမဟုတ် ကိုယ့်ဇနီးတစ်ယောက်လုံးအပေါ် သက်ရောက်နေသောသူ၏ စူးနစ်မှုကိုလည်း မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် သူမ ငိုချင်လာမိသည်။ ထို့ကြောင့် စာအုပ်ကို ဖျတ်ခနဲဆွဲယူပြီး ဗီရိုထဲ ပစ်ထည့်လိုက်ကာ ဒိုင်းခနဲနေအောင် ဆောင့်ပိတ်ပစ်လိုက်သည်။

သူမ၏ လှုပ်ရှားမှုတွေကို မျက်တောင်မခတ် ကြည့်နေသော သူက ပခုံးတစ်ချက်ကို ဟန်ပါပါ တွန့်ရင်း ‘ကိုယ်. . အိပ်တော့မယ်ကွာ. . ’ ဆိုကာ အိပ်ရာထဲ ဝင်သွားသည်။ သူမကို ခွင့်တောင်းတာလား အသိပေးတာလား မဝေခွဲနိုင်သော်လည်း သူကတော့ ခြင်ထောင်ထဲ ရောက်သွားပြီ။ ထို့နောက် အထဲမှနေ၍ ‘ဟား. . ငါ့သားကလည်း အိပ်နေလိုက်တာကွာ. . ဟား. . ဟား. . ရွှတ်’ ဆိုသော ရယ်သံနှင့် သားလေးကို မွှေးမွှေးပေးနေသံကို သူမ ကြားလိုက်ရသည်။

ဘာကို ဝမ်းနည်းမှန်းမသိသည့် ဝမ်းနည်းစိတ်တို့က သူမအာရုံကို တဖြည်းဖြည်း လွှမ်းခြုံလာသည်။ ထို့နောက် ခေါင်းကို ခပ်သွက်သွက် ခါထုတ်လိုက်ပြီး အိမ်ရှေ့တံခါးကို ထွက်ပိတ်လိုက်သည်။ အိပ်ခန်းဆီ ပြန်ရောက်၍ ဆောက်တည်ရာမရသော သူမ၏သိစိတ်အလွှာကို အသာဇက်ချုပ်ရင်း အိပ်ရာဆီ နားစွင့်လိုက်သောအခါ လှုပ်ရှားသံ မရှိတော့။ သူ၏ အသက်ရှူသံ ပြင်းပြင်းကပင် သူမကို လှောင်ပြောင်သရော်နေသလို ထင်ရ၏။

သူမ၏ သိစိတ်အလျှင်က ခင်ပွန်းဖြစ်သူ၏သူငယ်ချင်း အောင်မြင့်ဦးတို့လင်မယားကို အဆက်အစပ် မရှိဘဲ သတိရလိုက်သည်။ ကိုအောင်မြင့်ဦးတို့လင်မယားက သူမ ခင်ပွန်း လိုမဟုတ် ဇနီးနှင့် သားသမီးများ အပေါ်တွင် ကြင်နာသည်။ တစ်ခါတလေ လူရှေ့မရှောင် သူရှေ့ မရှောင် သူ့သားလေးကိုမွှေးရင်း ဇနီးဖြစ်သူကိုပါ ရော၍ နမ်းနေတတ်သည်ကို သူမ မြင်ဖူးသည်။ တစ်ခါတလေ သူမအိမ်ကို အလည်လာနိုက် သူတို့ လင်မယား၏ တစ်ယောက်အပေါ် တစ်ယောက် ကြည့်နေကြသော မျက်လုံး တွေသည် သူမတို့ လင်မယား သမီးရည်းစား ဘဝတုန်းကလို ချစ်ရည်ရွှန်းလဲ့ကာ မျက်စိအောက်က အပျောက်မခံနိုင်ပုံမျိုးတွေ ဖြစ်သည်။

သူမရင်တွင်းမှ သောကငွေ့တွေကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။ မှိုကော့စ်ပေါ်ရှိ ဇီးကွက်ရုပ်နှစ်ရုပ်ဆီ အကြည့်ရောက်တော့ အရုပ်ကလေးတွေက သူမကို တအံ့တသြကြည့်နေရသလို ထင်ရ၏။ ဇီးကွက်အဖိုလေးက တစ်ဖက်ကို နည်းနည်းလေးလှည့်နေသဖြင့် ပြန်တည့်ပေးဖို့ လက်လှမ်းလိုက်သည်။ သူမ၏လက်အစုံက ဇီးကွက်ကလေးဆီ ရောက်လုရောက်ခင်ကျမှ ပြန်ရုပ်လိုက်ပြီး ခုဗီရို၏တံခါးကို နောက်တစ်ကြိမ် ဆွဲဖွင့်လိုက်မိပြန်သည်။ ထို့နောက် မသေမသပ်နှင့် ခပ်စောင်းစောင်းဖြစ်နေသော စာအုပ်ကလေးကို ပြန်ဆွဲထုတ်လိုက်မိသည်။ ကောင်လေးနှင့် ကောင်မလေးတို့က မမောနိုင် မပန်းနိုင်အောင် အနမ်းပွင့်တွေ ခြွေနေကြတုန်း ရှိသေးသည်။

ပထမ စာမျက်နှာကိုလှန်ရင်း အနားရှိ မှန်တင်ခုံရှေ့တွင် သူမ ဝင်ထိုင်လိုက်သည်။ မှန်ထဲရှိ ပုံရိပ်ကို လှမ်းကြည့်တော့ တစ်ခုခုကို အလိုမကျသည့် အရိပ်မည်းတွေက သူမမျက်နှာပေါ်မှာ ယှက်သန်းပြေးလွှားနေကြသည်။ မှန်ထဲရှိ ရုပ်လွှာဆီမှ အကြည့်ကို ချက်ချင်းရုပ်သိမ်းပြီး စာအုပ်ကလေးကို ငုံ့ကြည့်လိုက်မိ ပြန်သည်။ ‘ချစ်ရတဲ့ မူ့အတွက်’ လှပ်ခနဲ ဖြစ်သွားသော ရင်နှင့်အတူ ပင့်သက်တစ်ခုကို ခဲခဲယဉ်းယဉ်း တွန်းချလိုက်ရပြန်သည်။

သူမအတွက် မျှော်လင့်ချက်တချို့ကို ဒီစာအုပ်ကလေးထဲတွင် ပြန်ရှာရမည်။ တွေ့ပါ့မလားဟု စိုးရိမ်မိသော်လည်း တွေ့ရလိမ့်မည်ဟုတော့ သူမ ယုံကြည်ပါသည်။ အိပ်ရာထဲမှ တရှူးရှူးဟောက်နေသော သူသည် စာအုပ်ထဲက ‘ကိုကို’ နှင့် လုံးဝတူလိမ့်မည် မဟုတ်ကြောင်းကိုလည်း သူမ ယုံကြည်လက်ခံထားပြီး ဖြစ်ပါသည်။

ချစ်ရလွန်းသော ယောကျ်ားတစ်ယောက်ကို အနားတွင်ထားလျက် တစ်ချိန်တုန်းက အပျော်တွေကို မြုပ်နှံသိမ်းဆည်းထားသော စာမျက်နှာတွေပေါ်တွင် ပြန်လည်ရှာဖွေရသော်လည်း လွဲမှားနေသော အံချော်မှုတစ်ခုသာ ဖြစ်ပါလိမ့်မည်။ ဒါကိုလည်း သူမအနေနှင့် တိတိကျကျကို သိနေပါသည်။ သို့သော် သူမစိတ်ကို လိမ်ညာလှည့်စားရင်း ချစ်ရသော ကိုကိုနှင့် စာမျက်နှာတွေပေါ်တွင် ပျော်ရွှင်စွာ ကခုန်လိုက်မောရဦးမည်လေ. . .။

**မောင်ရှင်းပန်း**



Asian Fame Media Group

(၁)

အပြင်မှာ ရာသီဥတုက ပူပြင်းလှသည်။ လူတွေအနားမှာ နေရတာက ပိုပြီးပူလောင်လွန်းသည်ဟု ငွေထင်သည်။ အထူးသဖြင့် ဖြီးလိမ်းပြင်ဆင်ဝတ်စားထားသောလူ ပြုံးပြုံးပြက်ပြက်တွေကြားမှာ၊ အပေါ်ယံစကားလုံးများကြားမှာ၊ ဖွန်းသံခက်ရှင်းသံ၊ ရယ်မောသံတွေကြားမှာ။

'မမက အရင် အတိုင်းပဲ မပြောင်းဘူး၊ လှနေတုန်းပဲသိလား'

အသံကြားရာ ကြည့်မိတော့ အလှူရှင်အစ်မဝဝကြီးကို ပဋိသန္ထာရစကားဆိုနေသော ဧည့်သည် အမျိုးသမီး တစ်ယောက်။ ငွေကတော့ ကုပ်ပိုးကြီးများ အစ်တက်နေသော လပြည့်ဝန်းလို မျက်နှာဝိုင်းဝိုင်းနှင့် အစ်မကြီးကို 'မမ အရမ်းဝတာပဲ သိဖူး' ဟု ပြင်ပြောလိုက်ချင်မိသည်။ ငွေ့သူငယ်ချင်းတွေသာ သိရင်တော့ 'မှန်တိုင်းလည်း မကောင်းဘူး မိငွေ' လို့ ဆိုကြဦးမှာ။

အရင်ကတော့ လှချင် လှခဲ့ပါလိမ့်မည်။ သားသမီး ၃ ယောက်မွေးပြီးသော လူလတ်ပိုင်း မိန်းမတစ်ယောက်၊ သားသမီး ကိစ္စ၊ လင့်ကိစ္စနှင့် ချက်ရေးပြုတ်ရေးတွေမှာပဲ ဘဝတစ်ခုလုံး ပုံအောထားတဲ့ မိန်းမတစ်ယောက်ဟာ ဒီအသက်အရွယ်မှာ အလှအပနဲ့ ဝေးကွာနေတာသဘာဝကျပါသည်။ ထိပ်လုံးလုံး လေးသာပေါ်လွင်သော နှာတံပြား ပြားလေး၊ စေ့ထားလျှင် မျဉ်းဖြောင့် တစ်ကြောင်းလို နှုတ်ခမ်းပါးလေးနှင့် လှတာဆိုလို့ မျက်လုံးဝိုင်းဝိုင်းတွေသာ ရှိသော ထိုအစ်မကြီးသည် ငယ်စဉ်ကတော့ ငယ်ဂုဏ်နှင့်မို့ ဖြူဖွေးသန့်ပြန့်ကာ တင့်တယ်ခဲ့ပါလိမ့်မည်။

အစ်မကြီး၏ လည်တိုင်တွင် လည်ရေး သုံးရစ်မျှ ရှိခဲ့ပြီ။ မိတ်ကပ်ဖို့ထားသည့်ကြားမှပင် မှဲ့ခြောက်လို



အစက်အပြောက်လေးတွေက ပါး တစ်ဖက်တစ်ချက်ပေါ်မှာ နေရာယူ စပြုပြီ။ ခေါင်းထက်မှာ ငွေရောင် ဆံမျှင်လေးတွေ ဟိုတစ်ချောင်း၊ ဒီတစ်ချောင်း တွေ့နေရပြီ။ သေချာ သည်မှာ ဟိုအရင် ငယ်စဉ်ကလို မလှပနိုင်တော့။

'စားကောင်းလား၊ အဆင်ပြေရဲ့ လား ညီမလေး'


'ဟုတ် ဆီနည်းနည်း များပေမယ့် စားလို့တော့ ကောင်းပါတယ်' စားလို့ ကောင်းပါတယ်ပဲ ပြောလိုက် လည်းရတဲ့ဟာ ငွေကိုက အတွန့် တက်ချင်သူ။ ငွေတို့အိမ်မှာက ဆီ အသုံးနည်းသည်။ မေမေက အိမ် သားများ၏ ကျန်းမာရေးကို ဂရုစိုက် သည့်အနေနှင့် ဆီ၊ အချိုမှုန့်နှင့် ငံပြာရည်တွေ လျှော့သုံးတော့ ငွေတို့ ပါးစပ်တွေက အကျင့်ပါနေပြီ။ သို့ သော် ဘယ်လောက်ပဲ ကျန်းမာရေး အတွက် အစားအသောက် ဂရုစိုက် စိုက်၊ သေမယ့်သူကတော့ အချိန်စေ့ လျှင် သေမှာပဲဟု ငွေပြောတော့ မေမေက ငွေ့ကို လူ့ကန့်လန့်ဟု ဆို သည်။

တကယ်ဆို ဒီလိုပွဲမျိုးတွေ ငွေ မတက်ချင်။ မေမေ မအားၡ၍သာ လာခဲ့ရသည်။ ငွေက အပေါ်ယံတွေ ကို မုန်းသည်။ ရှေ့တွင် ချိုသာနေ သလောက် ကွယ်ရာကျတော့ စကား

# ပန်းရိုးစားအငကြွေ ငွေပြည့်အာမှု

## ချစ်ကြည်ဒေါ်ခံ

ဝတ္ထုတိုရှည



တင်း ဆိုတတ်သည်မှာ လူ့သဘာဝဟု ဆိုလျှင် ထိုလူ့သဘာဝနှင့် ငွေသည် လုံးလုံးမှ အံမဝင်။ သိမ်မွေ့ညင်သာ ဟန်ရှိလျက် အမျက်သိုမှီးထားတတ်သော၊ ဒေါသတို့ကို မျိုချထားကာ ရေခဲပ်ကြုံမှ ပြန်တွယ်တတ်သော ပညာရှိများနှင့် ယှဉ်လျှင် ငွေက အမြဲ လူဆိုးတစ်ယောက် ဖြစ်လေသည်။ အရှိအတိုင်း တဲ့တိုးပြောတတ်သော၊ ပွင့်လင်းသော ငွေ့ကို အရိုင်းဟု ဆိုလာခဲ့ လျှင် ငွေသည် မိမိကိုယ်ကို အရိုင်းဟု ကျေနပ်စွာ ခံယူမည်သာ။

(၂)

မေမေတိုက်တွန်းလွန်း၍ ငွေ ၁၀ရက် တရားစခန်း ဝင် ဖြစ်ခဲ့သည်။ စစချင်း ၂ ရက်-၃ ရက်မှာ ငွေ ဘယ်လိုမှ တရားမှတ် မရ။ ပထမရက်တွင် ခန္ဓာကိုယ်က ငြိမ် သက်စွာ ထိုင်နေလျက် ငွေ့စိတ်တို့ ရုန်းကန် ပြေးလွှားနေကြသည်။ ဒုတိယရက်မှာတော့ ငွေ ဘယ်လိုမှ သည်းမခံနိုင်တော့။ အော်ဟစ် စကားပြောချင်လာသည်။ စင်္ကြံလျှောက်လျှင်လည်း အမှတ်စိတ် စိတ်မှတ်နိုင်ရန်ခြေလှမ်းတို့ကို နှေးချ၍မရ။ ပုံမှန်အတိုင်း လျှောက်တော့လည်း လျှောက်နေရုံသာ ရှိသည်။ အေး စက် ငြိမ်ဝပ်နေသော စင်္ကြံလမ်း တစ်လျှောက် အော်ဟစ် ပြေးလွှားလိုက်ချင် စိတ်တို့က တားမရဆီးမရ နိုင်အောင် သူ ပုန်ထလွန်းနေတော့သည်။

ဘုန်းဘုန်းကို တရားလျှောက် ချိန်ကျမှ ဤသည်မှာ မူလစိတ်၏ ပင်ကိုယ်ဖြစ်ပြီး အငြိမ် မနေလိုသည့် စိတ်၏ သဘာဝအရ ရုန်းကန်ဆန့်ကျင်နေကြောင်း၊ ခါတိုင်းလို လွှင့်ချင်ရာ လွှင့်နေခွင့် မရသော စိတ်သည် အရှုခံအာရုံ အဖြစ်နှင့် ငါးကိုကုန်းပေါ် တင်ထားသလို ဖျပ်ဖျပ်လူးနေတာ ဖြစ်ကြောင်း မိန့်ဆိုခဲ့လေသည်။

စိတ်ထဲမှာ ပေါ်လာရင် ပေါ်လာတဲ့အတိုင်း သိပေး၊ မှတ်ပေးနေရမည်ဟု ဆိုသည်။ ပြေးချင်ရင် ပြေးချင်တယ်၊ အော်ချင်ရင် အော်ချင်တယ်မှတ်။ စကားလုံးတင် မှတ်နေရမှာ မဟုတ်ဘဲ အရှုခံစိတ် ဖြစ်နေတာကို နောက်က မှတ်စိတ်လေးက သိသိပေးနေရမှာဟု မိန့်ကြားလေ၏။

တရားစခန်းမှာ ၈ရက်၊ ၉ရက်နှင့် နောက်ဆုံးရက်များတွင်တော့ ငွေ့စိတ်တွေ အတော်အတန် အေးချမ်း ငြိမ်သက်လျက် ကစဉ့်ကလျားပြေးလွှားနေတတ်သော အကွပ်မဲ့ စိတ်၏ ပရမ်းပတာ သဘောကို အနည်းငယ်မျှ ရိပ်စား နားလည်မိခဲ့ပြီ။

နောက်အကြိမ်တွေမှာတော့ မေမေ မတိုက်တွန်းရပါဘဲ ငွေ့သဘောနှင့် ငွေ တရားစခန်း ဝင်ဖြစ်ခဲ့ပါသည်။ ဝင်ဖြစ်ပြီးတိုင်းလည်း ရရှိခဲ့သော စိတ်နှလုံး အေးချမ်းမှုကို အတော်အတန် နှစ်ခြိုက်လျက် တရား၏ အရသာကို တမက်တမော ရှိနေတတ်သည်၊ ဘုန်းဘုန်းကတော့ ဤမျှနှင့် ရပ်မနေစေချင်၊ တစ်မဂ်တစ်ဖိုလ်ပေါက် အားထုတ်ဖို့ရန် မိန့်တော်မူသည်။

ငွေကကျတော့ အမိုက်ပီပီ၊ ပုထုဇဉ် ဆိုသော ဥမ္မတကော ဘဝမှာ မွေ့နေချင်သေးသူ ဖြစ်လျက် လောကစံ ဆိုသည်ကို မြည်းစမ်းနေချင်သေးသူသာ ဖြစ်လေသည်။

(၃)

ငွေ ရည်းစားစထားတော့ အသက် ၁၈နှစ်မှာ၊ သူက ငွေတို့ ကျောင်းကပါ။ ငွေ့ကို 'ဆံပင်အရှည်လေး ထားပါလား'ဟု ချော့သလိုလေးပြောကာ အထားခိုင်းသည်။ 'ထားနိုင်ပါဘူး၊ အိုက်တယ်။ ဆံပင်ရှည်တဲ့ မိန်းကလေးတွေ သွားကြိုက်ပေါ့'

ငွေက တဲ့တိုးပဲ ပြန်ပြောသည်။ ငွေ လက်ဖျောက် တီးတတ်တာ၊ လေချွန်တတ်တာ၊ ခုန်ပေါက်အော်ဟစ်နေတတ်တာ၊ တဟားဟားအော်ရယ်တတ်တာတွေကို သူမကြိုက်ဘူးဟု ဆိုသည်။ သူကြိုက်တာ လိုက်လုပ်ပြနေရမှာလား၊ ငွေကြိုက်တာ ငွေလုပ်ရမှာလားဆိုတော့ အဖြေက ရှင်းသည်။ "နည်းနည်းလောက်တော့ မိန်းကလေး ပီသစမ်းပါကွာ" ဟု ညည်းသလို ပြောလာပြန်သည်။ ငွေသည် ငွေ့ပုံစံ၊ ငွေ့အချိုးအချိတ်နှင့် ငွေသာဖြစ်သည်။ 'ငွေ့ကို ဒီပုံစံအတိုင်း၊ အရှိအတိုင်း လက်ခံနိုင်ရင် ဆက်လျှောက်ကြတာပေါ့' ဟု ငွေက ဆိုတော့ သူစိတ်ခုကာ အဆက်ဖြတ်သွားတော့သည်။

အသည်းကွဲလျှင် ငိုနေရတာမျိုးလား ငွေ မသိပါ။ ငွေကတော့ အော်ဟစ်ရယ်မောမိသည်။ တစ်ခါတလေတော့လည်း သတိရနေမိတတ်ပါ၏။ ထိုအခါတွင် တရားနှင့် ဖြေနိုင်မည်လားဟု သတိရတမ်းတစိတ်ကို အသေအချာ ကြည့်မိသည်။ လွမ်းတယ်ဆိုတဲ့ စိတ်ကို အသေအချာရှုမိသည်။ မျက်စိကိုမှိတ်ကာ ဖြစ်နေသောစိတ်ပေါ်မှာ သတိလေး ကပ်ကာ အာရုံစိုက်ကြည့်မိတော့ အတော်အတန် တည်ငြိမ်သွားသလိုလို။ သူငယ်ချင်းတွေကိုတော့ ငါက နောက်ထပ် ဆယ်ခါလောက် အသည်းကွဲရင်တောင် ခံနိုင်ရည်ရှိနေဦးမှာဟု ပမာမခန့် ဟန်နှင့်ပြောကာ ပေါ့ပေါ့ပါးပါး ရယ်မောနေခဲ့လေသည်။

(၄)

ငွေ တစ်ယောက်တည်း ရုပ်ရှင်သွားကြည့်တယ်ဆိုတော့ ဖြူလေးတို့က တအံ့တဩ။

'ဘာဖြစ်လို့လဲ၊ ဒါ ရာဇဝတ်မှုမှ မဟုတ်တာဘဲ၊ တစ်ယောက်တည်း ကြည့်ရတာ ပိုတောင် အရသာရှိသေးတယ်။ နေကြာစေ့တစ်ထုပ်လုံးကို တစ်ယောက်တည်း စားရတာပေါ့'

ငွေက ရယ်မောရင်းပြောတော့ လက်လျှော့ဟန်နှင့် ပခုံးတွန့်ပြကြသည်။ ဒါတောင် ငွေ ဆေးလိပ်စသောက်တတ်နေတာ သူတို့ မသိကြသေး။ လက်ရှိ ငွေ့ရည်းစားကို 'ဆေးလိပ်ဖြတ်ရင် ဖြတ်၊ မဖြတ်ရင် ငွေပါ လိုက်သောက်မှာ' ဟု ရွဲ့ပြောတာ တကယ်လိုက်သောက်ရင်းက သောက်တတ်သွားခြင်းပင်။

ချစ်စတုန်းက တစ်နေ့ မတွေ့ရလျှင်မနေနိုင်၊ ဖုန်းမဆက် စကားမပြောရလျှင် မနေနိုင်သော ငွေသည် ရည်းစားသက်တမ်း ၆ လ ခန့်လွန်သော် အနည်ထိုင်သွားခဲ့ပြီ။ အတူတူ အအေးဆိုင်ထိုင်ကြဒိုက် ချစ်သူ့မျက်နှာကို အသေအချာကြည့်ရင်းက အပြစ်အနာအဆာတို့ကို မြင်တတ်လာသည်။ ငွေဟာ အပေါ်ယံကို ကြည့်တတ်သူလားဟု ကိုယ့်ကိုယ်ကိုယ် သံသယဝင်နေတုန်းမှာပင် သူ့ခြေဖမိုးပေါ်ပြုတ်ကျသော ငွေ့ပိုက်ဆံအိတ်ကို ပြန်ကောက်ရာက သူ့ခြေသည်းများကို သတိထားမိသွားလေသည်။ ခြေသည်းအရှည်တွေကို ညှပ်မထားသော၊ ထိုခြေသည်းများကြားတွင် ကြေးများရှိနေသော သူ့ခြေချောင်းများကို ငွေ ဘယ်လိုမှ မနှစ်မြို့နိုင်ပေ။ နောက်တစ်လခန့်အကြာမှာ ဘာအကြောင်းပြချက် မယ်မယ်ရရမှမရှိပါဘဲ ငွေ သူ့ကို အဆက်ဖြတ်လိုက်တော့သည်။ ငွေဟန်ဆောင် မချစ်ချင်ပါ။ စိတ်ထဲက ဘယ်လိုမှ ရှေ့ ဆက်မရနိုင်တော့သည်ကို ဘာဆင်ခြေမှလည်း ပေးနေဖို့မလိုအပ်ဟု ငွေ ယုံသည်။

သည့်နောက်တော့ ငွေ့ဆီက ပိုက်ဆံ ခဏခဏချေးတတ်သော၊ လူရှေ့သူရှေ့မရှောင် နှာခေါင်းကို ခဏခဏနှိုက်နေတတ်သော၊ ခေါင်းမှန်မှန်မလျှော်၍ ခေါင်းချေးနံ့အမြဲနံနေတတ်သော အချို့ယောကျ်ားများနှင့် ချစ်လက်စမြဲခဲ့ပြန်၏။ ငွေ့သူငယ်ချင်းတွေက ငွေ့ကို ဇီဇာကြောင်သူ၊ မရှောင်ရာ ဆီလူးသူဟု ရှေ့တင်မှာပဲ ပြစ်တင်စကားဆိုကြသည်၊ ဒါတွေဟာ ပြုပြင်ရနိုင်သော အရာများဖြစ်ပြီး အရေးကြီးတာက ငွေ့အပေါ် တကယ် ချစ် မချစ်ဆိုတာပဲဟု ငွေ့ကို သင်ကြားကြသည်။ ငွေ မသိမဟုတ်၊ သိပါသည်။ သို့သော် သူတို့က ချစ်လျှင်တောင်မှ ငွေက နှစ်နှစ်ကာကာ မချစ်နိုင်တာ ခက်လှသည်။

အကယ်၍သာ တစ်စုံတစ်ယောက်က ငွေလိုင်းအိဆိုတဲ့ မိန်းမဟာ အချစ်ဆိုတာကို ခုထိနားမလည်သေးသူပါဟု ကောက်ချက်ချလာလျှင် ငွေ ရယ်မြူးရိပ်နှင့် ဝန်ခံမိဦးမည်သာ။

အချစ်သည် ဘဝကောင်းကင်ကြီးထဲမှ ကြယ်ကလေးတစ်လုံးမျှသာဟု ငွေက ထင်သည်။ သို့စေကာမူ ကြယ်မစုံသော ကောင်းကင်သည် မည်သို့မျှ ပြီးပြည့်စုံခြင်း မရှိနိုင်။ သို့သော် ငွေသည် ကြယ်ကလေးတွေထက် ဘဝကောင်းကင်ကြီး၏ အဓိပ္ပာယ်ကိုမှ သိချင်မိသည်။

ဘဝတစ်ခုကို အချိန်နှင့်တိုင်းတာသည်ဆိုလျှင် ငွေ့အချိန်တွေကရော တဖြည်းဖြည်းနှင့် နေရင်သလို ရင့်လာနေပြီလား။ ငွေဟာ သည်လိုနှင့်ပဲ ဘဝတစ်ခု သေဆုံးလွန်မြောက် ရတော့မည်လား၊ အချည်းနှီးတော့ ငွေ သေဆုံး မသွားချင်၊ တစ်ခုခုတော့ သိရမှဖြစ်မည်။ ကြယ်ကလေးတွေ အကြောင်းပဲဖြစ်စေ၊ ဘဝ ကောင်းကင်ကြီး အကြောင်းပဲ ဖြစ်ပါစေပေါ့။

(၅)

ငွေ ခေါင်းတုံးကာ သီလရှင်ဝတ်

Asian Fame Media Group

လိုက်တော့ ငွေ့ သူငယ်ချင်းအရင်းကြီးတွေပင် အံ့ဩကုန်ကြသည်။ 'လောကကြီးကို တကယ်ပဲ ငြီးငွေ့တယ်ပေါ့လေ' ဟု ခနဲ့တဲ့တဲ့စကားနှင့် လှောင်ကြသည်။ ငွေ့မျက်နှာအတည်အတန့်ကို တွေ့မှ အရှိန်သတ်လျက် 'ဆရာလေး ဘယ်လောက်ကြာကြာ ဝတ်မှာလဲ ဘုရား' ဟု မေးဖော်ရသည်။ သီလရှင်ဝတ်တိုင်း လောကကြီးမှာ မနေပျော်လို့၊ အပူသည်မို့လို့ ဝတ်တာဟု အထင်ရှိနေကြသူတွေကို ငွေ ထူးပြီး အံ့ဩမနေတော့။ လူတွေသည် လူလိုသာ တွေးကြပေမည်။

တနင်္ဂနွေသမီးမို့ ငွေ့ကို မဇသုဝတီဟု ဘွဲ့ချီးမြှင့်ကာ ဆရာကြီး၏နှုတ်မှ မဇသုဝတီဟု ၃ ကြိမ်ခေါ်တိုင်း ငွေက ဘုရားဟု ၃ ကြိမ်တိုင်တိုင် ပြန်ထူးရသည်။ ဆရာကြီးသည် ၁၂ နှစ်သမီးကပင် စာသင်ကျောင်းမှာ မပျော်ဘဲ သီလရှင်ဝတ်ပေးဖို့သာ မိဘတွေကို ပူဆာခဲ့ပြီး စာသင်ကျောင်းမှ သီလရှင်ကျောင်းသို့ မကြာခဏ ထွက်ပြေးသွားလေ့ရှိသည်ဟု ဆိုသည်။ ငယ်ဖြူမို့ ဘဝမှာ ငွေတို့လို အချစ်တွေ၊ အမုန်းတွေ၊ ရှုပ်စားသနံ့ကိစ္စတွေနှင့် ကင်းရှင်းခဲ့သူ။ သို့တိုင်အောင် မေမေပြောထားသည်ထင့်၊ ဆရာကြီးသည် ငွေ့အချစ်ကိစ္စများကို သိနေကာအခါ အခွင့်သင့်သလို ဆုံးမစကားဆိုရှာသည်။

"မဇသုရဲ့ ချစ်တာတွေ၊ မေတ္တာတွေကတော့ ဟုတ်ပါပြီ။ ချစ်သူတွေလို့ အိမ်ထောင်ပြုတာက ဟုတ်ပါပြီ။ ချစ်ကြပြီဆိုရင် ဖဲဒီမှာပဲ ရပ်မထားနဲ့ ဆက်တွေးကြည့်။ လူတွေ အများစုက အိမ်ထောင်ပြုတော့ မယ်ဆိုရင် ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသည် မှာပဲ ရပ်ထားတတ်ကြတာ။ တကယ်က ဆက်တွေးကြည့်ရမှာ။ ရိုးရိုးလေးပဲတွေး၊ လက်ထပ်ပြီး နှစ်ပေါက်တော့ ကလေးရ၊ တစ်ယောက်တနေ နောက်ထပ်တစ်ယောက်။ ပြီးပြန်တော့ ကလေးတွေနဲ့ မိသားစုကြီးဖြစ်လာ၊ စားဝတ်နေရေးအတွက်၊ ကလေးတွေ နောင်ရေးအတွက် ရှာရဖွေရ၊ ငကြားထဲ ယောက်ျားနဲ့ မိန်းမသဘာဝကိုက မတူတာတွေအတွက် ညှိယူကြရ၊ နှစ်ဖက်မိသားစုအရေးလည်း ကြည့်ရနဲ့ ဘဝကြီးထဲ ရုန်းရကန်ကြရတော့မှာ၊ အို ဒါဟာ ဘဝရဲ့ အစီအစဉ်ပဲ၊ ဘဝရဲ့ စိန်ခေါ်မှုပဲလို့ ခံယူပြီး ရဲရဲကြီးကူးခတ်ရင်တော့ ကူးကြပေါ့။ အိမ်ထောင်ပြုကြပေါ့။ "ဆရာကြီး ပြောချင်တာက အိမ်ထောင်မပြုရ ဘူးလို့ မဆိုလိုပါဘူး။ အိမ်ထောင်ပြုပြီးလို့ အတူနေကြရင် ရှေ့လျှောက် ပျော်စရာ၊ ကြည်နူးစရာတွေချည်းပဲလို့ တွေးမထားစေချင်တာ။ ရုန်းကန်စရာ၊ စိတ်ညစ်စရာ၊ လက်လျှော့ အရှုံးပေးချင်စရာတွေလည်း အသင့် စောင့်ချင်စောင့်နေကြမှာ။ ဒါကို ပြင်ဆင်ထားကြဖို့ပဲ။ အိမ်ထောင် မပြုခင်ကတည်းက ရှေ့ကြုံလာနိုင်တာတွေကို လက်ခံ ကျော်လွှားနိုင်ဖို့ ပြင်ဆင်ထားဖို့ပဲ။ လောကဓံကြီးဟာ အချိုတွေချည်းပဲ ချမကျွေးဘူး၊ အခါးကလေးနဲ့ နှစ်ပင်လိမ်ကျွေးတာ။ အင်း တကယ်က အခါးတွေကတောင် ပိုများဦးမှာပါ မဇသုရယ်" ဟု ရှည်လျားစွာပင် ဆုံးမစကား ဆိုလေသည်။

ငွေသည် ဒါတွေကို ဆရာကြီးဘယ်လိုများသိပါလိမ့်ဟု အံ့ဩချင်သလို၊ ငွေကိုယ်တိုင်တောင် အဲဒီလိုတစ်ခါမှ မတွေးမိဟု ဝန်ခံရသည်။ ရက်ပေါင်း (၃၀) သည် ငွေထင်ထားသည်ထက် ပိုမိုလျင်မြန်စွာ ကုန်ဆုံးသွားခဲ့သည်။

သီလရှင်ထွက်စဉ်၌ ကြည်လင်ငြိမ်ဝပ်နေသောစိတ်နှင့် သတိတရားလေး လက်ကိုင်ထားလျက်ရှိရာက အတန်ကြာသော် ငွေသည် ကျည်တောက်မှလွတ်သော ခွေးမြီးကိုကောက်မြဲကောက်လျက်၊ သွားမြဲလာမြဲ၊ ပျော်မြဲပင်ဖြစ်တော့သည်။

တစ်ခါတစ်ရံ ဘုန်းကြီးကျောင်းဆွမ်းချိုင့်ပို့သွားတတ်သော ငွေ့ကို မြန်မာထဘီလေးနှင့်၊ ဥပုသ်နေ့များတွင် ရှစ်ပါးသီလစောင့်သည်ကို တွေ့ကြရပြီး တစ်ခါတစ်ရံတွင်မူ ပါတီတွေမှာ ဂျင်းနိပန်နှင့် ခုန်ပေါက်ကနေတတ်သော ငွေ့ကိုလည်း တွေ့နိုင်ပြန်လေသည်။

သူငယ်ချင်းတွေက "မိငွေ နင်ဟာ ဘုန်းကြီးသရဲ အတော်ကျွတ်ဖို့ ခက်မယ့်မိန်းမ" ဟု ငွေ့ကိုသမုတ်ကြ ဟားတိုက်ကြသည်။ ငွေကတော့ ပြုံးနေရုံသာ။


(၆)

ဦးဦးနှင့်တွေ့တော့ ဒါနောက်ဆုံးအချစ်ပဲဟု စိတ်ချလက်ချရှိကာ 'လက်ထပ်တော့မယ်' စိတ်ပိုင်းဖြတ်မိသည်။ ငွေနှင့် ၁၆ နှစ်တိတိကွာသော ဦးဦးသည် ကလေးတစ်ယောက် အဖေ တစ်ခုလပ်ဖြစ်ကာ အောင်မြင်နေသော ဆောက်လုပ်ရေး လုပ်ငန်းကြီး တစ်ခုကို ဦးဆောင်ပိုင်ဆိုင်သူ ဖြစ်သည်။

ကလေးဟု ခေါ်တတ်သော ဦးဦး၏ အသံသည် ငွေ့အသွေးအသားတို့၌ ပျော်ဝင်လည်ပတ်သည်။ ငွေ့ဆံနွယ်လေးတွေကို တယုတယသပ်မြှူလေ့ရှိသော ဦးဦးလက်ဖဝါးလေးတွေကို ငွေ့ရင်ခွင်ထဲ မြတ်နိုးလွန်းလှစွာ ပွေ့ထားလိုက်ချင်သည်၊ တစ်ရံတစ်ခါ၌ "ကလေးလာ ဦးဦးပေါင်ပေါ်ထိုင်" ဟု ညင်သာစွာ ပွေ့ချီထားတတ်သော ဦးဦးအတွေ့၌ ငွေ မူးမေ့မတတ် ဖြစ်ရသည်။ ဦးဦးအတွက် ဖျော်ပေးသော ကော်ဖီတစ်ခွက်ကို အဆင်ပြေမပြေ ဖွန်းများလေးနှင့် မြည်းစမ်းကြည့်ခြင်း၌ပင် အချစ်တို့ ပါဝင်ဖျော်စပ်လျက် ငွေ့အာခေပ်သိမ်းတို့ အချစ်နှင့်ကျွမ်းဝင်တော့သည်။

လက်ရှိတစ်ဘဝထဲ၌ နှစ်ကိုယ်ခွဲလိုက်သလိုပင်၊ ယခင်က ငွေအဟောင်းကို မြွေအရေလဲသည့်ပမာ စွန့်ပစ်ခဲ့ပြီး ဦးဦးကြောင့် အသစ်မွေးဖွားလာသော ငွေသည်သာ သက်ဝင် အရုပ်တစ်ရုပ်ပမာ အားနှင့်အင်နှင့် လှုပ်ရှားသည် ထင်တော့၏။

ပြောင်းလဲသွားသော ငွေ့ကို သူငယ်ချင်းများက အံ့ဩကြသည်။ ငွေ ဆေးလိပ်မသောက်တော့၊ ဖိနပ်ကို ဘယ်ညာယှဉ်၍ ညီညာစွာ ချွတ်ထားတတ်ပြီ။ မိန်းမဆန်စွာ ဣန္ဒြေရရလေး ပြုံးရယ်တတ်ပြီ၊ မေမေ့ဆီကနေ ဟင်းချက်နည်းတွေ စတင်သင်ယူနေခဲ့ပြီ။ အရင်ကလို အံဆွဲများကို ခြေနှင့်ကန်ပြီး မပိတ်တော့၊



Vision Fame Media Group

ထဘီကို ခြေနှင့်ခတ်၍ ကွင်းလုံးပုံ မထားတော့ဘဲ ခုတင်ခြေရင်းက တန်းကလေးပေါ်မှာ သပ်ရပ်စွာ လွှားတင်ထားတတ်ပြီ။ ယောကျ်ား ရှပ်အကျီတွေကို မီးပူကျကျနန တိုက်တတ်နေလေပြီ။

ငွေသည် ဦးဦးဘေးမှာ မိန်းမ ရင့်မကြီးတစ်ယောက်လို အရာဝင် ချင်လှသေးသည်။ လူတွေကို ငွေ နှင့် ဦးဦးအသက်ချင်း သိပ်မကွာဟု မြင်စေလိုရာ ငွေ့အဝတ်အစား အပြင်အဆင်၊ နှုတ်သက်မှုတို့ကား ငွေ မသိလိုက်ခင်မှာပင် ပြောင်းလဲ သွားတော့သည်။ အရောင်ရင့်ရင့် မှိုင်းမှိုင်းတွေ ရွေးဝယ်တတ်လာ သည်။ ဆံပင်တိုလေးကို ရသမျှ စုချည်ထားတတ်သည်။ နားရွက် ဘေးမှာ ဆံပင်အတိုအစလေးတွေ ကပိုကရိုထွက်နေသည့် ငွေ့ပုံကို ဦးဦးက ချစ်စရာဟုဆိုကာ ဓာတ်ပုံ ရိုက်ပေးဖူးသည်။ ဦးဦးငြင်းနေသည့် ကြားမှ ဘေးနားက ဖြတ်သွား ဖြတ် လာတစ်ယောက်ကို အကူအညီ တောင်းကာ ဦးဦးနှင့် နှစ်ယောက်တွဲ တစ်ပုံရိုက်ဖြစ်ခဲ့သေးသည်။ ဓာတ်ပုံ ရိုက်ရမှာရှက်တတ်သော ဦးဦးက ပုံထဲမှာ လူငယ်လေးတစ်ယောက်လို ရှက်တက်တက်နှင့်၊ မျက်လုံးများက ကင်မရာကိုမကြည့်ဘဲ ငွေ့ကို စွေ ကြည့်နေပုံ ဖြစ်လေသည်။

ဦးဦးမှာ သမီးလေးတစ်ယောက် ရှိသည်ကို သိကာ "နင့်ဟာက Buy one get one free ကြီးပါလား ငွေရဲ့" ဟု ပြစ်တင်သလိုလို ပြောခဲ့ သော ငွေ့သူငယ်ချင်းများနှင့် ဦးဦး ကို တစ်နေ့မှာ တွေ့ဆုံမိတ်ဆက်ပေး လိုက်သည်။ သဘောကောင်း၊ မျက် နှာချိုချင်ကာ ငွေ့ကို ချစ်ပုံ၊ အလို လိုက်ပုံရသော ဦးဦးကို တစ်ခါတွေ့ရုံ နှင့် အားလုံးက ကန့်ကွက်မဲမရှိ သဘောတူကြလေသည်။

မေမေ မေမေတို့ကတော့ ဦးဦး ဟာ တစ်ခုလပ် ကလေးတစ်ယောက် အဖေဖြစ်နေတာထက် နောက် ကြောင်းရှင်းဖြတ်ရင် ပြီးတာပဲ ဆို ကြသည်။ သူတို့၏သမီးဆိုးလေးကို အုပ်ထိန်းသူအသစ်ထံ လွှဲပြောင်းပေး အပ်သလိုခံစားကြရကာ ငွေ့အတွက် ဒီလို လူကြီးဆန်တဲ့သူနဲ့မှ ဖြစ်မယ်ဟု စိတ်ချလျက် ရှိကြသည်၊ ငွေ့အတွက် မှ ၉ နှစ်အရွယ် ဦးဦး သမီးကလေး နှင့်လည်း အဆင်တပြေ ရှိလှလေ၏။

သီလရှင်ဝတ်စဉ်က ဆရာကြီး၏ ဆုံးမစကားတို့ ငွေ့နားမှာ ပြန်ကြား ကာ ပြုံးမိသေးသည်။ လောကဓံသည် ငွေ့ရှေ့မှာ မားမားကြီး ကြိုစောင့် လျက်ရှိသည်။ ဦးဦးသာ ငွေ့အနား မှာ ရှိပါစေ၊ ဘာပဲဖြစ်ဖြစ် ငွေရင်ဆိုင် မည်။ ငွေ ဆုံးဖြတ်ပြီးပြီ၊ ငွေ ဦးဦးကို လက်ထပ်တော့မည်။ ဒီတစ်သက်လုံး ဦးဦး အနားမှာပဲ ငွေ နေတော့ မည်။

(၇)

"ဒီတော့ ဦးဦးက ဘာပြန်ပြော လိုက်လဲ"

"ဒါ ကိုယ် လက်ထပ်တော့မယ့် မိန်းကလေးပါ မမစိုးလို့ ပြောလိုက် တာပေါ့ ကလေးရဲ့"

"အင်း ဒီတော့. . ."

"မမစိုးက ငိုတယ်"

ဦးဦးထံမှ စကားသံ ခဏမျှ တိတ်သွားလေသည်။ ပြဿနာက ဦးဦးနှင့်ငွေ တွဲရိုက်ခဲ့သော ဓာတ်ပုံ လေးမှ စလေသည်။ မမစိုးသည် တစ်လမှာ တစ်ခေါက်တော့ ဦးဦးထံ လာတွေ့လေ့ရှိကြောင်း ဦးဦးပြောပြ ဖူး၍ ငွေ သိထားပါသည်။ ဦးဦးသမီး ကလေးမှာ ကလေးပီပီ ဘာရယ် မဟုတ် သူ့အမေမမစိုးကို ထိုဓာတ်ပုံ ပြမိပါလိမ့်မည်။ ဒါကို ငွေ ဂရုမစိုက် ပါ။ မမစိုးအနေနှင့် ခုမှပဲ လွတ်တဲ့ငါး ကြီးနေတာကိုသာ ငွေ အံ့ဩမိရ သည်။ တကယ်တော့ လွတ်တဲ့ငါး တောင် မဟုတ်ပါ။ သူ မလိုချင်၍ တမင်လွှတ်ချခဲ့ပြီးကာမှ ကောက်ရ သူလက်ထဲက ပြန်လိုချင်နေတာ တော့ တစ်ဆိတ်လွန်လွန်းလှသည်။ "ဦးဦးသဘောကရော ဘယ်လိုလဲ" ငွေ သိနေလျက် တမင်မေးလိုက်ခြင်း ရယ်ပါ။

"ဦးဦးက ကလေးကိုပဲ ယူ မှာ"

လုံလောက်ပြီ။ ငွေ့အတွက် ဦးဦးစကားတစ်ခွန်းကသာ အရာ ရာ။ ငွေ ကျန်တာ ဘာမှမတွေးချင် တော့။ ဒီစကားတစ်ခွန်းနဲ့ပဲ ငွေ ရှင်သန်နေနိုင်သည်၊ ဦးဦးပါးကို ဖွဖွလေးမွှေးပြီး ငွေ ဦးဦးကို ကျော ခိုင်းထားရစ်ခဲ့ချိန် လမ်းမပေါ်မှာ လမ်းမီးတွေတောင် လင်းနေခဲ့ပြီ။

အပြန်လမ်းတစ်လျှောက် ငွေ့ ခြေလှမ်းတို့ လေးလံလွန်းနေကာ ငွေ့ စိတ်တို့မှာ မည်းညိုသော တောင်းကင်နှင့်အပြိုင် ညစ်ညူး စွန်းထင်းလျက်ရှိသည်။ ညနေခင်း လေနုအေးတို့သည်ပင် ငွေ့ရင်ကို မအေးမြစေနိုင်၊ ဦးဦးကို ငွေ ချစ် ပေးမယ့် ယောကျ်ားတစ်ယောက်ကို မိန်းမနှစ်ယောက် ယှဉ်လုရမှာ ငွေ ရှက်ပါသည်။ သားတရားစီရင်ခန်း လို ပိုချစ်သော မိခင်ရင်းက လက် လွှတ်ကြေးသာဆို ငွေကသာ လက် လွှတ်ပေးလိုက်ချင်သည်။ သို့သော် ဦးဦးနှင့် ဒီတစ်သက်လုံး ဝေးကြဖို့ရာ အတွေးနဲ့တင် ရင်ထဲဆို့နင့်လာကာ တစ်ဖက်ကကြည့်တော့လည်း မမစိုး အပေါ် မိန်းမသားချင်း စာနာစိတ် လေးက ခေါင်းမြှုထလျက် ရှိလေ၏။ ဒီဘဝမှာ ဒီလင်၊ ဒီသား။ ဒီမိသားစုနဲ့ သူ့ခမျှာ နေချင်ရှာပေလိမ့်မည်။

> ပြောင်းလဲသွားသော ငွေ့ကို သူငယ်ချင်းများက အံ့ဩကြသည်။ ငွေ ဆေးလိပ်မသောက်တော့။ ဖိနပ်ကို ဘယ်ညာယှဉ်၍ ညီညာစွာ ချွတ်ထားတတ်ပြီ။ မိန်းမဆန်စွာ ဗုာခြေနွှ ရရလေး ပြုံးရယ်တတ်ပြီ။ မေမေ့ဆီကနေ ဟင်းချက်နည်းတွေ စတင် သင်ယူနေခဲ့ပြီ။ အရင်ကလို အံဆွဲများကို ခြေနှင့်ကန်ပြီး မပိတ်တော့၊ ထဘီကို ခြေနှင့်ခတ်၍ ကွင်းလုံးပုံ မထားတော့ဘဲ ခုတင်ခြေရင်းက တန်းကလေးပေါ်မှာ သပ်ရပ်စွာ လွှားတင်ထားတတ်ပြီ။

(၈)

ငွေ ဘာကိုမှ မဆုံးဖြတ်နိုင်ခင် မှာ ဘုရားရိပ်သို့ ဒုတိယအကြိမ် ဘုရား သမီးတော်အဖြစ် ငွေ ခိုလှုံမိ ပြန်သည်။ ငွေလိုင်းအိမ် မဓသုဝတီ အဖြစ် ပျော်သလောက်နေဦးမည် စိတ်ကူးသည်။ ညစ်ညူးနေသော စိတ်တို့ကို စိတ်နှင့်ပင် စင်ကြယ်စေ ရဦးမည်။ ဒီကြားထဲ ငွေ အရာရာကို မေ့ထားလိုက်ချင်ပါသည်လေ။

မေမေကတော့ ငွေ့တိုးတိုးဖော် အဖြစ် ငွေ့ရင်ထဲ တိုက်ရိုက်မြင်ရှာ သည်မို့ ဘာမှ ဝင်မပြောပေ။ မိန်းမ သားချင်းမို့ "သူတို့ မိသားစုလေး ပြန်ပေါင်းကြပါစေကွယ်" လို့တော့ မဆိုသာဆိုသာ ဝင်ပြောလာရှာ သည်။ ငွေ့မှာသာ ဘာဆုံးဖြတ်ချက် မှ မချနိုင်ဘဲ ရုတ်တရက် သီလရှင် နောက်တစ်ကြိမ် ဝတ်ပစ်လိုက်တာ ဖြစ်သည်၊ ဒီတစ်ခါတော့ လူတွေ နားလည်ထားကြသလို အပူနှင့်မို့ အေးရာအေးကြောင်း ဘုရားရိပ် ခိုမိ တာ ငွေ ဝန်ခံလိုပါသည်။

မနက်ဆို အိပ်ရာမှအစောကြီး ထကာ ဆရာကြီးနှင့်အတူ ဘုရား ကန်တော့ ဝတ်တက်ကြသည်။ ဆွမ်းချက်ကာ မြတ်စွာဘုရားအား အရုဏ်ဆွမ်းတော် ကပ်ကြသည်။ ကျောင်းဝင်းအတွင်း ပရိဝုဏ်တစ်ခု လုံးကို တံမြက်စည်းလှဲကျင်း၊ ပြီး လျှင် ဆရာကြီးအတွက် ချိုးရေ ဖြည့် ပေးသည်။ ဒါ မဓသုဝတီ၏ နေ့စဉ် နံနက်ပိုင်းအလုပ်တွေ ဖြစ်သည်။ ဘယ်သူကမှ မခိုင်းသော်လည်း အလုပ်နှင့်လက် မပြတ်ခြင်းဖြင့် ငွေ့ စိတ်တို့ကို ပစ္စုပ္ပန်တွင်သာ တည်စေ ခြင်းပင်။

နေ့ဆွမ်းမစားခင် ဆန်ခံထွက် လျှင်လည်း ငွေပါသည်။ ဆန်ခံထွက် ခြင်းမှာ ပင်ပန်းလွန်း၍ ငွေ့လို ဖြူ ဖျော့ဖျော့ကို ဆရာလေးများက မလိုက်စေချင်ကြ။ မည်သို့ပင် အား တင်းကာ ဇယ်ဆက်သလိုအလုပ်တွေ လုပ်နေသော်ငြား ငွေ့ခန္ဓာကမလိုက် နိုင်။ တကယ်တော့ ငွေ ပင်ပန်းလှပြီ။ ညညကျ အိပ်ရေးမဝ၊ နေ့ဘက်ကျ ပင်ပန်းစေကာမူ ခိုင်းနွားနှင့်တူသော ခန္ဓာကို ငွေက တယ်မညှာချင်။

တစ်နေ့တော့ တဘက်ကလေး ခေါင်းပေါ်တင်ကာ ဆန်ခံနေရင်း လက်ထဲမှ မောင်းထောင်ချိုင့်လေး လွတ်ကျသည်အထိ ငွေ့ခေါင်းထဲ မိုက်ခနဲဖြစ်ကာ ချာချာလည်လာ သည်မို့ ဆရာလေးများနှင့် ဆက်မ လိုက်နိုင်တော့ဘဲ ကျောင်းသို့ ခပ် ဖြည်းဖြည်း ပြန်လျှောက်လာရသည်။ ကျောင်းရောက်သော် ခုတင်ပေါ် လှဲရင်း မျက်စိစုံမှိတ် ထားလျက်က ဘယ်လိုမှ မနေနိုင်၊ မျက်နှာကြက် တစ်ခုလုံးချာလည်နေကာ ရှူဆေး လည်းမကယ်နိုင်အောင် မူးမိုက်နေ တော့၏။

နောက်တော့ ရုတ်တရက် မှောင်အတိကျကာ ငွေ ဘာကိုမှမသိ တော့။

Asian Fame Media Group

ငွေ သတိပြန်ရလာသော် ပထမဦးဆုံး မြင်ရသည်က အပေါ်ကစီးမိုးကြည့်နေသော မျက်ရည်များနှင့် မေမေ့မျက်နှာ။ ပြီးတော့ မေမေ့ဘေးမှာ စိုးရိမ်ပူပန်သော မျက်နှာများနှင့် ဆရာလေးများ။ ငွေ မေမေ့ကို အားတင်းကာ ပြုံးပြလိုက်မိသည်။

"ဒကာမကြီး ဘာမှ စိတ်မပူပါနဲ့နော်၊ ဆရာလေး အားနည်းလို့ နေမှာပါ။ နားလိုက်ရင် ကောင်းသွားမှာ"

မေမေက ဘာမှ ပြန်မပြောဘဲ ငွေ့နားသယ်စပ်လေးကိုသာ ပွတ်သပ်လျက် မျက်ရည်ကျလို့ နေသည်။

"ကဲ ဒကာမကြီး ညနေ သိပ်မစောင်းခင် ပြန်တော့နော်၊ တော်ကြာ အိမ်မှာ ဒကာကြီး စိတ်ပူနေဦးမယ်"

"ဆရာလေးတို့ သမီးကို တပည့်တော် ပြန်ခေါ်သွားချင်လို့ ရမလား ဘုရား"

မေမေသည် ငွေ့ကို ဘာမှ ပြန်ပြောမနေဘဲ ဆရာလေးများကိုသာ သူလိုချင်သည်ကို ဦးတိုက်လျှောက်လေသည်။

"ဟင့်အင်း ဆရာလေး လူမထွက်ချင်သေးပါဘူး ဒကာမကြီးရယ်၊ ပျော်သလောက်တော့ နေဦးမယ် စိတ်ကူးတယ်"

ဆရာလေးများ ဘာမှပြန်မဖြေနိုင်ခင် ငွေကပင် ဦးအောင်ဖြေနှင့်သည်။

"သမီး ငွေ နေလည်းကောင်းတာ မဟုတ်ဘဲနဲ့ကွယ်၊ နေကောင်းတော့ ထပ်ဝတ်တာပေါ့နော်"

ငွေက ဘယ်လိုပင် ဆရာလေးနှင့် ဒကာမကြီးပဲ သံယောဇဉ်ဖြတ်ကာ ခေါ်သော်လည်း မေမေကတော့ မေမေနှင့် သမီးပဲ ရည်ညွှန်းပြောဆိုနေတော့သည်။ မေမေ လောင်ကျွမ်းနေသော သမုဒယမီးမှာ ပူလောင်လွန်းလှပေစွ။

"ဆရာဝန်ကလည်း နားလိုက်စေချင်တယ်၊ သမီးက ငယ်ငယ်လေးတည်းက နှလုံးအားလည်း မကောင်း၊ သွေးအားလည်းနည်းတဲ့ ရောဂါရှိနေတာလေနော် သမီး၊ မေမေနဲ့ ပြန်လိုက်ခဲ့နော်"

ငွေ့မှာ သွေးအားနည်းသည့် ရောဂါ၊ နှလုံးအားနည်းသည့် ရောဂါအခံရှိတာကိုတော့ ငွေ ငယ်ငယ်ကလေးထဲက သိထားပါသည်။ ထို့ကြောင့် မေမေ ဘယ်လောက်စိတ်ပူနေမည်ကို ငွေ နားလည်၍ရသည်။ ငွေကတော့ ငွေ့ရောဂါထက် မေမေ့ကို ဦးဦးအကြောင်းသာ မေးလိုက်ချင်နေသည်။ ဒီရက်တွေအတွင်းမှာ ဦးဦးများ အိမ်ကိုလာသေးလား၊ ငွေ ဘာမပြော ညာမပြောနှင့် သီလရှင်ဝတ်လိုက်တာကိုများ ဦးဦး စိတ်ဆိုးနေသလား၊ မမစိုးနှင့် ဦးဦး အခြေအနေကရော ဘယ်လိုများလဲ၊ ငွေမရှိတော့ သူတို့နှစ်ယောက် ပိုအနေနီးမှာပဲ၊ ငွေ ဒီကျောင်းမှာ သီလရှင် ဝတ်နေတာကိုရော မေမေ ဦးဦးကို ပြောပြမိသေးလား။ ခုလို့ပါပဲ။ ငွေ့အတွေးတို့ကို တမင်မေ့ထားသော ဦးဦးအကြောင်းများက ရုတ်တရက် ဝင်ရောက် သိမ်းပိုက်တော့သည်။ ငွေ အငိုက်မိပြီ။ ငွေ တရားလက်လွှတ်ပြီ။ သီလရှင်ဝတ်နှင့် မအပ်စပ်သော အတွေးများ တွေးမိလေပြီ။ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်မိတော့ မေမေက သူ့အိမ်ပြန် ဖို့ခေါ်သည်ကို ငွေ ငြင်းသည် အထင်နှင့် စိတ်မကောင်းစွာ မျက်ရည်ကျပြန်သည်။

"ဆရာလေး ပြန်လိုက်ခဲ့ပါမယ် ဒကာမကြီးရဲ့၊ မနက်ဖြန် လာခေါ်လေ၊ ဆရာကြီး ကိုလည်း လျှောက်ရဦးမယ် မဟုတ်လား၊ ပြီးတော့ သိက္ခာချ၊ အဝတ်လဲရမှာနဲ့၊ ဒီနေ့တော့ အချိန်မရှိတော့ဘူးလေ"

"အင်း ဒါဆိုလည်း မေမေပြန်မယ်၊ မနက်ဖြန် လာခေါ်မယ်နော် သမီး ငွေ ညအိပ်ပျော်အောင် အိပ်ဦး"

ပါးပေါ်မှာ မျက်ရည်မခြောက်သေးသော မေမေ့ကို ငွေ အားယူပြုံးပြလိုက်လေသည်။

(၉)

နောက်တစ်နေ့ မနက်မိုးလင်းလင်းချင်း ဆရာကြီးအား ငွေ့ကို ဘုရားသမီးတော်အဖြစ်မှ သိက္ခာချပေးစေကာ ဧကသီ၊ ဝတ်ရုံနှင့်တကွသော ငွေ့သီလရှင်ဝတ်စုံသုံးစုံအား သေသပ်စွာခေါက်လျက် ကျောင်းသို့ လှူဒါန်း၏။ သီလရှင် အဖြစ်နှင့် မအပ်စပ်၍ ချွတ်သိမ်းထားသော စိန်နားကပ်လေးတစ်စုံနှင့် ဦးဦးပေးထားသော ပလက်တီနမ် လက်စွပ်မောင်းကွင်း ထုထုလေးတို့ကို ပြန်ဝတ်သည်။ လောကဓံတရားသည် ငွေ့အပေါ် အလိုမလိုက်၊ ပျော်သလောက်ဝတ်မည် ဆုံးဖြတ်ထားသော်မှ အခြေအနေမပေး၊ ငွေသည် ဘုရားသမီးတော် မဇ္ဈိသုဝတီအဖြစ်မှ ငွေလှိုင်းအိ ဖြစ်ခဲ့ရပြန်သည်။ ဘာပဲဖြစ်ဖြစ် ငွေ့စိတ်က မေမေ့ကို စိတ်ချမ်းသာစေချင်နေသည်။

မနေ့က ဦးဦးနှင့်ပတ်သက်ပြီး မေမေ ဘာမှပြောမသွားပါ။ မပြောသင့်လို့လည်း ဖြစ်မည်၊ ပြောစရာမရှိတာလည်း ဖြစ်နိုင်သည်။ ဦးဦး တကယ်ပဲ နေနိုင်လွန်းတာများလား၊ ဒါမှမဟုတ် မေမေ တစ်ခုခု ပြောလိုက်လို့များလား။ ငွေကရော ဘယ်လိုဆုံးဖြတ်မှာလဲ။ သေချာတာကတော့ ငွေသည် မမစိုးနှင့်ပြိုင်မလုချင်။ ငွေ့ရှေ့ရေးကို အလေးအနက်စဉ်းစားရလျှင် ဘာလုပ်ချင်တာလဲဆိုတာထက် ခုချိန်မှာ ငွေ ဘာလုပ်သင့်သလဲဆိုတာကိုသာ ဦးစားပေးစဉ်းစားဖို့ပင်။ ငွေ့စိတ်တို့ လူလားမြောက်ပြီ ထင်မိသည်။

ကျေနပ်တတ်မည် ဆိုလျှင်တော့ ဒီမျှနှင့် ငွေ ကျေနပ်နိုင်ပါသည်။ ဦးဦး၏အချစ်၊ ဦးဦး၏ အကြင်နာ၊ ငွေ့ဘဝမှာ တစ်ခါမှ မရခဲ့ဖူးသော စိတ်ခံစားမှု၊ လူတစ်ယောက်အပေါ် ချစ်မြတ်နိုးမှု။ ငွေ တကယ်ပဲ ကြည်နူးရပါသည်။ လူတစ်ယောက်အပေါ် မြတ်မြတ်နိုးနိုးနှင့် တစ်သက်လုံး ချစ်သွားဖို့ဆိုတာ အတူနေကြရမှ မဟုတ်တာ။ ငွေသည် မှန်ဝိုင်းလေးထဲမှာ မြင်နေရသော ဦးပြည်းစိမ်းစိမ်းနှင့် မျက်နှာချောင်လေးကို ကြည့်ကာ အားပေးပြုံးလေးပြုံးလိုက်မိလေသည်။

ဆရာကြီးပြောခဲ့သလို အချို့အခါး နှစ်ပင်လိမ်ကျွေးသော လောကဓံကြီးက ငွေ့ထံကိုမှ အခါး ပိုပိုသာသာ ထည့်ပေးလိုက်ဟန်တူပါသည်။ မည်သို့ပင်ဖြစ်စေ ကြယ်ကလေး တစ်ပွင့်အကြောင်း သင်ကြားပေးခဲ့သောဦးဦးကို ငွေ ကျေးဇူးတင်ရသည်။ ငွေကတော့ ကြယ်မစုံသော ဘဝ ကောင်းကင် ကြီးထဲမှာ တစ်ယောက်တည်း ဆက်လက်လျှောက်လှမ်းကာ လောကဓံကို ကြံ့ကြံ့ခံချင်သေးသည်၊ ငွေ့မှာ လုံလောက်သောအင်အားတွေ ရှိနေသည်ဟု ငွေ ယုံသည်။

ငွေသည် မေမေ့ကို စောင့်ရင်း အထုပ်လေးဆွဲကာ ကျောင်းအပြင်ဝဆီ လျှောက်လာခဲ့သည်။ ကျောင်းက လမ်းသွယ်လေးထဲမှာမို့ လမ်းမကြီးပေါ်ကိုရောက်ဖို့ ဆယ်မိနစ်မျှ လမ်းလျှောက်ရသေးသည်။ မာခဲသော မြေနီလမ်းသွယ်လေးအတိုင်း လျှောက်လာရင်း လမ်းဘေးဝဲယာက မြက်ပင်ရှည်ကြီးတွေကို ငေးကြည့်နေမိသည်။

ဒီလောက် နေပူပူကြီး ထဲမှာ . .

ဒီလောက် ရှည်လျားသန်စွမ်းကာ၊ စိမ်းမြလျက်က ယိမ်းနွဲ့လှုပနေနိုင်သည်မှာ ဘယ်လို ခွန်အားများကြောင့်ပါလိမ့်၊ သဘောကျလိုက်တာ။ ငွေ့ကို ခွန်အားတွေ မျှဝေပေးပါဦးလား မြက်ပင်ရှည်ကြီးတွေရယ်။ ငွေ့ အတွေးကို သဘောကျတာ တစ်ယောက်တည်း ကြောင်အအ ပြုံးမိလေသည်။

အပြုံးနှင့်အတူ ငွေ့စိတ်ကလေး အေးချမ်းပေါ့ပါးလို့လာသည်။ ရုတ်တရက် ငွေ ပျော်လာသည်။ ညာဘက်လက် လက်သူကြွယ်မှာဝတ်ထားသော ပလက်တီနမ်လက်စွပ်လေးနှင့် ငွေ့နှလုံးသားတို့ကို စိတ်ထဲမှာ ပူးကပ်ချည်တွဲလိုက်၏။ ပြီးမှ လက်စွပ်လေးကို လက်မှ ချွတ်ယူကာ မြက်ပင်ရှည်ကြီးတွေရှိရာဆီ အားကုန် ပစ်ပေါက်လိုက်လေတော့သည်။

ရှေ့မှာ လမ်းမကြီးကို မြင်နေရပြီ။ မေမေကတော့ဖြင့် ခုထိ မလာနိုင်သေး။

**ချစ်ကြည်အေး**




Asian Fame Media Group

ခရစ္စမတ်ညများစွာကို ဖြတ်သန်းခဲ့ဖူးသည့် တိုင်အောင် သည်ညမှာလို တစ်ယောက်တည်း မဟုတ်ခဲ့တာကိုကဘဲ ကျွန်မကို မရေမရာ ခံစားမှုတွေ ပေးနေတော့တယ်။ အခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေရင်း ခေါင်းထဲမှာ တခွေ သရဲကောင်တွေ ဝင်ပူးနေသလို အတိတ်က အသံဗလံတွေ ဆူညံနေတယ်။ ရေထဲမှာ ငုပ်နေတဲ့အခါ အသံတွေကို ဗလုံးဗထွေး ကြားရသလိုမျိုးပေါ့ရှင်။ အရင်က ဖြတ်သန်းခဲ့ဖူးတဲ့ ခရစ္စမတ်ညတွေကို အရေးရေး အထွေးထွေး ပြန်မြင်ပြန်ကြား နေမိတာကိုကပဲ လူကို ရူးမတတ် ဖြစ်စေတယ်လေ။

# စကားပြောဖော်

# မာကီကာ

ထွေးဟိုရဲသ



ကလေးဘဝတုန်းကတော့ ခရစ္စမတ်ညတွေကျရင် အိမ်မှာ မောင်နှမသားချင်းတွေ စုံစုံညီညီနဲ့ မုန့်တွေစားကြ၊ သီချင်းတွေဆိုကြ၊ ခရစ္စမတ်သစ်ပင်ကလေးက လက်ဆောင်တွေကို ယူကြနဲ့ ပျော်စရာကောင်းလိုက်ပါဘိတော့။ အပျိုပေါက်အရွယ်ရောက်လာတော့လည်း ခရစ္စမတ်ကျရင် ဖေဖေ မေမေတို့နဲ့အတူတူ ရပ်ဝေးမြေခြား ရောက်နေတဲ့ ဆွေမျိုးတွေဆီက စာတွေကို ဖတ်လိုက်၊ သတိရလိုက်၊ ပျော်လိုက်၊ သီချင်းတွေ ဆိုလိုက်နဲ့ပါပဲ။ ချစ်သူနဲ့ဖြတ်သန်းရတဲ့ ခရစ္စမတ် ညတွေမှာတော့ ဝိုင်ရယ် အနမ်းတွေ ရယ်နဲ့အတူ အမှောင်ထုထဲကို တူတူ လမ်းလျှောက်ခဲ့ကြသေးသပေါ့။ ကောင်းကင်ကြီးမှာ ကြယ်တွေစုံလို့၊ မြက်ခင်းတွေစိမ်းလို့၊ ကျွန်မကိုယ်တိုင်ကတော့ ရီဝေဝေယစ်မူးလို့၊

ခုညမှာတော့ ကျွန်မ တစ်ယောက်တည်း . . . ။

ဒါပေမဲ့ အထီးကျန် ဖြစ်နေတာ ကျွန်မ တစ်ယောက်တည်းလို့တော့ မဆိုနိုင်ပါဘူး။ ခရစ္စမတ်ညတွေမှာ ကျွန်မလိုပဲ တစ်ကိုယ်တော်ဖြစ်နေသူတွေ သန်းနဲ့ချီပြီး ရှိနေကြမှာပါ။ ဒီတော့ ခုလည်း သူတို့နဲ့ ကျွန်မ အတူတူပဲပေါ့။ တစ်လောကလုံးမှာ ကျွန်မ တစ်ယောက်တည်း ဖြစ်နေတာမှ မဟုတ်တာ။ အထီးကျန် အဖော်တွေ အများကြီးရှိတယ်ဆိုတဲ့ စိတ်ကြောင့် သိပ်အထီးကျန် မဆန်တော့သလို ခံစားရပါတယ်၊ ဒါကြောင့်ပဲ မျက်လုံးတွေကို မှိတ်ထားလိုက်ပြီး အတိတ်နဲ့ အနာဂတ်ကို မတွေးတော့ဘဲ ပစ္စုပ္ပန်မှာပဲ တည့်တည့် နေဖြစ်အောင် ကြိုးစားနေရတော့တယ်။ အဲဒီလို နေလိုက်တာဟာ ကိုယ့်အတွက် အသက်သာဆုံး ဆိုတာကိုတော့ ဘယ်သူမှ

Asian Fame Media Group
af MEDIA GROUP

ငြင်းနိုင်မှာ မဟုတ်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ်လေ ကျွန်မ အခန်းထဲကို လူငယ် တစ်ယောက် ရောက်လာတာကြောင့် ကျွန်မရဲ့ အထီးကျန် ခံစားမှု ပျောက်သွားရတာကတော့ သေချာတယ်။ ဘာဘာညာညာ မဟုတ်ပါဘူး။ ကျွန်မလို အသက်ငါးဆယ်နား နီးနေပြီဖြစ်တဲ့ အပျိုကြီး တစ်ယောက်အတွက် ဒါဟာ ဘယ်လိုမှ ရင်ခုန်စရာမဟုတ်ပါဘူး။ အခန်းထဲကို ဝင်လာတဲ့ ကောင်လေးကတော့ ပုံပန်းမကျတဲ့ အဝတ်အစား ဖိုသီဖတ်သီနဲ့ အသက်နှစ်ဆယ်သာသာလောက်ပဲ ရှိမယ် ထင်ရတယ်။ တံခါးမခေါက် ဘာမခေါက်နဲ့ အခန်းထဲကို ရောက်လာတော့ မူးနေတာများလားလို့လည်း တွေးလိုက်မိသေးတယ်။ ဒါပေမဲ့ ကောင်လေးကို ကြည့်ရတာ မူးနေတဲ့ ပုံတော့ မပေါက်ဘူး။ တစ်ခုခုကို လန့်နေသလိုတော့ ထင်ရတယ်။

"ဆောရီးပါဗျာ။ ကျွန်တော့် အခန်းထင်ပြီး ဝင်လိုက်မိတာပါ" လို့ ပြောပြီး အခန်းထဲက ပြန်ထွက်မလို လုပ်ရင်းက "ခင်ဗျား တစ်ယောက်တည်းလား" လို့ ဆက်မေးနေတာကြောင့်

"ဟုတ်တယ်လေ ထူးဆန်းနေလို့လား" လို့ ပြန်ပြောလိုက်တယ်။

"ဆန်းတယ်တော့ မဟုတ်ဘူးဗျ။ အဖြစ်ချင်း တူနေတာကတော့ ဟုတ်တယ်။ ကျွန်တော် ဒီမှာထိုင်ပြီး စကားလေး ဘာလေး ပြောလို့ ရမလား" လို့ သူက ထပ်ပြောပြန်တယ်။

"အင်း မင်းကို ကြိုဆိုပါတယ်" လို့ ပြန်ပြောပြီး ထိုင်ခုံတစ်လုံးကို လက်နဲ့ ညွှန်ပြလိုက်တော့ သူလည်း ငြိမ်းဆို ထိုင်ချလိုက်တော့တာပါပဲ။

"တကယ်ကို ကျွန်တော့်အခန်းထင်ပြီး ဝင်လာမိတာပါဗျာ။ တခြား ဘယ်လို အကြံအစည်မှ မရှိပါဘူး" လို့ သူက ထပ်ရှင်းပြနေပြန်တယ်။

"မင်း ခုလို အခန်းမှားပြီးဝင်မိတာပဲ ကောင်းသေးတော့ကွယ်။ စကားပြောဖော်ရတာပေါ့။ ဒါပေမဲ့ မင်းလို ငယ်ငယ်ရွယ်ရွယ်တစ်ယောက် ခရစ္စမတ်ညမှာ တစ်ယောက်တည်း ဖြစ်နေတာကတော့ ထူးနေသလိုပဲ"

"ကျွန်တော့်ဇာတိမြို့ကို ပြန်ချင်ပေမယ့် ဒီမှာ လုပ်စရာလေးတွေ ရှိလေတော့ မပြန်နိုင်သေးဘူးဖြစ်နေတာ။ ကျွန်တော်က စာရေးဆရာ တစ်ယောက်ပါ"

"ဪ . . . မင်းတို့အလုပ်က လည်း ဒီလိုရှိသေးတာပဲလား"

"အဓိကကတော့ဗျာ ကျွန်တော့် အိမ်ကခုလို စာရေးနေတာကို မကြိုက်တာကြောင့်ပါပဲ။ သူတို့က ကျွန်တော့်ကို အင်ဂျင်နီယာလိုမျိုး ဆရာဝန်လိုမျိုး ဒါမှမဟုတ် အရာရှိကြီး တစ်ယောက်ယောက်ပေါ့လေ အဲဒီလို ဖြစ်စေချင်တာကို ကျွန်တော်က ကိုယ်ဝါသနာပါရာပဲ ဇွတ်လုပ်နေတာ"

"အေးလေ . . . ကိုယ်ဝါသနာပါရာကို လုပ်နေတော့လည်း တစ်မျိုးကောင်းတာပါပဲ။ ဒါနဲ့ ဘာတွေများ ရေးသလဲကွ"

"ကဗျာနဲ့ နေ့စဉ်မှတ်တမ်းကို တွဲထားတာမျိုးရေးပြီး စာအုပ်ထုတ်ဖူးတယ်၊ စာအုပ်နာမည်က 'ကျွန်တော်နှင့် ကျွန်တော့်ကဗျာ' ဆိုတာပေါ့။ ကျွန်တော့်ကလောင်နာမည်က ရှိန်ခွာတဲ့။ ကျွန်တော့်မိသားစုကတော့ ကျွန်တော် စာတွေ ကဗျာတွေ ရေးနေတာကို အသိအမှတ် မပြုပါဘူး။ ကောင်းတယ်လို့လည်း မထင်ဘူး။ ကျွန်တော့်ကိုလည်း ငယ်သေးတယ်လို့ပဲ ထင်နေကြတယ်။ ကျွန်တော့် ကိုယ် ကျွန်တော်ကတော့ ငယ်တယ်လို့လည်း မထင်မိဘူး။ ကိုယ် ဝါသနာပါရာကို ရိုးရိုးသားသား လုပ်နေရတာကိုလည်း ဂုဏ်ယူတယ်။ တစ်ခါတလေ ဘဝမှာ လုပ်စရာတွေ အများကြီး လုပ်ခဲ့ဖူးတဲ့ လူကြီး တစ်ယောက်လို့တောင် ကိုယ့်ကိုယ်ကိုယ် ထင်မိသေးတော့"

"အနုပညာ ဖန်တီးမှု ယန္တရားကြီးကို တစ်ပတ်ပြီးတစ်ပတ် လှည့်နေတယ် ဆိုပါတော့"

"ဟုတ်ပဗျာ။ ဟုတ်ပ. . . အစ်မကြီး ပြောတာ ကွက်တိပါပဲ။ ကျွန်တော့်စာအုပ်ကို ဖတ်ဖြစ်အောင် ဖတ်စေချင်တယ်၊ ဖတ်ကြည့်စမ်းပါ။ ဖတ်ကြည့်လိုက်စမ်းပါ"

သူ့ပုံစံ မှုမမှန်တော့ဘဲ အသံက အတော်ကျယ်လာပြီး သူ့မျက်လုံးတွေထဲမှာလည်း ကြောက်ရိပ်တွေ ထင်လာတာကို ကျွန်မ သတိထားမိလိုက်တယ်။

ဒါကြောင့်ပဲ "ကဲပါကွာ . . . တို့ရဲ့ ခရစ္စမတ်ကို လေးလေးနက်နက် ကျင်းပလိုက်ရအောင်။ နေဦး ငါ မင်းအတွက် ကော်ဖီသွားဖျော်လိုက်ဦးမယ်။ ကိတ်မုန့်ကောင်းကောင်းလည်း ငါ့မှာရှိတယ်၊ ခဏစောင့်" လို့ပြောပြီး ကော်ဖီဖျော်ဖို့ နောက်ဖေးဘက် ဝင်လိုက်ပါတယ်။

ကျွန်မ ကော်ဖီနဲ့မုန့်တွေယူပြီး အိမ်ရှေ့ခန်း ပြန်ရောက်တော့ သူ မရှိတော့ပါဘူး။ စိတ်ထဲမှာလည်း စနိုးစနောင့် ဖြစ်မိတယ်၊ ဘယ်လို ကောင်လေးပါလိမ့်လို့လည်း စိတ်ထဲမှာ ထင်မိလိုက်တယ်။

ဒီတော့ကာ ကိုယ့်ကော်ဖီကို ကိုယ့်ဘာသာကိုယ်ပဲ ပြန်သောက်ရတော့မှာပေါ့။ စာအုပ်လေးတစ်အုပ်လောက် ဖတ်ပြီး ကော်ဖီသောက်ရင် ပိုကောင်းမယ်လို့ တွေးမိတာကြောင့် စာအုပ်တွေ အများကြီးရှိတဲ့ စာအုပ်စင်တွေဘက်ကို လှည့်လိုက်တယ်။ ကျွန်မ အခန်းရှင်ရဲ့ စာအုပ်တွေပါ။ သူကလည်း "ဒီစာအုပ်တွေ ရှိနေလို့ ရှင့်အတွက် ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်လောက်ဘူးလို့ ထင်ပါတယ်၊ သွားလေသူ ကျွန်မခင်ပွန်း အင်မတန်မှကို အမြတ်တနိုးထားတဲ့ စာအုပ်တွေ ဆိုတော့ မပစ်ရက်ဘူးရှင်၊ တခြား ထားစရာနေရာလည်း မရှိပြန်တာကြောင့် ဒီမှာပဲ ထားပါရစေ၊ ဒီအတွက်လည်း အခန်းခကို လျှော့ယူပါ့မယ်" လို့ ဒီအခန်းကို မငှားခင်ကတည်းက သေသေချာချာကို မှာသွားသေးတာ။ ကျွန်မကလည်း အဲဒီအတွက် ဘယ်လိုမှ သဘောမထားကြောင်း စာအုပ်စာပေဆိုတာ လူ့မိတ်ဆွေတွေ ဖြစ်ကြောင်း သူ့ကို ပြန်ပြောခဲ့ပါသေးတယ်။

ဒီအခန်းကို ငှားပြီးနေတာ ၁၀ လလောက် ရှိနေပြီ ဖြစ်ပေမယ့် စာအုပ်တွေကို သေသေချာချာ မမွှေကြည့်ဖူးသေးဘူးလေ။ အခုမှ သေသေချာချာ ကြည့်မိတော့ ကျွန်မနဲ့



Asian Fame Media Group

သိပ်မရင်းနှီးတဲ့ စာအုပ်တွေဖြစ်နေတာ တွေ့ရတယ်။ စာအုပ်အဟောင်းတွေ များတယ်။ ကျမ်းစာအုပ်တွေရှိသလို၊ ကဗျာစာအုပ်တွေ ဝတ္ထုစာအုပ် အထူကြီးတွေလည်း အများကြီးပဲ။ များသောအားဖြင့်ကတော့ ကျွန်မ မဖတ်ဖူးတာတွေချည်းပါပဲ။ စာအုပ်တွေကို လျှောက်ကြည့်နေရင်းက 'ကျွန်တော်နှင့် ကျွန်တော့်ကဗျာ' ဆိုတဲ့ စာအုပ် အပါးလေးတစ်အုပ်ကို အမှတ်မထင် သွားတွေ့တော့ ထိတ်ခနဲတောင် ဖြစ်မိတယ်။ ခုနက ကောင်လေး ပြောသွားတဲ့ စာအုပ် မဟုတ်လား။ စာအုပ်က အတော် ဟောင်းနေတာကြောင့် စာရေးသူ နာမည်ကို ကြည့်လိုက်တော့ 'ရိုဖြာ' တဲ့။ ဒါဆို သေချာပါပြီ။ သူရေးတဲ့စာအုပ်ဆိုတာပါပဲ။ ဒါပေမဲ့ စာအုပ်က သူ့ထက်တောင် အသက်ကြီးသလို ဖြစ်နေတာကြောင့် ပုံနှိပ်မှတ်တမ်းကို အမြန်လှန်လှောကြည့်မိလိုက်တယ်။

၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပုံနှိပ်တဲ့စာအုပ်။ အလိုလေး . . . ကျွန်မတောင် မမွေးခင်ကပါလား။ သူရေးတာ ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ။ ဒီကောင်လေး ကျွန်မကို အတည်ပေါက်နဲ့ လာညာသွားပါပကောလို့ တွေးလိုက်မိပြီး စာအုပ်ကို ယူလာလိုက်တော့တယ်။ အိမ်ရှေ့မှာ ကော်ဖီလေးသောက်ရင်း စာအုပ်ကို ဖတ်ကြည့်လိုက်တော့ သူပြောသွားသလိုပါပဲ။ ဘဝမှာ ကြုံခဲ့ရတာတွေကို ကဗျာဆန်ဆန် အသုံးအနှုန်းတွေ ဝါကျ တည်ဆောက်ပုံတွေနဲ့ နေ့စဉ် မှတ်တမ်းတစ်ခု ရေးထားတာပါပဲ။ စာပိုဒ်တွေမှာ နေ့စွဲတွေ တပ်ထားတယ်။ ကိုယ်ပိုင်ခံစားချက်တွေကိုလည်း ရေးထားတယ်။ မိဘတွေက စာတွေ ကဗျာတွေ ရေးတာကို မကြိုက်တာ သဘောမတူတာတွေလည်း ပါတယ်။ ဒါနဲ့ စာဖတ်သူတွေရဲ့ ထုံးစံအတိုင်းပဲ နောက်ဆုံး ဘာဖြစ်မယ်ဆိုတာ သိချင်တာကြောင့် နောက်ဆုံး စာမျက်နှာတွေကို လှန်ကြည့်လိုက်တယ်။ နေ့စွဲက ၁၉၅၅ ခရစ္စမတ်ညတဲ့။

"အထီးကျန် ခရစ္စမတ်ညမှာ အထူးခြားဆုံးကို ကြုံတွေ့ရတယ်။ အပြင်က လမ်းလျှောက်ပြီး ပြန်အလာ အခန်းထဲကို ဝင်လိုက်တော့ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတာကြောင့် အခန်းမှားဝင်မိပြီလို့ ထင်လိုက်မိပေမယ့် မဟုတ်ဘူးဆိုတာ နောက်ပိုင်းကျ သိရပါတယ်။ အထီးကျန်နေတဲ့ ကျွန်တော်က သူနဲ့ ကြည်နူးဖွယ်ရာစကားတွေ ပြောဖြစ်ရင်း ကျွန်တော့် မျက်စိအောက်မှာတင် သူဟာ ဖျတ်ခနဲပျောက်သွားတော့တယ်။ ဒါဆို လူမဟုတ်ဘူးပေါ့။ တအွေခြောက်ပြီ ထင်တယ်။ ဒါပေမဲ့ သရဲဖြစ်ဖြစ် တစ္ဆေဖြစ်ဖြစ် ကျွန်တော် သူ့ကို မကြောက်ပါဘူး။ သူ့ကို နှစ်သက်

"အထီးကျန် ခရစ္စမတ်ညမှာ အထူးခြားဆုံးကို ကြုံတွေ့ရတယ်။ အပြင်က လမ်းလျှောက်ပြီး ပြန်အလာ အခန်းထဲကို ဝင်လိုက်တော့ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတာကြောင့် အခန်းမှားဝင်မိပြီလို့ ထင်လိုက်မိပေမယ့် မဟုတ်ဘူးဆိုတာ နောက်ပိုင်းကျ သိရပါတယ်။ အထီးကျန်နေတဲ့ ကျွန်တော်က သူနဲ့ ကြည်နူးဖွယ်ရာစကားတွေ ပြောဖြစ်ရင်း ကျွန်တော့် မျက်စိအောက်မှာတင် သူဟာ ဖျတ်ခနဲ ပျောက်သွားတော့တယ်"



စွဲလမ်းမိတာကြောင့်ပဲ။ ထပ်တောင် ဆုံချင်သေးတယ်။ စကားတွေ ထပ်ပြီး ပြောချင်သေးတယ်ဗျာ။ သို့သော် အခု ကျွန်တော် နေလို့ မကောင်းဘူး။ ဘယ်လိုကြီးဖြစ်နေမှန်းကို မသိဘူး။ ရင်ထဲကလည်း မကောင်းဘူး။ ဘာတစ်ခုမှ မကောင်းဘူး။ ဘယ်လိုမှ မကောင်းဘူး။ ဘယ်ဟာမှ မကောင်းဘူး။ ဘယ်သူမှ မကောင်းဘူးထင်တယ်ဗျာ . . . ။ ခရစ္စမတ်ညတွေမှာ ခုလိုတစ်ခါမှ မဖြစ်ခဲ့ဖူးဘူး" လို့ ရေးထားတယ်။

အဲဒီစာပိုဒ် အဆုံးမှာတော့ ထုတ်ဝေသူရဲ့ မှတ်ချက်ကို တွေ့ရတယ်။

"စာရေးဆရာ ရိုဖြာသည် ၁၉၅၅ ခုနှစ် ခရစ္စမတ်ညတွင်ပင် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်ခဲ့ပါသည်။ အထက်ပါစာပိုဒ်မှာ မကွယ်လွန်မီ နောက်ဆုံးရေးသားခဲ့ခြင်းဖြစ်သည်။ ယင်းစာပိုဒ်ထဲတွင် ပါရှိသည့် အမျိုးသမီးသည် သူမကွယ်လွန်မီ သူ့အား နောက်ဆုံးတွေ့ခဲ့သူ ဖြစ်ပေလိမ့်မည်။ ထိုအမျိုးသမီးအား ကျွန်ုပ်တို့ ထပ်မံ တွေ့ရလိမ့်ဦးမည်ဟု မျှော်လင့်ပါသော်လည်း ပေါ် မလာ

တော့ပါ။ ထိုအမျိုးသမီးမှာ ဆန်းကြယ်စွာပင် ပျောက်ဆုံးလျက်ရှိပါသည်။

**ဟက်ကာ**

*မှတ်ချက် - Rosemary Timperley ရဲ့ Christmas Meeting ကို ဆီလျော်အောင် ဘာသာပြန်ပါတယ်။*



# ပင်မြင့်စံ၊ ရွှေဘို၊

ရည်ညွှန်းဖွဲ့ သီချစ်သူဆီ

တိုးဝှေ့ ကျပ်သိပ်နေသော လူအုပ်ကြီးက စီးသွားတယ်မရှိဘဲ ပြည့်ကျပ်နေခဲ့သည်။ ဒီနေ့ ပွဲတော်အစရက်မို့ နတ်ပန်းဆက်သောသူများဖြင့် စည်ကားနေသည်။ ဆိုင်းသံ နတ်ဒိုးသံများဖြင့် စည်းချက်အလိုက် သူ လှုပ်လှုပ်ရှားရှားကနေမိသည်။ လက်ကလည်း မအားရအောင် ပန်းဆက်သူတွေလက်ထဲက ပန်းများယူ၍ အမေပုပ္ပါးမယ်တော်ကြီးကို ကပ်ရသည်။ ပြီးတော့ ပန်းတော်ကျတွေ ပြန်ပေးရသည်။ သူ့စိတ်တွေသည် လွတ်လပ်မှုများစွာဖြင့် ပျော်ပါးနေတော့သည်။

အဖေက သူမသွားခင်မှာလိုက်သေးသည်။ စောစောပြန်လာပြီး ညနေစောင်းတာနဲ့ ဖြီးလိမ်းပြင်ဆင်ပြီး အဆင်သင့်ဖြစ်နေပါစေ၊ ညကျရင် နတ်ချော့ရမယ်ဟု သေချာမှာထားသော်လည်း သူ မပြန်ချင်သေးပေ။ ကနားတဲကို ပြန်သွားရမှာ ပျင်းနေမိသည်။ အဖေကတော့ သူ့ကို ကိုယ့်ကနားတဲမှာပဲ နေစေချင်ခဲ့သည်။ နတ်မေးသော ဧည့်သည်တွေ မိတ်ဆွေတွေလာရင် သူ့ကိုရှိစေချင်ခဲ့သည်။ အဖေ့ထက်စာရင် သူ့ရဲ့ငယ်ဂုဏ်၊ ရုပ်ရည်ချောမောမှုတွေကြောင့် သူတို့တဲနန်းသည် သူများတဲတွေထက် ပို၍စည်ကားခဲ့သည်။

ဒီနတ်ပွဲကြီးပြီးရင်တော့ လက်ထဲမှာ ငွေအလုံးအရင်းနဲ့ ရှိနေဦးတော့မည်။ ဒီနှစ်က မနှစ်ကထက် ပိုပြီးစည်ကားတာမို့ မနှစ်ကထက် မြတ်ဦးမှာ သေချာသည်။ တက်ပွဲအတွက်လည်း မန္တလေးက အဖေ့မိတ်ဆွေတွေက တာဝန်ယူမှာမို့

Asian Fame Media Group



Asian Fame Media Group

စိတ်ပူစရာမရှိပေ။ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့မှာ တက်ပွဲကြီးချော့မှာမို့ သူပျော်မိသည်။ အချိန်တအချိန်ကောင်းမို့ လူငယ်ပီပီ ပို၍ပျော်မိသည်။

အိမ်ပြန်ရောက်တော့ အဖေ့ကိုပလက်တီနမ်ဆွဲကြိုးဝယ်နိုင်းမည်ဟု အပြန်လမ်းတစ်လျှောက် တွေးလာခဲ့မိသည်။ သူ့အတွေးတွေကို သူပြန်စဉ်းစားရင်း ကျေနပ်စွာ ပြုံးမိသည်။

"ဟော့. . ဟော့ ဒီမယ် ယူလိုက်ပါဦး"

နတ်ဒိုးနဲ့အတူ ယိမ်းထိုးနေမိသော ကိုယ်ခန္ဓာက ရုတ်တရက်မတ်သွားမိသည်။ လှမ်းနေသော လက်ထဲက ကန်တော့ပွဲကို ယူလိုက်မိသည်။ သူ့ကို စိုက်ကြည့်နေသော အကြည့်စူးစူးလေးက လွှဲဖယ်မသွားသလို သူလည်း မလွှဲဖယ်မိပေ။ ရင်ထဲမှာ ဘာဖြစ်မှန်းမသိအောင်နွေးတေးတေးလေးနဲ့ ရင်ထဲမှာလည်း တဒိန်းဒိန်းနဲ့ ရင်ခုန်သံက မြန်ဆန်လှသည်။ တစ်ခါမှ မခံစားဖူးတော့ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်အံ့ဩမိသည်။

"မေမေ ပြီးရင် ပြန်မယ်နော်လူတွေ အရမ်းတိုးတော့ ခေါင်းမူးတယ်"

ပျော့ပျောင်းသော ဆံပင်တွေကို ခါယမ်းပြောလိုက်သော သူမလေးရဲ့ဟန်ကို သူ နှစ်သက်စွဲလမ်းသွားမိတော့သည်။ သူ သဘောမကျတာက သူမလေးရဲ့ မျက်နှာပင်။ မယုံကြည်တာလိုလို ရယ်ချင်တာလိုလိုဖြစ်နေသော မျက်နှာက မိခင်ဆန္ဒကို မလွန်ဆန်ပုံရ၍သာ လိုက်လာသည့် ဟန်မျိုးပင်ဖြစ်သည်။ ဒါပေမဲ့ သူ့ရှေ့မှာ သူမလေးပျောက်ကွယ်သွားမှာ စိုးရိမ်သည့်စိတ်က ဖြစ်ပေါ်လာသည်။ သူ့ကို စိုက်ကြည့်ခဲ့သည့် သူမလေးရဲ့ ရှန်းလဲ့သော မျက်ဝန်းလေးတွေ ပျောက်ကွယ်သွားမှာ လွှမ်းသလိုလို ဆွေးသလိုလို ဖြစ်ကျန်ခဲ့ရသည်။ သူ စိတ်မပါတော့ဘဲ ပွဲခင်းတစ်လျှောက် ဈေးဆိုင်တန်းများကိုဖြတ်ပြီး ကနားတဲရှိရာသို့ ပြန်လာခဲ့သည်။

နတ်ကတော်လုပ်ရတာ အစပိုင်းမှာ သူသိပ်ရှက်ခဲ့ပေမယ့် သူလှမှန်းသိတတ်ကတည်းက အဖေ့ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်ဟာဒီအလုပ်တစ်ခုတည်းမို့ ကြာလာတော့ ဒီအလုပ်မှာပဲ စီးမျောပျော်ဝင်ပြီး နေသားတကျ ဖြစ်လာခဲ့သည်။



နတ်လောကမှာ 'မာမီအောင်' ဆိုပြီး နာမည်တစ်လုံးနှင့် ကျော်ကြားလွန်း သော အဖေဟာ အခြောက် အစစ်ကြီးတော့ မဟုတ်ခဲ့ပေ။ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနဲ့ ဖြီးလိမ်းပြင်ဆင်ပြီး နတ်ချော့နေရသည့် တိုင် အဖေ့၏ ပင်ကိုစိတ်မှာ ယောကျ်ားဆိုသောစိတ်ရှိနေခဲ့လို့သာ သူလူ့အဖြစ်ရှင်သန်ခဲ့ရလေတော့သည်။ အမေက အဖေ့ရဲ့ဝတ်လဲတော်အုပ် ခေါက်ပေးရင်း အဖေစားမယ့်ထမင်း ဟင်းတွေ ချက်ပေးရင်း မြန်မာပြည်အနှံ့ နတ်ပွဲတကာ လိုက်ခဲ့ရသည်။

**တလူးလူးတလိမ့်လိမ့်နဲ့**
**အိပ်မပျော်သော သူသည်**
**ဇာတ်ပွဲမှ သီချင်းသံတွေကို**
**အသာနားစွင့်နေမိသည်။**
**မကြာသေးခင် အချိန်က**
**အဖြစ်အပျက်တွေကို**
**ပြန်မြင်မိရင်း ရင်ခုန်သံတွေက**
**အရှိန် မပြယ်ချင်သေးပေ။**

အမေမဆုံးခင်အချိန် အထိတော့ သူဟာ နှုတ်ခမ်းနီမိတ်ကပ်တွေနဲ့ မနီးစပ်ခဲ့ပေ။ သူ ၁၀ တန်းအောင်ပြီး အဝေးသင်ဒုတိယနှစ်အထိ ရွှေဘိုမြို့လေးမှာပဲ အမေ့ါနဲ့ ကျန်နေခဲ့ရသည်၊ နတ်ဒိုးသံ၊ ဆိုင်းသံတွေဟာ သူနဲ့အစိမ်းသက်သက်ဖြစ်နေခဲ့သည်။ အမေဆုံးပါးသည့်အခါမှာတော့ အဖေ့မှာရှိသော နှလုံးရောဂါ၊ သွေးတိုးရောဂါတွေကြောင့် အဖေသွားရာနောက်သို့ သူလိုက်ပါရတော့သည်။ အစပိုင်းအဖေ နတ်ချော့ရင် ရှက်သလိုလိုဖြစ်ခဲ့ရပေမယ့် ကြာလာတော့ တဖြည်းဖြည်းနဲ့ နတ်ဒိုးသံဟာ သာယာညက်ညောလာခဲ့သည်။ ဆိုင်းသံဝိုင်းသံဟာ နားဝင်ပီယံ ဖြစ်လာခဲ့ရသည်၊ သူကိုယ်တိုင် စည်းချက်ညီညီယိမ်းနွဲ့ကတတ်လာခဲ့ရသည်။

လိပ်ပြာလှသောသူမို့ အမေနန်ကရိုင်းမယ်တော် ချစ်တော်မူသည်ဟု အဖေကပြောသဖြင့် သူနတ်ကတော်ဘဝကို ရောက်မှန်းမသိရောက်ခဲ့ရသည်၊ အခု ရွှေဆိုရွှေ ငွေဆိုငွေ အလျှံပယ်ဖြစ်လာသော နတ်ကတော်ဘဝကို နှံ့မင်လာခဲ့သည်။ ယုံကြည်သူလုပ်ငန်းရှင်တွေ များပြားလွန်းသောကြောင့် အခုလိုရတနာ့ဂူ၊ တောင်ပြုံးနတ်ပွဲတစ်ပွဲပြီးရင် အဖေ့မှာ လက်ကောက်တွေ တိုးလာသလို စွပ်ကျယ်ပေါ်က ရွှေဆွဲကြိုးကြီးကလည်း လေးသထက် လေးလာခဲ့သည်။ မိတ်ကပ်တွေနဲ့ အဆီပြန်နေခဲ့သော အဖေ့မျက်နှာပေါ်က အပြုံးတွေလည်း ဝေဆာခဲ့သည်။ သူ ကနားတဲနဲ့နီးလာတော့ အတွေးစကို ဖြတ်မိသည်။ ခဏလေးတွေ့လိုက်ရသော သူမလေး၏ မျက်နှာလေးကို သူ့အာရုံတွင် ပျောက်ဖျက်မရဖြစ်ရလေသည်။

"မာမီ့တောချက်တွေ မှန်လွန်းလို့ ဒီနှစ်တော့ ရောက်အောင် သွားမယ်ဆိုပြီးထွက်လာခဲ့တာ မာမီပြောတာတွေသာ ဖြစ်လာခဲ့ရင်တော့ ခင်ကြီးက ပုံအောပြီးကို ဆက်မှာ ကနားလည်းတီးပေးမှာ ကိုယ်တော်တွေ မအောင်သာ မာမီပြောပေး"

ကြားနေကျအသံတွေက တစ်နှစ်ထက်တစ်နှစ် မပြောင်းလဲမဆန်းပြားတာမို့ သူစိတ်မဝင်စားစွာ တဲအနောက်ထဲသို့သာ တန်းဝင်ဖို့ ပြင်လိုက်သည်။

"ဟဲ့ သူသူ မာမီရေ မာမီ ဒီမှာ သူသူ ပြန်လာပြီ"

မီးမီးရဲ့အသံကြောင့် သူ စိတ်ပျက်သွားသည်။ အဖေက သူ့ကို သိပ်ပွဲထုတ်ချင်သည်။

"အဲဒါ မာမီ့သားလေ သူချော့နေချိန်ဆိုရင် ဟောချက်တွေ သိပ်မှန်တာ ညီမကြီး မေးကြည့်ချင်မေးလေ"

အဖေက ကြေပန်းကန်ကလပ်လေးကို သူ့ရှေ့သို့ တိုးပေးသည်၊ သူ ဧည့်သည်အမျိုးသမီးကြီးကို မော့မကြည့်မိသေးပေ။

"မေမေ သင် သူ့ဆီမှာမေးကြည့်ချင်တယ်"

စူးရှအေးစက်သော အသံလေးကြောင့် မျက်လွှာကို ပင့်ကြည့်မိသည်။ 'ဟာ'ဆိုသော အသံတစ်ခုကို

နှုတ်ခမ်းနှစ်လွှာက ပွင့်အံလာခဲ့ရသလို စကားမဆိုနိုင်လောက်အောင် သူ ဆွံ့အသွားခဲ့ရသည်။

"ယွန်ကို သင်မေးချင်တာက သင်လေ လူတစ်ယောက်ရဲ့ဘဝကို ပြောင်းလဲပစ်ချင်တယ် အဲဒါ အောင်မြင်နိုင်မလားဆိုတာဘဲ"

ဒုတိယအကြိမ် မျက်ဝန်းချင်း ဆုံမိသည့်အတွက် ရင်ခုန်သံတွေ မြန်လာခဲ့ပြန်သည်။ သူမလေး၏ မျက်ဝန်းများကို လွှဲဖယ်လိုက်ရမည် ကိုပင် စိုးရိမ်နေခဲ့မိသည်။

"သင် မေးတာ ရှင်းရှင်းလေးပါ ယွန်ရဲ့ ကြွေတွေကို ဖွင့်လိုက်ပါ"

တုန်ယင်နေသော လက်တွေဖြင့် ကြွေတွေကို ကာလပ်ပေါ် ဖွင့်လိုက်သည်။ သူ့ကို စောင့်ကြည့်နေသော လူအများရှေ့တွင် သူ ယုံကြည်မှုတွေ နည်းပါးလာခဲ့သည်။ တစ်လုံးမှမပွင့်သော ကြွေကလပ်ကို တွန်းရွှေ့ရင်း "မအောင်မြင်နိုင်ဘူး" ဟု ခပ်တိုးတိုးဆိုမိသည်။ သူမလေး၏ ရယ်သံလွင်လွင်လေးက ကနားတဲတွင် ခပ်လွင်လွင်လေး ထွက်ပေါ်လာခဲ့သည်။

"သင်က ဖြစ်အောင် လုပ်မယ် ဆိုရင်ရော"

"ကြွေတွေက မညာပါဘူး"

သူမလေးရဲ့ ယုံကြည်မှုနည်းပါးမှုကို အဖေက အာရုံလွှဲပြောင်းပေးသည်။

"ညီမကြီးတို့ မပြန်ကြနဲ့ဦး၊ ခဏနေ နတ်ချော့တော့မှာ၊ အေးအေးဆေးဆေးကြည့်ပြီးမှ ပြန်၊ လိုအပ်တာတွေလည်း ထပ်မေးလို့ ရတာပေါ့ မဟုတ်ဘူးလား ဟင်းဟင်း"

သူမလေးရဲ့မျက်နှာမှာ ခပ်မှုံမှုံ အပြုံးတွေရှိနေခဲ့ပြီး အေးစက်စက် မျက်ဝန်းညိုများဖြင့် သူ့ကိုစိုက်ကြည့်လေ သူလည်း မျက်နှာမလွှဲဖယ်နိုင်ဘဲ ရီဝေရွှန်းမြသော အကြည့်ကိုပြန်ကြည့်မိသည်။

"ဟဲ့ မီးမီးနဲ့ကြည်ပြာ သူ့သူကို ကူပြင်လိုက်ကြဦး၊ ငါ့သေတ္တာထဲက တော်လဲတော်အုပ်အနီရောင်လေ အဲအသစ်ကို ဒီညသူသူကို ဝတ်ပေးလိုက်"

နှစ် ယောက် တည်း ရှိရင်သာ သားစည်သူဟုခေါ်ခဲ့ပေမယ့် အများရှေ့မှာတော့ အများခေါ်သလို သူသူဟု သုံးနှုန်းခဲ့သည်။ မိတ်ကပ်ဘူးဖွင့်ပြီး တဖတ်ဖတ်ပုတ်လိုက် နှုတ်ခမ်းနီ ထပ်ဆိုးလိုက်ရှိနေသော အဖေ့ကိုကြည့်နေသော သူမလေး၏ အပြုံးတွေထဲတွင် သရော်ဟန်တွေ ပါမှန်း သူသိနေသည်။

"ယွန်က ဒီလိုပြင်လိုက်တော့လည်း ချောသားပဲ။ ဒါပေမဲ့ ယွန်နဲ့ ဒီအပြင်အဆင်က မအပ်စပ်ဘူး"

အလှပြင် ပစ္စည်းများ ကောက်ကိုင်ကြည့်ကာ သူမလေးက ခပ်တိုးတိုးမှတ်ချက်ပေးသည်။ သူဟာ နတ်ချော့ချိန်သာ မိတ်ကပ်တွေလိမ်း၊ နှုတ်ခမ်းနီတွေ ဆိုးထားတတ်ပေမယ့် ကျန်အချိန်တွေမှာတော့ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ား တစ်ယောက်လိုသာ နေထိုင်ခဲ့သည်။ တီရှပ်တွေနဲ့ ဂျင်းဘောင်းဘီအမြဲ တွဲဝတ်တတ်ပြီး ပခုံးထိ ရှည်လျားသော ဆံပင်တွေကို ပိုနီတေးအမြဲ စည်းထားလိုက်သည်။ နုဖတ်ရှင်းသန့်သော မျက်နှာကို တော့ အတိတ်ကကြောင့် သူပိုင်ဆိုင်ခဲ့ရလေသည်။

နတ်ဒိုးသံ ညံမြိုင်ကနေရင်း အစပိုင်းသာ သူသူမလေးကို သတိထားခဲ့မိပေမယ့် ကြာလာတော့ အာရုံတွေဟာ ဆိုင်းသံနောက်မှာ စီးမျောပျော်ဝင်ကာ အရာရာကို မေ့လျော့သွားမိတော့သည်။

"အမေ တနင်္လာသမီး ခင်မင်း သင်ကို နိုင်ငံခြားမှာ ပညာသင်ခွင့်ရအောင် မစပါ အမေ စောင့်ရှောက်ပါနော်"

လက် ထဲ ရောက် လာ သော ထောင်တန်အထပ်လိုက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားရင်း ရီဝေဝေ အကြည့်တွေက သတိရတာချက် မရတချက် ဖြစ်လာသည်။

"အမေ မမယ်ဟော့ ကျေနပ်ပလား သွားရစေ့မယ်"

အပြုံးတွေနဲ့ ကျေနပ်စွာ ထိုင်ချလိုက်သော မိန်းမကြီးဘေးမှာ ရီဝေဝေ အကြည့်စူးစူး တစ်ခုကိုတော့ နောက်ဆုံး သတိထားလိုက်မိသည်။

♦

တလူးလူးတလိမ့်လိမ့်နဲ့ အိပ်မပျော်သော သူသည် ဇာတ်ပွဲမှ သီချင်းသံတွေကို အသာနားစွင့်နေမိသည်။ မကြာသေးခင် အချိန်က အဖြစ်အပျက် တွေကို ပြန်မြင်မိရင်း ရင်ခုန်သံတွေက အရှိန် မပြယ်ချင်သေးပေ။ မိတ်ကပ်တွေဟာ ချွေးစေးတွေကြောင့် ပျက်တဲ့နေရာက ပျက် ကျန်တဲ့နေရာက ကျန် ကြက်ကြော်နဲ့ လက် ဖက် တွေ စားခဲ့ ရသဖြင့် နှုတ်ခမ်းနီတွေက ဘေးသို့ ပေကျံနေသည်။ လိုင်နာတွေကလည်း မျက်ဝန်းထောင့်စွန်းမှာ ကပ်လို့ ရုပ်ပျက်ဆင်းပျက် စိတ်ပျက်စွာ ထိုင်နေသော သူ့ဘေးသို့ သူမလေး ရောက်လာခဲ့သည်။

"ယွန် သင်နဲ့ ခဏ အပြင်လိုက်ခဲ့ပါလား၊ မေမေကလည်း တော်တော်နဲ့ ပြန်ဦးမှာမဟုတ်ဘူး။ သင် အရမ်းပျင်းနေပြီ" ဟုဆိုရာ သူ့မှာ ငြင်းဆန်ဖို့ အင်အားမရှိခဲ့ပေ။ သူမလေးက နူးညံ့သောတစ်ရှူး တစ်ခုနဲ့ ညင်သာစွာ သူ့မျက်နှာကို သုတ်ပေးခဲ့သည်။

"သင်လေ ယွန့်ကို မြင်မြင်ချင်း သိယောဇဉ်ဖြစ်မိတယ်။ ပြီးတော့ ဒီလိုဘဝထဲမှာ ယွန့်ကိုမြင်ရတာ သင် သိပ်ဝမ်းနည်းတာပဲ"

နှစ်ပေါင်းများစွာက ရင်းနှီးခင်မင်ခဲ့သည့်အလား ဆိုခဲ့သည်။ သူ လိုပါသည်။ သူမလေးရဲ့ နှုတ်ခမ်း

ပြင်းထန်သော ရိုက်သံသဲ့သဲ့က
ဝေးကျန်ရစ်တော့သည်။
ဆိုင်းသံနဲ့အညီ
နတ်ဒိုးသံအလိုက် သီချင်းသံ
မြိုင်မြိုင်ဆိုင်ဆိုင် ကြားမှာ
သူ့လက်တွေ လှုပ်ရှားကာ
ကမိတော့သည်။ . . .





Asian Fame Media Group

တွေ မျက်လုံးတွေမှာ သံယောဇဉ် အရိပ်ငွေ့တွေ ဝမ်းနည်းနာကျင်ခြင်းတွေ သူမလေး ညာမပြောမှန်းသိသာလှသည်။ ပွဲဈေးတန်းတစ်လျှောက် မုန့်ဆိုင်တွေ ထိုင်လိုက်၊ ငှက်စီးလိုက်နဲ့ ညတစ်ဝက်နီးနီး သွားခဲ့ကြသည်။ မခွဲချင်တော့လောက်အောင် တွဲထားသောလက်တွေ မဖြုတ်ချင်တော့လောက်အောင် ချစ်မိသွားကြလိမ့်မယ်လို့ပင် တွေးတင်မထားခဲ့ပေ။

"သမီးက ဒီက မာမီ့သားကိုခေါ်ပြီး ပွဲဈေးတန်းလျှောက်လည်နေတာကိုး" ဟု ဆိုသည်။ သူ့ကို အခြောက်တစ်ယောက်အဖြစ် မြင်ထားသော သူမလေးရဲ့မိခင်သည် ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ညတစ်ဝက်နီးပါး လည်ပတ်နေခဲ့သော သူမလေးကို ဆူပူမှုမရှိခဲ့ပေ။

လှပဆန်းကြယ်သော ချစ်ခြင်းတစ်ခုကို လုံးဝယုံကြည်ခဲ့ကြသော သူနဲ့သူမလေးဟာ အချစ်တစ်ခုကို တောင်းစွာဖန်တီးခဲ့မိကြလေသည်။

"အန်ကယ်အောင် စည်သူ့ကို တောင်သမန်အင်း ခေါ်သွားချင်တယ်"

အားလုံးက မာမီ မာမီအောင် အမေဟု ကဖွဖွခေါ်ခြင်းခံခဲ့ရသော အဖေဟာ အန်ကယ်ဆိုသော အသုံးအနှုန်းကြောင့် လက်ထဲက စီးကရက်ပင် ပြုတ်ကျသွားခဲ့သည်။ စည်သူဆိုသော အခေါ်လည်း ဒီလောကမှာ ပျောက်ကွယ်ခဲ့တာ ကြာခဲ့ပါပြီ။ သူမလေးရဲ့ဟန်က အရာရာကို သတ္တိရှိရှိ ရင်ဆိုင်တော့မည့်ဟန်များပင်။ အဖေ့ရဲ့ လိုင်နာတွေပြည့်နေခဲ့သော မျက်ဝန်းနက်နက်ကြီးများက သူ့ကို ဟန့်တားခြင်းထက် တစ်စုံတစ်ရာကို သတိပေးချင်ပုံရသည်။

"အဖေ သူသူ အဲ..ဟိုလေ ကျွန်တော် လိုက်သွားပါရစေ"

အဖေ့ရဲ့ ခွင့်ပြုမှုသည် သူ့ရဲ့ဆန္ဒကို မပိတ်ပင်လို၍မှန်း သိသာသည်။ မယ်ဇယ်ရှန်နဲ့ လေနုအေးက ပန့်သင့်တာကြောင့် သူရော သူမလေးရော စိတ်တွေ လန်းဆန်းနေခဲ့ကြသည်။ သူမလေးမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲက စကားတစ်ခွန်းကို ဆိုဖို့ကြိုးစားနေခဲ့သော သူ့ကို သူမလေးက ပြုံးကြည့်ခဲ့သည်။

"ယူ သင့်ကို ချစ်တယ်လို့ ပြောမှာမို့လား မပြောပါနဲ့ယူရယ် သင်လည်း ယူ့ကို ချစ်တာပဲ နှစ်ယောက်စလုံး ချစ်နေကြပေမယ့် သင်နဲ့ယူက အဝေးကြီးမှာလို့ ခံစားရတယ်။ ယူ့ကို ဒီလိုနတ်ကနေတဲ့ ဘဝထဲမှာ မနစ်မြုပ်စေချင်ဘူး။ ယူ သင့်ကို တကယ်ချစ်ရင် ဒီအလုပ်တွေ ဘယ်တော့မှ မလုပ်ပါနဲ့တော့"

တိုးတိမ်သွားသော သူမလေးအသံဟာ လမ်းခုလတ်မှာ ရပ်တန့်သွားသလို ပူနွေးသော မျက်ရည်စက်တွေလည်း ကျဆင်းလာသည်။

သူ သူမလေးရဲ့ မေးဖျားလေးကို ဆွဲမော့လိုက်ရင်း မျက်နှာလေးကို ဝမ်းနည်းစွာ ကြည့်မိသည်။ ချစ်သူဆန္ဒသည် အဖေ့ရင်ကိုခွဲပြီးမှ သူရုန်းထွက်မှဖြစ်မည့်အတွက် တွေဝေမှုတွေ သူ့မှာရှိနေတာ မငြင်းလိုပေ။ ရက်ပိုင်းအတွင်း ဘယ်ဘဝက ရေစက်မှန်းမသိ အသည်းနင့်အောင် မြင်မြင်ချင်းချစ်မိသူ၏ ဆန္ဒကို လိုက်လျောချင်မိသည်။

"ယူနဲ့သင် ခွဲရလိမ့်မယ်ထင်တယ်နော်။ ယူ ဒီအလုပ်ကို မစွန့်လွှတ်ခဲ့ရင်ပေါ့လေ။ ယူသာ သင့်နောက်လိုက်မယ်ဆိုရင် သင် ဂျပန်မသွားတော့ဘူး။ ယူ့ကို မေမေ့ကုမ္ပဏီမှာ အလုပ်သွင်းပေးမယ်။ ပြီးတော့ ယူနေဖို့ 'သင်' ပိုင်တဲ့တိုက်ခန်းမှာ စီစဉ်ပေးမယ်။ ပြီးတော့ ယူနဲ့သင် လက်ထပ်ကြမယ်။ သင် ယူ့ကို မခွဲနိုင်လို့ စီစဉ်နေရတာ"

ယူ ခေါင်းမညိတ်မိပေ။ သူတို့ ထိုင်နေသော အကြော်ဆိုင်လေးနဲ့ မျက်စောင်းထိုးမှာရှိသော မလိုင်ကရေကရာသည်တွေကို အဓိပ္ပာယ်မဲ့ ငေးမောနေသော သူ့ကို သူမလေးက မျှော်လင့်တကြီး ကြည့်မိသည်။ ချစ်သူလေးရဲ့ မျှော်လင့်ချက်တွေကို သူ မဖျက်ဆီးရက်ခဲ့ပေမယ့် ခေါင်းလည်း မညိတ်နိုင်ခဲ့ပေ။

"အေးလေ ယူ မဖြေချင်သေးရင် မဖြေပါနဲ့။ ဒါပေမဲ့ ယူ သိထားရမှာက သင် ယူ့ကို သိပ်ချစ်တယ်ဆိုတာပဲ"

သူမလေးက သူ့လက်ကို ဆုပ်ကိုင်ထားရင်း ဥဒဟိုသွားလာနေသော တောင်လေးများကို ညွှန်ပြရင်း "သင် ယူ့ကို အဲဒီလို ရဲရဲတွံတွံသွားလာနေစေချင်တာ ယောက်ျားကောင်းပီပီသသဖြစ်စေချင်တာ" ဟု ဆိုလေသည်။

တစ်ရက်တစ်ရက်နှင့် နတ်ပွဲကြီးပင် ပြီးလုနီးခဲ့လေပြီ။ မိတ်ကပ်လူးဖို့ပင် သူ့စိတ်တွေ ရွံ့တွန့်နေခဲ့သည်။ တဖြည်းဖြည်းကွယ်တော့မယ့် လမင်းကြီးကို ငေးစိုက်ကြည့်ရင်း ပစ္စည်းတချို့တလေကို အဖေ သိမ်းဆည်းလေတော့သည်။ အဖေ့သားသမီးများ၏ ကျွက်စီကျွက်စီအသံတွေသည် သူ့အတွက် နားဝင်ပီယံဖြစ်မလာခဲ့တော့ပေ။ တချင်ချင် ရွှေလက်ကောက်သံများ မြည်အောင် လက်နှစ်ဖက်ပူးယှက်ပြီး နတ်ဝင်နေခဲ့သော အဖေ့ကိုလည်း ငေးမောမိရင်း သက်ပြင်းကို အခါခါချခဲ့မိလေသည်။ သားအဖနှစ်ယောက်တည်းရှိသောအခါ အဖေက စီးကရက်ကို အားရပါးရဖွာရှိုက်ပြီး "မတူညီတဲ့ အသိုင်းအဝိုင်းနှစ်ခုကို မရှုပ်ယှက်ချင်စမ်းပါနဲ့ကွယ်၊ သဟဇာတမဖြစ်ရင် သားအနေခက်မှာ၊ ကိုယ့်ဘဝကိုယ့်အသိုင်းဝိုင်းမှာပဲ ပျော်အောင်နေစမ်းပါ သားရယ်" ဟု လေးလေးနက်နက်ဆိုတော့ သူ မျက်ရည်ဝဲမိသည်။

"ယူ သင့်နောက်ကို လိုက်ခဲ့ပါနော်၊ မနက် ၉ နာရီမှာ သင် ငှက်ဆိပ်ကနေ ယူ့ကို စောင့်နေမယ်"

သူမလေးရဲ့အသံကို အခါခါကြားယောင်ရင်း ဆုံးဖြတ်ချက်တွေက ယိမ်းယိုင်လုနီးပါး ဖြစ်လာသည်။ အဖေ့ကို စိတ်ထဲမှာ အခါခါတောင်းပန်ရင်း သူ့ခြေလှမ်းတွေက သူမလေးဆီ ဦးတည်ခဲ့သည်။ နန်းရင်းကြီးမှာ တီးခတ်နေသော ဆိုင်းသံဗုံသံများက သူ့နောက်ပါးမှာ ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေသည်။ ခေါ်သံသဲ့သဲ့နဲ့အတူ ခြေသံပြင်းပြင်းအသံများကြောင့် သူ ခြေလှမ်းတွေကို ပိုမြန်အောင် လှမ်းမိတော့သည်။ သူ သူမလေးကို လှမ်းမြင်နေရပါပြီ။ ကြည်ပြာရောင်ပိုးဂါဝန်လေးနဲ့ လှချင်တိုင်းလှနေသော သူမလေးက သူ့ကို လက်လှမ်းပြခဲ့သည်။ သူမလေးရဲ့အပြုံးတွေက တစ်သက်တာ မမေ့ရက်စရာကောင်းလွန်း၍ သူ နှောင်တမရချင်တော့ပေ။ အင်္ကျီစကို ဆောင့်ဆွဲလိုက်သဖြင့် သူ့ခြေလှမ်းတွေ ရပ်တန့်သွားရတော့သည်။

"သူသူ .. အမယ်လေးသူသူရယ် မောလိုက်တာ မီလို့တော်တော့တယ်၊ မာမီလေ သူသူထွက်သွားတာသိတာနဲ့ မူးလဲသွားတာ ခေါ်မရဘူး မာမီ့ကို ကယ်ပါဦး သူသူရယ် ငါတို့လည်း ဘာမှမလုပ်တတ်ဘူး"

ရင်အခုခံအတုတစ်ခု ပြုတ်ကျကျန်ခဲ့၍ တစ်ဖက်ပိန် တစ်ဖက်ဖောင်းဖြစ်နေသော ရင်အစုံကို ဖိထားသော မီးမီးကိုလည်း မရယ်အားတော့ပေ၊ ထဘီဇောက်ထိုးဝတ်ပြီး ဆံပင်အတုပြောင်းပြန်စွပ်ထားသော ကြည်ပြာကိုလည်း မလှောင်အားတော့၊ ပါးပြင်ပေါ်သို့ စီးကျလာသော ပူနွေးသော မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းသုတ်မိတော့သည်။

"အဖေ" ဟု နှုတ်ကထွက်ဆိုခေါ်လိုက်မိသည်။ စိုးရိမ်စိတ်ကြောင့် သူမလေးကိုပင် မမြင်မိတော့ပေ၊ အပြန်လမ်းကို ဦးလှည့်လိုက်သောအခါ သူမလေးဆီမှ ခေါ်သံတိုးတိုးလေးနှင့် ရှိုက်သံသဲ့သဲ့လေး ထွက်ပေါ်လာခဲ့သည်၊ သူ အပြီးတိုင် ဦးလှည့်ဖို့ မဝံ့ရဲစွာ သူ့ခြေလှမ်းတွေက ရပ်တန့်ခဲ့သည်။ သူ အဖေ့ကို မရက်စက်နိုင်ပေ။ မေတ္တာလွန်ဆွဲပွဲ၌ သူ အဖေ့ကို အနိုင်ပေးလိုက်မိသည်။ သူမလေးကို အပြီးတိုင်ကျောခိုင်းလိုက်တော့သည်။

ပြင်းထန်သော ရှိုက်သံသဲ့သဲ့က ဝေးကျန်ရစ်တော့သည်။ ဆိုင်းသံနဲ့အညီ နတ်ဗိုးသံအလိုက် သီချင်းသံမြိုင်မြိုင်ဆိုင်ဆိုင်ကြားမှာ သူ့လက်တွေ လှုပ်ရှားကာ ကမိတော့သည်။ သူ အဖေ့အတွက် ဆရာဝန်သွားခေါ်မည်။ အဖေ သတိရလာလျှင် အဖေမသိအောင် အားရအောင် ငိုမည်၊ ပြီးတော့ အဖေနဲ့အတူ ကမည်။ သူ့ရင်ထဲက အချစ်တွေကို ထာဝရသိမ်းထားတော့မည်။ ဒဏ္ဍာရီတစ်ပုဒ်ပမာ မေ့ပစ်မည်။ နတ်ဗိုးသံဆိုင်းသံတွေကြားမှာ အရင်လို သူရော အဖေရော ကွေးနေအောင် ကလိုက်တော့မည်ဟု သူတွေးကာ အဖေ့ရှိရာသို့ သူ ပြေးနေမိလေတော့သည်။

**ပင်မြင့်စံ (ရွှေဘို)**

Asian Fame Media Group



# သက်တမ်း မလွန်ခင်

Mystery Snow

MEDIA GROUP
Asian Fame Media Group

မိန်းကလေးတွေအတွက် စွန့်ပစ်ရခက်တဲ့ အသုံးအဆောင်တွေထဲမှာ မှန်တင်ခုံတွေပေါ်က အလှကုန်ပစ္စည်းတွေက ထိပ်ဆုံးက ပါပါတယ်။ ဒါပေမဲ့ အလှကုန်ပဲဖြစ်ဖြစ် အစားအသောက်ပဲဖြစ်ဖြစ် စီးနေတဲ့ ဖိနပ်တွေမှာပဲဖြစ်ဖြစ် သက်တမ်းလွန်ကာလဆိုတာရှိပါတယ်။ သက်တမ်းလွန်ပစ္စည်းတွေတိုင်းမှာလည်း ဘေးထွက်ဆိုးကျိုးလေးတွေ ရှိနေတတ်တာကို သတိပြုသင့်ပါတယ်။ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး ဆိုသလိုပဲ မှန်တင်ခုံပေါ်က အလှကုန်ပစ္စည်းတွေအတွက် မိန်းကလေးတိုင်းဟာ ရက်ရက်ရောရော နှမြောခြင်းမရှိဘဲ ငွေကို သုံးတတ်ကြပါသေးတယ်။ တန်ဖိုးကြီးကြီး ပေးဝယ်ထားရတာမို့ အလှကုန်ပစ္စည်းတွေကို စွန့်ပစ်ရမှာကိုလည်း နှမြောတွန့်တိုတတ်ကြပါသေးတယ်။ လှချင်ပချင်သူလေးတွေ အနေနဲ့ နှမြောတွန့်တိုစိတ်ကို ခဏဖယ်ထားပြီး တစ်ကိုယ်ရေ ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံရေး အတွက် သက်တမ်းလွန် အလှကုန်တွေကို ရှင်းလင်းချိန်ရောက်ပြီ ဆိုရင် ရှင်းလင်းသင့်ပါတယ်။ အလှကုန်ပစ္စည်းတွေတိုင်းမှာ သက်တမ်းလွန် ရက်စွဲကို ဖော်ပြထားလေ့ ရှိပါတယ်။ ဒါပေမဲ့ သူတို့ပြထားတဲ့ ပုံကရှုပ်ထွေး မွေလီလှတာမို့ စားသောက်ကုန်ပေါ်က သက်တမ်းလွန် ရက်စွဲတွေလို အလွယ်တကူ ဖတ်လို့မရတတ်ပါဘူး။ စားသောက်ကုန်ပေါ်မှာက သက်တမ်းလွန်ရက်ကို ၁၀. ၁၁. ၂၀၁၄ လို့ ပြပါတယ်။ ဆေးဝါးတွေမှာ ဆိုရင် ၁၁ . ၂၀၁၄ လို့ပြပါတယ်။ အလှကုန်မှာက တော့ ပုံစံမျိုးစုံနဲ့ ဖော်ပြပါတယ်။ VERSACE ရေမွှေးမှာတော့ ၈ လပိုင်း ၂၀၁၃ မှာ သက်တမ်းကုန်ဆုံးမယ့် ရေမွှေးကို 1128663 လို့ ပြပါတယ်။ ကမ္ဘာကျော် Channel နှုတ်ခမ်းနီဘူးလေးမှာတော့ ၉ လပိုင်း ၂၀၁၂ မှာ သက်တမ်းကုန်ဆုံးမယ့်

နှုတ်ခမ်းနီကို ၄၉၀၂ လို့ ပြထားပါတယ်။ Face Shop က Skin Care တစ်မျိုးကိုတော့ 20141228 လို့ ရှင်းရှင်းလင်းလင်းပြပါတယ်။ ဆိုလိုတာက ၂၈ ရက် ၁၂ လပိုင်း ၂၀၁၄ မှာ သက်တမ်းကုန်မှာပါ။

L'OREAL ကတော့ သက်တမ်းကုန်ရက်စွဲတွေကို J012Lလို့ပြထားသလို 28J100 လို့လည်း ပြပါသေးတယ်။ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေကထုတ်တဲ့ အချို့သော အလှကုန်တွေမှာတောင် သက်တမ်းလွန်ရက်စွဲကို ဖော်ပြလေ့မရှိဘူးလို့လည်း ဆိုကြပါသေးတယ်။ Brand တံဆိပ်ပေါင်းများစွာအတွက် သက်တမ်းကုန် ရက်စွဲတွေကို လေ့လာမယ်ဆိုရင်တော့ အင်မတန်ကို ရှုပ်ရှုပ်ထွေးထွေး လေ့လာရမှာပါ။ ပြီးတော့ ဈေးကွက်မှာ ဖြန့်ချိကြတဲ့ FIFO (First In First Out) စနစ်အရ အလှကုန် ပစ္စည်းတွေ တော်တော်များများဟာ သက်တမ်းကုန်ခါနီးမှာမှ ကုန်တိုက်တွေနဲ့ လက်လီဆိုင်တွေကို ရောက်လာတာများပါတယ်။အထူးသဖြင့် အခါကြီးရက်ကြီးတွေမှာ ကုန်တိုက်တွေမှာ လျှော့ဈေးနဲ့ ရောင်းတတ်တဲ့ အလှကုန်တွေကတော့ သက်တမ်းကုန်လုကုန်ခင် ထုတ်ကုန်တွေဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ သက်တမ်းကုန်ရက်စွဲတွေကိုတော့ အလှကုန်ဘူးတွေပေါ်မှာဖြစ်ဖြစ် ထုပ်ပိုးထားတဲ့ ပါကင်စက္ကူဘူးပေါ်မှာ ဖြစ်ဖြစ် အလွယ်တကူ တွေ့နိုင်ပါတယ်၊အလှကုန်ထုတ်လုပ်သူတွေကတော့ 'Period After Opening' အလှကုန်ပစ္စည်းတွေကို ပုလင်းအဖုံးဖွင့်ပြီးစသုံးတဲ့ အချိန်ကစလို့ သက်တမ်းလွန်ရက်ကို စတင်ရေတွက် မှတ်သားကြပါတယ်။ 'Period After Opening'ကို သုံးမျိုးခွဲလို့ ဒီလိုသတ်မှတ်ကြပါတယ်။

၁။ မျက်လုံးအတွက်သုံးတဲ့ Mascara အရည်နဲ့ အိုင်းလိုင်နာ ဂျယ်လိုမျိုး အလှပြင်ပစ္စည်းတွေကို စသုံးတဲ့အချိန်ကစလို့ လေးလကနေ ခြောက်လအတွင်း စိတ်ချလက်ချ သုံးနိုင်ပါတယ်။ ခြောက်လ ကျော်သွားရင်တော့ ခြောက်ခန်းသွားတဲ့ ဂျယ်တွေ Mascara တွေကို ရေထပ်ဖြည့်ပြီး သုံးတာမျိုးတွေ မလုပ်ရပါဘူး။

၂။ မျက်နှာမှာလိမ်းတဲ့ အရည်ပါတဲ့ အလှကုန်တွေဖြစ်တဲ့ Moisturizers, Serums နဲ့ Foundations (မိတ်ကပ်ရည်) တွေကိုတော့ စသုံးတဲ့အချိန်ကစလို့ ခြောက်လမှ တစ်နှစ်အထိ စိတ်ချလက်ချသုံးစွဲနိုင်ပါတယ်။ တစ်နှစ်ထက်ပိုပြီးတော့ သုံးစွဲဖို့ မသင့်တော်ဘူးလို့ ဆိုကြပါတယ်။

၃။ နှုတ်ခမ်းနီ အမျိုးအစားထဲမှာ ပါဝင်တဲ့ နှုတ်ခမ်းဆိုးဆေး ခဲတံအတောင့်နဲ့ အရည်တွေကိုတော့ နှစ်နှစ်ကနေ သုံးနှစ်အထိ စိတ်ချလက်ချ သုံးစွဲလို့ ရပါတယ်။

အလှကုန်တွေ သက်တမ်းလွန်သွားပြီ ဆိုရင်လည်း အနံ့အသက်နဲ့ အရောင်အဆင်း ပြောင်းလဲလာပြီး ဆီကြေးနံ့လိုအနံ့မျိုးတွေ ရလာတတ်ပါသေးတယ်။ မှန်တင်ခုံပေါ်မှာရှိနေတဲ့ အလှကုန်တွေနဲ့ ပတ်သက်ပြီး ပျို့မေတို့ သတိထားရမယ့် အချက်လေးတွေကတော့

၁။ အလှကုန်တွေကို တိုက်ရိုက် နေရောင်ရတဲ့ နေရာမှာ မထားရပါ။ မှန်တင်ခုံအံဆွဲလိုမျိုး မှောင်လို့တဲ့ နေရာတွေမှာ သိမ်းဆည်းသင့်ပါတယ်။

၂။ မိမိတစ်ကိုယ်တည်းသုံးစွဲတဲ့ အလှကုန်တွေကို တစ်ပါးသူနဲ့ မျှဝေသုံးစွဲရင် အထူးဂရုစိုက်ရပါတယ်။ တစ်ကိုယ်ရည် ကျန်းမာရေးအတွက် နှုတ်ခမ်းဆိုးဆေးတွေ တို့ဖတ်ပဝါတွေကို တစ်ကိုယ်စာသီးသန့်သုံးစွဲတတ်ဖို့ လိုပါမယ်။





၃။ မိတ်ကပ်လိမ်းခါနီးတိုင်း လက်နှစ်ဖက်ကို စင်ကြယ်စွာ ဆေးဖို့လိုပါတယ်။

၄။ တို့ဖတ်ပဝါနဲ့ ဘရပ် (brushes) တွေကို လစဉ် လျှော်ဖွပ်သန့်စင်ဖို့ လိုပါတယ်။

၅။ အလှကုန်ပစ္စည်းဝယ်ယူပြီးတိုင်း စတင်သုံးစွဲတဲ့ နေ့ကိုရေးမှတ်ထားသင့်ပါတယ်။ ဒါမှလည်း သက်တမ်း ကုန်ဆုံးမယ့်ရက်ကို အလွယ်တကူ မှတ်မိနေမှာ ဖြစ်ပါတယ်၊

၆။ မူလပါကင်မဟုတ်ဘဲ ဖွင့်ထားပြီး အလှကုန်ပစ္စည်းတွေကို မဝယ်သင့်ပါဘူး။

၇။ မိတ်ကပ်လိမ်းပြီးတိုင်း အလှကုန်ဘူးအဖုံးတွေကို တင်းတင်းကျပ်ကျပ် ပြန်ပိတ်ပါ။

ပျို့မေတို့ လှပကျန်းမာ ဘေးကင်းကြပါစေ။

**Mystery Snow**

Asian Femme Media Group
MEDIA GROUP



# လေလွင့်အစာ

ကျော်ဦး

အသီးအနှံ သားငါးတို့ကို စိုက်ပျိုးမွေးမြူ၍ အစားအစာအဖြစ် ထုတ်လုပ်ရာတွင် ဆိုင်ရာသီးနှံ အသားငါးတို့ပေါ်တွင် မူတည်၍ ရေအနည်းနှင့် အများ သုံးစွဲရသည်။

မစားမသောက်ရဘဲ အလဟဿ ဖြစ်ရသော အစားအစာများနှင့် ထမင်းစားပွဲပေါ် မရောက်မီကပင် ပုပ်သိုးသွားသော အစားအစာများသည် စိုက်ပျိုးမွေးမြူသော သီးနှံနှင့်သားငါး စုစုပေါင်း၏ သုံးပုံတစ်ပုံမှ ထက်ဝက်ခန့်အထိ ရှိနေသည်ဟု ဆွီဒင်နိုင်ငံ စတော့ဟုမ်းနိုင်ငံတကာ ရေဘက်ဆိုင် ရာဌာနကဆိုသည်။ အမေရိကန်နိုင်ငံတွင် ရောင်းချလိုက်သော အစားအသောက်များ၏ ၄၀ ရာခိုင်နှုန်းကို မစားမသောက်ရဘဲ လွှင့်ပစ်နေကြသည်။

ကမ္ဘာပေါ်ရှိ လူသန်း ၁၀၀၀ တို့သည် အစာငတ်မွတ်ခြင်း၊ အာဟာရ မပြည့်ဝခြင်းတို့ကို ရင်ဆိုင်နေရချိန်တွင် တစ်ဖက်မှ အစားအစာများ လေလွင့်နေသည် ဆိုခြင်းမှာ အလွန်တရာမှ ဝမ်းနည်းစရာကောင်းသော ကိစ္စဖြစ်သည်။

၂၀၅၀ ပြည့်နှစ်မရောက်မီ အစာစားမည့် ပါးစပ်ပေါက် နောက်ထပ်သန်း ၂၀၀၀ တိုးလာမည် ဖြစ်သော်လည်း ကမ္ဘာပေါ်ရှိ ရေပမာဏမှာ တိုးလာမည်မဟုတ်သည့်အတွက် အစားအစာများကို ထုတ်လုပ်ရန်နှင့် စွမ်းအင်လိုအပ်ချက်အတွက် ရှိသည့်ရေကို မျှဝေသုံးစွဲကြရမည်။ ယင်းအချက်ကြောင့် အစားအစာ အာမခံချက်ရှိရေးသည် ရေအာမခံချက်ရှိရေးနှင့် ဆက်စပ်နေကြောင်း သိသာနိုင်သည်။

လက်ရှိတွင် ကမ္ဘာ့ရေသုံးစွဲမှုအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် သီးနှံစိုက်ပျိုးရန်နှင့် အစာထုတ်လုပ်ရန် အသုံးချနေသည်။ အလဟဿဖြစ်သော အစားအစာများနှင့်အတူ ပါသွားသောရေများသည်လည်း အကျိုးမရှိဘဲ လေလွင့်ခဲ့ရသော ရေများပင်ဖြစ်သည်။ စိုက်ပျိုး ရိတ်သိမ်းရာတွင်နှင့် သယ်ယူဖြန့်ဖြူးရာ သိုလှောင်ရာတို့တွင် အစားအစာများ လေလွင့်ဆုံးရှုံးမှုသည် မနည်းလှပေ။ အစာတွင်ပါသော ကယ်လိုရီဓာတ် ၁ ကီလိုကယ်လိုရီတိုင်းအတွက် ရေတစ်လီတာ သုံးခဲ့ရသည်။ ဝင်ငွေနည်းသည့် လူတစ်ယောက်စားသော အစာတွင်ပင် ၁၈၀၀ မှ ၂၀၀၀ ကီလိုကယ်လိုရီခန့်ပါသဖြင့် ယင်းအစာများ ထုတ်လုပ်ရန် ရေနှစ်တန်ခန့်အထိ သုံးခဲ့ရသည်။ ဝင်ငွေကောင်းသူတစ်ယောက်၏ အစာတွင်မူ ထို့ထက် ငါးဆမျှ ပိုသည်။

စားသင့်သည်ထက် ပိုစားခြင်း၊ အလေအလွင့်ဖြစ်ခြင်းတို့သည် တိုးတက်ဖြစ်ပေါ်နေပြီး ယင်းတို့ကိုကာမိစေရန် အစားအစာများကို ပိုထုတ်ရခြင်းကြောင့် ရေရှားပါးမှုကို ပို၍ဆိုးရွားစေသည်။ ၂၀၅၀ ပြည့်နှစ်တွင် ရှိလာမည့် လူဦးရေသန်း ၉၀၀၀ ကို ကျွေးနိုင်ဖို့ လက်ရှိ အခြေအနေအရ ဖြစ်နိုင်သေးသည်။ သို့သော် ရေထုတ်ယူ သုံးစွဲမှုနှင့် မြေယာ အသုံးချမှုများကြောင့် နောက်ဆက်တွဲ ပေါ်ပေါက်လာသည့် သဘာဝပတ်ဝန်း ကျင်ရေးရာ တန်ဖိုး ယုတ်လျော့မှုကို ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။ အစားအစာ လေလွင့် ဆုံးရှုံးမှုကြောင့်ဖြစ်သော ပတ်ဝန်းကျင်ရေးရာ တန်ဖိုး ယုတ်လျော့မှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အစားအစာ လေလွင့်ဆုံးရှုံးမှုကြောင့်ဖြစ်သော ပတ်ဝန်းကျင် ဆိုးကျိုးမှာ ကြောက်ခမန်းလိလိ ဖြစ်သည်။ ထုတ်လုပ်သော အစာ မှန်သမျှအတွက် ရေနှင့်မြေ လိုအပ်သည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုက်လည်း အမြောက်အမြား ထွက်ပေါ်သည်။ အစားအစာ လေလွင့်မှုကို ထိန်းချုပ်ရင်း ရေချွေတာခြင်း၊ ထွက်နှုန်းမြှင့်တင်ခြင်း၊ ရေဆိုးသန့်စင် အသုံးပြုခြင်းတို့ကို တိုး၍ လုပ်ဆောင်ဖို့ လိုနေသည်။

၁၉၇၄ ခုနှစ်က အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာကွန်ဖရင့်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျားက လာမည့်ဆယ်နှစ်အတွင်း ကလေးများ အစာမဝဘဲ အိပ်ရာမဝင်စေရဟု ကြွေးကြော်ခဲ့သည်။ ၁၉၈၅ ခုနှစ်၌ အစားအစာ လေလွင့်မှုကို ၅၀ ရာခိုင်နှုန်းလျှော့ချပြီးဖြစ်ဖို့ လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။

နောက်ပိုင်း ဖြစ်ရပ်များက ယင်းကြွေးကြော်သံ တကယ် ဖြစ်လာတော့မည်လောဟု ထင်စရာဖြစ်လာသည်။ အာဟာရ မပြည့်ဝသည့် လူဦးရေ လျော့နည်းလာသည်။ အထွက်နှုန်းများသည့် မျိုးစေ့အသုံးပြုမှု တိုးတက်လာသည်။ ဆည်မြောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မြင့်မားလာသည်။ အစိမ်းရောင် တော်လှန်ရေးကြောင့် နှစ်ပေါင်း ၂၀ ကျော်အတွင်း အထူးသဖြင့် အာရှတိုက်တွင် အစားအစာ အာမခံချက်နှင့် လူနေမှု ဘဝများ ကောင်းမွန်လာသည်။

သို့သော် ၁၉၉၅ ခုနှစ်ဝန်းကျင်တွင် အာဟာရ မပြည့်ဝသူ လူဦးရေ သန်း ၈၀၀ ခန့်ဖြစ်လာပြန်သည်။ အစာဝအောင် မစားရသူဦးရေ များပြားလာခဲ့ပြန်သည်။

ထို့ကြောင့် စားနပ်ရိက္ခာများကို ပိုထုတ်ရန်လာမဟုတ်၊ ထုတ်သမျှကို အလေအလွင့်နည်းစွာနှင့် အကျိုးရှိရှိ အသုံးချနိုင်ဖို့ကလည်း အထူးအရေးကြီးနေသည်။

ယခုအခါ ယင်းလေလွင့်မှုကို အလေးထားလျှော့ချမည့် လုပ်ဆောင်ချက်များ ဖြစ်ပေါ်လာနေသည်။ ကမ္ဘာ့ စားနပ်ရိက္ခာ အဖွဲ့ ၏ အစီအစဉ်တွင်



ယင်း အချက်ကို ထည့်သွင်းထားသည်။ အစာ လေလွင့်မှုကို ၂၀၂၅ ခုနှစ် အရောက်တွင် ယခုထက် ထက်ဝက်လျှော့ချရန် ၂၀၁၂ ခုနှစ် ဇန်နဝါရီလက ဒီးယူပါလီမန်တွင် သဘောတူ ဆုံးဖြတ်ခဲ့သည်။

စိုက်ပျိုးသူများ၏ သိုလှောင်သည့် နေရာများ ပိုမိုကောင်းမွန်လာရန်၊ စိုက်ခင်း အနီးတွင်ပင် သန့်စင် ပြုပြင်နိုင်သည့် အစီအမံများထားရန်၊ လယ်ယာထွက်ကုန်များ သယ်ပို့သည့်လမ်းများကို ကောင်းအောင် ပြုပြင်ထားရန်၊ ကောင်းမွန်သော ထုပ်ပိုးစနစ်ကို ကျင့်သုံးရန်အပြင် စားသုံးသူများဘက်ကလည်း အလေအလွင့် နည်းနိုင်သမျှ နည်းအောင် ဂရုစိုက်ကြဖို့ လိုအပ်သည်။

ကျော်ဦး

အစားအစာ လေလွင့်ဆုံးရှုံးမှု
ကြောင့်ဖြစ်သော ပတ်ဝန်းကျင်ရေးရာ
တန်ဖိုး ယုတ်လျော့မှုကို
ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။
အစားအစာ လေလွင့်ဆုံးရှုံးမှုကြောင့်
ဖြစ်သော ပတ်ဝန်းကျင်ဆိုးကျိုးမှာ
ကြောက်ခမန်းလိလိ ဖြစ်သည်။
ထုတ်လုပ်သော အစာ မှန်သမျှအတွက်
ရေနှင့်မြေ လိုအပ်သည့်အပြင်
ကာဗွန်ဒိုင်အောက်ဆိုက်လည်း
အမြောက်အမြား ထွက်ပေါ်သည်။


# ရတီစာအုပ်စင်

## ဒဂုန်တာရာ – အယ်ဒီတာစားပွဲ၊ စာပေအနုပညာ ဝေဖန်ရေးနှင့် ပန်းနုရောင်အို




ကြာမြင့်ခဲ့သော အတိတ်မှ ချစ်သူ၏ပန်းနုရောင်သည် နုပျိုလျက်ရှိဆဲ ဖြစ်သည်ဟု တာရာ မဂ္ဂဇင်းအပေါ် ခံစားပျော်ဝင်ခဲ့သော ဆရာကြီး ဒဂုန်တာရာ၏ စာများစုစည်းထားခြင်းဖြစ်သည်။ တစ်ချိန်က သူကိုယ်တိုင် အသက်သွင်းကခုန်စေခဲ့သော ယင်းတာရာမဂ္ဂဇင်းတွင် ရေးသားခဲ့သည့် စာများကို အပိုင်းကဏ္ဍအသီးသီးခွဲ၍ ဖော်ပြထား သည်။ အယ်ဒီတာစားပွဲဟူသော အခန်းတွင် ဒယ်ဒီတာတစ်ဦး၏ စာပေအတွေ့အကြုံများထဲမှ ဖြစ်တည်လာသော စာတိုပေစများ ဖော်ပြထားပြီး နိုင်ငံတကာယဉ်ကျေးမှုရေးရာတွင်မူ ကမ္ဘာ့အရပ်ရပ်မှာ ပေါ်ထွန်းသော နိုင်ငံခြားအနုပညာဆိုင်ရာ အကြောင်းများ ဖတ်ရှုကြရမည်ဖြစ်သလို နိုင်ငံတကာကဗျာများကို ခံစားဖော်ပြထားသည်ကို တွေ့ရမည်။ ဤမျှမက ဒဂုန်တာရာဟူသော ပြယုဂ်ဖြစ်စေခဲ့ သည့်အကြောင်းချက်များစွာ အနက်မှ ဘာသာရပ်တချို့ဖြစ်ခဲ့သော စာပေ သဘောတရားနှင့် နိုင်ငံရေး သဘောတရားများလည်း ပါဝင်သည်။ ကျရောက်ခဲ့ဖူးသော အင်းစိန် အကျဉ်းထောင်၏ အငွေ့အသက်ကို "... စံပယ်ရနံ့ပြယ်၍ ဝါးရနံ့သည် သင်းမြလာပေ သကော၊ တောင်ယာခင်းမှ လာသောလေသည် ကန်စွန်းနံ့ကို သယ်ဆောင်လာသည်။ ဆောင်းလေသည် အေးမြလာသည်။ ခြင်အော်သံကြားလာရသည် ..." ဟု ရေဖွဲ့တတ်သော ဆရာကြီး ဒဂုန်တာရာ၏ ဤစာအုပ်ကို ဆန်းသစ်စာအုပ်တိုက်မှ တန်ဖိုးကျပ် ၄၀၀၀ ဖြင့်ထုတ်ဝေပြီး ဂန္ထဝင်သစ် စာပေမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ခင်ဆွေဦး – နှင်းဆီကမွေး




ယခင် ၁၉၇၀ ပြည့်နှစ်တွင် ပထမ အကြိမ်အဖြစ် ထွက်ရှိခဲ့သော စာအုပ်ကို ဒုတိယအကြိမ်ပြန်လည် ထုတ်ဝေခြင်းဖြစ်သည်။ နှင်းဆီကမွေး ဝတ္ထုထဲမှ ဇာတ်ဆောင်များတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသား က. ထ. သ ကျောင်းသား သမဂ္ဂခေါင်းဆောင်များ၊ အမှုဆောင်များ၏လှုပ်ရှားမှုများကို အသက်ဝိညာဉ်သွင်းခဲ့သည်။ ၁၉၄၆ ခုနှစ် ဝန်းကျင်ကာလတစ်ဝိုက် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ရပ်ကို နောက်ခံထားပြီး ရေးသားထားသည်။ ဆရာမကြီး ခင်ဆွေဦးသည် ထိုစဉ်က ကမောက်ကမ ဖြစ်ခဲ့သော မြန်မာနိုင်ငံကို ကျောင်းသူကျောင်းသားများက ကယ်တင်နိုင်လိမ့်မည်ဟု ရှုမြင်ခဲ့သော စိတ်ကူးကို အခြေပြုကာ ရေးသားဖန်တီးခဲ့ခြင်းကြောင့် ဤဝတ္ထုတွင် နိုင်ငံရေး ဝိညာဉ် ပူးကပ်နေသည့် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသား အသိုက်အဝန်းတစ်ရပ် သက်ဝင်လှုပ်ရှားလာခဲ့ရသည်။ ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်ပြီး စာသင်ခန်းကို ကျောခိုင်းခဲ့ကြဖူးသော ကျောင်းသား လူငယ်များ၏ ဘဝစိတ်ကူး မျှော်မှန်းချက်များနှင့် လက်တွေ့ရင်ဆိုင် ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံ ခါးသီးချက်များ ပါဝင်သည်။ ယခင်က ဒုတိယအကြိမ် အဖြစ်ပြန်လည်ထုတ်ဝေခွင့် ပိတ်ပင်ခံခဲ့ရသော ဤစာအုပ်ကို ယခုအခါတွင် အရှေ့ကြယ်စာအုပ်တိုက်မှ တန်ဖိုး ကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

## ဇန်းမော်တင်အောင် – ဘုန်းမောင့်တစ်ယောက်ထဲရယ်




ကွယ်လွန်သွားပြီဖြစ်သော စာရေး ဆရာကြီး ဇန်းမော်တင်အောင်၏ ပထမဆုံးလက်ရာ ဖြစ်ခဲ့သော ဤဝတ္ထုသည် လွတ်လပ်ရေး လှုပ်ရှားမှုကာလ မြန်မာ့သမိုင်းကြောင်းကို နောက်ခံထားကာ လွတ်လပ်ရေးတိုက်ပွဲမှ ပေါ်ထွန်းခဲ့သော သူပုန်ကျောင်းသားကို ဘုန်းနိုင်ကို အခြေခံ၍ဇာတ်ကွက်များ မှန်းခြယ်ထားသည်။ စံပြဇာတ်ဆောင် ဖြစ်သော တက္ကသိုလ်ကျောင်းသား ကိုဘုန်းနိုင် ကိုင်စွဲထားသော'ငါ၏ ဦးခေါင်းတို့သည် သွေးဖြင့် ချင်းချင်းနီ၏။ သို့သော် ညွတ်ကား မညွတ်' ဟူသည့် အယူအဆသည် လည်းကောင်း၊ အိပ်ခန်းထဲတွင် ချိတ်ဆွဲထားသော မြတ်ဗုဒ္ဓ၊ ခရစ်တော်နှင့် ဆိုကရေးတီးသည်လည်းကောင်း ကျယ်ဝန်းသော ဇာတ်အိမ်ကို ဟာကွက်မရှိအောင် ဖြည့်ဆည်းထားကို တွေ့မြင်ကြရမည်။ ဆော့ခရက္တိ၊ ပလေတို၊ အရစ္စတိုတယ်၊ ကားလ်မတ်၊ ရှိတ်စပီး ယားနှင့် တော်လ်စတွိုင်းတို့၏ စာများကို မက်စက်စွာဖတ်ပြီး လရောင်တွင် တွေးတော ငေးမောတတ်သော၊ ဂီတကိုချစ်သော ကိုဘုန်းနိုင်၏ အသက်ဝိညာဉ် တွင် ပူးဝင်နစ်မျောနိုင်သလို ဇန်းမော်တင်အောင်၏ ထင်ရှားလှသော ရေးဟန်ဖြစ်သည့် တေ့ကာနှင့် ပဲလေသံတို့ကို ပြန်လည်ခံစားသက်ဝင်နိုင်ခွင့် ရရှိမည်ဖြစ်သည်။ လင်းယုန်စာပေမှ ပဥ္စမအကြိမ် အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်ပြီး တန်ဖိုးမှာ ၁၅၀၀ ကျပ်ဖြစ်သည်။



# ရတီစာအုပ်စင်







## ဦးဘုန်း(ဓာတု)မန္တလေး – ကြက်ရိုးဒဿန


ဦးဘုန်း (ဓာတု) မန္တလေး၏ နဝမမြောက် စာအုပ်ဖြစ်သော ကြက်ရိုးဒဿနသည် အတွေးရသစာစုများ ပေါင်းစည်းထားခြင်း ဖြစ်သည်။ မတူညီသောအတွေးများသည် ရောင်စုံလူ့အလွှာများကြားတွင် ကွဲပြားစွာ တည်ရှိကြမည်သာလျှင် ဖြစ်သော်လည်း ထိုအတွေးများကို အများထံလက်ဆင့် ကမ်းဖြန့်ဝေသူရှားပါးသလို ထိုသို့ ဖြန့်ဝေသူများတွင်လည်း ထို အတွေးများမှတစ်ဆင့် ရရှိမည့် တစ်စုံတစ်ရာများ၏ အတိမ်အနက်သည်လည်း မတူညီနိုင်ကြပါ။ ဦးဘုန်း (ဓာတု) မန္တလေး၏ ကြက်ရိုးဒဿနပါ စာများကမူ အတွေးမှ တစိမ့်စိမ့်ပေးသည့် ရသတွင် စဉ်းစားဆင်ခြင်စရာ၊ မှတ်သားမှတ်သားမှားများစရာနှင့် မျှဝေစရာများ ပါဝင်နေသည်။ ရိုးရိုးရှင်း ရှင်းရေးသော အတွေးတွင် နက်နဲသောမြှုပ်နှံထားမှုများပါဝင်နေသည်ကို ဖတ်ရှုရင်း တွေ့မြင်ကြရမည် ဖြစ်သည်။ စုစုပေါင်းစာ ၁၈ ပုဒ် ပါဝင်ပြီး ဤစာအုပ်ကို လင်းလွန်း ခင်စာပေမှ စီစဉ်ပြီး တန်ဖိုးကျပ် ၂၀၀၀ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။





## ရီနေနိုင် – အချွန်အတက်နဲ့ နောက်တာလွယ် မှတ်လို့


စာရေးဆရာ ရီနေနိုင်၏ သရော်ဆောင်းပါးများကို စုစည်းထားသော စာအုပ် ဖြစ်သည်။ ပေါ်ပြူလာဂျာနယ်၊ The Ladies ၊ Action Time ဂျာနယ်များနှင့် ဟာသယမဂ္ဂဇင်း၊ မြန်မာသစ် မဂ္ဂဇင်းများတွင် ရေးသားခဲ့သော စာများကို စုစည်းထားသည်။ ခေတ်၏ လိုအပ်ချက်နှင့် အလွဲအချော်များကို ပြုပြင်လိုသောဆန္ဒဖြင့် မေတ္တာရှေ့ထားကာ အသဲအေးနှလုံးသားနှင့် ရှုမြင်ရေးသားထားခြင်းများဖြစ်သဖြင့် ဤစာများသည် တွေးစရာများ ပါဝင်သလို ဖတ်ရင်း ပြုံးရမည့် စာအုပ် ဖြစ်သည်။ အဆိုပါ စာအုပ်ကို ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ) က 'ခေတ်၏ လိုအပ်ချက်များထဲမှ တစ်ခုဖြစ်သည်'ဟု ဝေဖန်ခဲ့သလို ဆရာမောင်မိုးသူကလည်း 'ခပ်တုံးတုံး' ဟူသော အားပေးအမှာစာဖြင့် ချီးမွမ်းခဲ့သည်။ Wisdom House မှ တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။





## မင်နီရှဲလ် – ဆရာဝန်မှတ်တမ်း

ဆရာမ မင်နီရှဲလ်၏ ဆရာဝန် မှတ်တမ်းသည် မဟေသီမဂ္ဂဇင်းတွင် ရေးသားခဲ့သော ဆောင်းပါးများ စုစည်း ထုတ်ဝေထားခြင်း ဖြစ်ပါသည်။ နိုင်ငံရပ်ခြားတွင် ဆရာဝန်အလုပ်ကို လုပ်ကိုင်ခဲ့ရစဉ်က အတွေ့အကြုံများကို ရေးသားထားခြင်း ဖြစ်သော်လည်း ထိုဆောင်းပါးများတွင် ဆရာဝန် တစ်ဦး၏ တာဝန်နှင့် တွဲစပ်သီထားသော နှလုံးသား စည်းချက်ညီ ခုန်သံကို ကြားရမည်ဖြစ်သည်။ မြန်မာ့လူနေမှုစရိုက်နှင့် ကွာဟသော အသိုက်အဝန်းမှ လူနာပေါင်းစုံ၏ အသွင်မျိုးစုံကို မှန်းဆ မြင်ယောင်ပြီး ပြုံးရမည့်အကြောင်းအရာများ ပါသလို စာရေးသူ၏ ရေးသားခြင်းရည်ရွယ်ချက်ကို သိရသည့်အခါ ဖြစ်ပေါ်လာသည့် ရသကိုပါ ရရှိနိုင်သည့်စာများ ဖြစ်သည်။ "ကျွန်မတို့မှာ ပြောစရာတွေ ကွန်တိန်နာဆယ်လုံးနှင့် အပြည့်လောက်ရှိသည်" ဟု ဆိုထားသော ဆရာမမင်နီ ရှဲလ်၏ ဤစာစုများကို လူသားဆန်သော ခံစားမှု အတွေးအမြင်မျှနှင့်ပင် ဖတ်ရှုရန် လုံလောက်ပြီ ဖြစ်သည်။ Widsom House စာအုပ်တိုက်မှ ထုတ်ဝေပြီး တန်ဖိုး ၂၀၀၀ ကျပ်ဖြစ်သည်။





## လူနေ – မည်ကဲ့သို့လုပ်လိုက်သည်မသိ

ညက်ကစားရသော ဇာတ်ကွက်များဖြင့် ဇာတ်အိမ်တည်ဆောက်ကာ ဖန်တီးရေးသားတတ်သော စာရေးဆရာ လူနေ၏ လက်ရာသစ်ဖြစ်သည်။ သဘာဝယုတ္တိမှ ကင်းလွတ်သော ခေတ်ကာလကို နောက်ခံကာ ဖန်တီးရေးဖွဲ့ ထားသော်လည်း ပီရိသေသပ်သော မြှုပ်ကွက်များဖြင့် သိလိုစိတ်ကို နှိုးဆွထားမှုကြောင့် လက်ကမချနိုင်အောင် စွမ်းဆောင်နိုင်သော စာအုပ်တစ်အုပ်ဖြစ်သည်။ အတိတ်ဇာတ်ကြောင်း ရာဇဝင် မသိရသလို မည်သူ မည်ဝါမှန်း မသိရသော လုလင်လေး တစ်ဦး ပဒေသရာဇ်ဘုရင်စနစ် အုပ်စိုးသော တိုင်းပြည်တစ်ပြည်ကို ရောက်ရှိလာပြီး ကြုံတွေ့ရသော သည်းထိပ်ရင်ဖိုဖွယ်စွန့်စားခန်းများကို အခြေခံရေး သားထားသည်။ စာရေးဆရာ လူနေ၏ ၂၁ အုပ်မြောက် လက်ရာလည်းဖြစ်သော ဤစာအုပ်ကို စိုးမိုးစာပေမှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။



Asian Fame Media Group

ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်သည်

## ကျော်ဇောလင်း ၏

# ရင်ခွင်မြို့နှင့် အနီးတစ်ပိုက်တွင်

**မောင်အိမ်စံ**



(၁)

ကျော်ဇောလင်း၏ 'ရင်ခွင်မြို့နှင့် အနီးတစ်ပိုက်တွင်' သည် ငယ်သူငယ်ချင်းသုံးယောက်၏ သံယောဇဉ်ကို ရိုက်ကူးထားသော ဗီဒီယိုဇာတ်ကားဖြစ်သည်။ သက်ပိုင်ရဲ၏ ဝတ္ထုကို ကိုကျော်ဇာတ်ညွှန်းရေးသားပြီး ရဲတိုက်၊ ပိုင်ဇေရဲထွန်း၊ မိုးယုစံနှင့် ရတနာမိုင်တို့ အဓိကသရုပ်ဆောင်ထားသည်။

အဝေးသင်စီးပွားရေးတက္ကသိုလ်သို့ တက်ကာ မိခင်ကိုလုပ်ကျွေးနေသော ဉာဏ (ပိုင်ဇေရဲထွန်း) သည် သူနှင့်ငယ်စဉ်ကတည်းက အတူနေခဲ့ကြသော တီတီတာ (ရတနာမိုင်) နှင့်ဝီရ (ရဲတိုက်) တို့အပေါ် အမြတ်တနိုး အခွင့်အရေးယူသည်။ ဒါကို တီတီတာမိဘများနှင့် ဝီရ၏ အုပ်ထိန်းသူဦးကျော်တို့က မကျေနပ်။ သို့ရာတွင် သူငယ်ချင်းသုံးယောက်၏ အချစ်နှင့်သံယောဇဉ်များကို မကျော်လွှားနိုင်ခဲ့ပါ။ ဝီရမှာ မိသားစုပြိုကွဲပြီး တစ်ဦးတည်းနေခဲ့ရသူမို့ အဖော်အဖြစ် ဉာဏနှင့်တီတီတာကို ယုံယုံကြည်ကြည် ချစ်ချစ်ခင်ခင် ပေါင်းသင်းသည်။ သံယောဇဉ် ရှိသည်။ ဝီရသည် အမြဲတမ်းသုန်မှုန်ပြီး စကားပြောမပြေပြစ်သော်လည်း ဉာဏလိုသမျှ လုပ်ပေးသည်။ ဉာဏ၏ စိတ်ကမူ သူ့ကို ဝီရက နှိမ်သည်။ ဝီရကိုမီရန် အမြန်လမ်းမှ ကြိုးပမ်းလိုသည်။ ဉာဏ၏ မွေးနေ့ပွဲအတွက် လက်ဆောင်အဖြစ် တီတီတာက သူ့အမေ သူ့ကို မွေးနေ့လက်ဆောင်ပေးထားသော လော့ကတ်သီးကို ရောင်းပြီး ဖုန်းဝယ်ပေးသည်။ ဒါကိုသိသော ဝီရက အိမ်တွင် ပြဿနာတက်မည်စိုး၍ လော့ကတ်သီးကို ပြန်ဝယ်ပြီး ယူလာပေးသည်။ ဉာဏအစိုက်ခံရစဉ် ဝင်ကာသဖြင့် တီတီတာ ဒဏ်ရာရသောအခါ၌လည်း တီတီတာ၏မိခင်ကို ကစားစဉ် လဲကျ၍ ဒဏ်ရာရသည်ဟု ဉာဏအစား ဝင်ခံပေးသည်။

တစ်ဖက်တွင် ပျိုရွှယ်လူး (မိုးယုစံ) သည် ဝီရကို အမှတ်မထင် တွေ့ဆုံသည်မှ စိတ်ဝင်စားပြီး အခေါ်များကို စုံစမ်းနိုင်းသည်။ ပျိုရွှယ်လူးသည် သူတို့သူငယ်ချင်းသုံးယောက်၏ ဆက်ဆံရေးကို သိလာသည်။ ဝီရနောက်မှချောင်းပြီး ဗီဒီယိုလိုက်ရိုက်ပြီး ဝီရဆီပို့သည်။ နောက်ဆုံး သူတို့ချင်းသိသွားကြရာ ဉာဏနှင့်လည်း သိကျွမ်းသွားကြသည်။ ဉာဏသည် ပျိုရွှယ်လူးကို ချစ်သွားပြီး တီတီတာကို ပြောနိုင်းသည်။ ထိုစဉ် ပျိုရွှယ်လူး၏ မိခင် ဒေါ်နီနီ (မိုခမ်း) နိုင်ငံ ခြားမှ ရောက်လာသည်။ ဉာဏ၏မိခင် မြတ် (တက္ကသိုလ်ဝွမ်းပုံ) နှင့် နီနီက ငယ်သူငယ်ချင်း ဖြစ်သည့်အပြင် သားရေးသမီးရေး ပြောထားကြသည်။ ဒေါ်နီနီ ရောက်လာသောအခါ ဉာဏနှင့် ပျိုရွှယ်လူးကို လက်ထပ်ပေးရန် စီစဉ်ကြသည်။ ဉာဏက ပျိုရွှယ်လူးကို ယူလိုက်လျှင် ချက်ချင်းပြည့်စုံချမ်းသာပြီး ဝီရထက် သာသွားမည်။ ဉာဏ၏ တစ်သက်တာ ရည်မှန်းချက် ပြည့်မြောက်သွားမည်။ ပျိုရွှယ်လူးက သူ့ကို ချစ် မချစ်စုံစမ်းကြည့်ရာ ပျိုရွှယ်လူးက ငြင်းလိုက်သည်။ ဉာဏစိတ်ဓာတ်ကျပြီး အရက်သောက်၊ တီတီတာကို ရင်ဖွင့်ရန်ခေါ်ယူပြီး ထိုညတွင် တီတီတာ၏အပျိုဘဝ ဖိတ်စဉ်ကျခဲ့ရသည်။

ဉာဏနှင့် ပျိုရွှယ်လူးတို့ မင်္ဂလာပွဲစီစဉ်နေစဉ်တွင် တီတီတာပျောက်သွားသဖြင့် ဝီရက ဉာဏကို တိုညကကိစ္စ မေးသည်။ ဉာဏက မသိဘူးဟု ဖြေလိုက်သဖြင့် ဝီရက ပျိုရွှယ်လူးကို ပြန်ပေးဆွဲပြီး တီတီတာမတွေ့သရွေ့ ထုတ်မပေးဟု ဉာဏကို အကျပ်ကိုင်သည်။ နောက်ဆုံး သူတို့လေးဦး မျက်နှာချင်းဆိုင်ဖြေရှင်းရာတွင် ဉာဏက ငြင်းသဖြင့် တီတီတာက 'နှင်မို့လို့ ပြောရက်တယ်' ဟု ပြောကာထွက်ပြေးစဉ် ကားတိုက်ခံရပြီး ဆုံးသည်။

Asian Fame Media Group

ဖျို့ရွယ်လူးက သူ့အမေနှင့် နိုင်ငံခြားကို လိုက်သွားမည်ဟု ဝီရကို လာပြောသည်။ သူတို့နှစ်ဦး ချစ်သူများဖြစ်သွားကြသည်။

(၂)

ဇာတ်လမ်းက ဘာမှမထူးခြား။ လေးပွင့်ဆိုင် အချစ်ဇာတ်လမ်းဖြစ်သည်။ သို့ရာတွင် သက်ပိုင်ရဲသည် တီတီတာ၏ စိတ်စရိုက်နှင့် ဝီရ၏ နှလုံးသားကို ပရိသတ်သိရှိနားလည်သွားအောင် အရေးအခင်းများဖြင့် ချပြနိုင်ခဲ့သည်။ ဝတ္ထုရေးဆရာ၏ဆန္ဒကို ဒါရိုက်တာ ကျော်ဇောလင်းသည် အရုပ်များဖြင့် ပြသနိုင်ခဲ့သည်မှာ သူ့အရည်အချင်းဖြစ်ပါသည်။

ပေးဆပ်နေရသည်ကို ပျော်ပိုက်နေနိုင်သည့် စိတ်အရည်အချင်းမျိုးကို ရိုက်ကူးပြသနိုင်ခဲ့ခြင်းမှာ ဤဇာတ်ကား၏ အလွန်ကောင်းသောအချက်ဖြစ်သည်။ တီတီတာသည် ဤဇာတ်ကား၏ 'စံပြ' ဇာတ်ကောင်ဖြစ်သည်။ ဤလောကကြီးတွင် ရှားပါးသော်လည်း လောကကို အလှဆင်ပေးနေသည့် လူငယ်တစ်ယောက်မို့ ရှိသင့်သည်ဟု ကျွန်တော်မြင်သည်။ ဝီရသည် ပြိုကွဲနေသော အိမ်ထောင်မှ ကလေး (လူငယ်) တစ်ယောက်ဖြစ်သဖြင့် အရာရာအလိုမကျဖြစ်နေသော်လည်း လော့ကတ်သီး ပြန်ရွေးခန်း၊ ဖျို့ရွယ်လူးကို ပြန်ပေးဆွဲပြီး တီတီတာကို ပြန်တောင်းခန်း၊ တီတီတာ ဒဏ်ရာရသည့်ကိစ္စနှင့် တီတီတာ၏မိခင်နှင့် တွေ့ဆုံခန်း၊ ဉာဏနှင့် ဖုန်းပြောခန်း၊ နောက်ဆုံး တီတီတာ ကားတိုက်ဆုံးသည့်အခန်းများဖြင့် သူ၏ ရင်တွင်းစိတ်ကို ဖော်ပြခဲ့သည်။

(၃)

'ရင်ခွင်မြို့နှင့် အနီးတစ်ဝိုက်တွင်' သည် လူငယ်များ၏ မြတ်သောစိတ်ကို ဖော်ညွှန်းသည်။ အထူးသဖြင့် ပြရခက်ခဲလှသော ဇာတ်ကောင်တစ်ကောင်၏ စိတ်အနေ၊ စိတ်စရိုက်ကို ပုံဖော်ပြရသောအလုပ်သည် ဒါရိုက်တာတစ်ယောက်အဖို့ အခက်အခဲဆုံးဖြစ်သည်။ ရုပ်လုံးဖော်ပစ္စည်းများဖြင့် ပြကြရသည်။ ဤဇာတ်ကားတွင် ကျော်ဇောလင်းသည် ရတနာမိုင်၏ သရုပ်ဆောင်မှု၊ စကားလုံးများများဖြင့် တီတီတာ၏ ဉာဏအပေါ်ထားသော မြတ်သည့်စိတ်ထားကို ပြသည်။ အမှန်တော့ တီတီတာသည် ဉာဏအတွက်ဆိုလျှင် ဘာမဆိုလုပ်ရဲသော အချစ်သူရဲကောင်းမလေးတစ်ဦးဖြစ်ပါသည်။ သို့ရာတွင် မြန်မာ့ယဉ်ကျေးမှုစရိုက်ကို လိုက်နာသည်။ သိမ်မွေ့နူးညံ့သည်။

သူနှင့်ဆန့်ကျင်ဘက်မှာ ဖျို့ရွယ်လူးဖြစ်သည်။ ဝီရကို ဘာတွေမှိုင်ပျော်ရွှင်စေလိုသည်ဟု အကြောင်းပြကာ တစ်ဖက်သတ်စိတ်ဝင်စားနေသည်။ အထူးသဖြင့် အဒေါ်နှစ်ဦးက အလိုတူ၊ အလိုပါဖြစ်နေသည်ကမှ တခြားသူ (သူငယ်ချင်းများ) အဖြစ်ပြောင်းလဲပြသသင့်သည်။

ရုပ်ရှင်သည် အကြောင်းအရာကောင်းရုံမျှနှင့် မပြီး။ ပရိသတ်ကြိုက်ရန်လည်း လိုပါသေးသည်။ ပရိသတ်ကြိုက်ရန် အဓိကမှာ ပုံသဏ္ဌာန်ဖြစ်သည်။ ပုံသဏ္ဌာန်ကောင်းလေ၊ ပရိသတ်ပိုကြိုက်လေ ဖြစ်သည်။

မြန်မာဗီဒီယိုဇာတ်ကားအများစုမှာ ခပ်ပေါပေါ ရယ်စရာများဖြစ်သည်။ တချို့မှာ 'ငိုစရာ' ကို အားထားသည်။ ငိုရလေလေ၊ လူကြိုက်လေလေ ဖြစ်သည်။ ဤဇာတ်ကားမှာမူ ထိုသို့မဟုတ်။ ရသကို မျှတအောင် ရောမွှေထားသည်၊ အထူးသဖြင့် dialogue ကောင်းသည်။ လွယ်ကူရှင်းလင်းပြီး ဇာတ်ကို ရွေ့လျားသွားစေခဲ့သည်။

ဒါရိုက်တာသည် ရဲတိုက်၊ ရတနာမိုင်နှင့် ပိုင်ဇေရဲထွန်းတို့ကို ပီပီပြင်ပြင်ကိုင်တွယ် ရိုက်ကူးနိုင်ခဲ့ပါသော်လည်း မိုးယုစံကိုမူ မကိုင်တွယ်နိုင်ခဲ့ပါ။ မိုးယုစံသည် တချို့အခန်းများတွင် မလိုအပ်ဘဲ ရယ်နေသည်မှာ အကြည့်ရဆိုးသည်၊ သူနှင့် ခေတ်ပြိုင်မင်းသမီးများက သရုပ်ဆောင်ဖြစ်လာသော်လည်း သူကမူ ယခုထိ ဖြစ်မလာသေးပါ။ ဤဇာတ်ကားတွင်လည်း ဖျို့ရွယ်လူးဖြစ်မလာခဲ့ပါ။

ဝီရအဖြစ် သရုပ်ဆောင်ရသော ရဲတိုက်သည် ဇာတ်ကားတစ်လျှောက်လုံး ဝီရဖြစ်နေသည်၊ တချို့ဇာတ်ညွှန်းတွင် မပါနိုင်သည့် စကားများကိုပင် လှလှပပသုံးစွဲသွားသည်။ ဖုန်းပေးသည့်အခန်း၊ တီတီတာ၏မိခင် ငွမ်းပုံကြီးနှင့် ပြောသည့်အခန်း၊ ကားသော့နှင့် နာရီပေးခန်း၊ တီတီတာ ပျောက်သွား၍ ဉာဏအလုပ်သို့ လိုက်သွားပြီးပြောသည့်အခန်း၊ ပြန်ပေးဆွဲပြီး ဉာဏကို ဖုန်းပြောသည့်အခန်း . . .။ အားလုံးသော ဇာတ်ဝင်ခန်းများ၌ ရဲတိုက်သည် ရဲတိုက်မဟုတ်၊ ဝီရ ဖြစ်နေပါသည်။

တီတီတာအဖြစ် သရုပ်ဆောင်ရသော ရတနာမိုင်ကမူ 'စံပြ' ဇာတ်ကောင်စရိုက်ကို ပီပီပြင်ပြင် သရုပ်ဆောင်သွားခဲ့ပါသည်။ ရတနာမိုင်ကို သည်မျှအထိ အံဝင်ခွင်ကျသရုပ်ဆောင်ပြနိုင်မည်ဟု ကျွန်တော် ထင်မထားခဲ့ပါ။ ယခုဇာတ်ကားနှင့် ရတနာမိုင်သည် အကောင်းဆုံး သရုပ်ဆောင်သွားခဲ့ပါသည်။

ပိတ်ကားပေါ်တွင် ပျောက်ဆုံးနေသည်မှာ ကြာပြီဖြစ်သော ပိုင်ဇေရဲထွန်းသည် ဉာဏအဖြစ် သရုပ်ဆောင်နိုင်ခဲ့ပါသည်။

(၄)

ရုပ်ရှင်အနုပညာတွင် ဖျော်ဖြေရေးပါဝင်ပါသည်။ သို့ရာတွင် ဖျော်ဖြေရေးကိုချည်း ဦးစားပေး၍ မရ။ လက်ရှိလူမှုဝန်းကျင်ကို ယခုထက်ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခုဖြစ်လာစေရန် လှုံ့ဆော်အားပေးနိုင်ရန်လည်း လိုပါသေးသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းသို့ ပြောင်းလဲနေချိန်ဖြစ်သည်။ တစ်ချိန်တုန်းက

ရုပ်ရှင်အနုပညာတွင်
ဖျော်ဖြေရေးပါဝင်ပါသည်။
သို့ရာတွင်... ဖျော်ဖြေရေးကိုချည်း
ဦးစားပေး၍မရ။
လက်ရှိလူမှုဝန်းကျင်ကို
ယခုထက်ပိုမိုကောင်းမွန်သော
ပတ်ဝန်းကျင်တစ်ခုဖြစ်လာစေရန်
လှုံ့ဆော်အားပေးနိုင်ရန်လည်း
လိုပါသေးသည်။

စိတ်ထားမျိုးများကို ပြောင်းလဲမြင်ဆင်ပေးနိုင်သော အနုပညာများကိုလည်း ဖန်တီးထုတ်လုပ်နိုင်ရန် လိုပါသည်။ ထိုအခါ မျိုးဆက်သစ်များ၏ စိတ်အရည်အချင်းကို ပိုမိုမြင့်မားကောင်းမွန်လာစေရန် အနုပညာရှင်များ၌ တာဝန်ရှိလာပါ၏။ အနုပညာရှင်သည် လူ့ဘောင်ထဲမှ လူဖြစ်သည်။ လူ့ဘောင်၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေ့ရှုရမည်။

မည်သို့ပင်ဖြစ်စေ၊ သက်ပိုင်ရဲ၊ ကိုကျော်နှင့် ကျော်ဇောလင်းတို့သည် မြန်မာ့လူ့အဖွဲ့အစည်းသစ်ကို ထုဆစ်သွန်းလုပ်မည့် လူငယ်များ၏ စိတ်အရည်အချင်းကို သူငယ်ချင်းများ၏ အချစ်၊ သံယောဇဉ်များဖြင့် ရိုက်ကူးပြသနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း 'ရင်ခွင်မြို့နှင့် အနီးတစ်ဝိုက်တွင်' သည် အနာဂတ် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပေးနေသော ဗီဒီယိုဇာတ်ကားတစ်ကားဟု ဆိုချင်ပါသည်။

**မောင်အိမ်စံ**

---

**ယခုလအညွှန်း**

၁။ ချစ်ခြင်းအလွန်
၂။ နှလုံးသည်းပွက် ယဉ်ကျေးမှု
၃။ တက်တူး
၄။ သုညာ၏ အခမ်းအနား

Asian Fame Media Group



# သမီးလေးအတွက် ပဋ္ဌာန်းမိတ်ခက်

ဒေါက်တာ တင်မြင့်ထွေး

MEDIA GROUP
Asian Fame Media Group

"ခင်ကတော့လေ၊ ဒေါ်လေးကို အရမ်းအံ့ဩတယ် သိလား"

ကျွန်မအနားကို တူမလေး ခင် ဒုတိယအကြိမ် ရောက်ရှိလာပြီး ပြောလိုက်သောစကား ဖြစ်ပါတယ်။ လွန်ခဲ့သော ဆယ့်ငါးမိနစ်ခန့်ကလည်း ခင် ကျွန်မအနားကို ရောက်လာပြီး တစ်ခုခု ပြောလိုက်ပေမယ့် ဖတ်နေသော ပဋ္ဌာန်း မြန်မာပြန် စာအုပ်ထဲမှာ စိတ်နှစ်နေသော ကျွန်မ ဘာပြောသွားမှန်း မသိလိုက်ပါဘူး။ ယခု ဒုတိယအကြိမ်မှာတော့ စာတစ်ပိုဒ် ဖတ်လို့ ပြီးတဲ့အချိန်မှာ ရောက်လာပြန်တာ ဖြစ်ပါတယ်၊

"ဘာတွေများ အံ့ဩနေရတာလဲ ခင်ရေ"

"ဒေါ်လေးက မနက်အိပ်ရာထလည်း ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ဆိုပြီး ပါဠိလိုတွေ ရွတ်တယ်၊ အခု နေ့ခင်းပိုင်းမှာလည်း ဖတ်နေတဲ့စာအုပ်က ပဋ္ဌာန်းမြန်မာပြန်တဲ့၊ မနက်ဖြန်လည်း

> "ဪ သမီးရယ်... ပဋ္ဌာန်းဆိုတာ ပါဠိတွေမို့လို့ ကိုယ်နားမလည်လို့ ကိုယ်နဲ့မဆိုင်ဘူးလို့ထင်နေတာလား၊ ပါဠိကို မြန်မာပြန်ထားတဲ့စာတွေ ဖတ်ကြည့်လိုက်တော့ သမီးရေ၊ ပဋ္ဌာန်းဆိုတာ ခင်တို့၊ ဒေါ်လေးတို့ နေ့စဉ်ဘဝထဲမှာ ကြုံတွေ့နေရတဲ့ အကြောင်းအရာတွေကိုပဲ မြတ်စွာဘုရားက လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်လောက်တုန်းက သေချာခွဲခြမ်းစိတ်ဖြာပြီး "ဟောပြောညွှန်ပြခဲ့တာတွေပဲဆိုတာ ဒေါ်လေးသိလာရတယ်

အဘိဓမ္မာသင်တန်း သွားဦးမှာမဟုတ်လား၊ ခင်တော့ ဒါတွေ ဘာလို့ ဒီလောက်တောင် သင်နေ၊ မှတ်နေ၊ ဖတ်နေရတာလဲဆိုတာ နားမလည်တော့ဘူး"

ကျွန်မတူမလေး ခင်က အထက်တန်းကျောင်းသူလေးပီပီ၊ စာပြီးရင်းစာ၊ တစာစာနေရတဲ့ထဲက အပြင်စာကို တတ်နိုင်သမျှ ဖတ်နေသူလေးဖြစ်ပေမယ့် ဘာသာရေးစာများနဲ့တော့ အလှမ်းဝေးဆဲပါ။ ကျောင်းစာများကို မပြတ်ကျက်ရ မှတ်ရတဲ့ သူနဲ့အပြိုင် အဘိဓမ္မာတွေ သင်နေ၊ မှတ်နေတဲ့ ကျွန်မကို နားမလည်နိုင် ဖြစ်နေပါတယ်။ အငြိမ်းစားယူရန် နှစ်အနည်းငယ်သာလိုတော့တဲ့ သူ့ဒေါ်လေးက ဘာတွေ ထပ်သင်နေသေးတာလဲလို့ ဆိုလိုချင်ဟန်တူပါတယ်။

"ပြော် သမီးရယ်၊ ပဋ္ဌာန်းဆိုတာ ပါဠိတွေမို့လို့ ကိုယ်နားမလည်လို့ ကိုယ်နဲ့မဆိုင်ဘူးလို့ ထင်နေတာလား၊ ပါဠိကို မြန်မာပြန်ထားတဲ့စာတွေ ဖတ်ကြည့်လိုက်တော့ သမီးရေ၊ ပဋ္ဌာန်းဆိုတာ ခင်တို့၊ ဒေါ်လေးတို့ နေ့စဉ်ဘဝထဲမှာ ကြုံတွေ့နေရတဲ့ အကြောင်းအရာတွေကိုပဲ မြတ်စွာဘုရားက လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်လောက်တုန်းက သေချာခွဲခြမ်းစိတ်ဖြာပြီး ဟောပြောညွှန်ပြခဲ့တာတွေပဲဆိုတာ ဒေါ်လေး သိလာရတယ်"

၂၀ ရာစုမှာ မွေးဖွားကြီးပြင်းလာတဲ့ ခင်က ဟုတ်မှလည်းပြောပါနော်ဆိုသော ပုံစံမျိုး မျက်နှာပေးလေးနဲ့ ကျွန်မကို တုံ့ပြန်ပါတယ်။

"ဒေါ်လေးရယ် မြတ်စွာဘုရားက ဟိုး ရှေးရှေးတုန်းက ပွင့်ခဲ့တာလေ၊ ခင်တို့ ဒေါ်လေးတို့ အခုတွေ့နေရတာက အခုခေတ်အကြောင်းအရာတွေဆိုတော့ ခေတ်တွေအများကြီး ကွာသွားပြီ မဟုတ်လား ဒေါ်လေးရယ်"

"သမီး ခင်ရေ၊ မြတ်စွာဘုရားဟောကြားခဲ့တာဆိုတာ အခုခေတ်အထိ မှန်ကန်ဆဲပဲဆိုတာ သမီးသိအောင် ဒေါ်လေး အခုဖတ်နေတဲ့ ပဋ္ဌာန်းတရားတော်ကြီးနဲ့ပဲ ပြောပြမယ်၊ သမီး နားထောင်မလား"

"ကောင်းတာပေါ့ ဒေါ်လေး၊ ပြောပြပေးပါ"

"သမီးက ကျောင်းသူဆိုတော့ သမီးတို့ စာတွေသင်ရတယ်၊ စာကျက်ရတယ်၊ စာမေးပွဲဖြေရတယ်၊ စာမေးပွဲတွေ အောင်ကြတယ်၊ အတန်းတွေ တက်ရတယ်၊ ဟုတ်တယ်မဟုတ်လား သမီး"

"ဟုတ်တဲ့ ဒေါ်လေး"

"အေး သမီး စာမေးပွဲအောင်ပြီး အတန်းတက်ရတယ်ဆိုတာရဲ့ အကြောင်းရင်းက ဘာလဲ၊ သမီး စာကြိုးစားလို့၊ စာကျက်လို့ပေါ့၊ အဲလိုမျိုး အဖြစ်အပျက်တစ်ခုရဲ့ အကြောင်းရင်းမှန်ကို ရှာဖွေတယ်ဆိုတာကို ပဋ္ဌာန်းမှာ 'ဟေတုပစ္စယော' လို့ ခေါ်တယ်လေ"

"ဟာ ဟုတ်လား ဒေါ်လေး၊ အဲလိုမျိုး ခေါ်တာရှိတယ်လား"

"နောက်ပြီး ရှိသေးတယ်၊ စာကျက်တဲ့ နေရာမှာ သမီးဘယ်လိုနည်းလမ်းမျိုးနဲ့ စာတွေ ကျက်ခဲ့သလဲ"

"သမီးကတော့ အချိန်မှန်မှန် စာကျက်တယ်၊ တစ်နေ့စာကို တစ်နေ့ ပြီးအောင်ကျက်တယ်၊ ဒီနေ့ အသစ်ပေးလိုက်တဲ့ သင်ခန်းစာတွေကို နားမလည်သေးဘဲနဲ့ မအိပ်ဘူး"

"ဟုတ်ပြီ၊ ကိုယ့်ရည်မှန်းချက်ရောက်အောင် ဘယ်လိုနည်းနဲ့ သွားမလဲဆိုတာ သေချာပုံစံချပြီး နည်းမှန်လမ်းမှန် ရွေးချယ်နိုင်တာမျိုးကို ပဋ္ဌာန်းမှာ "မဂ္ဂပစ္စယော" လို့ ခေါ်တယ်။ နောက်ပြီး သမီးပုစ္ဆာတွေတွက်ရာမှာ တစ်ကြိမ်တည်း တွက်သလား အကြိမ်ကြိမ်တွက်သလား"

"ဟာ ဒေါ်လေးရယ်၊ တစ်ကြိမ်တည်း တွက်လို့ကတော့ စာမေးပွဲမှာ ဘယ်ကောင်းကောင်း သက်ရပါတော့မလဲ၊ အကြိမ်ကြိမ်အထပ်ထပ် ကြိုတင်ချရေး တွက်ကြည့်နေပါမှ တန်ကာကျမှာလေ"

"အေး အဲလို အနုပတစ်ခုကို ထပ်မြန် တလဲလဲပြုလုပ်လေ့ကျင့်တာကို ပဋ္ဌာန်းတရားတော်မှာ 'အာသေဝန ပစ္စယော' လို့ ခေါ်တယ် သမီးရေ့ စာမေးပွဲမတိုင်ခင်မှာ ကြိုတင်ပြင်ဆင်ထားတာက နောက်ပိုင်းစာမေးပွဲဖြေဆိုရာမှာ အကျိုးပြုတယ်ဆိုတာကို 'ပုရေဇာတ ပစ္စယော' လို့ ခေါ်တယ်"

"ဟာ ကောင်းလိုက်တာ ဒေါ်လေးရယ်၊ အဲလိုဆိုရင် စာတွေများများမှတ်မိအောင် ဘယ်လိုလုပ်ရမလဲဆိုတာရော ပဋ္ဌာန်းတရားတော်ကြီးထဲမှာ မပါဘူးလား၊ ပြောပြပါဦး"

"ပါတာပေါ့ သမီးရယ်၊ အာရုံများများ မတွေ့ပြားဘဲ စာဆိုတဲ့ အာရုံကိုပဲ ဦးတည်မယ်ဆိုရင် 'အာရမ္မဏ ပစ္စယော' လို့ခေါ်တယ်၊ စာဆိုတဲ့ အာရုံတစ်ခုတည်းကိုပဲ စူးစူးစိုက်စိုက် စွဲမြဲနေတယ်ဆိုရင် 'ဈာနပစ္စယော' လို့ခေါ်တယ်၊ နောက်ပြီး ငါ့စီစာကို အချိန်ပိုင်းတစ်ခု ဥပမာ - ဆယ်မိနစ်အတွင်း ရအောင်ကျက်မယ်ဆိုတဲ့ ဆန္ဒ၊ လုံ့လဝီရိယ၊ စာရချင်တဲ့စိတ်၊ စာတွေကို ဆက်စပ်မှတ်သားတတ်တဲ့ ပညာဆိုတာပါရင် ဘယ်လောက်ခက်တဲ့ စာပဲဖြစ်ဖြစ် မရဘူးဆိုတာ မရှိနိုင်ဘူး၊ ဒါကို 'အဓိပတိပစ္စယော' လို့ ခေါ်တယ်။ စာကို တစ်ရက်ကျက်လိုက်၊ နောက်ရက်ကျတော့ ကစားနေလိုက်၊ နှစ်ရက်လောက်နေမှ ကျက်လိုက်လုပ်လို့ကတော့ စာတွေက မေ့ပြီးရင်း မေ့ရင်း ဖြစ်မှာပေါ့။ ဆက်တိုက်ကျက်မှတ်နေဖို့ လိုတယ်၊ 'အနန္တရ ပစ္စယော'၊ 'သမနန္တရ ပစ္စယော' ပေါ့ သမီးရယ်"

"ဟာ ဒါတွေလည်း ပဋ္ဌာန်းတရားတော်မှာ



"သမီးရေ.....
မြတ်စွာဘုရားဟောခဲ့တဲ့ တရားအားလုံးဟာ စိတ်ကူးယဉ်တာတွေ၊ မှန်းဆတာတွေ ဘာမှ မပါဘူး၊ တကယ့် လက်တွေ့ဘဝမှာ ဖြစ်ပျက်နေတာတွေကို ခွဲခြမ်းစိတ်ဖြာပြီး အမှန်အတိုင်း ဟောပြော ညွှန်ပြခဲ့တာချည်းပဲ၊ သမီးတို့လို ကျောင်းသူလေးတွေ စာကျက်တာကအစ အထူးလေးနက်တဲ့ ဘာသာရေးကိစ္စများမှာပါ အသုံးချနိုင်တာချည်းပဲ"

ပါတာပဲလား၊ မြတ်စွာဘုရားဟောခဲ့တာပဲလား"

"ဒါပေါ့ သမီးရယ်၊ မြတ်စွာဘုရားက 'ကမ္မပစ္စယော' ဆိုတဲ့ ကံ = ပြုလုပ်ခြင်းများကြောင့်၊ 'ဝိပါက ပစ္စယော' ဆိုတဲ့ ဝိပါက - အကျိုးများ ရရှိတယ်လို့ ဟောတယ်လေ၊ ကြိုးစားမှုပြုလုပ်ခြင်းကြောင့် စာမေးပွဲအောင်ခြင်းဆိုတဲ့ အကျိုးကို ခံစားရမှာပေါ့"

ခင့်ရဲ့ မျက်လုံးလေးများမှာ ပိုမိုတောက်ပလာပါတယ်။

"သမီးရေ မြတ်စွာဘုရားဟောခဲ့တဲ့ တရားအားလုံးဟာ စိတ်ကူးယဉ်တာတွေ၊ မှန်းဆတာတွေ ဘာမှမပါဘူး။ တကယ့်လက်တွေ့ဘဝမှာ ဖြစ်ပျက်နေတာတွေကို ခွဲခြမ်းစိတ်ဖြာပြီး အမှန်အတိုင်းဟောပြော ညွှန်ပြခဲ့တာချည်းပဲ၊ သမီးတို့လိုကျောင်းသူလေးတွေ စာကျက်တာကအစ အထူးလေးနက်တဲ့ ဘာသာရေးကိစ္စများမှာပါ အသုံးချနိုင်တာချည်းပဲ။ ဘယ်သူမဆို မြတ်စွာဘုရားလမ်းညွှန်တဲ့အတိုင်း ယုံကြည်စွာလိုက်နာရင် မျက်မှောက်ဘဝမှာရော၊ တမလွန်ဘဝမှာပါ လိုရာပန်းတိုင်ကို အောင်မြင်စွာ ရောက်ကြမှာပါပဲ"

"ဒေါ်လေး ဒီတစ်ခါ ကျောင်းပိတ်ရင် ခင်လည်း အဘိဓမ္မာတွေ သင်ဦးမယ်၊ ဒေါ်လေး သင်ပေးမယ်မဟုတ်လားဟင်"

"သိပ် သေချာတာပေါ့ သမီးရယ်"

**ဒေါက်တာတင်မြင့်ထွေး**

# မရေးမကောင်း ရေးမကောင်း

## ညီညီညာညာ ညက်ညက်ညောညော


အသော အတော့

### အောင်မြင်လွန်းသူကြီး အောင်မြင်လွန်းသူကြီး



ညက်ညက်တို့ မီဒီယာသမားတွေဆိုတာလည်း ဆယ်ကျော်သက်တွေကြား နည်းနည်းပါးပါး လူပ်ခတ်ရေပန်းစားလာပြီဆိုရင် ပရိသတ်နဲ့ အနုပညာသမားအကြား တံတားခင်းပေးရတော့တာကိုး။ ဒါကြောင့်လည်း ချစ်ရည်လေးသနားကမားနဲ့ စီးနီးတွဲလေး တစ်တွဲစ တစ်တွဲစ (တစ်တွဲစ နှစ်တွဲစ မဟုတ်အူးနော်၊ တစ်တွဲပဲ ရိုက်ဖူးလို့ တစ်တွဲစ တစ်တွဲစလို့ တမင်ရေးတာ၊ မှားတယ်လို့ မထင်နဲ့ ဟွန်း) ရိုက်ဖူးတဲ့ မင်းသားလေးကို ကဏ္ဍလေးတစ်ခု ရိုက်ဖြစ်သပေါ့။ ချိန်းတဲ့နေ့မှာ မျက်နှာချေ အဖွေးသားလေးနဲ့ လူပ်လီလူပ်လဲ့ ရောက်လာတဲ့ ကိုယ်တော်ချောလေးကို ဟိုလိုလုပ်ပါလား ဒီလိုလုပ်ပါလားဆိုပြီး ပိုစ့်အမျိုးမျိုးနဲ့ ရိုက်ကူးရေးဆင်နွဲဖြစ်တယ်။ ပြီးတော့ စပွန်ဆာ တောင်းပေးထားတဲ့ အဝတ်အစားလေးတွေကိုလည်း ပေးဝတ်ဖြစ်ပါတယ်။ တကယ်တော့ ညက်ညက်တို့လည်း အနုပညာသမားတွေနဲ့ ပေါင်းသင်းဆက်ဆံပြီး ခေတ်နဲ့အညီ တစ်ပြေးတည်းလိုက်လို့ ခေတ်အမြင်ရှိကြသူတွေပါ။ ခေတ်ကို ပြတ်ကျန်ခဲ့ရင် ကိုယ်လည်း ပြတ်ကျန်ခဲ့မယ်ဆိုတာ သဘောပေါက်ပြီးသားပါ။ ဒါကြောင့်လည်း သူ့အရွယ် သူ့အဆင်းနဲ့လိုက်မယ့် ခေတ်လူငယ်တွေဝတ်လေ့ ဝတ်ထရှိတဲ့ အဝတ်အစားလေးတွေ တမင်စပွန်ဆာတောင်းပေးထားတာပါ။ ဒါကို ဒီမင်းသားပေါက်လေးက ဘာပြောလာသလဲဆိုတော့ အဝတ်အစားတွေကို တစ်ချက်မျက်လုံးစွေကြည့် ပြီး "ဒီ ဒီဇိုင်းတွေက မအောင်မြင်သေးတဲ့သူတွေ ဝတ်ကြတာပါ"တဲ့လေ။ ညက်ညက်လည်း စိတ်ထဲက အိုးမိုင်ဂေါ့ကို ဆယ်ကြိမ်လောက်တရင်း သူအောင်မြင်သွားတာ ငါဘာလို့မသိတာပါလိမ့် လို့တွေးဖြစ်ရင်း မပြည့်သေးဘဲနဲ့ အတင်းကြီး ဘောင်ဘင်ခတ်နေတဲ့ သားကလေးကို သနားဖွယ်ကောင်းလေစွလို့ တွေးဖြစ်ပါတယ်။

FUNNY PHOTO





Asian Future Media Group

## စကားပြောသော မျက်လုံးများ

တစ်လောလေးဆီက မျက်မမြင်လမ်း လျှောက်ပွဲ ညီညီတို့နိုင်ငံတစ်ဝန်း ကျင်းပပါတယ်။ မြင်ရသူအပေါင်း သူတို့ကို စာနာမိပါတယ်။ အရှေ့ဆုံးကတစ်ယောက်ဆိုရင် လမ်းလျှောက်တာ ရှိုးရိုးမလျှောက်ဘဲ တုတ်လေး တရမ်းရမ်းနဲ့ မြောက်ကြွမြောက်ကြွ လျှောက်နေတာမို့ သူကလေး သူ့ဘဝသူ ပျော်ရှာတယ်လို့ ကိုယ်တွေများ တစ်သက်လုံးမျက်မမြင်ဖို့ မပြောနဲ့ ခဏလေးမျက်စိမှိတ်လမ်းလျှောက်ကြည့်တာတောင် ခလုတ် တွေတိုက်ယောက်ယက်တွေခတ်ပြီး ဖြစ်ချင်တိုင်း ဖြစ်နေတော့တာ။ တကယ်တော့ ညီညီလည်း အခုတလော မသန့်မစွမ်းတွေကို ဓာတ်ကျနေတာလည်း ကိုယ့်ခံစားမှုနဲ့ကိုယ်ပါ။ ကားပေါ်က အဆင်းမှာနောက်က တစ်ယောက်က တွန်းလိုက်တော့ ဟပ်ထိုးလဲပြီး ညီညီ့လက်က အဆစ်လွဲသွား တာကိုး။ ကျောက်ပတ်တီးလေးနဲ့ဆိုတော့ ခေတ္တမသန့်မစွမ်းသမားလေး ညီညီ့ခမျာ ထာဝရမသန် မစွမ်းတွေကို အကြီးအကျယ် မဟာကရုဏာသက် နေမိတော့တာပေါ့။ အိမ်မှာလည်း အထိုင်အထ ထိမိခိုက်မိမှာစိုးလို့ ဟိုလူ့လက်ညှိုး တထိုးထိုး ဒီလူ့လက်ညှိုးတထိုးထိုးနဲ့ ခိုင်းစားနေမိတော့တာဗျ။ အိမ်က မဒမ်ကလည်း မျက်နှာပုပ်နဲ့ ကျောက် ပတ်တီးကိုအားနာတော့ လုပ်ပေးရှာပါတယ်။ ဒါနဲ့ ကျောက်ပတ်တီးလေး ကိုင်ရက်ကပဲ တစ်နေ့သောအခါ ယူကျူ့ကိုဖွင့်ကြည့်မိသောသကာလ ဘရိတ်ဒနိုစ်၊ အန်ဒါဂရောင်းပြိုင်ပွဲတစ်ခု ကြည့်မိပါသဗျာ။ ဖလန်း ဖလန်းထပြီး အစွမ်းတွေပြနေကြတဲ့ နိုင်ငံခြားသားကိုကိုတွေကို ညီညီသဘောတွေ ကျနေရင်းက မျက်လုံးက ဘာကို သွားကြည့်မိသလဲဆိုတော့ ကနေတဲ့ ခြေထောက်နှစ်ဖက်မှာ တစ်ဖက်က ဘောင်းဘီသားလေးတွေချည်းပဲ ဖလတ်ဖလတ် လွင့်နေတဲ့ ခြေထောက်တစ်ဖက်ပြတ်ကို မြင်မိသဗျ။ နောက်တစ်ယောက်များဆို တုတ်ကလေးနဲ့ အမယ်ဆန်း ထွင်သလား မှတ်တယ်၊ တုတ်လည်း ပစ်ချလိုက်ရော အောက်ပိုင်းလုံးဝထလို့မရတဲ့ အောက်ပိုင်းချည့်နဲ့နေတဲ့ ပိုလီယိုဖြစ်နေပြန်တယ်၊ အံ့သြစရာ ကောင်းသလို မချီးကျူးဘဲကို မနေနိုင်ဘူးဗျာ။ ဘေးနားမှာ အတူထိုင်ကြည့်နေတဲ့ မဒမ်က ကြည့်လည်းပြီးရော အဟင်းဟင်းဆိုပြီး ညီညီ့ ကျောက်ပတ်တီးကို ကြည့်ရယ်သဗျ၊ အကြည့်တကာ့ အကြည့်တွေထဲမှာ ဒီအကြည့်က မုန်းစရာ ကောင်းချက်ဗျာ။




# FUNNY PHOTO







## ဘယ်ဘက်ပါမလဲ ဟင်းဖတ်လေးရယ်

အော့ခ်ခစ်ဟိုတယ် အမျိုးသမီးဝန်ထမ်းအား ကိုယ်ထိလက်ရောက် (သတင်းစာသားက လှအောင် သုံးထားတာပါ၊ တကယ်က ပါးရိုက်တာပါ) ကျူးလွန်ခဲ့တဲ့အတွက် တရားရင်ဆိုင်နေရတဲ့ ဂျပန်နိုင်ငံသားက အောက်တိုဘာ ၂၃ မှာ လူအများရှေ့မှာ တောင်းပန်စကားပြောပြီး လျော်ကြေးငွေ သိန်း ၁၃၀ ပေးအပ်ခဲ့တယ်ဆိုတဲ့သတင်းတွေ ကြားလိုက်ရတဲ့သကာလ ညောညောတို့တွေ ဒါပေါ့ ဒီလိုပဲဖြစ်ရ မှာပေါ့ဆိုပြီး ဝမ်းသာ အားရ ရင့်ကျူးပြီးသကာလ သိန်း ၁၃၀ မှာ သိန်း ၃၀က တရားရေးစရိတ် ဟိုတယ်က စိုက်ပေးထားတာမို့ ပြန်ပေးပါမယ်။ ကျန်တဲ့ သိန်း ၁၀၀ကို ညီမပိုင်ငွေမို့ အားလုံးကိုလှူဒါန်းပါတယ်လို့ ကာယကံရှင် မအေးအေးကြည်က ထုတ်ပြန်လာတာမို့ ကောင်းလိုက်လေ ကောင်းလိုက်လေ သူ့ထက် ကောင်းတာတောင် သူ့လောက် မကောင်းနိုင်ဘူးလို့ ဖြစ်မိပြန်ရော။ ဟုတ်တယ်လေ။ တစ်လောလေးဆီက ညောညောတို့ရွာမှာ ရွာက ကွမ်းတောင်ကိုင်က ရွာသူလေးတစ်ယောက်နဲ့ စကားပြောအဆင်မပြေ ဖြစ်ပြီး ပါးဝိတ်ချထည့်လိုက်တာ အကျယ်တဝင့် တွေဖြစ်ပြီးမှ ရွာထိပ် ကွမ်းယာဆိုင်က ကွမ်းယာတစ်ယာ ရေအိုးစင်က ရေတစ်မှုတ်ခပ်တိုက်ပြီး ကျေအေးအေးစေ ဖြစ်ခဲ့သေးတာရော။ ကြည့်ရတာ ရွာကွမ်းတောင်ကိုင် ဆိုတော့ သာသာထိုးထိုးတွေ လုပ်ပေးခဲ့တယ်ထင်တာပဲ။ ပြောတာတော်ပါဘူး လေ၊ မျက်နှာကြီးရာဟင်းဖတ်ပါ ဆိုသကိုး။ ဒါပေမဲ့ ခေတ်ပြောင်းပြီ စနစ်ပြောင်းပြီဆိုတော့ တရားစီရင်ရေးတွေလည်း ပြောင်းပြီထင်ပါရဲ့ ကောင်းလေစွ ကောင်းလေစွ။



## အကွ အကွ အိုအကွ

ခုတစ်လော ဘာတွေများကြားနေရလဲ မသိပါဘူးဗျာ။ ညာညာလည်း ယောက်ျားသားပါ။ ကျားမှ ကျားစစ်လို့ ကျား ကျား ကျား ကျား တောင်မြည်နေသေးတဲ့ ကျားပါ။ သို့သော်ငြား ကိုယ့်လူမျိုး ကိုယ့်ဘာသာ ကိုယ့်ယဉ်ကျေးမှုအောက်မှာ သေဝပ်ကျနစွာ ကြီးပြင်းလာတယ်။ ငါးပါးသီလအခြေခံကို ရေလည်စွာသိတယ်။ ဒီတော့လည်း မကောင်းမှုဆိုတာကို စိတ်ကလုပ်မိတောင် ကာယကံတော့ မမြောက်မိပါဘူး။ အခုတော့ မှုခင်းသတင်းတွေ၊ ကြားလိုက်ရတဲ့ မဟုတ်တမ်းတရားကိစ္စတွေဗျာ။ ကိုယ့်ကိုယ်ကိုယ် ယောက်ျားဖြစ်ရတာတောင် ရှက်လာမိတဲ့အထိ။ မနေ့တစ်နေ့က ထွက်တဲ့ ဂျာနယ်မှာ မိတ်ဆွေအိမ်ကိုအလည်သွားတဲ့ ၇၅ နှစ်အဘွားအိုကို မိတ်ဆွေ အိမ်မှာရှိနေတဲ့ အသက်လေးဆယ်ကျော် ယောက်ျားက ဟိုဒင်းဟိုဟာပြုလိုက်သတဲ့။ ညာညာက ဒီဂျာနယ်ကိုဖတ်ပြီး ဘေးချထားတဲ့အချိန် ညာညာ့ဘေးက သူငယ်ချင်းက ကောက်ဖတ်လိုက်တယ်။ ဒီသတင်းကိုမြင်ပြီး စိတ်ပျက်လက်ပျက် အော်လိုက်ပုံက 'ဟာ ဘာလဲကွာ' တဲ့။ သူကဘေးချ နောက်တစ်ယောက်ကောက်ဖတ်၊ သူကကျတော့ ပလုံးပထွေး 'ကျွတ် အဘွားကြီးက အသက်လည်း ဟိုဟာပြုနေပါပြီ၊ ဒါကိုများ ရက်စက်လိုက်တာကွာ၊ ဘာဖြစ်တာလဲ၊ ဒီလူက ဘာလို့ ဒီလိုပြုရတာလဲ' တဲ့၊ တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းဖတ်လိုက်ကြရင်း နောက်ဆုံးတစ်ယောက်က မှတ်ချက်ပေးတာ 'ရူးနေလို့ နေမှာပေါ့' တဲ့။ ညာညာကတော့ ညာညာတို့တိုင်းပြည်ရှေ့ကိုချီဖို့ အရေးအားလုံးအမြင့်ကိုပျံ၊ အဝေးကို မျှော်ကြည့်၊ အားလုံးသတိဖြစ်နေတဲ့ အချိန်ဒီလို အောက်တန်းကျနေတဲ့ ဆန်ကုန်မြေလေးတွေအတွက် 'ကိလေသာတိုးပွားမယ့်အစား စန္ဒရားတီးတာ မှန်တယ်' ဆိုတဲ့ သီချင်းလေးကို စာသားဖျက်ပြီး 'ရှိနေတာ မြေလေးမယ့်အစား မင်းသေလိုက်တာ မှန်မယ်' လို့ ပြစ်ပြစ်နှစ်နှစ် ဆိုပစ်လိုက်ချင်တော့တာပဲဗျာ။

Asian Fame Media Group



## ငိုရယ် ငိုရယ် ဆန်တစ်ပြည်

သတင်းစာထဲမှာ တစ်လောကဖတ်လိုက်ရတဲ့ သတင်းလေးပါ။ ဆရာဝန်မတစ်ယောက် သူ့သမီးလေးနဲ့ ဈေးထဲမှာ ကလေးအရုပ်ဆိုင်ရှေ့ အရုပ်ဝယ်နေချိန် မိန်းမငါးယောက်က အုပ်စုဖွဲ့လုယက်တဲ့ သဘောပေါ့။ ကလေးကိုညှပ်ပြီး တိုးနေတော့ အမေက ကလေးနားမှာ စိုးရိမ်ပြီး ဂရုစိုက်လိုက်တဲ့ အချိန်မှာပဲ အမေလက်က ဟန်းချိန်းကို ဖြုတ်ပြီး ပြေးသွားကြသတဲ့။ ညက်ညက်တို့အဆောင်မှာ သတင်းစာဖတ်ပြီး ‘ဟယ် ရမ်းကားလိုက်တာ၊ မင်းမဲ့တိုင်းပြည်ကျနေတာပဲ’ ဆိုပြီး ပြောဖြစ်ကြပါတယ်။ ဒီမှာတင် ညက်ညက်ရဲ့သူငယ်ချင်း ဉာဏ်ကြီးရှင်တစ်ယောက်က ဘာပြောသလဲဆိုတော့ သူများပစ္စည်း အလကားလိုချင်ကြတဲ့ ဒီလို မသမာသူ လုရမ်းကားတွေကို ဆုံးမချင်သတဲ့။ ပြောသာ ပြောနေတယ် ပေါင်ကိုးဆယ် ဘယ်တုန်းကမှ မပြည့်ဖူးသေးတဲ့ သူငယ်ချင်းအာနိုးမကို ကြည့်ပြီး အကုန်လုံးက ဟားကြတော့တာပေါ့။ သူငယ်ချင်းမကတော့ ခပ်တည်တည်ပဲ။ ‘ငါ ဘာကယ်ပြောနေတာ၊ ဒီလိုလူတွေကို ဆုံးမဖို့က အလွယ်လေး။ ခုချိန်မှာ ရွှေ အတုနဲ့ရွှေအစစ်က ခွဲဖို့ အရမ်းခက်နေတာ၊ ငါ ရွှေအတုတွေ တစ်ကိုယ်လုံး သီးနေအောင်ဝတ်ပြီး သူတို့တွေ လုချင်အောင် နေပြလိုက်မယ်၊ သူတို့မျက်စိကျလို့ လာလုပြီဆို နည်းနည်းပါးပါး အကာယ်ခံမိယူပြီး တိုက်တင်တွေလုပ်ပြလိုက်မယ်၊ သူတို့ ငါ့ရွှေတု တွေလုပြီးတော့ အသက်ထွက်အောင် ထွက်ပြေးတဲ့အချိန်ကြမှ၊ ပြေးကြ ပေါ့ ပြေးကြ အသက်ထွက်အောင် ပြေးကြ၊ ငါဝတ်ထားတာ အတုတွေ ဟဲ့လို့ အော်လန်နဲ့ကို အော်ပစ်လိုက်မှာ။ ဒါမှ ဒင်းတို့မျက်ခွက်တွေ ငိုမရ ရယ်မရဖြစ်ကုန်မှာ’ တဲ့လေ။ လေးစားထိုက်ဖွယ် အကြံပါတကား။ ညက်ညက်မျက်စိထဲမှာလည်း ရွှေအတုတွေဝိုက်ပြေးပြီး ဆက်ပြေးရမလို ရပ်လိုက်ရမလိုနဲ့ ရှုချင်သွားကြမယ့် မသမာသမားတွေကို မြင်ယောင်ရင်း တခွိခွိ။

# FUNNY PHOTO









af MEDIA GROUP
Asian Fame Media Group

## စိတ် . . . စိတ်ပါကွယ်


တစ်ရက်။ မတွေ့တာတောင်ကြာပြီဖြစ်တဲ့ သူငယ်ချင်းတစ်ယောက် ကျွန်တော့်အိမ်ကို ထူးထူးဆန်းဆန်း ရောက်လာလို့ အံ့ဩသွားရပါတယ်။ သူနဲ့ကျွန်တော် တစ်မြို့တည်းနေပေမယ့် မဆုံဖြစ်ကြတာ သုံးလေးနှစ်မက ရှိနေပါပြီ။ သူ့ကိုမြင်မြင်ချင်း စိတ်မကောင်းဖြစ်သွားရပါတယ်။ အရင်တုန်းက ထောင်ထောင်မောင်းမောင်းနဲ့ ကျားကိုးစီးစားမကုန်တဲ့ သူ့ခန္ဓာကိုယ်ကြီးဟာ အခုတော့ အဲဒီထက် တစ်ဝက်လောက်ပဲကျန်ပါတော့တယ်။ ဆီးချိုရှိလို့ အစားအသောက်တွေ ဆင်ခြင်ပြီး ဘောဒီဝိတ်ချပစ်လိုက်သတဲ့။ ပြီးတော့ တစ်ပတ်တစ်ကြိမ် လောက်သောက်တဲ့ အရက်ကိုလည်း လုံးဝမသောက်တော့ဘူးတဲ့။ သူ့ရဲ့ သွားလာလှုပ်ရှားမှုတွေကလည်း အရင်ကနဲ့မတူတော့ဘဲ နွေးကွေးလေးလံသွားတယ်။ ဒါက ဘယ်သူမှ မရှောင်လွှဲနိုင်တဲ့ ဇရာရဲ့သဘောပါ။ တစ်ခါက သွက်လက်ဖျံကြွနေခဲ့တဲ့ သူ့ကိုကြည့်ရင်း သိတော့ရမိပါတယ်။

ဒါပေမဲ့ အံ့ဩစရာ။ သူငယ်ချင်းက ကျွန်တော့်ကို ပြော် . . . မင်းတော်တော်ကျသွားတာကိုးလို့ စိတ်မကောင်းဖြစ်ရင်း ပြောလိုက်တော့ ကျွန်တော် ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ဖြူဖွေးနေပြီး သွားတွေကျိုးလို့ ဟောင်းလောင်းဖြစ်နေတဲ့ ကျွန်တော့်အသွင်သဏ္ဌာန်က သူ့အတွက် စိတ်မကောင်းစရာနဲ့ သံဝေဂဖြစ်နေရှာသလား မပြောတတ်။ တွေးရင်းနဲ့ ကျွန်တော် ရယ်ချင်သွားတယ်။ ဘယ့်နှယ်ဗျာ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး တရားကျနေကြတာလေ။

လူ့ဘဝကို အရွယ်သုံးပါးနဲ့ ပိုင်းခြားထားပါတယ်။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်။ တချို့ကလည်း နံနက်ခင်းအရုဏ်ဦး၊ နေမွန်းတည့်ချိန်နဲ့ ဆည်းဆာနေဝိုချိန်ဆိုပြီး နေသွားလမ်းကြောင်းနဲ့ သတ်မှတ်ထားပါတယ်။ ကျွန်တော်တို့ အသက်အရွယ်တန်းက နေမွန်းတည့်ချိန်ကို ကျော်လွန်စပြုပါပြီ။ ကျွန်တော့်ရှေ့မှာ ကျွန်တော့်ထက် အသက်ကြီးကြတဲ့ ဆရာနေဝင်းမြင့်၊ ဆရာကျော်ရင်မြင့်၊ ဆရာညီပုလေးတို့တစ်တွေ ရှိကြတယ်။ နေသွားလမ်းကြောင်းအတိုင်း သွားကြရင်း သူတို့တစ်တွေများမှော မကြာခင်မှာ ဆည်းဆာနေဝိုချိန်ကို ရောက်သွားတော့မှာပါကလား၊ အဲဒီနောက်တော့ တောင်စွယ်မှာ နေကွယ်သွားရင် . . . ငါ့အစ်ကိုတို့ရေ၊ တာ့တာလို့ ပြောလိုက်ရမယ် ထင်ပါရဲ့။ အဲဒီလိုသာဆိုရင် သူတို့သုံးယောက်ကလည်း ကျွန်တော့်ကို ဗိုင်းနှိပ်ကြတော့မလား မပြောတတ်။ အထူးသဖြင့် ဆရာ နေဝင်းမြင့်က ကျွန်တော့်ကို မြန်မြန်လေးခပ်ပို့ပေးလေ့ရှိပါတယ်။ ပြီးတော့ တစ်ခါတလေ အတည်လိုလိုနဲ့ခပ်နောက်နောက် ပြောတတ်လေ့ရှိပါတယ်။ တစ်ခါက အတည်ပေါက်နဲ့ ကျွန်တော်တော့ တဖျာကင်းစင်သွားပြီဗျာလို့ ပြောလိုက်တော့ ကျွန်တော်မြင့် အဟုတ်မှတ်ပြီး သူ့ကို လေးစားချင်စိတ်တွေ ပေါ်သွားပါတယ်။ ဒါပေမဲ့ သူ့ဆီက နောက်ဆက်တွဲစကားကို ကြားရတော့ စောစောက လေးစားချင်စိတ်လေးတွေ တစ်မုဟုတ်ချင်းပျောက်သွားပါ

# မန္တလေးအာဝေဂွး၊ မန္တလေးအာဝေး

ကိုထွန်း-လမ်း(၈၀)



လေရော့။ တကယ်တော့ ကင်းစင်သွားပြီ ရာဂပဲ ကျန်တော့တယ်တဲ့လေ။

ကျွန်တော်တို့တစ်တွေဟာ လူကြီးတန်းထဲမှာ ရှိနေပေမယ့် ကိုယ့်ရွယ်တူ တန်းတူချင်းတွေ့ကြရင်တော့ တစ်ယောက်နဲ့ နောက်လားပြောင်လားလုပ်ရင်း စိတ်ပျော်ရွှင်မြူးကြွလာပါတယ်။ အခုပဲကြည့်၊ အိမ်ကိုရောက်လာတဲ့ သူငယ်ချင်းနဲ့ ကျွန်တော်က တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး သံဝေဂရစရာစကားတွေ ပြောတယ်ဆိုပေမယ့် အဲဒီစကားက တစ်မိနစ်လောက်ပဲ ကြာပါတယ်။ ခဏအကြာတော့



တောရောက်၊ တောင်ရောက် စကားတွေ ပြောကြရင်း နှစ်ယောက်စလုံး ရယ်မောသံတွေနဲ့ မြူးကြွလာပါတယ်။ သူငယ်ချင်းက စကားအဆက်အစပ်မရှိ တစ်ရက်က မိမိဆွေကို ကျော်ရင်မြင့်ရဲ့သား မင်္ဂလာဆောင်မှာ တွေ့လိုက်တယ်၊ အောင်မာ သူက အခုအရွယ်အထိ မိုက်တုန်းကွလို့ ဆိုလိုက်လေသမို့ ရယ်ချင်သွားပါတယ်။ မိမိဆွေဆိုတာ သူ့ရဲ့ ငယ်ချစ်ဟောင်းကြီးပါ။ သူနဲ့ ရေစက်မဆုံကြဘဲ အပျိုကြီးဘဝနဲ့ပဲ ရှိနေပါတယ်။ ဒါကို ကိုယ်တော်ချောက သံယောဇဉ်မပြတ်နိုင်သေးဘူး။ သူနဲ့တွေ့လိုက်တိုင်း ရင်ထဲမှာ နှလုံးသားဒုတ်ဒုတ်ဒုတ်ဒုတ်နဲ့ ခုန်သတဲ့။ ကျွန်တော့်သူငယ်ချင်းကလည်း ခုထိ လူပျိုကြီးဘဝမှာပဲ ရှိပါသေးတယ်။ သံယောဇဉ်မကုန်သေးရင် ယူလိုက်ပါလားလို့ ကျွန်တော်က ချွန်တွန်းလေးလုပ်လိုက်ပေမယ့် သူက ဒီအရွယ်ကြီးရောက်မှတော့ တော်ပါပြီကွာ၊ နှစ်ယောက်ပေါင်းရင် အသက်ရာကျော်နေပြီကွလို့ ဆိုလိုက်လေသမို့ ကျွန်တော်လည်း ဘာဆက်ပြောရမှန်းတောင် မသိတော့ . . .

သူ့ကို ချွန်တွန်းနဲ့ လုပ်မရရင် အာရုံချပစ်မှ တော်တော့မယ်လို့ တွေးလိုက်ပါတယ်။ မင်းမျက်လုံးတွေက အကြည့်မှားနေတာကွ။ နှုတ်ခမ်းနီတွေဆိုး၊ မိတ်ကပ်တွေဖို့ထားတော့ မင်းစိတ်ထဲမှာ မိုက်တယ်လို့ ထင်မှာပေါ့လို့ ပြောလိုက်တဲ့အခါ သူက ဝမ်းခေါင်းသံကြီးနဲ့ ဟယဲဟဲ ရယ်လိုက်ပါတယ်။ ပြီးမှ ဟ . . . အသက်လေးဆယ် ကျော်လာရင် ဘယ်မိန်းမဆို မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနဲ့ ပါဝါတင်ရတာပဲ။ ပါဝါရှပ်တွေချည်းကွတဲ့။ ပြုံးဖြီးဖြီးနဲ့ ပြောနေတဲ့ သူ့ကိုကြည့်ရင်း ရုတ်တရက် စကားမပြန်နိုင်ဘဲ ဖြစ်သွားပါတယ်။ မှန်ပါတယ်။ အချိန်ရဲ့ တိုက်စားခံရခြင်းနဲ့အတူ ဇရာအရိပ်တွေ တိုးဝင်လာပါတယ်။ အမျိုးသမီးတွေကတော့ သူတို့ရဲ့ ဇရာအရိပ်တွေကို နှုတ်ခမ်းနီတွေ၊ မိတ်ကပ်တွေနဲ့ ဖုံးကွယ်ထားပါတယ်။ အပြင်အဆင်၊ အခြယ်အသတွေနဲ့ မွမ်းမံထားတော့ အဘွား ခေါ်ခံရမယ့် သူတွေက အန်တီ ဖြစ်သွားတယ်၊ အန်တီ ခေါ်ခံရမယ့် အရွယ်တွေကျတော့ 'မမ' ဖြစ်သွားပါလေရော့။ တဲ . . . ဘယ့်နှယ်ရှိစ၊ အရှိကို အရှိအတိုင်း နေကြတဲ့ ကျွန်တော်တို့ ယောကျ်ားတွေနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းပါ။

သူငယ်ချင်းနဲ့ စိတ်ကူးတည့်ရာ ရယ်စရာ မောစရာတွေ ပြောကြရင်း အင်တာနက်အကြောင်းကို ရောက်သွားပါတယ်။ အဲသမှာ ကျွန်တော်က ဆရာကြီး စတိုင်နဲ့ မိန့်မိန့်ကြီး ပြုံးလိုက်မိလေသပေါ့။ ဘာဖြစ်လို့တုံးဆိုတော့ သူက အင်တာနက်အကြောင်း လုံးဝကို မသိတဲ့သူဖြစ်နေတာကိုး။ ကျွန်တော်ကတော့ အင်တာနက်ကို သင်ပုန်းကြီးဖတ်(စ်)ရီးယား အောင်မြင်ထားပြီးပါပြီ။ ဝက်(ဘ်)ဆိုက်တွေကြည့်ရင် ဘယ်လိုဘယ်လို၊ ဖေ့(စ်)ဘုတ်ကြည့်ရင် ဘယ်ကဲ့သို့၊ ဂျီးမေး(လ်)ဆိုတာ ဘယ့်နှယ် . . . စသဖြင့် လက်ထဲက ဟန်းဆက်ကို အင်တာနက်ခလုတ်ဖွင့်ပြီး ရှင်းပြလိုက်တဲ့အခါ ကိုယ့်သူငယ်ချင်းက ကျွန်တော့်ကို အင်မတန်မှ အထင်ကြီးတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတာကလား။ အင်း . . . ကိုယ့်အစွမ်းပြတာ ဒီလောက်နဲ့ ရပ်ထားမှ တော်ကာကျမယ်ထင်ပါရဲ့။ ဘာဖြစ်လို့တုံးဆိုတော့ ကျွန်တော်က ဒီထက်ပိုပြီး မတတ်တော့ဘဲကိုးလေ။ ဟုတ်မှုလား။

ခဏနေတော့ သူငယ်ချင်းလည်း ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားပါတယ်။ ဖန်ရှင်မျိုးစုံပါဝင်တဲ့ ဟန်းဆက်တစ်လုံး ဝယ်ပြီး အင်တာနက် ချိတ်မတဲ့၊ ကောင်းတယ်ကွလို့ ကျွန်တော်ပြောလိုက်ပါတယ်။ ဒါက တကယ်ပြောတာ ဖြစ်ပါတယ်။ အသက်အရွယ် ကြီးရင့်လာတဲ့အခါ ကိုယ့်ရဲ့ အဝန်းအဝိုင်းဟာ တဖြည်းဖြည်းကျဉ်းမြောင်းလာစမြဲပါ။ စိတ်သွားတိုင်း ကိုယ်မပါတာရယ်၊ အရင်ကလို ဖျတ်ဖျတ်လတ်လတ်မရှိတော့တာရယ်တွေပေါ့။ ဒီတော့မှ ရေဒီယိုလေးကို အဖော်ပြုပြီး ဘဝကို အေးအေးချမ်းချမ်းနေထိုင်သွားတဲ့ အဖေ့ကို သတိရသွားမိပါတယ်။ အခုတော့ အဖေတို့ ရှိစဉ်တုန်းကနဲ့ မတူကွားခြားသွားခဲ့ပါပြီ။ အင်တာနက် ကွန်ရက်ဟာ သက်ကြီးရွယ်အို ဘဝ ရောက်ပြီးအိမ်ထဲမှာ ဘုတ်ထိုင်ထိုင်တော့မယ့် သူတွေကို လောကဝန်းကျင် ကျယ်ပြန့်အောင် ပြုလုပ်ပေးလိုက်တာကလား။ အင်တာနက်ကို အသုံးပြုပြီး မိတ်ဆွေတွေ ဖွဲ့ကြ၊ သူ့အမြင်ကိုယ့်အမြင်တွေ ပြောကြ၊ ဝေဖန်ကြမို့ လူဟာ အထီးကျန် မဖြစ်တော့ဘဲ စိတ်ခွန်အားတွေ တိုးလာပြီး လန်းဆန်း တက်ကြွလာပါတယ်။ ပြီးတော့ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို ချက်ချင်းသိရတော့ လူ့သဘောသဘာဝအရ အရာရာကို သိချင်၊ မြင်ချင်၊ စူးစမ်းချင်တဲ့စိတ်ဆန္ဒတွေ ပြည့်ဝသွားစေခဲ့ပါတယ်။ သီတင်းကျွတ်လပြည့်ညက ဖေ့(စ်)ဘုတ်မှာ တင်လိုက်တဲ့ ကျောက်တော်ကြီးဘုရားပွဲဈေးတန်းကိုကြည့်ရင်း ကြည်နူး

Asian Fame Media Group

သွားရပါတယ်။ ကျွန်တော် ကျောက်တော်ကြီးဘုရားပွဲကို မရောက်ဖြစ်တာ နှစ်ဆယ်ချီပြီး ရှိနေပါပြီ။ သွားချင်စိတ်လည်း မရှိတော့ပါဘူး။ ဒါပေမဲ့ ဘုရားပွဲအပြန် ဝယ်လာတဲ့ မုန့်ကလေးတွေကိုတော့ လွမ်းမိပါတယ်။ ကရေကရာတို့၊ နှဆုပ်တို့။ မုန့်သိုင်းခြုံတို့ပေါ့။ တကယ်တော့ အဲဒီမုန့်တွေကို လွမ်းသာ လွမ်းရပေမယ့် တစ်ချိန်တုန်းက ကျွန်တော်တို့ နှစ်သက်ခဲ့တဲ့ အရည်အသွေးကို မမီလေတော့ စားချင်စိတ်တွေ ပျောက်ဆုံးတုန်ပါတယ်။ ဒါကလည်း တစ်ပိုင်းပေါ့။ နောက်တစ်ခုက အသက်ကြီးလာလို့ လိုအင်ဆန္ဒတွေ နည်းပါးလာတာလည်း ပါပါလိမ့်မယ်။

လူငယ်ဘဝမှာ ပေါ်ပေါ်ပါးပါးနဲ့ အေးချမ်းပျော်ရွှင်တဲ့ အချိန်ကာလတွေကို ဖြတ်သန်းခဲ့သလို အသက်ကြီးလာတဲ့အခါ နားအေးပါးအေးဖြစ်တာမျိုးကိုပဲ တောင့်တမိပါတယ်။ ခက်တာက ခေတ်ကလည်း ကျွန်တော်လိုချင်တဲ့ အခွင့်အရေးကို မပေးပါဘူး။ မနက်လင်းလို့ အိမ်တံခါးဖွင့်လိုက်တာနဲ့ လမ်းပေါ်က အသက်ဝင်လှုပ်ရှားနေတဲ့ အသံတွေကသာ အိမ်ထဲကို စုပြုံတိုးဝင်လာကြပါတယ်။ မော်တော်ကား၊ ဆိုင်ကယ်စသဖြင့် စက်တပ်ယာဉ်တွေရဲ့အသံ၊ ဈေးသည်အသံ၊ ထိုလူည်းဆီက ကျယ်ကျယ်လောင်လောင်ဖွင့်ထားတဲ့ ကက်ဆက်သီချင်းသံ၊ အဲဒီအသံတွေအပြင် အိမ်ထဲက အသံတွေကလည်း တစ်မျောင့်ပါ။ ဂွမ်ခန်း မြည်လိုက်တဲ့ တယ်လီဖုန်းသံတွေ ဖြစ်ပါတယ်။ အိမ်မှာ လူလေးယောက်ရှိရင် တယ်လီဖုန်းသံ ၄ မျိုးကို ကြားရတတ်ပါတယ်။ ကျွန်တော်ဖြင့် တယ်လီဖုန်းမြည်သံတွေ ကြားရတော့မှပဲ တစ်နေ့တစ်နေ့ လူမှုကိစ္စတွေ ဘယ်လောက်များသလဲဆိုတာကို သတိပြုမိလာပါတော့တယ်။ လူ့အရေးက တယ်လည်း ကျယ်ပြန့်တာကလား၊ ညအိပ်ချိန်ရောက်တော့မှပဲ တယ်လီဖုန်းသံတွေ တိတ်သွားတော့တာပါ။ နောက်တစ်နေ့ ရောက်တော့လည်း ထုံးစံအတိုင်းပေါ့။ တစ်ခါတလေ လူက အိပ်ရာက မနိုးသေးခင် တယ်လီဖုန်းသံ မြည်နေတာလည်း ကြုံရတတ်ပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိတဲ့ အသံတွေ။ အဲဒီအသံတွေဟာ ကိုယ့်ရဲ့အကြား အာရုံထဲကို အဆက်မပြတ် ဝင်ရောက်လာပါတယ်။ လောဘကို နှိုးဆွတဲ့အသံတွေလည်း ရှိရဲ့၊ ဒေါသကို ဖြစ်စေတဲ့ အသံလည်းပါရဲ့၊ သောကကို ဖွဲ့စည်းပေးတဲ့ အသံတွေရှိပါ၊ စိတ်ကို ရွှင်လန်းကြည်နူးမှုဖြစ်စေတဲ့အသံလည်း ပါသပေါ့။ လူရဲ့စိတ်ဟာ သူ့ရဲ့မူလပကတိပုံစံက ကြည်ကြည်လင်လင်ပ်။ ဒါပေမဲ့ အဲဒီအသံတွေက ရိုက်ခတ်လိုက်တဲ့အခါ ပုထုဇဉ်လူသားတွေမှာ ကြားရတဲ့အသံတွေရဲ့ ဇာတ်ညွှန်းအတိုင်း ကပြရတာကိုး။ အဲဒီတော့ ကျွန်တော့်မှာ နေ့တိုင်း မင်္ဂလာဖြစ်စေတဲ့ အသံတွေကိုပဲ မျှော်လင့်ပြီး လောကဇာတ်ခုံပေါ်မှာ ရွှင်လန်းစွာ သရုပ်ဆောင်ချင်ပေမယ့် တစ်ခါတလေတော့ ဘီလူးဆိုင်းတီးပြီး ဒေါသကုမ္ဘာဖြစ်သွားပါလေရော့။

ဟော ... တွေးလို့မှ မဆုံးသေးဘူး။ ရုတ်တရက် ကြားလိုက်ရတဲ့ ရှီး-ဖောင်း-ဒုန်းဆိုတဲ့ မီးရှူးပစ်လိုက်တဲ့အသံဟာ အေးချမ်းကြည်နူးစွာ နေမယ်လို့ တွေးထားတဲ့ကျွန်တော်ကို စစ်လွှတ်လိုက်တဲ့ မီးရှူးရဲ့ မီးထန်အားထက် ပိုပြီး အရှိန်ကြီးတဲ့ ဒေါသကို ဖြစ်သွားစေပါတယ်။ ဘယ့်နှယ်ဗျာ၊ ပစ်လိုက်၊ ဖောက်လိုက်ကြတဲ့ မီးရှူး၊ မီးပန်းတွေ၊ ဗြောက်အိုးတွေရဲ့ အသံဟာ ပွက်ပွက်ကို ညံနေတာဗျ။ သီတင်းကျွတ်ပွဲတော်ရက်မှာ မီးရှူး၊ မီးပန်းမပစ်ရ၊ ဗြောက်အိုးမဖောက်ရ လို့ တားမြစ်ထားပေမယ့် လိုက်နာမှုက လုံးဝ အားနည်းနေပါတယ်။ ငွေကုန်ပြီး အကျိုးမဲ့တာကို ဘာကြောင့် လုပ်ကြရတာလဲ။ ရွှေလီ၊ မူဆယ်ဘက်က တိတ်တိတ်လေးလာတဲ့ တရုတ် ဗြောက်အိုးနဲ့ မီးရှူးမီးပန်းတွေဟာ ကျွန်တော်တို့ရဲ့ ပိုက်ဆံတွေ ပြာကျ သွားစေတာကို မစဉ်းစားတော့ဘူးလား။ ဟော ... ဗြောရင်းဆိုရင်းနဲ့ ကျွန်တော် ဒေါသ ဖြစ်လာရပါပြီကွယ်။ တယ်လည်း ခက်ပါကလား ဟရို့။ ကျွန်တော် စိတ်ကို အမြန် ထိန်းချုပ်လိုက်ပါတယ်။ ဒေါသဖြစ်တဲ့သူရဲ့ မျက်နှာဟာ ပုလောင်မှုတွေနဲ့ အရုပ်ဆိုး အကျည်းတန်နေစေတာပါ။ စကတည်းက ကိုယ့်မျက်ခွက်က တော် တော်ပါဝါ

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ
ရှိတဲ့ အသံတွေ။ အဲဒီအသံတွေဟာ
ကိုယ့်ရဲ့အကြား အာရုံထဲကို
အဆက်မပြတ်
ဝင်ရောက်လာပါတယ်။
လောဘကို နှိုးဆွတဲ့အသံတွေ
လည်း ရှိရဲ့ ဒေါသကို ဖြစ်စေတဲ့
အသံလည်းပါရဲ့ သောကကို
ဖွဲ့စည်းပေးတဲ့ အသံတွေရှိပါ၊
စိတ်ကို ရွှင်လန်းကြည်နူးမှု
ဖြစ်စေ တဲ့အသံလည်း ပါသပေါ့။
လူရဲ့စိတ်ဟာ သူ့ရဲ့မူလပကတိ
ပုံစံက ကြည်ကြည်လင်လင်ပ်။
ဒါပေမဲ့ အဲဒီအသံတွေက
ရိုက်ခတ်လိုက်တဲ့အခါ
ပုထု ဇဉ်လူသားတွေမှာ
ကြားရတဲ့အသံ တွေရဲ့
ဇာတ်ညွှန်းအတိုင်း ကပြရတာကိုး။



ကျပြီး အိုကြီး၊ အိုမ ရုပ် ပေါက်နေရတဲ့အထိ ဒေါသတွေ ဝင်ပြီး ပူးလိုက်ရင် ဘယ့်နှယ်လုပ် ကျက်သရေရှိနိုင်ပါတော့မလဲ။ ကိုယ့်အဖြစ်ကိုယ် တွေးရင်း ပြုံးမိသွားတယ်။ မလွယ်ကြောနဲ့ ကျွန်တော်ပါကလား။ စောစောက ဒေါသတွေ ဖြစ်လိုက်၊ အခုတော့ ပြုံးရယ်လိုက်။ ဒါကြောင့် နို့ပုထုဇ္ဇနောဉမ္မတ္တကောလို့ ဆိုကြတာကော။

အမှန်တော့ အရာရာတိုင်းကို ဖြစ်နိုင်တာပဲဆိုတဲ့အတွေးနဲ့ နားလည်သဘောပေါက်အောင် မကြည့်မမြင် တတ်တာကြောင့်ဖြစ်ပါတယ်။

စဉ်းစားကြည့်၊ ဒေါသဖြစ်တာနဲ့ ဒီကိစ္စက ပြီးသွားမလား။ အမှန်ကို မြင်အောင်ကြည့်ပြီး နားလည် သဘောပေါက်ဖို့ လိုပါတယ်။ အဲသမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို သတိရလိုက်မိပါတယ်။ သူနဲ့တွေ့လိုက်တိုင်း ပျော်ရွှင်သွားရပါတယ်။ ဒါဖြင့် သူ့မှာ ဘာမှအပူသောကတွေမရှိဘူးလားလို့ မေးစရာတွေရှိပါတယ်၊ ဘယ်ဟုတ်မလဲ ရှိတာပေါ့။ သူ့ရဲ့သားဟာ အင်မတန်မှ ဆိုးသတဲ့။ ဒီကောင့်ကြောင့် အမြဲတမ်းစိတ်ပူပန်ပြီး ချာလပတ်ယမ်းနေမိသတဲ့၊ တစ်လောက သူနဲ့တွေ့လို့ သူ့ရဲ့သား တော်မောင်အကြောင်း မေးကြည့်တဲ့အခါ စိတ်အေးသွား



ရပြီဗျ။ ထောင်ထဲရောက်သွားပြီလို့ ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါရော၊ သူ့ကို ကြည့်ရင်း ကျွန်တော် အံ့အားသင့်သွားပါတယ်။ ဒါပေမဲ့ သူ့အမြင်ကိုပြောတော့ ဟုတ်တာပဲလို့ ထောက်ခံမိလျက်သား ဖြစ်သွားပါတယ်။ အပြင်မှာနေရင် အိမ်လည်း ကပ်တာမဟုတ်၊ ဘယ်သွားလို့ ဘာလုပ်မှန်းလဲ မသိ။ အမြဲတမ်းစိတ်ပူနေရတယ်။ ထောင်ထဲရောက်မှ အဲဒီအပူတွေ ငြိမ်းသွားတာပေါ့ဗျာလို့ ပြောလိုက်ပါတယ်။ သူက ကိုယ်မဖြစ်ချင်တာနဲ့ ဖြစ်နိုင်တာကို တွေးပြီး တကယ့်အမှန်တရားကို လက်ခံနိုင်တဲ့သူ တစ်ယောက်ဖြစ်ပါတယ်။

ကျွန်တော့်မှာ ဦးညွန့်ဆိုတဲ့ မိတ်ဆွေတစ်ယောက် ရှိပါတယ်။ အင်မတန်မှ စိတ်ရင်းကောင်းပြီး လေသံအေးအေးလေးနဲ့ ရယ်စရာတွေ ပြောတတ်တဲ့သူပါ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၁၀နှစ်လောက်က သူ့ခမျာ မော်တော်ကားမှောက်ပြီး ခါးရိုးရာ ရှရင်း အောက်ပိုင်းသေသွားပါတယ်။ အခုထက်ထိ အိပ်ရာထဲမှာ ပက်လက် နေရရှာတာပါ။ ထမင်းစားရင်တောင် သူ့ညီမတွေက မွေ့ထူပြီး ခွံ့ကျွေးပေးရပါတယ်။ လက်နှစ်ဖက်စလုံးအကြောသေသွားလို့ လှုပ်ရှားလို့ မရပါဘူး။ တစ်ခါတော့ သူ့သူငယ်ချင်းတစ်ယောက် သူ့ဆီကို ရောက်လာတယ်။ သူ့သူငယ်ချင်းကလည်း မိသားစုပြိုကွဲ၊ ကျန်းမာရေးထိခိုက်ပြီး ရုတ်တရက် လေဖြတ်သွားတယ်။ ဆေးမျိုးအစုံစုံနဲ့ ကုလို့ ပြန်ကောင်းပေမယ့် ဘယ်ဖက်တစ်ခြမ်း မလှုပ်နိုင်လို့ တုတ်ကောက်အားပြုပြီး လမ်းလျှောက်ရတယ်။ သူ့တော်တော် စိတ်ဓာတ်ကျနေရှာတယ်။ တစ်ရက်တော့ အမြဲတမ်းပြုံးပြုံးရယ်ရယ်နေတတ်တဲ့ သူငယ်ချင်းက ဦးညွန့်ဆီကို ခေါ်သွားတယ်။ သူတို့အားလုံး ငယ်ပေါင်းသူငယ်ချင်းတွေ၊ ဦးညွန့်ဆီရောက်တော့ အိပ်ရာထဲ ပက်လက်နေရသူကို တုတ်ကောက်နဲ့ လမ်းနည်းနည်း လျှောက်နိုင်သူက ငါအရမ်းစိတ်ဓာတ်ကျတယ်ကွာလို့ ညည်းညူသတဲ့၊ အဲသမှာ ဦးညွန့်က ဘာပြောတယ်ထင်လဲ။ ဟေ့ကောင် ဘာအတွက် စိတ်ဓာတ်ကျရတာလဲ။ သေချင်တဲ့အထိ စိတ်ဓာတ်ကျနေတာလား။ သေချင်တိုင်းလည်း သေလို့ရတာ မဟုတ်ဘူးကွ။ ငါ့ကိုပဲကြည့်၊ ကြိုးဆွဲချပြီး သေချင်တယ်ကွာ၊ လူက လမ်းလျှောက်ဖို့နေနေသာသာ သူများထူပေးမှ ထထိုင်နိုင်တာကွ၊ ဒီလိုမဟုတ်ရင် အဆိပ်သောက်သေချင်တယ်ကွာ၊ ခေါင်းရင်းမှာ အဆိပ်ပုလင်းရှိတယ်ဆိုပါစို့၊ ငါ့လက်က လှုပ်လို့ မရကိုင်လို့မရ ဘယ့်နှယ်လုပ်မလဲ။

အဲသလို ပြောလိုက်တော့မှ တုတ်ကောက် အားပြုလမ်းလျှောက်ရင်း စိတ်ဓာတ်ကျနေတဲ့ သူငယ်ချင်းက အေး . . . ဟုတ်သားဟလို့ ပြောလိုက်သတဲ့။ ဒီအကြောင်းလေး ကြားရတော့ ကျွန်တော် သဘောကျလိုက်တာ၊ စိတ်ထဲမှာ ကြည်နူးသွားရင်း ရဟီမဂ္ဂဇင်း စာမျက်နှာမှ တစ်ဆင့် မျှဝေပေးချင်တဲ့ဆန္ဒတွေ တဖွားဖွား ပေါ်လာရပါတယ်။

တချို့ကိစ္စတွေမှာ ကျွန်တော်တို့ဟာ ကိုယ်ဖြစ်ချင်တာတွေပဲ တွေးပြီး အမှန်မြင်ဖို့ ခက်ခဲနေတော့ အမှန်တရားကို လက်သင့်ခံနိုင်ဖို့ အားနည်းနေပါတယ်။ တကယ်တော့ မျက်လုံးနဲ့ မျက်တောင်လိုပဲ နီးလျက်နဲ့ ဝေးနေရတာပါ။ ဘာကြောင့် ဒေါသဖြစ်ရတာလဲ။ ဘာကြောင့် စိတ်ဓာတ်ကျရတာလဲ။ အကြောင်းရင်းကို ကျွန်တော်တို့ မတွေးမိကြဘူး။ ကျွန်တော်တို့တစ်တွေက ရုပ်ခန္ဓာတွေ ကျဆင်းနေတဲ့အရွယ်၊ ဒီအချိန်မှာ စိတ်ဓာတ်ကျသွားရင် ဘယ်လိုလုပ်မလဲ။ ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် စိတ်ဓာတ်မောင်းတင်ပြီး ခေတ်ကို အမီလိုက်နေပါတယ်။ တစ်ရက်က ကျွန်တော်မူးပါတယ်။ ခေါင်းထဲမှာ စီစဉ်ထားတဲ့ အလုပ်တွေက အများကြီး။ စိတ်သာရှိပေမယ့် လူက မလှုပ်နိုင်တော့ ဒေါသဖြစ်လိုက်တာ။ ရဟီက သမီးမိုးမိုးကလည်း စာမူတွေ မရောက်သေးလို့ တယ်လီဖုန်းဆက် မေးရှာပါတယ်။ ဟုတ်တာပေါ့။ အချိန်မီအောင် ကျွန်တော်ပို့ပေးရမယ်။ အို . . . ဘာမိုလို့တုံး။ လူငယ်လေးတွေနဲ့ အလုပ်မှာယှဉ်ရဲတဲ့ ကိုထွန်းတဲ့နော်။ အဲသလို မာန်တင်းပြီး အလုပ်စားပွဲမှာ ထိုင်လိုက်ပါတယ်၊ ဒီတော့လည်း တကုန်းကုန်းစာရေးတဲ့ ကျွန်တော့်အနားကို ချစ်ချစ်က ရောက်လာပြီး စိတ်ပူတဲ့မျက်လုံးတွေနဲ့ အခုမှနေကောင်းခါစ ရှိသေးတယ်။ နားနားနေနေ လုပ်ပါလားလို့ ပြောလိုက်ပါတယ်။ ရုတ်တရက် ဘယ်လိုဖြစ်သွားမှန်းမသိလိုက်ဘူး။ ချစ်ချစ်ကို ပြုံးပြုံးကြီး ကြည့်လိုက်မိပါတယ်။ ဒီအပြုံးတွေဟာ ကြည်နူးတဲ့အပြုံး၊ ပျော်ရွှင်ပေါ့ပါးသွားစေတဲ့ အပြုံး။ အလိုဗျာ . . . ကျွန်တော် ဘယ်လိုဖြစ်သွားရပါလိမ့်။

ကိုထွန်း-လမ်း(၈၀)


Asian Fame Media Group

## ထူးခြားဆန်းပြား


# ရောင်စုံသလင်းကျောက်သစ်များ

သိန်းပိုင် (M.Engg.Geol)

သလင်းကျောက်များကို အချို့က စလင်းကျောက်ဟူ၍လည်းကောင်း၊ မြင်စိန်ဟူ၍လည်းကောင်း အမျိုးမျိုး ခေါ်ဝေါ်ကြပါသည်။ သလင်းကျောက်ကို ဆီလီကွန်ဒိုင် အောက်ဆိုဒ်များဖြင့် အဓိကပါဝင် ဖွဲ့စည်းထားပြီး ၎င်း၏ ဓာတုဖွဲ့စည်းပုံမှာ "SiO2" ဖြစ်ကာ မာဆင့်မှာ (၇) ဖြစ်ပါသည်။







သလင်းကျောက်ကိုသံများ၊ သစ်သားများကို ပွတ်စားသည့် "ကော်ပတ်" (Sand paper) မှသည် ဖန်ထည်၊ မှန်ထည်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်သည့် ခရစ္စတယ် ဖန်မီးဆိုင်းများ စေတီဘုရားတို့၏ စိန်ဖူးတော်များ၊ ကွန်ပျူတာမှသည် အဆင့်မြင့်အီလက်ထရွန်နစ် ဆက်သွယ်ရေးပစ္စည်းများတွင် အသုံးပြုသော သလင်းချစ်(ပ်) ပြား (Chip) လေးများအထိ နေ့စဉ် လူနေမှုဘဝ တွင် မရှိမဖြစ် သုံးစွဲနေ ရသလို လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ နေရာ အမျိုးမျိုးတို့တွင် စက်မှုကုန်ကြမ်း တွင်းထွက်အနေသဖြင့် အသုံးပြုနေရသည်သာမက သလင်းကျောက်သည် အရောင်အသွေး၊ အမျိုးအစားစုံလင်စွာရှိသဖြင့် လှပဖွဲ့မက်ဖွယ်ကောင်းသော အရောင် သွေးများကို လက်ဝတ်ရတနာများ ပြုလုပ်၍လည်း ဝတ်ဆင်ကြပါသည်။ သလင်းကျောက်ကို အင်္ဂလိပ်ဘာသာဖြင့် "Quartz" ဟုခေါ်သော်လည်း သလင်းကျောက်၏ အရောင်ကွဲ

Asian Fame Media Group
MEDIA GROUP



အမျိုးမျိုးပေါ်မူတည်၍ ကျောက်မျက်အမည်အမျိုးမျိုး ထပ်မံခွဲခြားထားပါသည်။ ဥပမာအားဖြင့် ခရမ်းရောင်သလင်းကို ခရမ်းစွဲ (Amethyst)၊ အဝါရောင် သလင်းကိုစလင်းဝါ (Citrine)၊ အစိမ်းရောင်သလင်းကို သလင်းစိမ်း (Aventurine)၊ အညိုရောင်သလင်း ကို စလင်းညို (Smoky Quartz)၊ ပန်းရောင်သလင်းကို (Rose Quartz) စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြပြီး မြန်မာနိုင်ငံတွင် မိုးကုတ်ဒေသမှာ အများအပြားထွက်ရှိသလို ကရင်ပြည်နယ်နှင့် အခြားနယ်မြေ များတွင်လည်း အနည်းငယ်ထွက် ရှိပါသည်။ ၎င်းအပြင် သလင်းကျောက်သားအတွင်း ဝင်ရောက်နေသောအောင်းဝင် (Inclusion) အမျိုးမျိုးတို့ကြောင့်လည်း သလင်း ကျောက်၏ အရောင်များနှင့် စိတ်ဝင်စားဖွယ် ပုံသဏ္ဍာန်အမျိုးမျိုးတို့ကို ဖြစ်ပေါ်စေသော ဥပမာအားဖြင့် ဆံခြည်မျှင်များကဲ့သို့ ရွှေတိုင်း (Rutile) တွင်းထွက်များ အောင်းဝင်နေသောသလင်းကျောက်ကို "နတ်သမီးဆံခြည်ကျောက်"ဟုပင် ခေါ်ဝေါ်ကြပါသည်။ ယခုတင်ပြမည့် အကြောင်းအရာမှာ ဘရာဇီးနိုင်ငံမှ အသစ်ထပ်မံတူးဖော်ရရှိသော ရှားပါးသည့် အရောင်ဆန်းသလင်း ကျောက်များအကြောင်း ဖြစ်ပါသည်။

ပြီးခဲ့သော နှစ်အနည်းငယ်က ဘရာဇီးနိုင်ငံတွင် စိတ်ဝင်စားဖွယ်ကောင်းသော ကျောက်မျက်အသစ်များကို ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းတို့အထဲမှ အပြာရောင်မှသည် အစိမ်းရောင်အထိ အောင်းဝင်များပါဝင်နေသော သလင်းကျောက်များ (ဒေသအခေါ် Medusa or Paraiba Quartz)၊ ပုစွန်ဆီရောင်ကဲ့သို့ ဆည်းဆာရောင်သလင်းကျောက် (Sunset Quartz)၊ ပန်းဆီရောင် သလင်းကျောက် (Pink Fire Quartz) စသည့် ရှားပါးပြီး ထူးခြားဆန်းပြားသည့် သလင်းကျောက်များအကြောင်းကို တင်ပြပါမည်။ ကျောက်မျက်ဝယ်ယူသူများနှင့် ရတနာကုန်သည်များကြောင့် တန်ဖိုးနည်းအရောင်ရှိကျောက်မျက်များ ရောင်းဝယ်ဖောက်ကားမှုသည် ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်မှုများတိုးတက်ရရှိခဲ့ပါသည်။ အဖိုးတန်ကျောက်မျက်များကို ဈေးကွက်ထိုးဖောက်မှု မြင့်မြင့်မားမား လုပ်ဆောင်ခဲ့သော်လည်း တစ်ခါတစ်ရံအတုအပ ကျောက်များသာတိုးပွားလာနေပြီး ဥပမာအားဖြင့် လူလုပ်ကျောက်မျက်များ၊ ဆင်တူယိုးမှားအတုအယောင်များ၊ လူလုပ်ထပ်ကျောက်များ၊ ဓာတ်ခွဲခန်းတွင် ပြုပြင်မွမ်းမံထားခြင်းများ စသည်တို့ကိုသာ တွေ့ရှိနေရပါသည်။ ဘရာဇီးနိုင်ငံတွင်လည်း တန်ဖိုးနည်း ကျောက်မျက်များ ထုတ်လုပ်သူများသည် ကျောက်မျက်အတုအပများနှင့် တွေ့ကြုံရန်အလားလာရှိနေပါသည်။ အချို့သော လက်ရှိနမူနာများအရ နတ်သမီး ဆံခြည်ထပ်ကျောက်များ (Rutilated Quartz Doublets)၊ ဥသဖရား ကျောက်မျက်အတုအသစ်များ၊ သလင်းကျောက်ထဲမှ အောင်းဝင်အတုများနှင့် "Safirita" ခေါ် အပြာရောင် သလင်းတုများ ထွက်ပေါ်လျက်ရှိပါသည်။


**ဘရာဇီးကျောက်မျက်အသစ်များ**

**အပြာရောင်မှ အစိမ်းရောင်ထိ အောင်းဝင်များပါဝင်သော သလင်းကျောက်**

စိတ်ဝင်စားဖွယ်ကောင်းသည့် အပြာရောင်မှအစိမ်းရောင်အထိ အောင်းဝင်များပါဝင်နေသော ကျောက်မျက်တန်းဝင် သလင်းပုံဆောင်ခဲကျောက်များကို ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် ဘရာဇီးနိုင်ငံရှိ "Paraiba" နှင့် "Ceara" ပြည်နယ်များ၌ ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထို့နောက် ဒေသခံကျောက်မျက်တူးဖော်သူများမှ ယင်းသလင်းကျောက်မျက်များကို ကီလိုဂရမ်ထောင်သောင်းချီ၍ ထုတ်လုပ်ခဲ့ကြပါသည်။ ၂၀၀၅ ခုနှစ်တွင် "Rondeau" နှင့် အဖွဲ့သားများက လုံးချောသွေးပြီးသား သလင်းကျောက်များ အကျိုးအပဲ့အပိုင်းအစများနှင့် သလင်းကျောက်ပုံဆောင်ခဲ နမူနာပေါင်းမြောက်မြားစွာကို လေ့လာခဲ့ကြပါသည်။ ယင်းသလင်းပုံဆောင်ခဲများသည် (၁၀) စင်တီမီတာအထိရှည်လျားကြကာ အရောင်စုံများဖြင့် အခြားတစ်ဖက်တွင် ဖန်သား၊ မှန်သားကဲ့သို့ ကြည်လင်နေပြီး တစ်ဖက်တွင်လည်း ခရမ်းနုရောင် ခရမ်းစွဲကျောက်များ ပါဝင်နေကာ ယင်းတို့အထဲတွင် သာမန်မျက်စိဖြင့် မြင်သာထင်သာရှိသော အပြာရောင်မှ အစိမ်းရောင်အထိ အောင်းဝင်များလည်း ပါဝင်နေကြပါသည်။ အချို့သော အပြာရောင်မှ အစိမ်းရောင်အထိ အောင်းဝင်များသည် ဖန်သား၊ မှန်သားကဲ့သို့ ကြည်လင်နေသော သလင်းပုံဆောင်ခဲ၏ အတွင်းအနှစ်သားများအတွင်းတွင်







Asian Family Media Group

ဖြစ်တည်နေကြပါသည်။ ယင်း အောင်းဝင်များ၏ ပုံသဏ္ဍာန်သည် တစ်မီလီမီတာထက် သေးငယ်ပြီး ပင်လယ်ထဲမှ ရေခူကောင်လေးများ နှင့် ဆင်တူပါသည်။

အားလုံးသော ယင်းအောင်းဝင် များသည် တူညီသော ကြီးထွားပြင်ညီ ပေါ်တွင် တည်ရှိနေကြပြီး အစု အဝေးတစ်ခုစီတိုင်းတွင် အလွန်ပါး လွှာ၍ဖြာထွက်နေသော အမျှင်လေး များပါဝင်နေပါသည်။ ရေခူနှင့် ဆင်တူသော အောင်းဝင်များသည် တစ်ခါတစ်ရံတွင် အရောင်စုံများကို ဖြစ်ပေါ်စေပြီး အစိမ်းနုရောင်မှ သည် ပေါ်လွင်ထင်ရှားသော စိမ်း ပြာရောင်အထိရှိ၍ အချို့လည်း အဖြူရောင်နီးပါး အလွှာလေးများ ပါဝင်နေပါသည်။ အသွင်ပြင်အား ရောင်အထိ သေးငယ်သော အပ် ချောင်းပုံ ဖြာထွက်နေသည့် ခရစ္စ တယ်များ ပါဝင်နေပြီး ယင်းတို့သည် စိတ်ကူးယဉ်အိပ်မက်ထဲတွင် တွေ့ ရှိရသော အရာများကဲ့သို့ဖြစ်နေပါ သည်။ ယင်းသလင်းကျောက်သား များအတွင်း ပင်လယ်ရေခူနှင့် ဆင် တူသော အောင်းဝင်ပစ္စည်းများကို ပဲရစ်မြို့ရှိ သဘာဝသမိုင်းအမျိုးသား ပြတိုက် မာတ်ခွဲခန်းတွင် စမ်းသပ်စစ် ဆေးမှုများအရ ယင်းတို့သည် ဟိုက် ဒရိတ်ကော့ပါး ဆီလီကိတ်တစ်မျိုး ဖြစ်သော "Gilalite" တွင်းထွက်များ ဖြစ်နေပြီး အောက်ခံသလင်း ကျောက်သားထဲတွင် အလွန်သေး ငယ်စွာ ဖြာထွက်နေသည့် အပ် ချောင်းပုံ အောင်းဝင်ပစ္စည်းများ အနေဖြင့် ပျံ့နှံ့လျက်ရှိပါသည်။ အပ် သည် "Gilalite" တွင်းထွက်နှင့်အတူ ဖြစ်တည်ပါသည်ဟု "Hyrsl" က ၂၀၀၉ ခုနှစ်တွင် ပြောကြားခဲ့ပါ သည်။ ယင်းသလင်း ကျောက်မှပင် အချို့သွေးထားသော သလင်း ကျောက်များအတွင်း ကြေးသတ္တု ရောင်အတိုင်းရှိနေသော အမျှင် ကလေးများကို တွေ့ရှိခဲ့ရပါသည်။ ယင်းတို့၏ ပုံသဏ္ဍာန်များသည် သဘာဝကြေးသတ္တု၏ ပုံစံအတိုင်း မဟုတ်ဘဲ အများစုမှာ မူလကရှိနေ သော ကော့ပါးဆီလီကိတ် အမျှင် များ၏ နေရာတွင် အစားထိုးဝင် ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ နောက် ထပ် အထောက်အထားတစ်ခုအနေ ဖြင့် ကော့ပါးအမျှင်များအကြား အပြာရောင် အကြွင်းအကျန်များ ရှိနေခြင်းသည် သူတို့၏မူလဇာစ်မြစ် ကြောခန့်မှန်းခြေ ကီလိုဂရမ် (၁၅၀၀) ခန့်ထုတ်လုပ်ခဲ့ သော်လည်း (၅) ကီလိုဂရမ်လောက်သာ ကျောက် မျက်တန်းဝင် အရည်အသွေးကို ရရှိခဲ့ပါသည်။ သွေးပြီးသား သလင်း ကျောက်များသည် တစ်ပွင့်လျှင် (၁) ကာရက်မှ (၁၀) ကာရက်အထိ အလေးချိန်ရှိကြပြီး ယင်းတို့အထဲ တွင် အကြီးဆုံးအပွင့်မှာ (၁၉.၅) ကာရက်အလေးချိန်နှင့် လိမ္မော်ရင့် ရောင်ဖြစ်ပါသည်။ ၎င်းအရောင် သည် နေဝင်ခါနီး ဆည်းဆာရောင် နှင့် ဆင်တူသောကြောင့် ယင်း သလင်းကျောက်များကို "ဆည်းဆာ ရောင် သလင်းကျောက်" (Sunset Quartz) ဟု အမည်ပေးခဲ့ကြပါ သည်။

ကနဦး လေ့လာမှုများအရ





လုံးကို ချိန်၍ကြည့်ပါက ရေခူကောင် လေးများသည် အစုလိုက်အစုလိုက် ရေထဲတွင် ပေါလောမျောနေသည် နှင့် ဆင်တူပြီးယင်းကို "မီဒူဆာ သလင်းကျောက်" (Medusa Quartz) ဟုခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပါ သည်။ ထိုကဲ့သို့ သလင်းကျောက် ၏ အရောင်၊ အပ်ချောင်းပုံဖြာထွက် နေသည့်အောင်းဝင်များ၊ ထွက်ရှိ ရာနေရာနှင့် စီးပွားရေးအကြောင်း ပြချက်များကြောင့် ယင်းသလင်း ကျောက်၏ ကုန်သွယ်အမည်ကို "Paraiba Quartz" ဟု အမည်ပေးခဲ့ ပါသည်။ စင်တီမီတာ အရွယ်အစား ရှိလုံးချောကျောက် ခြောက်မြား စွာကိုလည်း ယင်းသလင်းကျောက် မှပင် သွေးယူခဲ့ပါသည်။

အချို့သော သလင်းပုံဆောင် ခဲကျောက်များ၏ မျက်နှာပြင်အနီး အနားတွင် အပြာရောင်မှ အစိမ်း ချောင်းပုံသဏ္ဍာန်နှင့် ပင်လယ်ရေခူ ပုံသဏ္ဍာန် အောင်းဝင် ပစ္စည်း များ အားလုံးတွင် အဓိကအားဖြင့် ဆီလီ ကာနှင့် ကော့ပါးဖြပ်စင်များ ပါဝင် နေပြီး ပိုတက်ဆီယမ်နှင့် မဂ္ဂနီ ဆီယမ်တို့မှာ ပါသည်ဆိုရုံမျှသာ ပါဝင်နေကြပါသည်။

ယခုကဲ့သို့ သလင်းကျောက် သားထဲတွင် "Gilalite" တွင်းထွက် များအောင်းဝင်ပစ္စည်းအနေဖြင့် ပါဝင်နေခြင်းသည် ကျောက်မျက် သိပ္ပံပညာရပ်အရ ပထမဦးဆုံး ရှာ ဖွေတွေ့ရှိမှုပင် ဖြစ်ပါသည်။ ယင်း တို့သည် သလင်းကျောက်သားထဲ တွင် ပါဝင်နေသော အပြာရောင် အောင်းဝင်တွင်းထွက်များဖြစ်သည့် "Papagoite" (သို့) "Lazulite" တို့နှင့်ပုံသဏ္ဍာန်အရရော၊ သဘာဝ အရပါ ကွဲပြားခြားနားပါသည်။ သဘာဝဖြစ်ကော့ပါး (ကြေးနီသတ္တု) ကို ဖော်ပြနေခြင်း ဖြစ်ပါသည်။

### ဆည်းဆာရောင်သလင်း ကျောက်များ (Sunset Quartz)

၂၀၀၆ ခုနှစ်၊ ဇူလိုင်တွင် ဘရာ ဇီးနိုင်ငံ၊ "Minas Gerais" ပြည်နယ် မြောက်ပိုင်း၌ အဝါရောင်မှ လိမ္မော် ရောင်အထိရှိသော သလင်းကျောက် အသစ်များကို ရှာဖွေတွေ့ရှိခဲ့ကြပါ သည်။ ဘရာဇီးလူမျိုး ကျောက်တွင်း တူးသူတစ်ယောက်သည် အချို့ သလင်းကြောများတွင် အလင်း ပေါက်မှ အလင်းပိတ်အထိရှိသော အဖြူရောင်မှ လိမ္မော်ဝါရောင်အထိ ရှိသော သလင်းကျောက်သားများကို စတင်တွေ့ရှိခဲ့ပါသည်။ အနီးကပ် လေ့လာကြည့်သောအခါ အချို့ သလင်းလွှာလေးများသည် ဆွဲ ဆောင်မှုရှိသော လိမ္မော်ဝါရောင်များ ဖြစ်နေကြပါသည်။ ယင်းသလင်း သလင်းကျောက်သားထဲတွင် အဝါ ရောင်မှ လိမ္မော်ရောင်အထိရှိသော အပ်ချောင်းပုံ အောင်းဝင်တွင်းထွက် များကို တွေ့ရှိရပြီး ယင်းအောင်းဝင် များ၏ အရောင်နှင့် အနည်းအများ ပေါ်မူတည်ပြီး သလင်းကျောက်၏ အရောင်သည် အဝါနုရောင်မှသည် အဝါရောင် (သို့) လိမ္မော်ရောင် အထိ ရောက်ရှိနေပါသည်။ အပူပေး စမ်းသပ်မှုများအရ ယင်းသလင်း ကျောက်များကို ၃၅၀ C (စင်တီ ဂရိတ်) အထိ အပူပေးလိုက်သော အခါ အဝါရောင်မှ လိမ္မော်ရောင် အထိရှိသော သလင်းကျောက်များ သည် လိမ္မော်ရင့်ရောင်သို့ ထာဝရ ပြောင်းလဲသွားပါသည်။ သို့ရာတွင် အဖြူရောင်နှင့်အဝါနုရောင် သလင်း ကျောက်များကို အပူပေးလိုက်သော် လည်း အရောင်ပြောင်းလဲမှုမရှိပေ။ အပူပေးပြုပြင်ထားသော သလင်း

Asian Fame Media Group

ကျောက်နှင့် အပူမပေးထားသော နိုးနိုးသလင်းကျောက်တို့၏ အရောင်များသည် အတူတူပင်ဖြစ်သော်လည်း သာမန်အားဖြင့် ရော ကျောက်မျက်များ စမ်းသပ်စစ်ဆေးမှုနှုန်းအရ တစ်ခုနှင့်တစ်ခု သိသိသာသာကွဲပြား ထူးခြားမှုမဖြစ်နိုင်ပါ။ သို့သော်လည်း အချို့အနည်းငယ်သော နမူနာများသည် အပူပေးပြီးနောက်ပိုင်းတွင် အက်ရာများပါဝင်လာသည်ကို တွေ့ရှိရပါသည်။ ဓာတ်ခွဲစမ်းသပ်မှုများအရ သလင်းကျောက်တစ်ခုလုံး၏ တောက်ပသော လိမ္မော်ဝါရောင်သည် သလင်းကျောက်သားအတွင်း အောင်းဝင်နေသော အပ်ချောင်းပုံ တွင်းထွက်များကြောင့်ဖြစ်ပြီး သလင်းကျောက်၏ အနည်းငယ် အဖြူရောင်သန်းနေသော ကျောက်သားထဲတွင် ပေါ်များစွာ ပါဝင်နေပါသည်။ အပူပေးထားသော သလင်းကျောက်သားများအတွင်းရှိ အပ်ချောင်းပုံအောင်းဝင်များသည် ဓာတ်ခွဲစမ်းသပ်မှုများအရ ဆီလီကာဓာတ် အနည်းငယ်၊ အလူမီနီယမ်နှင့် သံဓာတ်များ ပေါ်များစွာ ပါဝင်ကြောင်းတွေ့ရှိခဲ့ရပါသည်။ ထိုကဲ့သို့ သံဓာတ်များ မြင့်မားစွာ ပါဝင်နေခြင်းသည် အောင်းဝင်တွင်းထွက်များ၏ အရောင်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ အလင်းပေါက်ကြည်လင်နေသော ဆည်းဆာရောင် သလင်းကျောက်များကို အကွက်ဖော်သွေး၍ အလင်းပိတ်နေသော ဆည်းဆာရောင် သလင်းကျောက်များကိုမူ လုံးချောပုံနှင့် ရုပ်ထုထွင်းများ ပြုနိုင်မည်ဟု မျှော်လင့်ရပေသည်။

**ပန်းဆီရောင် သလင်းကျောက် (Pink Fire Quartz)**

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက "Tucson" တွင် ကျင်းပပြုလုပ်ခဲ့သော တွင်းထွက်နှင့် ကျောက်မျက်များပြပွဲတွင် လုံးချောပုံနှင့် အကွက်ဖော်သွေးထားသော ပန်းဆီရောင် သလင်းကျောက် အနည်းငယ်ကို ပထမဦးဆုံးအနေဖြင့် ရောင်းချခဲ့ကြပါသည်။ ယင်းသလင်းကျောက်များသည် ဘရာဇီးနိုင်ငံမှထွက်ရှိပြီး ယေဘုယျအားဖြင့် အလင်းပေါက်မှ အလင်းမှုန်အထိ ရိုကာရောင်မွဲမှ အညိုနုရောင်အထိရှိ၍ အများစုမှာ အောင်းဝင်တွင်းထွက်များစွာ ပါဝင်ကြပါသည်။ ပထမဦးစွာ ယင်းကျောက်များအတွင်း ပုံမှန်မဟုတ်သောအရာများ ပါဝင်နေသည်ဟု မထင်ရသော်လည်း ကျောက်မျက်ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုစံနှုန်းများအရ သလင်းကျောက်အခြေခံဖြစ်သော်လည်း အနီးကပ် လေ့လာစစ်ဆေးမှုများအရ အချို့သောရှုထောင့်မြင်ကွင်းများမှ ကြည့်လိုက်သောအခါ ပန်းရောင်မှ ခရမ်းရောင်အထိ အရောင်များတောက်ပနေပါသည်။ ယင်းတောက်ပမှုသည် လားရာဦးတည်ဖက်အလိုက် အကြိမ်ပေါင်းများစွာ အလွန်တောက်ပလျက်ရှိပြီး တစ်ခါတစ်ရံတွက် ပတ္တမြား၊ နီလာကျောက်မျက်များအတွင်းမှ ရှတိုင်း (Rutile) တွင်းထွက်အောင်းဝင်များ အလင်းပြန်သကဲ့သို့ဖြစ်နေ၍ ကြေးနီရောင်၊ ရောင်ပြေးများ ဖြာထွက်နေသည်နှင့် ဆင်တူနေပါသည်၊ ယခင်က သလင်းကျောက်ထဲတွင် ထိုကဲ့သို့ ဖြစ်သည့် အဖြစ်အပျက်မျိုးကို ယခု ထက်တိုင် အောင် တွေ့ပေါ်သောကျောက်အထား များတွင် မတွေ့ရှိရဘဲ ပထမတွင် သုံးစွဲသူများမှ ယင်းကျောက်များသည် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ပြောင်းလဲထားသော ကျောက်များဟုသာ ထင်မြင်ခဲ့ကြပါသည်။ သို့သော်လည်း ယင်းကျောက်သားထဲတွင်ပါဝင်နေသော အောင်းဝင်တွင်းထွက်များ၏ဖန်တီးမှုကြောင့် ကြေးနီရောင်ရောင်ပြေးများ ဖြစ်ပေါ်နေသည်ကို ကျောက်သားအတွင်းမှ အစည်းအစက်အပြောက်ကလေးများကို သာမန်မျက်စိနှင့်ပင် တွေ့မြင်နိုင်ပါသည်။

တောက်ပနေသော သလင်းကျောက်သားအတွင်းရှိ အမည်းရောင်အကွက်၊ အစက်များကို ပုံကြီးချဲ့ ကြည့်လိုက်သောအခါ ယင်းအောင်းဝင် တွင်းထွက်များသည် အလွန်ပါးလွှာပြီး အလင်းပေါက်မှသည် တစ်ဝက်တစ်ပျက်အလင်းပေါက်အထိရှိ၍ မီးခိုးရောင်သန်းသော အစိမ်းရောင်ဆဋ္ဌဂံပုံအချပ်ကလေးများသည် ပြိုင်တန်းနေသော



ပြင်ညီများအဖြစ် တည်ရှိနေကြပါသည်၊ ပန်းရောင်(သို့) ခရမ်းရောင်နှင့် ကြေးနီရောင်ပြန်များကို ပြန်လင်းတန်းအောက်တွင် ကြည့်လိုက်သောအခါ ယင်းအချပ်ကလေးများ၏ ပြားချပ်နေသော မျက်နှာပြင်များကို သက်တံရောင်တောက်ပလျက် တွေ့ရှိရပါသည်။ ယင်းအောင်းဝင်များသည် အလွန်ပါးလွှာသဖြင့် သွေးထားသော ကျောက်သားမျက်နှာပြင်ကို ဥပံ ထောင့်မတ်အနေအထားဖြင့် ကြည့်လိုက်သောအခါ ပျောက်ကွယ်လုသွားမတတ် တွေ့ရပါသည်၊ ကျောက်၏အရောင်နှင့် ကြေးနီရောင်၊ ရောင်ပြေးများ၏ ဖြာထွက်မှုသည် အောင်းဝင်များ၏ အနေအထားနှင့် အရေအတွက်ပေါ်တွင် မူတည်နေပါသည်။

၂၀၀၅ ခုနှစ်တွင် "Quinn" နှင့်အဖွဲ့မှ ဓာတ်ခွဲစမ်းသပ်မှုများအရ ယင်းအောင်းဝင်အချပ်ကလေးများသည် ကော့ပါးဆာလဖိုဒ်များနှင့် ဖွဲ့စည်းထားသည့် "Covellite" တွင်းထွက်များဖြစ်ပြီး သတ္တုရောင်လက်၊ အလင်းပိတ်အပြာရင့်ရောင်ဖြစ်ကာ တောက်ပသည့် ပန်းရောင်မှ ခရမ်းရောင်ထိသက်တံရောင်ပြေးများကို ပေးပါသည်။ ယေဘုယျအားဖြင့် "Covellite" တွင်းထွက်အချပ်ကလေးများသည် ဆဋ္ဌဂံပုံနှင့် ယင်းအချပ်ကလေးများသည် အလွန်ပါးလွှာသောအခါ အစိမ်းရောင်အလင်းတန်းများကို ဖြစ်ပေါ်စေပါသည်။ နောက်ထပ်အောင်းဝင်များအနေဖြင့် သလင်းကျောက်သားထဲတွင် ပါဝင်နေသာ အောင်းဝင်တွင်းထွက်မှာ ရှည်မျောမျောပုံနှင့် ထောင့်စွန်းများပါရှိသည့် လိမ္မော်နီရောင်ခရစ္စတယ်များဖြစ်သော "Hematite" (သံအောက်ဆိုဒ်) တွင်းထွက်များဖြစ်ပါသည်၊ ပန်းဆီရောင်သလင်းကျောက်များသည် ဈေးကွက်အတွင်း အောင်မြင်မှုအကြီးအကျယ်ရရှိနေပြီး အောင်းဝင်များ ပါဝင်သော သလင်းကျောက်များအကြားတစ်ကာရက် ဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်ပါသည်၊

သိန်းပိုင် (M.Engg. Geol)

Ref: Michele Macri,
"In color, All about colored Gemstones, Issue 15,
PP. 52-56, "Interesting New Gemological Finds in Brazil"

Asian Fame Media Group